# Language: Burmese

## Book: Genesis

---

## Genesis

### Chapter 1

1 အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏။ 2 မြေကြီးသည်အဆင်းသဏ္ဌာန်မရှိ၊ လွတ်လပ်လ
ဟာဖြစ်၏။ နက်နဲရာအရပ်ကို မှောင်မိုက်ဖုံးလွှမ်း၍ ဘုရားသခင်၏ ဝိညာဉ်တော်သည် ရေမျက်နှာပြင်ပေါ်မှာ လှုပ်ရှားတော်မူ၏။ 3
ဘုရားသခင်ကလည်း လင်းဖြစ်စေဟု အမိန့်တော်ရှိ၍ အလင်းဖြစ်လေ၏။ 4 ထိုအလင်းကောင်းသည်ကို ဘုရားသခင်မြင်၍၊
အလင်းနှင့် မှောင်မိုက်ကိုပိုင်းခြားခွဲထားတော်မူ၏။ 5 အလင်းကို နေ့ဟူသောအမည်ဖြင့်၎င်း၊ မှောင်မိုက်ကို ညဉ့်ဟူသောအမည်ဖြင့်၎င်း၊
ခေါ်ဝေါ်သမုတ် တော်မူ၍ ညဦးနှင့် နံနက်သည် ပဌမနေ့ရက်ဖြစ်လေ၏။ 6 တဖန်ဘုရားသခင်က ရေအလယ်၌
မိုဃ်းမျက်နှာကြက်ဖြစ်စေ၊ ရေနှင့်ရေချင်းခြားနားစေဟု အမိန့်တော်ရှိသဖြင့်၊ 7 မိုဃ်းမျက်နှာကြက်ကို ဘုရားသခင် ဖန်ဆင်းတော်မူ၍၊
မိုဃ်းမျက်နှာကြက်အောက်၌ရှိသောရေနှင့်၊ မိုဃ်းမျက်နှာကြက်အပေါ်၌ရှိသောရေကို ပိုင်းခြားတော်မူသည်အတိုင်းဖြစ်လေ၏။ 8
မိုဃ်းမျက်နှာကြက်ကိုလည်း မိုဃ်းကောင်းကင်ဟူသောအမည်ဖြင့် ဘုရားသခင်ခေါ်ဝေါ် သမုတ်တော် မူ၍၊ ညဦးနှင့် နံနက်သည်
ဒုတိယနေ့ရက်ဖြစ်လေ၏။ 9 တဖန်ဘုရားသခင်က မိုဃ်းကောင်းကင်အောက်၌ရှိသော ရေစုဝေးစေ၊ ကုန်းပေါ်စေဟု အမိန့်တော်
ရှိသည်အတိုင်း ဖြစ်လေ၏။ 10 ကုန်းကိုမြေဟူသော အမည်ဖြင့်၎င်း၊ ရေစုဝေးရာကို ပင်လယ်ဟူသောအမည်ဖြင့်၎င်း၊ ဘုရားသခင်
ခေါ်ဝေါ်သမုတ်တော်မူ၍ ထိုအမှုအရာကောင်းသည်ကို ဘုရားသခင်မြင်တော်မူ၏။ 11 တဖန် ဘုရားသခင်က၊ မြေသည်
မြက်ပင်ကို၎င်း၊ စပါးသီးကို ဖြစ်စေသော စပါးပင်ကို၎င်း၊ မြေပေါ် မှာ မျိုးစေ့ပါလျက် သစ်သီးမျိုးကို ဖြစ်စေသော သစ်ပင်ကို၎င်း၊
ပေါက်စေဟု အမိန့်တော်ရှိသည် အတိုင်း ဖြစ်လေ၏။ 12 မြေသည်မြက်ပင်ကို၎င်း စပါးသီးမျိုးကို ဖြစ်စေသော စပါးပင်ကို၎င်း၊ မိမိ၌
မျိုးစေ့ပါလျက် သစ်သီးမျိုး ကို ဖြစ်စေသော သစ်ပင်ကို၎င်း ပေါက်စေ၏။ 13 ထိုအမှုအရာကောင်းသည်ကို
ဘုရားသခင်မြင်တော်မူ၍၊ ညဦးနှင့် နံနက်သည် တတိယနေ့ရက် ဖြစ်လေ၏။ 14 တဖန်ဘုရားသခင်က၊ နေ့နှင့်ညဉ့်ကို
ပိုင်းခြားစေခြင်းငှါ မိုဃ်းကောင်းကင်မျက်နှာကြက်၌ အလင်းအိမ် တည်စေ၊ နိမိတ်လက္ခဏာ၊ ချိန်းချက်သောအချိန်၊ နေ့ရက်
အပိုင်းအခြား၊ နှစ်အပိုင်းအခြားဘို့ဖြစ်စေ။ 15 မိုဃ်းကောင်းကင် မျက်နှာကြက်၌တည်၍ မြေကြီးလင်းစရာ အလင်းအိမ်ဖြစ်စေဟု
အမိန့်တော်ရှိ သည့်အတိုင်းဖြစ်လေ၏။ 16 ထိုသို့ ဘုရားသခင်သည် အလင်းအိမ်ကြီး နှစ်လုံးတည်းဟူသော နေ့ကိုအုပ်စိုးရသော
အကြီးတလုံး၊ ညဉ့်ကို အုပ်စိုးရသော အငယ်တလုံးနှင့်တကွ ကြယ်များတို့ကို ဖန်ဆင်းတော်မူပြီးလျှင်၊ 17 မြေကြီး၌
လင်းစေခြင်းငှာ၎င်း၊ နေ့နှင်ညဉ့်ကို အုပ်စိုး၍ အလင်းနှင့်မှောင်မိုက်ကို ပိုင်းခြားစေခြင်းငှာ ၎င်း၊ မိုဃ်းကောင်းကင် မျက်နှာကြက်၌
ဘုရားသခင် ထားတော်မူ၏။ 18 ထိုအမှုအရာ ကောင်းသည်ကို ဘုရား သခင်မြင်တော်မူ၍၊ 19 ညဦးနှင့် နံနက်သည် စတုတ္ထနေ့ရက်
ဖြစ်လေ၏။ 20 တဖန်ဘုရားသခင်က အသက်ရှင်၍ လှုပ်ရှားတတ်သော တိရစ္ဆာန်တို့ကို ရေသည်များပြားစွာ မွေးဘွား စေ။
ငှက်တို့လည်း မြေပေါ် မိုဃ်းကောင်းကင်မျက်နှာကြက်ပြင်ဝယ်ပျံစေဟု အမိန့်တော်ရှိ၏။ 21 ထိုသို့လျှင်ရေသည်
တိရစ္ဆာန်အမျိုးအလိုက် များပြားစွာ မွေးသွား၍၊ ငါးကြီးအစရှိသော အသက်ရှင်၍ လှုပ်ရှားတတ်သော တိရစ္ဆာန်အပေါင်းတို့ကို၎င်း၊
ပျံတက်သော ငှက်မျိုးအပေါင်းတို့ကို၎င်း ဘုရားသခင်ဖန် ဆင်း၍၊ ထိုအမှုအရာကောင်းသည်ကို မြင်တော်မူ၏။ 22
ဘုရားသခင်ကလည်း များပြားစွာ မွေးဘွားကြလော့။ ပင်လယ်ရေများကို ပြည့်စေကြလော့။ ငှက်တို့ လည်း မြေပေါ်၌
များပြားစေသတည်းဟု ထိုတိရစ္ဆာန်တို့ကို ကောင်းကြီးပေးတော်မူ၍၊ 23 ညဦးနှင့်နံနက်သည် ပဥ္စမနေ့ရက်ဖြစ်လေ၏။ 24
တဖန်ဘုရားသခင်က၊ မြေသည် အသက်ရှင်သောသတ္တဝါမျိုးတည်းဟူသော သားယဉ်တို့ကို၎င်း၊ တွားတတ်သော တိရစ္ဆာန်တို့ကို၎င်း၊
သားရဲမျိုးတို့ကို၎င်း၊ မွေးဘွားစေဟုအမိန့်တော်ရှိသည်အတိုင်း ဖြစ်လေ၏။ 25 ထိုသို့ ဘုရားသခင်သည် သားရဲမျိုး၊ သားယဉ်မျိုး၊
မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်မျိုး အပေါင်း တို့ကို ဖန်ဆင်း၍၊ ထိုအမှုအရာကောင်းသည်ကို မြင်တော်မူ၏။ 26
တဖန်ဘုရားသခင်က ငါတို့ပုံသဏ္ဌာန်နှင့်အညီ တသဏ္ဌာန်တည်း လူကို ဖန်ဆင်းကြစို့။ သူသည် ပင်လယ်ငါးတို့ကို၎င်း၊
မိုဃ်းကောင်းကင်ငှက်တို့ကို၎င်း၊ သားယဉ်တို့ကို၎င်း၊ မြေတပြင်လုံးနှင့်တကွ၊ မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်အပေါင်းတို့ကို၎င်း၊
အုပ်စိုးစေဟု အမိန့်တော်ရှိ၏။ 27 ထိုသို့ဘုရားသခင်သည် မိမိပုံသဏ္ဌာန်နှင့်အညီ လူကိုဖန်ဆင်းတော်မူ၏။ ဘုရားသခင်၏ ပုံသဏ္ဌာန်
တော်နှင့်အညီ လူယောကျ်ား၊ လူမိန်းမကိုဖန်ဆင်းပြီးလျှင်၊ 28 အချင်းတို့ များပြားစွာမွေးဘွားကြလော့။ မြေကြီးကို ပြည့်စေ၍
နိုင်ကြလော့။ ပင်လယ်ငါးတို့ကို၎င်း၊ မိုဃ်းကောင်းကင်ငှက်တို့ကို၎င်း၊ အသက်ရှင်၍ မြေပေါ်မှာ လှုပ်ရှားတတ်သော
တိရစ္ဆာန်အပေါင်းတို့ကို၎င်း အုပ်စိုးကြလော့ဟုမိန့်တော်မူ၍၊ သူတို့ကိုကောင်းကြီးပေးတော်မူ၏။ 29 ဘုရားသခင်ကလည်း
ကြည့်ရှုလော့။ မြေတပြင်လုံး၌ စပါးသီးကို ဖြစ်စေသော စပါးပင်အမျိုးမျိုးတို့ကို ၎င်း၊ မျိုးစေ့ကိုဖြစ်စေသော အသီးနှင့်ပြည့်စုံသော
သစ်ပင် အမျိုးမျိုးတို့ကို၎င်း၊ သင်တို့ စားစရာဘို့ ငါပေး၏။ 30 မြေသား၊ မိုဃ်းကောင်းကင်ငှက်၊ အသက်ရှင်၍မြေပေါ်မှာ
တွားတတ်သော တိရစ္ဆာန်မျိုးအပေါင်းတို့ စားစရာဘို့၊ မြက်ပင်အမျိုးမျိုးတို့ကို ငါပေးမည်ဟု မိန့်တော်မူသည်အတိုင်းဖြစ်လေ၏။ 31
ဘုရားသခင်သည် မိမိဖန်ဆင်းသမျှသောအရာတို့ကို ကြည့်ရှုလျှင်၊ အလွန်ကောင်းသည်ကို မြင်တော်မူ၍၊ ညဦးနှင့် နံနက်သည်
ဆဋ္ဌမနေ့ရက်ဖြစ်လေ၏။

---


generated on Fri Sep 22 10:08:29 2023

## Genesis 1:1

အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏။
အစဦးကာလတွင် ဘုရားသခင်က ကောင်းကင်နှင့်မြေကြီး ဖန်ဆင်းခဲ့သည့် အကြောင်းဖြစ်သည်။ ဤအခန်း၏ ကျန်ရှိသော အပိုင်းကို အကျဉ်းချုပ်ထားခြင်းဖြစ်၏။ တချို့ ဘာသာစကားများတွင် "ရှေးကာလ၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏" ဟူ၍ ပြန်ဆိုထားသည်။ ပုံပြင်တစ်ပုဒ်ကဲ့သို့ မဟုတ်ဘဲ အမှန်တကယ် ဖြစ်ပျက်သကဲ့သို့ ပြန်ဆိုပါ။

အစအဦး၌
လောကနှင့် အရာခပ်သိမ်း၏ အစကို ညွှန်း၏။

ကောင်းကင်နှင့် မြေကြီး
ကောင်းကင်၊ မြေကြီးနှင့် ၎င်းတို့အထဲ၌ ရှိသမျှသော အရာအားလုံး

ကောင်းကင်
မိုဃ်းကောင်းကင်ကို ညွှန်း၏။

အဆင်းသဏ္ဍာန်မရှိ၊ လွတ်လပ်လဟာ
ထာဝရဘုရားက လောကကို စီမံခန့်ခွဲခြင်း မပြုမီ

နက်နဲရာအရပ်
"ရေ" သို့မဟုတ် "နက်နဲသော ရေ" သို့မဟုတ် "ကျယ်ပြောသော ရေ"

ရေမျက်နှာပြင်
ရေ သို့မဟုတ် "ရေထု" မျက်နှာပြင်

## Genesis 1:3

အလင်းဖြစ်စေ
အမိန့်ပေးစကားဖြစ်သည်။ ဘုရားသခင်သည် အမိန့်တော်ဖြင့်၊ အလင်း ဖြစ်စေ၏။

ထိုအလင်းကောင်းသည်ကို ဘုရားသခင်မြင်၍
ဘုရားသခင်သည် အလင်းကိုမြင်၍ ကျေနပ်မှု ရှိတော်မူ၏။ ဤကျမ်းပိုဒ်ရှိ "ကောင်းသည်" ဟူရာတွင် "ကျေနပ်စေသည်" သို့မဟုတ် "သင့်စေသည်" ဟု အဓိပ္ပါယ် သက်ရောက်၏။

အလင်းနှင့် မှောင်မိုက်ကိုပိုင်ခြားခဲ့ထားတော်မူ၏
အလင်းနှင့် အမှောင်ကို ခွဲခြားသည် သို့မဟုတ် "အလင်းတလှည့် အမှောင်တလှည့် ဖြစ်စေသည်။" နေ့အချိန်နှင့် ညအချိန်ကို ထာဝရဘုရား ဖန်ဆင်းကြောင်း ဖော်ပြထားသည်။

ညဦးနှင့် နံနက်သည် ပဌမနေ့ရက်ဖြစ်လေ၏
ဤအရာကို ဘုရားသခင်က ဆောင်ရွက်လေရာ စကြဝဠာ ပေါက်ဖွားလာသည်။

ညဦးနှင့် နံနက်
တစ်ရက်တာ အချိန်ကို ဆိုလိုသည်။ ကျမ်းပြုရေးသားသူက တစ်ရက်ကို အပိုင်းနှစ်ပိုင်း ခွဲခြားလိုက်ခြင်းဖြစ်၏။ ဂျူး ထုံးတမ်းစဉ်လာအရ၊ နေဝင်ချိန်သည် ရက်တစ်ရက်၏ အစ ဖြစ်သည်။ )

## Genesis 1:6

. . . ၌ မိုဃ်းမျက်နှာကြက်ဖြစ်စေ၊ . . . ခြားနားစေ
အမိန့်ပေးစကားဖြစ်သည်။ ဘုရားသခင်သည် အမိန့်တော်ဖြင့်၊ ရေကို မိုဃ်းမျက်နှာကြက် ဖြစ်စေပြီး ရေနှင့်ရေချင်း ခြားနားစေ၏။

မိုဃ်းမျက်နှာကြက်
ကျယ်ပြန့်သော လေဟာပြင်။ ဂျူးလူမျိုးများက အဆိုပါ လေဟာပြင်ဟူသည်မှာ အမိုးခုံး၏ အတွင်းပိုင်း သို့မဟုတ် ပန်းကန်လုံး၏ အတွင်းပိုင်းကို ပြောင်းပြန်လှန်သကဲ့သို့ ဖြစ်မည်ဟု အယူအဆ ရှိကြသည်။

ရေအလယ်၌
ရေအထဲတွင်

မိုဃ်းမျက်နှာကြက်ကို ဘုရားသခင် ဖန်ဆင်းတော်မူ၍၊ . . . ရေနှင့်၊ . . . ရေကို ပိုင်းခြားတော်မူသည်
ဤနည်းဖြင့် ဘုရားသခင်က မိုဃ်းမျက်နှာကြက်ကို ဖန်ဆင်းပြီး ရေတို့ကို ပိုင်းခြားတော်မူ၏။ ထာဝရဘုရား မိန့်တော်မူသောအခါ၊ ထိုအတိုင်း ဖြစ်လေ၏။ ဘုရားသခင် မိန့်သောအခါ မည်သို့ ဖြစ်လာသည့်အကြောင်းကို ဤစာကြောင်းက ရှင်းပြထားသည်။

. . . တော်မူသည်အတိုင်းဖြစ်လေ၏
ထိုသို့ဖြစ်လေ၏ သို့မဟုတ် "ထိုသို့ ဖြစ်ပျက်လေ၏။" ဘုရားသခင် မိန့်တော်မူသည်အတိုင်း ဖြစ်လာသည်။ ဤဝေါဟာရသည် အဆိုပါ အခန်းတလျှောက်တွင် တွေ့ရပြီး၊ ဆိုလိုသည့် အဓိပ္ပါယ်မှာ တူညီပါသည်။

ညဦးနှင့် နံနက်
တစ်ရက်တာ အချိန်ကို ဆိုလိုသည်။ ကျမ်းပြုရေးသားသူက တစ်ရက်ကို အပိုင်းနှစ်ပိုင်း ခွဲခြားလိုက်ခြင်းဖြစ်၏။ ယုဒထုံးတမ်းစဉ်လာအရ၊ နေဝင်ချိန်သည် ရက်တစ်ရက်၏ အစ ဖြစ်သည်။ [ကမ္ဘာဦးကျမ်း ၁:၅])

ဒုတိယနေ့ရက်
စကြဝဠာ မွေးဖွားပြီး ဒုတိယရက်ကို ဆိုလို၏။ ကမ္ဘာဦးကျမ်း ၁:၅ တွင် "ပထမနေ့ရက်" ပြန်ဆိုထားသည်ကို ကြည့်ရှုပြီး နောင်တွင် ဆက်လက် ပြန်ဆိုသင့်မသင့်ကို ဘာသာပြန်သူမှ ဆုံးဖြတ်ပါ။

## Genesis 1:9

ရေစုဝေးစေ
အမိန့်ပေးစကားဖြစ်သည်။ ဘုရားသခင်သည် အမိန့်တော်ဖြင့်၊ ရေများကို စုဝေးစေ၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရေစုဝေးစေ" သို့မဟုတ် "ရေများ စုပြုံစေ"

ကုန်းပေါ်စေ
ကုန်းသည် ရေအောက်တွင် ရှိခဲ့သည်။ သို့သော်၊ ယခုတွင် ရေများ ရွှေ့ပြောင်းလျက် ခြောက်သွေ့လာမည်ဖြစ်၏။ အမိန့်ပေးစကားဖြစ်သည်။ ဘုရားသခင်သည် အမိန့်တော်ဖြင့်၊ ခြောက်သွေ့သောမြေ ထွက်ပေါ်စေ၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "ခြောက်သွေ့သော မြေပေါ်စေ" သို့မဟုတ် "ခြောက်သွေ့သော မြေ မြင်ရစေ" သို့မဟုတ် "ကုန်းမြေ ထွက်ပေါ်စေ"


generated on Fri Sep 22 10:08:29 2023

ကုန်း
ရေမရှိသော ခြောက်သွေ့သည့် မြေကို ဆိုလိုသည်။ တောင်ယာစပါး စိုက်ပျိုး၍ မရသော ခြောက်သွေ့မြေ မဟုတ်။

. . . သည့်အတိုင်း ဖြစ်လေ၏
ထိုသို့ ဖြစ်လေ၏ သို့မဟုတ် "ထိုသို့ ဖြစ်ခဲ့၏။" ထာဝရဘုရား မိန့်တော်မူသည့်အတိုင်း ဖြစ်လာသည်။ ဤဝေါဟာရကို ဖော်ပြပါ အခန်း တလျှောက်တွင် တွေ့ရပြီး၊ တူညီသော အဓိပ္ပါယ်ကို ဆောင်သည်။

ကုန်းကိုမြေဟူသော အမည်ဖြင့်၎င်း၊
ခြောက်သွေ့သောအရပ်ကို မြေဟုလည်းကောင်း

ထိုအမှုအရာကောင်းသည်ကို ဘုရားသခင်မြင်တော်မူ၏
"ထိုအမှုအရာ" ဟူရာတွင် ကုန်းနှင့်ရေကို ညွှန်း၏။ ကမ္ဘာဦးကျမ်း ၁:၄ တွင် ပြန်ဆိုချက်ကို ရှုပါ။

## Genesis 1:11

စပါးသီးကို ဖြစ်စေသော စပါးပင်ကို၎င်း၊ . . . ပေါက်စေ
အမိန့်ပေးစကားဖြစ်သည်။ ဘုရားသခင်သည် အမိန့်တော်ဖြင့်၊ မြေပေါ်တွင် စပါးပင်ပေါက်စေ၏။ အခြားသောဘာသာပြန်ဆိုချက် "မြေပေါ်တွင် အသီးအနှံများပေါက်စေ" သို့ " စပါးသီးမျိုးများကို မြေကြီးပေါ်တွင် ကြီးထွားစေ"

စပါးသီးကို ဖြစ်စေသော စပါးပင်ကို၎င်း၊ မြေပေါ်မှာ မျိုးစေ့ပါလျက် သစ်သီးမျိုးကို ဖြစ်စေသော သစ်ပင်ကို၎င်း၊ ပေါက်စေ
မျိုးစေ့ပါသောအပင်နှင့် သစ်သီးမျိုးဖြစ်စေသောအပင်မှအစ သဘာဝပေါက်ပင်များ ဖြစ်စေ သို့မဟုတ် "သဘာဝပေါက်ပင်များဖြစ်စေ။ မျိုးစေ့ပါသောအပင်နှင့် အသီးသီးသောအပင်များ ပေါက်စေ။" "သဘာဝပေါက်ပင်" ဟု ဆိုရာတွင် သစ်ပင်ငယ်နှင့် သစ်ပင်ကြီးများအားလုံးကို ခြုံငုံသော ဝေါဟာရ စကားလုံးဖြစ်သည်။

သစ်ပင်
ပင်စည်မာသော အပင်မျိုးသာ မဟုတ်သည့်၊ ပင်စည်နုသော ပေါက်ပင်များကိုလည်း ဆိုလိုသည်။

သစ်သီးမျိုးကို ဖြစ်စေသော သစ်ပင်
မျိုးစေ့ပါသော အသီးကို သီးသော အပင်မျိုး

. . . သည့် အတိုင်း ဖြစ်လေ၏
ထိုသို့ ဖြစ်လေ၏ သို့မဟုတ် "ထိုသို့ ဖြစ်ခဲ့၏။" ထာဝရဘုရား မိန့်တော်မူသည့်အတိုင်း ဖြစ်လာသည်။ ဤဝေါဟာရကို ဖော်ပြပါ အခန်း တလျှောက်တွင် တွေ့ရပြီး၊ တူညီသော အဓိပ္ပါယ်ကိုဆောင်သည်။ ကမ္ဘာဦးကျမ်း ၁:၇ မှ ပြန်ဆိုချက်ကို ရှု။

ထိုအမှုအရာကောင်းသည်ကို ဘုရားသခင်မြင်တော်မူ . . . ၏
"ထိုအမှုအရာ" ဆိုရာတွင် သဘာဝပေါက်ပင်များနှင့် သစ်ပင်များကို ညွှန်းဆိုသည်။ ကမ္ဘာဦးကျမ်း ၁:၁၀ မှ ပြန်ဆိုချက်ကို ရှု။

ညဦးနှင့် နံနက်
တစ်ရက်တာ အချိန်ကို ဆိုလိုသည်။ ကျမ်းပြုရေးသားသူက တစ်ရက်ကို အပိုင်းနှစ်ပိုင်း ခွဲခြားလိုက်ခြင်းဖြစ်၏။ ယုဒထုံးတမ်းစဉ်လာအရ၊ နေဝင်ချိန်သည် ရက်တစ်ရက်၏ အစ ဖြစ်သည်။ [ကမ္ဘာဦးကျမ်း ၁:၅])

တတိယနေ့ရက်
စကြဝဠာ မွေးဖွားပြီး တတိယရက်ကို ဆိုလို၏။ ကမ္ဘာဦးကျမ်း ၁:၅ တွင် "ပထမနေ့ရက်" ပြန်ဆိုထားသည်ကို ကြည့်ရှုပြီး နောင်တွင် ဆက်လက် ပြန်ဆိုသင့်မသင့်ကို ဘာသာပြန်သူမှ ဆုံးဖြတ်ပါ။

## Genesis 1:14

မိုဃ်းကောင်းကင်မျက်နှာကြက်၌ အလင်းအိမ် တည်စေ
အမိန့်ပေးစကားဖြစ်သည်။ ဘုရားသခင်သည် အမိန့်တော်ဖြင့်၊ ကောင်းကင်၌ အလင်းဖြစ်စေ၏။

မိုဃ်းကောင်းကင်မျက်နှာကြက်၌ အလင်းအိမ်
မိုဃ်းကောင်းကင်၌ လင်းသောအရာများ သို့မဟုတ် "မိုဃ်းကောင်းကင်၌ အလင်းပေးသောအရာများ။" နေ၊ လနှင့် ကြယ်များကို ညွှန်းခြင်းဖြစ်သည်။

မိုဃ်းကောင်းကင်မျက်နှာကြက်၌
မိုဃ်းကောင်းကင် မျက်နှာပြင် သို့မဟုတ် "မိုဃ်းကောင်းကင်၏ ကျယ်ပြောသော လေဟာပြင်"

နေ့နှင့်ညဉ့်ကို ပိုင်းခြားစေခြင်းငှါ
နေ့ကို ညဉ့်မှ ပိုင်းခြားစေခြင်းငှါ။ "နေ့နှင့် ညဉ့်၏ ကွာခြားမှုကို သိစေခြင်းငှါ" ဟူ၍ ဆိုလိုခြင်းဖြစ်သည်။ နေသည် နေ့အချိန်ကိုလည်းကောင်း၊ လနှင့် ကြယ်များသည် ညဉ့်အချိန်ကိုလည်းကောင်း ညွှန်းဆို၏။

နိမိတ်လက္ခဏာ . . . ဖြစ်စေ
အမိန့်ပေးစကားဖြစ်သည်။ ဘုရားသခင်သည် အမိန့်တော်ဖြင့်၊ ဤအရာများကို နိမိတ်လက္ခဏာ ဖြစ်စေ၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "နိမိတ်လက္ခဏာ . . . အဖြစ် ဆောင်ရွက်စေ" သို့မဟုတ် "နိမိတ် . . . ပြစေ"

နိမိတ်လက္ခဏာ
တစုံတခုကို ပြသ သို့မဟုတ် ညွှန်ပြသော အရာကို ဆိုလိုသည်။

ချိန်းချက်သောအချိန်၊ နေ့ရက် အပိုင်းအခြား၊ နှစ်အပိုင်းအခြားတို့
နေ၊ လနှင့် ကြယ်တို့သည် အချိန်ကို ညွှန်ပြပေး၏။ ထို့ကြောင့် အပတ်စဉ်၊ လစဉ်၊ သို့မဟုတ် နှစ်စဉ် ဖြစ်ပျက်သောအရာများ၏ အချိန်အခါကို နားလည်သဘောပေါက်စေသည်။

ချိန်းချက်သောအချိန်
ပွဲရက်နှင့် တခြားအရာများ ပြုလုပ်ရန် လူတို့ ခွဲခြားသတ်မှတ်ထားသော အချိန်

မိုဃ်းကောင်းကင် မျက်နှာကြက်၌တည်၍ မြေကြီးလင်းစရာ အလင်းအိမ်ဖြစ်စေ
အမိန့်ပေးစကားဖြစ်သည်။ ဘုရားသခင်သည် အမိန့်တော်ဖြင့်၊ မြေကြီးကို လင်းစေသော အလင်းအိမ် ဖြစ်စေ၏။

မြေကြီးလင်းစရာ
မြေကြီးကို အလင်းပေးရန် သို့မဟုတ် "မြေကြီး လင်းစေရန်။" ကမ္ဘာကြီးမှာ ကိုယ်ပိုင် အလင်း မထုတ်နိုင်သော်လည်း အလင်းပြန်စေတတ်သည်။

. . . သည့်အတိုင်းဖြစ်လေ၏
ထိုသို့ဖြစ်လေ၏ သို့မဟုတ် "ထိုသို့ ဖြစ်ပျက်လေ၏။" ဘုရားသခင် မိန့်တော်မူသည့်အတိုင်း ဖြစ်လာသည်။ ဤဝေါဟာရသည် အဆိုပါ အခန်းတလျှောက်တွင် တွေ့ရပြီး၊

 generated on Fri Sep 22 10:08:29 2023

ဆိုလိုသည့် အဓိပ္ပါယ်မှာ တူညီပါသည်။ ကမ္ဘာဦးကျမ်း ၁:၇ မှ ပြန်ဆိုချက်ကို ရှု။

### Genesis 1:16

အလင်းအိမ်ကြီး နှစ်လုံး . . . ကို ဖန်ဆင်းတော်မူပြီးလျှင်
အလင်းအိမ်ကြီး နှစ်လုံးကို ဘုရားသခင် ဖန်ဆင်းခဲ့သည်။ ဘုရားသခင် မိန့်တော်မူသည့်အခါ မည်သို့ ဆိုခဲ့ကြောင်းကို ဤကျမ်းပိုဒ်တွင် တွေ့နိုင်သည်။

အလင်းအိမ်ကြီး နှစ်လုံး
ကြီးမားသော အလင်းအိမ် နှစ်လုံး သို့မဟုတ် "တောက်ပသော အလင်း နှစ်ခု။" နေနှင့် လတို့မှာ အဆိုပါ အလင်းအိမ်ကြီး နှစ်လုံးဖြစ်သည်။

နေ့ကို အုပ်စိုးရသော
အလင်းအိမ်ကြီးနှစ်လုံးအား လူ့ပြည်ကို အစိုးရသည့် မင်းများပမာ တင်စားခေါ်ဝေါ်ထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လူကိုအုပ်စိုးသော မင်းများပမာ နေ့အချိန်ကို အစိုးရသော" သို့မဟုတ် "နေ့အချိန်ကို ခွဲခန့်သတ်မှတ်သော" )

နေ့
နေ့အချိန်ကို ညွှန်း၏။

အငယ်တလုံး
အလင်းငယ် သို့မဟုတ် "အလင်းဖျော့"

မိုဃ်းကောင်းကင် မျက်နှာကြက်၌
မိုဃ်းကောင်းကင်ထက်၌ သို့မဟုတ် "မိုဃ်းကောင်းကင်၏ လေဟာပြင်ထဲ၌"

အလင်းနှင့်မှောင်မိုက်ကို ပိုင်းခြားစေခြင်းငှာ
မှောင်မိုက်မှ အလင်းကို ခွဲထုတ်စေခြင်းငှာ သို့မဟုတ် "အလင်းပေးချိန်နှင့် မှောင်မိုက်ချိန် ရှိစေခြင်းငှာ။" ကမ္ဘာဦးကျမ်း ၁:၄ မှ ပြန်ဆိုချက်ကို ရှု။

ထိုအမှုအရာ ကောင်းသည်ကို ဘုရား သခင်မြင်တော်မူ၍၊
"ထိုအမှုအရာ" ဆိုရာတွင် နေ၊ လနှင့် ကြယ်များကို ညွှန်း၏။ ကမ္ဘာဦးကျမ်း ၁:၄ မှ ပြန်ဆိုချက်ကို ရှု။

ညဦးနှင့် နံနက်
တစ်ရက်တာ အချိန်ကို ဆိုလိုသည်။ ကျမ်းပြုရေးသားသူက တစ်ရက်ကို အပိုင်းနှစ်ပိုင်း ခွဲခြားလိုက်ခြင်းဖြစ်၏။ ယုဒထုံးတမ်းစဉ်လာအရ၊ နေဝင်ချိန်သည် ရက်တစ်ရက်၏ အစ ဖြစ်သည်။ [ကမ္ဘာဦးကျမ်း ၁:၅])

စတုတ္ထနေ့ရက်
စကြဝဠာ မွေးဖွားပြီး စတုတ္ထရက်ကို ဆိုလို၏။ ကမ္ဘာဦးကျမ်း ၁:၅ တွင် "ပထမနေ့ရက်" ပြန်ဆိုထားသည်ကို ကြည့်ရှုပြီး နောင်တွင် ဆက်လက် ပြန်ဆိုသင့်မသင့်ကို ဘာသာပြန်သူမှ ဆုံးဖြတ်ပါ။

### Genesis 1:20

အသက်ရှင်၍ လှုပ်ရှားတတ်သော တိရစ္ဆာန်တို့ကို ရေသည် များပြားစွာ မွေးဘွားစေ
အမိန့်ပေးစကားဖြစ်သည်။ ဘုရားသခင်သည် အမိန့်တော်ဖြင့်၊ အသက်ရှင်သော တိရစ္ဆာန်တို့ကို ရေတွင် များပြားစွာ ပေါက်ဖွားစေ၏။ တချို့ ဘာသာစကားများတွင် ငါးနှင့် ရေအောက် သတ္တဝါများကို ဝေါဟာရတစ်လုံးဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရေသည် သတ္တဝါအပေါင်းတို့ဖြင့် ပြည့်နှက်စေ" သို့မဟုတ် "ပင်လယ် သမုဒ္ဒရာတွင် အသက်ရှင်၍ လှုပ်ရှားတတ်သော တိရစ္ဆာန် များပြားစွာ မွေးဘွားစေ"

ငှက်တို့လည်း . . . ပျံစေ
အမိန့်ပေးစကားဖြစ်သည်။ ဘုရားသခင်သည် အမိန့်တော်ဖြင့်၊ ငှက်တို့ကို ပျံဝဲစေ၏။

ငှတ်တို့
ပျံတတ်သော တိရစ္ဆာန်များ သို့မဟုတ် "ပျံတတ်သောအရာများ"

မိုဃ်းကောင်းကင် မျက်နှာကြက်ပြင်
မိုဃ်းကောင်းကင် လေဟာပြင် သို့မဟုတ် "မိုဃ်းကောင်းကင်"

ဘုရားသခင် ဖန်ဆင်း၍
ဘုရားသခင်သည် ဖန်ဆင်း၍

ငါးကြီး
ပင်လယ်တွင် နေထိုင်သည့် ကြီးမားသော တိရစ္ဆာန်များ

အမျိုးအလိုက်
ပေါက်ဖွားရာတိရစ္ဆာန်နှင့် "အမျိုး" တူသော သက်ရှိသတ္တဝါ

ပျံတက်သော ငှက်မျိုးအပေါင်းတို့
အတောင်ပါသော ပျံတတ်သည့် ငှက်အပေါင်းတို့။ ငှက်ဟူသည် အတောင်ပါပြီးဖြစ်သည့်အတွက်၊ တချို့ ဘာသာစကားများတွင် "ငှက်မျိုးအပေါင်းတို့" ဟု ရိုးရှင်းစွာ အသုံးပြုလျှင် ပို၍ သဘာဝဆန်ပါမည်။

ထိုအမှုအရာကောင်းသည်ကို မြင်တော်မူ၏
"ထိုအမှုအရာ" ဟု ဆိုရာတွင် ငှက်နှင့် ငါးတို့ကို ညွှန်းဆိုသည်။ ကမ္ဘာဦးကျမ်း ၁:၄ မှ ပြန်ဆိုချက်ကို ရှု။

### Genesis 1:22

များပြားစွာ မွေးဘွား
အဆမတန် တိုးပွား

များပြားစွာ မွေးဘွားကြလော့
ဘုရားသခင်ပေးသော ကောင်းချီးမင်္ဂလာဖြစ်သည်။ ပင်လယ်တွင် များပြားစွာ ရှိစေခြင်းငှာ ပင်လယ် တိရစ္ဆာန်များကို များပြားစွာ မွေးဘွားရန် မိန့်တော်မူသည်။ "များပြားစွာ" ဟူသည်မှာ "တိုးပွား" ခြင်းသဘောကို ဆောင်ပါသည်။

ငှက်တို့
ပျံတတ်သော တိရစ္ဆာန်များ သို့မဟုတ် "ပျံတတ်သောအရာများ။" ကမ္ဘာဦးကျမ်း ၁း၂၀ မှ ပြန်ဆိုချက်ကို ရှု။

ငှက်တို့လည်း . . . များပြားစေသတည်း
အမိန့်ပေးစကားဖြစ်သည်။ ဘုရားသခင်သည် အမိန့်တော်ဖြင့်၊ ငှက်တို့ကို များပြားစေ၏။

ထိုတိရစ္ဆာန်တို့ကို ကောင်းကြီးပေးတော်မူ၍
ဖန်ဆင်းတော်မူသော တိရစ္ဆာန်တို့ကို ကောင်းကြီးပေးတော်မူ၍

ညဦးနှင့်နံနက်
တစ်ရက်တာ အချိန်ကို ဆိုလိုသည်။ ကျမ်းပြုရေးသားသူက တစ်ရက်ကို အပိုင်းနှစ်ပိုင်း ခွဲခြားလိုက်ခြင်းဖြစ်၏။

ယုဒထုံးတမ်းစဉ်လာအရ၊ နေဝင်ချိန်သည် ရက်တစ်ရက်၏ အစ ဖြစ်သည်။ [ကမ္ဘာဦးကျမ်း ၁:၅])

ပဥ္စမနေ့ရက်

စကြာဝဠာ မွေးဖွားပြီး ပဥ္စမရက်ကို ဆိုလို၏။ ကမ္ဘာဦးကျမ်း ၁:၅ တွင် "ပထမနေ့ရက်" ပြန်ဆိုထားသည်ကို ကြည့်ရှုပြီး နောင်တွင် ဆက်လက် ပြန်ဆိုသင့်မသင့်ကို ဘာသာပြန်သူမှ ဆုံးဖြတ်ပါ။

## Genesis 1:24

မြေသည် အသက်ရှင်သောသတ္တဝါမျိုး . . . မွေးဘွားစေ

မြေသည် အသက်ရှင်သောသတ္တဝါမျိုး . . . မွေးဘွားစေ သို့မဟုတ် "မြေပေါ်၌ အသက်ရှင်သောသတ္တဝါများ နေထိုင်စေ။" အမိန့်ပေးစကားဖြစ်သည်။ ဘုရားသခင်သည် အမိန့်တော်ဖြင့်၊ မြေ၌ သတ္တဝါများ မွေးဘွားစေ၏။

သားယဉ်တို့ကိုဎင်း၊ တွားတတ်သော တိရစ္ဆာန်တို့ကိုဎင်း၊ သားရဲမျိုးတို့ကိုဎင်း၊

ဤကျမ်းပိုဒ်တွင် တိရစ္ဆာန်မျိုးအပေါင်းတို့ကို ဘုရားသခင် ဖန်ဆင်းတော်မူကြောင်း တင်ပြထားသည်။ အထက်ပါ တိရစ္ဆာန်မျိုးများကို ခေါ်ဆိုရာ၌ မတူညီသော အခေါ်အဝေါ်များ ရှိပါက၊ ထိုဝေါဟာရကို အသုံးပြုနိုင်သည်။ သို့မဟုတ် အထက်ပါအတိုင်းလည်း ပြန်ဆိုနိုင်သည်။

. . . သည်အတိုင်း ဖြစ်လေ၏

ထိုသို့ဖြစ်လေ၏ သို့မဟုတ် "ထိုသို့ ဖြစ်ပျက်လေ၏။" ဘုရားသခင် မိန့်တော်မူသည်အတိုင်း ဖြစ်လာသည်။ ဤဝေါဟာရကို အဆိုပါ အခန်းတလျှောက်တွင် တွေ့ရပြီး၊ ဆိုလိုသည့် အဓိပ္ပါယ်မှာ တူညီပါသည်။ ကမ္ဘာဦးကျမ်း ၁:၇ မှ ပြန်ဆိုချက်ကို ရှု။

သားရဲမျိုး

သားရိုင်း တိရစ္ဆာန်မျိုး သို့မဟုတ် "အန္တရာယ်ရှိသော တိရစ္ဆာန်မျိုး"

သားယဉ်

လူတို့ မွေးမြူသော တိရစ္ဆာန်အမျိုး

တွားတတ်သော တိရစ္ဆာန်

တိရစ္ဆာန် အကောင်ငယ်မျိုး

ဘုရားသခင်သည် သားရဲမျိုး၊ သားယဉ်မျိုး၊ မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်မျိုး အပေါင်းတို့ကို ဖန်ဆင်း၍

ဘုရားသခင်သည် တိရစ္ဆာန်အပေါင်းတို့ကို ဤသို့ ဖန်ဆင်း၍

ထိုအမှုအရာကောင်းသည်ကို မြင်တော်မူ၏

"ထိုအမှုအရာ" ဟု ဆိုရာတွင် မြေပေါ်တွင် နေထိုင်သော သက်ရှိတိရစ္ဆာန်အပေါင်းကို ဆိုလိုသည်။ ကမ္ဘာဦးကျမ်း ၁:၄ မှ ပြန်ဆိုချက်ကို ရှု။

## Genesis 1:26

ငါတို့ . . . ဖန်ဆင်းကြစို့

"ငါတို့" ဟု ဆိုရာတွင် ဘုရားသခင်ကို ညွှန်းဆိုခြင်းဖြစ်သည်။ ပြုတော်မူမည့်အရာကို မိန့်လိုက်ခြင်းဖြစ်သည်။ သို့ရာတွင် "ငါတို့" ဟူ၍ အများနာမ်စားကို သုံးနှုန်းထား၏။ ထိုသို့ အသုံးပြုရခြင်း၏ ဖြစ်နိုင်ချေ အကြောင်းရင်းမှာ

လူ

သက်ရှိလူသား

ငါတို့ ပုံသဏ္ဌာန်နှင့်အညီ တသဏ္ဌာန်တည်း

အထက်ပါ ဝေါဟာရနှစ်ခုမှာ အဓိပ္ပါယ်တူ၏။ လူသားအနွယ်ကို မိမိနှင့် တသဏ္ဌာန်တည်း ဖြစ်ရမည်ဟု ဘုရားသခင် မိန့်လိုက်ခြင်း ဖြစ်သည်။ သို့ရာတွင် မည်သို့ဖြင့် ဘုရားသခင်နှင့် တသဏ္ဌာန်တည်းဖြစ်မည်အကြောင်း ဖော်ပြထားခြင်းမရှိ။ ထာဝရဘုရားတွင် ခန္ဓာတော်မရှိ။ ထို့ကြောင့် ဘုရားသခင်နှင့် ရုပ်အဆင်း တူညီမည်ဟု မိန့်တော်မူခြင်း မဟုတ်တန်ရာ။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါတို့နှင့် တူသော"

အုပ်စိုးစေ

"အစိုးရစေ" သို့မဟုတ် "အစိုးပိုင်စေ"

ဘုရားသခင်သည် . . . လူကိုဖန်ဆင်းတော်မူ၏

ဘုရားသခင်၏ လူကို အခြားသောအရာများနှင့်မတူ တမူထူးခြားစွာ ဖန်ဆင်း၏။ ထို့ကြောင့် လူကို နှုတ်မိန့်ဖြင့်သာ ဖန်ဆင်းသည်ဟု ရေးသားခြင်း မပြုရ။

## Genesis 1:28

သူတို့ကိုကောင်းကြီးပေးတော်မူ၏

"သူတို့" ဟူသည့် နာမ်စားပုဒ်မှာ လူယောကျာ်းနှင့် လူမိန်းမကို ညွှန်းဆိုခြင်းဖြစ်သည်။

များပြားစွာ မွေးဘွားကြလော့

မိမိနှင့်တူသော လူကို များပြားစွာ ဖွားမြင်ရန် ဘုရားသခင် မိန့်တော်မူခဲ့သည်။ "များပြားစွာ" ဟူသည်မှာ "တိုးပွား" ရန် ဆိုလိုခြင်းဖြစ်သည်။ [ကမ္ဘာဦးကျမ်း ၁:၂၂]

မြေကြီးကို ပြည့်စေ

မြေကြီးကို လူနှင့် ပြည့်စေ

## Genesis 1:30

ယေဘုယျ အချက်အလက်

ဘုရားသခင် ဆက်လက်၍ မိန့်မှာသည်။

မိုယ်းကောင်းကင်ငှက်

ကောင်းကင်၌ ပျံဝဲသောငှက်

အသက်ရှင်

အသက်ရှူနိုင်။ ဤဝေါဟာရက အပင်နှင့် တိရစ္ဆာန်တို့၏ ကွာဟချက်ကို မြင်သာစေသည်။ အပင်သည် အသက်မရှူနိုင်။ တိရစ္ဆာန်၏ အစာများ ဖြစ်ကြရသည်။ ဖော်ပြပါ ကျမ်းပိုဒ်ရှိ "အသက်" ဟူသည်မှာ လှုပ်ရှား သက်ရှင်မှုကို ဆိုလိုသည်။

. . . သည်အတိုင်းဖြစ်လေ၏

ထိုသို့ဖြစ်လေ၏ သို့မဟုတ် "ထိုသို့ ဖြစ်ပျက်လေ၏။" ဘုရားသခင် မိန့်တော်မူသည်အတိုင်း ဖြစ်လာသည်။ ဤဝေါဟာရသည် အဆိုပါ အခန်းတလျှောက်တွင် တွေ့ရပြီး၊ ဆိုလိုသည့် အဓိပ္ပါယ်မှာ တူညီပါသည်။ ကမ္ဘာဦးကျမ်း ၁:၇ မှ ပြန်ဆိုချက်ကို ရှု။

အလွန်ကောင်းသည်

ဘုရားသခင်သည် မိမိဖန်ဆင်းသမျှသော အရာတို့ကို ကြည့်ရှုသောအခါ၊ "အလွန်ကောင်းသည်" ဟူ၏။ ကမ္ဘာဦးကျမ်း ၁:၁၀ မှ ပြန်ဆိုချက်ကို ရှု။

ညဦးနှင့် နံနက်
တစ်ရက်တာ အချိန်ကို ဆိုလိုသည်။ ကျမ်းပြုရေးသားသူက တစ်ရက်ကို အပိုင်းနှစ်ပိုင်း ခွဲခြားလိုက်ခြင်းဖြစ်၏။ ယုဒထုံးတမ်းစဉ်လာအရ၊ နေဝင်ချိန်သည့် ရက်တစ်ရက်၏ အစဖြစ်သည်။ [ကမ္ဘာဦးကျမ်း ၁:၅])

ဆဋ္ဌမနေ့ရက်
စကြာဝဠာ မွေးဖွားပြီး ဆဋ္ဌမရက်ကို ဆိုလို၏။ ကမ္ဘာဦးကျမ်း ၁:၅ တွင် "ပထမနေ့ရက်" ပြန်ဆိုထားသည်ကို ကြည့်ရှုပြီး နောင်တွင် ဆက်လက် ပြန်ဆိုသင့်မသင့်ကို ဘာသာပြန်သူမှ ဆုံးဖြတ်ပါ။


generated on Fri Sep 22 10:08:29 2023

## Chapter 2

1 ထိုသို့ ကောင်းကင်မြေကြီးနှင့်တကွ ခပ်သိမ်းသော တန်ဆာတို့သည် ပြီးစီးလျက်ရှိကြ၏။ 2 သတ္တမနေ့ရက်ရောက်လျှင်၊
ဘုရားသခင်သည် ဖန်ဆင်းသောအမှုကို လက်စသတ်တော်မူခဲ့ပြီးသည် ဖြစ်၍၊ ဖန်ဆင်းသမျှသော အမှုအရာတို့သည် ပြီးစီးပြီးမှ၊
ထိုသတ္တမနေ့၌ ငြိမ်ဝပ်စွာနေတော်မူ၏။ 3 ထိုသတ္တမနေ့ကို ဘုရားသခင်သည် ကောင်းကြီးပေး၍ သန့်ရှင်းစေတော်မူ၏။
အကြောင်းမူကား၊ ဖန်ဆင်းပြုပြင်တော်မူသော ထိုအမှုအရာအလုံးစုံတို့သည် ပြီးစီးသောကြောင့် ထိုနေ့ရက်၌ ငြိမ်ဝပ်စွာနေ တော်မူ၏။
4 ဤအကြောင်းအရာကား၊ ထာဝရအရှင်ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူ သောနေ့၊
ဖန်ဆင်းရာကာလ၌ကောင်းကင်နှင့်မြေကြီး၏ မူလအတ္ထုပတ္တိပေတည်း။ 5 မြေ၌ လယ်ယာပျိုးပင်မပေါက်မှီ၊ လယ်ယာ၌
စပါးပင်မကြီးပွားမှီ၊ အပင်ရှိသမျှတို့ကိုဖန်ဆင်းတော်မူ၏။ ထိုအခါ ထာဝရအရှင်ဘုရားသခင်သည် မြေပေါ်၌
မိုဃ်းကိုရွာစေတော်မမူသေး။ မြေ၌လုပ်သော လူလည်း မရှိသေးသည်ဖြစ်၍၊ 6 မြေမှအခိုးအငွေ့ထွက်သဖြင့် မြေတပြင်လုံးကို
စိုစေလေ၏။ 7 ထိုနောက်၊ ထာဝရအရှင်ဘုရားသခင်သည် မြေမှုန့်ဖြင့် လူကို ဖန်ဆင်း၍၊ သူ၏နှာခေါင်းထဲသို့ ဇီဝအသက်ကို
မှုတ်တော်မူလျှင်၊ လူသည် အသက်ရှင်သော သတ္တဝါဖြစ်လေ၏။ 8 ထာဝရအရှင် ဘုရားသခင်သည်လည်း အရှေ့မျက်နှာ၊
ဧဒင်အရပ်၌ဥယျာဉ်ကို စိုက်ပျိုးပြီးလျှင်၊ ဖန်ဆင်းတော်မူသောလူကို ထိုဥယျာဉ်၌ နေရာချတော်မူ၏။ 9 ထိုမြေထဲက အဆင်းလှ၍၊
စားဘွယ်ကောင်းသော အပင်အမျိုးမျိုးကို ထာဝရအရှင်ဘုရားသခင် ပေါက်စေတော်မူ၏။ ထိုဥယျာဉ်အလယ်၌
အသက်ပင်လည်းရှိ၏။ ကောင်းမကောင်းကို သိကျွမ်းရာအပင် လည်းရှိ၏။ 10 ထိုဥယျာဉ်ကို စိုစေလိုသောငှာ မြစ်တမြစ်သည်
ဧဒင်အရပ်ထဲကစီးထွက်သဖြင့်၊ ဥယျာဉ်ပြင်မှာ လေးဖြာကွဲ၍ မြစ်မလေးသွယ်ဖြစ်လေ၏။ 11 ပဌမမြစ်ကား ဖိရုန်အမည်ရှိ၏။
ထိုမြစ်သည် ရွှေရှိသော ဟာဝိလပြည်နား တရှောက်လုံးကို စီးသွား လေ၏။ 12 ထိုပြည်မှဖြစ်သောရွှေသည် ကောင်းလှ၏။ 13
ဗဒေလသစ်စေးနှင့် ရှဟံကျောက်လည်းရှိ၏။ ဒုတိယမြစ်ကား ဂိဟုန်အမည်ရှိ၏။ ထိုမြစ်သည် ကုရှုပြည် နား တရှောက်လုံးကို
စီးသွားလေ၏။ 14 တတိယမြစ်ကား ဟိဒကေလအမည်ရှိ၏။ ထိုမြစ်သည် အာရှုရိတိုင်း အရှေ့သို့ စီးသွားလေ၏။ စတုတ္ထမြစ်ကား
ဥဖရတ်အမည်ရှိ၏။ 15 ထိုအခါ ထာဝရအရှင်ဘုရားသခင်သည် လူကိုယူ၍ ဧဒင်ဥယျာဉ်ကို ပြုစုစောင့်ရှောက်စေခြင်းငှါ
ထားတော်မူ၏။ 16 ထာဝရအရှင်ဘုရားသခင်ကလည်း၊ ကောင်းမကောင်းကို သိကျွမ်းရာအပင်မှတပါး၊ ထိုဥယျာဉ်၌ ရှိသမျှသော
အပင်တို့၏အသီးကို သင်သည် စားရသောအခွင့်ရှိ၏။ 17 ထိုအပင်၏ အသီးကိုကား မစားရ။ စားသောနေ့တွင်
ဧကန်အမှန်သေရမည်ဟု လူကို ပညက် ထားတော်မူ၏။ 18 ထာဝရအရှင်ဘုရားသခင်ကလည်း၊ ယောကျ်ားသည်
တယောက်တည်းမနေကောင်း၊ သူနှင့်တော်သော အထောက်အမကို သူဘို့ငါလုပ်ဦးမည်ဟု အကြံရှိတော်မူ၏။ 19
ထာဝရရှင်ဘုရားသခင်သည် မြေတိရစ္ဆာန်တို့နှင့်၊ မိုဃ်းကောင်းကင်ငှက်အပေါင်းတို့ကို မြေဖြင့်ဖန်ဆင်း တော်မူပြီးလျှင်၊ လူသည်
အဘယ်သို့ခေါ်ဝေါ်သမုတ်မည်ကို သိခြင်းငှာ၊ လူရှိရာသို့ ဆောင်ခဲ့တော်မူ၏။ လူသည် လည်း အသက်ရှင်သော သတ္တဝါအပေါင်းတို့ကို
ခေါ်ဝေါ် သမုတ်သည့်အတိုင်း၊ နာမည်အသီးအသီးရှိကြ၏။ 20 ထိုသို့လူသည် သားယဉ်အပေါင်းတို့ကိုငင်း၊ မိုဃ်းကောင်းကင်
ငှက်အပေါင်းတို့ကိုငင်း၊ မိုဃ်းကောင်း ကင်ငှက်အပေါင်းတို့ကိုငင်း၊ သားရဲအပေါင်းတို့ကိုငင်း၊ အမည်ပေး၍မှည့်လေ၏။
သို့သော်လည်း လူနှင့်တော် သော အထောက်အမ မပေါ်မရှိသေး၊ 21 ထိုအခါ ထာဝရအရှင်ဘုရားသခင်သည် လူကို
ကြီးသောအိပ်ခြင်းဖြင့် အိပ်စေတော်မူ၍၊ လူသည် အိပ်ပျော်စဉ်၊ နံရိုးတချောင်းကို ဘုရားသခင်ထုတ်ပြီးလျှင်၊ ထိုအရိုးအစားအသားကို
စေ့စပ်စေတော်မူ၏။ 22 ထာဝရအရှင်ဘုရားသခင်သည် လူထဲကထုတ်သော နံရိုးဖြင့် လူမိန်းမကိုဖန်ဆင်း၍လူရှိရာသို့ ဆောင်ခဲ့
တော်မူ၏။ 23 လူကလည်း၊ ယခု ဤသူသည်ငါ့အရိုးထဲကအရိုး၊ ငါ့အသားထဲက အသားဖြစ်၏။ လူထဲက ထုတ်သော ကြောင့်
သူ့ကိုလူမိန်းမဟု ခေါ်ဝေါ်အပ်သည်ဟု ဆိုလေ၏။ 24 ထိုအကြောင်းကြောင့် ယောကျ်ားသည် ကိုယ်မိဘကို စွန့်၍၊
ကိုယ်ခင်ပွန်း၌မှီဝဲသဖြင့်၊ ထိုသူတို့သည် တသားတကိုယ်တည်း ဖြစ်ရလိမ့်မည်။ 25 ထိုသူလင်မယားနှစ်ဦးတို့သည် အဝတ်မဝတ်ဘဲ
နေ၍၊ ရှက်ကြောက်ခြင်းနှင့်ကင်းလွတ်ကြ၏။

---

### Genesis 2:1

ကောင်းကင်
မိုဃ်းကောင်းကင် သို့မဟုတ် "မိုဃ်းမျက်နှာပြင်"

ခပ်သိမ်းသော တန်ဆာ
ဂြိုဟ်အထဲ၌ရှိသော သက်ရှိသတ္တဝါအပေါင်း သို့မဟုတ် "ခပ်သိမ်းသော သတ္တဝါအပေါင်း"

ပြီးစီးလျက်ရှိကြ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က ဖန်ဆင်းပြီး၏။"

သတ္တမနေ့ရက်ရောက်လျှင်၊ ဘုရားသခင်သည် ဖန်ဆင်းသောအမှုကို လက်စသတ်တော်မူခဲ့ပြီး
သတ္တမနေ့တွင် ဘုရားသခင် အမှု မပြုတော့ပါ

လက်စသတ်တော်မူခဲ့ပြီး
အီဒီယမ်စကား ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ပြီးစီးခဲ့ပြီ"

ထိုသတ္တမနေ့၌ ငြိမ်ဝပ်စွာနေတော်မူ၏
ထိုနေ့တွင် အမှုမပြုပါ။

ထိုသတ္တမနေ့ကို ဘုရားသခင်သည် ကောင်းကြီးပေး၍
ဤစာပိုဒ်ကို အဓိပ္ပါယ် ဖွင့်ဆိုနိုင်ရာတွင် (၁) ဘုရားသခင်သည် သတ္တမနေ့တွင် ကောင်းသော ရလဒ် ထွက်ပေါ်စေသည် သို့မဟုတ် (၂) သတ္တမကို ကောင်းသည်ဟု မိန့်လိုက်ခြင်းဖြစ်သည်။

သန့်ရှင်းစေတော်မူ၏
"ခွဲခန့်တော်မူ၏" သို့မဟုတ် "မိမိအဖို့ သတ်မှတ်တော်မူ၏"


generated on Fri Sep 22 10:08:29 2023

ထိုနေ့ရက်၌ ငြိမ်ဝပ်စွာ နေတော်မူ၏
အလုပ်မှ နားတော်မူ၏

## Genesis 2:4

ယေဘုယျ အချက်အလက်
ကမ္ဘာဦးကျမ်း ၂ ၏ ကျန်ရှိသော အပိုဒ်များတွင် ဆဋ္ဌမနေ့ရက်၌ ပြုသောအမှုများကို ဖော်ပြထားသည်။

ဤအကြောင်းအရာကား . . . ကောင်းကင်နှင့်မြေကြီး၏ မူလအတ္တုပ္ပတ္တိပေတည်း
"ဤအကြောင်းအရာကား ... ကောင်းကင်နှင့် မြေကြီး၏ သမိုင်းမှတ်တမ်းပေတည်း" သို့မဟုတ် "ဤအကြောင်းအရာကား ... ကောင်းကင်နှင့် မြေကြီး၏ သမိုင်းရာဇဝင်ပေတည်း။" အောက်ပါအတိုင်း အဓိပ္ပါယ် ဖွင့်ဆိုနိုင်သည်။ (၁) ကမ္ဘာဦးကျမ်း ၁:၁-၂:၃ တွင် ဖော်ပြထားသည့် ဖြစ်ရပ်များကို အကျဉ်းချုပ်ပေးလိုက်ခြင်းဖြစ်နိုင်သည် သို့မဟုတ် (၂) ကမ္ဘာဦးကျမ်း ၂ မှ ဖြစ်ရပ်များကို အဖွင့် မိတ်ဆက်ပေးလိုက်ခြင်းလည်း ဖြစ်နိုင်သည်။ မည်သို့ဖြင့် ပြန်ဆိုပါစေ၊ ကျမ်းစာ ဖတ်ရှုသူများ နားလည်နိုင်အောင် ပြန်ဆိုပေးရပါမည်။

ထာဝရအရှင်ဘုရားသခင် . . . ဖန်ဆင်းတော်မူသောနေ့
ထာဝရဘုရား ... ဖန်ဆင်းတော်မူသောနေ့။ "နေ့" ဟု ဆိုရာတွင် ဖန်ဆင်းခြင်းကာလ တလျှောက်လုံးကို ခြုံပြောလိုက်ခြင်းဖြစ်ပြီး၊ တစ်နေ့တာမျှ ညွှန်းခြင်းမဟုတ်။

ဖန်ဆင်းရာကာလ
ယာဝေး ဘုရား ဖန်ဆင်းခဲ့သည်။ အခန်းကြီး ၁ တွင် ကျမ်းပြုဆရာက ဘုရားသခင်ကို "ဘုရားသခင်" ဟုသာ ခေါ်ဝေါ်ခဲ့ရာ၊ အခန်းကြီး ၂ သို့ ရောက်သောအခါ "ထာဝရဘုရား" ဟုသာ သမုတ်လေသည်။

ထာဝရအရှင်ဘုရားသခင်
ဤ အမည်နာမသည် ဓမ္မဟောင်းကျမ်းတွင် လူမျိုးတော်တို့အား ဖွင့်ပြသည့် ဘုရားသခင်၏ နာမတော်ဖြစ်သည်။

မြေ၌ လယ်ယာပျိုးပင်မပေါက်မှီ
တိရစ္ဆာန်တို့ စားစရာဖို့ ပျိုးပင် မပေါက်မှီ

လယ်ယာ၌ စပါးပင်မကြီးပွားမှီ
တိရစ္ဆာန်နှင့် လူတို့ စားစရာဖို့ ဟင်းသီးဟင်းရွက်စသော အပင်များ မကြီးပွားမီ

မြေ၌လုပ်သော
အပင်များ ကောင်းမွန်စွာ ကြီးထွားနိုင်ရန် လိုအပ်သည်များကို လုပ်ဆောင်သော

အခိုးအငွေ့
ဖြစ်နိုင်ခြေအရှိဆုံးသော အဓိပ္ပါယ် ဖွင့်ဆိုချက်များမှာ (၁) ရေငွေ့မြူ သို့မဟုတ် (၂) မြေအောက် ရေပြင်မှ ထွက်သော အငွေ့

မြေတပြင်လုံး
တကမ္ဘာလုံး

## Genesis 2:7

လူကို ဖန်ဆင်း၍
လူကို ပုံသွင်း၍ သို့မဟုတ် "လူကို ပုံဖော်၍" သို့မဟုတ် "လူကို ဖန်ဆင်း၍"

လူ . . . လူ
သက်ရှိလူသား ... လူသား သို့မဟုတ် "လူပုဂ္ဂိုလ် ... လူပုဂ္ဂိုလ်" ယောကျ်ားဟု တိကျစွာ ဖော်ပြရန် မလိုပါ

သူ၏နှာခေါင်း
သူ၏ နှာပေါက်

ဇီဝအသက်
အသက်ကိုပေးသော ဇီဝလေ။ အထက်ပါ "ဇီဝ" ဟု ဆိုရာတွင် ခန္ဓာအသက်ကို ညွှန်း၏။

ဥယျာဉ်
သီးပင်များ ပေါက်သော ခြံဖြစ်နိုင်သကဲ့သို့ အပင်မျိုးပေါင်းစုံ ဝေဆာသော အရပ်ဒေသလည်း ဖြစ်နိုင်သည်။

အရှေ့မျက်နှာ
အရှေ့ဘက်

## Genesis 2:9

ဥယျာဉ်အလယ်၌
ဥယျာဉ်တော်၏ အလယ်၌။ သို့ရာတွင် အထက်ပါ အပင်နှစ်မျိုးလုံးသည် တစ်နေရာထဲတွင် ရှိသည်ဟု ဆိုလိုခြင်းမဟုတ်။

အသက်
"ထာဝရအသက်" သို့မဟုတ် "မသေသော အသက်" ကို ဆိုလိုသည်။

အသက်ပင်
အသက်ကိုပေးသော အပင်

ကောင်းမကောင်းကို သိကျွမ်းရာအပင်
"အကောင်းနှင့် အဆိုးကို ခွဲခြားသိမြင်စေသော အပင်" သို့မဟုတ် "အကောင်းနှင့် အဆိုးကို ခွဲခြားသတ်မှတ်စေနိုင်သော အပင်"

ကောင်း မကောင်း
အစွန်းရောက်ခြင်းနှင့် ကြားရှိ အခြေအနေအရပ်ရပ်ကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အကောင်းနှင့် အဆိုး အရာအားလုံး"

ထိုဥယျာဉ်ကို စိုစေလိုသောငှာ မြစ်တမြစ်သည် ဧဒင်အရပ်ထဲကစီးထွက်သဖြင့်
ဥယျာဉ်တော်သည် ဧဒင်အရပ်တွင် တည်ရှိသည်။ ဖော်ပြပါ မြစ်သည် ဧဒင်အရပ်ထဲမှ ထွက်ခွာ စီးဆင်းသည်။ "ထိုဥယျာဉ်ကို စိုစေလိုသောငှာ မြစ်တမြစ်သည် ဧဒင်အရပ်ကို ဖြတ်၍ စီးဆင်းသဖြင့်"

## Genesis 2:11

ဖိရုန်
သမ္မာကျမ်းစာတွင် ဖော်ပြပါ မြစ်အမည်ကို ဤကျမ်းပိုဒ်တွင်သာ တွေ့ရသည်။

ရွှေရှိသော

ဟာဝိလပြည်၏ အခြေအနေကို ဖော်ပြထားသည်။ အချို့သော ဘာသာစကားများတွင် ဤစာကြောင်းကို ခွဲတတ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဟာဝလိပြည်တွင် ရွှေရှိသည်"

ဟာဝိလပြည်နား တရှောက်လုံး

ဟာဝိလခေါ်သော ပြည်တရှောက်လုံး။ အရေဗျ သဲကန္တာရထဲတွင် တည်ရှိခဲ့သည်။

**Genesis 2:13**

ဗဒေလသစ်စေးနှင့် ရှဟံကျောက်လည်းရှိ၏

အခြားသော ဘာသာပြန်ဆိုချက်၊ "ဤအရပ်တွင် ဗဒေလသစ်စေးနှင့် ရှဟံကျောက်ကိုလည်း တွေ့နိုင်၏"

ဗဒေလသစ်စေး

ဤသစ်စေးမျိုးကို သစ်ပင်တစ်မျိုးမှရပြီး မွှေးရနံ့ထွက်သည်။ သစ်စေးဟူသည်မှာ အချို့သော အပင်များမှ ရရှိပြီး လောင်ကျွမ်းတတ်သည်။

ရှဟံကျောက်

ရှဟံကျောက်များ။ ရှဟံကျောက်မှာ လှပသော ကျောက်မြတ်တမျိုးဖြစ်သည်။

ဂိဟုန်

သမ္မာကျမ်းစာတွင် ဖော်ပြပါ မြစ်အမည်ကို ဤကျမ်းပိုဒ်တွင်သာ တွေ့ရသည်။

ကုရှပြည်နား တရှောက်လုံးကို စီးသွားလေ၏

တပြည်လုံးကို ဖုံးလွှမ်းသည် မဟုတ်ဘဲ၊ ထိုပြည်၏ ဒေသအများစုတွင် စီးဆင်းကြောင်းညွှန်းခြင်းဖြစ်၏။

ကုရှပြည်နား တရှောက်လုံး

ကုရှခေါ်သော ပြည်တရှောက်လုံး

အာရှုရိတိုင်း အရှေ့သို့ စီးသွားလေ၏

အာရှုရိခေါ် မြို့ပြ၏ အရှေ့သို့ စီးသွားလေ၏။ ဟိဒကေလ ခေါ် တိဂရိ မြစ်သည် မြောက်မှ တောင်သို့ စီးဆင်းသွား၏။ "အာရှုရိတိုင်း အရှေ့သို့ စီးသွားလေ၏" ဟူသော စာပိုဒ်က တိဂရိမြစ်၏ တည်နေရာကို ဖော်ပြလိုက်သည်။ အချို့သော ဘာသာစကားများတွင် စာကြောင်းကို ခွဲ၍ ပြန်ဆိုတတ်ကြသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အာရှုရိတိုင်း၏ အရှေ့ဘက်သို့ စီးသွားလေ၏"

**Genesis 2:15**

ဧဒင်ဥယျာဉ်

ဧဒင်အရပ်၌ ရှိခဲ့သော ဥယျာဉ်တော်

ပြုစု . . . စေခြင်းငှါ

စိုက်ပျိုး ... စေခြင်းငှါ။ အပင်များ ကောင်းမွန်စွာ ကြီးထွားနိုင်ရန် လိုအပ်သမျှကို ဆောင်ရွက်ရန် ညွှန်းဆိုခြင်းဖြစ်သည်။

စောင့်ရှောက်စေခြင်းငှါ

အန္တရာယ် အမျိုးမျိုးမှ ကွယ်ကာ စောင့်ရှောက်စေခြင်းငှါ

ထိုဥယျာဉ်၌ ရှိသမျှသော အပင်တို့၏အသီး

ထိုဥယျာဉ်ရှိ အပင်အားလုံး၏ အသီး

သင်သည်

ပုဂ္ဂလနာမ်စား ဖြစ်သည်။

စားရသောအခွင့်ရှိ၏

အတားအဆီးမရှိ စားခွင့်ရှိ၏

ကောင်းမကောင်းကို သိကျွမ်းရာအပင် . . . ၏ အသီးကိုကား မစားရ

ဤကျမ်းပိုဒ်မှာ အငယ် ၁၅ ရှိ "ထိုဥယျာဉ်၌ ရှိသမျှသော အပင်တို့၏အသီးကို သင်သည် စားရသောအခွင့်ရှိ၏" ဟူသော အမိန့်စကားကို ပြည့်စုံစေသည်။ UST မူပြန်ကျမ်းကဲ့သို့ အချို့သော ဘာသာစကားများတွင်၊ တားမြစ်ထားသည့်အရာကို ဦးစွာဖော်ပြပြီးမှ ခွင့်ပြုသောအရာကို ဖော်ပြတတ်သည်။

ကောင်းမကောင်းကို သိကျွမ်းရာအပင်

အကောင်းနှင့်အဆိုးကို နားလည်သိကျွမ်းစေသောအပင် သို့မဟုတ် "ကောင်းမကောင်း သိကျွမ်းရာအသီးကို သီးသောအပင်။" ကမ္ဘာဦးကျမ်း ၂:၉ မှ ပြန်ဆိုချက်ကို ရှု။

မစားရ

စားခြင်းမှ ငါတားမြစ်၏ သို့မဟုတ် "စားရသောအခွင့်မရှိ"

**Genesis 2:18**

သူနှင့်တော်သော အထောက်အမကို သူ့ဘို့ငါလုပ်ဦးမည်

သူနှင့်တော်သော အထောက်အမကို ငါလုပ်ဦးမည်

မြေတိရစ္ဆာန်တို့နှင့်၊ မိုဃ်းကောင်းကင်ငှက်အပေါင်းတို့

"မြေ" နှင့် "မိုဃ်းကောင်းကင်" ဟူသော ဝေါဟာရများက တိရစ္ဆာန်နှင့် ငှက်တို့၏ နေရာအရပ်ကို ညွှန်းလေသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တိရစ္ဆာန်တို့နှင့်၊ ငှက်အပေါင်းတို့"

သားယဉ်အပေါင်းတို့

ခြံမွေးတိရစ္ဆာန်အပေါင်းတို့

လူနှင့်တော်သော အထောက်အမ မပေါ်မရှိသေး

ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လူနှင့်တော်သော အထောက်အမ မတွေ့ရသေး"

**Genesis 2:21**

လူကို ကြီးသောအိပ်ခြင်းဖြင့် အိပ်စေတော်မူ၍

လူကို ကြီးမားစွာ အိပ်မောကျစေ၍

အသား

အရေပြားနှင့် ကြွက်သားစသော ကိုယ်ခန္ဓာ၏ နူးနယ်သော အစိတ်အပိုင်းကို ညွှန်းသည်။

နံရိုးဖြင့် လူမိန်းမကိုဖန်ဆင်း၍

နံရိုးမှ လူမိန်းမကို ဖန်ဆင်း၍ ...။ နံရိုးသည် လူမိန်းမကို ဖန်ဆင်းရာ၌ အသုံးပြုသော ဝတ္ထုပစ္စည်း ဖြစ်သည်။

ယခု ဤသူသည်ငါ့အရိုးထဲကအရိုး၊ ငါ့အသားထဲက အသားဖြစ်၏

နောက်ဆုံး၌၊ ဤသူ၏ အရိုးသည် ငါ့အရိုးနှင့်လည်းကောင်း၊ အသားသည် ငါ့အသားနှင့်လည်းကောင်း တူ၏။ တိရစ္ဆာန်အပေါင်းတို့အနက် မိမိနှင့်တော်သော အထောက်အမကို ရှာလျက် မတွေ့သည့်နောက်ဆုံး၊ မိမိနှင့်တူ၍ အထောက်အမဖြစ်နိုင်မည့် နောက်လူကို တွေ့ခဲ့သည်။

စိတ်သက်သာမှုနှင့် ဝမ်းသာမှုကို ဖော်ပြရန် အထက်ပါအတိုင်း ပြောဆိုခြင်း ဖြစ်ပေမည်။

လူထဲက ထုတ်သောကြောင့် သူ့ကိုလူမိန်းမဟု ခေါ်ဝေါ်အပ်သည်ဟု ဆိုလေ၏
"ဟေဗြဲဝေါဟာရတွင် 'လူမိန်းမ' နှင့် 'လူယောကျ်ား' မှာ အသံထွက်ချင်း နီးစပ်သည်" ဟု ဘာသာပြန်သူမှ မှတ်ချက်ချ ရေးသားသင့်သည်။

**Genesis 2:24**

ယေဘုယျ အချက်အလက်
ကျမ်းပြုဆရာမှ ထည့်သွင်းထားသော စာပိုဒ်ဖြစ်သည်။ အထက်ပါ လူယောကျ်ား ပြောသော စကားမဟုတ်။

ထို့အကြောင်းကြောင့် ယောကျ်ားသည်
ထို့ကြောင့် ယောကျ်ားသည်

ယောကျ်ားသည် ကိုယ်မိဘကို စွန့်၍
ယောကျ်ားသည် ကိုယ်မိဘအိမ်ကို စွန့်၍

ထိုသူတို့သည် တသားတကိုယ်တည်း ဖြစ်ရလိမ့်မည်
လင်နှင့်မယား ဆက်ဆံသည်ကို တသားတကိုယ်တည်း ဖြစ်သကဲ့သို့ ဖော်ပြထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မတူသော ကိုယ်နှစ်ခုသည် တသားတကိုယ်တည်း ဖြစ်ရလိမ့်မည်"

ထိုသူလင်မယားနှစ်ဦးတို့သည် အဝတ်မဝတ်ဘဲ နေ၍
"ထိုသူလင်မယားနှစ်ဦး" ဆိုရာတွင် ဘုရားသခင် ဖန်ဆင်းတော်မူသော လူယောကျ်ားနှင့် လူမိန်းမတို့ကို ညွှန်း၏။

အဝတ်မဝတ်ဘဲ
ကိုယ်လုံး ဗလာ

ရှက်ကြောက်ခြင်းနှင့်ကင်းလွတ်ကြ၏
ရှက်ကြောက်စရာ အကြောင်းမရှိ


generated on Fri Sep 22 10:08:29 2023

## Chapter 3

1 မြွေသည် ထာဝရအရှင်ဘုရားသခင် ဖန်ဆင်းတော်မူသော မြေတိရစ္ဆာန်သကာတို့ထက် လိမ္မာသည် ဖြစ်၍၊ မိန်းမအား သင်တို့သည်
ဥယျာဉ်၌ရှိသမျှသောအပင်တို့၏ အသီးကိုမစားရဟု ဧကန်စင်စစ် ဘုရား သခင်မိန့်တော်မူသလောဟု မေး၏။ 2 မိန်းမကလည်း၊
ငါတို့သည် ဥယျာဉ်ရှိသော အပင်တို့၏ အသီးကိုစားရသော အခွင့်ရှိ၏။ 3 ဥယျာဉ်အလယ်၌ရှိသော အပင်၏အသီးကိုကား၊
သင်တို့သည် မကိုင်မစားပဲ နေကြလော့၊ သို့မဟုတ် သေမည်ဟု ဘုရားသခင် အမိန့်တော်ရှိသည်ဟု မြွေအားဆို၏။ 4 မြွေကလည်း
သင်တို့သည် ဧကန်အမှန် သေရမည်မဟုတ်၊ 5 အကြောင်းမူကား၊ ထိုအသီးကိုစားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်းလျက်
ကောင်းမကောင်းကို သိ၍၊ ဘုရားသခင်ကဲ့သို့ ဖြစ်ကြ လတံ့သည်ကို၊ ဘုရားသခင်သိတော်မူသည်ဟု မိန်းမအားဆို၏။ 6
ထိုအပင်သည် စားဘွယ်ကောင်းခြင်း၊ အဆင်းလည်းလှခြင်း၊ ပညာတိုးပွားစေလိုသော၄၊ နှစ်သက် ဖွယ်သော အပင်ဖြစ်ခြင်းကို
မိန်းမသည် မြင်လျှင်၊ အသီးကို ယူ၍စား၏။ မိမိခင်ပွန်းအားလည်း ပေး၍ သူသည်လည်း စား၏။ 7 ထိုသူနှစ်ယောက်တို့သည်
မျက်စိပွင့်လင်း၍ မိမိတို့၌ အဝတ်အချည်းစည်းရှိသည်ကို သိမြင်လျှင်၊ မိမိတို့ ဝတ်ရန်ဖို့ သင်္ဘောသဖန်းပင်အရွက်တို့ကို ချုပ်စပ်၍
ခါးစည်းကိုလုပ်ကြ၏။ 8 နေဧသောအချိန်တွင်၊ ထိုဥယျာဉ်၌ ထာဝရအရှင်ဘုရားသခင် ကြွတော်မူသောအသံကို လုလင်မယားတို့သည်
ကြားလျှင်၊ အထံတော်မှ လွတ်ခြင်း၄၊ ဥယျာဉ်အပင် တို့တွင် ပုန်းကွယ်လျက် နေကြ၏။ 9 ထာဝရအရှင် ဘုရားသခင်ကလည်း၊
သင်သည် အဘယ်မှာရှိသနည်းဟု၊ လူကိုခေါ်တော်မူ၏။ 10 လူကလည်း ဥယျာဉ်၌ကိုယ်တော်၏ အသံကို ကျွန်တော်ကြားလျှင်၊
အဝတ်အချည်းစည်းရှိသောကြောင့်၊ ကြောက်၍ပုန်းလျက်နေပါသည်ဟု လျှောက်လေ၏။ 11 ဘုရားသခင်ကလည်း၊ သင်၌
အဝတ်အချည်းစည်းရှိသည်ကို သင်အားအဘယ်သူပြောသနည်း။ မစားရဟု ငါပညတ်သော အပင်၏အသီးကို စားပြီလောဟု
မေးတော်မူ၏။ 12 လူကလည်း ကျွန်တော်၌ အပ်ပေးတော်မူသော မိန်းမသည် ထိုအပင်၏အသီးကိုပေး၍ ကျွန်တော်စားမိပါသည်ဟု
လျှောက်လေ၏။ 13 ထာဝရအရှင်ဘုရားသခင်ကလည်း၊ သင်သည် အဘယ်သို့ပြုပြီးသနည်းဟု မိန်းမအားမေးတော်မူလျှင်၊ မိန်းမက
မြွေသည် ကျွန်တော်မကို လှည့်စား၍၊ ကျွန်တော်မသည်စားမိပါပြီဟု လျှောက်လေ၏။ 14 ထာဝရအရှင်ဘုရားသခင်သည်
မြွေကိုခေါ်၍ သင်သည် ဤအမှုကို ပြုသောကြောင့် သားယဉ်သားရဲ အပေါင်းတို့ထက် ကျိန်ခြင်းကို ခံရ၏။ သင်သည် ဝမ်းဖြင့် သွား၍
မြေမှုန့်ကို တသက်လုံးစားရမည်။ 15 သင်နှင့်မိန်းမကိုငင်း၊ သင်၏အမျိုးအနွယ်နှင့် မိန်းမ၏ အမျိုးအနွယ်ကိုငင်း၊
ငါသည်ရန်ငြိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကို ကြိတ်လိမ့်မည်၊ သင်သည် သူ၏ဖနောင့်ကို ကြိတ်လိမ့်မည်ဟု မိန့်တော်မူ၏။ 16
မိန်းမကိုလည်း၊ သင်၌ကိုယ်ဝန်ဆောင်ခြင်း ဝေဒနာကို ငါအလွန်များပြားစေရမည်။ ပင်ပန်းစွာ ဝေဒနာကို ခံ၍သားဘွားရမည်။
ကိုယ်ခင်ပွန်း၏ အလိုသို့လိုက်၍ သူ၏အုပ်စိုးခြင်းကိုလည်း ခံရမည်ဟု မိန့် တော်မူ၏။ 17 ယောကျ်ားကိုလည်း၊ ထိုအပင်၏အသီးကို
မစားရဟု ငါပညတ်သော်လည်း၊ သင်သည်မယား၏ စကားကိုနားထောင်၍ စားမိသောကြောင့်၊ မြေသည် သင်၏အတွက် ကျိန်ခြင်းကို
ခံလျက်ရှိ၏။ မြေ၏အသီးကို တသက်ပတ်လုံးပင်ပန်းစွာ စားရမည်။ 18 ဆူးပင်အမျိုးမျိုးတို့ကိုလည်း သင်အဖို့ မြေပေါက်စေမည်။
လယ်၌ဖြစ်သော ဟင်းသီးဟင်းရွက်တို့ကို သင် စားရမည်။ 19 သင်ထွက်ရာမြေသို့မပြန်မှီတိုင်အောင်၊ သင်၏
မျက်နှာမှချွေးထွက်လျက် အစာကိုစားရမည်။ အကြောင်းမူကား၊ သင်သည် မြေမှုန့်ဖြစ်၍ မြေမှုန့်သို့ ပြန်ရမည်ဟု မိန့်တော်မူ၏။ 20
ထိုအခါလူသည် မိမိမယားကို ဧဝအမည်ဖြင့် မှည့်လေ၏။ အကြောင်းမူကား၊ သူသည် အသက်ရှင် သော သူအပေါင်းတို့၏
အမိဖြစ်သတည်း။ 21 ထာဝရအရှင် ဘုရားသခင်သည်လည်း လူလင် မယားတို့ သားရေဖြင့် ပတ်လုံကိုလုပ်၍ ဝတ်ခြုံစေတော် မူ၏။
22 ထာဝရအရှင်ဘုရားသခင်ကလည်း၊ လူသည် ငါတို့တွင် တပါးပါးကဲ့သို့ဖြစ်၍၊ ကောင်းမကောင်း သိတတ်၏။ ယခုမှာ သူသည်
ထာဝရအသက်ကို ရခြင်း၄၊ လက်ကိုဆန့်လျက် အသက်ပင်၏အသီးကို ယူ၍ မစားသင့်ဟု မိန့်တော်မူ၏။ 23 လူသည် မိမိထွက်သော
မြေ၌ လုပ်ရမည်အကြောင်း၊ ထာဝရအရှင်ဘုရားသခင်သည် ဧဒင် ဥယျာဉ်ထဲက လွှတ်လိုက်တော်မူ၏။ 24 ထိုသို့လူကို
နှင်ထုတ်ပြီးလျှင်၊ အသက်ပင်လမ်းကို စောင့်ရှောက်စေခြင်း၄၊ မီးစင်လက်နက်နှင့်တကွ ခေရုဗိမ်တို့ကို ဥယျာဉ်အရှေ့ဘက်၌
ထားတော်မူ၏။

---

### Genesis 3:1

. . . ထက် လိမ္မာသည်
... ထက် လည်သည် သို့မဟုတ် " ... ထက် တမ်းတသောအရာကို လိမ်လည်ခြင်းဖြင့် ရတတ်သည်"

သင်တို့သည် ဥယျာဉ်၌ . . . ဟု ဧကန်စင်စစ် ဘုရားသခင် မိန့်တော်မူသလော
ဤပြည်တ်ချက်ကို ထားတော်မူသည်အတွက် အံ့သြသကဲ့သို့ ဟန်ဆောင်နေသည်။ ဤအမေးစကားကို သာမန်ဝါကျ အဖြစ်သို့ ပြောင်းလဲ ပြန်ဆို၍ရသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့သည် ဥယျာဉ်၌ ... ဟု ဘုရားသခင် မိန့်တော်မူသည်ကို ကျွန်ုပ် အံ့သြခြင်းရှိ၏။"

သင်တို့သည် . . . မစားရ
"သင်တို့" ဟု ဆိုရာတွင် လူယောကျ်ားနှင့် လူမိန်းမကို ညွှန်း၏။

ငါတို့သည် . . . စားရသော အခွင့်ရှိ၏
"ငါတို့သည် ... စားရန် ခွင့်ပြုတော်မူ၏" သို့မဟုတ် "ငါတို့သည် ... စားရ၏"

ဥယျာဉ်အလယ်၌ . . . အသီးကိုကား၊ သင်တို့သည် မကိုင်မစားပဲ နေကြလော့၊ သို့မဟုတ် သေမည်
အပိုဒ်ငယ် ၂ တွင် "ငါတို့သည် ... စားရသော အခွင့်ရှိ၏" ဟု စတင်ခဲ့သော ဘုရားသခင်၏ ပညတ်ချက်ကို အထက်ပါ ကျမ်းပိုဒ်က အဆုံးသတ်ပေး၏။ ဧဝက ဘုရားသခင် ခွင့်ပြုသောအရာကို ဦးစွာ ဖော်ပြပြီး နောက်တွင် တားမြစ်သည့်အရာကို ဖော်ပြသည်။ UST မှ စသော အချို့ ဘာသာစကားများတွင် တားမြစ်သည့်အရာကို ဖော်ပြပြီးမှ ခွင့်ပြုသည့်အရာကို ဖော်ပြတတ်ကြသည်။

သင်တို့သည် မ ... မ ... ပဲ နေကြလော့၊ . . . သေမည်
"သင်တို့" ဟု ဆိုရာတွင် လူယောကျ်ားနှင့် လူမိန်းမကို ညွှန်း၏။

သင်တို့သည် ... မစားပဲ နေကြလော့
သင်တို့သည် ... မစားရ

သင်တို့သည် မကိုင် ... ပဲ နေကြလော့
သင်တို့သည် မကိုင် ... ရ

## Genesis 3:4

သင်တို့သည် . . . သေရမည်မဟုတ်
လူယောကျ်ားနှင့် လူမိန်းမကို ညွှန်း၏။

အကြောင်းမူကား၊ . . . သင်တို့သည်
လူယောကျ်ားနှင့် လူမိန်းမကို ညွှန်း၏။

သင်တို့သည် မျက်စိပွင့်လင်းလျက်
သင်တို့၏ မျက်စိများ ပွင့်လင်းလျက် ...။ "အမြင်ပွင့်မည်" သို့မဟုတ် "အသစ်သောအရာကို သိမြင်တတ်မည်" ဟု ဆိုလိုခြင်း ဖြစ်သည်။ နားလည်လွယ်အောင် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့၏ မျက်စိများ ပွင့်သကဲ့သို့ ဖြစ်လျှက်"

ကောင်းမကောင်းကို သိ၍
"ကောင်း မကောင်း" ဟု ဆိုရာတွင် အစွန်းထွက်ခြင်းနှင့် ကြားရှိ အခြေအနေအရပ်ရပ်ကို ညွှန်းသည်။ [ကမ္ဘာဦးကျမ်း ၂:၉]

အဆင်းလည်းလှခြင်း
တပ်မက်ဖွယ်ကောင်းခြင်း သို့မဟုတ် "ကြည့်၍ လှခြင်း" သို့မဟုတ် "အလွန်လှပခြင်း"

ပညာတိုးပွားစေလိုသောငှါ၊ နှစ်သက် ဖွယ်သော အပင်ဖြစ်ခြင်း
ပညာတိုးပွားရန် လိုလားဖွယ်သော အပင်ဖြစ်ခြင်း သို့မဟုတ် "ဘုရားသခင်ကဲ့သို့ ကောင်းမကောင်းကို သိကျွမ်းစေသော အပင်ဖြစ်ခြင်း"

## Genesis 3:7

ထိုသူနှစ်ယောက်တို့သည် မျက်စိပွင့်လင်း၍
ထိုသူနှစ်ယောက်တို့၏ မျက်စိများ ပွင့်လင်း၍ သို့မဟုတ် "အမြင်ပွင့်လင်း၍" သို့မဟုတ် "အသိအမြင်ရ၍။" ကမ္ဘာဦးကျမ်း ၃:၅ ရှိ "သင်တို့သည် မျက်စိပွင့်လင်း၍" မှ ပြန်ဆိုချက်ကို ရှု။

မိမိတို့ ဝတ်ရန်ဖို့ . . . ခါးစည်းကိုလုပ်ကြ၏
အရှက်ရသည့်အတွက် ထိုသို့ ပြုခဲ့သည်။ UST မူပြန်ကျမ်းမှာကဲ့သို့ လိုအပ်ပါက ထည့်သွင်း ထုတ်ပယ် နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရှက်ကြောက်ခြင်းရှိသဖြင့် ... မိမိတို့အဖို့ ဝတ်ဆင်ကြ၏"

သင်္ဘောသဖန်းပင်အရွက်
သင်္ဘောသဖန်းပင်အရွက်ကို နားလည်ရခက်ခဲလျှင်၊ "သင်္ဘောသဖန်းပင်၏ အရွက်" သို့မဟုတ် "ကြီးမားသောအရွက်"

ချုပ်စပ်၍
နွယ်ပင်ကဲ့သို့သော အရာကို ချည်ကြိုးအဖြစ် ချုပ်စပ်၍

နေဧသောအချိန်
ညနေဆောင်း လေအေးတိုက်ချိန်

ထာဝရအရှင်ဘုရားသခင် . . အထံတော်မှ လွတ်ခြင်းငှါ
ထာဝရဘုရားသခင် ... မျက်မှောက်တော်မှ လွတ်ခြင်းငှါ သို့မဟုတ် "ထာဝရဘုရားသခင် ... မမြင်စေခြင်းငှါ" သို့မဟုတ် "ထာဝရဘုရားသခင် ... အထံတော်မှ လွတ်ခြင်းငှါ"

## Genesis 3:9

သင်သည် အဘယ်မှာရှိသနည်း
သင်သည် အဘယ့်ကြောင့် ပုန်းရန် ကြိုးစားသနည်း။ လူယောကျ်ား ပုန်းသည့်နေရာကို ဘုရားသခင် သိခဲ့သည်။ ထို့ကြောင့် လူယောကျ်ားက မိမိပုန်းသည့်နေရာ လျှောက်တင်ခြင်းမပြုဘဲ ပုန်းရသည့်အကြောင်းကို လျှောက်တင်ခဲ့သည်။

သင်သည်
အပိုဒ်ငယ် ၉ နှင့် ၁၁ တွင် ဘုရားသခင်သည် လူယောကျ်ား တစ်ဦးတည်းကို မိန့်တော်မူခဲ့သည်။ ဘာသာပြန်ဆိုသောအခါ သတိပြုရန် ဖြစ်သည်။

ကိုယ်တော်၏ အသံကို ကျွန်တော်ကြားလျှင်
ကိုယ်တော် ကြွလာသောအသံကို ကျွန်တော်ကြားလျှင်

သင်အားအဘယ်သူပြောသနည်း
ဘုရားသခင်က အကြောင်းရင်းကို သိနှင့်ပြီးဖြစ်သည်။ သို့သော် အာဒံ၏ နှုတ်ဖြင့် မိမိပြုခဲ့သောအပြစ်ကို ဝန်ခံ၍ တောင်းပန်စေလိုသောကြောင့် မေးခဲ့ခြင်းဖြစ်သည်။

. . . ကို စားပြီလော
မည်သို့ ဖြစ်ခဲ့သည်ကို သခင်ဘုရား သိနှင့်ပြီး ဖြစ်သည်။ အာဒံ စားသုံးကြောင်း စွတ်စွဲသော ပုံစံဖြင့် ပြန်ဆိုရန်ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "... ကို စားခဲ့ပြီတကား။"

## Genesis 3:12

သင်သည် အဘယ်သို့ပြုပြီးသနည်း
လူမိန်းမသည် ပြုပြီးကြောင်းကို ဘုရားသခင် သိသည်။ ဤသို့ မေးခွန်းမေးခြင်းဖြင့် လူမိန်းမ၏ တုန့်ပြန်မှုကိုလည်းကောင်း၊ သူမ လုပ်ခဲ့ပြီးသည့်အတွက် မကျေနပ်သည့် မေးခွန်းဖြစ်သည်။ ဘာသာစကားတိုင်းတွင် ထိုသို့သော ဆဲဆိုသည့် စကား မျိုးစုံရှိနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်သည် အလွန်စက်ဆုပ်ရွံရှာဖွယ်သော အမှုကို ပြုခဲ့ပြီ"

## Genesis 3:14

. . . တို့ထက် ကျိန်ခြင်းကို ခံရ၏
... တို့အနက် ကျိန်ခြင်းကို ခံရ၏။ ဟေဗြဲကျမ်းတွင် တိရစ္ဆာန်အပေါင်းတို့အပေါ် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာနှင့် မြွေတို့ခံရသော ကျိန်ခြင်းအမင်္ဂလာတို့၏ ခြားနားချက်ကို သိသာစေရန် "ကျိန်ခြင်း" ကို ရှေ့တွင် တင်ထား၏။ "ကျိန်ခြင်းနိယာမ" သို့မဟုတ် ကျိန်ခြင်းကိုဖော်ပြသော နည်းလမ်း ဟုခေါ်သည်။ ဘုရားသခင်သည် ထိုအမိန့်စကားဖြင့်၊ ကျိန်ခြင်းကို ဖြစ်စေ၏။

သားယဉ်သားရဲအပေါင်း
ခြိမွေးတိရစ္ဆာန်မှအစ တောရိုင်းတိရစ္ဆာန်များ အားလုံး


generated on Fri Sep 22 10:08:29 2023

သင်သည် ဝမ်းဖြင့် သွား၍
သင်၏ ဝမ်းဖြင့် သွား၍ ...။ တိရစ္ဆာန်အပေါင်းတို့၏ ခြေချောင်းများဖြင့် သွားရပုံနှင့် ဝမ်းဖြင့် တွားသွားမည့် မြွေတို့၏ ခြားနားချက်ကို သိသာစေရန် "သင်၏ ဝမ်းဖြင့်" စကားစုကို ရှေ့သို့ တင်လိုက်ခြင်းဖြစ်သည်။ ကျိန်ခြင်းနိယာမ၏ အစိတ်အပိုင်းဖြစ်သည်။

မြေမှုန့်ကို . . . စားရမည်
တိရစ္ဆာန်အပေါင်းတို့ စားရမည့် မြေအထက်ရှိ အပင်များနှင့် မြွေတို့ စားရမည့် မြေပေါ်ရှိ အစာညစ်တို့၏ ခြားနားချက်ကို သိသာစေရန် "မြေမှုန့်" စကားစုကို ရှေ့သို့ တင်လိုက်ခြင်းဖြစ်သည်။ ကျိန်ခြင်းနိယာမ၏ အစိတ်အပိုင်းဖြစ်သည်။

သင်နှင့်မိန်းမကို . . . ငါသည် ရန်ငြိုးဖွဲ့စေမည်
မြွေနှင့် လူမိန်းမတို့ ရန်ဘက်ဖြစ်မည်ဟု ဆိုလိုခြင်းဖြစ်သည်။

အမျိုးအနွယ်
"အမျိုးအနွယ်" ဟူသည်မှာ မိန်းမ၏ အထဲသို့ လင်ယောကျာ်းထည့်သည့် အရာကို ဆိုလိုသည်။ "ကိုယ်ဝန်" နှင့် တူသည်။ တစ်ဦးထက်လည်း ပိုနိုင်သည်။ အနည်းကိန်းဖြစ်သော်လည်း အများကို ခြုံငုံပေးနိုင်မည့် စကားလုံးဖြင့် ပြန်ဆိုပါ။

သူသည် . . . သူ၏ ဖနောင့်
ဤကျမ်းပိုဒ်ရှိ "သူ" နှင့် "သူ၏" ဟူသည်မှာ မိန်းမအနွယ်ကို ဆိုလိုသည်။ "အမျိုးအနွယ်" ကို အများကိန်းအဖြစ် ပြန်ဆိုခဲ့ပါလျှင်၊ "သူတို့သည် ... သူတို့၏ ဖနောင့်" ဟု ပြန်ဆိုရပါမည်။ ထိုသို့ဖြစ်လျှင်၊ "သူတို့" နှင့် "သူတို့၏" စကားစုများ အောက်တွင် အနည်းကိန်းမှ ပြန်ဆိုထားကြောင်း မှတ်ချက်ရေးရန် ဂရုပြုရမည်။

ကြိတ်လိမ့်မည်
နင်းခြေ သို့မဟုတ် "ဖျက်" သို့မဟုတ် "တိုက်"

**Genesis 3:16**

သင်၌ . . . ဝေဒနာကို ငါအလွန်များပြားစေရမည်
သင်၏ ... ဝေဒနာကို ပို၍တိုးပွားစေမည် သို့မဟုတ် "သင်၏ ... ဝေဒနာကို အဆမတန် ပြင်းထန်စေမည်"

ကိုယ်ဝန်ဆောင်ခြင်း
"ကလေးမွေးဖွားခြင်း" သို့မဟုတ် "သင်သည် ကလေးမွေးလာသည့်အခါ"

ကိုယ်ခင်ပွန်း၏ အလိုသို့လိုက်၍
ကိုယ်ခင်ပွန်းကို အလွန် အလိုရှိ၍။ ဖြစ်နိုင်ခြေ အဓိပ္ပါယ်များမှာ (၁) "ကိုယ်ခင်ပွန်းနှင့်အတူ နေရန် ပိုပြီး အလိုရှိ၍" သို့မဟုတ် (၂) "ကိုယ်ခင်ပွန်းကို မိမိ အလိုအလိုက် ထိန်းချုပ်လို၍"

သူ၏အုပ်စိုးခြင်းကိုလည်း ခံရမည်
"သူသည် သင့်သခင် ဖြစ်လိမ့်မည်" သို့မဟုတ် "သူသည် သင့်ကို ထိန်းချုပ်လိမ့်မည်"

**Genesis 3:17**

ထိုအပင်၏အသီးကို မစားရ
ထိုအပင်၏အသီးကို စားခွင့်မရှိ

သင်သည် မယား၏ စကားကိုနားထောင်၍
အီဒီယမ်စကားဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်သည် မယား၏ စကားကို နာခံ၍"

စားမိသောကြောင့်
သူတို့သည် စားမိကြောင်းကို ဖော်ပြခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သစ်ပင်မှ အသီးကို စားသောကြောင့်" သို့မဟုတ် "သစ်ပင်မှ အသီး တစ်ချို့ကို စားခဲ့သောကြောင့်"

မြေသည် သင်၏အတွက် ကျိန်ခြင်းကို ခံလျက်
"ကျိန်ခြင်း" သည် မြေအတွက်ဖြစ်ပြီး ကောင်းသည့် မြေဆီဖြစ်လင့်ကစား ယခုတွင် ဘုရားသခင်၏ ကျိန်ခြင်းကို မိနေပြီ။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါသည် မြေကို ကျိန်ဆဲပြီ"

ပင်ပန်းစွာ
မောပန်းစွာ

လယ်၌ဖြစ်သော . . . ကို စားရမည်
အခြားသော ဘာသာပြန်ဆိုချက်၊ "လယ်မှ ဖြစ်သော ... ကို စားရမည်"

လယ်၌ဖြစ်သော ဟင်းသီးဟင်းရွက်
ဖြစ်နိုင်ခြေရှိသော အဓိပ္ပါယ်များမှာ (၁) "လယ်၌ သင်လုပ်သော ဟင်းသီးဟင်းရွက်" သို့မဟုတ် (၂) "လယ်မှ ဖြစ်သော ဟင်းသီးဟင်းရွက်"

သင်၏ မျက်နှာမှချွေးထွက်လျက်
သင်၏ မျက်နှာမှ ချွေးထွက်သည်ထိ အလုပ်လုပ်လျက်

အစာကို စားရမည်
"အစာ" ကို မူရင်းကျမ်း၌ "မုန့်" ဟု ဖော်ပြထားရာ အစားအစာကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မုန့်ကို စားရမည်"

သင်ထွက်ရာမြေသို့မပြန်မီတိုင်အောင်
သင် သေ၍ မြေထဲသို့ မရောက်မီတိုင်အောင် ...။ အချို့ ယဉ်ကျေးမှုတွင်၊ သေဆုံးသောသူ၏ ကိုယ်ကို မြေတူးလျက် မြှုပ်ပေးရသည်။ သို့လျှင်၊ လူသည် မြေသို့ မပြန်မီတိုင် အလုပ်ပြီးမည်မဟုတ်။

သင်သည် မြေမှုန့်ဖြစ်၍ မြေမှုန့်သို့ပြန်ရမည်
သင့်ကို မြေမှုန့်မှလုပ်သည့်အတိုင်း မြေမှုန့်ဖြစ်ရမည်။ လူ၏ အစနှင့် အဆုံး တူညီကြောင်း ဖော်ပြနိုင်ရန် "မြေမှုန့်" ဝေါဟာရကို အညီအမျှ ပြန်ဆိုပေးရမည်။

**Genesis 3:20**

လူ
တချို့ ဘာသာပြန်ကျမ်းထဲတွင် "အာဒံ" ဟု ပြန်သည်။

မိမိမယားကို ဧဝအမည်ဖြင့် မှည့်လေ၏
မိမိမယားကို ဧဝဟု ခေါ်၏ သို့မဟုတ် "မိမိမယားကို ဧဝမှည့်၏"

ဧဝ
ဘာသာပြန်သူများ အနေဖြင့် "ဧဝ အမည်သည် 'အသက်ရှင်' ဟူသော ဟေဗြဲစကားနှင့် အသံတူသည်" ဟု မှတ်ချက်ပြုနိုင်သည်။


generated on Fri Sep 22 10:08:29 2023

အသက်ရှင်သောသူအပေါင်းတို့
"အသက်ရှင်သောသူ" ဟူသည်မှာ လူကို ညွှန်း၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "လူအပေါင်းတို့" သို့မဟုတ် "အသက်ရှင်သောလူ အပေါင်းတို့"

သားရေဝတ်လုံ
တိရစ္ဆာန်၏ အသားမှ ရက်လုပ်သော အဝတ်

**Genesis 3:22**

လူ
ဖြစ်နိုင်ခြေရှိသော အဓိပ္ပါယ်များမှာ (၁) လူယောကျာ်းဟူသော လူတစ်ဦးတည်းကို ညွှန်းဆိုခြင်းဖြစ်၏၊ သို့မဟုတ် (၂) လူသားများဖြစ်သော လူယောကျာ်းနှင့် လူမိန်းမကို ညွှန်းဆိုခြင်းလည်း ဖြစ်နိုင်သည်။ ဘုရားသခင်က တစ်ဦးတည်းအကြောင်းကို ပြောသောအခါ၊ နှစ်ဦးစလုံးကို ညွှန်းလိုက်ခြင်း ဖြစ်သည်။

ငါတို့တွင် တပါးပါးကဲ့သို့ဖြစ်၍
ငါတို့ကဲ့သို့ဖြစ်၍ ...။ "ငါတို့" ဟူသည်မှာ အများကိန်းဖြစ်သည်။ ကမ္ဘာဦးကျမ်း ၁:၂၆ ရှိ "ငါတို့ . . . ဖန်ဆင်းကြစို့" ပြန်ဆိုချက်ကို ရှု။

ကောင်းမကောင်း သိတတ်၏
အစွန်းထွက်ခြင်းနှင့် ကြားရှိ အခြေအနေအရပ်ရပ်ကို ညွှန်းသည်။ [ကမ္ဘာဦးကျမ်း ၂:၉]

အသက်ပင်
အသက်ကိုပေးသော အပင်။ ကမ္ဘာဦးကျမ်း ၂:၉ မှ ပြန်ဆိုချက်ကို ရှု။

. . . ယူ၍ မစားသင့်
အခြားသော ဘာသာပြန်ဆိုချက်၊ "ယူရန် ခွင့်မပြုနိုင်"

မိမိထွက်သောမြေ
မိမိဖြစ်လာသောမြေ။ ဘုရားသခင်က လူကို ဖန်ဆင်းခဲ့သော နေရာ အတိအကျကို ညွှန်းဆိုခြင်းမဟုတ်။

မြေ၌ လုပ်ရမည်
အပင်များ ကောင်းမွန်စွာ ကြီးထွားနိုင်ရန် လိုအပ်သည်များကို လုပ်ဆောင်ရမည်။ ကမ္ဘာဦးကျမ်း ၂:၅ မှ ပြန်ဆိုချက်ကို ရှု။

ထိုသို့လူကို နှင်ထုတ်ပြီးလျှင်
ထိုသို့လူသည် ဥယျာဉ်မှ ထွက်သွားပြီးလျှင်။ "ထာဝရအရှင်ဘုရားသခင်သည် ဒေဝဥယျာဉ်ထဲက လွှတ်လိုက်တော်မူ၏" ဟူသော ကမ္ဘာဦးကျမ်း ၃:၂၃ မှ ဖြစ်ရပ်ကို ညွှန်းဆိုသည်။

အသက်ပင်လမ်းကို စောင့်ရှောက်စေခြင်းငှါ
အသက်ပင်ရှိရာသို့ လူတို့ မသွားစေခြင်းငှါ

မီးစင်လက်နက်
ဖြစ်နိုင်ခြေရှိသော အဓိပ္ပါယ်များမှာ (၁) မီးထွက်သော ဓားလက်နက် သို့မဟုတ် (၂) ဓားလက်နက်နှင့်တူသော မီး။ ဓားဟူသော ဝေါဟာရမရှိသည့် ဘာသာစကားများတွင် လှံ သို့မဟုတ် မြား စသည့် လက်နက်၏ အမည်ဖြင့် ပြောင်းသုံးနိုင်သည်။

## Chapter 4

[1] ထိုနောက်၊ လူအာဒံသည် မယားဧဝနှင့်ဆက်ဆံသဖြင့်၊ ဧဝသည် ပဋိသန္ဓေစွဲယူ၍၊ ကာဣနကို ဘွားမြင် လျှင်၊ ထာဝရဘုရား၏ လူကို
ငါရပြီဟုဆိုလေ၏။ [2] တဖန်သူ့ညီ အာဗေလေကို ဘွားမြင်လေ၏။ အာဗေလကား သိုးထိန်းဖြစ်၏။ ကာဣနကားလယ်လုပ်
သောသူဖြစ်၏။ [3] အချိန်စေ့သောအခါ၊ ကာဣနသည် ထာဝရဘုရားထံ ပူဇော်သက္ကာဘို့၊ မြေအသီးကို ဆောင်ခဲ့၏။ [4]
အာဗေလသည်လည်း မိမိသိုးစုတွင် အဦးဘွားသော သားအချို့နှင့်၊ သိုးဆီဥကိုဆောင်ခဲ့၏။ ထာဝရ ဘုရားသည် အာဗေလနှင့်
သူ၏ပူဇော်သက္ကာကို ပမာဏ ပြုတော်မူ၏။ [5] ကာဣနနှင့်သူ၏ ပူဇော်သက္ကာကို ပမာဏ ပြုတော်မမူ၊ ထိုကြောင့် ကာဣနသည်
အလွန်စိတ်ဆိုး၍ မျက်နှာပျက်လေ၏။ [6] ထာဝရဘုရားကလည်း သင်သည် အဘယ်ကြောင့် စိတ်ဆိုးသနည်း။ အဘယ်ကြောင့်
မျက်နှာပျက် သနည်း။ [7] သင်သည် ကောင်းမွန်စွာ ပြုလုပ်အခွင့်မရလော။ ကောင်းမွန်စွာ မပြုလျှင်၊ အပြစ်ဖြေသော ယဇ်
ကောင်သည်တံခါးနားမှာ ဝပ်လျက်ရှိ၏။ သူသည် သင်၏ အလိုသို့လိုက်၍၊ သင်သည် သူ့ကို အုပ်စိုးရ၏ဟု ကာဣနကိုမိန့်တော်မူ၏။ [8]
ကာဣနကလည်း လယ်သို့ သွားကြကုန်အံ့ဟု ညီအာဗေလကိုခေါ်၍၊ လယ်သို့ရောက်သောအခါ၊ ညီ အာဗေလကိုရန်ဘက်ပြု၍
သတ်လေ၏။ [9] ထာဝရဘုရားကလည်း သင့်ညီ အာဗေလသည် အဘယ်မှာရှိသနည်းဟု ကာဣနကို မေးတော်မူလျှင် အကျွန်ုပ်မသိပါ။
အကျွန်ုပ်သည် ညီကို စောင့်ရသော သူဖြစ်ပါသလောဟု လျှောက်ဆို၏။ [10] ဘုရားသခင်ကလည်း၊ သင်သည် အဘယ်သို့
ပြုပြီးသနည်း။ သင်ညီအသွေး၏အသံသည် မြေထဲက ငါ့ကို အော်ဟစ်လျက်ရှိသည်တကား။ [11] သို့ဖြစ်၍သင့်ညီ၏ အသွေးကို
ခံယူခြင်းငှါ၊ မိမိပစပ်ကိုဖွင့်သော မြေကြီး၏ ကျိန်ခြင်းကို သင်သည် ခံရသောကြောင့်၊ [12] ယခုမှစ၍ မြေ၌လုပ်သောအခါ
ပကတိအတိုင်း အသီးအနှံကို မရရ။ မြေကြီးပေါ်မှ ပြေးရသောသူ၊ အရပ်ရပ်လည်ရသောသူ ဖြစ်ရလိမ့်မည်ဟု မိန့်တော်မူ၏။ [13]
ကာဣနကလည်း အကျွန်ုပ်အပြစ်သည် မဖြေနိုင်အောင် ကြီးပါသလော။ [14] အကျွန်ုပ်ကို မြေကြီးပြင်မှ ယနေ့နှင်ထုတ်တော်မူပြီ၊
မျက်နှာတော်ကိုလည်း မမြင်ရ။ မြေကြီးပေါ်မှာ ပြေးရသောသူ၊ အရပ်ရပ်လည်ရသော သူဖြစ်ပါရမည်။ တွေ့သမျှသော သူတို့သည်
အကျွန်ုပ်ကို သတ်ပါလိမ့်မည် ဟု ထာဝရဘုရားကို လျှောက်ဆို၏။ [15] ထာဝရဘုရားကလည်း သို့ဖြစ်၍ ကာဣနကို
သတ်သောသူမည်သည်ကား၊ ခုနစ်ဆသောအပြစ်ဒဏ်ကို ခံရလိမ့်မည်ဟု မိန့်တော်မူပြီးလျှင်၊ ကာဣနကိုတွေ့သောသူ
တစုံတယောက်မျှ မသတ်စေခြင်းငှါ၊ ထာဝရဘုရားသည် သူ၌ အမှတ်ပေးတော်မူ၏။ [16] ကာဣနသည် ထာဝရဘုရားထံတော်မှ
ထွက်သွား၍၊ ဧဒင်ပြည် အရှေ့၊ နောဒပြည်တွင် နေလေ၏။ [17] ထိုအခါကာဣနသည် မိမိမယားနှင့် ဆက်ဆံသဖြင့်၊ သူသည်
ပဋိသန္ဓေစွဲယူ၍၊ သားဧနောက်ကို ဘွားမြင်လေ၏။ ကာဣနသည်လည်း မြို့ကိုတည်၍မိမိသား၏ အမည်အလိုက်၊ ထိုမြို့ကို
ဧနောက်မြို့ဟု သမုတ်လေ၏။ [18] ဧနောက်သားကား၊ ဣရဒ်၊ ဣရဒ်သားကား၊ မဟုယေလ၊ မဟုယေလသားကား၊ မသုရှလ၊ မသုရှလ
သားကား၊ လာမက်တည်း။ [19] လာမက်သည်၊ အာဒနှင့်ဇိလ အမည်ရှိသော မိန်းမနှစ်ယောက်နှင့် အိမ်ထောင်ဘက်ပြု၍၊ [20] အာဒသည်
သားယာဗလကိုဘွားမြင်လေ၏။ ထိုသားကား၊ တဲ၌နေသောသူ၊ သိုးနွားစသည်တို့ကို မွေးသော သူတို့၏ အဘဆရာ ဖြစ်လေသတည်း။
[21] ယုဗလအမည်ရှိသော ညီမူကား၊ စောင်းမျိုး၊ နှဲခရာမျိုးတို့ကို တီးမှုတ်တတ်သောသူ အပေါင်းတို့၏ အဘဆရာဖြစ်လေသတည်း။
[22] ဇိလသည်လည်း၊ သားတုဗလကာဣနကို ဘွားမြင်လေ၏။ သူသည် ပန်းတဉ်းသမား၊ ပန်းပဲသမား အ ပေါင်းတို့၏ဆရာဖြစ်လေ၏။
တုဗလကာဣန၏နှမကား၊ နေမအမည်ရှိ၏။ [23] လာမက်ကလည်း အာဒနှင့်ဇိလ၊ ငါပြောသံကို မှတ်ကြလော့။ လာမက်မားတို့၊
ငါ့စကားကို နားထောင်ကြလော့။ ငါ့ကိုထိခိုက်သော လူတယောက်တည်းဟူသော၊ ငါ့ကိုညှဉ်းဆဲသောလူပျိုတယောက်ကို ငါသတ်ခဲ့ပြီ။
[24] ကာဣနသည် ခုနစ်ဆသောတရားကိုရလျှင်၊ အကယ်၍လာမက်သည်၊ အဆခုနှစ်ဆယ် ခုနစ်ဆသော တရားကို ရလိမ့်မည်ဟု
မိမိမယားတို့ကိုပြောဆို၏။ [25] အာဒံသည်လည်း မိမိမယားနှင့် တဖန်ဆက်ဆံပြန်လျှင်၊ မယားသည် သားကို ဘွားမြင်၍ ရှေသဟူသော
အမည်ဖြင့် မှည့်လေ၏။ အကြောင်းမူကား၊ ကာဣနသတ်သော အာဗေလကိုယ်စား တပါးသောအနွယ်ကို အကျွန်ုပ် အဘို့
ဘုရားသခင်၌ ခန့်ထားတော်မူပြီဟု ဆိုသတည်း။ [26] ရှေသသည်လည်း သားကိုရ၍ ဧနုတ်ဟူသော အမည်ဖြင့် မှည့်လေ၏။ ထိုကာလ၌
ထာဝရဘုရား၏ နာမတော်ကို အမှီပြု၍ ကိုးကွယ်စ ပြုကြလေ၏၊

---

---

### Genesis 4:1

လူအာဒံသည် မယားဧဝနှင့်ဆက်ဆံသဖြင့်
လူယောကျ်ားနှင့် ဧဝတို့၏ လင်မယား ဆက်ဆံရေး အထမြောက်ကြောင်း ယဉ်ကျေးစွာ ဖော်ပြခြင်းဖြစ်သည်။ သက်ဆိုင်ရာ ဘာသာစကားတွင် အသုံးပြုသည့်အတိုင်း ပြန်ဆိုရန်ဖြစ်သည်။

လူအာဒံ
"လူ" သို့မဟုတ် "အာဒံ"

လူကို ငါရပြီ
"လူ" ဟူသည်မှာ အရွယ်ရသော လူကို ဆိုလိုတတ်သည်။ ၎င်းက ထင်မြင်လွဲမှားမှုများ ဖြစ်စေလျှင်၊ "လူကလေး" သို့မဟုတ် "ယောကျ်ားလေး" သို့မဟုတ် "သား" ဟု ပြန်ဆိုနိုင်သည်။

ကာဣန
ဘာသာပြန်သူများ အနေဖြင့် "ကာဣန သည် 'လုပ်သည်' ဟူသော ဟေဗြဲစကားနှင့် နီးစပ်သည်။ ဧဝက ပြုလုပ်သောကြောင့် ကာဣနဟု မှည့်လေသည်။"

တဖန် . . . ကို ဘွားမြင်လေ၏
ကာဣနနှင့် အာဗေလတို့ မွေးဖွားချိန်သည် မည်မျှကွာခြားသည်ကို ကျွန်ုပ်တို့ မသိရပါ။ အမွှာလည်း ဖြစ်နိုင်၏။ သို့မဟုတ် သီးခြား အချိန်၌ မွေးဖွားကြသည်လည်း ဖြစ်နိုင်၏။ ဖြစ်နိုင်လျှင်၊ မွေးဖွားရန်ကြာညောင်းချိန်အား ပြသော စကားစုမျိုးကို ထည့်သုံးခြင်းမပြုရ။

 generated on Fri Sep 22 10:08:29 2023

လယ်လုပ်
အပင်များ ကောင်းမွန်စွာ ကြီးထွားနိုင်ရန် လိုအပ်သည်များကို လုပ်ဆောင်သည်။ ကမ္ဘာဦးကျမ်း ၂:၅ ရှိ "မြေခြုလုပ်သော" ပြန်ဆိုချက်ကို ရှု။

## Genesis 4:3

အချိန်စေ့
ဖြစ်နိုင်ချေရှိသော အဓိပ္ပါယ်များမှာ (၁) "အတော်အတန်မျှကြာ" သို့မဟုတ် (၂) "သက်ဆိုင်သည့်အချိန်သို့ရောက်"

...သောအခါ
အကြောင်းအရာတခု၏ အပိုင်းသစ်တစ်ခုကို အစဖွင့်ပေးသော စကားစုဖြစ်သည်။ ပြန်ဆိုမည့် ဘာသာစကား၌ တူညီသော အသုံးအနှုန်း ရှိပါက အဆိုပါအတိုင်း ပြန်ဆိုနိုင်သည်။

မြေအသီး
စိုက်ပျိုးထားသော အပင်များ၏ အသီး။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကောက်ပဲသီးနှံ" သို့မဟုတ် "သီးနှံ"

သိုးဆီဥ
သိုး၏ အဆီများသော အပိုင်း၊ အကောင်းဆုံးသော အင်္ဂါအစိတ်အပိုင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဆီများသော အင်္ဂါ အစိတ်အပိုင်းတို့"

ပမာဏ ပြုတော်မူ၏
"အလေးပေးတော်မူ၏" သို့မဟုတ် "ကျေနပ်ခြင်း ရှိတော်မူ၏"

ပမာဏ ပြုတော်မမူ
"အလေးပေးတော်မမူ" သို့မဟုတ် "ကျေနပ်ခြင်းရှိတော်မမူ"

အလွန်စိတ်ဆိုး၍
ဘာသာစကားတချို့တွင် "အမျက်ထွက်၍" သို့မဟုတ် "အမျက်ဒေါသထွက်၍" ဟူ၍ ပြန်ဆိုနိုင်သည်။

မျက်နှာပျက်လေ၏
စိတ်ဆိုး သို့မဟုတ် မနာလိုသော မျက်နှာအမူအယာကို ပြသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ဘာသာစကားတချို့တွင် စိတ်ဆိုး၍ မျက်နှာပျက်ခြင်းကို ဖော်ပြသော အသုံးအနှုန်း အသီးသီး ရှိကြသည်။

## Genesis 4:6

သင်သည် အဘယ်ကြောင့် စိတ်ဆိုးသနည်း။ အဘယ်ကြောင့် မျက်နှာပျက်သနည်း
ကာဣန စိတ်ဆိုး၍ မျက်နှာပျက်ခြင်းသည် မှားယွင်းကြောင်း ထောက်ပြရာ၌ ဘုရားသခင် အသုံးပြုသော မေးခွန်းဖြစ်သည်။ မိမိမှားခဲ့ကြောင်း ဝန်ခံနိုင်ရန် ကာဣနကို အခွင့်ပေးနေခြင်းဖြစ်သည်။

သင်သည် ကောင်းမွန်စွာပြုလျှင် အခွင့်မရလော
ကာဣန သိသင့်သည့်အရာကို သတိပေးရာ၌ ဘုရားသခင် အသုံးပြုသော မေးခွန်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကောင်းမွန်စွာပြုလျှင် သင့်အား လက်ခံမည်ကို သိသည် မဟုတ်လော"

ကောင်းမွန်စွာ မပြုလျှင်၊ . . . သင်သည် သူ့ကို အုပ်စိုးရ၏
အပြစ်တရားကို လူပုဂ္ဂိုလ်ကဲ့သို့ ခိုင်းနှိုင်း ပြောဆိုနေခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကောင်းမွန်စွာ မပြုလျှင်၊ အပြစ်သည် တံခါးနားမှာ ဝပ်လျက်။ သင့်ကို အုပ်စိုးရန် အလိုရှိ၏။ သို့သော် သင်သည် သူ့ကို နိုင်ရမည်"

အပြစ်ဖြေသော ယဇ် ကောင်းသည်တံခါးနားမှာ ဝပ်လျက်ရှိ၏
အပြစ်သည် ကာဣနကို ချောင်းမြောင်းနေသော တောရိုင်း တိရစ္ဆာန်တစ်ကောင်အလား ခိုင်းနှိုင်းထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်သည် အလွန် ဒေါသထွက်သဖြင့် အပြစ်ကို သင်သည် မတားဆီးနိုင်ခဲ့ပါ"

အပြစ်
"အပြစ်" ၏ နာမ်ပုဒ် မရှိသော ဘာသာစကားများအတွက် "အပြစ်ပြုလိုသောဆန္ဒ" သို့မဟုတ် "သင်ပြုလိုသောအပြစ်" ဟု ပြန်ဆိုနိုင်သည်။

သင်သည် သူ့ကို အုပ်စိုးရ၏
ကာဣန၏ အပြစ်ပြုလိုစိတ်ကို လူပုဂ္ဂိုလ်တစ်ဦးကဲ့သို့ ယာဝေးဘုရား မိန့်တော်မူသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်သည် အပြစ် မပြုမိရန် သူ့ကို အုပ်စိုးရမည်"

## Genesis 4:8

ကာဣနကလည်း . . . ညီအာဗေလကိုခေါ်၍
မူပြန်ကျမ်းအချို့တွင် ကာဣနက မိမိညီအား ပြောသည့်အရာကို အတိအကျ ဖော်ပြထားသည်။ ပြန်ဆိုမည့် ဘာသာစကားတွင် ၎င်းကို ထည့်သွင်း ပြန်ဆို၍ရသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကာဣနကလည်း လယ်သို့ သွားအံ့ဟု ညီအာဗေလကိုခေါ်၍"

ညီ
အာဗေလသည် ကာဣန၏ ညီဖြစ်သည်။ ဘာသာစကားတချို့တွင် "ညီငယ်" ဟု သုံးသည်။

. . . ကို ရန်ဘက်ပြု၍
တစုံတဦးကို တိုက်ခိုက်ကြောင်း ဖော်ပြနေခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "...ကို တိုက်ခိုက်၍"

သင့်ညီအာဗေလသည် အဘယ်မှာရှိသနည်း
ကာဣနက အာဗေလကို သတ်သည့်အကြောင်း ဘုရားသခင် သိ၏။ သို့သော် ကာဣန၏ အဖြေစကားကို ကြားလိုသောကြောင့် မေးလိုက်ခြင်းဖြစ်သည်။

အကျွန်ုပ်သည် ညီကို စောင့်ရသောသူ ဖြစ်ပါသလော
အဖြေမပေးလိုသည့်အတွက် ကာဣန ဤမေးခွန်းကို ထုတ်လိုက်ခြင်းဖြစ်သည်။ ဖြစ်ကြောင်းပြပုဂ္ဂိုလ်အဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်သည် ညီကို စောင့်ရသောသူ မဟုတ်ပါ" သို့မဟုတ် "ညီကို စောင့်ရန်မှာ အကျွန်ုပ်အလုပ် မဟုတ်ပါ"

## Genesis 4:10

သင်သည် အဘယ်သို့ ပြုပြီးသနည်း
ကာဣနကို အပြစ်တင်ရန် မေးလိုက်ခြင်းဖြစ်သည်။ ဖြစ်ကြောင်းပြပုဂ္ဂိုလ်အဖြစ် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်ပြုသောအမှုမှာ မိုက်မဲလှ ပေစွ"

သင်ညီအသွေး၏အသံသည် ... ငါ့ကို အော်ဟစ်လျက်ရှိသည်တကား
အာဗေလ သေဆုံးမှု၏ ဥပမာပြု စကားဖြစ်သည်။ မိမိသေဆုံးမှုအတွက် ကာဣနကို စီရင်ရန် တောင်းဆိုသည့်အလား


generated on Fri Sep 22 10:08:29 2023

ဖော်ပြခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင့်ညီ၏ အသွေးသည် ... သူ့ကို သတ်သောသူအား အပြစ်စီရန် လူတစ်ဦးကဲ့သို့ ငါ့ထံ အော်ဟစ်လျက်ရှိသည်တကား"

မြေကြီး၏ ကျိန်ခြင်းကို သင်သည် ခံရသောကြောင့်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မြေကြီးမှ အစာကို ရယူခြင်း မရှိရန် သင့်ကို ကျိန်လိုက်သည် ဖြစ်၍"

သင့်ညီ၏ အသွေးကို ခံယူခြင်းငှါ၊ မိမိပစပ်ကိုဖွင့်သော
အာဗေလ၏ အသွေးကို မြေကြီးက သောက်လိုက်သကဲ့သို့ ဘုရားသခင် မိန့်လိုက်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင့်ညီ၏ အသွေးဖြင့် စိုစွတ်နေသော"

မြေ၌လုပ်သောအခါ
အပင်များ ကောင်းမွန်စွာ ကြီးထွားနိုင်ရန် လိုအပ်သည်များကို လုပ်ဆောင်သောအခါ ...။ ကမ္ဘာဦးကျမ်း ၂:၅ ရှိ "မြေ၌လုပ်သော" ပြန်ဆိုချက်ကို ရှု။

ပကတိအတိုင်း အသီးအနှံကို မရရ
မြေကြီးကို လူတစ်ဦးကဲ့သို့ အင်အားကုန်တတ်ကြောင်း ဖော်ပြထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ပကတိအတိုင်း အသီးအနှံကို မပေးရ"

ပြေးရသောသူ၊ အရပ်ရပ်လည်ရသောသူ
အထက်ပါ စကားစုနှစ်ခုကို ပေါင်းစပ်ထားသော စကားတွဲဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ခြေသလုံးအိမ်တိုင်"

### Genesis 4:13

မျက်နှာတော်ကိုလည်း မမြင်ရ
"မျက်နှာတော်" ဆိုရာတွင် ဘုရားသခင်၏ မျက်မှောက်တော်ကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်တော်နှင့် စကားပြောရမည် မဟုတ်"

ပြေးရသောသူ၊ အရပ်ရပ်လည်ရသောသူ
ကမ္ဘာဦးကျမ်း ၄:၁၂ မှ ပြန်ဆိုချက်ကို ရှု။

ခုနစ်ဆသောအပြစ်ဒဏ်ကို ခံရလိမ့်မည်
အပြုဝါကျအဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အပြစ်ဒဏ် ခုနစ်ဆ ခံရလိမ့်မည်" သို့မဟုတ် "သင်ခံရသော အပြစ်ဒဏ် ခုနစ်ဆကို ခံရလိမ့်မည်"

မသတ်စေခြင်းငှါ
မတိုက်စေခြင်းငှါ

### Genesis 4:16

ထာဝရဘုရားထံတော်မှ ထွက်သွား၍
ထာဝရဘုရားထံတော်မှ အမှန်ကတယ် ထွက်သွားရန် မဖြစ်နိုင်သော်လည်း၊ ကာဣနမှာ ဝေးသောအရပ်သို့ ထွက်သွားကြောင်း နားလည်စေရန် သုံးထားသော ဒေသိယစကား ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား မိန့်တော်မူသော အရပ်မှ ထွက်သွား၍"

နောဒ
ဘာသာပြန်ဆိုသူများအနေဖြင့် "နောဒ၏ အဓိပ္ပါယ်မှာ 'ခြေသလုံးအိမ်တိုင်' ဖြစ်သည်" ဟု မှတ်ချက်တို ရေးပေးနိုင်သည်။

ကာဣနသည် မိမိမယားနှင့် ဆက်ဆံသဖြင့်
ကာဣနတို့ လင်မယား ဆက်ဆံရေး အထမြောက်ကြောင်း ယဉ်ကျေးစွာ ဖော်ပြထားသည်။ သက်ဆိုင်ရာ ဘာသာစကားတွင် အသုံးပြုသည့်အတိုင်း ပြန်ဆိုရန် ဖြစ်သည်။ [ကမ္ဘာဦးကျမ်း ၄:၁]

မြို့ကိုတည်၍
ကာဣနသည် မြို့ကို တည်သည်

### Genesis 4:18

ဧနောက်သားကား၊ ဣရဒ်
ဧနောက် ကြီးလာပြီး မယားရှိကြောင်း ထင်ရှားစေသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဧနောက် အသက်ရသောအခါ မယားကိုရ၍ ဣရဒ်အမည်ဖြင့် မှည့်သော သားကို ဖွားလေ၏"

ဣရဒ်
လူပုဂ္ဂိုလ်၏ အမည်ဖြစ်သည်။

အာဒနှင့်ဇိလ
အမျိုးသမီးများ၏ အမည်ဖြစ်သည်။

### Genesis 4:20

အာဒ
ကမ္ဘာဦးကျမ်း ၄:၁၉ မှ ပြန်ဆိုချက်ကို ရှု။

ထိုသားကား၊ တဲ၌နေသောသူ ... သူတို့၏ အဘဆရာ ဖြစ်လေသတည်း
ဖြစ်နိုင်ခြေရှိသော အဓိပ္ပါယ်ဖွင့်ဆိုချက်များ ၁) "ထိုသားကား၊ တဲ၌နေသော ... ပထမဆုံးလူ ဖြစ်လေသတည်း" သို့မဟုတ် ၂) "သူ၏မျိုးဆက်သည် တဲ၌နေသော ... သူများ ဖြစ်လေသတည်း။"

တဲ၌နေသောသူ၊ သိုးနွားစသည်တို့ကို မွေးသောသူ
တဲ၌နေပြီး သိုးနွားစသည်တို့ကို မွေးသောသူ

**...** ညီမူကား၊ စောင်းမျိုး၊ နှဲခရာမျိုးတို့ကို တီးမှုတ်တတ်သောသူ အပေါင်းတို့၏ အဘဆရာဖြစ်လေသတည်း
ဖြစ်နိုင်ခြေရှိသော အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ ၁) "... ညီမူကား၊ စောင်းမျိုး၊ နှဲခရာမျိုးတို့ကို ပထမဆုံး တီးမှုတ်တတ်သောသူ ဖြစ်လေသတည်း" သို့မဟုတ် ၂) "ညီ၏မျိုးဆက်သည် စောင်းမျိုး၊ နှဲခရာမျိုးတို့ကို တီးမှုတ်တတ်သောသူများ ဖြစ်လေသတည်း။"

ဇိလ
ကမ္ဘာဦးကျမ်း ၄:၁၉ မှ ပြန်ဆိုချက်ကို ရှု။

ပန်းတဉ်းသမား၊ ပန်းပဲသမား အပေါင်းတို့၏ ဆရာ
ကြေးထည်နှင့် သံထည်ကို ထုလုပ်သူ

တုဗလကာဣန
အမျိုးသား အမည်ဖြစ်သည်။

## Genesis 4:23

အာဒနှင့်ဇိလ
ကမ္ဘာဦးကျမ်း ၄:၁၉ မှ ပြန်ဆိုချက်ကို ရှု။

ငါပြောသံကို မှတ်ကြလော့ . . . ငါ့စကားကို နားထောင်ကြလော့
မိမိပြောလိုသောစကားကို အလေးထားစေရန် နှစ်ခါ ပြောခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့စကားကို မှတ်ကြလော့"

ငါ့ကိုထိခိုက်သော လူတယောက်တည်းဟူသော၊ ငါ့ကိုညှဉ်းဆဲသော လူပျိုတယောက်
လာမက် သတ်လိုက်သောသူမှာ တစ်ဦးတည်း ဖြစ်သည်။ မိမိပြုသောအမှုကို ထင်ရှားစေရန် ထပ်ဆင့်၍ ပြောလိုက်ခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့ကို နာကျင်စေသော လူပျိုတယောက်"

ကာဣနသည် ခုနစ်ဆသောတရားကိုရလျှင်
ဘုရားသခင်သည် ကာဣနအတွက် ခုနှစ်ဆ တုံ့ပြန်ပေးမည်အကြောင်းကို လာမက်သိ၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် ကာဣနကို သတ်သောသူအား ခုနှစ်ဆ စီရင်သည်မှန်လျှင်"

အကယ်၍လာမက်သည်၊ အဆခုနှစ်ဆယ် ခုနစ်ဆသော တရားကို ရလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့ကို သတ်သောသူအား ဘုရားသခင်သည် ခုနှစ်ဆယ်ခုနှစ်ဆ စီရင်လိမ့်မည်"

ခုနှစ်ဆယ် ခုနစ်
??

## Genesis 4:25

အာဒံသည်လည်း မိမိမယားနှင့် တဖန်ဆက်ဆံပြန်လျှင်
လူယောက်ျားနှင့် ဧဝတို့၏ လင်မယားအကြား လိင်မှုကိစ္စ အထမြောက်ကြောင်း ယဉ်ကျေးစွာ ဖော်ပြခြင်းဖြစ်သည်။ သက်ဆိုင်ရာ ဘာသာစကားတွင် အသုံးပြုသည့်အတိုင်း ပြန်ဆိုရန် ဖြစ်သည်။ [ကမ္ဘာဦးကျမ်း ၄:၁]

တပါးသောအနွယ်ကို အကျွန်ုပ်အဘို့ ဘုရားသခင်၌ ခန့်ထားတော်မူပြီ
ရှေသဟု မှည့်ရသည့် အကြောင်းရင်းဖြစ်သည်။ ပို၍ တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် နောက်သား တယောက်ကို ပေးတော်မူပြီ"

ရှေသ
ဘာသာပြန်ဆိုသူများ အနေဖြင့် "ဤအမည်သည် 'ပေးတော်မူပြီ' ဟူသော ဟေဗြဲအသံနှင့် နီးစပ်သည်" ဟူ၍ မှတ်ချက် ရေးနိုင်သည်။

ရှေသသည်လည်း သားကိုရ၍
ပို၍တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရှေသ၏ မယားသည် သားကိုဖွား၍"

ထာဝရဘုရား၏ နာမတော်ကို အမှီပြု၍ ကိုးကွယ်စပြုကြလေ၏
ဤအချိန်သည် လူတို့က ဘုရားသခင်၏ နာမတော် ယာဝေး အမည်ဖြင့် ပထမဆုံး ခေါ်ဆိုချိန် ဖြစ်သည်။ ပို၍တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၏ နာမတော် ထာဝရဘုရားကို အမှီပြု၍ ကိုးကွယ်စ ပြုကြလေ၏"


generated on Fri Sep 22 10:08:29 2023

## Chapter 5

1 အာဒံ၏သားစဉ်မြေးစက် စာရင်းဟူမူကား၊ လူကို ဖန်ဆင်းတော်မူသော ကာလ၌၊ မိမိပုံသဏ္ဍာန်နှင့် အညီ၊ ဘုရားသခင်
ဖန်ဆင်းတော်မူ၏။ 2 လူယောကျ်ားလူမိန်းမကို ဖန်ဆင်း၍၊ ကောင်းကြီးပေးတော်မူ၏။ ဖန်ဆင်းသောနေ့၌လည်း သူတို့ကို
အာဒံအမည်ဖြင့် မှည့်တော်မူ၏။ 3 အာဒံသည် အသက်တရာ့သုံးဆယ်ရှိသော်၊ မိမိ ပုံသဏ္ဍာန်နှင့်အညီ သဏ္ဍာန်တည်းသားကိုမြင်ရ၍
ရှေသ အမည်ဖြင့် မှည့်လေ၏။ 4 ရှေသကို ဘွားမြင်သောနောက် အာဒံသည် အနှစ်ရှစ်ရာ အသက်ရှင်၍၊ သားသမီးများကိုမြင်လေ၏။
5 အာဒံသည် အသက်နှစ်ပေါင်း ကိုးရာသုံးဆယ် စေ့သော် သေလေ၏။ 6 ရှေသသည် အသက်တရာငါးနှစ်ရှိသော်၊ သားနေ့တ်ကို
မြင်လေ၏။ 7 နေ့တ်ဘွားမြင်သောနောက်၊ ရှေသသည် အနှစ် ရှစ်ရာခုနှစ်နှစ်အသက်ရှင်၍၊ သားသမီးများကို မြင်လေ ၏။ 8
ရှေလသည် အသက်နှစ်ပေါင်းကိုးရာ တဆယ်နှစ်နှစ်စေ့သော် သေလေ၏။ 9 နေ့တ်သည် အသက်ကိုးဆယ်ရှိသော်၊ သား ကာဣနန်ကို
မြင်လေ၏။ 10 ကာဣနန်ဘွားမြင်သောနောက်၊ နေ့တ်သည် အနှစ်ရှစ်ရာတဆယ်ငါးနှစ်အသက်ရှင်၍ သားသမီးများ ကို မြင်လေ၏။
11 နေ့တ်သည် အသက်နှစ်ပေါင်းကိုးရာငါးနှစ် စေ့သော်သေလေ၏။ 12 ကာဣနန်သည် အသက်ခုနစ်ဆယ်ရှိသော်၊
သားမဟာလေလကို မြင်လေ၏။ 13 မဟာလေလဘွားမြင်သောနောက်၊ ကာဣနန်သည် အနှစ်ရှစ်ရာလေးဆယ်အသက်ရှင်၍၊
သားသမီး များကို မြင်လေ၏။ 14 ကာဣနန်သည် အသက်နှစ်ပေါင်းကိုးရာ တဆယ့်စေ့သော် သေလေ၏။ 15 မဟာလေလသည်
အသက်ခြောက်ဆယ့်ငါးနှစ် ရှိသော်၊ သားယာရက်ကို မြင်လေ၏။ 16 ယာရက်ဘွားမြင်သောနောက် မဟာလေလသည်
အနှစ်ရှစ်ရာသုံးဆယ်အသက်ရှင်၍ သားသမီးများကို မြင်လေ၏။ 17 မဟာလေလသည် အသက်နှစ်ပေါင်းရှစ်ရာ
ကိုးဆယ့်ငါးနှစ်စေ့သော် သေလေ၏၊ 18 ယာရက်သည် အသက်တရာခြောက်ဆယ်နှစ်နှစ် ရှိသော် သားဧနောက်ကိုမြင်လေ၏။ 19
ဧနောက်ဘွားမြင်သောနောက် ယာရက်သည် အနှစ်ရှစ်ရာ အသက်ရှင်၍၊ သားသမီးများကိုမြင်လေ၏။ 20 ယာရက်သည်
အသက်နှစ်ပေါင်းကိုးရာ ခြောက်ဆယ်နှစ်နှစ်စေ့သော် သေလေ၏။ 21 ဧနောက်သည် အသက်ခြောက်ဆယ်ငါးနှစ် ရှိသော်
သားမသုရှလကို မြင်လေ၏။ 22 မသုရှလဘွားမြင်သောနောက် ဧနောက်သည် အနှစ်သုံးရာပတ်လုံး ဘုရားသခင်နှင့်အတူသွားလာ၍
သားသမီးများကို မြင်လေ၏။ 23 ဧနောက်အသက်နှစ်ပေါင်းသုံးရာ ခြောက်ဆယ် ငါးနှစ်တည်း၊ 24 ဧနောက်သည်
ဘုရားသခင်နှင့်အတူ သွားလာ၏။ နောက်တဖန် သူသည်မရှိ အကြောင်းမူကား၊ ဘုရား သခင် သိမ်းယူတော်မူသောကြောင့်တည်း။ 25
မသုရှလသည် အသက်တရာ့ရှစ်ဆယ်ခုနစ်နှစ် ရှိသော်၊ သား လာမက်ကို မြင်လေ၏။ 26 လာမက်ဘွားမြင်သောနောက်၊ မသုရှလသည်
အနှစ်ခုနှစ်ရာ ရှစ်ဆယ်နှစ်နှစ်အသက်ရှင်၍ သားသမီး များကို မြင်လေ၏။ 27 မသုရှလသည် အသက်နှစ်ပေါင်းကိုးရာ ခြောက်
ဆယ်ကိုးနှစ်စေ့သော် သေလေ၏။ 28 လာမက်သည် အသက်တရားရှစ်ဆယ်နှစ်နှစ် ရှိသော် သားကို မြင်၍၊ 29 ဤသူသည်ကား၊
ထာဝရဘုရားကျိန်တော်မူသော မြေ၌လုပ်၍ ပင်ပန်းစွာ ခံရသောငါတို့အား သက်သာစေသောသူဖြစ်လိမ့်မည်ဟူ၍ သူ့ကိုနောဧ ဟူသော
အမည်ဖြင့် မှည့်လေ၏။ 30 နောဧဘွားမြင်သောနောက်၊ လာမက်သည် အနှစ်ငါးရာကိုးဆယ်ငါးနှစ်အသက်ရှင်၍ သားသမီးများ ကို
မြင်လေ၏။ 31 လာမက်သည် အသက်နှစ်ပေါင်း ခုနှစ်ရာ ခုနစ်ဆယ် ခုနစ်နှစ် စေ့သော်သေလေ၏။ 32 နောဧသည် အသက်ငါးရာရှိ၏။
နောဧ သားကား ၊ ရှေမ၊ ဟာမ၊ ယာဖက်တည်း။

---

### Genesis 5:1

ယေဘုယျ အချက်အလက်
အာဒံ၏ မျိုးစဉ်ဆက်စာရင်းကို အစပြုသည်။

မိမိပုံသဏ္ဍာန်နှင့်အညီ
အထက်ပါ ဝေါဟာရမှာ ဘုရားသခင်သည် လူသားအနွယ်ကို မိမိနှင့် တသဏ္ဍာန်တည်း ဖန်ဆင်းခဲ့ကြောင်း ဆိုလိုသည်။ သို့ရာတွင် မည်သို့ဖြင့် ဘုရားသခင်နှင့် တသဏ္ဍာန်တည်းဖြစ်သည့်အကြောင်း ဖော်ပြထားခြင်းမရှိ။ ထာဝရဘုရားတွင် ခန္ဓာတော်မရှိ။ ထို့ကြောင့် ဘုရားသခင်နှင့် ရုပ်အဆင်း တူညီမည်ဟု ဖော်ပြခြင်း မဟုတ်တန်ရာ။ [ကမ္ဘာဦးကျမ်း ၁:၂၆]

ဖန်ဆင်းသောနေ့၌
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဖန်ဆင်းတော်မူ ချိန်၌"

### Genesis 5:3

တစ်ရာ့သုံးဆယ် . .နှင့် . ရှစ်ရာ
ဘာသာပြန်ဆိုသူအနေဖြင့် "တရာ့သုံးဆယ်" နှင့် "ရှစ်ရာ" ဟူ၍ စာသားဖြင့်လည်းကောင်း၊ "၁၃၀" နှင့် "၈၀၀" ဟူ၍ ကိန်းဂဏန်းဖြင့်လည်းကောင်း ပြန်ဆိုရေးသားနိုင်သည်။

သားကိုမြင်ရ၍
"သားတစ်ဦး၏ ဖခင်ဖြစ်လာ၍"

မိမိပုံသဏ္ဍာန်နှင့်အညီ သဏ္ဍာန်တည်း
ဖော်ပြပါ စကားစုနှစ်ခုသည် တူညီသော အဓိပ္ပါယ်ကိုဆောင်၏။ ဘုရားသခင်က လူကို မိမိပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းထားကြောင်း အမှတ်ပြုခြင်း ဖြစ်သည်။ ၁:၂၆ မှ ပြန်ဆိုချက်ကို ရှု။

ရှေသ
၄:၂၅ မှ ပြန်ဆိုချက်ကို ရှု။

သားသမီးများကိုမြင်လေ၏
"သားသမီးများစွာ၏ ဖခင် ဖြစ်လေ၏"

အာဒံသည် အသက်နှစ်ပေါင်း ကိုးရာသုံးဆယ် စေ့သော်
ထိုခေတ်ကာလတွင် လူတို့မှာ အသက်ရှည်ခဲ့ကြသည်။ "နှစ်ပေါင်း" ပါဝင်သော စကားစုကို အသုံးပြုပါ။ အခြားသော ဘာသာပြန်ဆိုချက်၊ "အာဒံ အသက် စုစုပေါင်း ကိုးရာသုံးဆယ် ပြည့်သော်"

သေလေ၏
ဖော်ပြပါ စကားစုကို ဤအခန်း တလျှောက်တွင် တွေ့ရမည်။ "သေ" ဟူသော အဓိပ္ပါယ်ဆောင်သည့် စကားစုကို အသုံးပြုပါ။

**Genesis 5:6**

သားနေတ်ကို မြင်လေ၏
အခြားသော ဘာသာပြန်ဆိုချက်၊ "နေတ်၏ အဘဖြစ်လေ၏။"

နေတ်
လူပုဂ္ဂိုလ်၏ အမည်ဖြစ်သည်။

သားသမီးများကို မြင်လေ၏
"သားသမီးများစွာ ဖွားမြင်လေ၏"

ရှေသသည် အသက်နှစ်ပေါင်းကိုးရာ တဆယ်နှစ်နှစ်စေ့သော်
"ရှေသအသက် စုစုပေါင်း ကိုးရာတဆယ်နှစ်နှစ်ပြည့်သော်"

သေလေ၏
ဖော်ပြပါ စကားစုကို ဤအခန်း တလျှောက်တွင် တွေ့ရမည်။ "သေ" ဟူသော အဓိပ္ပါယ်ဆောင်သည့် စကားစုကို အသုံးပြုပါ။

**Genesis 5:9**

ယေဘုယျ အချက်အလက်
ကမ္ဘာဦးကျမ်း ၅:၆-၂၇ ရှိ မှတ်တမ်းကို ပုံစံ တစ်မျိုးတည်းဖြင့် ရေးသားပြုစုထားသည်။ ၅:၆ မှ ရေးပုံရေးနည်းအတိုင်း ပြန်ဆိုရန် ဖြစ်သည်။

**Genesis 5:12**

ယေဘုယျ အချက်အလက်
ကမ္ဘာဦးကျမ်း ၅:၆-၂၇ ရှိ မှတ်တမ်းကို ပုံစံ တစ်မျိုးတည်းဖြင့် ရေးသားပြုစုထားသည်။ ၅:၆ မှ ရေးပုံရေးနည်းအတိုင်း ပြန်ဆိုရန် ဖြစ်သည်။

**Genesis 5:15**

ယေဘုယျ အချက်အလက်
ကမ္ဘာဦးကျမ်း ၅:၆-၂၇ ရှိ မှတ်တမ်းကို ပုံစံ တစ်မျိုးတည်းဖြင့် ရေးသားပြုစုထားသည်။ ၅:၆ မှ ရေးပုံရေးနည်းအတိုင်း ပြန်ဆိုရန် ဖြစ်သည်။

**Genesis 5:18**

ယေဘုယျ အချက်အလက်
ကမ္ဘာဦးကျမ်း ၅:၆-၂၇ ရှိ မှတ်တမ်းကို ပုံစံ တစ်မျိုးတည်းဖြင့် ရေးသားပြုစုထားသည်။ ၅:၆ မှ ရေးပုံရေးနည်းအတိုင်း ပြန်ဆိုရန် ဖြစ်သည်။

**Genesis 5:21**

သားမသုရှလကို မြင်လေ၏
"မသုရှလ၏ အဘဖြစ်လေ၏"

မသုရှလ
ယောကျ်ားအမည်ဖြစ်သည်။

ဧနောက်သည် ဘုရားသခင်နှင့်အတူ သွားလာ၏
အတူသွားလာခြင်းကို နီးကပ်စွာ အသက်ရှင်ခြင်းနှင့် ထပ်တူပြုလိုက်သော ရူပကပုဒ်ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဧနောက်သည် ဘုရားသခင်နှင့် နီးကပ်စွာ အသက်ရှင်၏" သို့မဟုတ် "ဧနောက်သည် ဘုရားသခင်နှင့် ထပ်တူကျ အသက်ရှင်၏"

သားသမီးများကို မြင်လေ၏
"သားသမီးများစွာ ဖွားမြင်လေ၏"

ဧနောက်အသက် နှစ်ပေါင်းသုံးရာ ခြောက်ဆယ် ငါးနှစ်တည်း
"ဧနောက် အသက် စုစုပေါင်း သုံးရာခြောက်ဆယ်ငါးနှစ်တည်း"

နောက်တဖန် သူသည်မရှိ
"သူ" ဟူရာတွင် ဧနောက်ကို ညွှန်းသည်။ ကမ္ဘာပေါ်တွင် မရှိတော့ကြောင်း ဖော်ပြထားသည်။

ဘုရားသခင် သိမ်းယူတော်မူသောကြောင့်တည်း
ဘုရားသခင်က ဧနောက်ကို အရှင်လတ်လတ် ခေါ်တော်မူကြောင်း ဆိုလိုသည်။

**Genesis 5:25**

ယေဘုယျ အချက်အလက်
ကမ္ဘာဦးကျမ်း ၅:၆-၂၇ ရှိ မှတ်တမ်းကို ပုံစံ တစ်မျိုးတည်းဖြင့် ရေးသားပြုစုထားသည်။ ၅:၆ မှ ရေးပုံရေးနည်းအတိုင်း ပြန်ဆိုရန် ဖြစ်သည်။

လာမက်
ဖော်ပြပါ လာမက်မှာ ၄:၁၈ ရှိ လာမက်နှင့် မတူညီသော အခြားပုဂ္ဂိုလ်ဖြစ်သည်။

**Genesis 5:28**

သားကို မြင်၍
သားကို ဖွားမြင်၍

နောဧ
ဘာသာပြန်သူများအနေဖြင့် အမည်၏ အောက်၌ "ဤအမည်သည် 'အနားယူ' ဟူသော ဟေဗြဲ ဝေါဟာရနှင့် အသံတူ၏။"

. . . လုပ်၍ ပင်ပန်းစွာ ခံရသောငါတို့အား . . .
ထိုခေတ်အခါ၌ အလုပ်မှာ မည်မျှ ပင်ပန်းကြောင်း ဖော်ပြခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "... ငါတို့လက်ဖြင့် ပင်ပန်းစွာ လုပ်ရာမှ ..."

**Genesis 5:30**

လာမက်သည် အသက်နှစ်ပေါင်း ခုနစ်ရာ ခုနစ်ဆယ် ခုနစ်နှစ် စေ့သော်
"လာမက်အသက် စုစုပေါင်း ၇၇၇ နှစ် ပြည့်သော်"


generated on Fri Sep 22 10:08:29 2023

**Genesis 5:32**

နောဧ သားကား
"နောဧ၌ ဖွားမြင်သော သားကား ...။" အထက်ဖော်ပြပါအရ သားတို့မှာ တစ်ရက်တည်းတွင် မွေးဖွားသည် သို့မဟုတ် နှစ်ခြားသည်ဟူ၍ ဖော်ပြထားခြင်း မရှိပါ။

ရှေမ၊ ဟာမ၊ ယာဖက်
ကြီးစဉ်ငယ်လိုက် စာရင်းပြုထားသည်ဟု မဆိုနိုင်ပါ။ အဘယ်သူက အကြီးဆုံးဖြစ်သည်ဟု တပ်အပ် မပြောနိုင်။ ထို့ကြောင့် အသက်အလိုက် စာရင်းပြုခြင်း မဖြစ်စေရပါ။

---

## Chapter 6

1 မြေကြီးမျက်နှာပေါ်မှာလူတို့သည် များပြား၍ သမီးများကိုလည်း ရကြသောအခါ၊ 2 ဘုရားသခင်၏သားတို့သည် လူသမီးတို့
လှကြောင်းကိုမြင်၍၊ ကိုယ်စိတ်ရှိသည်အတိုင်း စုံဘက်ကြ၏။ 3 ထာဝရဘုရားကလည်း ငါ့ဝိညာဉ်သည် လူတို့တွင် အစဉ်မဆုံးမရ။
အကြောင်းမူကား လူတို့သည် အသားဖြစ်၏။ သူ၏အသက်တန်းသည်လည်း၊ အနှစ်တရာနှစ်ဆယ်ဖြစ်စေဟု မိန့်တော်မူ၏။ 4
ထိုကာလ၌၊ မြေကြီးပေါ်မှာ ကိုယ်ကြီးမားသော သူအချို့ရှိကြ၏။ ထိုနောက်၌လည်း၊ ဘုရားသခင်၏ သားတို့သည်၊ လူသမီးတို့နှင့်
ဆက်ဆံ၍ ရသောသားတို့သည်၊ အားကြီးသောသူ၊ ရှေးကာလမှစ၍၊ ကျော်စောသောသူ ဖြစ်ကြ၏။ 5 မြေကြီးပေါ်မှာ လူအပြစ်ကြီး၍၊
သူ၏ စိတ်နှလုံးအကြံအစည်ရှိသမျှတို့သည် အစဉ်မပြတ် ဆိုးညစ် ခြင်းသက်သက်ရှိကြောင်းကို၊ ဘုရားသခင် သိမြင်တော်မူလျှင်၊ 6
မြေကြီးပေါ်မှာ လူကို ဖန်ဆင်းတော်မူသည်ကို နောက်တရ၍၊ နှလုံးတော်ပူပန်လျက် ရှိတော်မူ၏။ 7 ထာဝရဘုရားကလည်း၊
ငါဖန်ဆင်းသော လူကိုငှင်း၊ လူမှစ၍ သားများ၊ တွားတတ်သော တိရစ္ဆာန်များ၊ မိုဃ်းကောင်းကင်ငှက်များတို့ကိုငှင်း မြေကြီးမျက်နှာမှာ
ငါသုတ်သင်ပယ်ရှင်းမည်။ သူတို့ကို ဖန်ဆင်းသော ကြောင့် ငါနောင်တရသည်ဟု မိန့်တော်မူ၏။ 8 နောဧမူကား၊
ထာဝရဘုရားစိတ်တော်နှင့် တွေ့သောသူဖြစ်သတည်း။ 9 နောဧအတ္ထုပ္ပတ္တိဟူမူကား၊ နောဧသည် ဖြောင့်မတ်သောသူ၊ မိမိအမျိုး၌
စုံလင်သောသူဖြစ်၏။ ဘုရားသခင်နှင့်အတူသွားလာ၏။ 10 နောဧသည် ရှေမ၊ ဟာမ၊ ယာဖက်တည်းဟူသော သားသုံးယောက်ကို
မြင်လေ၏။ 11 ထိုအခါ မြေကြီးသည် ဘုရားသခင့်ရှေ့မှာ ပုပ်စပ်လျက်ရှိ၏။ မြေကြီးသည် အဓမ္မအမှုနှင့် ပြည့်စုံလေ၏။ 12
ဘုရားသခင်သည် မြေကြီးကိုကြည့်ရှုသောခါ၊ ပုပ်စပ်လျက်ရှိသည်ကို မြင်တော်မူ၏။ အကြောင်းမူကား မြေကြီးပေါ်မှာ
လူအပေါင်းတို့သည် ဖေါက်ပြန်ခြင်းသို့ ရောက်ကြပြီ။ 13 ထိုအခါ ဘုရားသခင်သည်၊ နောဧအား မိန့်တော်မူသည်ကား၊
သတ္တဝါအပေါင်းတို့၏ အဆုံးသည် ငါ့မျက်မှောက်တွင် ပေါ်လာပြီ။ သူတို့ကြောင့် မြေကြီးသည် အဓမ္မမှုနှင့်ပြည့်စုံလေ၏။
အကယ်စင်စစ် မြေကြီးနှင့် တကွ သူတို့ကို ငါဖျက်ဆီးမည်။ 14 ဂေါဖရသစ်သားဖြင့် သင်္ဘောကို ကိုယ်ဘို့ တည်လုပ်လော့။
အထဲ၌လည်း အခန်းများကို လုပ်လော့။ အတွင်း၊ ပြင်၊ ပတ်လည်ကို ထင်းရှူးစေးနှင့်သုတ်လော့။ 15 လုပ်ရမည်ပုံ ဟူမူကား၊
သင်္ဘောအလျားအတောင်သုံးရာ၊ အနံအတောင်ငါးဆယ်၊ အမြင့် အတောင်သုံးဆယ်ရှိစေရမည်။ 16 အပေါ်၌သည်အမိုးကိုလုပ်ရမည်။
ထိုအမိုး အပေါ်အလယ်ချက်၌၊ ထိပ်အုပ်အနံတတောင်အကျယ် ရှိစေရမည်။ သင်္ဘောနံတဘက်၌လည်း တံခါးကို လုပ်ရမည်။
အောက်ဆင့်၊ အလယ်ဆင့်၊ အပေါ်ဆင့်ဟူ၍၊ သုံးဆင့်ကိုလည်း ရှိစေရမည်။ 17 အသက်ရှင်သော သတ္တဝါ အပေါင်းတို့ကို၊
ကောင်းကင်အောက်မှ ငါ့ကိုယ်တိုင် ပယ်ရှင်ခြင်းငှါ၊ မြေကြီးကို ရေလွှမ်းမိုးစေသဖြင့်၊ မြေပေါ်မှာ ရှိသမျှတို့သည် သေကြရမည်။ 18
သင်၌မူကား၊ ငါ့ပဋိညာဉ်ကို ငါတည်စေမည်။ သင်သည် သား၊ မယား၊ ချွေးမများနှင့်တကွ၊ သင်္ဘော ထဲသို့ ဝင်ရမည်။ 19
အသက်ရှင်သော တိရစ္ဆာန်အမျိုးမျိုးထဲက၊ အထီးအမ၊ အစုံတို့ကိုယူ၍၊ သင်နှင့်အတူ အသက် ချမ်းသာစေခြင်းငှါ၊ သင်္ဘောထဲသို့
သွင်းရမည်။ 20 ငှက်လည်းအမျိုးအလိုက်၊ သားလည်း အမျိုးအလိုက်၊ တွားတက်သော တိရစ္ဆာန်အပေါင်းလည်း အမျိုးအလိုက်၊
အထီးအမ၊ အစုံတို့သည် အသက်ချမ်းသာ စေခြင်းငှါ၊ သင့်ထံသို့ လာကြလိမ့်မည်။ 21 ကိုယ်စားစရာအဘို့၊ တိရစ္ဆာန်တို့စားစရာအဘို့၊
စားအပ်သော အစာအမျိုးမျိုးကို ယူ၍ သိုထားရမည်ဟု၊ ဘုရားသခင် မှာထားတော်မူ၏။ 22 မှာထားတော်မူသည်အတိုင်းလည်း နောဧ
ပြုလေ၏။

---

### Genesis 6:1

သမီးများကိုလည်း ရကြသောအခါ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လူမိန်းမတို့သည်လည်း သမီးများကို ရကြသောအခါ"

. . . သောအခါ
အကြောင်းအရာသစ် တစ်ခုကို အစဖွင့်သော အသုံးအနှုန်းဖြစ်သည်။ ပြန်ဆိုမည့် ဘာသာစကား၏ အသုံးအနှုန်းကို လိုက်၍ ပြန်ဆိုနိုင်သည်။

ဘုရားသခင်၏သား
ဤစကားစု အောက်တွင် "ကောင်းကင်သားဖြစ်သည်ဟူ၍လည်းကောင်း၊ မြေကြီးသားဖြစ်သည်ဟူ၍လည်းကောင်း ရှင်းလင်းစွာ ဖော်ပြထားခြင်းမရှိပါ။ သို့ရာတွင်၊ ဘုရားသခင် ဖန်ဆင်းထားသော သတ္တဝါဖြစ်သည်" ဟူ၍ မှတ်ချက်ပြု ထည့်သွင်းရေးသားနိုင်ပါသည်။ အချို့က ဘုရားသခင်ကို ဆန့်ကျင်သော ကောင်းကင်တမန်ဟူသော ဝိညာဉ်ဆိုး သို့မဟုတ် နတ်ဆိုး ဖြစ်သည်ဟု ဆိုကြသည်။ တချို့က တန်ခိုးကြီးသော နိုင်ငံရေးခေါင်းဆောင်များဟူ၍ လည်းကောင်း၊ ရှေသ၏ သားစဉ်မြေးဆက်ထဲမှ ဖြစ်သည်ဟူ၍ လည်းကောင်း ထင်မြင်ယူဆကြသည်။

ငါ့ဝိညာဉ်
ယာဝေးဘုရားနှင့် မိမိဝိညာဉ်ကို ညွှန်း၏။

အသား
သေတတ်သော ကိုယ်ခန္ဓာကို ညွှန်းသည်။

သူ၏အသက်တန်းသည်လည်း၊ အနှစ်တရာနှစ်ဆယ်ဖြစ်စေ
ဖြစ်နိုင်ချေ ဖွင့်ဆိုချက်များမှာ၊ ၁) နှစ်ပေါင်း ၁၂၀ သို့ လျော့ကျသွားမည့် လူ၏ ပျမ်းမျှအသက်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့သက်တန်းသည် အနှစ်တရာနှစ်ဆယ်ထက်မပိုရ" သို့မဟုတ် ၂) သူတို့သည် အနှစ်တရာနှစ်ဆယ်ပြည့်လျှင် သေစေ ...။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့သည် ယခုစ၍ နှစ်တရာနှစ်ဆယ်တွင် ပျက်စီးစေ"

### Genesis 6:4

ကိုယ်ကြီးမားသောသူ
အလွန် မြင့်မား၍ ထွားကျိုင်းသောသူ


generated on Fri Sep 22 10:08:29 2023

ဘုရားသခင်၏ သား
၆:၁ အတိုင်း ပြန်ဆိုရန်

အားကြီးသောသူ၊ ရှေးကာလမှစ၍၊ ကျော်စောသောသူ ဖြစ်ကြ၏
"ရှေးကာလ၌ အသက်ရှင်ခဲ့သော အားကြီး၍ ကျော်စောသောသူ ဖြစ်ကြ၏" သို့မဟုတ် "ရှေးကာလ၌ အသက်ရှင်ခဲ့သော သူရဲကောင်းများ၊ ကျော်စောသောသူ ဖြစ်ကြ၏"

အားကြီးသောသူ
စစ်ပွဲများ အောင်နိုင်သော သူရဲကောင်းများ

ကျော်စောသောသူ
"ထင်ရှားသောသူ"

**Genesis 6:5**

သူ၏စိတ်နှလုံးအကြံအစည်ရှိသမျှ
သူတို့၏စိတ်နှလုံး တွေးလို "မှန်သမျှ" သို့မဟုတ် "ပြုလေသမျှ"

စိတ်နှလုံးအကြံအစည်
စိတ်နှလုံးကို တွေးတတ်သော အင်္ဂါအစိတ်အပိုင်း တစ်ခုကဲ့သို့ တင်စားထားသည်။ ပြန်ဆိုမည့် ဘာသာစကားတွင် "စိတ်နှလုံး" မဟုတ်သော အခြားအသုံးအနှုန်းကို ပြောင်းလဲအသုံးပြုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အတွင်းစိတ်နှလုံး အကြံအစည်"

နှလုံးတော်ပူပန်လျက် ရှိတော်မူ၏
စိတ်နှလုံးကို ပူပန်တတ်သော အင်္ဂါအစိတ်အပိုင်း တစ်ခုကဲ့သို့ တင်စားထားသည်။ ပြန်ဆိုမည့် ဘာသာစကားတွင် "နှလုံးတော်" မဟုတ်သော အခြားအသုံးအနှုန်းကို ပြောင်းလဲအသုံးပြုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လွန်စွာ ဝမ်းနည်းစေတော်မူ၏"

**Genesis 6:7**

ငါဖန်ဆင်းသော လူကိုင်၊ . . . မြေကြီးမျက်နှာမှာ ငါသုတ်သင်ပယ်ရှင်းမည်
ပြားချပ်သော မျက်နှာပြင်တစ်ခုကဲ့သို့ ခိုင်းနှိုင်းထားသော ရုပ်ပုံဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါဖန်ဆင်းထားသော လူအမျိုးကိုင်၊ ... မြေကြီးမျက်နှာပေါ်မှ သုတ်သင်ပယ်ရှင်းမည်"

ငါဖန်ဆင်းသော လူကို ... ငါသုတ်သင်ပယ်ရှင်းမည်
အချို့သော ဘာသာစကားများတွင် စာကြောင်းတစ်ကြောင်း မက အသုံးပြုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ငါသည် လူသားတို့ကို ဖန်ဆင်းသည်။ ငါသည် သူတို့ကို သုတ်သင်ပယ်ရှင်းမည်"

သုတ်သင်ပယ်ရှင်း
"လုံးလုံးလျားလျား ဖျက်ဆီး...။" "သုတ်သင်ပယ်ရှင်း" ဟူသည်မှာ အနုတ်သဘောကို ဆောင်ပြီး လူသားတို့အား မိမိအပြစ် အလျောက် ဖျက်ဆီးမည်ဟု ဆိုလိုခြင်းဖြစ်သည်။

နောဧမူကား၊ ထာဝရဘုရားစိတ်တော်နှင့် တွေ့သောသူဖြစ်သတည်း
"သို့ရာတွင်၊ ထာဝရဘုရားသည် နောဧကို နှစ်သက်တော်မူသတည်း" သို့မဟုတ် "နောဧမူကား၊ ထာဝရဘုရား စိတ်တော်နှင့်တွေ့သောသူ ဖြစ်သတည်း" (UDB)

ထာဝရဘုရား စိတ်တော်နှင့်တွေ့
"စိတ်တော်နှင့်တွေ့" ဟူရာတွင် နှစ်သက်မှုရှိခြင်းကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား စိတ်တော်နှင့်တွေ့" သို့မဟုတ် "ထာဝရဘုရား စိတ်တော်ကို ကျေနပ်စေ"

**Genesis 6:9**

ယေဘုယျ အချက်အလက်
နောဧ၏ သမိုင်းမှတ်တမ်းဖြစ်ပြီး အခန်းကြီး ၉ တွင် အဆုံးသတ်သည်။

နောဧအတ္တုပ္ပတ္တိဟူမူကား
"ဤသည်ကား နောဧ၏ သမိုင်း မှတ်တမ်းတည်း"

ဘုရားသခင်နှင့်အတူသွားလာ၏
၅:၂၂ အတိုင်း ပြန်ဆိုရန်။

နောဧသည် . . . သားသုံးယောက်ကို မြင်လေ၏
"နောဧတွင် ... သားသုံးယောက် ရှိလေ၏" သို့မဟုတ် "နောဧ၏ မယား၌ ... သားသုံးယောက် ရှိလေ၏"

ရှေမ၊ ဟာမ၊ ယာဖက်
ဘာသာပြန်သူများအနေဖြင့် "မွေးဖွားသည့် အစဉ်ဖြင့် ရေးသားခြင်း မဟုတ်" ဟူ၍ မှတ်ချက်ချ ပြန်ဆိုရေးသားနိုင်သည်။

**Genesis 6:11**

မြေကြီး
ဖြစ်နိုင်သော ဖွင့်ဆိုချက်များမှာ၊

ဘုရားသခင့်ရှေ့မှာ
ဖြစ်နိုင်သော ဖွင့်ဆိုချက်များမှာ၊ (၁) "ဘုရားသခင် ရှေ့မှောက်၌" သို့မဟုတ် (၂) "ထာဝရဘုရား ရှေ့မှာ" ဟူ၍ ၄:၁၆ အတိုင်း။

ပုပ်စပ်လျက်ရှိ၏
လူတို့ပြုသောအမှုဖြင့် ခိုင်းနှိုင်းထားသော ရုပ်ပုံဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ညစ်ပေလျှက်ရှိ၏" သို့မဟုတ် "ဆိုးညစ်လျှက်ရှိ၏"

အဓမ္မအမှုနှင့် ပြည့်စုံလေ၏
မြေကြီးကို ပစ္စည်းထည့်နိုင်သော ဘူးခွံကဲ့သို့ ခိုင်းနှိုင်းထားသော ရုပ်ပုံဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဓမ္မအမှုပြုသူနှင့် ပြည့်စုံလေ၏" သို့မဟုတ် "ဒုစရိုက်ပြုသူနှင့် ပြည့်စုံလေ၏"

ကြည့်ရှုသောခါ
"ကြည့်ရှု" ဟူသည်မှာ နောက်ဆက်တွဲ ထူးဆန်းဖြစ်ရပ်ကို အာရုံပြုရန် သုံးထားသော စကားစု ဖြစ်သည်။

လူအပေါင်း
ဖြစ်နိုင်သော ဖွင့်ဆိုချက်များမှာ၊

ဖေါက်ပြန်ခြင်းသို့ ရောက်ကြပြီ
လမ်းလွဲသွားသကဲ့သို့ ခိုင်းနှိုင်းထားသော ရုပ်ပုံဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်၏ အလိုတော်ကို ဆန့်ကျင်ကြပြီ" သို့မဟုတ် "ဒုစရိုက်ပြုခြင်းသို့ ရောက်ကြပြီ" (UDB)

### Genesis 6:13

သတ္တဝါအပေါင်း
၆:၁၁ အတိုင်း "လူအပေါင်း" ဟူ၍ ပြန်ဆိုနိုင်သည်။

သူတို့ကြောင့် မြေကြီးသည် အဓမ္မမှုနှင့်ပြည့်စုံလေ၏
"မြေကြီးပေါ်ရှိ သူတို့အားလုံးသည် အဓမ္မအမှုနှင့်ပြည့်စုံလေ၏"

မြေကြီးနှင့်တကွ သူတို့ကို ငါဖျက်ဆီးမည်
"မြေကြီးမှအစ သူတို့အားလုံးကို ငါဖျက်ဆီးမည်" သို့မဟုတ် "မြေကြီးကို ရှင်းလင်းချိန်တွင် သူတို့ကို ငါဖျက်ဆီးမည်"

သင်္ဘော
ပြင်းထန်သောမုန်တိုင်း တိုက်ခတ်သောအခါ ရေ၌ ပေါ်မြည့် သစ်သားတုံးကြီးတစ်ခုကို ညွှန်းသည်။ "လှေကြီး" သို့မဟုတ် "သင်္ဘောကြီး" သို့မဟုတ် "ဖောင်ကြီး"

ဂေါဖရသစ်သား
မည်သည့်သစ်သားမျိုး ဖြစ်သည်ကို နားလည်ရန် ခက်ခဲ၏။ "သင်္ဘောတည်သော သစ်သား" သို့မဟုတ် "သစ်သားကောင်း"

ထင်းရှူးစေးနှင့်သုတ်လော့
"ထင်းရှူးစေးနှင့်အုပ်လော့" သို့မဟုတ် "သစ်စေးနှင့်သုတ်လော့။" ထိုသို့ ပြုရသည့် အကြောင်းရင်းကို ထည့်သွင်း၍လည်း ရသည်။ "ရေမဝင်စေရန် ထင်းရှူးစေးနှင့်သုတ်လော့"

ထင်းရှူးစေး
သင်္ဘောတည်ဆောက်ရာ၌ ရေမဝင်ရန် သင်္ဘောကိုယ်ထည်ရှိ သစ်သားများကြား အပေါက်၌ သုတ်ရသော ထူထပ်၍ စေးကပ်စိုရွှဲသည့် အရည်တစ်မျိုး။

အတောင်
မီတာတဝက်နီးပါး အရှည်ရှိသော အတိုင်းအတာ ပမာဏ။

အတောင်သုံးရာ
"၁၃၈ မီတာ။" ULB မူပြန်ကျမ်းအတိုင်း မူရင်းဟေဗြဲ တိုင်းတာမှုကိုလည်းကောင်း၊ UDB မူပြန်ကျမ်းအတိုင်း မက်တရစ် ခေါ် ခေတ်ပေါ်တိုင်းတာမှုကိုလည်းကောင်း အသုံးပြု ပြန်ဆို၍ရသည်။ သို့မဟုတ်လျှင်၊ အဆိုပါ တိုင်းတာမှုအောက်၌ "အတောင် ၃၀၀ မှာ ၁၃၈ မီတာခန့် ရှည်သည်" ဟူ၍လည်း ဖော်ပြနိုင်သည်။

အတောင်ငါးဆယ်
"နှစ်ဆယ့်သုံး မီတာ"

အတောင်သုံးဆယ်
"တဆယ့်လေး မီတာ"

### Genesis 6:16

အမိုး
ထိပ်ချွန်အမိုး ဖြစ်နိုင်သည်။ မိုးဒဏ်မှ ကာကွယ်ရန် ဖြစ်သည်။

တောင်
မီတာတဝက်နီးပါး အရှည်ရှိသော အတိုင်းအတာ ပမာဏ။ ၆:၁၃ မှ ပြန်ဆိုချက်ကို ရှု။

အောက်ဆင့်၊ အလယ်ဆင့်၊ အပေါ်ဆင့်ဟူ၍၊ သုံးဆင့်
"အောက်ထပ်၊ အလယ်ထပ်နှင့် အပေါ်ထပ်ဟူ၍၊ သုံးထပ်" သို့မဟုတ် "အတွင်း၌ အထပ်သုံးထပ်" (UDB)

ဆင့်
"အထပ်" သို့မဟုတ် "အခန်း"

အသက်ရှင်သော
အခြားသော ဘာသာပြန်ဆိုချက်၊ "သက်ရှိ"

သတ္တဝါအပေါင်း
"သတ္တဝါ" ဟူရာတွင် လူသားနှင့် တိရစ္ဆာန်မှစသော သက်ရှိသတ္တဝါအပေါင်းကို ညွှန်း၏။

မြေကြီးကို ရေလွှမ်းမိုးစေသဖြင့်
"မြေကြီးကို ရေကြီးစေသဖြင့်" သို့မဟုတ် "မြေကြီးကို ရေလွှမ်းမိုးမှု ရှိစေသဖြင့်"

### Genesis 6:18

သင်၌
နောဧကို ညွှန်း၏။

သင်၌မူကား၊ ငါ့ပဋိညာဉ်ကို ငါတည်စေမည်
"သို့သော်၊ ငါ့ပဋိညာဉ်ကို သင်၌ တည်စေမည်"

အသက်ရှင်သော တိရစ္ဆာန်အမျိုးမျိုးထဲက၊ အထီးအမ၊ အစုံတို့ကိုယူ၍၊ . . . သင်္ဘောထဲသို့ သွင်းရမည်
"အသက်ရှင်သော တိရစ္ဆာန်တို့ကို အထီးအမ တစုံချင်းယူ၍၊ ... သင်္ဘောထဲသို့ သွင်းရမည်"

သင်သည် . . . သင်္ဘောထဲသို့ ဝင်ရမည်
သင်သည် ... သင်္ဘောထဲသို့ ဝင်သွားရမည်။" အချို့ မူပြန်ကျမ်းများ၌ "သင်သည် ... သင်္ဘောထဲသို့ ဝင်လာရမည်။"

တိရစ္ဆာန်
ဘုရားသခင် ဖန်ဆင်းသော သတ္တဝါတစ်မျိုး

### Genesis 6:20

အမျိုးအလိုက်
"အမျိုးကို လိုက်၍"

တွားတတ်သော တိရစ္ဆာန်အပေါင်း
မြေပေါ်တွင် တွားသွားသော တိရစ္ဆာန်ငယ်များကို ဆိုလိုသည် (UDB)။

အထီးအမ၊ အစုံ
တိရစ္ဆာန် အစုံလိုက်

အသက်ချမ်းသာ စေခြင်းငှါ
"သေဘေးမှ လွတ်ခြင်းငှါ"

. . . သင့်ထံသို့ . . .
နောဧကို ညွှန်း၏။

ကိုယ်စားစရာအဘို့၊ တိရစ္ဆာန်တို့စားစရာအဘို့၊ စားအပ်သောအစာ
"လူနှင့်တိရစ္ဆာန်တို့အဘို့၊ စားအပ်သောအစာ"

မှာထားတော်မူသည့်အတိုင်းလည်း နောငပြေုလေ၏

ဘုရားသခင် မိန့်တော်မူသည့်အတိုင်း ပြုလုပ်ကြောင်း
ရှင်းလင်းသော စာကြောင်းဖြစ်သည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "မှာထားတော်မူသမျှကို နောငပြေုလေ၏"

---

## Chapter 7

1 ထိုနောက်၊ ထာဝရဘုရားသခင်သည် နောဧကို တဖန် မိန့်တော်မူပြန်သည်ကား၊ ဤကာလအမျိုးတွင် သင်သည် ငါ့ရှေ့၌
ဖြောင့်မတ်ကြောင်းကို ငါသိမြင်သည် ဖြစ်၍၊ သင်၏အိမ်သူအိမ်သားအပေါင်းတို့နှင့်တကွ၊ သင်္ဘောထဲသို့ ဝင်ကြလော့။ 2
မြေကြီးပေါ်မှာ တိရစ္ဆာန်အမျိုးမပျက်ဆက်နွယ် စေခြင်းငှါ၊ စင်ကြယ်သော သားမျိုး၊ တမျိုးတမျိုးတွင် အထီးအမခုနစ်စုံစီ၊
မစင်ကြယ်သော သားမျိုး၊ တမျိုး တမျိုးတွင်လည်း အထီးမနှစ်စုံစီ၊ 3 မိုဃ်းကောင်းကင်ငှက်၊ တမျိုးမျိုးတွင်လည်း
အထီးအမခုနစ်စုံစီ၊ အသီးသီးတို့ကို သိမ်းယူရမည်။ 4 အကြောင်းမူကား၊ ယနေ့မှစ၍ ခုနစ်ရက်စေ့လျှင်၊ အရက်လေးဆယ်ပတ်လုံး
မြေကြီးပေါ်သို့ မိုဃ်း ရွာစေမည်။ ငါဖန်ဆင်းသော သတ္တဝါအပေါင်းတို့ကို၊ မြေကြီးမျက်နှာပေါ်မှ ငါပယ်ရှင်းမည်ဟု၊ ထာဝရဘုရား
မှာထားတော်မူ၏။ 5 မှာထားတော်မူသည်အတိုင်းလည်း နောဧ ပြုလေ၏။ 6 မြေကြီးကို ရေလွှမ်းမိုးသောအခါ နောဧသည်
အသက်ခြောက်ရာရှိသတည်း။ 7 ရေလွှမ်းမိုးခြင်းဘေးကြောင့်၊ နောဧသည် မိမိ သား၊ မယား၊ ချွေးမများနှင့်တကွ၊ သင်္ဘောထဲသို့ ဝင်၍
8 ဘုရားသခင် မှာထားတော်မူသည့်အတိုင်း စင်ကြယ်သောသား၊ မစင်ကြယ်သောသား၊ ငှက်များနှင့် မြေပေါ်မှာ တွားတတ်သော
တိရစ္ဆာန်များအထဲက၊ 9 အထီးအမအစုံတို့သည်၊ နောဧနှင့်အတူ သင်္ဘောထဲသို့ ဝင်ကြ၏။ 10 ခုနစ်ရက်စေ့သောအခါ၊
လွှမ်းမိုးအပ်သော ရေသည် မြေပေါ်၌ ပေါ်လာ၏။ 11 နောဧအသက်ခြောက်ရာစေ့သောနှစ်၊ ဒုတိယလ၊ ဆယ်ခုနစ်ရက်နေ့တွင်၊
ကြီးစွာသော နက်နဲရာ ရေပေါက်ရေတွင်းတို့၏ အဆီးအတားရှိသမျှကို ပယ်ရှင်း၍၊ မိုဃ်းကောင်းကင်ပြွန်ပများကို ဖွင့်သဖြင့်၊ 12
အရက်လေးဆယ်ပတ်လုံးမြေကြီးပေါ်မှာ မိုဃ်းရွာလေ၏။ 13 ထိုနေ့ရက်တွင်၊ နောဧနှင့် မိမိမယားမှစ၍ ရှေမ၊ ဟာမ၊
ယာဖက်တည်းဟူသော နောဧသားသုံးယောက်၊ ချွေးမသုံးယောက်တို့သည် သင်္ဘောထဲသို့ ဝင်ကြ၏။ 14 သားရဲမျိုး၊ သားယဉ်မျိုး၊
မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်မျိုး၊ ပျံတက်သော ကြက်ငှက်မျိုး၊ 15 အသက်ရှင်သော တိရစ္ဆာန်အမျိုးအမျိုး
အပေါင်းတို့အထဲက၊ အထီးအမအစုံတို့သည်၊ နောဧနှင့် အတူ သင်္ဘောထဲသို့ ဝင်ကြလေ၏။ 16 ထိုသို့နောဧကို
ဘုရားသခင်မှာထားတော်မူသည်အတိုင်းဝင်သောတိရစ္ဆာန်တို့သည်၊ ခပ်သိမ်းသော တိရစ္ဆာန်တို့အထဲက၊ အထီးအမ စုံလျက်ဝင်ကြ၏။
ထာဝရဘုရားသည်လည်း နောဧကို အထဲမှာ ပိတ်ထားတော်မူ၏။ 17 ရေလွှမ်းမိုးခြင်းသည် အရက်လေးဆယ်ပတ်လုံး မြေကြီးပေါ်မှာ
အစဉ်အတိုင်း တိုးတက်၍ သင်္ဘောကို မြေမှခွါလျက် ဆောင်ယူလေ၏။ 18 တဖန်ရေသည်အားကြီး၍ မြေကြီးပေါ်မှာ
အလွန်တိုးတက်သဖြင့်၊ သင်္ဘောသည် ရေမျက်နှာပေါ်၌ မျောလျက်နေလေ၏။ 19 နောက်တဖန်ရေသည် မြေကြီးပေါ်မှာ အလွန်
အားကြီးသဖြင့် မိုဃ်းကောင်းကင်အောက်၌ ရှိသမျှသော တောင်ကြီးအပေါင်းတို့သည် မြုပ်ကြ၏။ 20 ရေမြုပ်သောတောင်တို့
အထက်၌ လွှမ်းတတ်သော ရေသည် ဆယ်ငါးတောင်ရှိသတည်း။ 21 မြေပေါ်မှာ လှုပ်ရှားတတ်သော တိရစ္ဆာန်မျိုးတည်းဟူသော ငှက်၊
သားယဉ်၊ သားရဲ၊ မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်အပေါင်းတို့နှင့် လူအပေါင်းတို့သည် သေကြကုန်၏။ 22 အသက်ရှူလျက်
ကုန်းပေါ်မှာ ရှိလေသမျှတို့သည် သေကြကုန်၏။ 23 မြေမျက်နှာပေါ်၌ ရှိသောလူဖြစ်စေ၊ သားဖြစ်စေ တွားတတ်သော အရာဖြစ်စေ၊
မိုဃ်းကောင်းကင်ငှက် ဖြစ်စေ၊ အသက်ရှင်သော အရာရှိရှိသမျှတို့ကို မြေကြီးပေါ်က ပယ်ရှင်းတော်မူ၍၊ ပျက်စီးကွယ်ပျောက်ခြင်းသို့
ရောက်ကြကုန်၏။ နောဧမှ စ၍ နောဧနှင့်အတူ သင်္ဘောထဲ၌ရှိသော သူတို့သာကျန်ကြွင်းကြလေ၏။ 24 ရေသည်လည်း မြေကြီးပေါ်မှာ
ရက်ပေါင်း တရာ့ငါးဆယ်ပတ်လုံး အားကြီးစွာ တည်လေ၏။

---

### Genesis 7:1

ယေဘုယျ အချက်အလက်
နောဧ သင်္ဘောကိုဆောက်၍၊ အစာကိုစုလျက်၊ သင်္ဘောထဲသို့ သွင်းပြီးနောက် အဖြစ်အပျက်ကို ဖော်ပြထားသည်။

ဤကာလအမျိုးတွင်
ထိုခေတ်အခါ၌ နေသောသူများကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယခု အသက်ရှင်သောသူအပေါင်းတွင်"

သင်
နောဧကို ညွှန်းသည်။

ငါ့ရှေ့၌ ဖြောင့်မတ်ကြောင်းကို ငါသိမြင်သည်
နောဧကို ဖြောင့်မတ်သည်ဟု ဘုရားသခင် သတ်မှတ်လိုက်ခြင်းဖြစ်သည်။

သင်၏အိမ်သူအိမ်သားအပေါင်း
"သင်၏မိသားစုအပေါင်း"

. . . သင်္ဘောထဲသို့ ဝင်ကြလော့။ . . . သိမ်းယူရမည်
"... သင်္ဘောထဲသို့ ဝင်ကြလော့။ ... ခေါ်ဆောင်ရမည်။"

အမျိုးမပျက် ဆက်နွယ်စေခြင်းငှါ
"နောင်မျိုးဆက် ရှင်သန်စေခြင်းငှါ" သို့မဟုတ် "ရေလွှမ်းမိုးခြင်းပြီးလျှင်၊ အမျိုးမပျက် ဆက်နွယ်စေခြင်းငှါ"

စင်ကြယ်သော သားမျိုး
စားသုံးရန်နှင့် ယဇ်ပူဇော်ရန် ဘုရားသခင် ခွင့်ပြုထားသော တိရစ္ဆာန်အမျိုးကို ညွှန်းသည်။

မစင်ကြယ်သော သားမျိုး
စားသုံးရန်နှင့် ယဇ်ပူဇော်ရန် ဘုရားသခင် တားမြစ်ထားသော တိရစ္ဆာန်အမျိုးကို ညွှန်းသည်။

### Genesis 7:4

အရက်လေးဆယ်ပတ်လုံး
ရက်ပေါင်းလေးဆယ်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရက်ပေါင်းလေးဆယ်လုံး"


generated on Fri Sep 22 10:08:29 2023

## Genesis 7:6

ယေဘုယျ အချက်အလက်
အပိုဒ်ငယ် ၆-၁၂ သည် ၇:၁ ရှိ နောနှင့်မိသားစုအပါအဝင် တိရစ္ဆာန်အပေါင်းတို့ သင်္ဘောထဲ ဝင်သွားသည့်ဖြစ်ရပ်ကို အသေးစိပ် ဖော်ပြထား၏။ အကြောင်းအရာသစ် မဟုတ်။

ရေလွှမ်းမိုးခြင်းဘေးကြောင့်
"ရေလွှမ်းမိုးသောကြောင့်" သို့မဟုတ် "ရေလွှမ်းမိုးခြင်းဘေးမှ လွတ်ရန်"

## Genesis 7:8

ယေဘုယျ အချက်အလက်
အပိုဒ်ငယ် ၆-၁၂ သည် ၇:၁ ရှိ နောနှင့် မိသားစုအပါအဝင် တိရစ္ဆာန်အပေါင်းတို့ သင်္ဘောထဲ ဝင်သွားသည့် ဖြစ်ရပ်ကို အသေးစိပ် ဖော်ပြထား၏။ အကြောင်းအရာ အသစ် မဟုတ်။

စင်ကြယ်သောသား
စားရန်နှင့် ယဇ်ကောင်အဖြစ် ပူဇော်ရန် ဘုရားသခင် ခွင့်ပြုသော တိရစ္ဆာန်ကို ညွှန်းသည်။

မစင်ကြယ်သောသား
စားရန်နှင့် ယဇ်ကောင်အဖြစ် ပူဇော်ရန် ဘုရာသခင် ပိတ်ပင်ထားသော တိရစ္ဆာန်ကို ညွှန်းသည်။

အထီးအမအစုံ
အထီးနှင့်အမ အစုံလိုက်

ခုနစ်ရက်စေ့သောအခါ
"ခုနစ်ရက်မြောက်သောအခါ" သို့မဟုတ် "ခုနစ်ရက်လွန်သော်"

**...**သောအခါ
ဤသမိုင်းမှတ်တမ်း၏ အရေးပါသော ဖြစ်ရပ် တစ်ခု၊ ရေလွှမ်းမိုးသည့်အချိန်ကို ညွှန်းဆိုရာ၌ အသုံးပြုသော စကားစုဖြစ်သည်။ ပြန်ဆိုမည့် ဘာသာစကား၏ အသုံးအနှုန်းကို လိုက်၍ ပြန်ဆိုနိုင်သည်။

လွှမ်းမိုးအပ်သော ရေသည် မြေပေါ်၌ ပေါ်လာ၏
"မိုဃ်းရေများ ရွာချလာပြီး" ဟု ပို၍တိကျစွာ ဖော်ပြနိုင်သည်

## Genesis 7:11

ယေဘုယျ အချက်အလက်
အပိုဒ်ငယ် ၆-၁၂ သည် ၇:၁ ရှိ နောနှင့်မိသားစုအပါအဝင် တိရစ္ဆာန်အပေါင်းတို့ သင်္ဘောထဲ ဝင်သွားသည့်ဖြစ်ရပ်ကို အသေးစိပ် ဖော်ပြထား၏။ အကြောင်းအရာ အသစ် မဟုတ်။

နောအသက်ခြောက်ရာစေ့သောနှစ်
"နောအသက် ခြောက်ရာပြည့်သောနှစ်"

ဒုတိယလ၊ ဆယ်ခုနစ်ရက်နေ့
ဤကျမ်းကို မောရှေပြုစုထားသည်အလျောက်၊ ဟေဗြဲပြက္ခဒိန်၏ ဒုတိယကို ညွှန်းနေခြင်း ဖြစ်ပေမည်။ သို့သော် သေချာမှု မရှိ။

ကြီးစွာသော နက်နဲရာ ရေပေါက်ရေတွင်းတို့၏ အဆီးအတားရှိသမျှကို ပယ်ရှင်း၍
"မြေအောက်မှ ရေများ မြေပေါ်သို့ ထိုးထွက်စေ၍"

ကြီးစွာသော နက်နဲရာ
မြေအောက်ရှိ ပင်လယ်ပြင်ကို ညွှန်းဆိုခြင်း ဖြစ်နိုင်သည်။

မိုဃ်းကောင်းကင်ပြွန်ပများကို ဖွင့်သဖြင့်
မိုးရေကို ညွှန်း၏။ မိုဃ်းပေါ်ရှိရေကို မြေပေါ် ကျမသွားစေရန် ကောင်းကင်က နံရံသဖွယ် တားဆီးနေကြောင်း ဖော်ပြနေသည်။ ထိုကောင်းကင် ပြူတင်းပေါက်၊ သို့မဟုတ် တံခါးများ ပွင့်လာသောအခါ မိုဃ်းရေများ ရွာချလာသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မိုဃ်းကောင်းကင်ကို ဖွင့်သဖြင့်" သို့မဟုတ် "မိုဃ်းကောင်းကင် တံခါးပေါက်များကို ဖွင့်သဖြင့်"

မိုဃ်း
ပြန်ဆိုမည့် ဘာသာစကားတွင် မိုးရေ အမြောက်အများ ရွာသည်ဟူသော အသုံးအနှုန်းမျိုးဖြင့် ပြန်ဆိုသင့်သည်။

## Genesis 7:13

ယေဘုယျ အချက်အလက်
အပိုဒ်ငယ် ၁၃-၁၈ သည် ၇:၁ ရှိ နောနှင့်မိသားစုအပါအဝင် တိရစ္ဆာန်အပေါင်းတို့ သင်္ဘောထဲ ဝင်သွားသည့်ဖြစ်ရပ်ကို အသေးစိတ် ဖော်ပြထား၏။ အကြောင်းအရာအသစ် မဟုတ်။

ထိုနေ့ရက်တွင်
"ထိုနေ့တွင်။" မိုးစတင် ရွာသောနေ့ကို ညွှန်းသည်။ အငယ် ၁၃-၁၆ တွင် မိုးမရွာမီအချိန်၌ ပြုခဲ့သောအရာများကို ဖော်ပြထား၏။

သားရဲမျိုး၊ သားယဉ်မျိုး၊ မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်မျိုး၊ ပျံတက်သော ကြက်ငှက်မျိုး
ဖော်ပြပါ တိရစ္ဆာန်အမျိုး လေးမျိုးမှာ သက်ရှိတိရစ္ဆာန် အပေါင်းကို ခြုံငုံညွှန်းဆိုလိုက်ခြင်း ဖြစ်သည်။ ပြန်ဆိုမည့် ဘာသာစကားတွင် တိရစ္ဆာန်အားလုံးကို ခြုံငုံသော အမျိုးစုများ ရှိသည်အတိုင်း ပြန်ဆိုရန် ဖြစ်သည်။ ၁:၂၄ မှ ပြန်ဆိုချက်ကို ရှု။

မြေပေါ်မှာ တွားတတ်သော တိရစ္ဆာန်မျိုး
ကြွက်အမျိုး၊ ပိုးကောင်အမျိုး၊ တွားသွားသတ္တဝါအမျိုးနှင့် မြွေအမျိုးမှစသော မြေပေါ်၌ တွားသော အကောင်အားလုံးကို ညွှန်းသည်။

## Genesis 7:15

ယေဘုယျ အချက်အလက်
အပိုဒ်ငယ် ၁၃-၁၈ သည် ၇:၁ ရှိ နောနှင့်မိသားစုအပါအဝင် တိရစ္ဆာန်အပေါင်းတို့ သင်္ဘောထဲ ဝင်သွားသည့်ဖြစ်ရပ်ကို အသေးစိတ် ဖော်ပြထား၏။ အကြောင်းအရာအသစ် မဟုတ်။

အသက်ရှင်သော
"အသက်" ဟု ဆိုရာတွင် ခန္ဓာအသက်ကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သက်ရှိ"

တိရစ္ဆာန်အမျိုးအမျိုး အပေါင်း
အခြားသော ဘာသာပြန်ဆိုချက်၊ "တိရစ္ဆာန်အပေါင်း"

အထီးအမအစုံ
တိရစ္ဆာန်ကို ညွှန်းသည်။

နောနှင့်အတူ
ဤစာပိုဒ်ကို "နောထံသို့လာ၍" ဟုလည်း ပြန်ဆိုနိုင်သည်။

### Genesis 7:17

ယေဘုယျ အချက်အလက်
အပိုဒ်ငယ် ၁၇-၁၈ သည် ၇:၁ ရှိ နောနှင့်မိသားစုအပါအဝင် တိရစ္ဆာန်အပေါင်းတို့ သင်္ဘောထဲ ဝင်သွားသည့်ဖြစ်ရပ်ကို အသေးစိတ် ဖော်ပြထား၏။ အကြောင်းအရာ အသစ် မဟုတ်။

ရေလွှမ်းမိုးခြင်းသည် . . . အစဉ်အတိုင်း တိုးတက်၍
ရက်လေးဆယ်ပတ်လုံး မိုးရွာခြင်းမှ ဖြစ်လာသည်။ "ရေသည် . . . အစဉ်အတိုင်း နက်လာ၍"

သင်္ဘောကို . . . ဆောင်ယူလေ၏
"သင်္ဘောကို ... ရေပေါ်၌ တည်စေ၏"

မြေမှခွါလျက် ဆောင်ယူလေ၏
"သင်္ဘောကို မြေမှခွါလျက် ရေပေါ်၌ တည်စေ၏" သို့မဟုတ် "သင်္ဘောသည် ရေပေါ်၌ တည်လေ၏"

### Genesis 7:19

ရေသည် မြေကြီးပေါ်မှာ အလွန်အားကြီးသဖြင့်
"ရေသည် မြေကြီးကို အုပ်စိုးသဖြင့်"

ဆယ်ငါးတောင်
"ခြောက်မီတာ။" ၆:၁၃ မှ ပြန်ဆိုချက်ကို ရှု။

### Genesis 7:21

လှုပ်ရှားတတ်သော
"အသက်ရှင်သော" သို့မဟုတ် "ရွေ့လျားတတ်သော"

မြေပေါ်မှာ လှုပ်ရှားတတ်သော . . . တိရစ္ဆာန်အပေါင်း
မြေပေါ်၌ အသက်ရှင်သော တိရစ္ဆာန်အမျိုးပေါင်း အားလုံးကို ညွှန်းဆိုသည်။

အသက်ရှူလျက်
"ရှူ" ဟူသည်မှာ တိရစ္ဆာန်အပါအဝင် လူသားမှစသော သတ္တဝါအားလုံးကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အသက်ရှင်လျက်"

အသက်
လူနှင့် တိရစ္ဆာန်အပေါင်းကို ရှင်စေနိုင်သေသာ အစွမ်းကို ပုံဆောင်သည်။

သေကြကုန်၏
ကိုယ်ခန္ဓာသေခြင်းကို ညွှန်း၏။

### Genesis 7:23

အသက်ရှင်သော အရာရှိရှိသမျှတို့ကို . . . ပယ်ရှင်းတော်မူ၍
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အသက်ရှင်သော အရာရှိရှိသမျှတို့သည် ... ပယ်ပျောက်၍"

ပျက်စီးကွယ်ပျောက်ခြင်းသို့ ရောက်ကြကုန်၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင် ဖျက်စီးတော်မူ၏"

မြေကြီးပေါ်က
"မြေကြီးပေါ်မှ"

နောနှင့်အတူ သင်္ဘောထဲ၌ရှိသောသူ
"သင်္ဘောထဲ၌ အတူပါရှိသောသူ"

ကျန်ကြွင်းကြလေ၏
"ကျန်ရှိကြ၏" သို့မဟုတ် "အသက်ရှင်ကြ၏" သို့မဟုတ် "အသက်ရှင်ခွင့်ရကြ၏" (UDB)

ရေသည်လည်း မြေကြီးပေါ်မှာ . . . အားကြီးစွာ တည်လေ၏
"ရေသည်လည်း မြေကြီးကို ... ဖုံးအုပ်လေ၏" သို့မဟုတ် "မြေကြီးပေါ်မှာ ... ရေလွှမ်းလေ၏"

 generated on Fri Sep 22 10:08:29 2023

## Chapter 8

1 ဘုရားသခင်သည်၊ နောဧမှစ၍ အသက်ရှင် သမျှသောသတ္တဝါ၊ နောဧနှင့်အတူ သင်္ဘောထဲ၌ရှိသော တိရစ္ဆာန်အပေါင်းတို့ကို
အောက်မေ့၍၊ မြေကြီးပေါ်မှာ လေ့လာစေတော်မူသဖြင့် ရေငြိမ်လေ၏။ 2 နက်နဲရေပေါက်ရေတွင်းများ မိုဃ်းကောင်းကင် ပြွန်ဝများကို
ဆို့ပိတ်၍ မိုဃ်းကို စဲစေတော်မူ၏။ 3 ရေသည်လည်း မြေပေါ်မှာ အစဉ်အတိုင်း စီးသွား၍၊
အရက်တရာ့ငါးဆယ်စေ့သောအခါယုတ်လျော့ လေ၏။ 4 သတ္တမလ၊ ဆယ်ခုနစ်ရက်နေ့တွင် သင်္ဘောသည် အာရရတ်အမည်ရှိသော
တောင်ပေါ်မှာ တင်လေ၏။ 5 ဒသမလတိုင်အောင် ရေသည် အစဉ်မပြတ် ယုတ်လျော့၍၊ ထိုလဆန်းတရက်နေ့တွင် တောင်ထိပ်
တို့သည် ပေါ်ကြ၏။ 6 ထိုအရက်လေးဆယ်ကြာလျှင်၊ နောဧသည် သင်္ဘောထဲ၌ လုပ်ခဲ့သော ပြတင်းပေါက်ကိုဖွင့်၍၊ ကျီး တကောင်ကို
လွှတ်လေ၏။ 7 ထိုကျီးအသည် မြေပေါ်မှာ ရေမခန်းမခြောက် မှီတိုင်အောင်၊ သွားလာလျက် နေလေ၏။ 8 တဖန် မြေမျက်နှာပေါ်မှာ
ရေကုန်သည် မကုန်သည်ကို သိခြင်းငှါ၊ ချိုးတကောင်ကို လွှတ်ပြန်လေ၏။ 9 မြေတပြင်လုံး၌ ရေရှိသေးသောကြောင့်၊ ချိုးသည်
ခြေဖြင့်နင်း၍ အမောဖြေစရာကို မတွေ့သဖြင့်၊ နောဧရှိရာ သင်္ဘောသို့ပြန်လာလေ၏။ နောဧသည်လည်း လက်ကိုဆန့်၍၊
ချိုးကိုကိုင်ယူပြီးလျှင်၊ မိမိနေရာ သင်္ဘော ထဲသို့သွင်းလေ၏။ 10 တဖန်ခုနစ်ရက်နေပြီးမှ ထိုချိုးကို သင်္ဘောထဲက လွှတ်ပြန်၏။ 11
ညဦးအချိန်၌ ချိုးသည် နောဧထံသို့ ပြန်လာ၍၊ မိမိဆိတ်ယူသော သံလွင်ရွက်ကို မိမိနှုတ်သီးဖြင့် ဆောင်ခဲ့ သောကြောင့်၊ 12
မြေကြီးပေါ်မှာ ရေကုန်ကြောင်းကို နောဧသိလေ၏။ တဖန် ခုနစ်ရက်နေပြီးမှ ထိုချိုးကို လွှတ်ပြန်၏။ နောက်တဖန် ချိုးသည်
မပြန်မလာနေ၏။ 13 အနှစ်ခြောက်ရာတခု ပဌမလဆန်းတရက်နေ့တွင်၊ မြေကြီးပေါ်မှာ ရေခန်းခြောက်သည်ရှိသော်၊ နောဧသည်
သင်္ဘောမိုးကို ပယ်ဖျက်၍ ကြည့်ရှုသောအခါ၊ မြေမျက်နှာသွေ့ခြောက်စရှိသည်ကို မြင်၏။ 14 ဒုတိယလ၊ နှစ်ဆယ်ခုနစ်ရက်နေ့တွင်
မြေကြီး သွေ့ခြောက်လေ၏။ 15-16 ဘုရားသခင်ကလည်း သင်သည် သားမယား၊ ချွေးမတို့နှင့်တကွ၊ သင်္ဘောထဲက ထွက်ဆင်းလော့။
17 သင်ထံမှာ အသက်ရှင်သော တိရစ္ဆာန်၊ ငှက်များ၊ သားများ မြေပေါ်၌ တွားတတ်သောတိရစ္ဆာန်များ တို့သည်၊
မြေပေါ်မှာသားကိုမွေး၍ အလွန် တိုးပွားများပြားမည်အကြောင်း၊ ထိုတိရစ္ဆာန်ရှိသမျှတို့ကို ကိုယ်နှင့်အတူ ထုတ်ဆောင်လော့ဟု၊
နောဧကို မိန့်တော်မူ၏။ 18 ထိုအခါနောဧမှစ၍ သား၊ မယား၊ ချွေးမတို့သည် ထွက်ဆင်းကြ၏။ 19 သားများ၊ တွားတတ်သော
တိရစ္ဆာန်များ၊ ငှက်များ၊ မြေပေါ်မှာ လှုပ်ရှားတတ်သမျှသော အမျိုးမျိုး အပေါင်းတို့သည်လည်း၊ သင်္ဘောထဲက ထွက်ဆင်းကြ၏။ 20
နောဧသည်လည်း၊ ထာဝရဘုရားအဘို့ ယဇ်ပလ္လင်ကို တည်ပြီးမှ စင်ကြယ်သောသား၊ စင်ကြယ်သော ငှက်အမျိုးမျိုးထဲကယူ၍၊
ယဇ်ပလ္လင်ပေါ်မှာ မီးရှို့သော ယဇ်ကို ပူဇော်လေ၏။ 21 ထာဝရဘုရားသည်လည်း မွှေးကြိုင်သော အနံ့ကို ခံယူ၍၊ ငါသည်
နောက်တဖန်လူတို့အတွက် မြေကြီးကို မကျိန်။ အကြောင်းမူကား၊ လူတို့သည် ငယ်သောအရွယ်မှ စ၍၊
စိတ်နှလုံးအကြံအစည်ဆိုးကြ၏။ ငါသည် ယခုတခါ ပြုပြီးသကဲ့သို့၊ အသက်ရှင်သောအရာရှိသမျှတို့ကို နောက်တဖန် ဒဏ်မခတ်။ 22
မြေကြီးမကုန်မှီတိုင်အောင် မျိုးစေ့ကြဲရသော ကာလ၊ အသီးအနှံကို သိမ်းရသောကာလ၊ ချမ်းသော ကာလ၊ ပူသောကာလ၊ နွေကာလ၊
ဆောင်းကာလ မပြတ်ရဟု အမိန့်တော်ရှိ၏။

---

---

### Genesis 8:1

အောက်မေ့၍
"သနားခြင်း ရှိ၍"

သင်္ဘော
ပြင်းထန်သောမုန်တိုင်း တိုက်ခတ်သောအခါ ရေ၌ ပေါ်မည့် သစ်သားတုံးကြီးတစ်ခုကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လှေကြီး" သို့မဟုတ် "သင်္ဘောကြီး" သို့မဟုတ် "ဖောင်ကြီး။" ၆:၁၃ မှ ပြန်ဆိုချက်ကို ရှု။

နက်နဲရေပေါက်ရေတွင်းများ မိုဃ်းကောင်းကင်ပြွန်ဝများကို ဆို့ပိတ်၍
"မြေအောက်ရေနှင့် မိုဃ်းရေများကို ရပ်တန့်စေ၍။" အပြုဝါကျအဖြစ် ပြောင်းဆိုနိုင်သည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် မြေအောက်ရေနှင့် မိုဃ်းရေများကို ရပ်တန့်စေ၍"

နက်နဲ ရေပေါက်ရေတွင်းများ
"မြေအောက်ရေများ။" ၇:၁၁ မှ ပြန်ဆိုချက်ကို ရှု။

မိုဃ်းကောင်းကင် ပြွန်ဝများ ဆို့ပိတ်၍
မိုးရွာမှု ရပ်တန့်သွားကြောင်း ညွှန်းသည်။ ကောင်းကင်ကို မိုးရေများ ကျမသွားစေရန် အတားအဆီး ပြုပေးသော အမိုးကဲ့သို့ ခိုင်းနှိုင်းထားသည်။ ထိုအမိုး သို့မဟုတ် တံခါးကို ပိတ်လိုက်သောအခါ မိုးရေများ စီးကျခြင်းမှ ရပ်တန့်သည်ဟု ယူဆကြ၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကောင်းကင်တံခါးများ ဆို့ပိတ်၍။" ၇:၁၁ ရှိ "မိုဃ်းကောင်းကင်ပြွန်များ" မှ ပြန်ဆိုချက်ကို ရှု။

### Genesis 8:4

သတ္တမလ၊ ဆယ်ခုနစ်ရက်နေ့ . . . ဒသမလ
ဤကျမ်းကို မောရှေ ပြုစုထားသည့်အတွက်၊ ဟေဗြဲ ပြက္ခဒိန်၏ သတ္တမလနှင့် ဒသမလကို ညွှန်းခြင်း ဖြစ်ပေမည်။ သို့ရာတွင်၊ သေချာသည်မဟုတ်။

တင်လေ၏
"ဆိုက်လေ၏" သို့မဟုတ် "ရပ်လေ၏"

ထိုလဆန်းတရက်နေ့
"ထိုဒသမလ၏ ပထမနေ့ရက်"

ပေါ်ကြ၏
ပို၍တိကျစွာ ဖော်ပြနိုင်သည်။ "ရေမျက်နှာပြင်မှ ပေါ်ထွက်ကြ၏။"


generated on Fri Sep 22 10:08:29 2023

### Genesis 8:6

နောဧသည် သင်္ဘောထဲ၌ လုပ်ခဲ့သော ပြတင်းပေါက်ကို ဖွင့်၍
"လုပ်ခဲ့သော" ဟု ဆိုရာတွင် နောဧ ပြုလုပ်ခဲ့သည့် "ပြတင်းပေါက်" ကို ညွှန်းသည်။ ပြန်ဆိုမည့် ဘာသာစကားတွင် "သင်္ဘောထဲ၌ မိမိ လုပ်ခဲ့သော ပြတင်းပေါက်ကို ဖွင့်၍၊ နောဧသည်" စသည်ဖြင့် နားလည်နိုင်သည့် အသုံးအနှုန်းမျိုးဖြင့် ပြန်ဆိုရမည်။

ကျီး
တိရစ္ဆာန်အသေကောင်၏ အသားကို အဓိက စားသုံးသော အနက်ရောင်ငှက်တစ်မျိုး

ရေမခန်းမခြောက် မီတိုင်အောင်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လေတိုက်၍ ရေမခန်းမီ တိုင်အောင်" သို့မဟုတ် "ရေခန်းခြောက်ခြင်း မပြုမှီတိုင်အောင်"

သွားလာလျက်နေလေ၏
ဤသည်မှာ သင်္ဘောသို့ ပြန်လာတလှည့်၊ ပျံထွက်တလှည့် သွားလာကြောင်း ဆိုလိုခြင်း ဖြစ်သည်။

### Genesis 8:8

ခြေဖြင့်နင်း၍ အမောဖြေစရာ
"နားနေစရာ" သို့မဟုတ် "ခိုနားစရာ။" ပျံသန်းရာမှ အမောဖြေရန် ရပ်စရာနေရာကို ဆိုလိုခြင်းဖြစ်သည်။

### Genesis 8:10

မိမိဆိတ်ယူသော သံလွင်ရွက်
"သံလွင်ပင်မှ ဆိတ်ယူသော အရွက်"

ဆိတ်ယူ
"ခူးယူ"

တဖန်ခုနစ်ရက်နေပြီးမှ
"တဖန်ခုနစ်ရက် စောင့်ပြီးလျှင်"

နောက်တဖန် ချိုးသည် မပြန်မလာနေ၏
အထက်ပါအတိုင်း ပြန်ဆိုချက်က နားလည်ရန် အခက်အခဲဖြစ်လျှင် အကြောင်းရင်းကို ဆက်လက် ဖော်ပြနိုင်သည်။ "သို့ရာတွင် ခြေဖြင့်နင်း၍ အမောဖြေစရာ တွေ့သဖြင့်၊ ချိုးသည် ပြန်လာခြင်း မပြုတော့။

### Genesis 8:13

အနှစ်ခြောက်ရာတခု
"နောဧအသက် ခြောက်ရာတစ်နှစ်မြောက်"

ပဌမလဆန်းတရက်နေ့တွင်
ဤကျမ်းကို မောရှေ ပြုစုထားသည့်အတွက်၊ ဟေဗြဲ ပြက္ကဒိန်၏ ပထမလကို ညွှန်းခြင်း ဖြစ်ပေမည်။ သို့ရာတွင်၊ သေချာသည် မဟုတ်။

မြေကြီးပေါ်မှာ ရေခန်းခြောက်သည်ရှိသော်၊
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မြေကြီးကိုလွှမ်းမိုးသော ရေသည် ခန်းခြောက် ခြင်းရှိသော်" သို့မဟုတ် "လေသည် ရေကို မြေကြီးပေါ်မှ ခန်းခြောက်စေသော်"

သင်္ဘောမိုး
မိုးယံရေများ ဝင်မသွားစေရန် အသုံးပြုသော အဖုံးကို ညွှန်းသည်။

ဒုတိယလ၊ နှစ်ဆယ်ခုနစ်ရက်နေ့တွင်
"ဒုတိယလ၏ နှစ်ဆယ်ခုနစ်ရက်နေ့တွင်။" ဟေဗြဲ ပြက္ကဒိန်၏ ဒုတိယလကို ညွှန်းဆိုခြင်း ဖြစ်နိုင်သည်။ သို့ရာတွင်၊ သေချာမှုမရှိ။

မြေကြီး သွေ့ခြောက်လေ၏
"မြေသည် လုံးလုံးလျားလျား ခြောက်သွေ့လေ၏" (UDB)

### Genesis 8:15

အသက်ရှင်သော တိရစ္ဆာန်
"အသက်ရှင်သော သတ္တဝါအပေါင်း။" ၆:၁၁ ရှိ "လူအပေါင်း" ပြန်ဆိုချက်ကို ရှု။

သားကိုမွေး၍ အလွန် တိုးပွားများပြားမည်အကြောင်း
ဥပစာစကားဖြစ်သည်။ ၁:၂၈ မှ ပြန်ဆိုချက်ကို ရှု။ ဤစာပိုဒ်မှာ တိရစ္ဆာန်များသာမဟုတ်ဘဲ လူသားတို့ကိုလည်း မျိုးပွားလျက် များပြားရန် ဘုရားသခင် မိန့်တော်မူခြင်းဖြစ်သည်။

ထုတ်ဆောင်လော့ ...ထွက်ဆင်းလော့ . .
"ထွက်ခွါလော့ ... ခေါ်ဆောင်လော့။" တချို့ မူပြန်ကျမ်းတွင်၊ "ထွက်လာလော့ ... ခေါ်ထုတ်လော့" ဟူ၍ ပြန်ဆိုသည်။

### Genesis 8:18

နောဧ ... တို့သည် ထွက်ဆင်းကြ၏
အချို့ မူပြန်ကျမ်းအရ၊ "နောဧ ... တို့သည် ထွက်လာကြ၏။"

မျိုးမျိုး အပေါင်းတို့
"မိမိတို့ အမျိုးအလိုက် စုဖွဲ့၍"

### Genesis 8:20

ထာဝရဘုရားအဘို့ ယဇ်ပလ္လင်ကို တည်ပြီးမှ
"ထာဝရဘုရားအဘို့ ယဇ်ပလ္လင်ကို တည်ပြီးမှ" သို့မဟုတ် "ထာဝရဘုရားကို ပူဇော်ခြင်းငှါ ယဇ်ပလ္လင် တည်ပြီးမှ။" ဤယဇ်ပလ္လင်ကို ကျောက်တုံးကျောက်ခဲများဖြင့် တည်ထားခြင်း ဖြစ်ပေမည်။

စင်ကြယ်သောသား၊ စင်ကြယ်သောငှက်
"စင်ကြယ်" ဟု ဆိုရာတွင် ယဇ်အဖြစ် ဘုရားသခင် လက်ခံထားသော အကောင်များကို ဆိုလိုသည်။ အချို့အကောင်များမှ ယဇ်ပူဇော်ရန် မသင့်လျော်သောကြောင့် ၎င်းကို "မစင်ကြယ်" သောသားဟု ခေါ်သည်။

မီးရှို့သောယဇ်ကို ပူဇော်လေ၏
ဘုရားသခင်အဘို့ ယဇ်ကောင်ကိုသတ်၍ မီးရှို့ပူဇော်ရသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မီးရှို့သော ယဇ်ကို ထာဝရဘုရားအဘို့ ပူဇော်လေ၏"

မွှေးကြိုင်သောအနံ့
အရှို့ခံရသော ယဇ်ကောင်၏ အနံ့ကို ညွှန်းသည်။


generated on Fri Sep 22 10:08:29 2023

လူတို့အတွက်
ပို၍တိကျပေါ်စွာ ဖော်ပြနိုင်သည်။ "လူတို့ အပြစ်အတွက်"

မြေကြီးကို မကျိုန်
"မြေကြီးကို ဖျက်ဆီးခြင်းမပြု" (UDB)

လူတို့သည် ငယ်သောအရွယ်မှ စ၍၊ စိတ်နှလုံးအကြံအစည်ဆိုးကြ၏
"လူတို့သည် ငယ်သောအရွယ်မှ စ၍၊ ဒုစရိုက်အမှုကိုသာ ပြုကြ၏" သို့မဟုတ် "ငယ်ရွယ် ချိန်မှစ၍၊ ဒုစရိုက်အမှုကို ပြုလိုသော ဆန္ဒ ရှိကြ၏"

ငယ်သောအရွယ်
အသက်ရပြီးသော လူကြီးကို ညွှန်းသောစကား ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငယ်ရွယ်ချိန်"

စိတ်နှလုံးအကြံအစည်
"စိတ်နှလုံး" ဟု ဆိုရာတွင် လူ့အကြံအစည်၊ ခံစားချက်၊ တပ်မက်မှု၊ နှင့် အလိုဆန္ဒကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ပြုသမျှသည်" သို့မဟုတ် "အကျင့်သည်"

မြေကြီးမကုန်မှီတိုင်အောင်
"မြေကြီး တည်သည့် ကာလပတ်လုံး" သို့မဟုတ် "ကပ်ကမ္ဘာ မကုန်မှီ တိုင်အောင်"

မျိုးစေ့ကြဲရသောကာလ
"စိုက်ပျိုးရသော ကာလ"

ချမ်းသောကာလ၊ ပူသောကာလ၊ နွေကာလ၊ ဆောင်းကာလ
ရာသီဥတုကြီး နှစ်ပါးနှင့် ၎င်းတို့၏ ရသကို ညွှန်းဆိုသည်။ ပြန်ဆိုမည့်ဘာသာ၏ ဒေသိယ အသုံးအနှုန်းကို လိုက်၍ ပြန်ဆိုနိုင်သည်။

နွေကာလ
တစ်နှစ်တာကာလ၏ ပူလောင်၊ ခြောက်သွေ့သော အချိန်

ဆောင်းကာလ
တစ်နှစ်တာကာလ၏ အေးမြ၊ စိုစွတ် သို့မဟုတ် ချမ်းစိမ့်သော အချိန်

မပြတ်ရ
"ကုန်ဆုံးခြင်းမရှိရ" သို့မဟုတ် "ရပ်တန့်ခြင်းမရှိရ။" ဤစကားစုကို အပြုသဘောဆောင် ပုံစံဖြင့်လည်း ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တည်မြဲစေ"


generated on Fri Sep 22 10:08:29 2023

## Chapter 9

1 ဘုရားသခင်သည်လည်း၊ နောနှင့် သူ၏သား တို့ကိုကောင်းကြီးပေးတော်မူ၍၊ သင်တို့သည်များပြားစွာ မွေးဘွားလျက်
မြေကြီးပြည့်စေကြလော့။ 2 မြေတိရစ္ဆာန်၊ မိုဃ်းကောင်းကင်ငှက်အစရှိသော၊ မြေပေါ်မှာ လှုပ်ရှားတတ်သမျှနှင့်၊
ပင်လယ်ငါးအပေါင်းတို့သည်၊ သင်တို့ရှေ့မှာကြောက်ရွံ့ တုန်လှုပ်ခြင်းသဘောရှိကြလိမ့်မည်။ ထိုတိရိစ္ဆာန်တို့ကို သင်တို့ လက်၌ငါ
အပ်၏။ 3 အသက်ရှင်၍ လှုပ်ရှားတတ်သမျှသည်၊ အသီးအရွက်ကဲ့သို့၊ သင်တို့စားစရာဘို့ ဖြစ်ရမည်။ ခပ်သိမ်း သောအရာတို့ကို
သင်တို့၌ ငါအပ်ပေး၏။ 4 သို့သော်လည်း အသက်တည်းဟူသော အသွေးနှင့်တကွ အသားကို မစားရ။ 5 အကယ်၍
သင်တို့အသက်တည်းဟူသော၊ သင်တို့ အသွေးကို ငါတောင်းမည်။ လူ၊ တိရစ္ဆာန်အပေါင်း တို့၌ ငါတောင်းမည်။ ခပ်သိမ်းသော
လူတို့၏ ညီအစ်ကို၌ လူ၏အသက်ကို ငါတောင်းမည်။ 6 အကြင်သူသည် လူ၏အသွေးကိုသွန်း၏။ ထိုသူ၏အသွေးကို လူလက်ဖြင့်
သွန်းရမည်။ အကြောင်းမူကား ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကို ဖန်ဆင်းတော်မူ၏။ 7 သင်တို့သည်
သားကိုဘွား၍များပြားကြလော့။ မြေပေါ်မှာ အလွန်မွေးဘွား၍ များပြားကြလော့ဟု မိန့်တော်မူ၏။ 8 တဖန်ဘုရားသခင်သည်၊
နောနှင့် သူ၏သား တို့ကို မိန့်တော်မူသည်ကား၊ 9 သင်တို့နှင့်၎င်း၊ နောက်ဖြစ်လတံ့သော အမျိုးအနွယ်နှင့်၎င်း၊ 10
သင်တို့ထံမှာအသက်ရှင်သော တိရစ္ဆာန်တည်းဟူသော ငှက်၊ သားယဉ်၊ သားရဲရှိသမျှ သင်္ဘောထဲက ထွက်ဆင်းသမျှမှစ၍၊
မြေတိရစ္ဆာန်အပေါင်းတို့နှင့်၎င်း၊ ငါသည်ကိုယ်တိုင် ပဋိညာဉ်ပြု၏။ 11 သင်တို့နှင့် ငါပြုသော ပိဋိညာဉ်ဟူမူကား၊
ရေလွှမ်းမိုးခြင်းအားဖြင့်၊ ခပ်သိမ်းသော သတ္တဝါတို့သည် နောက်တဖန် မဆုံးရကြ။ မြေကြီးကို ဖျက်ဆီးဘို့ရာ နောက်တဖန်
ရေလွှမ်းမိုးခြင်း မရှိရ။ 12 ထိုမှတပါး ငါတဘက်၊ သင်တို့နှင့် သင်တို့ထံမှာ အသက်ရှင်သမျှသော တိရစ္ဆာန်တို့ တဘက်၌ သားမြေး
အစဉ်အဆက်မပြတ်၊ ငါပြုသော ပဋိညာဉ်၏ လက္ခဏာ သက်သေဟူမူကား၊ 13 ငါ၏ သက်တံ့ကို မိုဃ်းတိမ်၌ ငါထား၏။
ထိုသက်တံ့သည် မြေကြီးနှင့် ငါပြုသော ပဋိညာဉ်၏ သက်သေဖြစ်လိမ့်မည်။ 14 ငါသည် မိုဃ်းကို အုံ့စေသောအခါ၊ မိုဃ်းတိမ်၌
သက်တံ့သည် ထင်ရှားလိမ့်မည်။ 15 ထိုအခါငါတဘက်၊ သင်တို့မှစ၍၊ အသက်ရှင် သောသတ္တဝါ၊ တိရစ္ဆာန်ရှိသမျှတို့
တဘက်၌ရှိသော၊ ငါ၏ ပဋိညာဉ်ကိုငါ အောက်မေ့သဖြင့် ခပ်သိမ်းသော သတ္တဝါ တို့ကို ဖျက်ဆီးခြင်းငှါ နောက်တဖန်
ရေလွှမ်းမိုးခြင်းမရှိရ။ 16 မိုဃ်းတိမ်၌ သက်တံ့ရှိသည်ကို ငါကြည့်ရှုသဖြင့်၊ ဘုရားသခင်နှင့် မြေကြီးပေါ်မှာ အသက်ရှင်သော
သတ္တဝါတိရစ္ဆာန်အပေါင်းတို့ စပ်ကြားမှာရှိသော ထာဝရပဋိညာဏ်ကို ငါအောက်မေ့မည်။ 17 ဤသည်ကား
ငါနှင့်မြေကြီးပေါ်မှာရှိသော သတ္တဝါအပေါင်းတို့၏ စပ်ကြားမှာ၊ ငါမြဲဖွဲ့သော ပဋိညာဏ်၏ လက္ခဏာသက်သေဖြစ်သတည်းဟု နောဧ
ကို ဘုရားသခင်မိန့်တော်မူ၏။ 18 သင်္ဘောထဲက ထွက်ဆင်းသော နောသားတို့၏အမည်ကား ရှေမ၊ ဟာမ၊ ယာဖက်တည်း၊
ဟာမသည် ခါနာန်၏ အဘဖြစ်၏။ 19 ဤသူတို့သည် နောဧ၏ သားသုံးယောက်ဖြစ်၍ မြေကြီးတပြင်လုံး၌ နှံ့ပြားကြ၏။ 20
နောသည် လယ်လုပ်သောအတတ်ကို ပြုစု၍၊ စပျစ်ဥယျာဉ်ကို စိုက်လေ၏။ 21 စပျစ်ရည်ကိုလည်း သောက်၍ယစ်မူးသဖြင့်၊ မိမိထဲ၌
အဝတ်မခြုံဘဲနေလေ၏။ 22 ခါနာန်၏ အဘဟာမသည်၊ မိမိအဘ၌အဝတ်အချည်းစည်း ရှိသည်ကိုမြင်လျှင် ပြင်မှာရှိသော အစ်ကို
နှစ်ယောက်ကို ပြောလေ၏။ 23 ရှေမနှင့်ယာဖက်တို့သည် အဝတ်ကိုယူ၍ ပခုံးပေါ်မှာ တင်ပြီးလျှင်၊ နောက်သို့ဆုတ်သွား၍ မိမိအဘ၌၊
အဝတ်အချည်းစည်းရှိသည်ကို ဖုံးကြ၏။ သူတို့သည် အပြင်သို့မျက်နှာပြုသောကြောင့်၊ မိမိအဘ၌ အဝတ် အချည်း အစည်းရှိသည်ကို
မမြင်ရ။ 24 နောသည် ယစ်မူခြင်းပျောက်၍ နိုးသောအခါ၊ မိမိ၌သားငယ်ပြုသည်ကိုသိလျှင်၊ 25 ခါနာန်သည် ကျိန်ခြင်းကို ခံပါစေ။
အစ်ကိုတို့၏ကျွန်တို့၌ ကျွန်ဖြစ်ပါစေဟုဆို၏။ 26 တဖန်ရှေမ၏ ဘုရားသခင်ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း။
ခါနာန်သည် ရှေမ၏ကျွန် ဖြစ်ပါစေ။ 27 ဘုရားသခင်သည် ယာဖက်ကို ကျယ်စေတော်မူသဖြင့်၊ ရှေမ၏ တဲသို့တွင်နေပါစေ။
ခါနာန်မူကား၊ သူ၏ကျွန်ဖြစ်ပါစေဟု ဆိုလေ၏။ 28 နောသည် ရေလွှမ်းမိုးသောနောက်၊ အနှစ် သုံးရာငါးဆယ် အသက်ရှင်၍၊ 29
အသက်ပေါင်းကိုးရာငါးဆယ်စေ့သော် အနိစ္စ ရောက်လေ၏

---

### Genesis 9:1

များပြားစွာမွေးဘွားလျက် မြေကြီးပြည့်စေကြလော့
ဘုရားသခင် ပေးသော ကောင်းချီးမင်္ဂလာဖြစ်သည်။ မိမိတို့နှင့် သဏ္ဍာန်တူသော လူများစွာကို မွေးဘွားရန် နောနှင့် မိသားစုထံ မိန့်တော်မူခဲ့သည်။ "များပြား" ဟူသည်မှာ မည်ကဲ့သို့ မွေးဘွားရမည်ကို တိကျစေသော ကြိယာဝိသေသနပုဒ် ဖြစ်သည်။ ၁:၂၈ မှ ပြန်ဆိုချက်ကို ရှု။

မြေတိရစ္ဆာန်
မြေတိရစ္ဆာန်ဟု ဆိုရာတွင် တိရစ္ဆာန်အပေါင်းကို ဆိုလိုခြင်းမဟုတ်ဘဲ၊ တိရစ္ဆာန် အမျိုး လေးမျိုးထဲမှ တစ်မျိုးကိုသာ ညွှန်းသည်။

ငှက်
ပျံဝဲတတ်သော တိရစ္ဆာန်များကို ညွှန်းသည်။ ၁:၂၀ မှ ပြန်ဆိုချက်ကို ရှု။

မြေပေါ်မှာ လှုပ်ရှားတတ်သမျှ
တိရစ္ဆာန် အကောင်ငယ်များကို ညွှန်းသည်။ ၁:၂၄ မှ ပြန်ဆိုချက်ကို ရှု။

ကြောက်ရွံ့တုန်လှုပ်ခြင်းသဘော
"ကြောက်ရွံ့" နှင့် "တုန်လှုပ်" ဟူသည်မှာ တူညီသော ဝေါဟာရဖြစ်ပြီး၊ မည်မျှ ကြောက်ရွံ့သည်ကို ပေါ်လွင်စေရန် ပေါင်းစပ်လိုက်သော စကားစုဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကြောက်ရွံ့တုန်လှုပ်" သို့မဟုတ် "လွန်စွာကြောက်ရွံ့ခြင်း"


generated on Fri Sep 22 10:08:29 2023

မြေတိရစ္ဆာန် . . . ပင်လယ်ငါးအပေါင်းတို့သည်၊ သင်တို့ရှေ့မှာ ကြောက်ရွံ့တုန်လှုပ်ခြင်းသဘော ရှိကြလိမ့်မည်
အခြားသော ဘာသာပြန်ဆိုချက်၊ "မြေတိရစ္ဆာန် ... ပင်လယ်ငါးအပေါင်းတို့သည်၊ သင်တို့ကို ကြောက်ရွံ့တုန်လှုပ်ကြလိမ့်မည်"

ထိုတိရိစ္ဆာန်တို့ကို သင်တို့လက်၌ ငါအပ်၏
လက်ဟု ဆိုရာတွင် အစိုးပိုင်မှု၏ သင်္ကေတ ဖြစ်သည်။ ကတ္တားပုဒ်အဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုတိရစ္ဆာန်တို့ကို အစိုးပိုင်သောအခွင့် ငါပေး၏" သို့မဟုတ် "ထိုတိရစ္ဆာန်တို့ကို သင်တို့ လက်အောက်၌ ငါထား၏"

## Genesis 9:3

ယေဘုယျ အချက်အလက်
နောနှင့် သားများထံ ဘုရားသခင် ဆက်လက် မိန့်ဆိုသည်။

အသက်တည်းဟူသော အသွေး
ဘာသာပြန်ဆိုသူမှ "သွေးသည် အသက်ကို ပုံဆောင်၏" စသဖြင့် မှတ်ချက် ထည့်သွင်းနိုင်သည်။ သို့မဟုတ် အောက်ပါအတိုင်းလည်း မှတ်ချက် ထည့်သွင်းနိုင်သည်။ "သွေးပါသော အသားကို မစားရန် ဘုရားသခင် မိန့်ဆိုသည်။ အသွေးကို ဦးစွာ ရှင်းထုတ်ရမည်။"

## Genesis 9:5

ယေဘုယျ အချက်အလက်
နောနှင့် သားများထံ ဘုရားသခင် ဆက်လက် မိန့်ဆိုသည်။

သင်တို့အသွေး
လူ့အသွေးနှင့် တိရစ္ဆာန်အသွေး၏ ခြားနားချက်ကို တွေ့ရသည် (၉:၁)။

အကယ်၍ သင်တို့အသက် တည်းဟူသော၊ သင်တို့အသွေးကို ငါတောင်းမည်
သွေးကို သွန်းလောင်း သို့မဟုတ် စီးကျခြင်းကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အကယ်၍ သင်တို့အသက်တည်းဟူသော သင်တို့အသွေး စီးကျလျှင် ထိုအတွက် အဖိုးအခကို ငါတောင်းမည်" သို့မဟုတ် "အကယ်၍ သင်တို့အသွေးကို သွန်းသောသူ၌ အဖိုးအခ ငါတောင်းမည်" သို့မဟုတ် "အကယ်၍ သင်တို့ကို သတ်သောသူထံ အဖိုးအခ ငါတောင်းမည်"

အသက်
ခန္ဓာအသက်ကို ညွှန်းသည်။

ငါတောင်းမည်
သူသတ်၏ အသက်ကို တောင်းခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အသက်၏ အခအတွက် သင်တို့ကို သတ်သောသူထံ ငါတောင်းမည်"

တိရစ္ဆာန်အပေါင်းတို့၌ ငါတောင်းမည်
"သင်တို့အသက်ကို နုတ်ယူသော တိရစ္ဆာန်အပေါင်းတို့၌ ငါတောင်းမည်"

ခပ်သိမ်းသော လူတို့၏ ညီအစ်ကို၌ လူ၏အသက်ကို ငါတောင်းမည်
"သူတပါးကို သတ်သောသူထံ အသက်၏အခကို ငါတောင်းမည်"

ညီအစ်ကို
"ညီအစ်ကို" ဟု ဆိုရာတွင် အရင်းမျှ မဟုတ်ဘဲ၊ ဆွေမျိုး၊ အမျိုးတူ၊ အသိုင်းအဝိုင်းတူ၊ လူမျိုးချင်းတူ သို့မဟုတ် နိုင်ငံချင်းတူသော ပုဂ္ဂိုလ်ကို ညွှန်းဆိုသည်။

အကြင်သူသည် လူ၏အသွေးကိုသွန်း၏။ ထိုသူ၏အသွေးကို လူလက်ဖြင့် သွန်းရမည်။
သွေးသွန်းဟူသည်မှာ အသက်နုတ်ယူခြင်းကို ညွှန်း၏။ သို့ဖြစ်၍ တစ်ဦးတယောက်က လူကို သတ်လျှင်၊ နောက်တစ်ယောက်က ထိုသူ၏ အသက်ကို နုတ်ယူရန်ဖြစ်သည်။ သို့ရာတွင်၊ "သွေး" ဟူသော ဝေါဟာရမှာ အဓိကကျသဖြင့် ထိုဝေါဟာရကို အတတ်နိုင်ဆုံး အသုံးပြု ပြန်ဆိုရမည်။ "အသွေးသွန်း" စသဖြင့် အသွေးပါသော ဝေါဟာရကို အသုံးပြုရပါမည်။

အကြောင်းမူကား ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကို ဖန်ဆင်းတော်မူ၏
"အကြောင်းမူကား ဘုရားသခင်သည် လူကို မိမိပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းတော်မူ၏" သို့မဟုတ် "အကြောင်းမူကား လူကို ငါ၏ ပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းခဲ့ပြီ"

သားကိုဘွား၍ များပြားကြလော့
ဘုရားသခင် ပေးသော ကောင်းချီးမင်္ဂလာဖြစ်သည်။ မိမိတို့နှင့် သဏ္ဍာန်တူသော လူများစွာကို မွေးဘွားရန် နောနှင့် မိသားစုထံ မိန့်တော်မူခဲ့သည်။ "များပြား" ဟူသည်မှာ မည်ကဲ့သို့ မွေးဖွားရမည်ကို တိကျစေသော ကြိယာဝိသေသနပုဒ် ဖြစ်သည်။ ၁:၂၈ မှ ပြန်ဆိုချက်ကို ရှု။

## Genesis 9:8

တဖန် ဘုရားသခင်သည်၊ နောနှင့် သူ၏သား တို့ကို မိန့်တော်မူသည်ကား
အစတွင်လည်း နောနှင့် သားများထံ မိန့်တော်မူခဲ့သည်။ သို့ရာတွင် မတူညီသော အကြောင်းအရာဖြစ်ကြောင်း သိသာစေရန် အသုံးပြုလိုက်ခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တဖန် ဘုရားသခင်သည်၊ နောနှင့် သူ၏ သားတို့ကို မိန့်တော်မူ၏" သို့မဟုတ် "တဖန် ဘုရားသခင် မိန့်တော်မူသည်ကား"

ငါသည်ကိုယ်တိုင်
နောသည် သူ၏ မိသားစုနှင့်တကွ ဘုရား၏ အမှုအတွက် ပြင်ဆင်ကြောင်းကို ရည်ညွှန်းခြင်း ဖြစ်သည်။

ငါသည်ကိုယ်တိုင် ပဋိညာဉ်ပြု၏
"ငါကိုယ်တော်တိုင် ပဋိညာဉ်ပြု၏"

## Genesis 9:11

ယေဘုယျ အချက်အလက်
နောနှင့် သားများထံ ဘုရားသခင် ဆက်လက် မိန့်ဆိုသည်။

သင်တို့နှင့် ငါပြုသော ပိဋိညာဉ်ဟုမူကား
"ဤသို့ဖြင့် သင်တို့နှင့်အတူ ငါပဋိညာဉ်ပြုမည်"

ခပ်သိမ်းသော သတ္တဝါ
ဖြစ်နိုင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ၊

မြေကြီးကို ဖျက်ဆီးဘို့ရာ နောက်တဖန် ရေလွှမ်းမိုးခြင်း မရှိရ
"မြေကြီးကို ဖျက်ဆီးသော ရေလွှမ်းမိုးခြင်း မရှိစေရ။" ရေလွှမ်းခြင်းများစွာ ဖြစ်လာသော်လည်း ၎င်းက တစ်ကမ္ဘာလုံးကို ဖျက်ဆီးခြင်း မပြုနိုင်တော့ပါ။

လက္ခဏာသက်သေ
ကတိပြုထားသော တစုံတရာ၏ သက်သေ အထောက်အထား ဖြစ်သည်။

သားမြေး အစဉ်အဆက်မပြတ်၊ ငါပြုသော ပဋိညာဉ်
အဆိုပါ ပဋိညာဉ်တရားမှာ နောနှင့်မိသားစု သာမက၊ နောင်လာလတ့်သော သားစဉ်မြေးဆက် အားလုံးအပေါ် သက်ရောက်သည်။

**Genesis 9:14**

ယေဘုယျ အချက်အလက်
နောနှင့် သားများထံ ဘုရားသခင် ဆက်လက် မိန့်ဆိုသည်။

သောအခါ
"သောအခါတိုင်း။" အကြိမ်ဖန်များစွာ ဖြစ်ပျက်မည့်အကြောင်းကို ဖော်ပြထားသည်။

သက်တံ့သည် ထင်ရှားလိမ့်မည်
သက်တံ့မှာ ထင်ရှားမည်ဟု ဆိုရာတွင် ယာဝေးဘုရားနှင့် လူတို့ကြား ပြုထားသော ပဋိညာဉ်၏ သက်သေဖြစ်သည်အလျောက် ယာဝေးဘုရားနှင့် လူတို့ မြင်သာအောင် ထင်ရှားမည်ဟူ၍ နားလည်ရပေမည်။ ကတ္တားပုဒ်အဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သက်တံ့ကို လူနှင့်တကွ ငါသည် ထင်ရှားစွာ တွေ့ရလိမ့်မည်"

သက်တံ့
မိုးရွာပြီးနောက် ကောင်းကင်ပေါ်၌ နေအလင်းကို နောက်ခံပြု၍ အရောင်မျိုးစုံဖြင့် လင်းနေသော ရောင်ခြည်။

ငါတဘက်၊ သင်တို့မှစ၍
"သင်တို့" ဟုဆိုရာတွင် နောနှင့်သားများကို ညွှန်းသည်။

အသက်ရှင်သော သတ္တဝါ၊ တိရစ္ဆာန်ရှိသမျှ
"သက်ရှိသတ္တဝါ အပေါင်းတို့"

သတ္တဝါ၊ တိရစ္ဆာန်ရှိသမျှ
ဖြစ်နိုင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ၊

ငါ၏ပဋိညာဉ်ကို ငါအောက်မေ့သဖြင့်
ထိုသို့ဆိုရာတွင် ဘုရားသခင်က မေ့ပျောက်မည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ၏ ပဋိညာဉ်ကို ထောက်သဖြင့်"

**Genesis 9:16**

ယေဘုယျ အချက်အလက်
နောနှင့် သားများထံ ဘုရားသခင် ဆက်လက် မိန့်ဆိုသည်။

ဘုရားသခင်နှင့် မြေကြီးပေါ်မှာ အသက်ရှင်သော သတ္တဝါတိရစ္ဆာန်အပေါင်းတို့ စပ်ကြား
ဘုရားသခင် မိန့်ဆိုနေသည်ဖြစ်၍ အောက်အတိုင်းလည်း ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါနှင့် မြေကြီးပေါ်မှာ အသက်ရှင်သော သတ္တဝါအပေါင်းတို့ စပ်ကြား"

မြေကြီးပေါ်မှာ အသက်ရှင်သော သတ္တဝါတိရစ္ဆာန်အပေါင်း
"မြေကြီးပေါ်မှာ အသက်ရှင်သော သတ္တဝါအပေါင်း။" ၉:၁၄ မှ ပြန်ဆိုချက်ကို ရှု။

ငါအောက်မေ့မည်
"သတိရအောင့်မေ့မည်" သို့မဟုတ် "ငါသည် အစဉ်အောက်မေ့မည်"

နောကို ဘုရားသခင်မိန့်တော်မူ၏
ဘုရားသခင်သည် နောကို မကြာခဏ စကားပြောသည်။ ဤစာကြောင်းမှာမူ ဘုရားသခင်၏ နောက်ဆုံးသော ပြောဆိုချက်ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် နောထံသို့ စကားပြောခြင်းကို လက်စသတ်သည်" သို့မဟုတ် "ထို့ကြောင့် ဘုရားသခင်သည် နောကို ပြောသည်"

**Genesis 9:18**

ယေဘုယျ အချက်အလက်
အငယ် ၁၈-၁၉ တွင် နောင်လာမည့် မှတ်တမ်း၌ အရေးပါသော နော၏ သားသုံးယောက်ကို မိတ်ဆက်ပေးထားသည်။

အဘ
ဖခင်အရင်း

**Genesis 9:20**

လယ်လုပ်သောအတတ်ကို ပြုစု၍
"လယ်သမားလုပ်၍"

သောက်၍ယစ်မူးသဖြင့်
"များစွာသောက်၍ ယစ်မူးသဖြင့်"

အဝတ်မခြုံဘဲ
မည်မျှထိ အဝတ်မခြုံဘဲ ရှိနေကြောင်း တိကျစွာ ဖော်ပြထားခြင်းမရှိ။ သို့ရာတွင်၊ သားများက ဖုံးပေးရသည်အထိ ရှက်ရွံ့ဖွယ် ကောင်းခဲ့ပေမည်။

**Genesis 9:22**

မိမိအဘ
နောကို ညွှန်း၏။

**Genesis 9:24**

ယေဘုယျ အချက်အလက်
အငယ် ၂၅-၂၇ တွင် နောသည် ဟာမ၏ သားကို ကျိန်၍ ဟာမ၏ ညီအစ်ကိုတို့ကို ကောင်းချီးပေး၏။ UDB မူပြန်ကျမ်းတွင် ဖော်ပြထားသည်အတိုင်း နော ဆိုခဲ့သော အရာများမှာ နောင်လာမည့် မျိုးဆက်များအပေါ် အမှန်တကယ် သက်ရောက်သွားခဲ့သည်။

ယေဘုယျ အချက်အလက်
လာမည့်အပိုဒ်များကို စာကြောင်းတိုများဖြင့် ဖော်ပြလေရာ၊ ကဗျာဖြစ်ကြောင်း ထင်ရှား၏။ ထို့ကြောင့်၊ ကဗျာဖြစ်ကြောင်း ထင်ရှားစေသော စာကြောင်းပုံစံဖြင့် တတ်နိုင်သလောက် ပြန်ဆိုပေးရမည်။

ယစ်မူးခြင်းပျောက်၍ နိုးသောအခါ
"သတိရလာသောအခါ"

မိမိ၌သားငယ်
ဟာမကို ညွှန်း၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "သားငယ် ဟာမ"

 

ခါနာန်သည် ကျိန်ခြင်းကို ခံပါစေ
"ခါနာန်ကို ငါကျိန်၏" သို့မဟုတ် "ခါနာန်သည် ဘေးဒုက္ခခံပါစေ"

ခါနာန်
ဟာမ၏ သားများထဲ၌ တစ်ဦးအပါအဝင် ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဟာမသား ခါနာန်"

အစ်ကိုတို့၏ ကျွန်တို့၌ကျွန်
"အစ်ကိုတို့၏ အနိမ့်ဆုံးကျွန်" သို့မဟုတ် "အစ်ကိုတို့၏ ကျွန်တကာ့ကျွန်"

အစ်ကိုတို့
ခါနာန်၏ ညီအစ်ကိုများ သို့မဟုတ် ဆွေမျိုးသားချင်းတို့ကို ညွှန်းဆိုခြင်း ဖြစ်နိုင်သည်။

**Genesis 9:26**

ယေဘုယျ အချက်အလက်
ကဗျာဖြစ်ကြောင်း ထင်ရှားစေသော စာကြောင်းပုံစံဖြင့် တတ်နိုင်သလောက် ပြန်ဆိုပေးရမည်။

ရှေမ၏ဘုရားသခင် ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း
"ရှေမ၏သခင် ထာဝရဘုရားသည် မင်္ဂလာရှိတော်မူစေသတည်း" သို့မဟုတ် "ထာဝရဘုရား ရှေမ၏သခင်သည် မင်္ဂလာရှိတော်မူစေသတည်း" သို့မဟုတ် "ရှေမ၏သခင် ထာဝရဘုရားကို ငါချီးမြှောက်၏" (UDB)

ခါနာန်သည် ရှေမ၏ကျွန် ဖြစ်ပါစေ
"ခါနာန်သည် ရှေမ၏ကျွန် ဖြစ်စေ။" ခါနာနှင့် ရှေမတို့၏ သားစဉ်မြေးဆက်အားလုံးအပေါ် သက်ရောက်သည်။

ဘုရားသခင်သည် ယာဖက်ကို ကျယ်စေတော်မူသဖြင့်
ဖြစ်နိုင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ၊ (၁) "ဘုရားသခင်သည် ယာဖက်၏ မြေကို ကျယ်စေတော်မူသဖြင့်" (UDB) သို့မဟုတ် (၂) "ဘုရားသခင်သည် ယာဖက်အမျိုးကို များပြားစေတော်မူသဖြင့်"

ရှေမ၏တဲတို့တွင် နေပါစေ
"ရှေမနှင့်အတူ အေးချမ်းစွာ နေပါစေ။" ယာဖက်နှင့် ရှေမတို့၏ သားစဉ်မြေးဆက်အားလုံးအပေါ် သက်ရောက်သည်။

ခါနာန်မူကား၊ သူ၏ကျွန်ဖြစ်ပါစေ
"ခါနာန်မူကား၊ ယာဖက်၏ကျွန်ဖြစ်ပါစေ။" ခါနန်နှင့် ယာဖက်တို့၏ သားစဉ်မြေးဆက်အားလုံးအပေါ် သက်ရောက်သည်။


generated on Fri Sep 22 10:08:29 2023

## Chapter 10

1 ရေလွှမ်းမိုးသောနောက်၊ နောဧသား ရှေမ၊ ဟာမ၊ ယာဖက်တို့မှ ဆင်းသက်သော သားစဉ်မြေးဆက် တို့ကို ဆိုပေအံ့။ 2
ယာဖက်၏သားကား ဂေါမာ၊ မာဂေါဂ၊ မာဒဲ၊ ယာဝန်၊ တုဗလ၊ မေရှက်၊ ထိုက်တည်း။ 3 ဂေါမသားကား၊ အာရှေကနတ်၊ ရိဖတ်
တော်ဂမတည်း။ 4 ယာဝန်သားကား၊ ဧလိရှား၊ တာရှု၊ ကိတ္တိမ်၊ ဒေါဒနိမ်တည်း။ 5 ဤသူတို့သည် လူအမျိုးမျိုး တကျွန်းတနိုင်ငံ
မြေနယ်တို့ကို ဘာသာအသီးအသီး၊ အမျိုးအနွယ် အသီးသီးရှိသည့်အတိုင်း၊ အချင်းချင်း ခွဲဝေကြ၏။ 6 ဟာမသားကား၊ ကုရှ၊ မိဇရိမ်၊
ဖုတ၊ ခါနာန်တည်း။ 7 ကုရှသားကား၊ သေဘ၊ ဟာဝိလ၊ သာဘတ၊ ရာဂမ၊ သတ္တေခါတည်း။ ရာဂမသားကား၊ ရှေဘ၊ ဒေဒန်တည်း။ 8
ကုရှသည် သားနိမ်ရောဒကိုလည်း ရသေး၏။ ထိုသားသည် မြေကြီးပေါ်မှာ အဦးစွမ်းနိုင်သော သူဖြစ်၏။ 9 ထာဝရဘုရားရှေ့မှာ
အားကြီးသော မုဆိုးဖြစ်၏။ ထိုကြောင့် စကားပုံ၌ကား၊ ဘုရားရှေ့နိမ်ရောဒ၊ အားကြီးမုဆိုး၊ ပြုလုပ်သည်လိုဟု စပ်ဆိုသတည်း။ 10
သူ၏ နိုင်ငံအဦးကား၊ ရှိနာပြည်၌ ဗာဗုလုန်မြို့၊ ဧရက်မြို့၊ အက္ကမြို့ကာလနေမြို့တည်း။ 11 ထိုပြည်မှာအာရှုရိပြည်သို့သွား၍
နိနေဝမြို့၊ ရဟောဘုတ်မြို့ ကာလမြို့ကိုင်ငး၊ 12 နိနေဝေမြို့နှင့်၊ ကာလမြို့စပ်ကြားမှာ ကြီးစွာသော မြို့တည်းဟူသော
ရေသင်မြို့ကိုင်ငး တည်ဆောက် လေ၏။ 13 မိဇရိမ်သားကား၊ လုဒိမ်လူ၊ အာနမိမ်လူ၊ လဟာဗိမ်လူ၊ နတ္တုဟိမ်လူ၊ 14 ပါသရုသိမ်လူ၊
ကာသလုဟိမ်လူ၊ ကတ္တောရိမ် လူတည်း။ ကာသလုဟိမ်အမျိုးထဲက ဖိလိတ္တိလူဖြစ် သတည်း။ 15 ခါနာန်သား အကြီးကား၊ ဇိဒုန်။
ထိုနောက် ဟေသ။ 16 ထိုနောက် ယေဗုသိလူ၊ အာမောရိလူ။ ဂိရဂါရှိ လူ၊ 17 ဟိဝိ လူ၊ အာကိလူ၊ သိနိလူ၊ 18 အာဝဒိ လူ၊ ဇေမရိလူ၊
ဟာမသိ လူတည်း။ ထိုနောက်ခါနာန် အမျိုးသားအသီးသီးတို့သည် နှံ့ပြားကြ လေ၏။ 19 ခါနာန်အမျိုးသား နေရာပြည်နယ်သည်
ဇိဒုန်မြို့မှဂေရာမြို့၊ ဂါဇမြို့တိုင်အောင်ငင်း တဖန်သောဒုမြို့၊ ဂေါမာရမြို့၊ အာဒမာမြို့ ဇေဘိုင်မြို့ကိုလွန်၍ လာရှမြို့ တိုင်အောင်ငင်း
ရှိသတည်း။ 20 ဤသူတို့သည် သီးခြားသော အမျိုးအနွယ်၊ သီးခြားသော ဘာသာအလိုက်၊ အပြည်အပြည် အတိုင်းတိုင်း၌ နေသော
ဟာမသားများ ဖြစ်သတည်း။ 21 ယာဖက်ညီ၊ ဟေဗြဲလူအပေါင်းတို့၏ အဘ၊ ရှေမသည်လည်း သားများကိုမြင်လေ၏။ 22
ရှေမသားကား၊ ဧလံ၊ အာရှုရ၊ အာဖါဇဒ်၊ လုဒ၊ အာရံတည်း။ 23 အာရံသားကား၊ ဥဇ၊ ဟုလ၊ ဂေသာ၊ မာရှတည်း။ 24
အာဖာဇဒ်သားရှာလ၊ ရှာလသားဟေဗာတည်း။ 25 ဟေဗာသည်လည်း သားနှစ်ယောက်ကို မြင်လေ၏။ သားတယောက်ကား၊
ဖာလက်အမည်ရှိ၏။ အကြောင်းမူကား၊ သူ့လက်ထက်၌ မြေကြီးကို ခွဲဝေကြ၏။ သူ၏ညီကား၊ ယုတ္တန် အမည်ရှိ၏။ 26
ယုတ္တန်သားကား၊ အာလမောဒဒ်၊ ရှေလပ်၊ ဟာဇာမာဝက်၊ ယေရ၊ 27 ဟဒေါရံ၊ ဥဇလ၊ ဒိကာလ၊ 28 ဩဗလအာဘိမေလ၊ ရှေဘ၊ 29
ဩဖိရဟာဝိလ၊ ယောဗပ်၊ ဤသူအပေါင်းတို့ သည် ယုတ္တန်သားဖြစ်သတည်း။ 30 သူတို့နေရာမူကား၊ မေရှမြို့မှသည် အရှေ့
မျက်နှာ၌သေဖာတောင်တိုင်အောင် ရှိသတည်း။ 31 ဤသူတို့သည် သီးခြားသော အမျိုးအနွယ်၊ သီးခြားသော ဘာသာအလိုက်၊
အပြည်ပြည်အတိုင်းတိုင်း တို့၌နေသော ရှေမသားများဖြစ်သတည်း။ 32 ဤရှေ့ကား မိမိတို့အမျိုးအနွယ် အသီးသီး
အလိုက်မှတ်သားထားသော နောဧသား ဆွေစဉ် မျိုးဆက်စာရင်းပေးသတည်း။ ထိုသူတို့သည် ရေလွှမ်းမိုးသောနောက်၊ မြေကြီးပေါ်မှာ
သီးခြားသော တိုင်းပြည် တို့ကိုတည်ထောင်ကြလေ၏။

---

### Genesis 10:1

နောဧသား ရှေမ၊ ဟာမ၊ ယာဖက်တို့မှ ဆင်းသက်သော သားစဉ်မြေးဆက်တို့ကို ဆိုပေအံ့

"နောဧ သားများ၏ သားစဉ်မြေးဆက်တို့ကို ဆိုပေအံ့။" ကမ္ဘာဦးကျမ်း ၁၀:၁-၁၁:၉ တွင် ဖော်ပြထားသော နောဧ၏ သားစဉ်မြေးဆက် စာရင်းကို မိတ်ဆက်ပေးသော စာကြောင်း ဖြစ်သည်။

### Genesis 10:2

ဤသူတို့သည် လူအမျိုးမျိုး တကျွန်းတနိုင်ငံ မြေနယ်တို့ကို . . . အချင်းချင်း ခွဲဝေကြ၏

"ယာဝန်၏ သားတို့သည် ထိုအရပ်မှ ထွက်ခွာလျက် ကမ်းစပ်ဒေသနှင့် ကျွန်းနိုင်ငံတို့၌ ... အခြေချ နေထိုင်ကြ၏"

ဤသူတို့သည်

မူရင်းကျမ်း၌ ပင်လယ်နေလူမျိုးဟု ညွှန်းဆိုထားရာ၊ ဤသူတို့မှာ ကမ်းစပ်ဒေသနှင့် ကျွန်းနိုင်ငံများတွင် အခြေချ နေထိုင်သော လူမျိုးများကို ဆိုလိုသည်။

တကျွန်းတနိုင်ငံ မြေနယ်

ဤစကားစုမှာ ၎င်းတို့ ကျမ်းပြုရေးသားချိန်၌ အခြေချ နေထိုင်သော အရပ်ကို ဆိုလိုသည်။

ဘာသာအသီးအသီး

"ဘာသာစကား အသီးသီး" သို့မဟုတ် "ပြောဆိုသော ဘာသာအလိုက်"

### Genesis 10:6

မိဇရိမ်

"အဲဂုတ္တု" ခေါ် "အီဂျစ်" ပြည်၏ ဟေဗြဲအမည် ဖြစ်သည်။

### Genesis 10:8

အဦး စွမ်းနိုင်သောသူ

ဖြစ်နိုင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ၊ (၁) "အားကြီးသော စစ်သူရဲ" သို့မဟုတ် (၂) "အားကြီးသောသူ" သို့မဟုတ် (၃) တန်ခိုးကြီးသော မင်း"

ဘုရားရှေ့

ဖြစ်နိုင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ၊ (၁) "ထာဝရဘုရားကို ဆန့်ကျင်သော" သို့မဟုတ် (၂) "ထာဝရဘုရားအားဖြင့်"

ထိုကြောင့် စကားပုံ၌ကား

ပြန်ဆိုမည့် ဘာသာစကား၌ အသုံးပြုသော စကားပုံ၏ အဖွင့်ကို ထည့်သုံးနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထို့ကြောင့်

... ဟု ဆိုရိုးရှိသတည်း" (ရှု၊ [["en:ta:workbench:translate:writingstyles_proverbs]])

နိုင်ငံအဦး

ဖြစ်နိုင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ၊ (၁) ပထမတိုင်းပြည် သို့မဟုတ် (၂) ပထမမြို့ပြ

**Genesis 10:11**

အာရှုရိပြည်သို့သွား၍

"နိမ်ရောဒသည် အာရှုရိပြည်သို့ သွား၍"

မိဇရိမ်သားကား

နောဧ၏ သားစဉ်မြေးဆက်စာရင်းကို ဆက်လက်ဖော်ပြသည်။

မိဇရိမ်

ဟာမ၏ သားများအနက် တစ်ဦးအပါအဝင်ဖြစ်သည်။ သူ၏ သားစဉ်မြေးဆက်တို့မှာ အဲဂုတ္တုလူမျိုးများဖြစ်သည်။ မိဇရိမ်ဟူသည် အဲဂုတ္တုပြည်၏ ဟေဗြဲအမည် ဖြစ်သည်။

**Genesis 10:15**

ယေဗုသိလူ ... အာမောရိလူ ... ဂိရဂါရှိလူ

ခါနာန်၏ သားစဉ်မြေးဆက်မှ အဓိက မျိုးနွယ်စုများဖြစ်သည်။

**Genesis 10:19**

ပြည်နယ်

"ပိုင်နက်" သို့မဟုတ် "နယ်နိမိတ်"

ဇိဒုန်မြို့မှဂေရာမြို့၊ ဂါဇမြို့တိုင်အောင်

ရှိသည့်အရပ်ကို တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မြောက်ဘက် ဇိဒုန်မြို့မှ တောင်ဘက် ဂေရာမြို့အနီး ဂါဇမြို့တိုင်အောင်"

တဖန်သောဒုံမြို့၊ ဂေါမောရမြို့၊ အာဒမာမြို့ ဇေဘိုင်မြို့ကိုလွန်၍ လာရှမြို့တိုင်အောင်

"အရှေ့ဘက်" သို့မဟုတ် "ကုန်းတွင်းဘက်" စဝဖြင့် ရှိသည့်အရပ်ကို တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တဖန်အရှေ့ဘက် သောဒုံမြို့၊ ဂေါမောရမြို့၊ အာဒမာမြို့နှင့် ဇေဘိုင်မြို့ကို လွန်၍ လာရှမြို့တိုင်အောင်" (ရှု၊ [[Assumed Knowledge and Implicit Information]])

သီးခြားသော ဘာသာအလိုက်

"မတူညီသော ဘာသာစကားအလိုက်"

အပြည်အပြည် အတိုင်းတိုင်း၌ နေသော

ဒေသအသီးသီး၌ အခြေချနေထိုင်သော

ဤသူတို့သည် . . . ဟာမသားများ ဖြစ်သတည်း

"ဤသူတို့" ဟု ဆိုရာတွင် ၁၀:၆ ၌ ဖော်ပြထားသော လူမျိုးနှင့် လူမျိုးပေါင်းစုတို့ကို ညွှန်းသည်။

**Genesis 10:24**

အာဖဇဒ်

ရှေမ၏ သားများအနက် တစ်ဦးအပါအဝင် ဖြစ်သည်။

ဖာလက်

ဘာသာပြန်ဆိုသူမှ "ဖာလက်ကို 'ခွဲဝေခြင်း' ဟု အဓိပ္ပါယ်ရသည်" ဟူ၍ မှတ်ချက် ထည့်သွင်းနိုင်သည်။

မြေကြီးကို ခွဲဝေကြ၏

အပြုဝါကျအဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လူတို့သည် မြေကြီးကို ခွဲဝေကြ၏" သို့မဟုတ် "လူတို့သည် နေရပ် အသီးသီးသို့ ခွဲထွက်ကြ၏" သို့မဟုတ် "ဘုရားသခင်သည် လူတို့ကို ခွဲထုတ်တော်မူ၏"

**Genesis 10:26**

ယုတ္တန်

ဟေဗေ၏ သားများအနက် တစ်ဦးအပါအဝင် ဖြစ်သည်။

ဤသူအပေါင်းတို့

"ဤသူ" ဟု ဆိုရာတွင် ယုတ္တန်၏ သားများကို ညွှန်းသည်။

**Genesis 10:30**

သူတို့နေရာ

"သူတို့ အစိုးရသောနေရာ" သို့မဟုတ် "သူတို့ နေထိုင်ရာဒေသ"

ဤသူတို့သည် . . . ရှေမသားများ ဖြစ်သတည်း

"ဤသူတို့" ဟု ဆိုရာတွင် ရှေမ၏ သားစဉ်မြေးဆက်ကို ညွှန်းသည် (၁၀:၂၁)

**Genesis 10:32**

ဤရွေ့ကား မိမိတို့အမျိုးအနွယ်အသီးသီး

၁၀:၁ မှစတင်၍ စာရင်းပြုထားသော လူအပါင်းတို့ကို ညွှန်းသည်။

အလိုက် မှတ်သားထားသော

"အလိုက် ပြုစုထားသော"

ထိုသူတို့သည် . . . မြေကြီးပေါ်မှာ သီးခြားသော တိုင်းပြည်တို့ကို တည်ထောင်ကြလေ၏

".... ထိုသူတို့အားဖြင့် မြေကြီးပေါ်မှာ မတူညီသော တိုင်းပြည်များ ပေါ်ပေါက်လာသတည်း" သို့မဟုတ် "ထိုသူတို့သည် ... အသီးသီး ခွဲခွာ၍ မြေကြီးပေါ်မှာ တိုင်းပြည်များစွာ တည်ထောင်ကြလေ၏။

ရေလွှမ်းမိုးသောနောက်

ပို၍ တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရေလွှမ်းမိုးပြီးနောက်"

## Chapter 11

1 မြေကြီးသားအပေါင်းတို့သည် ဘာသာတမျိုးတည်း။ စကားတမျိုးတည်းရှိကြသည်ဖြစ်၍၊ 2 အရှေ့မျက်နှာမှ ခရီးသွားသဖြင့်၊
ရှိနာပြည်၌ မြေညီရာအရပ် ကိုတွေ့၍ နေရာချကြ၏။ 3 သူတို့ကလည်း လာကြ။ အုတ်လုပ်၍ ခိုင်မာစွာ ဖုတ်ကြကုန်အံ့ဟု၊
တယောက်ကို တယောက် ပြောကြ၏။ ထိုသို့ ကျောက်အရာ၌ အုတ်ကိုငင်း၊ သရွတ်အရာ၌ ရေညှိတမျိုးကိုငင်း ရပြီးလျှင်၊ 4 လာကြ၊
မြေကြီးတပြင်လုံး၌ အရပ်ရပ်ကွဲပြားမည်ကို စိုးရိမ်၍၊ မြို့ကိုငင်း၊ မိုဃ်းကောင်းကင်သို့မှီရသော ရဲတိုက်ကိုငင်း တည်လုပ်သဖြင့်၊
ကျော်စောကိတ္တိရှိစေခြင်းငှါ ပြုကြကုန်အံ့ဟု ပြောဆိုကြ၏။ 5 ထိုသို့ လူသားတို့တည်လုပ်သော မြို့နှင့် ရဲတိုက်ကို ကြည့်ရှုခြင်းငှါ၊
ထာဝရဘုရားသည် ဆင်းသက်တော် မူ၏။ 6 ထာဝရဘုရားက ကြည့်ရှုလော့။ လူတမျိုးတည်း၊ စကားတမျိုးတည်း ရှိသည်ဖြစ်၍၊
သူတို့သည် ဤအမှုကို အဦးပြုကြ၏။ ယခုကြံစည်သမျှတို့ကို အဆီးအတားမရှိ၊ သူတို့ပြုကြလိမ့်မည်။ 7 လာကြ၊
ဆင်းသက်ကြကုန်အံ့။ သူတို့သည် အချင်းချင်း နားမလည်စေခြင်းငှါ၊ သူတို့စကားကို ရှုပ်ထွေးကြကုန်အံ့ဟု မိန့်တော်မူ၏။ 8
ထိုသို့ထာဝရဘုရားသည် သူတို့ကို မြေကြီးတပြင်လုံး၌ အရပ်ရပ်ကွဲပြားစေတော်မူသဖြင့်၊ သူတို့သည် မြို့ကိုမတည်ပဲ နေကြ၏။ 9
သို့ဖြစ်၍ ထိုမြို့၌ ထာဝရဘုရားသည် မြေကြီးသားအပေါင်းတို့၏ စကားကိုရှုပ်ထွေး၍၊ သူတို့ကို မြေကြီးတပြင်လုံး၌ အရပ်ရပ်
ကွဲပြားစေတော်မူသောကြောင့် ထိုမြို့သည် ဗာဗုလုံမြို့ဟူ၍ တွင်သတည်း။ 10 ရှေမ၏ သားစဉ်မြေးဆက်ဟူမူကား၊ ရှေမသည်
အသက်တရာရှိ၍၊ ရေလွှမ်းမိုးသောနောက်နှစ်နှစ်ကြာ သော်၊ သားအာဖာဇဒ်ကို မြင်လေ၏။ 11 အာဖာဇဒ်ဘွားမြင်သောနောက်၊
ရှေမသည် အနှစ်ငါးရာအသက်ရှင်၍ သားသမီးများကို မြင်လေ၏။ 12 အာဖာဇဒ်သည် အသက်သုံးဆယ်ငါးနှစ်ရှိသော်၊ သားရှာလကို
မြင်လေ၏။ 13 ရှာလဘွားမြင်သောနောက်၊ အာဖာဇဒ်သည် အနှစ်လေးရာသုံး နှစ်အသက်ရှင်၍၊ သားသမီးများကို မြင်လေ၏။ 14
ရှာလသည် အသက်သုံးဆယ်ရှိသော်၊ သားဟေဗာကို မြင်လေ၏။ 15 ဟေဗာဘွားမြင်သောနောက်၊ ရှာလသည် အနှစ်လေးရာသုံးနှစ်
အသက်ရှင်၍၊ သားသမီးများကို မြင်လေ၏။ 16 ဟေဗာသည် အသက်သုံးဆယ့်လေးနှစ်ရှိသော်၊ သားဖာလက်ကို မြင်လေ၏။ 17
ဖာလက်ဘွားမြင်သောနောက်၊ ဟေဗာသည် အနှစ်လေးရာသုံးဆယ်အသက်ရှင်၍၊ သားသမီးများကို မြင်လေ၏။ 18 ဖာလက်သည်
အသက်သုံးဆယ်ရှိသော်၊ သားရာဂေါကို မြင်လေ၏။ 19 ရာဂေါဘွားမြင်သောနောက်၊ ဖာလက်သည် အနှစ်နှစ်ရာကိုးနှစ်အသက်ရှင်၍၊
သားသမီးများကို ဘွားမြင်လေ၏။ 20 ရာဂေါသည် အသက်သုံးဆယ်နှစ်နှစ်ရှိသော်၊ သားစေရောက်ကို မြင်လေ၏။ 21
စေရောက်ဘွားမြင်သောနောက်၊ ရာဂေါသည် အနှစ်နှစ်ရာခုနစ်နှစ်အသက်ရှင်၍၊ သားသမီးများကို မြင်လေ၏။ 22
စေရောက်သည်အသက်သုံးဆယ်ရှိသော်၊ သားနာကိုခေါ်ကို မြင်လေ၏။ 23 နာခေါ်ဘွားမြင်သောနောက်၊ စေရောက်သည် အနှစ်နှစ်ရာ
အသက်ရှင်၍ သားသမီးများကို မြင်လေ၏။ 24 နာခေါ်သည် အသက်နှစ်ဆယ်ကိုးနှစ်ရှိသော်၊ သားတေရကို မြင်လေ၏။ 25
တေရဘွားမြင်သောနောက်၊ နာခေါ်သည် အနှစ်တရာတဆယ်ကိုးနှစ်အသက်ရှင်၍၊ သားသမီးများကို မြင်လေ၏။ 26 တေရသည်
အသက်ခုနစ်ဆယ်ရှိသော်၊ သားအာဗြံ၊ နာခေါ်၊ ခါရန်တို့ကိုမြင်လေ၏။ 27 တေရ၏ သားစဉ်မြေးဆက်ဟူမူကား၊ တေရသည် အာဗြံ၊
နာခေါ်၊ ခါရန်တို့ကိုမြင်လေ၏။ 28 ခါရန်သည်လည်း လောတကိုမြင်လေ၏။ ခါရန်သည်၊ အဘတေရမသေမီ၊ မိမိဘွားရာအရပ်၊
ခါလဒဲပြည်သားတို့နေသော ဥရမြို့၌ သေလေ၏။ 29 အာဗြံနှင့် နာခေါ်သည် မယားကို ယူ၍၊ အာဗြံ၏ မယားကား၊ စာရဲအမည်ရှိ၏။
နာခေါ်၏ မယားကား၊ ခါရန်၏သမီးမိလခါ အမည်ရှိ၏။ ခါရန်သည် မိလခါနှင့် ဣသခ၏အဘဖြစ်သတည်း။ 30 စာရဲမူကား မြုံသော
မိန်းမဖြစ်၍ သားသမီးမရှိ။ 31 တေရသည် သားအာဗြံကိုငင်း၊ ခါရန်၏သား ဖြစ်သောမြေး လောတကိုငင်း၊ သားအာဗြံ၏မယားဖြစ်
သော မိမိ ချွေးမစာရဲကိုငင်းခေါ်၍၊ သူတို့သည် ခါနာန်ပြည်သို့ သွားခြင်းငှါ၊ ခါလဒဲပြည်သားတို့နေသော ဥရမြို့မှ ထွက်သဖြင့်၊
ခါရန်မြို့သို့ ရောက်၍နေကြ၏။ 32 တေရသည် အသက်နှစ်ပေါင်းနှစ်ရာငါးနှစ်ရှိသော်၊ ခါရန်မြို့၌ သေလေ၏။

---

---

### Genesis 11:1

မြေကြီးသားအပေါင်းတို့
တစ်ကမ္ဘာလုံး

ဘာသာတမျိုးတည်း။ စကားတမျိုးတည်းရှိကြသည်
ဖော်ပြပါ စကားစုနှစ်ခုမှာ အဓိပ္ပါယ်ချင်း တူညီပြီး၊ ဘာသာစကား တစ်မျိုးတည်း အသုံးပြုကြောင်းကို ထင်ရှားစေရန် ဖော်ပြထားသည်။

အရှေ့မျက်နှာမှ
ဖြစ်နိုင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ၊ ၁) အရှေ့ဘက်တွင်" သို့မဟုတ် ၂) "အရှေ့ဘက်မှ" သို့မဟုတ် ၃) "အရှေ့ဘက်သို့။" သို့ရာတွင် ကျမ်းတတ်ပုဂ္ဂိုလ်များက ရှိနာပြည်သည် နှောင်းသော ဆိုက်ရာအရပ်၏ အရှေ့အရပ်တွင်ရှိသည်ဟု ဆိုကြသဖြင့် "အရှေ့ဘက်တွင်" ကို ပို၍ အသုံးပြုသင့်သည်။

ခရီးသွားသဖြင့်
"ပြောင်းရွှေ့သဖြင့်" သို့မဟုတ် "သွားလာသဖြင့်"

နေရာချကြ၏
ပြောင်းရွှေ့ခြင်းမပြုတော့ဘဲ အရပ်ဒေသ တစ်နေရာတည်းတွင် အခြေချနေထိုင်သည်။

### Genesis 11:3

လာကြ
ပြန်ဆိုမည့် ဘာသာစကားတွင် အမိန့်ပေးသော စကားအဖြစ် ပြန်ဆိုရမည်။

ခိုင်မာစွာ ဖုတ်ကြကုန်အံ့
ရွှံ့ကိုယူပြီး အလွန်ပူပြင်းသော မီးဖိုတွင် ဖုတ်ခြင်းဖြင့် ခိုင်မာတောင့်တင်းသော အုတ်ကို ရရှိနိုင်သည်။


generated on Fri Sep 22 10:08:29 2023

သရွတ်
ထုံးမှုန့်၊ ရွှံ့၊ သဲနှင့် ရေတို့ ပေါင်းစပ်ထားပြီး ကျောက်ခဲ သို့မဟုတ် အုတ်ခဲကို အချင်းချင်း ကပ်ရာ၌ အသုံးပြုသော ကော်တစ်မျိုး

ရေညှိတမျိုး
"ရေနံချေး" အစရှိသော မြေမှ ထွက်သည့် ထူထပ်၊ စေးကပ်၊ မဲနက်သည့် အရည်တစ်မျိုး

မြေကြီးတပြင်လုံး၌ အရပ်ရပ်ကွဲပြားမည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါတို့သည် မတူညီသော အရပ်သို့ ခွဲသွားမည်"

ကျော်စောကိတ္တိ
"ဂုဏ်သတင်း"

ကျော်စောကိတ္တိရှိစေခြင်းငှါ ပြုကြကုန်အံ့
"ဂုဏ်သတင်း ကျော်စောစေခြင်းငှါ ပြုကြကုန်အံ့"

## Genesis 11:5

လူသားတို့
"အာဒံ၏ မျိုးဆက်များ"

ကြည့်ရှုခြင်းငှါ
"စစ်ဆေးတော်မူခြင်းငှါ" သို့မဟုတ် "အနီးကပ် ကြည့်ရှုခြင်းငှါ"

ဆင်းသက်တော်မူ၏
အဘယ်အရပ်မှ ဆင်းသက်လာကြောင်း တိကျစွာ ဖော်ပြနိုင်သည်။ "ကောင်းကင်ဘုံမှ ဆင်းသက်တော်မူ၏။" မည်သည့်နည်းလမ်းဖြင့် ဆင်းသက်ကြောင်း ဖော်ပြထားခြင်း မရှိသဖြင့် "ဆင်း" ဟူသည့် ယေဘုယျ အသုံးအနှုန်းဖြင့် ပြန်ဆိုပေးရမည်။

လူတမျိုးတည်း၊ စကားတမျိုးတည်း
လူသားအပေါင်းသည် လူစုကွဲခြင်းမရှိ၊ ဘာသာစကားလည်း တစ်မျိုးတည်းကိုသာ အသုံးပြုခဲ့၏။

သူတို့သည် ဤအမှုကို အဦးပြုကြ၏
ဖြစ်နိုင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ၊ (၁) "သူတို့သည် ဤအမှုကို ပြုရန် စတင်ကြပြီ" သို့မဟုတ် (၂) "သူတို့ အဦးဆုံးပြုသည်မှာ ဤအမှုဖြစ်၏။" ထိုသို့ ဆိုရာတွင် နောင်တွင် ၎င်းထက် ပိုလွန်ကသောအမှုကို ပြုကြမည်ဟု အဓိပ္ပါယ်ရှိသည်။

သူတို့ပြုကြလိမ့်မည်
အပြုဝါကျအဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ မပြုနိုင်သောအမှု မရှိဖြစ်လိမ့်မည်"

လာကြ
ပြန်ဆိုမည့် ဘာသာစကားတွင် တောင်းဆို သို့မဟုတ် အမိန့်ပေးသော စကားမျိုးဖြင့် ပြန်ဆိုပေးရမည်။ ၁၁း၃ မှ ပြန်ဆိုချက်ကို ရှု။

ဆင်းသက်ကြကုန်အံ့
"ကြ" ဟူသော အများကိန်းမှာ ဘုရားသခင်ကို ညွှန်း၏။ တချို့မူပြန်ကျမ်းတွင် "ဆင်းသက်ပေအံ့" သို့မဟုတ် "ဆင်းသက်အံ့။" ထိုကဲ့သို့ ပြန်ဆိုလျှင်၊ မူရင်းကျမ်း၌ အများကိန်း အသုံးပြုထားကြောင်း မှတ်ချက်ထည့်ပေးရမည်။ ၁း၂၆ ရှိ "ငါတို့ . . . ဖန်ဆင်းကြစို့" မှ ပြန်ဆိုချက်ကို ရှု။

သူတို့သည် အချင်းချင်း နားမလည်စေခြင်းငှါ
ဘာသာစကား ရှုပ်ထွေးစေလိုသော အကြောင်းရင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့စကားကို အချင်းချင်း နားမလည်စေခြင်းငှါ" (UDB)

သူတို့စကားကို ရှုပ်ထွေးကြကုန်အံ့
ဘာသာစကား တစ်မျိုးတည်းကို အသုံးမပြုနိုင်ရန် ဆောင်ရွက်မည်ဟု ယာဝေးဘုရား မိန့်ဆိုခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့စကားကို ရောထွေးစေကြကုန်အံ့"

## Genesis 11:8

အရပ်ရပ်
မြို့မှ စ၍

ထာဝရဘုရားသည် . . . ရှုပ်ထွေး . . . စေတော်မူသောကြောင့် ထိုမြို့သည် ဗာဗုလုံမြို့ဟူ၍ တွင်သတည်း
"ဗာဗလ" ဟူသည်မှာ "ရှုပ်ထွေးသည်" ဟူသော ဝေါဟာရနှင့် အသံနီးစပ်၏။ ထိုအကြောင်းကို ဘာသာပြန်ဆိုသူအနေဖြင့် မှတ်ချက်ပြု ထည့်သွင်းနိုင်သည်။

မြေကြီးသားအပေါင်းတို့၏ စကားကိုရှုပ်ထွေး၍
လောကသားအပေါင်းကို တူညီသော ဘာသာစကား မသုံးနိုင်ရန် ထာဝရဘုရား ပြုတော်မူသည်ဟု အဓိပ္ပါယ်ဖွင့်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မြေကြီးသားအပေါင်းတို့၏ စကားကို ရောယှက်၍"

## Genesis 11:10

ယေဘုယျ အချက်အလက်
ဤအခန်း၏ ကျန်ရှိသောအပိုင်းတွင် အာဗြံအထိ ရှေမ၏ သားစဉ်မြေးဆက်စာရင်းကို ပြုစုထားသည်။

ရှေမ၏ သားစဉ်မြေးဆက်ဟူမူကား
ရှေမ၏ မျိုးစဉ်ဆက်စာရင်းကို အစပြုသော စာကြောင်းဖြစ်၏။

ရေလွှမ်းမိုး
နောဧခေတ်၌ ဖြစ်ခဲ့သော ရေလွှမ်းမိုးခြင်းကို ညွှန်းသည်။

သားအာဖဇဒ်ကို မြင်လေ၏
"အာဖဇဒ်၏ အဘ ဖြစ်လေ၏" သို့မဟုတ် "သားအာဖဇဒ် ဖွားမြင်လေ၏"

အာဖဇဒ်
လူယောကျ်ားအမည် ဖြစ်သည်။

တရာ . . . နှစ် . . . ငါးရာ
ဘာသာပြန်ဆိုသူအနေဖြင့် "၁၀၀၊" "၂၊" "၅၀၀" အစရှိသော ကိန်းဂဏန်းဖြင့် ပြန်ဆိုနိုင်သည်။

## Genesis 11:12

သားရှာလကို မြင်လေ၏
"သားရှာလ ဖွားမြင်လေ၏"

ရှာလ
ယောကျ်ားအမည် ဖြစ်သည်။

## Genesis 11:14

ယေဘုယျ အချက်အလက်
ကမ္ဘာဦးကျမ်း ၁၁:၁၂-၂၅ ၌ တူညီသော စာကြောင်းပုံစံကို အသုံးပြုထားသည်။ ၁၁:၁၂ အတိုင်း ပြန်ဆိုနိုင်သည်။

## Genesis 11:16

ယေဘုယျ အချက်အလက်
ကမ္ဘာဦးကျမ်း ၁၁:၁၂-၂၅ ၌ တူညီသော စာကြောင်းပုံစံကို အသုံးပြုထားသည်။ ၁၁:၁၂ အတိုင်း ပြန်ဆိုနိုင်သည်။

## Genesis 11:18

ယေဘုယျ အချက်အလက်
ကမ္ဘာဦးကျမ်း ၁၁:၁၂-၂၅ ၌ တူညီသော စာကြောင်းပုံစံကို အသုံးပြုထားသည်။ ၁၁:၁၂ အတိုင်း ပြန်ဆိုနိုင်သည်။

## Genesis 11:20

ယေဘုယျ အချက်အလက်
ကမ္ဘာဦးကျမ်း ၁၁:၁၂-၂၅ ၌ တူညီသော စာကြောင်းပုံစံကို အသုံးပြုထားသည်။ ၁၁:၁၂ အတိုင်း ပြန်ဆိုနိုင်သည်။

## Genesis 11:22

ယေဘုယျ အချက်အလက်
ကမ္ဘာဦးကျမ်း ၁၁:၁၂-၂၅ ၌ တူညီသော စာကြောင်းပုံစံကို အသုံးပြုထားသည်။ ၁၁:၁၂ အတိုင်း ပြန်ဆိုနိုင်သည်။

## Genesis 11:24

ယေဘုယျ အချက်အလက်
ကမ္ဘာဦးကျမ်း ၁၁:၁၂-၂၅ ၌ တူညီသော စာကြောင်းပုံစံကို အသုံးပြုထားသည်။ ၁၁:၁၂ အတိုင်း ပြန်ဆိုနိုင်သည်။

အာဗြံ၊ နာခေါ်၊ ခါရန်
မွေးဖွားသည့်အစဉ် ဟုတ်မဟုတ် သေချာခြင်း မရှိပါ။

## Genesis 11:27

တေရ၏ သားစဉ်မြေးဆက်ဟူမူကား
ကမ္ဘာဦးကျမ်း ၁၁:၂၇-၂၅:၁၁ မှာ တေရ သားစဉ်မြေးဆက်တို့၏ သမိုင်းမှတ်တမ်းဖြစ်သည်။

ခါရန်သည်၊ အဘတေရမသေမီ၊ . . . သေလေ၏
ခါရန်သည် မိမိအဘ သက်ရှိထင်ရှားနေစဉ် သေဆုံးသည်ဟု ဖော်ပြခြင်းဖြစ်၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "ခါရန်သည်၊ အဘတေရ အသက်ရှင်စဉ်၊ ... သေလေ၏"

## Genesis 11:29

မယားကိုယူ၍
"အိမ်ထောင်ပြု၍"

ဣသခ
မိန်းမအမည် ဖြစ်သည်။

မူကား
နောင်လာမည့် အခန်းများ၌ အချက်အခြာကျမည့် စာရဲ၏ အကြောင်းကို မိတ်ဆက်ရန် အသုံးပြုထားသည်။

သားသမီးမရှိ
မြုံသည်ဟု ဆိုလိုခြင်းဖြစ်၏။

## Genesis 11:31

သားအာဗြံ၏မယားဖြစ်သော မိမိချွေးမစာရဲ
"ချွေးမဖြစ်သော သားအာဗြံ၏မယား စာရဲ"

ခါရန်မြို့ . . . ခါရန်မြို့
အဆိုပါ အမည်နှစ်ခု ကွဲပြားပြီး ဟေဗြဲစကား၌ အသံထွက်ပုံလည်း ခြားနားသည်။ တစ်ခုမှာ လူအမည်ဖြစ်၍ နောက်တခုမှာ မြို့အမည်ဖြစ်သည်။ (ဟေဗြဲစကားတွင် လူအမည်၏ "ခ သို့မဟုတ် ဟ" အသံထက် မြို့အမည်၏ "ခ သို့မဟုတ် ဟ" အသံမှာ ပို၍စူးရှသည်) ပြန်ဆိုမည့် ဘာသာစကားတွင် ထိုသို့ သံကွဲသင်္ကေတရှိလျှင် အသုံးပြုနိုင်သည်။

## Chapter 12

[1] ထာဝရဘုရားသည်လည်း အာဗြံကို ခေါ်တော်မူ၍၊ သင်၏ပြည်နှင့်တကွ အမျိုးသားချင်းပေါက်ဘော် များထဲက ထွက်ပြီးလျှင်၊
ငါပြလတံ့သော ပြည်သို့ သွားလော့။ [2] ငါသည် သင့်ကို လူမျိုးကြီးဖြစ်စေမည်။ ငါ ကောင်းကြီးပေး၍ သင်၏နာမကို ကြီးမြတ်စေမည်။
သင် သည် ကောင်းကြီးခံရသောသူ ဖြစ်လိမ့်မည်။ [3] သင့်ကို ကောင်းကြီးပေးသောသူကို ငါကောင်းကြီးပေးမည်။ သင့်ကို
ကျိန်ဆဲသောသူကို ငါကျိန်ဆဲမည်။ သင်အားဖြင့်လည်း လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်ဟု
မိန့်တော်မူ၏။ [4] ထိုသို့ ထာဝရဘုရား မိန့်တော်မူသည်အတိုင်း၊ အာဗြံထွက်သွား၍ လောတလည်းလိုက်လေ၏။ အာဗြံ သည် ခါရန်မြို့မှ
ထွက်သွားသောအခါ အသက်ခုနစ်ဆယ်ငါးနှစ်ရှိ၏။ [5] အာဗြံသည် မယားစာရဲ၊ အစ်ကိုသားလောတနှင့်၊ ဥစ္စာရတတ်သမျှကိုငင်း၊
ခါရန်မြို့၌ရသော လူတို့ကို ငင်း၊ ယူပြီးလျှင် ခါနာန်ပြည်သို့ ရောက်ခြင်းငှါ၊ ထွက်သွား၍၊ ထိုပြည်သို့ ရောက်ကြ၏။ [6] အာဗြံသည်
ထိုပြည်ကို ရှောင်သွား၍ ရှိခင်အရပ်၊ မောရသပိတ်ပင်သို့ ရောက်လေ၏။ ထိုအခါ၊ ခါနာန်အမျိုးသားတို့သည် ထိုပြည်၌ ရှိကြရ၏။ [7]
ထာဝရဘုရားသည် အာဗြံအားထင်ရှား၍၊ ဤပြည်ကို သင်၏အမျိုးအနွယ်အား ငါပေးမည်ဟု မိန့်တော်မူ၏။
ထိုသို့ထင်ရှားတော်မူသော ထာဝရဘုရားဘို့၊ ထိုအရပ်၌၊ ယဇ်ပလ္လင်ကို တည်လေ၏။ [8] ထိုအရပ်မှ သွားပြန်၍၊ ဗေသလမြို့အရှေ့၌
ရှိသော တောင်သို့ ပြောင်းသဖြင့်၊ ဗေသလမြို့အရှေ့၊ အာဣမြို့ အနောက်စပ်ကြားမှာ တဲကိုဆောက်၍၊ ထာဝရဘုရားသို့ ယဇ်ပလ္လင်ကို
တည်ပြီးလျှင်၊ ထာဝရဘုရား၏ နာမတော်ကို ပဌာနပြု၏။ [9] အာဗြံသည် ခရီးသွားလျက်၊ ပြောင်းလျက်၊ တောင်မျက်နှာသို့
ရောက်လေ၏။ [10] ထို့နောက်၊ ခါနာန်ပြည်၌ အစာခေါင်းပါးခြင်းဖြစ်၏။ အလွန်အစာခေါင်းပါးသောကြောင့်၊ အာဗြံသည်
အဲဂုတ္တုပြည်၌ တည်းခိုးခြင်းငှါ သွားလေ၏။ [11] အဲဂုတ္တုပြည်နှင့်နီးသောအခါ၊ မိမိမယားစာရဲကို၊ သင်သည် အဆင်းလှသော
မိန်းမဖြစ်သည်ကို ငါသိ၏။ [12] အဲဂုတ္တုလူတို့သည် သင့်ကိုမြင်သောအခါ၊ ဤမိန်းမသည် သူ၏မယားဖြစ်၏ဟုဆိုလျက်၊ ငါ့ကိုသတ်၍
သင့်ကို အသက်ချမ်းသာပေးလိမ့်မည်။ [13] သို့ဖြစ်၍ သင်သည် ငါ့နှမဖြစ်ကြောင်းကို ပြောပါလော့။ သို့ပြောလျှင် သင့်အတွက်
ငါကောင်းစား လိမ့်မည်။ သင်၏ကျေးဇူးအားဖြင့် ငါအသကချမ်းသာ ရလိမ့်မည်ဟု ဆို၏။ [14] အာဗြံသည် အဲဂုတ္တုပြည်သို့
ရောက်သောအခါ၊ သူ၏မယားသည် အလွန်အဆင်းလှသည်ကို အဲဂုတ္တုလူတို့သည် မြင်ကြ၏။ [15]
ဖါရောဘုရင်၏မှူးတော်မတ်တို့လည်း မြင်၍၊ ရှေ့တော်၌ ချီးမွမ်းပြီးလျှင်၊ နန်းတော်သို့သွင်းရကြ၏။ [16] ဖာရောဘုရင်သည်
ထိုမိန်းမအတွက် အာဗြံ၌ ကျေးဇူးပြုသဖြင့်၊ သူသည် သိုး၊ နွား၊ မြည်းထီး၊ မြည်းမ၊ ကျွန်ယောကျာ်း၊ ကျွန်မိန်းမ၊
ကုလားအုပ်များနှင့်ကြွယ်ဝ၏။ [17] ထာဝရဘုရားသည် အာဗြံ၏ မယားစာရဲအတွက်ကြောင့်၊ ဖါရောဘုရင်မှစ၍ နန်းတော်သားတို့ကို
ကြီးသော ဘေးဒဏ်ဖြင့် ဆုံးမတော်မူ၏။ [18] ဖါရောဘုရင်သည်လည်း အာဗြံကိုခေါ်၍၊ သင်သည်ငါ၌ ပြုသောအမှုကား
အဘယ်သို့နည်း။ သူသည် သင်၏မယားဖြစ်ကြောင်းကို၊ ငါအား အဘယ်ကြောင့် မပြောသနည်း။ [19] ငါသည် သူ့ကို
သိမ်းပိုက်စေခြင်းငှါ၊ သူသည် ငါ့နှမဖြစ်သည်ဟု အဘယ်ကြောင့်ဆိုသနည်း။ သင်၏ မယားကို ယခုယူ၍သွားလော့ဟု အမိန့်ရှိ၏။ [20]
ထိုသို့အာဗြံအမှုကို စီရင်၍၊ မိမိလူတို့အား မှာထားသဖြင့်၊ သူတို့သည် အာဗြံ၌ရှိသမျှသော ဥစ္စာနှင့် တကွ၊ သမီးမောင်နှံတို့ကို
လွှတ်လိုက်ကြ၏။

---

---

### Genesis 12:1

သင်၏ပြည်နှင့်တကွ အမျိုးသားချင်း ပေါက်ဘော်များထဲက ထွက်ပြီးလျှင်

"သင့်ပြည်၊ သင့်ဆွေမျိုးများထံမှ ထွက်သွားလော့။"

ငါသည် သင့်ကို လူမျိုးကြီးဖြစ်စေမည်

"သင်" ဟုဆိုရာတွင် အာဗြံ တစ်ဦးတည်းကို ညွှန်းသော်လည်း၊ သူ၏ သားစဉ်မြေးဆက်တို့ကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါသည် သင့်အားဖြင့် လူမျိုးကြီးကို ပေါက်ဖွားစေမည်" သို့မဟုတ် "ငါသည် သင့်အမျိုးကို လူမျိုးကြီး ဖြစ်စေမည်"

သင်၏နာမကို ကြီးမြတ်စေမည်

"နာမ" ဆိုသည်မှာ လူတစ်ဦး၏ ဂုဏ်ပုဒ်ကို ညွှန်း၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင့်ကို ဂုဏ်ကြီးစေမည်"

သင်သည် ကောင်းကြီးခံရသောသူ ဖြစ်လိမ့်မည်

အခြားသော ဘာသာပြန်ဆိုချက်၊ "သင်သည် သူတပါးအတွက် ကောင်းချီး ဖြစ်လိမ့်မည်"

သင့်ကို ကျိန်ဆဲသောသူကို ငါကျိန်ဆဲမည်

"သင့်အား နှိမ်သောသူကို ငါကျိန်ဆဲမည်" သို့မဟုတ် "သင့်အား မထီမဲ့မြင်ပြုသူကို ငါကျိန်ဆဲမည်"

သင်အားဖြင့်လည်း လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်

ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါသည် သင့်အားဖြင့် လူမျိုးအပေါင်းကိုလည်း ကောင်းချီးပေးမည်"

သင်အားဖြင့်

"သင့်ကြောင့်" သို့မဟုတ် "သင့်ကို ကောင်းချီးပေးသဖြင့်"

### Genesis 12:4

ဥစ္စာ

ခြံမွေးတိရစ္ဆာန်နှင့် သက်မဲ့ပစ္စည်းအားလုံး ပါဝင်သည်။

ခါရန်မြို့၌ရသော လူ

ဖြစ်နိုင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ၊ (၁) "ခါရန်မြို့၌ရသော ကျွန်" (UDB) သို့မဟုတ် (၂) "ခါရန်မြို့၌ စုရုံးနိုင်ခဲ့သော လူ"

### Genesis 12:6

အာဗြံသည် ထိုပြည်ကို ရှောင်သွား၍

ဤကျမ်းပိုဒ်တွင် အာဗြံကိုသာ ဖော်ပြထားရခြင်းမှာ သူသည် မိသားစု ဦးခေါင်းဖြစ်သောကြောင့်ပင်။ အခြားသော


generated on Fri Sep 22 10:08:29 2023

ဘာသာပြန်ဆိုချက်၊ "အာဗြံနှင့် မိသားစုသည် ထိုပြည်ထဲသို့ သွား၍"

ထိုပြည်
"ခါနာန်ပြည်"

မောရသပိတ်ပင်
မောရမှာ အရပ်ဒေသအမည် ဖြစ်နိုင်သည်။

ထိုသို့ထင်ရှားတော်မူသော ထာဝရဘုရားဘို့
"ထိုသို့ ထာဝရဘုရား ထင်ရှားတော်မူသောကြောင့်"

**Genesis 12:8**

တဲကိုဆောက်၍
အာဗြံနှင့်အတူ လိုက်ပါလာသောသူမှာ များပြားလှပေမည်။ ထိုသို့ သူတပါးအိမ်၌ နေ၍မရသောကြောင့် တဲများ ဆောက်ခဲ့ဟန် ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တဲများ ဆောက်ကြ၍"

ထာဝရဘုရား၏ နာမတော်ကို ပဌနာပြု၏
"ယာဝေးဘုရား၏ နာမတော်ကို အစွဲပြု၍ ဆုတောင်း၏" သို့မဟုတ် "ထာဝရဘုရားကို ကိုးကွယ်၏"

အာဗြံသည် ခရီးသွားလျက်
"အာဗြံသည် တဲကိုဖျက်၍ ခရီးဆက်ရာ"

တောင်မျက်နှာသို့
"နေဂဲဘ်အရပ်သို့" သို့မဟုတ် "တောင်ဘက် နေဂဲဘ် ကန္တာရသို့"

**Genesis 12:10**

ခါနာန်ပြည်၌
"ထိုပြည်၌" သို့မဟုတ် "အာဗြံ နေထိုင်သောပြည်၌"

အစားခေါင်းပါးခြင်းဖြစ်၏
ကောက်ပဲသီးနှံများ မထွက်သောကာလ ဖြစ်ပေမည်။ ၎င်းကို တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အစာ ပြတ်လတ်ခြင်း ဖြစ်၏"

သွားလေ၏
ဖြစ်နိုင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ၊ (၁) "ဆင်းသွားလေ၏" သို့မဟုတ် (၂) "ခါနာန်ပြည်မှ ထွက်သွား၏။" ကုန်းမြင့်ရာမှ မြေနိမ့်ရာသို့ ဆင်းသွားကြောင်း ထင်ရှားစေသော ဝေါဟာရကို အသုံးပြုသင့်သည်။

ငါ့ကိုသတ်၍ သင့်ကို အသက်ချမ်းသာပေးလိမ့်မည်
အာဗြံကို သတ်ရမည့်အကြောင်းရင်းအား တိကျစွာ ဖော်ပြနိုင်သည်။ "သင့်ကို ယူဆောင်ခြင်းငှါ ငါ့ကို သတ်လိမ့်မည်"

သင်၏ကျေးဇူးအားဖြင့် ငါအသက်ချမ်းသာရလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သို့လျှင်၊ ငါသည် သင့်အားဖြင့် အသက်ချမ်းသာခြင်းရလိမ့်မည်"

**Genesis 12:14**

ဖါရောဘုရင်၏မှူးတော်မတ်တို့လည်း မြင်၍
"ဖါရောဘုရင်၏ မင်းညီမင်းသားတို့လည်း မြင်၍" သို့မဟုတ် "ဖါရောမင်း၏ မှူးမတ်တော်တို့လည်း မြင်၍" (UDB)

နန်းတော်သို့သွင်းရကြ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဖါရောမင်းကလည်း မိမိအိမ်တော်သို့ သွင်းလေ၏" သို့မဟုတ် "နန်းတော်သို့ ခေါ်သွင်းရန် မင်းကြီး မိန့်လေ၏"

နန်းတော်
ဖြစ်နိုင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ၊

ထိုမိန်းမ
စာရဲ

ထိုမိန်းမအတွက်
"စာရဲအတွက်" သို့မဟုတ် "ထိုမိန်းမအဘို့"

**Genesis 12:17**

အာဗြံ၏မယား စာရဲအတွက်ကြောင့်
တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဖါရောမင်းက အာဗြံ၏မယား စာရဲကို မိမိမယားဖြစ်စေရန် ကြံသောကြောင့်"

ဖါရောဘုရင်သည်လည်း အာဗြံကိုခေါ်၍
"ဖါရောဘုရင်သည်လည်း အာဗြံကို ရှေ့သို့ ခေါ်၍" သို့မဟုတ် "ဖါရောဘုရင်သည်လည်း ရှေ့သို့လာရန် အာဗြံကို ခေါ်၍"

သင်သည် ငါ၌ပြုသောအမှုကား အဘယ်သို့နည်း
ဖါရောမင်း၏ အမျက်ဒေါသကို ထင်ရှားစေရန် တမင်တကာ မေးခြင်းဖြစ်သည်။ ၎င်းကို အာမေဍိတ်ပုဒ်အဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်သည် ငါ၌ပြုသောအမှုကား ပြင်းထန်လှပြီတကား"

ထိုသို့ အာဗြံအမှုကို စီရင်၍၊ မိမိလူတို့အား မှာထားသဖြင့်
"ထိုသို့ အာဗြံနှင့် သက်ဆိုင်၍ မိမိလူတို့အား အမိန့်ပေးသဖြင့်"

သူတို့သည် အာဗြံ၌ရှိသမျှသော ဥစ္စာနှင့်တကွ၊ သမီးမောင်နှံတို့ကို လွှတ်လိုက်ကြ၏
"မှူးမတ်တို့ကလည်း အာဗြံတို့ လင်မယားမှအစ ပိုင်ဆိုင်သမျှသော ဥစ္စာတို့ကို ဖါရောမင်းထံမှ ဝေးရာသို့ နှင်လွှတ်ကြ၏"

generated on Fri Sep 22 10:08:29 2023

## Chapter 13

**1** အာဗြံသမီးမောင်နှံတို့သည်လည်း၊ လောတနှင့် တကွ မိမိတို့၌ ရှိသမျှသော ဥစ္စာကိုယူ၍၊ အဲဂုတ္တုပြည်မှ ထွက်သွားသဖြင့်၊
ခါနာန်ပြည်တောင်ပိုင်းသို့ ရောက်ကြ၏။ **2** ထိုအခါ အာဗြံသည်၊ သိုး၊ နွားစသည်တို့ကိုင်၎င်း၊ ရွှေငွေကိုင်၎င်း အလွန်ရတတ်၏။ **3**
တဖန်တောင်ပိုင်းမှ ခရီးသွား၍၊ ဗေသလနယ်အတွင်း၊ ဗေသလမြို့၊ အာဣမြို့စပ်ကြား၌၊ အထက်က တဲကိုဆောက်၍၊ **4**
ယဇ်ပလ္လင်ကိုတည်ခဲ့ဘူးသော အရပ်သို့ ရောက်ပြန်လျှင်၊ ထိုအရပ်တွင် ထာဝရဘုရား၏ နာမတော်ကို ပဌနာပြု၏။ **5** အာဗြံနှင့်အတူ
လိုက်လာသော လောတသည်လည်း သိုး၊ နွားများနှင့် တဲအများရှိသဖြင့်၊ **6** ထိုလူနှစ်ဦးတို့သည် အတူနေခြင်းငှါ ထိုမြေ မဆံ့နိုင်။
ဥစ္စာများလွန်း၍၊ သူတို့သည် တရပ်တည်း မနေနိုင်ကြ။ **7** အာဗြံ၏ နွား ကျောင်းသား၊ လောတ၏ နွားကျောင်းသားတို့သည်လည်း
ခိုက်ရန်ပြုကြ၏။ ထိုအခါ၊ ခါနာန်အမျိုးသား၊ ဖေရဇိအမျိုးသားတို့သည် ထိုပြည်၌ နေကြသတည်း။ **8** အာဗြံကလည်း၊ ငါတို့သည်
ညီအစ်ကိုချင်းဖြစ်လျက်၊ ငါနှင့် သင်၌၎င်း၊ ငါ့နွားကျောင်းသားတို့နှင့်၊ သင့်နွားကျောင်းသားတို့၌၎င်း၊ ခိုက်ရန်မရှိပါစေနှင့်။ **9**
မြေတပြင်လုံးသည် သင့်ရှေ့မှာရှိသည် မဟုတ်လော့။ ငါနှင့် ခွာ၍နေပါလော့။ သင်သည် လက်ဝဲဘက်သို့ သွားလျှင်၊ ငါသည်
လက်ျာဘက်သို့သွားမည်။ သင်သည် လက်ျာဘက်သို့ သွားလျှင်၊ ငါသည် လက်ဝဲဘက်သို့ သွားမည်ဟု ဆို၏။ **10** ထိုကာလအခါ၊
သောဒုံမြို့နှင့် ဂေါမောရမြို့ကို ထာဝရဘုရား ဖျက်ဆီးတော်မမူမှီ၊ ဇောရမြို့သို့ သွားသောလမ်း၊ ယော်ဒန်မြစ် ပတ်ဝန်းကျင်အရပ်ရပ်၌
ရေများ၍ ထာဝရဘုရား၏ ဥယျာဉ်တော်ကဲ့သို့၎င်း အဲဂုတ္တုပြည် ကဲ့သို့၎င်းဖြစ်သည်ကို၊ လောတမျှော်ကြည့်၍ မြင်လျှင်၊ **11**
ယော်ဒန်ချိုင့် တရှောက်လုံးကို ရွေးချယ်၍၊ အရှေ့သို့ ပြောင်းသွားသဖြင့်၊ အချင်းချင်း တဦးနှင့် တဦး ကွဲပြားကြ၏။ **12** အာဗြံသည်
ခါနာန်ပြည်၌ နေလေ၏။ လောတ မူကား၊ မြစ်ပတ်ဝန်းကျင်မြို့တို့တွင်နေ၍၊ သောဒုံမြို့ နားမှာ တဲကို ဆောက်လေ၏။ **13**
သောဒုံမြို့သားတို့သည် ဆိုးသောသူ၊ ထာဝရဘုရားရှေ့၌၊ အလွန်အပြစ်များသောသူ ဖြစ်ကြသတည်း။ **14** လောတသည် အာဗြံနှင့်ခွါ၍
သွားပြီးမှ၊ ထာဝရဘုရားသည် အာဗြံကိုခေါ်၍၊ သင်ရှိသောအရပ်က၊ တောင်၊ မြောက်၊ အရှေ့၊ အနောက်သို့ မျှော်ကြည့်လော့။ **15**
သင်မြင်သော မြေတပြင်လုံးကို၊ သင်နှင့်သင်၏ အမျိုးအနွယ်အား၊ ငါသည်ကာလအစဉ်အမြဲပေးမည်။ **16** သင်၏အမျိုးအနွယ်ကို
မြေမှုန့်ကဲ့သို့ ငါများပြားစေမည်။ သို့ဖြစ်၍ လူသည်မြေမှုန့်ကို ရေတွက်နိုင်လျှင်၊ သင်၏ အမျိုးအနွယ်ကို ရေတွက်နိုင်ကြလိမ့်မည်။ **17**
သင်ထ၍မြေကို အလျားအားဖြင့်၎င်း၊ အနံအားဖြင့်၎င်း ရှောက်သွားလော့။ သင်အား ငါပေးမည်ဟု မိန့်တော်မူ၏။ **18**
တဖန်အာဗြံသည် တဲကိုပြောင်း၍၊ ဟေဗြုန်မြို့၊ မံရေသပိတ်တောသို့ ရောက်မှ နေရာကျ၍ ထာဝရဘုရား အဘို့ ယဇ်ပလ္လင်ကို
တည်လေ၏။

---

### Genesis 13:1

ထွက်သွားသဖြင့်
"တက်သွားသဖြင့်" သို့မဟုတ် "ထွက်ခွာသဖြင့်"

ခါနာန်ပြည် တောင်ပိုင်းသို့ ရောက်ကြ၏
အီဂျစ် သို့မဟုတ် အဲဂုတ္တုပြည် အရှေ့ဘက်၊ ခါနာန်ပြည် တောင်ပိုင်းတွင်ရှိသော နေဂေဘ်အရပ်မှာ ကန္တာရဒေသဖြစ်သည်။ ၎င်းကို တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "နေဂေဘ်ကန္တာရသို့ ရောက်ကြ၏"

ထိုအခါ အာဗြံသည်၊ သိုး၊ နွားစသည်တို့ကိုင်၎င်း၊ ရွှေငွေကိုင်၎င်း အလွန်ရတတ်၏
"ယခုတွင်၊ အာဗြံ၌ သိုးနွားတိရစ္ဆာန်၊ ရွှေ၊ ငွေ ဥစ္စာများစွာ ပိုင်ဆိုင်၏"

သိုး၊ နွားစသည်တို့
"ခြံမွေးတိရစ္ဆာန်" သို့မဟုတ် "သိုးနွားတိရစ္ဆာန်"

### Genesis 13:3

ခရီးသွား၍
အာဗြံနှင့်မိသားစုသည် တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်း အသက်ရှင်ကြရသည်။ ၎င်းကို တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ခရီးဆက်၍"

တဲကိုဆောက် . . . ခဲ့ဘူးသောအရပ်သို့
ဘာသာပြန်ဆိုသူမှ "ကမ္ဘာဦးကျမ်း ၁၂:၈ ကို ရှု" ဟူ၍ မှတ်ချက် ထည့်သွင်းနိုင်သည်။ အာဗြံ၏ ခရီးစဉ်ကို ပို၍တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုပြည်သို့ မဝင်မှီ တဲကိုဆောက် ... ခဲ့ဖူးသောအရပ်သို့"

ထာဝရဘုရား၏ နာမတော်ကို ပဌနာပြု၏
"ထာဝရဘုရား၏ နာမတော်ကို အစွဲပြု၍ ဆုတောင်း၏" သို့မဟုတ် "ထာဝရဘုရားကို ကိုးကွယ်၏။" ၁၂:၈ မှ ပြန်ဆိုချက်ကို ရှု။

### Genesis 13:5

ထိုမြေ မဆံ့နိုင်
သိုးနွားတိရစ္ဆာန်တို့ ကျက်စားရန် မြေမလာက်သဖြင့်။

ဥစ္စာ
စားကျက်နှင့်ရေ လိုအပ်သော သိုးနွားတိရစ္ဆာန်လည်း ပါဝင်သည်။

တရပ်တည်း မနေနိုင်ကြ
"အတူတကွ မနေနိုင်ကြ"

ထိုအခါ၊ ခါနာန်အမျိုးသား၊ ဖေရဇိအမျိုးသားတို့သည် ထိုပြည်၌ နေကြသတည်း
မြေမဆံ့ရသည့် အကြောင်းရင်းတစ်ခုဖြစ်၏။

### Genesis 13:8

ငါတို့သည် ညီအစ်ကိုချင်းဖြစ်လျက်
"ငါတို့သည် တမိသားစုချင်းဖြစ်၍"


generated on Fri Sep 22 10:08:29 2023

ညီအစ်ကိုချင်း
"တမိသားစုချင်း" သို့မဟုတ် "ဆွေမျိုးသားချင်း။" လောတသည် အာဗြဟံ၏ တူဖြစ်၏။

ငါနှင့် သင်၌၎င်း . . . ခိုက်ရန်မရှိပါစေနှင့်
"ငါတို့၌၎င်း ... ခိုက်ရန်မရှိစေနှင့်"

ခိုက်ရန်
"ဝိရောဓိ" သို့မဟုတ် "ရန်ပွဲ" သို့မဟုတ် "အတိုက်အခံ"

ငါ့နွားကျောင်းသားတို့နှင့်၊ သင့်နွားကျောင်းသားတို့၌၎င်း
"ငါတို့ သိုးနှင့်နွားကို ကျောင်းသောသူတို့၌၎င်း"

မြေတပြင်လုံးသည် သင့်ရှေ့မှာရှိသည် မဟုတ်လော
ဤမေးခွန်းကို ဖြစ်ကြောင်းပြပုဒ်အဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဤမြေတပြင်လုံးကို သိုးပိုင်ခွင့် သင့်မှာရှိ၏"

ငါနှင့်ခွာ၍ နေပါလော့
နှင်ထုတ်ခြင်း မဟုတ်ဘဲ နှစ်ဦးနှစ်ဖက် ပြေလည်စေမည့် အမှုတစ်ခုခုကို ပြုရန် တိုက်တွန်းခြင်း ဖြစ်သည်။ "ငါတို့ ခွဲ၍ နေကြမည်"

သင်သည် လက်ျာဘက်သို့ သွားလျှင်၊ ငါသည် လက်ဝဲဘက်သို့ သွားမည်
ဖြစ်နိုင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ၊ (၁) "သင် တစ်ဘက်သို့သွားလျှင်၊ ငါသည် တခြားတဘက်သို့သွားမည်" သို့မဟုတ် (၂) "သင် မြောက်ဘက်သို့ သွားလျှင်၊ ငါသည် တောင်ဘက်သို့ သွားမည်။" လောကထံ မိမိစိတ်ကြိုက် မြေနေရာကို ရွေးချယ်ခွင့် ပေးပြီး ကျန်သည့်အရပ်ကို မိမိယူမည်ဟု ပြောနေခြင်းဖြစ်သည်။

## Genesis 13:10

သောဒုံမြို့နှင့် ဂေါမောရမြို့ကို ထာဝရဘုရား ဖျက်ဆီးတော်မမူမီ
တစုံတရာ ဖြစ်ပျက်မည့်အကြောင်းကို ကြိုတင်နိမိတ်ပေးသော စာပိုဒ်ဖြစ်သည်။ နောင်တွင် မြေသြဇာညံ့သွားသည့် အကြောင်းကို နောင်တွင် တွေ့ရမည်ဖြစ်သည်။

ယော်ဒန်မြစ် ပတ်ဝန်းကျင်အရပ်ရပ်
ယော်ဒန်မြစ်ဝှမ်းဒေသ တစ်လျှောက်ကို ညွှန်းသည်။

ရေများ၍
"ရေပေါ်များ၍"

ထာဝရဘုရား၏ ဥယျာဉ်တော်ကဲ့သို့၎င်း အဲဂုတ္တုပြည်ကဲ့သို့၎င်း ဖြစ်သည်
"ယာဝေးဘုရား၏ ဥယျာဉ်တော်ကဲ့သို့၎င်း၊ အဲဂုတ္တုပြည်ကဲ့သို့၎င်း ရှိသည်။" မတူညီသော အရပ်ဒေသနှစ်ခုဖြစ်သည်။

ထာဝရဘုရား၏ ဥယျာဉ်တော်
ဧဒင်ဥယျာဉ်၏ အခြားအမည်ဖြစ်သည်။

ဥယျာဉ်
၂:၇ ရှိ "ဥယျာဉ်" အတိုင်း ပြန်ဆိုရန်ဖြစ်သည်။

## Genesis 13:12

ခါနာန်ပြည်
"ခါနာန်လူမျိုးတို့ပြည်"

နေလေ၏
"အခြေချလေ၏" သို့မဟုတ် "နေထိုင်လေ၏"

သောဒုံမြို့နားမှာ တဲကို ဆောက်လေ၏
ဖြစ်နိုင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ၊ (၁) "သောဒုံမြို့ အထိတိုင် တဲကို ဆောက်လေ၏" (UDB) သို့မဟုတ် (၂) "တဲကို ဆောက်လေရာ သောဒုံမြို့အထိ ရောက်၏"

## Genesis 13:14

လောတသည် အာဗြံနှင့်ခွါ၍ သွားပြီးမှ
"အာဗြဟံထံမှ လောတ ထွက်ခွါပြီးနောက်"

## Genesis 13:16

မြေကို အလျားအားဖြင့်၎င်း၊ အနံအားဖြင့်၎င်း ရှောက်သွားလော့
"မြေတပြင်လုံးသို့ လျှောက်သွားလော့"

မံရေ
မံရေ သို့မဟုတ် မမ်ရေ ဟူသည်မှာ သပိတ်တော၏ ပိုင်ရှင်အမည် ဖြစ်သည်။

ဟေဗြုန်မြို့
နေရာအမည်ဖြစ်သည်။

ထာဝရဘုရားအဘို့ ယဇ်ပလ္လင်
"ထာဝရဘုရားအဘို့ ယဇ်ပလ္လင်"

## Chapter 14

[1] ထိုရောအခါ၊ ရှိနာမင်းကြီး အံရဖေလ၊ ဧလာသာမင်းကြီးအာရုတ်၊ ဧလံမင်းကြီးခေဒေါရလောမာ၊ ဂေါအိမ်မင်းကြီးတိဒလတို့သည်၊ [2]
သောဒုံမင်းကြီးဗေရ၊ ဂေါမောရမင်းကြီး ဗိရရှ၊ အာဓမာမင်းကြီးရှိနပ်၊ ဇေဘိုင်မင်းကြီး ရှေမဘာ၊ ဗေလာမင်းကြီးတို့နှင့်
စစ်တိုက်ကြ၏။ ဗေလပြည်ကား၊ ဇောရအမည်လည်းရှိသတည်း။ [3] ထိုပြည်ရှိသမျှတို့သည်၊ သောဒုံအိုင်ဖြစ်သော စိဒ္ဒိမ်ချိုင့်တွင်
နီးစပ်လျက်ရှိကြ၏။ [4] တဆယ်နှစ်နှစ်ပတ်လုံး ခေဒေါရလောမာမင်းကြီးထံ ကျွန်ခံပြီးလျှင်၊ တဆယ်သုံးနှစ်မြောက်သောအခါ
ပုန်ကန်ကြ၏။ [5] တဆယ်လေးနှစ်မြောက်လျှင်၊ ခေဒေါရလောမာမင်းသည်၊ မိမိဘက်ကနေသော မင်းကြီးတို့နှင့် တကွလာ၍၊
အာရှတရုတ်ကာနိမ်မြို့၌၊ ရေဖိမ်လူများကိုင်း၊ ဟာမမြို့၌ ဇူဇိမ်လူ များကိုင်း၊ ကိရယသိမ်ချိုင့်၌ ဧမိမ်လူများကိုင်း၊ [6]
စိရတောင်ပေါ်မှာဟောရိလူများကိုင်း လုပ်ကြံ၍၊ တောနားမှာရှိသော ဧလပါရန်မြို့တိုင်အောင် လိုက်ကြ၏။ [7] တဖန်ပြန်လာ၍၊
ကာဒေရှပြည်၊ အင်မိရှပတ်မြို့သို့ ရောက်ပြီးလျှင်၊ အာမလက်ပြည်ရှိသမျှကိုင်း၊ ဟာဇဇုန္တမာမြို့၌နေသော အာမောရိလူများကိုင်း
လုပ်ကြံကြ၏။ [8] ထိုအခါ သောဒုံမင်းကြီး၊ ဂေါမောရ မင်းကြီး၊ အာဓမာမင်းကြီး၊ ဇေဘိုင်မင်းကြီး၊ ဇောရတည်း ဟူသော
ဗေလာမင်းကြီးတို့သည် ချီထွက်၍ စိဒ္ဒိမ်ချိုင့်၌ စစ်ပြိုင်ကြ၏။ [9] ထိုသို့ ဧလံမင်းကြီး ခေဒေါရလောမာ၊ ဂေါအိမ် မင်းကြီးတိဒလ၊
ရှိနာမင်းကြီး အံရဖေလ၊ ဧလာသာ မင်းကြီး အာရုတ်တည်းဟူသော၊ မင်းကြီးလေးပါးနှင့်၊ မင်းကြီးငါးပါးတို့သည် စစ်ပြိုင်ကြ၏။ [10]
စိဒ္ဒိမ်ချိုင့်၌ ရေညှိအကျိအချွဲနှင့် ပြည့်သော တွင်းများ ရှိ၏။ သောဒုံမင်းကြီး၊ဂေါမောရမင်းကြီးတို့သည် ပြေး၍ ထိုတွင်းများ၌
ကျလေ၏။ ကြွင်းသောသူတို့သည် တောင်သို့ပြေးကြ၏။ [11] အောင်သောမင်းတို့သည်၊ သောဒုံမြို့နှင့် ဂေါမောရမြို့၌ ရှိသမျှသော
ဥစ္စာနှင့် မြို့ရိက္ခာ ရှိသမျှတို့ကို ယူ၍သွားကြ၏။ [12] သောဒုံမြို့၌နေသော အာဗြံအစ်ကိုသား လောတနှင့် သူ၏ဥစ္စာတို့ကိုလည်း
သိမ်းယူ၍သွား၏။ [13] ထိုဘေးမှ လွတ်၍ ပြေးသော သူတယောက်သည်၊ ဟေဗြဲလူ အာဗြံနှင့်မိဿဟာယဖွဲ့သောသူ၊ ဧရှ ကောလနှင့်
အာနေရ၏အစ်ကို အာမောရိလူမံရေ၏ သပိတ်တောနားမှာ နေသော အာဗြံထံသို့ ရောက်၍၊ သိတင်းကြားပြောလေ၏။ [14] အာဗြံသည်
မိမိ အစ်ကိုသားကို ဘမ်းသွား ကြောင်းကိုကြားလျှင်၊ မိမိအိမ်၌ ဘွား၍ သွန်သင်သော လူသုံးရာတဆယ်ရှစ်ယောက်တို့ကို စီရင်၍၊
ဒန်မြို့ တိုင်အောင်လိုက်လေ၏။ [15] ညဉ့်အခါ၊ မိမိလူတို့ကိုခွဲ၍ တိုက်စေသဖြင့်၊ လုပ်ကြံပြီးလျှင်၊ ဒမာသက်မြို့မြောက်ဘက်
ဟောဘမြို့ တိုင်အောင်လိုက်ပြန်လေ၏။ [16] ရန်သူတို့သိမ်းသွားသော ဥစ္စာရှိသမျှကိုင်း၊ မိမိအစ်ကိုသား လောတနှင့်
သူ၏ဥစ္စာကိုင်း၊ မိန်းမများ နှင့် လူများကိုင်း၊ တဖန်ဆောင်ယူခဲ့လေ၏။ [17] ခေဒေါရ လောမာနှင့်၊ သူ့ဘက်ကနေသော မင်းကြီးတို့ကို
လုပ်ကြံရာမှ အာဗြံပြန်လာသောအခါ၊ သောဒုံမင်းကြီးသည် ခရီးဦးကြိုပြုခြင်းငှါ ရှာဝေချိုင့် တည်းဟူသော မင်းကြီးချိုင့်သို့
ထွက်သွား၏။ [18] အမြင့်ဆုံးသော ဘုရားသခင်၏ ယဇ်ပုရောဟိတ်ဖြစ်သော၊ ရှာလင်မင်းကြီး မေလခိဇေဒက်သည်လည်း၊ မုန့်နှင့်
စပျစ်ရည်ကို ဆောင်ခဲ့ပြီးလျှင်၊ [19] ကောင်းကင်မြေကြီးရှင်၊ အမြင့်ဆုံးသော ဘုရားသခင်သည် အာဗြံအား
ကောင်းကြီးပေးတော်မူပါစေ သောဟု၊ အာဗြံကို ကောင်းကြီးပေး၍၊ [20] သင်၏ ရန်သူတို့ကို သင်၏လက်၌ အပ်နှံတော်မူသော
အမြင့်ဆုံးသော ဘုရားသခင်လည်း မင်္ဂလာ ရှိတော်မူစေသတည်းဟု မြွက်ဆို၏။ အာဗြံသည်လည်း ဥစ္စာရှိသမျှတို့ကို၊ ထိုမင်းအား
ဆယ်ဘို့ထဘို့ လှူလေ၏။ [21] သောဒုံမင်းကြီးကလည်း၊ လူတို့ကို ကျွန်ုပ်အား ပြန်ပေးပါ၊ ဥစ္စာတို့ကိုကား၊ ကိုယ်တိုင်ယူပါလော့ဟု
အာဗြံအား ပြောလိုလျှင်၊ [22-24] အာဗြံက၊ မင်းကြီးသည် အာဗြံကို ငါရတတ်စေပြီဟု ပြောစရာမရှိစေခြင်းငှါ လုလင်တို့သည် စားပြီး
သော အရာကိုင်း၊ ကျွန်ုပ်နှင့်အတူ လိုက်လာသောသူ၊ အာနေရ၊ ဧရှကောလ၊ မံရေတို့သည် မိမိတို့ အဘို့ကို ယူစေခြင်းငှါ
အခွင့်ပေးသဖြင့်၊ သူတို့ယူသော အဘို့ကိုင်း၊ ထား၍၊ မင်းကြီး၏ဥစ္စာ၊ အပ်ချည်တမျှင်ဖြစ်စေ ခြေနင်းကြိုးတပင်ဖြစ်စေ၊
တစုံတခုကိုမျှ ငါမယူဟု ကောင်းကင်မြေကြီးရှင်၊ အမြင့်ဆုံးသော ဘုရားသခင် ထာဝရဘုရားရှေ့တော်၌၊ ကျွန်ုပ်သည်လက်ကိုချီ၍
အဓိဋ္ဌာန်ပြုပါပြီဟု၊ သောဒုံမင်းကြီးအားပြောဆိုလေ၏။

---

### Genesis 14:1

ယောဘုယျ အချက်အလက်
၁၄:၁ တွင် ဖော်ပြထားသော အရပ်အမည်များမှာ လွတ်လပ်သော မြို့ပြများ ဖြစ်သည်။

ထိုရောအခါ
အကြောင်းအရာသစ်တစ်ခုကို အဖွင့်မိတ်ဆက်ပေးသော အသုံးအနှုန်းဖြစ်သည်။ ပြန်ဆိုမည့်ဘာသာစကား၌ အသုံးပြုသည့်အတိုင်း ထည့်သွင်းပါ။

စစ်တိုက်ကြ၏
"စစ်ပွဲဝင်ကြ၏" သို့မဟုတ် "စစ်ဆင်နွှဲကြ၏" သို့မဟုတ် "စစ်တိုက်ရန် ပြင်ကြ၏"

### Genesis 14:3

တဆယ်နှစ်နှစ်ပတ်လုံး
အငယ် ၄-၇ မှ ဖြစ်ရပ်မှာ အငယ် ၃ မတိုင်မီ ဖြစ်ပျက်ခဲ့သည်။ ပြန်ဆိုမည့် ဘာသာစကား၏ အသုံးအနှုန်းဖြင့် ဖော်ပြနိုင်သည်။

ခေဒေါရလောမာမင်းကြီးထံ ကျွန်ခံပြီးလျှင်
ဤမင်းထံ အခွန်ဆောင်၍ စစ်အကူအညီများ ပေးသည်ဟု ဆို၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "ခေဒေါရလောမာမင်းကြီး လက်အောက်ခံ ဖြစ်ပြီးလျှင်"

ပုန်ကန်ကြ၏
"သူ့လက်အောက်မှ ထွက်ကြ၏" သို့မဟုတ် "သူ့ကို အာခံကြ၏"

လာ၍ . . . လုပ်ကြံ၍ . . . လိုက်ကြ၏
ပုံကန်သော မင်းများကို တိုက်ထုတ်ကြသည်။


generated on Fri Sep 22 10:08:29 2023

ရေဖိမ်လူများ . . . ဇုဇိမ်လူများ . . . ဧမိမ်လူများ. . . ဟောရိလူများ
လူမျိုးစုများ၏ အမည် ဖြစ်သည်။

အာရှတရုတ်ကာနိမ်မြို့ . . . ဟာမမြို့ . . . ကိရယသိမ်ချိုင့် . . . စိရတောင် . . . ဧလပါရန်မြို့
နေရာဒေသအမည်များ ဖြစ်သည်။

တောနားမှာရှိသော ဧလပါရန်မြို့
ဧလပါရန်မြို့၏ တည်နေရာကို ဖော်ပြခြင်း ဖြစ်သည်။ လိုအပ်လျှင် ဝါကျကို ခွဲ၍ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဧလပါရန်မြို့ တိုင်အောင် ...။ ဧလပါရန်မြို့သည် ကန္တာရ နားတွင် ရှိသတည်း"

### Genesis 14:7

ယေဘုယျ အချက်အလက်
၁၄:၃ မှ အဖြစ်အပျက်ကို အငယ် ၈ နှင့် ၉ တွင် ထပ်မံရေးသားထားပြီး၊ မင်းများ စုပေါင်းလျက် စစ်တိုက်သည့်အကြောင်းကို ဆက်လက် ဖော်ပြထားသည်။

တဖန်ပြန်လာ၍
ခါနာန်ဒေသကို တိုက်သော ပြည်ပမင်း လေးဦးကို ညွှန်းသည်။ ထိုမင်း အမည်များမှာ အံရဖေလ၊ အာရုတ်၊ ခေဒေါရလောမာ၊ တိဒလ တို့ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တဖန်ပြန် လှည့်၍"

ဟာဇဇုန္တမာမြို့၌နေသော အာမောရိလူများ
မည်သည့်အရပ်နေ အာမောရိလူများ စစ်ရှုံးကြောင်း ထင်ရှားစေရန် ဖြစ်သည်။ သို့လျှင် တခြားအရပ်များတွင်လည်း အာမောရိလူများ ရှိကြောင်း ထင်ရှား၏။

ဇောရတည်းဟူသော ဗေလာမင်းကြီး
ဗေလာမြို့ကို ဇောရမြို့ဟူ၍လည်း ခေါ်သည်။ အဆိုပါ အချက်အလက်ကို နောက်ဝါကျဖြင့်လည်း ဖော်ပြနိုင်သည်။ "ဗေလာမင်းကြီးတို့သည် ...။ ဗေလာကို ဇောရဟုလည်း ခေါ်သတည်း"

စစ်ပြိုင်ကြ၏
"စစ်တိုက်ကြ၏" သို့မဟုတ် "စစ်ဆင်နွှဲကြ၏။" UDB မူပြန်ကျမ်း၌ အငယ် ၉ တွင် ဖော်ပြထားသည့်အတိုင်း၊ ဘာသာပြန်သူတချို့က ထိုစစ်တပ်များ တိုက်ခိုက်ကြသည်ဟု ဖော်ပြ၏။

မင်းကြီးလေးပါးနှင့်၊ မင်းကြီးငါးပါးတို့သည် စစ်ပြိုင်ကြ၏
မင်းကြီးငါးပါးကို ရှေ့ဦးစွာ စာရင်းပြုသောကြောင့် "မင်းကြီးငါးပါးနှင့် မင်းကြီးလေးပါးတို့သည် စစ်ပြိုင်ကြ၏။"

### Genesis 14:10

ရေညှိအကျိအချွဲ
ရေနံချေးအစရှိသော မြေမှ ထွက်သည့် ထူထပ်၊ စေးကပ်၊ မဲနက်သည့် အရည်တစ်မျိုး။ ၁၁:၃ မှ ပြန်ဆိုချက်ကို ရှု။

ရေညှိအကျိအချွဲနှင့်ပြည့်သော တွင်းများရှိ၏
"ရေနံချေးတွင်းများရှိ၏။" ရေနံချေးထွက်သော တွင်းများ ဖြစ်သည်။

သောဒုံမင်းကြီး၊ ဂေါမောရမင်းကြီးတို့သည်
မင်းနှင့် ၎င်းတို့အပိုင် စစ်တပ်ကိုပါ ခြုံငုံထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သောဒုံနှင့် ဂေါမောရ မင်းကြီးတို့သည် မိမိစစစ်တပ်နှင့်"

ထိုတွင်းများ၌ ကျလေ၏
ဖြစ်နိုင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ၊ (၁) "တချို့မှာ ထိုတွင်းများ၌ ကျလေ၏" သို့မဟုတ် (၂) မင်းတို့မှာ ထိုတွင်းများ၌ ကျလေ၏။" သို့ရာတွင် ၁၄:၁၇ တွင် သောဒုံမင်းကြီးက အာဗြံကို တွေ့ရန် သွားသည်ဆိုသဖြင့်၊ ပထမ ဖွင့်ဆိုချက်မှာ ပို၍ ဖြစ်နိုင်ချေရှိ၏။

ကြွင်းသောသူတို့သည်
"စစ်ပွဲ၌မသေ တွင်း၌ မကျသော သူတို့သည်"

အောင်သောမင်း
သောဒုံနှင့် ဂေါမောရမြို့ကို တိုက်သော ခေဒေါရလောမာမင်းကြီးနှင့် အဖွဲ့ကို ညွှန်းသည်။

သောဒုံမြို့နှင့် ဂေါမောရမြို့၌ ရှိသမျှသောဥစ္စာ
"သောဒုံ" နှင့် "ဂေါမောရ" ဟု ဆိုရာတွင် ထိုမြို့၌ နေသော လူတို့ကိုလည်း ညွှန်း၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "သောဒုံနှင့် ဂေါမောရမြို့၌ နေထိုင်သူတို့၏ ဥစ္စာရှိသမျှ"

မြို့ရိက္ခာ
"အစာရေစာ"

သွားကြ၏
"ထွက်သွားကြ၏"

သောဒုံမြို့၌နေသော အာဗြံအစ်ကိုသား လောတနှင့် သူ၏ဥစ္စာတို့ကိုလည်း သိမ်းယူ၍သွား၏
"သောဒုံမြို့၌နေသော" နှင့် "အာဗြံအစ်ကိုသား" ဟူရာတွင် လောတ၏ အကြောင်းကို ပြန်လည်အမှတ်ရစေရန် သုံးထားခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လောတနှင့် သူ၏ဥစ္စာတို့ကိုလည်း သိမ်းယူ၍သွား၏။ လောတသည် အာဗြံအစ်ကို သားဖြစ်၍ သောဒုံမြို့၌ နေသတည်း"

### Genesis 14:13

ထိုဘေးမှ လွတ်၍ပြေးသော သူတယောက်သည်
"စစ်ဘေးမှ လွတ်သော သူတစ်ယောက်သည်"

နေသော အာဗြံထံသို့
"အာဗြံနေသော အရပ်သို့။" ထိုအချိန်၏ နောက်ကြောင်းကို ဖော်ပြသည်။

အာဗြံနှင့် မိဿဟာယဖွဲ့သောသူ
"အာဗြံ၏ မိတ်ဆွေများ" သို့မဟုတ် "အာဗြံနှင့် မိတ်ဖက်ဖြစ်သော"

မိမိအစ်ကိုသား
အာဗြံ၏ အမျိုးဖြစ်ကြောင်း ညွှန်းလိုက်သည်။

သွန်သင်သော လူ
"စစ်တိုက်နည်း၌ သွန်သင်ထားသောလူ"

မိမိအိမ်၌ ဘွား၍
"မိမိအိမ်ထောင်၌ မွေးဘွား၍။" အာဗြံ ကျွန်တို့၏ သားသမီးများဖြစ်သည်။

လိုက်လေ၏
"နှင်ထုတ်လေ၏"

ဒန်မြို့
အာဗြံတို့နေရာ အရပ်မှ ဝေးရာတွင် ရှိသော ခါနာန်ပြည်မြောက်ဖျားပိုင်းရှိ မြို့တမြို့။

### Genesis 14:15

ညဥ့်အခါ၊ မိမိလူတို့ကိုခွဲ၍ တိုက်စေသဖြင့်၊ လုပ်ကြံပြီးလျှင်
စစ်နည်းဗျူဟာတစ်မျိုးကို ညွှန်းသည်။ "ညဥ့်အခါ၊ မိမိလူတို့ကို အဖွဲ့ငယ်ခွဲ၍ အဖက်ဖက်မှ တိုက်ကြပြီးလျှင်" (UDB)

ဥစ္စာရှိသမျှကိုငင်း
သောဒုံနှင့် ဂေါမောရမြို့မှ သိမ်းယူလိုက်သော ဥစ္စာပစ္စည်းများကို ညွှန်းသည်။

လောတနှင့် သူ၏ဥစ္စာကိုငင်း
"လောတထံမှ သိမ်းယူသော ဥစ္စာ"

မိန်းမများနှင့် လူများကိုငင်း
"မိန်းမများနှင့် တခြားလူများကို"

### Genesis 14:17

ပြန်လာသောအခါ
ပြန်သွားသည့်အရပ်ကို တိကျစွာ ထည့်သွင်း ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မိမိနေရပ်သို့ ပြန်လာသောအခါ"

ရှာလင်မင်းကြီး မေလခိဇေဒက်
မင်းကြီးအမည်ကို ပထမဆုံးအကြိမ် ဖော်ပြသည်။

မုန့်နှင့် စပျစ်ရည်
လူတို့သည် မုန့်နှင့် စပျစ်ရည်ကို ပုံမှန်စားသုံးကြ၏။ ၃:၁၇ ရှိ "အစာ" နှင့် ၉:၂၀ ရှိ "စပျစ်ရည်" မှ ပြန်ဆိုချက်ကို ရှု။

### Genesis 14:19

အာဗြံကို ကောင်းကြီးပေး၍
မင်းကြီး မေလခိဇေဒက်သည် အာဗြံကို ကောင်းကြီးပေး၍

ကောင်းကင်မြေကြီးရှင်၊ အမြင့်ဆုံးသော ဘုရားသခင်သည် အာဗြံအား ကောင်းကြီးပေးတော်မူပါစေသော
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကောင်းကင်မြေကြီးရှင်၊ အမြင့်ဆုံးသော ဘုရားသခင်သည် အာဗြံအား ကောင်းခြင်းမင်္ဂလာ ပေးတော်မူပါစေသော"

ကောင်းကင်
ဘုရားသခင် ကိန်းဝပ်ရာအရပ်ကို ညွှန်းသည်။

အပ်နှံတော်မူသော အမြင့်ဆုံးသော ဘုရားသခင်
"အပ်နှံတော်မူသဖြင့် အမြင့်ဆုံးသော ဘုရားသခင်။" "အပ်နှံတော်မူသော" ဟူသည်မှာ မည်သို့သော ဘုရားသခင်ဖြစ်ကြောင်း ပေါ်လွင်စေရန် အသုံးပြုသော နာမဝိသေသနပုဒ်ဖြစ်သည်။

အမြင့်ဆုံးသော ဘုရားသခင်လည်း မင်္ဂလာ ရှိတော်မူစေသတည်း
ဘုရားသခင်ကို ချီးမွမ်းသောနည်းလမ်း တစ်မျိုးဖြစ်သည်။ ၉:၂၆ မှ ပြန်ဆိုချက်ကို ရှု။

သင်၏လက်၌
"သင့်ကို" သို့မဟုတ် "သင့်အား"

### Genesis 14:21

လူတို့ကို ကျွန်ုပ်အား ပြန်ပေးပါ
ရန်သူ သိမ်းသွားသော သောဒုံမြို့သားတို့ကို ညွှန်း၏။ လောတကို ကယ်ရန် အာဗြံသွားခဲ့စဉ် ထိုသူတို့လည်း လွတ်မြောက်ခြင်းရ၏။

လုလင်တို့သည် စားပြီးသော အရာကိုငင်း . . . အဘို့ကိုငင်း၊ ထား၍၊ မင်းကြီး၏ဥစ္စာ . . . တစုံတခုကိုမျှ ငါမယူ
"လုလင်တို့ စားပြီးသောအရာနှင့် ... အဘို့မှတပါး၊ မင်းကြီး၏ဥစ္စာ ... တစုံတခုကိုမျှ ငါမယူ။" မင်းကြီး၏ ဥစ္စာကို မယူသည့်အကြောင်း ဆိုထားသော်လည်း မိမိလူတို့အတွက် စားစရာများကို ယူခဲ့ကြောင်း ဝန်ခံသည့် သဘော သက်ရောက်၏။

ကျွန်ုပ်နှင့်အတူ လိုက်လာသောသူ၊ . . . သူတို့ယူသော အဘို့ကိုငင်း
ပို၍တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်နှင့်အတူ ဤဥစ္စာများ ပြန်ယူပေးသောသူ၊ ... သူတို့အဘို့ကိုငင်း"

အာနေရ၊ ဧရှကောလ၊ မံရေ
အာဗြံ၏ မိတ်ဆွေများ ဖြစ်သည်။ (ရှု၊ ၁၄:၁၃)။ စစ်တိုက်ရာတွင် အာဗြံကို အကူအညီ ပေးခဲ့ကြသည်။ ဤအကြောင်းကို ပို၍တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်၏ မိတ်ဆွေ အာနေရ၊ ဧရှကောလ၊ မံရေ"

ကျွန်ုပ်သည် လက်ကိုချီ၍ အဓိဋ္ဌာန်ပြုပါပြီ
"ကျွန်ုပ်သည် သန္နိဋ္ဌာန်ချပြီးပါပြီ" သို့မဟုတ် "ကျွန်ုပ်သည် ကတိသစ္စာ ပြုပါပြီ"


generated on Fri Sep 22 10:08:29 2023

## Chapter 15

1 ထိုနောက်မှ ဗျာဒိတ်တော်အားဖြင့်၊ ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် အာဗြံသို့ရောက်၍၊ အချင်းအာဗြံ၊ မစိုးရိမ်နှင့်။ ငါသည်
သင်၏ အကွယ်အကာဖြစ်၏။ သင်၏အကျိုးသည် အလွန်ကြီးလှ၏ဟု မိန့်တော်မူလျှင်၊ 2 အာဗြံက၊ အရှင်ထာဝရဘုရား၊
အကျွန်ုပ်သည် သားမရှိဘဲ သွားရပါ၏။ ဤဒမာသက်မြို့သား ဧလျာဇာ သည် အကျွန်ုပ်၏ အမွေခံဖြစ်ရပါ၏။ သို့ဖြစ်၍
အဘယ်ကျေးဇူးကို ပြုတော်မူပါမည်နည်းဟု လျှောက်ဆို၏။ 3 တဖန်အာဗြံက အကျွန်ုပ်အား အမျိုးအနွယ်ကို ပေးတော်မမူပါ။
အကျွန်ုပ်၏ အိမ်၌ ဘွားသောသူသည် အကျွန်ုပ်၏ အမွေခံဖြစ်ရပါသည်တကားဟု လျှောက်ဆို၏။ 4 တဖန် ထာဝရဘုရား၏
နှုတ်ကပတ်တော် ရောက်လာသည်ကား၊ ဤသူသည် သင်၏အမွေခံ မဖြစ်ရ။ သင်၏ ကိုယ်ထဲက ထွက်သောသူသည် သင်၏
အမွေခံဖြစ်လိမ့်မည်ဟု မိန့်တော်မူပြီးလျှင်၊ 5 အာဗြံကိုပြင်သို့ ထုတ်ဆောင်တော်မူ၍၊ မိုဃ်းကောင်းကင်ကို မျှော်ကြည့်လော့။
ကြယ်များကို ရေတွက် နိုင်လျှင် ရေတွက်လော့။ သင်၏အမျိုးအနွယ်သည်ထိုသို့ ဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။ 6 အာဗြံသည်
ထာဝရဘုရားကို ယုံကြည်သည် ဖြစ်၍၊ သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏။ 7 တဖန်၊ငါသည် ဤပြည်ကို
သင်အမွေခံစရာဘို့၊ သင်အားပေးလိုသောငှါ၊ ခါလဒဲပြည်သားတို့နေသော ဥရမြို့မှ သင့်ကို ထုတ်ဆောင်သော ထာဝရဘုရား
ဖြစ်သည်ဟု မိန့်တော်မူလျှင်၊ 8 အရှင်ထာဝရဘုရား၊ ဤပြည်ကို အကျွန်ုပ် အမွေခံရမည်ကို အဘယ်သို့ သိရပါအံ့နည်းဟု
မေးလျှောက်လေ၏။ 9 ထာဝရဘုရားကလည်း၊ သုံးနှစ်အသက်ရှိသော နွားမတကောင်၊ သုံးနှစ်အသက်ရှိသော ဆိတ်တကောင်၊
သုံးနှစ်အသက်ရှိသော သိုးထီးတကောင်၊ ချိုးတကောင်၊ ခိုသငယ်တကောင်တို့ကို ငါ့ဘို့ယူလော့ဟု မိန့်တော်မူသည်အတိုင်း၊ 10
ထိုတိရစ္ဆာန်အပေါင်းတို့ကို ယူ၍၊ တကောင် တကောင်ကို ထက်ဝက်စီ ခွဲပြီးလျှင်၊ ခွဲသောအသားတို့ကို အဘက်တချက်၌ ထားလေ၏။
ငှက်ကောင်တို့ကို မခွဲ။ 11 ငှက်ရဲတို့သည် အသေကောင်တို့ အပေါ်သို့ ဆင်းလာသောအခါ၊ အာဗြံသည် နှင်လေ၏။ 12
နေဝင်သောအခါ၊ အာဗြံသည် ကြီးသော အိပ်ခြင်းဖြင့် အိပ်ပျော်လျက်၊ ထူသောမှောင်မိုက်နှင့်တွေ့၍၊ ထိတ်လန့်ခြင်းသို့
ရောက်လေ၏။ 13 ထာဝရဘုရားကလည်း၊ သင်၏ အမျိုးအနွယ်သည်၊ သူတပါးပိုင်သောပြည်၌ ဧည့်သည်ဖြစ်ကြသဖြင့်၊
သူတပါးတို့၌ ကျွန်ခံခြင်း၊ နှိပ်စက်ညှဥ်းဆဲခြင်းကို အနှစ်လေးရာပတ်လုံးခံရကြလိမ့်မည်ကို အမှန်သိမှတ်လော့။ 14 သူတို့ကို
စေခိုင်းသော လူမျိုးကိုလည်း ငါစီရင်မည်။ ထိုနောက်မှ၊ သူတို့သည် များစွာသောဥစ္စာနှင့် ထွက်ကြလိမ့်မည်။ 15
သင်သည်ဘိုးဘေးတို့ထံသို့ ငြိမ်ဝပ်စွာ သွားရလိမ့်မည်။ အသက်ကြီးရင့်လျက် သင်္ဂြိုဟ်ခြင်းကို ခံရလိမ့် မည်။ 16
လူမျိုးလေးဆက်လွန်သောအခါ၊ သူတို့သည် ဤပြည်သို့ ပြန်လာကြလိမ့်မည်။ အာမောရိ အမျိုးသား တို့၏ ဒုစရိုက်အပြစ်သည်
မစုံလင်သေးဟု အာဗြံအား မိန့်တော်မူ၏။ 17 တဖန် နေဝင်၍ မိုက်သောအခါ၊ ခွဲထားသော အသားအလယ်၌၊ မီးခိုးထွက်သောမီးဖို၊
မီးထွန်းလင်း သော မီးခွက်သည် ထင်ရှားစွာ ရှောက်သွားလေ၏။ 18 ထိုနေ့၌ ထာဝရဘုရားသည် အာဗြံနှင့် ပဋိညာဉ်ပြုတော်မူလျက်၊
အဲဂုတ္တု မြစ်မှစ၍ မြစ်ကြီး တည်းဟူသော၊ ဥဖရတ်မြစ်တိုင်အောင်၊ ဤပြည်ကို ၎င်း၊ 19 ကေနိလူ၊ ကေနဇိလူ၊ ကာဒမောနိလူ၊ 20
ဟိတ္တိလူ၊ ဖေရဇိလူ၊ ရေဖိမ်လူ၊ အာမောရိလူ၊ ခါနနိလူ၊ ဂိရဂါရှိလူ၊ ယေဗုသိလူတို့ကို၎င်း၊ 21 သင်၏ အမျိုးအနွယ်အား ငါအပ်ပေးပြီဟု
မိန့်တော်မူ၏။

---

### Genesis 15:1

ထိုနောက်မှ
"ထို" သည် မင်းများနှင့်တိုက်ပြီး လောတကို အာဗြံ ကယ်တင်ခြင်းအကြောင်းအား ညွှန်း၏။

ထာဝရဘုရား၏ နှုတ်ကပတ်တော်သည် အာဗြံသို့ရောက်၍
ထာဝရဘုရား အမိန့်တော်ရှိကြောင်း ညွှန်းသော ဒေသိယစကားဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၏ အာဗြံထံ မိန့်တော်မူသည်ကား"

ထာဝရဘုရား၏ နှုတ်ကပတ်တော်
ယာဝေးဘုရား၏ အမိန့်တော်ကို ပုံဆောင်သော ဝင်္ကဝုတ္တိပုဒ်ဖြစ်၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား၏ အမိန့်တော်"

အကွယ်အကာ . . . အကျိုး
ဘုရားသခင်သခင်သည် မိမိ၏ဝိသေသလက္ခဏာနှင့် အာဗြံအတွက် မည်သို့ပြုမည်အကြောင်း သွယ်ဝိုက်ညွှန်းဆိုသော ဝင်္ကဝုတ္တိပုဒ်ဖြစ်သည်။

ငါသည် သင်၏ အကွယ်အကာဖြစ်၏
စစ်သားများက ရန်သူထံမှ ကာကွယ်ရန် ဒိုင်းကို အသုံးပြုကြသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါသည် သင့်ကိုကွယ်ကာသော ဒိုင်းဖြစ်၏" သို့မဟုတ် "ငါသည် သင်၏ ကွယ်ကာရာဒိုင်းဖြစ်၏"

သင်၏အကျိုးသည် အလွန်ကြီးလှ၏
"သင်ရစရာ အခလည်း ဖြစ်၏။" ဖြစ်နိုင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ၊ (၁) "သင်လိုသမျှလည်း ဖြစ်၏" သို့မဟုတ် (၂) "သင်လိုအပ်သမျှကို ငါးပေးမည်"

တဖန်အာဗြံက အကျွန်ုပ်အား အမျိုးအနွယ်ကို ပေးတော်မမူပါ . . . ဟု လျှောက်ဆို၏
"တဖန်အာဗြံ လျှောက်ဆို၏။ 'အကျွန်ုပ်အား အမျိုးအနွယ်ကို ပေးတော်မမူပါ ..."

### Genesis 15:4

ထာဝရဘုရား၏ နှုတ်ကပတ်တော် ရောက်လာသည်ကား
ဘုရားသခင် အမိန့်တော်ရှိသည်ဟူသော ဒေသိယစကားဖြစ်သည်။ ၁၅:၁ မှ ပြန်ဆိုချက်ကို ရှု။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား မိန့်တော်မူသည်ကား"


generated on Fri Sep 22 10:08:29 2023

ထာဝရဘုရား၏ နှုတ်ကပတ်တော်
ထာဝရဘုရား၏ အမိန့်တော်ကို ပုံဆောင်သော ဝက်ဝုတ္တိပုဒ်ဖြစ်၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယာဝေးဘုရား၏ အမိန့်တော်"

ဤသူ
ဒမာသက်မြို့သား ဧလျာဇာကို ညွှန်း၏။

သင်၏ ကိုယ်ထဲက ထွက်သောသူ
"သင့်ကို အဘတော်မည့်သူ" သို့မဟုတ် "သင်ထံမှ ဘွားမြင်သောသူ။" အာဗြံ၏သား ကိုယ်တိုင်က အမွေကို ဆက်ခံမည်ဟူ၏။

ကြယ်များကို ရေတွက်နိုင်လျှင် ရေတွက်လော့
"ကြယ်များကို ရေတွက်လော့"

သင်၏အမျိုးအနွယ်သည်ထိုသို့ ဖြစ်လိမ့်မည်
ကြယ်များကို ရေတွက်လို့မရသကဲ့သို့ အာဗြံ၏ အမျိုးအနွယ်သည်လည်း ရေတွက်မရအောင် များပြားမည်။

## Genesis 15:6

အာဗြံသည် ထာဝရဘုရားကို ယုံကြည်သည်ဖြစ်၍
ထာဝရဘုရား ပြောသည့်အတိုင်း ယုံကြည်လက်ခံသည်ဟု ဆိုလို၏။

သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏
"ထိုယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းအဖြစ် ယာဝေးဘုရား မှတ်တော်မူ၏" သို့မဟုတ် "ထာဝရဘုရားသည် အာဗြံကို ဖြောင့်မတ်သည်ဟု မှတ်တော်မူ၏"

ငါသည် . . . ဥရမြို့မှ သင့်ကို ထုတ်ဆောင်သော ထာဝရဘုရား ဖြစ်သည်
ယာဝေးထာဝရအမှတ်ရစေခြင်းဖြင့် အာဗြံကို ဂတိပြုတော်မူသည့်အတိုင်း ဆောင်ရွက်ပေးမည်အကြောင်း နားလည်စေ၏။

သင်အမွေခံစရာဘို့
"သင့်အဘို့" သို့မဟုတ် "သင် ပိုင်စရာဘို့"

အဘယ်သို့ သိရပါအံ့နည်း
ထာဝရဘုရား၏ ကတိတော်ကို စိတ်ချ ယုံကြည်နိုင်ရန် နိမိတ်သက်သေပြရန် အာဗြံ တောင်းဆိုခြင်း ဖြစ်၏။

## Genesis 15:9

အသေကောင်တို့
"တိရစ္ဆာန် အသေကောင်တို့"

အာဗြံသည် နှင်လေ၏
"အာဗြံသည် ထိုငှက်တို့အား နှင်ထုတ်၏။"
တိရစ္ဆာန်အသေကောင်ကို ငှက်ရဲတို့ မစားနိုင်ရန် အာဗြံ တားဆီးနေခြင်းဖြစ်သည်။

## Genesis 15:12

အာဗြံသည် ကြီးသောအိပ်ခြင်းဖြင့် အိပ်ပျော်လျက်
အီဒီယမ်စကားဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အာဗြံသည် နက်နဲစွာ အိပ်ပျော်လျက်"

ထူသောမှောင်မိုက်နှင့်တွေ့၍
"ထိတ်လန့်ဖွယ်သော အမှောင်ထု၏"

ထိတ်လန့်ခြင်းသို့ ရောက်လေ၏
"လွှမ်းမိုးခြင်းကို ခံရလေ၏"

ဧည့်သည်
"သူစိမ်း" သို့မဟုတ် "တိုင်းတစ်ပါးသား"

သူတပါးတို့၌ ကျွန်ခံခြင်း၊ နှိပ်စက်ညှဉ်းဆဲခြင်းကို . . . ခံရကြလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အိမ်ရှင်တို့၏ ကျွန်ဖြစ်လျက်၊ ညှဉ်းပမ်းနှိပ်စက်ကို ... ခံရကြလိမ့်မည်။

## Genesis 15:14

ယေဘုယျ အချက်အလက်
အာဗြံ၏ အိပ်မက်ထဲတွင် ထာဝရဘုရား ဆက်လက် မိန့်ဆိုသည်။

သူတို့ကို စေခိုင်းသော
တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်၏ အမျိုးအနွယ်တို့ ခစားရသော"

ငါစီရင်မည်
"စီရင်" ဟူသည်မှာ တရားသဖြင့် စီရင်သောအခါ ဖြစ်လာမည့်အကျိုးဆက်ကို ညွှန်းဆိုသော ဝက်ဝုတ္တိပုဒ်ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ အပြစ်ပေးမည်"

များစွာသောဥစ္စာ
အီဒီယမ်စကားဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "များစွာသော ပိုင်ဆိုင်မှုဖြင့်" သို့မဟုတ် "ကြီးစွာသော ချမ်းသာမှု"

သင်သည် ဘိုးဘေးတို့ထံသို့ . . . သွားရလိမ့်မည်
"သင်သည် သေလိမ့်မည်" ဟူသည်ကို ယဉ်ကျေးစွာ ပြောလိုက်ခြင်းဖြစ်သည်။

ဘိုးဘေးတို့
"ဘိုးဘေးတို့" ဟူသည်မှာ ဘိုးစဉ်ဘောင်ဆက် ပုဂ္ဂိုလ်အားလုံးကို ခြုံငုံသော အစုပြုပုဒ်ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဖခင်များ" သို့မဟုတ် "မျိုးရိုးဖခင်များ"

အသက်ကြီးရင့်လျက် သင်္ဂြိုဟ်ခြင်းကို ခံရလိမ့်မည်
"သက်တမ်းစေ့လျှင် သေရလိမ့်မည်"

လူမျိုးလေးဆက် လွန်သောအခါ
ဤကျမ်းပိုဒ်တွင် မျိုးဆက်တစ်ခုက နှစ်ပေါင်း ၁၀၀ သက်တမ်းကို ညွှန်း၏။ "နှစ်ပေါင်း လေးရာ လွန်သောအခါ"

သူတို့သည် ဤပြည်သို့ ပြန်လာကြလိမ့်မည်
"သင်၏ အမျိုးအနွယ်သည် ဤပြည်သို့ ပြန်လာကြလိမ့်မည်။" ယာဝေးဘုရား ကတိတော် ထားခဲ့သောပြည်၊ ယခု အာဗြံ နေထိုင်သောပြည်သို့ မိမိအမျိုးအနွယ်များ ပြန်လာမည်။

အာမောရိ အမျိုးသားတို့၏ ဒုစရိုက်အပြစ်သည် မစုံလင်သေး
"အာမောရိ အမျိုးသားတို့၏ ဒုစရိုက်အပြစ်သည် အထွတ်အထိပ် မရောက်သေး" သို့မဟုတ် "အာမောရိ အမျိုးသားတို့ စီရင်ခြင်း မပြုမီ ၎င်းတို့ဒုစရိုက်အပြစ်ကို ဤထက်မက ကြီးမားစေမည်"


generated on Fri Sep 22 10:08:29 2023

### Genesis 15:17

ခွဲထားသော အသားအလယ်၌၊ မီးခိုးထွက်သောမီးဖို၊ မီးထွန်းလင်းသောမီးခွက်သည် ထင်ရှားစွာ ရှောက်သွားလေ၏
ပဋိညာဉ် ပြုတော်မူမည့်အကြောင်းကို ထင်ရှားစေရန် အာဗြံထံ ဘုရားသခင် ပြသလိုက်ခြင်း ဖြစ်သည်။

ခွဲထားသော အသားအလယ်၌ . . . ရှောက်သွားလေ၏
"ခွဲထားသော အသားအလယ်၌ ... ဖြတ်သွားလေ၏"

ပဋိညာဉ်
ဤပဋိညာဉ်တရားတွင် အာဗြံကို ကောင်းကြီးပေးမည်ဖြစ်ပြီး၊ အမိန့်တော်ကို နားထောင်သည့် ကာလပတ်လုံး ဆက်လက် ကောင်းကြီးပေးမည်ဟု ဘုရားသခင် ကတိတော် ထားခဲ့သည်။

ဤပြည်ကို . . . ငါအပ်ပေးပြီ
ဤသို့ဖြင့်၊ အဆိုပါပြည်ကို အာဗြံ၏ အမျိုးအနွယ်အား ဘုရားသခင် ပေးလိုက်၏။ ယခု ပေးလိုက်သော်လည်း၊ နှစ်ပေါင်းများစွာ မတိုင်မီအထိ ထိုပြည်သို့ ဝင်ခွင့်မရခဲ့ကြပါ။

မြစ်ကြီးတည်းဟူသော၊ ဥဖရတ်မြစ်
"မြစ်မတည်းဟူသော၊ ဥဖရတ်မြစ်။" မြစ်တစ်ခုတည်းကို ညွှန်းသည်။

ကေနိလူ၊ ကေနဇိလူ၊ ကာဒမောနိလူ၊ ဟိတ္တိလူ၊ ဖေရဇိလူ၊ ရေဖိမ်လူ၊ အာမောရိလူ၊ ခါနနိလူ၊ ဂိရဂါရှိလူ၊ ယေဗုသိလူ
ထိုပြည်၌ နေထိုင်သော လူမျိုးစုတို့၏ အမည်ဖြစ်သည်။ အဆိုပါ လူမျိုးနှင့် ၎င်းတို့ပြည်ကို အာဗြံ၏ အမျိုးအနွယ်ထံ ဘုရားသခင် ပေးအပ်လေသည်။


generated on Fri Sep 22 10:08:29 2023

## Chapter 16

[1] အာဗြံ၏ မယားစာရဲ၌ သားဘွားခြင်းမရှိသဖြင့်၊ အဲဂုတ္တုပြည်သူဟာဂရအမည်ရှိသော ကျွန်မတယောက် ရှိသည်ဖြစ်၍၊ [2] စာရဲက၊
အကျွန်ုပ်အား သားဘွားရသောအခွင့်ကို ထာဝရဘုရားပေးတော်မမူ။ အကျွန်ုပ်၏ ကျွန်မထံသို့ ဝင်ပါလော့။ သူ့အားဖြင့် အကျွန်ုပ်သည်
တည်ဆောက်ခြင်း ရှိကောင်းရှိပါလိမ့်မည်ဟု အာဗြံအား ပြောဆို၍၊ အာဗြံသည် စာရဲ၏စကားကို နားထောင်လေ၏။ [3]
ထိုသို့အာဗြံသည် ခါနာန်ပြည်၌ ဆယ်နှစ်နေပြီးမှ၊ အာဗြံ၏မယားစာရဲသည် မိမိကျွန်မအဲဂုတ္တုပြည်သူ ဟာဂရကိုယူ၍၊ မိမိခင်ပွန်း
အာဗြံသိမ်းပိုက်စေဘို့ အပ်နှင်းလေ၏။ [4] အာဗြံသည်လည်း ဟာဂရထံသို့ ဝင်၍၊ ဟာဂရသည် ပဋိသန္ဓေ စွဲလေ၏။ ဟာဂရသည်
မိမိတွင် ပဋိသန္ဓေစွဲနေကြောင်းကို သိလျှင်၊ မိမိသခင်မကို မထီ မဲ့မြင်ပြုလေ၏။ [5] စာရဲကလည်း အကျွန်ုပ်ခံရသော အပြစ်သည်
ကိုယ်တော်ခေါင်းပေါ်၌ တည်ရှိပါစေ။ အကျွန်ုပ်၏ ကျွန်မကို ကိုယ်တော်ရင်ခွင်၌ အကျွန်ုပ်အပ်နှင်းပါပြီ။ သူသည်
ကိုယ်၌ပဋိသန္ဓေစွဲနေကြောင်းကို သိလျှင်၊ အကျွန်ုပ်ကို မထီမဲ့မြင်ပြုပါသည်တကား။ ထာဝရဘုရားသည် အကျွန်ုပ်နှင့်
ကိုယ်တော်အမှုကို စီရင်တော်မူပါစေ သောဟု၊ အာဗြံအား ဆိုလေ၏။ [6] အာဗြံကလည်း၊ သင်၏ ကျွန်မသည် သင်၏လက်၌ရှိ၏။ သူ၌
ပြုချင်သမျှပြုပါလော့ဟု စာရဲအား ပြန်ပြောလျှင်၊ စာရဲသည် ကျွန်မကို ညှဉ်းဆဲသဖြင့်၊ ကျွန်မသည် သခင်မထံမှ ထွက်ပြေးလေ၏။ [7]
ထာဝရဘုရား၏ ကောင်းကင်တမန်သည် ရှုရမြို့သို့သွားရာတောလမ်း၌ရှိသော စမ်းရေတွင်း နားမှာ ဟာဂရကိုတွေ့လျှင်၊ [8]
စာရဲကျွန်မဟာဂရ၊ အဘယ်ကလာသနည်း။ အဘယ်အရပ်သို့ သွားမည်နည်းဟုမေးသော်၊ ကျွန်မသည် သခင်မစာရဲထံမှ
ပြေးလာပါသည်ဟု ဆိုလေ၏။ [9] ထာဝရဘုရား၏ ကောင်းကင်တမန်ကလည်း၊ သင်၏ သခင်မထံသို့ ပြန်၍၊ သူ၏အုပ်စိုးခြင်းကို
ခံလော့ဟု အမိန့်ရှိ၏။ [10] တဖန်ထာဝရဘုရား၏ ကောင်းကင်တမန်က၊ သင်၏ အမျိုးအနွယ်ကို မရေတွက်နိုင်အောင်၊ ငါအလွန်
များပြားစေမည်ဟူ၍၎င်း၊ [11] သင်သည် ကိုယ်ဝန်ဆောင်သည်ဖြစ်၍၊ သားယောကျ်ားကို ဘွားမြင်လိမ့်မည်။ ထိုသားကို ဣရှမေလ
အမည်ဖြင့် မှည့်ရမည်။ အကြောင်းမူကား၊ ထာဝရဘုရားသည် သင်၏ ဆင်းရဲဒုက္ခကို ကြားသိတော်မူပြီ။ [12]
သူသည်လူရိုင်းဖြစ်လိမ့်မည်။ လူအပေါင်းတို့ကို ရန်ဘက်ပြုလိမ့်မည်။ သူ့ကိုလည်း လူအပေါင်းတို့သည် ရန်ဘက်ပြုကြလိမ့်မည်။
မိမိညီအစ်ကို အပေါင်းတို့၏ အပါး၌ နေရလိမ့်မည်ဟူ၍၎င်း မြွက်ဆိုလေ၏။ [13] ထိုသို့ မိန့်မြွက်တော်မူသော ထာဝရဘုရားကို၊
အာတောလေ ရောဟူသောအမည်ဖြင့် ခေါ်ဝေါ်၍၊ ငါ့ကိုမြင်တော်မူသော သူကို ဤအရပ်၌ပင် ငါဖူးမြင်ရသည်တကားဟု
ဟာဂရဆိုလေ၏။ [14] ထိုအကြောင်းကိုအစွဲပြု၍၊ ထိုရေတွင်းကို ဗေရလဟဲရောဟု သမုတ်ကြ၏။ ကာဒေရှမြို့နှင့်
ဗေရက်မြို့၏စပ်ကြားမှာ ရှိသတည်း။ [15] ထိုနောက် ဟာဂရသည် အာဗြံအား သားကို ဘွားမြင်၏။ အာဗြံလည်း ဟာဂရတွင် မြင်သော
သားကို ဣရှမေလအမည်ဖြင့် မှည့်လေ၏။ [16] အာဗြံသည် သားဣရှမေလကို ဟာဂရဘွားမြင်သောအခါ၊
အသက်ရှစ်ဆယ်ခြောက်နှစ်ရှိသတည်း။

---

---

### Genesis 16:1

ကျွန်မ
အစေခံဖြစ်၍ အိမ်၌ ရှိသောသခင်မအား အစေခံသော ကျွန်အစေခံ ဖြစ်သည်။

သားဘွားရသောအခွင့်ကို
"သားမွေးရသော အခွင့်ကို"

သူ့အားဖြင့် အကျွန်ုပ်သည် တည်ဆောက်ခြင်း ရှိကောင်းရှိပါလိမ့်မည်
"သူ့အားဖြင့် အကျွန်ုပ်သည် မိသားစုကို တည်ဆောက်နိုင်ပါလိမ့်မည်"

အာဗြံသည် စာရဲ၏စကားကို နားထောင်လေ၏
"အာဗြံသည် စာရဲ ပြောသည့်အတိုင်း ပြုလေ၏"

မိမိသခင်မကို မထီမဲ့မြင် ပြုလေ၏
"မိမိသခင်မကို မုန်းတီးလေ၏" သို့မဟုတ် "မိမိသခင်မထက် သာသည်ဟု ခံယူလေ၏"

မိမိသခင်မ
စာရဲကို ညွှန်းသည်။ သခင်မသည် ကျွန်မအပေါ် အာဏာရှိသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မိမိအရှင်မ" သို့မဟုတ် "စာရဲ"

### Genesis 16:5

အကျွန်ုပ်ခံရသော အပြစ်သည်
"အကျွန်ုပ်ခံရသော မတရားမှုသည်"

ကိုယ်တော်ခေါင်းပေါ်၌ တည်ရှိပါစေ
"ကိုယ်တော်ကြောင့် ဖြစ်၏" သို့မဟုတ် "သင့်ကြောင့်ဖြစ်၏"

အကျွန်ုပ်၏ ကျွန်မကို ကိုယ်တော်ရင်ခွင်၌ အကျွန်ုပ်အပ်နှင်းပါပြီ
အတူအိပ်စေကြောင်းကို ယဉ်ကျေးစွာ သုံးနှုန်းလိုက်ခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်တော်နှင့်အတူ အိပ်စေခြင်းငှါ အကျွန်ုပ်၏ ကျွန်မကို အပ်နှင်းပါပြီ"

အကျွန်ုပ်ကို မထီမဲ့မြင် ပြုပါသည်တကား
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်ကို မုန်းတီးပါသည်တကား" သို့မဟုတ် "အကျွန်ုပ်ထက် သာသည်ဟု မြင်ပါပြီတကား"

ထာဝရဘုရားသည် အကျွန်ုပ်နှင့် ကိုယ်တော်အမှုကို စီရင်တော်မူပါစေသော
"အကျွန်ုပ်အပြစ်သော်လည်းကောင်း၊ ကိုယ်တော့်အပြစ်သော်လည်းကောင်း ဖြစ်သည်ကို ယာဝေးဘုရား စီရင်တော်မူပါစေသော" သို့မဟုတ် "မည်သူ ဖြောင့်မတ်သည်ကို ထာဝရဘုရား စီရင်တော်မူပါစေသော။" "စီရင်" ဟူသည်မှာ ဤလင်မယားမှာ အဘယ်သူ မှန်ကန်ကြောင်း သတ်မှတ်ပေးခြင်းကို ညွှန်း၏။


generated on Fri Sep 22 10:08:29 2023

သင်၏လက်၌ရှိ၏
"သင်၏ အပိုင်ဖြစ်၏"

စာရဲသည် ကျွန်မကို ညှဉ်းဆဲသဖြင့်
"စာရဲသည် ဟာဂရကို ညှဉ်းဆဲသဖြင့်"

ကျွန်မသည် သခင်မထံမှ ထွက်ပြေးလေ၏
"ဟာဂရသည် စာရဲထံမှ ထွက်ပြေးလေ၏"

## Genesis 16:7

ထာဝရဘုရား၏ ကောင်းကင်တမန်
ဖြစ်နိုင်သော အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ၊ ၁) ထာဝရဘုရား ကိုယ်တော်တိုင် ကောင်းကင်တမန်ယောင်ဆောင်၍ သို့မဟုတ် ၂) ထာဝရဘုရား၏ ကောင်းကင်တမန်တို့မှ တစ်ဦး သို့မဟုတ် ၃) ဘုရားသခင် သီးသန့်လွှတ်တော်မူသော စေတမန် (ကျမ်းတတ်ပုဂ္ဂိုလ်အချို့က သခင်ယေရှု ဖြစ်မည်ဟူ၍)။ သို့ရာတွင်၊ နားလည်ရန် ခက်ခဲသည့်အလျောက် "ထာဝရဘုရား၏ ကောင်းကင်တမန်" ဟု ပြန်ဆိုခြင်းသည် အကောင်းဆုံးဖြစ်ပြီး၊ "ကောင်းကင်တမန်" နှင့် အလားတူ ဝေါဟာရဖြင့် ပြန်ဆိုရန် ဖြစ်၏။

ရှုရမြို့
ခါနာန်တောင်ဘက်၊ အဲဂုတ္တု ခေါ် အီဂျစ်ပြည်၏ အရှေ့ဘက်တွင် ရှိသော အရပ်ဒေသ တစ်နေရာ၏အမည် ဖြစ်သည်။

တော
သဲကန္တာရ ဖြစ်နိုင်ဖွယ်ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သဲကန္တာရ"

သခင်မ
စာရဲကို ညွှန်းသည်။ ပိုင်ရှင်က မိမိကျွန်အပေါ် ဩဇာ သက်ရောက်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မိမိသခင်မ။" ၁၆:၁ ရှိ "မိမိသခင်မ" ပြန်ဆိုချက်ကို ရှု။

## Genesis 16:9

ထာဝရဘုရား၏ ကောင်းကင်တမန်ကလည်း . . . အမိန့်ရှိ၏
"ယာဝေးဘုရား၏ ကောင်းကင်တမန်ကလည်း ဟာဂရအား မိန့်တော်မူသည်ကား၊ ..."

ထာဝရဘုရား၏ ကောင်းကင်တမန်
၁၆:၇ မှ ပြန်ဆိုချက်ကို ရှု။

သင်၏ သခင်မ
စာရဲ။ ၁၆:၁ ရှိ "မိမိသခင်မ" ပြန်ဆိုချက်ကို ရှု။

ထာဝရဘုရား၏ ကောင်းကင်တမန်က . . . ငါ . . . မြွက်ဆိုလေ၏
"ငါ" ဟု ဆိုရာတွင်၊ ထာဝရဘုရားကို ညွှန်းသည်။ ပြန်ဆိုသောအခါ၊ ကောင်းကင်တမန် ပြောသည့်အတိုင်း ယာဝေးဘုရားကို ညွှန်းဆိုသော "ငါ"ကို ထည့်သွင်းရမည်။

သင်၏ အမျိုးအနွယ်ကို . . . ငါ အလွန်များပြားစေမည်
"သင့်အား ... များစွာသော အမျိုးအနွယ်ကို ငါပေးမည်"

မရေတွက်နိုင်အောင်
"မည်သူမျှ မရေတွက်နိုင်သည်ထိ"

## Genesis 16:11

သားယောကျာ်းကို ဘွားမြင်လိမ့်မည်
"သားယောကျာ်းကို မွေးလိမ့်မည်"

ထိုသားကို . . . အမည်ဖြင့် မှည့်ရမည်
"ထိုသားကို ... ဟု မှည့်ရမည်။" ဟာဂရကို ညွှန်း၍ မိန့်ဆိုခြင်းဖြစ်သည်။

ဣရှမေလ . . . အကြောင်းမူကား၊ ထာဝရဘုရားသည် . . . ကြားသိတော်မူပြီ
ဘာသာပြန်ဆိုသူများ အနေဖြင့် "'ဣရှမေလ ကို 'ဘုရားသခင် ကြားသိတော်မူပြီ' ဟု အဓိပ္ပါယ်ရသည်" ဟူ၍ မှတ်ချက် ထည့်သွင်းနိုင်သည်။

ဆင်းရဲဒုက္ခ
စိတ်နှင့် ကိုယ်ခန္ဓာ ဆင်းရဲဒုက္ခကို ခံရသည်။

သူသည် လူရိုင်းဖြစ်လိမ့်မည်
ကျိုန်ဆဲသောစကား မဟုတ်ပါ။ ဣရှမေလမှာ လွတ်လပ်၍ ကြံ့ခိုင်မည်ဟူ၍ အဓိပ္ပါယ်ရသော ရူပကပုဒ်ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူသည် လူတို့အလယ်၌ မြည်းရိုင်းကဲ့သို့ ဖြစ်လိမ့်မည်"

လူအပေါင်းတို့ကို ရန်ဘက်ပြုလိမ့်မည်
"လူအပေါင်း၏ ရန်သူဖြစ်လိမ့်မည်"

သူ့ကိုလည်း လူအပေါင်းတို့သည် ရန်ဘက်ပြုကြလိမ့်မည်
"လူအပေါင်းသည်လည်း သူ၏ ရန်သူ ဖြစ်လိမ့်မည်"

မိမိညီအစ်ကိုအပေါင်း
"ဆွေးမျိုးသားချင်း" သို့မဟုတ် "အိမ်နီးချင်း"

. . . ၏ အပါး၌ နေရလိမ့်မည်
"... ကို ဆန့်ကျင်နေရလိမ့်မည်"

## Genesis 16:13

မိန့်မြွက်တော်မူသော ထာဝရဘုရား
"မိန့်မြွက်တော်မူသော ထာဝရဘုရား"

ငါ့ကို မြင်တော်မူသောသူကို ဤအရပ်၌ပင် ငါဖူးမြင်ရသည်တကား
ဘုရားသခင်ကို မြင်ရသော်လည်း အသက် ချမ်းသာခြင်းရရှိသဖြင့် အံ့ဩသောစိတ်ဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ အကြောင်းမှာ ဘုရားကို မြင်သောသူသည် သေသည်ဟု လူတို့ ခံယူခဲ့ကြ၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့ကို မြင်တော်မူပြီးသည်တိုင် ဤအရပ်၌ အသက်ချမ်းသာခြင်း ရပါပြီတကား"

ထိုအကြောင်းကိုအစွဲပြု၍၊ ထိုရေတွင်းကို ဗေရလဟဲရောဟု သမုတ်ကြ၏
ဘာသာပြန်ဆိုသူများအနေဖြင့် "ဗေရလဟဲရောမှာ 'မြင်ပြီး အသက်ရှင်သောသူ၏ ရေတွင်း' ဟု အဓိပ္ပါယ်ရသည်" ဟူ၍ မှတ်ချ ထည့်သွင်းနိုင်သည်။

ကာဒေရှမြို့နှင့် ဗေရက်မြို့၏စပ်ကြားမှာ ရှိသတည်း
အခြားသော ဘာသာပြန်ဆိုချက်၊ "၎င်းသည် ကာဒေရှမြို့နှင့် ဗေရက်မြို့၏ စပ်ကြားမှာ ရှိသတည်း"


generated on Fri Sep 22 10:08:29 2023

**Genesis 16:15**

ထိုနောက် ဟာဂရသည် . . . သားကို ဘွားမြင်၏
စာရဲ့နှင့် အာဖြဲထံ ပြန်လာကြောင်းကို တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထို့နောက် ဟာဂရ ပြန်လာပြီး ... သားကို ဘွားမြင်၏"

ဟာဂရတွင် မြင်သော သားကို . . . အမည်ဖြင့် မှည့်လေ၏
"ဟာဂရ မွေးသောသားကို ... ဟု မှည့်လေ၏" သို့မဟုတ် "မိမိနှင့် ဟာဂရတို့ မြင်သောသားကို ... ဟု မှည့်လေ၏"

အာဗြံသည်
ထိုခေတ်၏ နောက်ခံသမိုင်းကို ဖော်ပြရန် သုံးထားသည်။ ပြန်ဆိုမည့် ဘာသာစကား၏ အသုံးအနှုန်းကို လိုက်၍ ပြောင်းဆိုနိုင်သည်။

သားဣရှမေလကို ဟာဂရဘွားမြင်သောအခါ
"သားဣရှမေလ ဘွားမြင်သောအခါ" ဟု ဖော်ပြလိုခြင်း ဖြစ်သည်။ အာဗြံ သားရသော အကြောင်းကို ရည်စူးထားသည်။



generated on Fri Sep 22 10:08:29 2023

## Chapter 17

[1] ထိုနောက်၊ အာဗြံသည် အသက်ကိုးဆယ်ကိုးနှစ်ရှိသောအခါ၊ ထာဝရဘုရားသည် အာဗြံအားထင်ရှား တော်မူ၍၊ ငါသည်
အနန္တတန်ခိုးရှင် ဘုရားသခင်ဖြစ်၏။ ငါ့ရှေ့မှာ သွားလာ၍ စုံလင်ခြင်းရှိလော့။ [2] ငါ၏ ပဋိညာဉ်ကို သင်နှင့် ငါပြုမည်။ သင့်ကို
ငါအလွန်များပြားစေမည်ဟု မိန့်တော်မူ၏။ [3] အာဗြံသည်လည်း ပြပ်ဝပ်လျှင်၊ ဘုရားသခင်က၊ [4] ငါပြုသော ပဋိညာဉ်သည်
သင်၌ရှိ၏။ သင်သည် လူမျိုးအများတို့၏ အဘဖြစ်လိမ့်မည်။ [5] နောက်တဖန်သင်၏ အမည်ကို အာဗြံဟုမခေါ်ရ။ သင်၏အမည်ကို
အာဗြဟံဟုခေါ်ရ၏။ အကြောင်းမူကား၊ ငါသည် သင့်ကို များစွာသော လူအမျိုးတို့၏ အဘအရာ၌ ခန့်ထားပြီ။ [6] ငါသည် သင့်ကို
အလွန်ပွားများစေမည်။ သင်အားဖြင့် လူအမျိုးမျိုးတို့ကို ဖြစ်စေမည်။ သင်၏ အမျိုး အနွယ်၌လည်း ရှင်ဘုရင်ဖြစ်ရကြလိမ့်မည်။ [7]
ငါသည်သင်၏ဘုရား၊ သင့်နောက်၌ သင့်အမျိုးအနွယ်၏ ဘုရားဖြစ်မည်ဟု၊ သင်နှင့်သင်၏ အမျိုးအနွယ် အစဉ်အဆက်တို့၌၊
ငါ့ပဋိညာဉ်ကို ထာဝရပဋိညာဉ် ဖြစ်စေမည်။ [8] သင်သည် ယခုဧည့်သည်ဖြစ်၍နေသော ပြည်တည်းဟူသော၊
ခါနာန်ပြည်တရှောက်လုံးကို၊ သင်အားငှင်း၊ သင့်နောက်၌သင်၏အမျိုးအနွယ်အားငှင်း၊ အစဉ်အမြဲ အပိုင်ပေးမည်။ သူတို့၏
ဘုရားလည်း ငါဖြစ်မည်ဟု မိန့်မြွက်တော်မူ၏။ [9] တဖန်ဘုရားသခင်က၊ သို့ဖြစ်၍ သင်နှင့်တကွသင့်နောက်၌ သင်၏အမျိုးအနွယ်
အစဉ်အဆက်တို့သည်၊ ငါ၏ပဋိညာဉ် ကို စောင့်ရှောက် ရကြမည်။ [10] သင်နှင့်တကွသင့်နောက်၌ သင်၏အမျိုးအနွယ်သည်၊ ငါ့ရှေ့မှာ
စောင့်ရှောက်ရသော ငါ၏ ပဋိညာဉ်ဟူမူကား၊ သင်တို့တွင် သားယောကျာ်းတိုင်း အရေဖျားလှီးမင်္ဂလာကို ခံရမည်။ [11]
အရေဖျားလှီးမင်္ဂလာသည်၊ ငါနှင့်သင်တို့ပြုသော ပဋိညာဉ်၏ လက္ခဏာသက်သေဖြစ်ရလိမ့်မည်။ [12] သင်တို့
အမျိုးအစဉ်အဆက်တို့၌ သားယောကျာ်းတိုင်း၊ ကိုယ်အိမ်၌ဘွားသောသူဖြစ်စေ၊ ကိုယ့် အမျိုးမဟုတ်။ တပါးအမျိုးသား၌
ငွေနှင့်ဝယ်သောသူ ဖြစ်စေ၊ အသက်ရှစ်ရက်မြောက်လျှင်၊ အရေဖျားလှီး မင်္ဂလာကို ခံရမည်။ [13] ကိုယ်အိမ်၌ ဘွားသောသူ၊
ကိုယ်ငွေနှင့်ဝယ် သောသူသည်၊ အရေဖျားလှီးမင်္ဂလာကို ခံရမည်။ ငါ့ ပဋိညာဉ်လည်း သင်တို့၏အသား၌ ထာဝရပဋိညာဉ်
ဖြစ်လိမ့်မည်။ [14] အရေဖျားမလှီး၊ အရေဖျားလှီးမင်္ဂလာကို မခံသောသားယောကျာ်းကို သူ၏ အမျိုးမှပယ်ရှင်းရ၏။ ထိုသူသည်
ငါ့ပဋိညာဉ်ကို ဖျက်လေပြီဟု အာဗြဟံအား မိန့်တော်မူ၏။ [15] တဖန်ဘုရားသခင်က၊ သင်၏မယားစာရဲကို မူကား၊ စာရဲဟူသော
အမည်ဖြင့်မခေါ်ရ၊ စာရာဟူသော အမည်ဖြင့်ခေါ်ရ၏။ [16] သူ့ကိုငါကောင်းကြီးပေး၍၊ သူ့အားဖြင့်လည်း သင်အား သားကိုပေးမည်။
အကယ်စင်စစ်သူ့ကို ကောင်း ကြီးပေး၍၊ သူသည် လူအမျိုးမျိုးဖြစ်လိမ့်မည်။ သူ၏အမျိုးအနွယ်၌လည်း အပြည်ပြည်သော
ရှင်ဘုရင်ဖြစ်ကြ လိမ့်မည်ဟု၊ အာဗြဟံအား မိန့်တော်မူ၏။ [17] ထိုအခါအာဗြဟံသည် ပြပ်ဝပ်လျက် အသက် တရာရှိသော သူသည်
သားကို ရလိမ့်မည်လော။ အသက် ကိုးဆယ်ရှိသော စာရာသည် သားကိုဘွားလိမ့်မည်လော ဟု ရယ်လျက်၊ စိတ်နှလုံးထဲမှာ
အောက်မေ့ပြီးလျှင်၊ [18] ဣရှမေလသည် ရှေ့တော်၌ အသက်ရှင်ပါစေ သောဟု၊ ဘုရားသခင်ကို လျှောက်သောအခါ၊ [19]
ဘုရားသခင်က၊ သင်၏မယားစာရာသည် သင်အားသားကိုဘွားလိမ့်မည်။ ထိုသားကိုလည်း ဣဇာက်အမည်ဖြင့် မှည့်ရမည်။ သူ၌ငှင်း
သူ့နောက်မှ သူ၏ အမျိုးအနွယ်၌ငှင်း ငါ၏ပဋိညာဉ်ကို ထာဝရ ပဋိညာဉ် ဖြစ်စေမည်။ [20] ဣရှမေလအမှု၌ကား၊ သင်၏စကားကို
ငါနားထောင်၏။ သူ့ကို ငါကောင်းကြီးပေး၏။ သူ့အနွယ်ကို တိုးပွားစေ၍ သူ့ကို အလွန်များပြားစေမည်။ သူသည်
မင်းသားဆယ်နှစ်ပါးတို့၏အဘ ဖြစ်လိမ့်မည်။ ကြီးသော လူမျိုးဖြစ်စေခြင်းငှါလည်း ငါပြုမည်။ [21] သို့သော်လည်း၊ နောင်နှစ်၊
ချိန်းချက်သောအချိန်တွင်၊ စာရာသည် သင်အားဘွားလတံ့သော သားဣဇာက်၌၊ ငါ၏ပဋိညာဉ်ကို ငါတည်စေမည်ဟု
မိန့်တော်မူပြီးလျှင်၊ [22] မိန့်မြွက်တော်မူသံငြိမ်း၍ ဘုရားသခင်သည် အာဗြဟံမှ တက်ကြွတော်မူ၏။ [23] အာဗြဟံသည်လည်း၊
သားဣရှမေလမှစ၍၊ ကိုယ်အိမ်၌ ဘွားသော သူအပေါင်း၊ ကိုယ်ငွေနှင့် ဝယ်သော သူအပေါင်းတည်းဟူသော၊ အာဗြဟံအိမ်နှင့်ဆိုင်သော
ယောကျာ်းအပေါင်းတို့ကို ယူ၍၊ ဘုရားသခင် မိန့်တော်မူ သည်အတိုင်း၊ တနေ့ခြင်းတွင် အရေဖျားလှီးမင်္ဂလာကို ပေးလေ၏။ [24]
အာဗြဟံသည် ကိုယ်တိုင်အရေဖျားလှီးမင်္ဂလာကို ခံသောအခါ၊ အသက်ကိုးဆယ်ကိုးနှစ်ရှိ၏။ [25] သားဣရှမေလသည် အရေဖျားလှီး
မင်္ဂလာကို ခံသောအခါ၊ အသက်တဆယ်သုံးနှစ်ရှိ၏။ [26] တနေ့ခြင်းတွင် အာဗြဟံနှင့်သား ဣရှမေလ သည် အရေဖျားလှီးမင်္ဂလာကို
ခံလေ၏။ [27] သူ၏အိမ်၌ ဘွားသောသူ တပါးအမျိုးသား၌ သူ၏ငွေနှင့် ဝယ်သောသူ၊ သူ၏အိမ်နှင့်ဆိုင်သော
ယောကျာ်းအပေါင်းတို့သည်၊ သူနှင့်အတူ အရေဖျားလှီး မင်္ဂလာကို ခံကြလေ၏။

---

---

### Genesis 17:1

ထိုနောက်၊ အာဗြံသည် အသက်ကိုးဆယ်ကိုးနှစ် ရှိသောအခါ
"ရှိသောအခါ" ဟု ဆိုရာတွင်၊ အကြောင်းအရာ တစ်ခုကို အစပြုသော ဝေါဟာရဖြစ်သည်။ ပြန်ဆိုမည် ဘာသာစကား၏ အသုံးအနှုန်းကို အသုံးပြုနိုင်သည်။

အနန္တတန်ခိုးရှင် ဘုရားသခင်
"တန်ခိုးတော်ရှင် ဘုရားသခင်" သို့မဟုတ် "တန်ခိုးအလုံးစုံကို ပိုင်သသော ဘုရားသခင်"

ငါ့ရှေ့မှာ သွားလာ၍
"သွားလာ" မှာ အသက်ရှင်ခြင်းကိုငှင်း၊ "ငါ့ရှေ့မှာ" သို့မဟုတ် "ငါ့မျက်မှောက်၌" တို့မှာ နာခံခြင်းကိုငှင်း ပုံဖော်သော ရုပကပုဒ်ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့အလိုအတိုင်း အသက်ရှင်၍" သို့မဟုတ် "ငါ့စကားကို နားထောင်၍"

ငါ၏ပဋိညာဉ်ကို သင်နှင့် ငါပြုမည်
"ငါ၏ပဋိညာဉ်ကို သင့်အား ငါပေးမည်" သို့မဟုတ် "သင်နှင့်ပြုသော ပဋိညာဉ်ကို ငါတည်မည်"


generated on Fri Sep 22 10:08:29 2023

ပဋိညာဉ်
ဤပဋိညာဉ်တွင်၊ ဘုရားသခင်က အာဗြံကို ကောင်းကြီးပေးရန် ကတိတော်ပေးခဲ့ပြီး၊ အာဗြံ၏ နာခံမှုကိုလည်း တောင်းဆိုခဲ့သည်။

သင့်ကို ငါအလွန်များပြားစေမည်
"သင်၏ အမျိုးအနွယ်ကို များပြားစေမည်" သို့မဟုတ် "သင့်အား များစွာသော အမျိုးအနွယ်ကို ငါပေးမည်"

## Genesis 17:3

အာဗြံသည်လည်း ပြပ်ဝပ်လျင်
"အာဗြံသည် မြေပေါ်၌ ပြပ်ဝပ်သော်" သို့မဟုတ် "အာဗြံသည်လည်း မြေပေါ်သို့ ချက်ချင်း ပြပ်ဝပ်လျက်" ဘုရားသခင်အပေါ် ရိုသေလေးမြတ်မှုကို ပုံဆောင်သည်။

ငါပြုသော ပဋိညာဉ်သည် သင်၌ရှိ၏
"ကြည့်ရှုလော့၊ ငါ၏ ပဋိညာဉ်သည် သင်၌ရှိ၏"

လူမျိုးအများတို့၏ အဘ
"လူမျိုးများစွာ၏ အဘ" သို့မဟုတ် "လူမျိုးများစွာကို မွေးဘွားသူ"

အာဗြဟံ
ဘာသာပြန်ဆိုသူများ အနေဖြင့် အောက်ပါအတိုင်း မှတ်ချ ထည့်သွင်းနိုင်သည်။ 'အာဗြံ' မှာ 'ဂုဏ်ပြုခြင်းခံရသော အဘ' ဟုငှင်း၊ 'အာဗြဟံ' မှာ 'လူမျိုးများစွာ၏ အဘ' ဟုငှင်း အဓိပ္ပါယ် ဖွင့်ဆိုနိုင်သည်။

ငါသည် သင့်ကို အလွန်ပွားများစေမည်
"ငါသည် သင်၏ အမျိုးအနွယ်ကို များပြားစေမည်"

သင်အားဖြင့် လူအမျိုးမျိုးတို့ကို ဖြစ်စေမည်
"သင်၏ အမျိုးအနွယ်တို့ကို လူမျိုးကြီးဖြစ်စေမည်"

သင်၏ အမျိုးအနွယ်၌လည်း ရှင်ဘုရင်ဖြစ်ရကြလိမ့်မည်
"သင့်ထံမှ ရှင်ဘုရင်များ ပေါက်ဖွားလာမည်" သို့မဟုတ် "သင့်အမျိုးတွင် အချို့သည် ရှင်ဘုရင်များ ဖြစ်ကြလိမ့်မည်"

## Genesis 17:7

ယေဘုယျ အချက်အလက်
ဘုရားသခင်က အာဗြဟံထံ ဆက်လက် မိန့်ဆိုသည်။

သင်၏ဘုရား၊ သင့်နောက်၌ သင့်အမျိုးအနွယ်၏ ဘုရားဖြစ်မည်
"သင်နှင့် သင့်အမျိုးအနွယ်၏ ဘုရားဖြစ်မည်"

သင်၏အမျိုးအနွယ် အစဉ်အဆက်တို့၌
"သင်၏ နောင်မျိုးဆက် အသီးသီးတို့၌"

ထာဝရပဋိညာဉ် ဖြစ်စေမည်
"ထာဝရတည်သော ပဋိညာဉ် ဖြစ်စေမည်"

ခါနာန်ပြည် တရှောက်လုံးကို . . . အစဉ်အမြဲ အပိုင်ပေးမည်
"ခါနန်ပြည်ကို အစဉ်ပိုင်ဆိုင်ခြင်းငှါ ... ငါပေးမည်" သို့မဟုတ် "ခါနန်ပြည်ကို ... ထာဝစဉ် ပိုင်စေမည်"

## Genesis 17:9

သို့ဖြစ်၍
ဘုရားနှင့်ပြုသော ပဋိညာဉ်တရားတွင် အာဗြံဖက်မှ ပြုရမည့်အရာကို အစပြုဖော်ပြသော ဝေါဟာဖြစ်သည်။

ငါ၏ပဋိညာဉ်ကို စောင့်ရှောက်ရကြမည်
"ငါ့ပဋိညာဉ်ကို စောင့်ရှောက်ကြရမည်" သို့မဟုတ် "ငါ့ပဋိညာဉ်ကို ချီးမြှောက်ရမည်" သို့မဟုတ် "ငါ့ပဋိညာဉ်ကို နာခံရမည်"

ငါ၏ ပဋိညာဉ်ဟူမူကား
"ငါ၏ ပဋိညာဉ်မှာ ဤသို့ဖြစ်သတည်း" သို့မဟုတ် "ငါ့ပဋိညာဉ်၏ အစိတ်အပိုင်းဟူမူကား" ဤစာကြောင်းက အာဗြံဖက်မှ ပြုရမည့်အပိုင်းကို အဖွင့်နိဒါန်းပြုပေးသည်။

သင်တို့တွင် သားယောကျာ်းတိုင်း အရေဖျားလှီးမင်္ဂလာကို ခံရမည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "သင်တို့၏ သားယောကျာ်းတိုင်းအား အရေဖျားလှီး မင်္ဂလာ ပြုပေးရမည်"

သားယောကျာ်းတိုင်း
လူယောကျာ်းကို ညွှန်းသည်။

သားယောကျာ်းတိုင်း အရေဖျားလှီးမင်္ဂလာကို ခံရမည်
အချို့သော ယဉ်ကျေးမှုတွင် ဤစာကြောင်းကို နှစ်ခြိုက်ကြမည် မဟုတ်ပေ။ "အရေဖျားလှီးသည်" ဟု ဘာသာပြန်ပြီးပါက အခြားသောအရာ ထပ်ထည့်စရာမလိုပေ။ အခြားသော ဘာသာပြန်ဆိုချက်၊ "သား ယောကျာ်းတိုင်းကို သင်တို့သည် အရေဖျားလှီး ပေးရမည်"

ပဋိညာဉ်၏ လက္ခဏာသက်သေ
"ပဋိညာဉ် တည်ရှိကြောင်း လက္ခဏာသက်သေ"

လက္ခဏာသက်သေ
ဖြစ်နိုင်ချေများမှာ၊ (၁) "လက္ခဏာ" သို့မဟုတ် (၂) "လက္ခဏာတစ်ခု။" ပထမ ဖြစ်နိုင်ချေအရ လက္ခဏာ တစ်ခုတည်းရှိပြီး၊ ဒုတိယ ဖြစ်နိုင်ချေအရ တစ်ခုထက်ပိုသော လက္ခဏာသက်သေများစွာ ရှိသည်။ "လက္ခဏာ" ဟူသည်မှာ ဘုရားသခင် ကတိတော် ထားခဲ့သောအရာ တစုံတခုကို သတိပေးသောအရာ ဖြစ်သည်။

## Genesis 17:12

ယေဘုယျ အချက်အလက်
ဘုရားသခင်က အာဗြဟံထံ ဆက်လက် မိန့်ဆိုသည်။

သင်တို့အမျိုး အစဉ်အဆက်တို့၌
"မျိုးဆက် အသီးသီးတို့၌"

သားယောကျာ်းတိုင်း
"လူယောကျာ်းတိုင်း"

ငွေနှင့်ဝယ်သောသူဖြစ်စေ
ကျွန်ကို ညွှန်းသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသော ဘာသာပြန်ဆိုချက်၊ "ငွေဖြင့်ဝယ်သော ယောကျာ်းဖြစ်စေ"


generated on Fri Sep 22 10:08:29 2023

ငါ့ပဋိညာဉ်လည်း သင်တို့၏အသား၌
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့အသားဖြင့် အမှတ်ပြုသော ငါ့ပဋိညာဉ်သည်"

ထာဝရပဋိညာဉ် ဖြစ်လိမ့်မည်
"အစဉ်တည်မြဲသော ပဋိညာဉ်ဖြစ်လိမ့်မည်။" အသားပေါ်၌ မှတ်သားထားသဖြင့် ပယ်ဖျက်၍ မရနိုင်တော့ပါ။

အရေဖျားမလှီး၊ အရေဖျားလှီးမင်္ဂလာကို မခံသော သားယောကျ်ား
အပြုဝါကျအဖြစ် ပြောင်းဆိုနိုင်ပြီး၊ ပြန်ဆိုမည့် ဘာသာစကားတွင် နားလည်ရခက်သည့် စကားလုံးကို ချန်ထားနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အရေဖျားလှီးခြင်းမင်္ဂလာကို မခံသော သားယောကျ်ား"

အရေဖျားမလှီး . . . သူ၏အမျိုးမှ ပယ်ရှင်းရ၏
ဖြစ်နိုင်ချေများမှာ၊ ၁) "... သူ၏အမျိုးမှ ငါပယ်ရှင်းမည်" သို့မဟုတ် ၂) "... သူ၏အမျိုးမှ ပယ်ရှင်းရမည်"

. . . ကို သူ၏ အမျိုးမှပယ်ရှင်းရ၏
ဖြစ်နိုင်ချေများမှာ၊ ၁) "... မှာ အသက်သေရမည်" သို့မဟုတ် ၂) "... ကို သူ၏အမျိုးမှ နှင်ထုတ်ရမည်"

ထိုသူသည် ငါ့ပဋိညာဉ်ကို ဖျက်လေပြီ
"ထိုသူသည် ငါ့ပဋိညာဉ်ကို နာခံခြင်းမရှိပြီ။" မိမိအမျိုးမှ ပယ်ရှင်းခံရမည့် အကြောင်းရင်း ဖြစ်သည်။

### Genesis 17:15

စာရဲကိုမူကား
"ကိုမူကား" ဟူသည်မှာ ဘုရားသခင်က အခြားပုဂ္ဂိုလ်အကြောင်းကို ပြောရာ၌ အသုံးပြုသော အဖွင့်စကားဖြစ်သည်။

သူ့အားဖြင့်လည်း သင်အား သားကိုပေးမည်
"သင့်အတွက် သားကို သူ့အားဖြင့် ငါဘွားစေမည်"

သူသည် လူအမျိုးမျိုး ဖြစ်လိမ့်မည်
"လူမျိုးများစွာတို့၏ အမိဖြစ်လိမ့်မည်" (UDB) သို့မဟုတ် "သူမ၏အနွယ်သည် လူမျိုးကြီးများ ဖြစ်လိမ့်မည်"

သူ၏ အမျိုးအနွယ်၌လည်း အပြည်ပြည်သော ရှင်ဘုရင် ဖြစ်ကြလိမ့်မည်
"သူမထံမှ လူ့ပြည် ရှင်ဘုရင်များ ပေါက်ဖွားလာမည်" သို့မဟုတ် "သူမ၏ အမျိုးတွင် အချို့သည် လူ့ပြည် ရှင်ဘုရင်များ ဖြစ်ကြလိမ့်မည်"

### Genesis 17:17

အသက်တရာရှိသောသူသည် သားကို ရလိမ့်မည်လော
သံသယစိတ်ဖြင့် ပြောလိုက်သည့် အမေးမဟုတ်သော မေးခွန်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အသက်တစ်ရာရှိသော လူသည် သားကို ရနိုင်မည်မဟုတ်"

အသက်ကိုးဆယ်ရှိသော စာရာသည် သားကို ဘွားလိမ့်မည်လော
သံသယစိတ်ဖြင့် ပြောလိုက်သည့် အမေးမဟုတ်သော မေးခွန်း ဖြစ်သည်။ "အသက်ကိုးဆယ်ရှိသော" ဟူသည်မှာ စာရာ၌ သားရနိုင်တော့မည် မဟုတ်ကြောင်း အာဗြဟံ ခံယူရသည့် အကြောင်းရင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊

"စာရာသည် အသက်ကိုးဆယ်ရှိပြီ။ သို့လျှင်၊ သားဘွားနိုင်မည်မဟုတ်"

စိတ်နှလုံးထဲမှာ အောက်မေ့ပြီးလျှင်
"စိတ်နှလုံးထဲမှာ တွေးပြီးလျှင်" သို့မဟုတ် "မိမိကိုယ်ကို တိုးတိတ်စွာ ပြောပြီးလျှင်"

ဣရှမေလသည် ရှေ့တော်၌ အသက်ရှင်ပါစေသော
"ဤပဋိညာဉ်ကို ဣရှမေလအား ဆက်ခံစေတော်မူပါ" သို့မဟုတ် "ဤကောင်းကြီးသည် ဣရှမေလအပေါ် သက်ရောက်ပါစေသော။" အာဗြဟံက ဖြစ်နိုင်သည်ဟု မိမိခံယူသော အရာကို ဝန်ခံနေခြင်းဖြစ်သည်။

### Genesis 17:19

သင်၏မယားစာရာသည် . . . ဘွားလိမ့်မည်
စာရာက သားမဘွားနိုင်ဟူသော ခံယူချက်ကို ပြုပြင်ပြောင်းလဲရန် ဘုရားသခင် မိန့်လိုက်သည်။

မှည့်ရမည်
အာဗြဟံအား ခိုင်းစေခြင်း ဖြစ်သည်။

ဣရှမေလအမှု၌ကား
"အမှု၌ကား" ဟုဆိုခြင်းဖြင့် မွေးလတ္တံ့သော ကလေးမှ ဣရှမေလဖက်သို့ အကြောင်းအရာ ပြောင်းလိုက်ကြောင်း ထင်ရှားစေသည်။

နားထောင်
"ကြည့်ရှုလော့" သို့မဟုတ် "နားထောင်လော့" သို့မဟုတ် "ငါပြောလတ္တံ့သောအရာကို နားထောင်လော့"

သူ့အနွယ်ကို တိုးပွားစေ၍
"သူ့အား သားသမီး များစွာ ပေး၍" ဟု အဓိပ္ပါယ်ရသော ဒေသိယစကားဖြစ်သည်။

သူ့ကို အလွန်များပြားစေမည်
"ပွားများစေမည်"

မင်းသား
"ခေါင်းဆောင်" သို့မဟုတ် "မင်း။" ဖော်ပြပါ ခေါင်းဆောင် ဆယ့်နှစ်ဦးမှာ ဣသရေလ လူမျိုးဆယ့်နှစ်ခု၏ ဘိုးဘေးများဖြစ်သော ယာကုပ်၏အမျိုး မဟုတ်ပါ။

သို့သော်လည်း . . . သားဣဇာက်၌၊ ငါ၏ပဋိညာဉ်ကို ငါတည်စေမည်
ဘုရားသခင်က
ပဋိညာဉ်တရားအကြောင်းကိုပြန်လည်ပြောဆိုသောအခါ၊ ဣရှမေလမဟုတ်သော ဣဇာက်အားဖြင့် ထိုပဋိညာဉ်ကို တည်စေမည်ဟု မိန့်ဆိုလိုက်သည်။

### Genesis 17:22

မိန့်မြွက်တော်မူသံပြီးမှ၍
"အာဗြဟံနှင့် စကားပြောတော်မူ ပြီးနောက်"

ဘုရားသခင်သည် အာဗြဟံထံမှ တက်ကြွတော်မူ၏
"ဘုရားသခင်သည် အာဗြဟံထံမှ ထွက်သွားတော်မူ၏"

အာဗြဟံအိမ်နှင့်ဆိုင်သော ယောကျ်ားအပေါင်းတို့
"အာဗြဟံ၏အိမ်တွင် ရှိသော ယောကျ်ားအပေါင်းတို့" သို့မဟုတ် "အာဗြဟံ၏ အိမ်ထောင်မှ ယောကျ်ားအပေါင်းတို့။" ကလေး၊

လူငယ်၊ လူကြီး အသက်အရွယ်စုံ ပါဝင်သော လူယောက်ျားကို ညွှန်းသည်။

**Genesis 17:24**

သူ၏အိမ်၌ ဘွားသောသူ၊ တပါးအမျိုးသား၌ သူ၏ငွေနှင့် ဝယ်သောသူ
"မိမိအိမ်၌ ဘွားသောသူ၊ သူတပါးထံမှ ငွေဖြင့် ဝယ်ထားသောသူ"

တပါးအမျိုးသား၌ သူ၏ငွေနှင့် ဝယ်သောသူ
ကျွန် သို့မဟုတ် အစေခံကို ညွှန်းသည်။

သူ၏ငွေနှင့် ဝယ်သော
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မိမိ ဝယ်လိုက်သော"

---


generated on Fri Sep 22 10:08:29 2023

## Chapter 18

1 ထာဝရဘုရားသည် မံရေသပိတ်တောနားမှာ၊ အာဗြဟံအား ထင်ရှားတော်မူသည် အကြောင်းအရာဟူ မူကား၊ နေပူသောအချိန်တွင်
အာဗြဟံသည် တဲတံခါးဝ၌ ထိုင်လျက်၊ 2 မျှော်ကြည့်၍၊ မိမိရှေ့မှာ လူသုံးယောက် ရပ်နေကြသည်ကို မြင်သောအခါ၊
ခရီးဦးကြိုပြုခြင်းငှါ တဲတံခါးဝမှပြေး၍ မြေသို့ ဦးညွတ်ချလျက်၊ 3 အကျွန်ုပ်သခင်၊ ရှေ့တော်၌ အကျွန်ုပ်သည် မျက်နှာရလျှင်
ကိုယ်တော်ကျွန်မှလွန်၍မသွားပါနှင့်။ 4 ရေအနည်းငယ်ကို ယူခဲ့ပါရစေ။ ခြေကို ဆေးပြီး လျှင် သစ်ပင်အောက်၌
လျောင်းနေကြပါလော့။ 5 မုန့်အနည်းငယ်ကိုလည်း ယူခဲ့ပါမည်။ အမော အပန်းပြေသောအခါ သွားကြပါလော့။ ထိုသို့သော
ကျေးဇူးတော်ကို ခံစေခြင်းငှါ၊ ကိုယ်တော် ကျွန်ရှိရာသို့ ရောက်ပါပြီဟုဆို၏။ ထိုသူတို့ကလည်း၊ ပြောသည်အတိုင်း
ပြုပါလော့ဟုဆိုကြ၏။ 6 အာဗြဟံသည်လည်း၊ တဲအတွင်း၌ရှိသော စာရာ ဆီသို့ အလျင်အမြန်ဝင်ပြီးလျှင်၊ ဂျုံမုန့်ညက်သုံးစလယ်ကို
အသော့ပြင်၍နယ်ပါ။ ပေါင်မုန့်ကို လုပ်ပါဟုဆိုလေ၏။ 7 တဖန်နွားစုသို့ပြေး၍ နုထွားကောင်းမွန်သော နွားသငယ်ကို ယူခဲ့၍၊
လုလင်၌အပ်သဖြင့် မြန်မြန်ပြင်ဆင် စေ၏။ 8 ထိုနောက် နို့နှင့် နို့စမ်းကိုင်၊ ပြင်ဆင်သော နွားသငယ်ကိုင်၊ ယူ၍၊ ထိုသူတို့ရှေ့၌
ထည့်ပြီးလျှင်၊ သစ်ပင်အောက်၊ သူတို့အနားမှာရပ်နေ၍၊ သူတို့သည် စားကြ၏။ 9 ပြီးသောအခါ၊ သင်၏ မယားစာရာသည်
အဘယ်မှာရှိသနည်းဟု မေးကြလျှင်၊ တဲအတွင်း၌ ရှိပါသည်ဟု ပြန်ပြော၏။ 10 ထိုသူတို့တွင် တပါးကလည်း၊ ဘွားချိန်စေ့သော အခါ၊
ငါသည် သင့်ဆီသို့ ဆက်ဆက်ပြန်လာဦးမည်။ ထိုအခါ သင်၏မယားစာရာသည် သားကိုရလိမ့်မည်ဟု ပြောဆို၏။
ထိုသို့ဆိုသောသူ၏နောက်၌ တံခါးဝအနား မှာ၊ စာရာရှိသောကြောင့် ထိုစကားကိုကြား၏။ 11 ထိုအခါ အာဗြဟံနှင့်စာရာသည် အသက်
အရွယ်ကြီးရင့်လှပြီ။ စာရာသည် မိန်းမတို့၌ ဥတုရောက်မြဲ ရှိသည့်အတိုင်း မရောက်ပြီ။ 12 ထိုကြောင့် စာရာက၊ ငါလည်းအိုပြီ၊
ငါ့သခင် လည်းအိုပြီ၊ သို့ဖြစ်၍ ငါသည် ပျော်မွေ့ခြင်းရှိလိမ့်မည် လောဟု ဆိုလျှက်၊ တိတ်ဆိတ်စွာ ရယ်လေ၏။ 13
သင်၏မယားစာရာက၊ အကယ်၍ ငါသည် အိုပြီးမှ၊ သားကို ဘွားလိမ့်မည်လောဟုဆိုလျက်၊ အဘယ် ကြောင့် ရယ်သနည်း။ 14
ထာဝရဘုရားမတတ်နိုင်သောအမှု တစုံတခု ရှိသလော။ ချိန်းချက်သော ဘွားချိန်စေ့သောအခါ၊ သင့်ဆီသို့ငါပြန်လာ၍၊ စာရာသည်
သားကိုရလိမ့်မည်ဟု ထာဝရဘုရားသည် အာဗြဟံအားမိန့်တော်မူ၏။ 15 စာရာကလည်း ကျွန်မမရယ်ပါဟု၊ ကြောက်၍ ငြင်းလေ၏။
မဟုတ်ဘူး။ သင်ရယ်ပြီဟုမိန့်တော်မူ၏။ 16 ထိုလူတို့သည် ထိုအရပ်က ထ၍ သောဒုံမြို့သို့ မျက်နှာပြုလျက် သွားကြ၏။
အာဗြဟံသည်လည်း သူတို့ ကို ပို့ခြင်းငှါ လိုက်လေ၏။ 17 ထာဝရဘုရားကလည်း၊ ငါပြုမည်အမှုကို အာဗြဟံအား မဘော်မပြဘဲ
ဝှက်ထားရမည်လော။ 18 အာဗြဟံသည် ကြီးမြတ်၍၊ တန်ခိုးနှင့်ပြည့်စုံ သော လူမျိုးဖြစ်လိမ့်မည်။ လူမျိုးအပေါင်းတို့သည် သူ့အားဖြင့်
ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်။ 19 အကြောင်းမူကား၊ သူသည် မိမိနောက်၌ ဖြစ်သော သားများ၊ အိမ်သူများတို့အား
ပညတ်မည်အရာ ကို ငါသိ၏။ သူတို့သည်လည်း ထာဝရဘုရား၏ တရား လမ်းသို့ လိုက်၍ ဟုတ်မှန်ဖြောင့်မတ်စွာ ကျင့်ကြလိမ့် မည်။
သို့ဖြစ်၍ ဂတိတော်ရှိသည့်အတိုင်း၊ ထာဝရ ဘုရားသည် အာဗြဟံ၌ပြုရသော အခွင့်ရှိလိမ့်မည်ဟု အကြံတော်ရှိ၏။ 20
တဖန်ထာဝရဘုရားက၊ သောဒုံမြို့၊ ဂေါမောရ မြို့၌ ကြွေးကြော်သော အသံသည်ကြီး၍၊ အလွန်အပြစ် လေးသောကြောင့်၊ 21
ယခုငါသွား၍ ငါ့ရှေ့သို့ရောက်ခဲ့ပြီးသော ကြွေး ကြော်ခြင်းရှိသည်အတိုင်း၊ သူတို့သည် အမှန်ပြုသည် မပြုသည်ကို ငါကြည့်ရှုမည်။
မပြုလျှင် မပြုကြောင်းကို ငါသိမည် ဟု မိန့်တော်မူ၏။ 22 ထိုသူတို့သည် ထိုအရပ်မှ မျက်နှာလှည့်၍ သောဒုံမြို့သို့သွားကြ၏။
အာဗြဟံမူကား၊ ထာဝရဘုရား ရှေ့တော်၌ ရပ်နေလျက်ရှိသေး၏။ 23 ထိုအခါ အာဗြဟံချဉ်းကပ်၍၊ ကိုယ်တော်သည် ဖြောင့်မတ်သော
သူတို့ကို၊ မတရားသော သူတို့နှင့်တကွ ဖျက်ဆီးတော်မူမည်လော။ 24 ထိုမြို့တွင် ဖြောင့်မတ်သောသူငါးဆယ်ရှိလျှင်၊
ဖျက်ဆီးတော်မူမည်လော။ ဖြောင့်မတ်သောသူ ငါးဆယ် ပါသောမြို့ကို သူတို့အတွက် မနှမြောဘဲ ဖျက်ဆီးတော် မူမည်လော။ 25
ထိုသို့ပြု၍ ဖြောင့်မတ်သော သူတို့ကို မတရား သော သူတို့နှင့်တကွ ကွပ်မျက်ခြင်းအမှုသည် ကိုယ်တော်နှင် ဝေးပါစေသတည်း။
ဖြောင့်မတ်သော သူတို့ကို မတရားသောသူတို့ကဲ့သို့ခံစေသောအမှုသည် ကိုယ်တော်နှင့် ဝေးပါစေသတည်း၊ မြေကြီးလုံးကို
စီရင်တော်မူသော သခင်သည်၊ တရားသဖြင့် ပြုတော်မူမည် မဟုတ်လောဟု လျှောက်ဆို၏။ 26 ထာဝရဘုရားကလည်း၊ သောဒုံမြို့၌
ဖြောင့်မတ် သောသူငါးဆယ်ကို ငါတွေ့လျှင်၊ သူတို့အတွက် ထိုအရပ် လုံးကို ငါနှမြောမည်ဟု မိန့်တော်မူ၏။ 27 တဖန်အာဗြဟံက၊
အကျွန်ုပ်သည် မြေမှုန့်နှင့် ပြာသက်သက်ဖြစ်သော်လည်း၊ ဘုရားရှင်ကို ယခုလျှောက် မည်ဟု အားထုတ်ပါ၏။ 28 ဖြောင့်မတ်သောသူ
ငါးဆယ်တို့တွင် ငါးယောက်မပြည့်လျှင်၊ ထိုငါးယောက်မပြည့်သော အတွက်ကြောင့်၊ ထိုမြို့လုံးကို ဖျက်ဆီးတော်မူမည်လောဟု
မေးလျှောက်ပြန်သော်၊ ထိုမြို့၌ လေးဆယ့်ငါးယောက်ကို ငါတွေ့လျှင်၊ ငါမဖျက်ဆီးဟု မိန့်တော်မူ၏။ 29 တဖန်တုံ၊ ထိုမြို့၌
လေးဆယ်ကိုတွေ့ကောင်းတွေ့တော် မူလိမ့်မည်ဟု လျှောက်ဆိုပြန်လျှင်၊ ထိုလေးဆယ်အတွက် ငါမပြုဘဲနေမည်ဟု မိန့်တော်မူ၏။ 30
တဖန်တုံ၊ အိုဘုရားရှင်၊ စိတ်ရှိတော်မမူပါနှင့်၊ အကျွန်ုပ် လျှောက်ပါရစေ။ ထိုမြို့၌သုံးဆယ်ကို တွေ့ ကောင်းတွေ့တော်မူလိမ့်မည်ဟု
လျှောက်ဆိုပြန်လျှင်၊ ထိုမြို့၌ သုံးဆယ်ကိုငါတွေ့လျှင်၊ ငါမပြုဟုမိန့်တော်မူ၏။ 31 တဖန်တုံ၊ အကျွန်ုပ်သည် ထာဝရဘုရားကို ယခု
လျှောက်မည်ဟု အားထုတ်ပါ၏။ ထိုမြို့၌ နှစ်ဆယ်ကို တွေ့ကောင်းတွေ့တော်မူလိမ့်မည်ဟု လျှောက်ဆိုပြန်လျှင်၊ နှစ်ဆယ်အတွက်
ငါမဖျက်ဆီးဘဲနေမည်ဟု မိန့်တော်မူ၏။ 32 အိုဘုရားရှင်၊ စိတ်ရှိတော်မမူပါနှင့်။ သည် တကြိမ် အကျွန်ုပ်လျှောက်ပါရစေဦး။ ထိုမြို့၌
တဆယ်ကို တွေ့ကောင်းတွေ့တော်မူလိမ့်မည်ဟု လျှောက်ဆိုပြန်လျှင်၊ တဆယ်အတွက် ငါမဖျက်ဆီးဘဲနေမည်ဟု မိန့်တော်မူ၏။ 33
ထာဝရဘုရားသည် အာဗြဟံနှင့် နှုတ်ဆက်ခြင်း အမှုကုန်စင်ပြီးမှ ကြွသွားတော်မူ၏။ အာဗြဟံသည် လည်း မိမိနေရာအရပ်သို့
ပြန်လေ၏။

## Genesis 18:1

မံရေ
သပိတ်တောကို ပိုင်သောသူ၏ အမည်ဖြစ်သည်။

နေပူသောအချိန်
"နေ့၏ အပူဆုံးအချိန်"

တဲတံခါးဝ၌
"တဲအပေါက်ဝ၌" သို့မဟုတ် "တဲဝင်ပေါက်၌"

မျှော်ကြည့်၍၊ မိမိရှေ့မှာ လူသုံးယောက် ရပ်နေကြသည်ကို မြင်သောအခါ
"မျှော်ကြည့်လေရာ၊ ကြည့်ရှုလော့၊ မိမိရှေ့မှာ လူသုံးဦး ရပ်နေကြသည် တွေ့သောအခါ"

မျှော်ကြည့်
ရုတ်တရက်။ အာဗြဟံသည် အလွန် အံ့အားသင့်နေခြင်းကို ဖော်ပြသည်။

မိမိရှေ့မှာ
"အနီးနားမှာ" သို့မဟုတ် "ရှေ့အရပ်မှာ။" အနီးနားမှာ ရှိသော်လည်း ပြေးသွားရသည်ထိ အနည်းငယ် ဝေးကွာမှုရှိပေမည်။

ဦးညွှတ်ချလျက်
တစ်စုံတဦးအပေါ် ရိုသေလေးမြတ်ခြင်း ထားရှိကြောင်း ထင်ရှားစေရန် ဦးညွှတ်မှုကို ညွှန်းသည်။

## Genesis 18:3

အကျွန်ုပ်သခင်
ရိုသေလေးမြတ်သဖြင့် ခေါ်ဝေါ်ခြင်းဖြစ်သည်။ ဖြစ်နိုင်ချေများမှာ၊ (၁) ဤသူတို့အနက် တစ်ဦးမှာ ဘုရားသခင်ဖြစ်ကြောင်း အာဗြဟံသိ၏ သို့မဟုတ် (၂) ဤသူတို့မှာ ဘုရားသခင် ကိုယ်စား ရောက်ရှိလာကြောင်း အာဗြဟံသိ၏။

ရှေ့တော်၌
ထိုသူတို့အနက် တစ်ဦးထံ ပြောဆိုခြင်းဖြစ်သည်။

. . . မှလွန်၍
"... ကို ကျော်၍"

ကိုယ်တော်ကျွန်
"အကျွန်ုပ်။" ဧည့်သည်များကို ဆက်ဆံသော အာဗြဟံ၏ အရိုအသေပေးမှုကို ညွှန်သည်။

ရေအနည်းငယ်ကို ယူခဲ့ပါရစေ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရေအနည်းငယ်ကို ကျွန်တော်မျိုး ယူလာပါရစေ" သို့မဟုတ် "ရေအနည်းငယ်ကို အစေခံတို့ ယူလာရန် အကျွန်ုပ် စေခိုင်းပါရစေ"

ရေအနည်းငယ် . . . မုန့်အနည်းငယ်
"ရေအချို့ ... မုန့်အချို့။" "အနည်းငယ်" ဟူသည်မှာ မိမိ၏ ပေးဆပ်မှုကို နှိမ့်ချသော သဘောဖြင့် သုံးနှုန်းထားခြင်းဖြစ်၏။ သို့ရာတွင် အာဗြဟံက ပို၍များစွာ ပေးမည်ဖြစ်သည်။

ခြေကို ဆေးပြီးလျှင်
ဤထုံးတမ်းစဉ်လာက အရပ်ဝေးသို့ ခြေဖြင့် ခရီးနှင်သောသူများ အပန်းဖြေရန် အကူအညီ ပေးသည်။

## Genesis 18:6

သုံးစလယ်
၂၂ လီတာဝန်းကျင်

ပေါင်မုန့်
ပူပြင်းသော ကျောက်တုံးပေါ်တွင် ဖုတ်ထားသော ပေါင်မုန့် ဖြစ်တန်ရာ၏။ မုန့်ပြားလည်း ဖြစ်နိုင်ပြီး၊ အတုံးလိုက် သို့မဟုတ် အလုံးလိုက်လည်း ဖြစ်နိုင်သည်။

မြန်မြန်
"အစေခံတို့အား လျင်မြန်စွာ"

ပြင်ဆင်စေ၏
"လှီးဖြတ်ကာ ကင်စေ၏"

နို့စမ်း
အချဉ်ဖောက်ထားသော နို့ရည်၏ အဖတ်ကို ညွှန်း၏။ ဒိန်ချဉ် သို့မဟုတ် ဒိန်ခဲ ဖြစ်ပေမည်။

ပြင်ဆင်သော နွားသငယ်
"အမဲကင်"

ထိုသူတို့ရှေ့၌
"ဧည့်သည် သုံးဦးရှေ့၌"

## Genesis 18:9

မေးကြလျှင်
"အာဗြဟံအား မေးကြလျှင်"

ဘွားချိန်စေ့သောအခါ
"နောက်နှစ် ဤရာသီ၌" သို့မဟုတ် "နောက်နှစ် ဤအချိန်၌" (UDB)

ငါသည် သင့်ဆီသို့ ဆက်ဆက်ပြန်လာဦးမည်။
အာဗြဟံက "အကျွန်ုပ်သခင်" (၁၈:၃) ဆိုသော သူသည် စကားပြောခြင်း ဖြစ်သည်။

တံခါးဝအနားမှာ
"တဲအပေါက်ဝနားမှာ" သို့မဟုတ် "တဲဝင်ပေါက်နားမှာ"

## Genesis 18:11

ငါလည်းအိုပြီ၊ ငါ့သခင်လည်းအိုပြီ၊ သို့ဖြစ်၍ ငါသည် ပျော်မွေ့ခြင်းရှိလိမ့်မည်လော
ဤစာကြောင်းများ ကြားတွင် "သားဘွားရသော"

ငါ့သခင်လည်းအိုပြီ
"ငါ့အမျိုးသားလည်း အိုပြီ"

ငါ့သခင်
မိမိခင်ပွန်း အာဗြဟံကို ရိုသေစွာ ခေါ်သော ဂုဏ်ပုဒ်ဖြစ်သည်။

## Genesis 18:13

သင်၏မယားစာရာက၊ အကယ်၍ ငါသည် အိုပြီးမှ၊ သားကို ဘွားလိမ့်မည်လောဟု ဆိုလျက်၊ အဘယ်ကြောင့် ရယ်သနည်း
စာရာ အဘယ်သို့ တွေးနေသည်နှင့် ၎င်းကို နှစ်သက်ခြင်းမရှိကြောင်း ထင်ရှားစေရန် ဘုရားသခင် မိန့်လိုက်သော အမေးမဟုတ်သော မေးခွန်းဖြစ်သည်။ စာရာ၏ အမေးစကား

ထာဝရဘုရား မတတ်နိုင်သောအမှု တစုံတခု ရှိသလော
"ထာဝရဘုရားအဖို့ ခက်ခဲသောအမှု တစုံတခု ရှိသလော။" ယာဝေးတည်းဟူသော ဘုရားသခင်က မိမိသည် အဘယ်မျှလောက် တတ်နိုင်သည်ကို အာဗြဟံအား အမှတ်ရစေရန် မိမိကိုယ်ကို ညွှန်းဆိုသည့် အမေးမဟုတ်သော မေးခွန်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါတည်းဟူသော ထာဝရဘုရား မတတ်သောအမှု တစုံတခုမှမရှိ"

ချိန်းချက်သော ဘွားချိန်စေ့သောအခါ
"ငါချိန်းချက်သော နောက်နှစ် နွေဦးကာလ၌"

စာရာကလည်း . . . ငြင်းလေ၏
"ထိုအရာကို စာရာကလည်း ... ငြင်းဆို၏"

မိန့်တော်မူ၏
"ထာဝရဘုရား ပြန်ဖြေတော်မူ၏"

မဟုတ်ဘူး။ သင်ရယ်ပြီ
"သင် ရယ်သည် မှန်၏။" "ထိုသို့ မဟုတ်။ သင်အမှန်တကယ် ရယ်ပြီ" ဟု အဓိပ္ပါယ်ရသည်။

## Genesis 18:16

သူတို့ကို ပို့ခြင်းငှါ
"သူတို့ကို နှုတ်ဆက်ခြင်းငှါ" (UDB)။ ဧည့်သည်ကို ယဉ်ကျေးမှုအရ အနည်းငယ် လိုက်ပို့ရသည်။

ငါပြုမည်အမှုကို အာဗြဟံအား မဘော်မပြဘဲ ဝှက်ထားရမည်လော။ . . . ခံရကြလိမ့်မည်။
အရေးကြီးကိစ္စကို အာဗြဟံနှင့် ဆွေးနွေးခြင်း မပြုမီ မိမိကိုယ်ကို မေးမြန်းခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါပြုမည့်အမှုကို အာဗြဟံ ထံမှ ဝှက်ထား၍မကောင်း။ ... ခံရကြလိမ့်မည်" သို့မဟုတ် "ငါပြုမည့်အမှုကို အာဗြဟံအား ငါဖွင့်ပြမည်။ ... ခံရကြလိမ့်မည်"

ငါပြုမည်အမှုကို . . . ရမည်လော။ အာဗြဟံသည် . . . လိမ့်မည်
"ငါပြုမည့်အမှုကို ... ၍မကောင်း။ အဘယ်ကြောင့်ဆိုသော် အာဗြဟံသည် ... ခံရကြလိမ့်မည်"

လူမျိုးအပေါင်းတို့သည် သူ့အားဖြင့် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ "ငါသည် အာဗြဟံအားဖြင့် လူမျိုးအပေါင်းကို ကောင်းကြီးပေးမည်"

. . . သူ့အားဖြင့် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်
"... အာဗြဟံကြောင့် ကောင်းကြီးမင်္ဂလာကို ခံရလိမ့်မည်" သို့မဟုတ် "ငါသည် အာဗြဟံကို ကောင်းကြီးပေးသဖြင့် ... ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်။" ၁၂:၁ ရှိ "သင့်အားဖြင့်" ပြန်ဆိုချက်ကို ရှု။

သူသည် . . . ပညတ်မည့်အရာကို ငါသိ၏
"သူသည် ... ဆောင်ကျဉ်းပေးမည်အကြောင်း ငါသိ၏" သို့မဟုတ် "သူသည် ... သွန်သင်မည်အကြောင်း ငါသိ၏"

ထာဝရဘုရား၏ တရားလမ်းသို့ . . . ထာဝရ ဘုရားသည် . . . ပြုရသောအခွင့် ရှိလိမ့်မည်
ထာဝရဘုရားက မိမိကိုယ်မိမိ ညွှန်းဆိုထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါဟူသော ထာဝရဘုရား၏ တရားလမ်းသို့ ... ငါဟူသော ထာဝရဘုရားသည် ... ပြုရသောအခွင့် ရှိလိမ့်မည်"

ထာဝရဘုရား၏ တရားလမ်းသို့ လိုက်၍
"ထာဝရဘုရား၏ ပညတ်တော်ကို နာခံ၍"

ဟုတ်မှန်ဖြောင့်မတ်စွာ ကျင့်ကြလိမ့်မည်
"ဖြောင့်မတ်စွာနှင့် တရားမျှတစွာ ကျင့်ကြလိမ့်မည်။" ထာဝရဘုရား၏ လမ်းစဉ်အတိုင်း လိုက်နာရန် သွန်သင်ပေးသည်။

သို့ဖြစ်၍ ဂတိတော်ရှိသည့်အတိုင်း၊ ထာဝရဘုရားသည် အာဗြဟံ၌ပြုရသောအခွင့် ရှိလိမ့်မည်
"သို့ဖြစ်၍ ကတိတော်အတိုင်း၊ ထာဝရဘုရားသည် အာဗြဟံကို ကောင်းကြီးပေးလိမ့်မည်။" အာဗြဟံကို ကောင်းကြီးပေး၍ လူမျိုးကြီး ဖြစ်စေမည်ဟူသော ကတိတော်ကို ညွှန်းသည်။

## Genesis 18:20

သောဒုံမြို့၊ ဂေါမောရမြို့၌ ကြွေးကြော်သော အသံသည်ကြီး၍
စိတ္တဇနာမ် "ကြွေးကြော်သောအသံ" ကို ကြိယာ "အပြစ်တင်" ဖြင့် အစားထိုးနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သောဒုံနှင့် ဂေါမောရမြို့တို့၏ ဒုစရိုက်မှုအတွက် လူများစွာက အပြစ်တင်သဖြင့်"

အလွန်အပြစ်လေးသောကြောင့်
"သူတို့အပြစ်သည် ကြီးမားပေ၏"

ယခု ငါသွား၍
"သောဒုံနှင့် ဂေါမောရမြို့သို့ ယခု ငါသွား၍"

ယခု ငါသွား၍ . . . ကြည့်ရှုမည်
"ယခု ငါသွား၍ ... စုံစမ်းမည်" သို့မဟုတ် "... ဆုံးဖြတ်ရန် ယခု ငါသွားမည်"

ငါ့ရှေ့သို့ရောက်ခဲ့ပြီးသော ကြွေးကြော်ခြင်း ရှိသည်အတိုင်း
ပြစ်မှားခြင်းခံရသောသူတို့၏ ငိုကြွေးသံနှင့် ပြစ်တင်သံကို ကြားသိတော်မူခြင်းဖြင့် ဤဖြစ်ရပ်ကို ယာဝေးဘုရား နားလည်သည်ဟုဖော်ပြလိုခြင်းဖြစ်၏။ စိတ္တဇနာမ် "ကြွေးကြော်ခြင်း" ကို ကြိယာ "အပြစ်တင်" ဖြင့် အစားထိုးနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုသူတို့ကို အပြစ်တင်ခဲ့သည်အတိုင်း"

မပြုလျှင်
"ကြွေးကြော်သည့်အတိုင်း ပြစ်မှားခြင်း မပြုလျှင်"

## Genesis 18:22

ထိုအရပ်မှ မျက်နှာလှည့်၍
"အာဗြဟံ၏တဲမှ ထွက်ခွာ၍"

အာဗြဟံမူကား၊ ထာဝရဘုရား ရှေ့တော်၌ ရပ်နေလျက်ရှိသေး၏
"အာဗြဟံနှင့် ထာဝရဘုရားတို့သာ ကျန်ရစ်လျက်ရှိကြ၏"

ချဉ်းကပ်၍
"ထာဝရဘုရားထံ ချဉ်းကပ်၍" သို့မဟုတ် "ထာဝရဘုရားထံသို့ သွား၍"

ဖြောင့်မတ်သောသူတို့ကို၊ မတရားသောသူတို့နှင့်တကွ
"ဖြောင့်မတ်သောသူတို့ကို ဒုစရိုက်သမားတို့နှင့်တကွ"

ဖျက်ဆီး
လူတို့ကို တံမြက်စည်းဖြင့် ရှင်းထုတ်သကဲ့သို့ တင်စားထားသော ရုပ်ပုံပုဒ်ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရှင်းထုတ်"

### Genesis 18:24

ယေဘုယျ အချက်အလက်
အာဗြဟံက ထာဝရဘုရားထံ ဆက်လက် တောင်းလျှောက်သည်။

. . . ရှိလျှင်
"... ရှိပါလျှင်"

ဖြောင့်မတ်သောသူ ငါးဆယ်ပါသောမြို့ကို သူတို့အတွက် မနှမြောဘဲ ဖျက်ဆီးတော်မူမည်လော
"ငါ ဖျက်ဆီးမည်မဟုတ်" ဟု ထာဝရဘုရား မိန့်ဆိုမည်ဟူသော မျှော်လင့်ချက်ဖြင့် မေးလိုက်ခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဖျက်ဆီးတော်မူမည်မဟုတ်။ ဖြောင့်မတ်သူ ငါးဆယ်အတွက် ထိုအရပ်ကို သက်ညှာတော်မူပါမည်"

ဖျက်ဆီး
"ရှင်းထုတ်။" လူတို့ကို တံမြက်စည်းဖြင့် ရှင်းထုတ်သကဲ့သို့ တင်စားထားသော ရုပ်ပုံပုဒ်ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရှင်းထုတ်"

ဖြောင့်မတ်သောသူ ငါးဆယ်ပါသောမြို့ကို သူတို့အတွက် မနှမြောဘဲ . . . တော်မူမည်လော
"ဖြောင့်မတ်သူ ငါးဆယ်အတွက် ထိုအရပ်ကို ငါ ဖျက်ဆီးမည်မဟုတ်" ဟု ထာဝရဘုရား မိန့်ဆိုမည်ဟူသော မျှော်လင့်ချက်ဖြင့် အာဗြဟံ မေးလိုက်သည်။

မနှမြောဘဲ
"သက်ညှာခြင်းမှုမရှိဘဲ"

. . . အတွက်
"... ကြောင့်"

အမှုသည် ကိုယ်တော်နှင့် ဝေးပါစေသတည်း
"အမှုကို မပြုပါမည့်အကြောင်း တောင်းဆိုပါ၏" သို့မဟုတ် "အမှုကို ပြုလိုသောဆန္ဒ ပျောက်ကင်းပါစေသတည်း"

ကွပ်မျက်ခြင်းအမှု
"ကွပ်မျက်ခြင်းဟူသောအမှု" သို့မဟုတ် "ကွပ်မျက်ခြင်းစသည့် အမှု"

ဖြောင့်မတ်သောသူတို့ကို မတရားသောသူတို့ကဲ့သို့ ခံစေသောအမှုသည်
အပြုဝါကျအဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဖြောင့်မတ်သူနှင့် မှားယွင်းသောသူတို့ကို တူညီစွာ ပြစ်ဒဏ်ပေးခြင်းသည်"

မြေကြီးလုံးကို စီရင်တော်မူသော သခင်သည်၊ တရားသဖြင့် ပြုတော်မူမည် မဟုတ်လော
ဘုရားသခင် ပြုမည်ဟု မျှော်လင့်သောအရာကို မေးခွန်းထုတ်ခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မြေကြီးတခုလုံး၏ တရားစီရင်သူသည်၊ တရားသဖြင့် ဆောင်ရွက်တော်မူစေသတည်း" သို့မဟုတ် "ကိုယ်တော်သည် တလောကလုံးကို စီရင်သောကြောင့်၊ တရားသဖြင့် ပြုတော်မူမည်"

စီရင်တော်မူသော သခင်
ဘုရားသခင် အကောင်းနှင့် အဆိုးကို ဝေဖန်ပိုင်းခြားပေးသည့် ပြည့်စုံသော တရားစီရင်သူ ဖြစ်သဖြင့် တရားသူကြီးဟုလည်း ညွှန်းဆိုတတ်ကြသည်။

### Genesis 18:27

မြေမှုန့်နှင့် ပြာသက်သက်
သေသွားမည့် ကိုယ်ခန္ဓာကို မြေမှုန့်နှင့်ပြာအဖြစ် တင်စားထားသော ရုပ်ပုံပုဒ်ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သေမျိုးသာသာ" သို့မဟုတ် "မြေမှုန့်နှင့် ပြာကဲ့သို့ အရေးပါမှုမရှိ"

ဘုရားရှင်ကို
ယာဝေးဘုရားကို ပုဂ္ဂိုလ်တစ်ဦးကဲ့သို့ လေးမြတ်စွာ ခေါ်ဝေါ်သမုတ်ထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်သခင်အား"

ယခု လျှောက်မည်ဟု အားထုတ်ပါ၏
"ဤသို့ ရဲတင်းစွာ လျှောက်တင်မှုအတွက် ခွင့်လွှတ်တော်မူပါ" သို့မဟုတ် "ရဲတင်းစွာ လျှောက်သော ကျွန်ုပ်ကို ရခွင့်လွှတ်တော်မူပါ"

ဖြောင့်မတ်သောသူ ငါးဆယ်တို့တွင် ငါးယောက်မပြည့်လျှင်
"ဖြောင့်မတ်သောသူ လေးဆယ့်ငါးယောက်သာ ရှိလျှင်"

ထိုငါးယောက် မပြည့်သောအတွက်ကြောင့်
"လိုသော ငါးယောက်အတွက်ကြောင့်"

ငါမဖျက်ဆီး
"သောဒုံနှင့် ဂေါမောရကို ငါမဖျက်ဆီး"

### Genesis 18:29

လျှောက်ဆိုပြန်လျှင်
"အာဗြဟံသည် ထာဝရဘုရားအား လျှောက်ဆိုလေရာ"

ထိုမြို့၌ လေးဆယ်ကို တွေ့ကောင်းတွေ့တော်မူလိမ့်မည်
"ထိုမြို့တို့၌ ဖြောင့်မတ်သောသူ လေးဆယ် ရှိလျှင် အဘယ်သို့ ပြုမည်နည်း"

ထိုလေးဆယ်အတွက် ငါမပြုဘဲနေမည်
"ဖြောင့်မတ်သောသူ လေးဆယ်ကို တွေ့လျှင် ထိုမြို့တို့ကို ငါမဖျက်ဆီးဘဲနေမည်"

မိန့်တော်မူ၏
"ယာဝေးဘုရား မိန့်တော်မူ၏"


generated on Fri Sep 22 10:08:29 2023

သုံးဆယ်
"ဖြောင့်မတ်သောသူ သုံးဆယ်" သို့မဟုတ် "ဖြောင့်မတ်သူ သုံးဆယ်"

ယခု လျှောက်မည်ဟု အားထုတ်ပါ၏
"ဤသို့ ရဲတင်းစွာ လျှောက်တင်မှုအတွက် ခွင့်လွှတ်တော်မူပါ" သို့မဟုတ် "ရဲတင်းစွာ လျှောက်သော ကျွန်ုပ်ကို ရခွင့်လွှတ်တော်မူပါ။" ၁၈:၂၇ မှ ပြန်ဆိုချက်ကို ရှု။

နှစ်ဆယ်
"ဖြောင့်မတ်သောသူ နှစ်ဆယ်" သို့မဟုတ် "ဖြောင့်မတ်သူ နှစ်ဆယ်"

**Genesis 18:32**

ထိုမြို့၌ တဆယ်ကို တွေ့ကောင်းတွေ့တော်မူလိမ့်မည်
"ထိုမြို့တို့၌ ဖြောင့်မတ်သောသူ တဆယ်ကို တွေ့ကောင်းတွေ့နိုင်ပါလိမ့်မည်"

တဆယ်
"ဖြောင့်မတ်သောသူ တဆယ်" သို့မဟုတ် "ဖြောင့်မတ်သူ တဆယ်"

တဆယ်အတွက်
"ဖြောင့်မတ်သောသူ တဆယ်ကို တွေ့လျှင်"

မိန့်တော်မူ၏
"ထာဝရဘုရား မိန့်တော်မူ၏"

ထာဝရဘုရားသည် . . . ကြွသွားတော်မူ၏
"... ထာဝရဘုရား ကြွသွားတော်မူ၏" သို့မဟုတ် "...ထာဝရဘုရား ထွက်သွားတော်မူ၏"


generated on Fri Sep 22 10:08:29 2023

## Chapter 19

1 ကောင်းကင်တမန်နှစ်ပါးတို့သည် ညဦးအချိန်၌ သောဒုံမြို့သို့ ရောက်လာ၏။ လောတသည် မြို့တံခါးဝ၌ ထိုင်လျက်
သူတို့ကိုမြင်လျှင်၊ ခရီးဦးကြိုပြုခြင်းငှါ ထ၍ မြေ၌ ဦးညွတ်ချလျက်၊ 2 အကျွန်ုပ်သခင်တို့၊ ကိုယ်တော်တို့ ကျွန်၏အိမ်သို့ ဝင်၍
တညဉ့်လုံးနေကြပါ။ ခြေကိုဆေးကြပါ။ နံနက် စောစောထ၍ ကြွသွားကြပါလော့ဟု ဆိုလေ၏။ ကောင်းကင်တမန်တို့က၊
ငါတို့သည်မဝင်၊ တညဉ့်လုံးလမ်း၌ နေတော့မည်ဟု ဆိုသော်လည်း၊ 3 ကျပ်ကျပ်သွေးဆောင်သောကြောင့် တဖန် လောတနောသို့
လှည့်၍ သူ၏အိမ်သို့ဝင်ကြ၏။ လောတ လည်း သူတို့အဘို့ ပွဲလုပ်၍ တဆေးမပါသော မုန့်ကို ပေါင်းပြီးမှ သူတို့သည်စားကြ၏။ 4
ထိုသူတို့သည် မအိပ်မှီ သောဒုံမြို့သား ယောကျ်ားအကြီးအငယ်၊ အရပ်ရပ်ကလာသော သူအပေါင်း တို့သည် အိမ်ကို ဝိုင်း၍၊ 5
လောတကို ဟစ်ခေါ်လျက် ယနေ့ညမှာ သင့် အိမ်သို့ ဝင်သော လူတို့သည် အဘယ်မှာရှိသနည်း။ ထိုသူတို့နှင့်ငါတို့သည်
ဆက်ဆံလိုသည် ဖြစ်၍ ငါတို့ထံသို့ ထွက်စေလော့ဟု ဆိုကြ၏။ 6 လောတသည်လည်း၊ တံခါးပြင်မှာ သူတို့ထံသို့ ထွက်၍၊ မိမိနောက်၌
တံခါးကို ပိတ်ပြီးလျှင်၊ 7 ညီအစ်ကိုတို့၊ အဓမ္မအမှုကို ဤမျှလောက် မပြုကြပါနှင့်။ 8 အကျွန်ုပ်၌ ယောကျ်ားနှင့် မဆက်ဆံသော
သမီးနှစ်ယောက်ရှိပါ၏။ သူတို့ကို သင်တို့ထံသို့ထုတ်ရသော အခွင့်ကိုပေးကြပါလော့။ သူတို့၌ ပြုချင်သမျှပြုကြပါလော့။ ဤလူတို့၌
အလျှင်မပြုကြပါနှင့်။ အကြောင်းမူကား၊ သူတို့သည် အကျွန်ုပ်အိမ်မိုးအရိပ်ကို ခိုနေပါ၏ဟု တောင်းပန်သော်လည်း၊ 9 သူတို့က
ဆုတ်လော့ဟုဆိုကြ၏။ တဖန်ကား၊ သင်သည် တည်းခိုခြင်းငှာ သာရောက်လာသည်နှင့် တရားသူကြီးလုပ်ရမည်လော။ ယခုမှာ
ထိုသူတို့၌ ပြုသည်ထက်၊ သင်၌သာ၍ဆိုးသောအမှုကိုပြုမည်ဟုဆိုလျက်၊ လောတကို ကျပ်ကျပ်ဖိ၍ တံခါးကိုလည်း ပေါက်ခွဲချိုးဖဲ့
ခြင်းငှါ ချဉ်းလာကြ၏။ 10 ထိုအခါ ကောင်းကင်တမန်တို့သည် လက်ကိုဆန့်၍ လောတကို မိမိတို့နေရာအိမ်အတွင်းသို့ ဆွဲသွင်း
ပြီးလျှင် တံခါးကို ပိတ်ကြ၏။ 11 အိမ်တံခါးနားမှာ ရှိသောသူအကြီးအငယ်တို့ကို မျက်စိကန်းစေခြင်းငှါ ဒဏ်ခတ်သဖြင့် သူတို့သည်
တံခါး ကိုရှာ၍ ပင်ပန်းခြင်းသို့ ရောက်ကြ၏။ 12 ကောင်းကင်တမန်တို့ကလည်း၊ ဤအရပ်၌ သင်နှင့်ဆိုင်သောသူ ရှိသေးသလော။
သားသမီး၊ သမက်၊ မြို့ထဲမှာ သင်၌ရှိသမျှကို ဤအရပ်က ထုတ်ဆောင် လော့။ 13 ဤအရပ်ကို ငါတို့သည် ဖျက်ဆီးရမည်။
အကြောင်းမူကား၊ အရပ်သားတို့သည် ထာဝရဘုရား ရှေ့တော်မှာ အလွန်ကြွေးကြော်ခြင်းရှိသည်ဖြစ်၍၊ ဖျက်ဆီးစေခြင်းငှါ
ထာဝရဘုရားသည် ငါတို့ကို စေလွှတ် တော်မူပြီဟု လောတအား ပြောဆိုကြ၏။ 14 လောတထွက်၍ သမီးနှင့်စုံဘက်သောသူ၊ မိမိ
သမက်တို့အား ထကြ၊ ဤအရပ်မှ ထွက်သွားကြ၊ ဤမြို့ကို ထာဝရဘုရား ဖျက်ဆီးတော်မူမည်ဟုဆိုသော်လည်း၊ ကျီစားဟန်သည်ဟု
သမက်တို့ ထင်ကြ၏။ 15 မိုဃ်းသောက်သောအခါ၊ ကောင်းကင်တမန် တို့သည် လောတကို ဆော်လျက်၊ သင်သည်ထ၍
ဤအရပ်၌ရှိသော မယားနှင့်သမီး နှစ်ယောက်တို့ကို ယူသွားလော့။ သို့မဟုတ်၊ မြို့၏အပြစ်၌ဆုံးခြင်းသို့ ရောက်လိမ့်မည်ဟု
ဆိုသော်လည်း၊ 16 သူသည်ဖင့်နွဲ့သောခါ ထာဝရဘုရားသနား တော်မူသောကြောင့် ကောင်းတမန်တို့သည် သူနှင့်သူ၏ မယား၊
သူ၏သမီးနှစ်ယောက်တို့ကို လက်ဆွဲ၍ မြို့ပြင်သို့ ထုတ်ဆောင်ကြ၏။ 17 ပြင်သို့ရောက်သောအခါ၊ သင်သည် အသက်
ချမ်းသာရခြင်းငှါ ပြေးလော့။ နောက်သို့လှည့်၍ မကြည့် နှင့်။ မြေညီသောအရပ်၌ အလျှင်းမနေနှင့်။ တောင်ပေါ်သို့ ပြေးလော့။
သို့မဟုတ်ဆုံးလိမ့်မည်ဟု ဆိုလေ၏။ 18 လောတ ကလည်း၊ အကျွန်ုပ်သခင် ထိုသို့မဆိုပါနှင့်။ 19 ယခုမှာ ကိုယ်တော်ကျွန်သည်
ရှေ့တော်၌ မျက်နှာရပါပြီ။ အကျွန်ုပ်အသက်ချမ်းသာစေသဖြင့်၊ အကျွန်ုပ်၌ ပြုတော်မူသောကရုဏာ ကျေးဇူးများပြားလှပါ၏။
ဘေးလွတ်၍ တောင်ပေါ်သို့ မပြေးနိုင်ပါ။ ဘေးတစုံ တခုတွေ့၍ သေမည်ကို စိုးရိမ်ပါ၏။ 20 ကြည့်ပါ။ ထိုမြို့နီးပါ၏ ပြေးသာပါ၏။
ငယ် သောမြို့လည်း ဖြစ်ပါ၏။ ဘေးလွတ်၍ ထိုအရပ်သို့ ပြေးပါရစေ။ ထိုမြို့သည် ငယ်သောမြို့ မဟုတ်လော။ သို့ပြေးလျှင်
အသက်ချမ်းသာရပါမည်ဟု လျှောက်ဆို၏။ 21 ထိုသူကလည်း၊ ကြည့်ပါ။ ဤအမှုအရာ၌လည်း သင်၏ စကားကို
ငါနားထောင်စေခြင်းငှါ ထိုမြို့အတွက် တောင်းပန်သောကြောင့် ငါမဖျက်ဆီး။ 22 ဘေးလွတ်ခြင်းငှါ ထိုမြို့သို့ အလျင်အမြန်ပြေး
လော့။ ထိုမြို့သို့ မရောက်မှီ ငါသည် အဘယ်အမှုကိုမျှ မပြုနိုင်ဟုဆိုလေ၏။ ထိုကြောင့် ထိုမြို့ကို ဇောရမြို့ဟု သမုတ်ကြ၏။ 23
လောတသည် ဇောရမြို့သို့ ဝင်သောအခါ၊ မြေကြီးပေါ်မှာ နေထွက်ချိန်ဖြစ်သတည်း။ 24 ထိုအခါ ထာဝရဘုရားသည်
ကောင်းကင်ထက်၊ အထံတော်မှ သောဒုံမြို့နှင့် ဂေါမောရမြို့အပေါ်သို့ ကန့်နှင့် မီးမိုဃ်းကို ရွာစေတော်မူ၏။ 25 ထိုမြို့တို့ကိုင်း၊
ချိုင့်အရပ် တရှောက်လုံးကိုင်း၊ မြို့သားအပေါင်းတို့ကိုင်း မြေ၌ ပေါက်သမျှကိုင်း၊ မှောက်လဲတော်မူ၏။ 26 လောတ၏
မယားမူကား နောက်သို့ လှည့်ကြည့် ၍ ဆားတိုင်ဖြစ်လေ၏။ 27 နံနက်စောစော အာဗြဟံသည် ထ၍၊ ထာဝရ ဘုရားရှေ့တော်၌
ရပ်နေသော အရပ်သို့ သွားပြီးလျှင်၊ 28 သောဒုံမြို့နှင့် ဂေါမောရမြို့မှ စသောချိုင့် အရပ်တရှောက်လုံးကို ကြည့်ရှု၍၊ မီးဖို၌ အခိုးကဲ့သို့၊
တပြည်လုံးအခိုးတက်သည်ကို မြင်လေ၏။ 29 ထိုသို့ဘုရားသခင်သည် ချိုင့်ထဲမှာ ရှိသောမြို့ တို့ကို ဖျက်ဆီးသောအခါ အာဗြဟံကို
အောက်မေ့တော် မူ၏။ လောတနေသော မြို့တို့ကို မှောက်လှဲသောအခါ မှောက်လှဲထဲကလောတကို လွှတ်လိုက်တော်မူ၏။ 30
လောတသည် ဇောရမြို့မှ ထွက်၍၊ သမီး နှစ်ယောက်နှင့်တကွ တောင်ပေါ်မှာနေ၏။ ဇောရမြို့၌ မနေဝံ့၍၊ သမီးနှစ်ယောက်နှင့်တကွ
ဥမင်၌ နေ၏။ 31 သမီးအကြီးက၊ ငါတို့အဘ အိုပြီ။ မြေကြီးသား အပေါင်းတို့၏ ဘာသာအတိုင်း ငါတို့ထံသို့ ဝင်ရသော
ယောကျ်ားတယောက်မျှ မြေပေါ်မှာ မရှိ။ 32 လာကြ။ ငါတို့အဘကိုစပျစ်ရည်တိုက်ကြစို့။ ငါတို့အဘ၏ အမျိုးအနွယ်ကို စောင့်မ၍
သူနှင့်အိပ်ကြ စို့ဟု ညီမကိုပြောဆို၏။ 33 ထိုနေ့ညမှာ သူတို့သည် အဘကို စပျစ်ရည် တိုက်ပြီးလျှင်၊ သမီးအကြီးသည် ဝင်၍ အဘနှင့်
အိပ်လေ ၏။ သူအိပ်ကြောင်းကိုင်း၊ ထကြောင်းကိုင်း အဘ မသိ။ 34 နက်ဖြန်နေ့တွင် အကြီးကလည်း မနေ့ညမှာ ငါသည် အဘနှင့်
အိပ်လေပြီ။ ယနေ့ညတဖန်သူ့ကို စပျစ် ရည်တိုက်ကြစို့။ သင်သည်ဝင်၍ အဘ၏အမျိုးအနွယ်ကို စောင့်မခြင်းငှါ၊ သူနှင့်အိပ်လော့ဟု
ညီမကို ပြောဆို၏။ 35 ထိုနေ့ညဉ့်၌လည်း သူတို့သည် အဘကို စပျစ်ရည် တိုက်ပြီးလျှင်၊ အငယ်သည်ဝင်၍အဘနှင့် အိပ်လေ၏။
အိပ်ကြောင်းကိုင်း၊ တကြောင်းကိုင်း အဘမသိ။ 36 ထိုသို့လောတ၏ သမီးနှစ်ယောက်တို့သည်၊ မိမိအဘအားဖြင့်
ပဋိသန္ဓေစွဲနေ၏။ 37 သမီးအကြီးသည် သားကို ဘွား၍မောဘအမည် ဖြင့် မှည့်လေ၏။ ထိုသူသည် ယနေ့တိုင်အောင်ရှိသော

 generated on Fri Sep 22 10:08:29 2023

မောဘအမျိုးသားတို့၏ အဘဖြစ်သတည်း။ **38** သမီးအငယ်သည်လည်း သားကိုဘွား၍ ဗေနမ္မိ အမည်ဖြင့် မှည့်လေ၏။ ထိုသူသည် ယနေ့တိုင်အောင် ရှိသော အမ္မုန်အမျိုးသားတို့၏ အဘဖြစ်သတည်း။

---

---

### Genesis 19:1

ကောင်းကင်တမန် နှစ်ပါး
ကမ္ဘာဦးကျမ်း ၁၈ တွင် လူနှစ်ဦးက သောဒုံမြို့သို့ သွားသည်ဆို၏။ ယခုတွင် ထိုနှစ်ဦးမှာ ကောင်းကင်တမန်များဖြစ်ကြောင်း သိရပါသည်။ (ရှု၊ ၁၈:၂၂)

မြို့တံခါးဝ
"သောဒုံမြို့ အဝင်ပေါက်နား" မြို့ကို တံတိုင်းများဖြင့် တည်ဆောက်ထားသောကြောင့်၊ တံခါးပေါက်မှတဆင့် ဝင်ရသည်။ ထို့ကြောင့် မြို့တစ်ခု၏ အရေးကြီးဆုံးနေရာဖြစ်သည်။ အရေးပါသော ပုဂ္ဂိုလ်များက ထိုနေရာတွင် အချိန်ယူလေ့ရှိသည်။

မြေ၌ ဦးညွှတ်ချလျက်
ဒူးထောက်လျက် နဖူးနှင့် နှာခေါင်းကို မြေနှင့် ထိစေသည်။

အကျွန်ုပ်သခင်တို့
ကောင်းကင်တမန်တို့ကို ရိုသေလေးမြတ်စွာ ခေါ်ဝေါ်ရာ၌ လောတ အသုံးပြုသော ဝေါဟာရဖြစ်သည်။

ကိုယ်တော်တို့ ကျွန်၏အိမ်သို့ ဝင်၍
"ကိုယ်တော်တို့ ကျွန်၏အိမ်သို့ ဝင်လှည့်တော်မူပါ"

ကိုယ်တော်တို့ ကျွန်၏အိမ်
ရိုသေလေးမြတ်မှုကို ပြရန် လောတက မိမိကိုယ်ကို ညွှန်းလိုက်သည်။

ခြေကိုဆေးကြပါ
လူတို့ ခရီးသွားလျှင် ခြေဆေးရန် အလိုရှိကြသည်။

နံနက်စောစောထ၍
"စောစောစီးစီး ထ၍"

ငါတို့သည်မဝင်၊ တညဉ့်လုံး
ကောင်းကင်တမန်နှစ်ဦးက ထိုသို့ပြောရာတွင်၊ လောတကို ညွှန်းခြင်းမဟုတ်ဘဲ မိမိတို့ကို ညွှန်းလိုက်ခြင်းဖြစ်သည်။ မြို့လယ်စုရပ် တစ်နေရာတွင် ညအိပ်ရန် စီစဉ်ထားသည် ဆို၏။ ထိုသို့ ဆိုရာတွင် "ငါတို့" နေရာ၌ ပြန်ဆိုမည့် ဘာသာစကား၏ အသုံးအနှုန်းအတိုင်း ပြန်ဆိုရန်ဖြစ်သည်။

လမ်း
အများသုံး၊ အပြင်အရပ် ဖြစ်သော မြို့လယ်စုရပ် ဖြစ်ပေမည်။

တဖန် လောတနောက်သို့ လှည့်၍
"ပြန်လှည့်ကာ လောတ နောက်သို့ လိုက်၍"

### Genesis 19:4

ထိုသူတို့သည် မအိပ်မှီ
"လောတတို့ တအိမ်သားလုံး အိပ်စက်ခြင်း မပြုမှီ"

သောဒုံမြို့သား ယောက်ျား
"သောဒုံမြို့နေ ယောက်ျား" သို့မဟုတ် "သောဒုံမြို့သား"

အကြီးအငယ်
"အငယ်ဆုံးမှ အကြီးဆုံးထိ။" လောတတို့အိမ်ကို ဝန်းရံနေသော သောဒုံမြို့သားများမှာ "အရွယ်ပေါင်းစုံ" ဖြစ်ကြောင်း အဓိပ္ပါယ်ရသည်။

အိမ်
"လောတအိမ်"

သင့်အိမ်သို့ ဝင်သော
"သင့်ထံ ရောက်လာသော"

ထိုသူတို့နှင့် ငါတို့သည် ဆက်ဆံလိုသည် ဖြစ်၍
"ထိုသူတို့နှင့် ကာမဆက်ဆံလိုသဖြင့်။" ပြန်ဆိုမည့် ဘာသာစကားတွင် ပို၍ ယဉ်ကျေးသော အသုံးအနှုန်းဖြင့် ပြောင်းထည့်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုသူတို့ကို ကာမဂုဏ်အရ သိလိုသဖြင့်"

### Genesis 19:6

မိမိနောက်၌
"မိမိကိုယ်တိုင်" သို့မဟုတ် "အနောက်၌"

ညီအစ်ကိုတို့
မြို့သားများ မိမိစကားကို နားထောင်စေလိုသောကြောင့် သုံးနှုန်းထားသော ဒေသိယစကား ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မိတ်ဆွေတို့"

အဓမ္မအမှုကို ဤမျှလောက် မပြုကြပါနှင့်
"လွန်စွာမှားယွင်းသောအမှုကို မပြုကြပါနှင့်" သို့မဟုတ် "ထိုသို့သော ဒုစရိုက်အမှုကို မပြုကြနှင့်"

မဆက်ဆံသော
"ဆက်ဆံမှု မပြုသေးသော။" ပြန်ဆိုမည့် ဘာသာစကားတွင် ပို၍ယဉ်ကျေးသော အသုံးအနှုန်းဖြင့် ပြောင်းထည့်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မသိရသေးသော"

ပြုချင်သမျှ
"ကောင်းသည်ဟု မြင်သည်အတိုင်း" သို့မဟုတ် "မှန်မည် ထင်သည်အတိုင်း"

အကျွန်ုပ်အိမ်မိုးအရိပ်ကို ခိုနေပါ၏
မိမိအိမ်၌တည်းခိုသော ဧည့်သည်ကို အိမ်ရှင်က တာဝန်ယူရမည်ဟု သွယ်ဝိုက်ဖွင့်ဆိုနိုင်ပြီး။ "အိမ်မိုး" မှာ တအိမ်လုံးကို ခြုံငုံပေးသော အစုပြုပုဒ်ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်အိမ်၌ ရောက်သည်ဖြစ်၍ သူတို့ကို ကာကွယ်ရန် ကျွန်ုပ်၌ တာဝန်ရှိပါ၏"

ညီအစ်ကိုတို့ . . . တောင်းပန်သော်လည်း
"ညီအစ်ကိုတို့၊ တောင်းပန်ပါ၏။ ... ဆိုသော်လည်း"

### Genesis 19:9

ဆုတ်လော့
"ဖယ်လော့" သို့မဟုတ် "ဘေးသို့ ရွှေ့လော့" (UDB)

သင်သည် တည်းခိုးခြင်းငှာသာ ရောက်လာသည်နှင့်
"ဤသူသည် အပြင်လူအဖြစ်သာ ရောက်လာခဲ့သော်လည်း" သို့မဟုတ် "ဤတပါးသူက ငါတို့ထံ ရောက်ခဲ့သော်လည်း"

. . . တရားသူကြီးလုပ်ရမည်လော
"အမှန်အမှား ခွဲခြမ်းပေးနိုင်မည်ဟု ထင်လေပြီ" သို့မဟုတ် "ငါတို့ အလိုကို တားဆီးခြင်းငှါ ခွင့်မပြုနိုင်တော့"

. . . သည်နှင့်
"ယခုတွင်"

ယခုမှာ
"ထို့ကြောင့်"

သင်
"လောတ။" မိမိတို့ အချင်းချင်း ပြောဆိုသော စကားဖြစ်သည်။ ပြန်ဆိုမည့် ဘာသာစကားတွင် နားလည်ရခက်လျှင်၊ UDB က အတိုင်း လောတထံ ပြောသကဲ့သို့ ထည့်ပြောင်းနိုင်သည်။

ထိုသူတို့၌ ပြုသည်ထက်၊ သင်၌ သာ၍ဆိုးသောအမှုကို ပြုမည်
"အဓမ္မအမှုကို ဤမျှလောက် မပြုကြပါနှင့်" (၁၉:၆) ဟူသော လောတ၏ စကားကြောင့် မြို့သားတို့ စိတ်ဆိုးကြသဖြင့်၊ လောတ ပြောသော အဓမ္မအမှုထက် ပိုဆိုးသောအမှု ပြုမည်ဟု ချိန်းခြောက်လိုက်ကြသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့အပေါ် ပြုသည်ထက် သာ၍ဆိုးသော အဓမ္မအမှုကို သင်၌ ပြုမည်"

လောတကို ကျပ်ကျပ်ဖိ၍ တံခါးကိုလည်း ပေါက်ခွဲချိုးဖဲ့ ခြင်းငှါ ချဉ်းလာကြ၏
ဖြစ်နိုင်ချေများမှာ၊ ၁) "တံခါးကို ရိုက်ချိုးနိုင်မည့် အကွာအဝေးသို့ ရောက်သည်အထိ လောတထံ ချဉ်းလာကြ၏" သို့မဟုတ် ၂) "လောတကို တွန်းကြရာ၊ တံခါးကို ရိုက်ချိုးရန် ပြင်ကြ၏"

## Genesis 19:10

ထိုအခါ ကောင်းကင်တမန်တို့သည်
"ထိုအခါ လောတ၏ ဧည့်သည်တို့က" သို့မဟုတ် "သို့သော် ဧည့်သည်တို့က"

လက်ကိုဆန့်၍ . . . ဆွဲသွင်းပြီးလျှင် တံခါးကို ပိတ်ကြ၏
မြို့သားတို့က တံခါးနား မချဉ်းကပ်မီ ဦးစွာ ဖွင့်ထားကြောင်း တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တံခါးကို ဖွင့်ကာ လက်ကိုဆန့်၍ ... ဆွဲသွင်းပြီး၊ တံခါးကို ပိတ်ကြ၏"

အကြီးအငယ်
"အရွယ်စုံ။" ဤသွယ်ဝိုက် အလင်္ကာမျိုးသည် ယောကျ်ားအားလုံးကို ညွှန်းဆိုသည်။ အသက်အရွယ်သာမက ဂုဏ်အရှိန်ကိုလည်း ညွှန်းဆိုခြင်း ဖြစ်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဂုဏ်ကြီးရင့်သူနှင့် ငယ်သူအပေါင်း"

အိမ်တံခါးနားမှာ ရှိသောသူ . . . တို့ကို မျက်စိကန်းစေခြင်းငှါ ဒဏ်ခတ်သဖြင့်
"မျက်စိကန်းစေခြင်းငှါ ဒဏ်ခတ်သဖြင့်" ဟု ဆိုသည်မှာ လူကိုယ်တိုင် ထိပါးခြင်းကို ညွှန်းဆိုခြင်းမပြုသော ရူပကပုဒ်ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဧည်သည့်တို့က မြို့သား ... တို့ကို မျက်စိကန်းစေသဖြင့်" သို့မဟုတ် "မြို့သား ... တို့ကို အမြင်ကွယ်စေသဖြင့်"

## Genesis 19:12

ကောင်းကင်တမန်တို့ကလည်း
"ထိုသူ နှစ်ဦးကလည်း" သို့မဟုတ် "ဧည့်သည် တို့ကလည်း"

ဤအရပ်၌ သင်နှင့်ဆိုင်သောသူ ရှိသေးသလော
"ဤမြို့၌ သင့်ဆွေမျိုးများ ရှိသေးသလော" သို့မဟုတ် "ဤအရပ်၌ အခြားမိသားစုဝင်များ ရှိသေးသလော"

မြို့ထဲမှာ သင်၌ရှိသမျှ
"မြို့၌နေသော ဆွေမျိုးသားချင်းရှိသမျှ"

ငါတို့သည် ဖျက်ဆီးရမည်
"ငါတို့" မှာ မိမိတို့ကိုသာ ညွှန်းဆိုခြင်း ဖြစ်သည်။ မြို့ကို ဖျက်ဆီးမည့်သူမှာ ထိုကောင်းကင်တမန် နှစ်ဦးဖြစ်သည်။ လောတမဟုတ်။ ပြန်ဆိုမည့် ဘာသာစကားတွင် သီးသန့်ညွှန်းဆိုသော "ငါတို့" ကဲ့သို့ အသုံးအနှုန်းရှိလျှင် ပြောင်းသုံးနိုင်သည်။

အရပ်သားတို့သည် ထာဝရဘုရား ရှေ့တော်မှာ အလွန်ကြွေးကြော်ခြင်းရှိသည်ဖြစ်၍
စိတ္တဇနာမ် "ကြွေးကြော်ခြင်း" ကို ကြိယာပုဒ် အဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဤမြို့သားတို့၏ အပြစ်ကို ဘုရားသခင်ထံ လူများစွာက တိုင်ကြားခဲ့သည်ဖြစ်၍။" ၁၈:၂ မှ ပြန်ဆိုချက်ကို ရှု။

## Genesis 19:14

လောတထွက်၍
"လောတလည်း အိမ်မှထွက်၍"

သမီးနှင့်စုံဘက်သောသူ၊ မိမိသမက်တို့
"သမီးနှင့်စုံဘက်သောသူ" က မိမိ၏ သမက်များ ဖြစ်ကြောင်းကို နားလည်စေသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သမီးနှင့် ထိမ်းမြားမည့်သူတို့" သို့မဟုတ် "သမီး၏ သတို့သားလောင်းတို့"

မိုဃ်းသောက်သောအခါ
"နေထွက်ခါနီး အချိန်တွင်"

သင်သည်ထ၍
"သွားလော့၊"

မြို့၏အပြစ်၌ ဆုံးခြင်းသို့ ရောက်လိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သို့မှသာ မြို့သားတို့အပြစ်အတွက် ထာဝရဘုရား၏ ဒဏ်ခတ်ခြင်းမှ လွတ်ငြိမ်းရလိမ့်မည်"

အပြစ်၌ ဆုံးခြင်း
ဘုရားသခင်က မြို့သားတို့ကို အမိုက်ကဲ့သို့ ပုံဆောင်ထားသော ရူပကပုဒ်ဖြစ်သည်။

မြို့၏
"မြို့" က ထိုမြို့တွင် နေထိုင်သောသူများ

## Genesis 19:16

သူသည်ဖင့်နွှဲသောခါ
"သို့သော် လောတ တုန့်ဆိုင်းလေရာ၊" သို့မဟုတ် "သို့ရာတွင် လောတသည် ထွက်ခွါရန် မပြင်သောအခါ"

သနားတော်မူသောကြောင့်
"သနားခြင်းရှိသဖြင့်။" သောဒုံမြို့သားတို့၏ အပြစ်အတွက် ဖျက်ဆီးတော်မူရာတွင် လောတတို့ မိသားစုကို အသက်ချမ်းသာပေးခဲ့သောကြောင့် ထာဝရဘုရားကို "သနားခြင်းရှိ" ကြောင်း ဖော်ပြထားသည်။

ကောင်းတမန်တို့သည် . . . လက်ဆွဲ၍
"ထိုလူနှစ်ယောက်သည် ... လက်ဆွဲ၍" သို့မဟုတ် "သူစိမ်းတို့သည် ... လက်ဆွဲ၍"

ပြင်သို့ရောက်သောအခါ
"မြို့ပြင်ရောက်သောအခါ"

သင်သည် အသက်ချမ်းသာရခြင်းငှါ ပြေးလော့
သေဘေးမှလွတ်မြောက်ခြင်းငှါ ပြေးရန် ပြောဆိုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့သည် ပြေး၍ မိမိအသက်ကို ကယ်တင်လော့"

နောက်သို့လှည့်၍ မကြည့်နှင့်
"မြို့ဘက်သို့" လှည့်မကြည့်ရန် ဆိုထားခြင်းဖြစ်ကြောင်း သိသာသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မြို့ဘက်သို့ လှည့်၍မကြည့်နှင့်" သို့မဟုတ် "သောဒုံဘက်သို့ လှည့်၍မကြည့်နှင့်"

မြေညီသောအရပ်၌
ယောဒန်မြစ်ကမ်းကို ဆိုလိုသည်။ ယောဒန်မြစ်ဝှမ်းနေရာ တခုလုံးကို ညွှန်းဆိုသည်။

သို့မဟုတ် ဆုံးလိမ့်မည်
မြို့သားတို့နှင့်တကွ ရှင်းထုတ်ခြင်း ခံရမည်ဟု ဆိုလိုသည်။ အပြုဝါကျအဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သို့မဟုတ် ထာဝရဘုရားသည် မြို့သားတို့နှင့်တကွ သင်တို့ကို ဖျက်ဆီးလိမ့်မည်"

ဆုံးလိမ့်မည်
ရှင်းထုတ်မည်ဟူသော ရူပကပုဒ်ဖြင့်လည်း အစားထိုးနိုင်သည်။

## Genesis 19:18

ယခုမှာ ကိုယ်တော်ကျွန်သည် ရှေ့တော်၌ မျက်နှာရပါပြီ
ကျေနပ်မှုကို "မျက်နှာရ" သည်ဟူသော ရူပကပုဒ်ဖြင့်လည်း ဖော်ပြနိုင်သည်။ ထို့ပြင်၊ "ရှေ့တော်" ဟူသည်မှာ လူ့အတွေးအမြင်ကို ဖော်ပြသော ဝက်ဝုတ္တိပုဒ်ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်တော်မျိုးသည် ကိုယ်တော့်ကို ကျေနပ်စေခဲ့ပါပြီ"

ကိုယ်တော်ကျွန်သည်
မိမိကိုယ်ကို နှိမ့်ချ၍ ပြောဆိုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်တော့်ကျွန် ကျွန်ုပ်သည်"

အကျွန်ုပ်အသက် ချမ်းသာစေသဖြင့်၊ အကျွန်ုပ်၌ ပြုတော်မူသော ကရုဏာကျေးဇူး များပြားလှပါ၏
စိတ္တဇနာမ် "ကရုဏာကျေးဇူး" ကို "ကောင်းမြတ်" သည် ဟုလည်း ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်ကို ကယ်တင်တော်မူခြင်းအားဖြင့် အကျွန်ုပ်ပေါ် ကောင်းမြတ်လှပါ၏"

ဘေးလွတ်၍ တောင်ပေါ်သို့ မပြေးနိုင်ပါ။ ဘေးတစုံတခုတွေ့၍ သေမည်ကို စိုးရိမ်ပါ၏
သောဒုံမြို့အပေါ် ဘုရားသခင် စေလွှတ်မည့် "ဘေး" ကို လူပုဂ္ဂိုလ်တစ်ဦးကဲ့သို့ ခိုင်းနှိုင်းထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် သောဒုံမြို့သားတို့အပေါ် ဘေးဒုက္ခကို စေလွှတ်လျှင် တောင်ပေါ်သို့ ပြေးနိုင်မည်မဟုတ်သဖြင့် အသက်သေမည်ကို စိုးရိမ်ပါ၏"

အကျွန်ုပ်အသက် . . . အကျွန်ုပ်၌ . . . သေမည်
လောတသည် မိမိနှင့် မိသားစုအားလုံးကို ညွှန်းဆိုခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်တို့အသက် ... ကျွန်ုပ်တို့၌ ... သေကြမည်"

ဘေးလွတ်၍ ထိုအရပ်သို့ ပြေးပါရစေ။ ထိုမြို့သည် ငယ်သောမြို့ မဟုတ်လော။ သို့ပြေးလျှင် အသက်ချမ်းသာရပါမည်
ဇုင်းမြို့မှာ သေးငယ်သဖြင့် သောဒုံမြို့ကြီးကဲ့သို့ မဖျက်ဆီး၍လည်း ရကြောင်း သိသာစေရန် မေးခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုအရပ်သို့ ပြေးပါရစေ။ သေးငယ်သောမြို့ မဟုတ်လော။ ထိုမြို့သို့ ပြေးလျှင် အသက်ချမ်းသာရပါမည်"

ထိုအရပ်သို့ ပြေးပါရစေ
တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုမြို့သို့ ပြေးလွတ်နိုင်ရန် ဖျက်ဆီးခြင်းမပြုပါနှင့်"

အသက်ချမ်းသာရပါမည်
လောတတို့ တမိသားစုလုံး အသက်ချမ်းသာမည်ဟု ဆိုလိုသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကယ်လွတ်ရပါမည်" သို့မဟုတ် "ဘေးလွတ်ရပါမည်"

## Genesis 19:21

ဤအမှုအရာ၌လည်း သင်၏စကားကို ငါနားထောင်စေခြင်းငှါ
"သင်တောင်းသည်အတိုင်း ဖြည့်ဆည်းခြင်းငှါ"

အဘယ်အမှုကိုမျှ မပြုနိုင်
တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အခြားမြို့တို့ကို ငါမဖျက်ဆီး"

ဇောရမြို့
ဘာသာပြန်ဆိုသူများ အနေဖြင့် "ဇောရသည် ဟေဗြဲစကား 'သေငယ်သည်' နှင့် အသံတူ၏။ ကမ္ဘာဦးကျမ်း ၁၉:၂၀ တွင် လောတက ဤမြို့ကို 'သေးငယ်သည်' ဟု ခေါ်ဆိုခဲ့သည်" ဟူ၍ မှတ်ချက်ပြုနိုင်သည်။

## Genesis 19:23

လောတသည် ဇောရမြို့သို့ ဝင်သောအခါ
လောတ၏ မိသားစုတို့ပါဝင်ကြောင်း တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လောတနှင့် မိသားစုသည် ဇောရမြို့သို့ ရောက်သောအခါ"

မြေကြီးပေါ်မှာ နေထွက်ချိန်ဖြစ်သတည်း
"မြေကြီးအထက်မှာ နေထွက်ချိန်ဖြစ်သတည်း။" "ပေါ်မှာ" ဟူ၍ တိကျစေသောစကားကို ချန်လှပ်ထားနိုင်သည်။

ထာဝရဘုရားသည် ကောင်းကင်ထက်၊ အထံတော်မှ သောဒုံမြို့နှင့် ဂေါမောရမြို့ အပေါ်သို့ ကန့်နှင့် မီးမိုးယံးကို ရွာစေတော်မူ၏
ဝက်ဝုတ္တိပုဒ် "အထံတော်မှ" သည် ကန့်နှင့်မီးကို အစိုးရသူမှာ ဘုရားသခင်ဖြစ်ကြောင်း ညွှန်းဆိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သောဒုံမြို့နှင့် ဂေါမောရမြို့အပေါ်သို့ ကျစေခြင်းငှါ ကန့်နှင့်မီးမိုးယံးကို ဖြစ်စေတော်မူ၏"

ကန့်နှင့် မီးမိုးယံး
အရာတစ်ခုကိုသာ ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မီးလောင်သောကန့်" သို့မဟုတ် "မီးမိုးယံး"

ထိုမြို့တို့ကိုရင်း၊
သောဒုံနှင့် ဂေါမောရမြို့တို့ကို အဓိကညွှန်းဆိုသော်လည်း၊ အခြားမြို့များလည်း ပါဝင်သည်။

မြို့သားအပေါင်းတို့ကိုရင်း
"မြို့၌ နေထိုင်သူအပေါင်းတို့ကိုလည်းကောင်း"

**Genesis 19:26**

ဆားတိုင်ဖြစ်လေ၏
"ဆားတိုင်ကဲ့သို့ ဖြစ်လေ၏" သို့မဟုတ် "ကိုယ်ခန္ဓာတခုလုံး ဆားတိုင်ဖြစ်လေ၏။" မြို့ဘက်သို့ လှည့်မကြည့်ရန် မှာထားသော ကောင်းကင်တမန်တို့၏ စကားကို နားမထောင်သောကြောင့်၊ ဘုရားသခင်က ဆားဖြင့် လုပ်ထားသော ရုပ်ထုတိုင် ဖြစ်စေခဲ့သည်။

မီးဖို၌ အခိုးကဲ့သို့
အခိုးအငွေ့ အလွန်ထူထပ်ကြောင်း ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မီးလုံးကြီးမှ ထွက်လာသော အခိုးကဲ့သို့"

**Genesis 19:29**

ယေဘုယျ အချက်အလက်
အငယ် ၂၉ သည် အခန်းတခုလုံး၏ အချုပ်ဖြစ်သည်။

ဘုရားသခင်သည် . . . အာဗြဟံကို အောက်မေ့တော်မူ၏
လောတကို ဘုရားသခင် ကယ်တော်မူသည့် အကြောင်းရင်းဖြစ်သည်။ "အောက်မေ့" ကို "သတိရ" ဟုလည်း ဆိုလိုသည်။ သို့ရာတွင် ဘုရားသခင်သည် မေ့တတ်သောသူ ဖြစ်သည်ဟု ဆိုလိုခြင်းမဟုတ်။ အာဗြဟံကို အောက်မေ့ကာ ဂရုဏာတော်ကို ပြသလိုက်ခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် ... အာဗြဟံအဖို့ အလို့ငှါ၊"

မှောက်လှဲရာထဲက
"ပျက်ဆီးခြင်းမှ" သို့မဟုတ် "ဘေးဒုက္ခမှ"

**Genesis 19:30**

လောတသည် ဇောရမြို့မှ ထွက်၍၊ . . . တောင်ပေါ်မှာနေ၏
လောတသည် မြင့်ရာအရပ် တောင်ပေါ်ဒေသသို့ ထွက်ခွါသွားခြင်းကို ရည်ညွှန်းသည်။

**Genesis 19:31**

သမီးအကြီး
"လောတ၏ သမီးအကြီး" သို့မဟုတ် "အကြီးမ"

မြေကြီးသား အပေါင်းတို့၏ ဘာသာအတိုင်း
"မြေကြီးသား" မှာ လူကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "နေရာတကာမှ လူတို့ပြုသည်အတိုင်း"

စပျစ်ရည်တိုက်ကြစို့
အရက်မူးစေရန် ရည်ရွယ်ချက်ရှိကြောင်း တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မူးသည်အထိ စပျစ်ရည်တိုက်ကြစို့"

ငါတို့အဘ၏ အမျိုးအနွယ်ကို စောင့်မ၍
မျိုးဆက်ကို ဆက်လက် ထိန်းသိမ်းရမည့် နောက်ဆုံးမျိုးဆက်ဖြစ်ကြောင်း သိသာစေသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါတို့အဘ၏ အမျိုးအနွယ်ကို မွေးဘွားစေခြင်းငှါ"

ညီမ
"သမီးအငယ်" သို့မဟုတ် "အငယ်မ"

သူအိပ်ကြောင်းကိုရင်း၊ ထကြောင်းကိုရင်း အဘမသိ
"သို့သော် သူ၏ အဘက မသိ" သို့မဟုတ် "အတူအိပ်သည်ကို အဘ မသိ"

**Genesis 19:34**

ယနေ့ည . . . အဘမသိ
၁၉:၃၁ မှာကဲ့သို့ ပြန်ဆိုရန်။

စပျစ်ရည်တိုက်ကြစို့
အရက်မူးစေရန် ရည်ရွယ်ချက်ရှိကြောင်း တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မူးသည်အထိ စပျစ်ရည်တိုက်ကြစို့"

အဘ၏အမျိုးအနွယ်ကို စောင့်မခြင်းငှါ
မျိုးဆက်ကို ဆက်လက် ထိန်းသိမ်းရမည့် နောက်ဆုံးမျိုးဆက်ဖြစ်ကြောင်း သိသာစေသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါတို့အဘ၏ အမျိုးအနွယ်ကို မွေးဘွားစေခြင်းငှါ"

အိပ်ကြောင်းကိုရင်း၊ တကြောင်းကိုရင်း အဘမသိ
"သို့သော် သူ၏ အဘကမသိ" သို့မဟုတ် "အတူအိပ်သည်ကို အဘ မသိ"

**Genesis 19:36**

မိမိအဘအားဖြင့် ပဋိသန္ဓေစွဲနေ၏
"မိမိအဘအားဖြင့် ကိုယ်ဝန်ဆောင်ရ၏" သို့မဟုတ် "မိမိအဘ၏ အနွယ်ကို ဆောင်နေ၏"

ထိုသူသည်
"သူသည်"

ယနေ့တိုင်အောင်ရှိသော မောဘအမျိုးသားတို့
"ယနေ့တိုင် ရှိကြသော မောဘလူမျိုးတို့"

ယနေ့တိုင်အောင်ရှိသော
"ယနေ့" ဟူရာတွင် ကမ္ဘာဦးကျမ်း ပြုစုသူ၏ ခေတ်ကာလကို ညွှန်းသည်။ ကျမ်းပြုသူမှာ လောတမိသားစု အသက်ရှင်၍ သေသွားပြီးနောက်မှ မွေးသည်။

ဖေနမ္မိ
ယောက်ျားအမည် ဖြစ်သည်။

အမ္မုန်အမျိုးသားတို့
"အမ္မုန်၏ အမျိုးအနွယ်များ" သို့မဟုတ် "အမ္မုန်လူမျိုးတို့"



generated on Fri Sep 22 10:08:29 2023

## Chapter 20

1 တဖန်အာဗြဟံသည် တောင်ပြည်သို့ ခရီးသွား သဖြင့်၊ ကာဒေရှမြို့နှင့် ရှုရမြို့စပ်ကြားမှာနေ၍၊ ဂေရာမြို့ သို့ တည်းခို၏။ 2 ထိုအခါ
မိမိမယားစာရာသည် မိမိနှမဖြစ်သည် ဟု၊ သူတပါးတို့အား အာဗြဟံဆိုသောကြောင့်၊ ဂေရာ မင်းကြီးအဘိမလက်သည် မိမိလူကို
စေလွှတ်၍၊ စာရာကို ယူစေ၏။ 3 ညဥ့်အချိန်တွင် အိပ်မက်အားဖြင့် ဘုရားသခင်သည် အဘိမလက်ဆီသို့ကြွလာ၍၊ သင်သည် လူသေ
ဖြစ်၏။ အကြောင်းမူကား၊ သင်ယူသော မိန်းမသည် သူ့မယားဖြစ်၏ဟု မိန့်တော်မူ၏။ 4 အဘိမလက်သည်၊ ထိုမိန်းမနှင့်
မပေါင်းဘော်သေးသည်ဖြစ်၍၊ အိုဘုရားရှင်၊ ဖြောင့်မတ်သော လူမျိုးကို ကွပ်မျက်တော်မူမည်လော။ 5 သူသည် ငါနှမဖြစ်၏ဟု
အကျွန်ုပ်အားယောကျ်ားဆိုသည် မဟုတ်ပါလော။ အကျွန်ုပ်အား သူသည်ငါ့မောင်ဖြစ်၏ဟု မိန်းမလည်း ဆိုသည် မဟုတ် ပါလေ။
ဖြောင့်မတ်သော သဘောရှိ၍ သန့်ရှင်းသော လက်နှင့် ဤအမှုကို အကျွန်ုပ်ပြုပါပြီဟု လျှောက်ဆို၏။ 6 ထိုအိပ်မက်၌
ဘုရားသခင်ကလည်း၊ မှန်ပေ၏။ သင်သည် ဖြောင့်မတ်သောသဘောနှင့် ပြုသည်ကို ငါသိ၏။ သင်သည်ငါ့ကို မပြစ်မှားစေခြင်းငှါ၊
သင့်ကို ငါ ဆီးတားပြီး။ သို့ဖြစ်၍ ထိုမိန်းမနှင့် ပေါင်းဘော်ရသော အခွင့်ကို ငါမပေး။ 7 ယခုမှာ သူ၏မယားကို သူ့အားပြန်ပေးလော့။
သူသည် ပရောဖက်ဖြစ်၏။ သင့်အဘို့ ဆုတောင်းလျက်၊ သင်သည် အသက်ချမ်းသာရလိမ့်မည်။ ပြန်၍ မပေးဘဲ နေလျှင် သင်မှစ၍
သင်နှင့်ဆိုင်သော သူအပေါင်းတို့ သည် ဧကန်အမှန်သေမည်ဟု မိန့်တော်မူ၏။ 8 နံနက်စောစောအဘိမလက်သည် ထ၍၊
မိမိကျွန်အပေါင်းတို့ကိုခေါ် ပြီးမှ အမှုအရာအလုံးစုံကို ပြောသဖြင့်၊ ထိုသူတို့သည် အလွန်ကြောက်ကြ၏။ 9 အာဗြဟံကိုလည်း
အဘိမလက်ခေါ်၍၊ သင် သည် ငါတို့၌ အဘယ်သို့ ပြုသနည်း။ သင့်ကိုငါတို့သည် အဘယ်သို့ပြစ်မှားသောကြောင့်၊ သင်သည် ငါ၌၎င်း
ငါ့နိုင်ငံ၌၎င်း၊ ကြီးစွာသော အပြစ်ကိုရောက်စေသနည်း။ သင်သည် မပြုအပ်သောအမှုကို ငါ၌ပြုပါသည်တကားဟု ဆိုလေ၏။ 10
တဖန်အဘိမလက်က၊ သင်သည် အဘယ်အမှုကို မြင်၍ ဤသို့ပြုသနည်းဟု အာဗြဟံကိုမေးလျှင်၊ 11 အာဗြဟံက၊
ဤအရပ်သားတို့သည် ဘုရား သခင်ကို မကြောက်၊ အကျွန်ုပ်၏မယားအတွက် အကျွန်ုပ်ကို သတ်ကြလိမ့်မည်ဟု
အကျွန်ုပ်ထင်သောကြောင့်၊ ထိုသို့ပြုမိ ပါပြီ။ 12 သို့သော်လည်း သူသည်အကျွန်ုပ် နှမမှန်ပါ ၏။ အကျွန်ုပ် အဘ၏သမီးဖြစ်၏။
အမိ၏သမီးမဟုတ်။ အကျွန်ုပ်မယားလည်း ဖြစ်ပါ၏။ 13 ဘုရားသခင်သည် အကျွန်ုပ်ကိုအဘ၏ အိမ်မှ ခေါ်၍
လည်စေတော်မူသောအခါ၊ အကျွန်ုပ်က၊ သင်သည် ငါ၌ပြုရသောကျေးဇူးဟူမူကား၊ ငါသည် သင်၏မောင် ဖြစ်ကြောင်းကို
ရောက်လေရာရာ၌ ပြောရမည်ဟု၊ မယားကိုမှာထားပါသည်ဟု ပြန်ပြောလေ၏။ 14 ထိုအခါ အဘိမလက်သည်၊ သိုး၊ နွား၊ ကျွန်
ယောကျ်ား၊ ကျွန်မိန်းမတို့ကိုယူ၍ အာဗြဟံအား ပေးလေ ၏။ မယားစာရာကိုလည်း ပြန်ပေး၏။ 15 အဘိမလက်ကလည်း၊ ငါ့မြေသည်
သင့်ရှေ့မှာ ရှိ၏။ အလိုရှိသည်အတိုင်း နေပါဟု အမိန့်ရှိ၏။ 16 စာရာကိုလည်း သင်နှင့်သင့်အပေါင်းအဘော်တို့ အဘို့
မျက်နှာဖုံးများကို ဝယ်စရာဖို့ သင်၏မောင်အား ငွေတထောင်ကို ငါပေးပြီဟု အမိန့်ရှိသဖြင့် သူသည် လည်း အရာရာ၌
အဆုံးအမခံရ၏။ 17 အာဗြဟံသည်လည်း၊ ဘုရားသခင်ကို ဆုတောင်း၍၊ ဘုရားသခင်သည် အဘိမလက်နှင့်သူ၏ မယား၊
သူ၏ကျွန်မတို့ကို အနာပျောက်စေတော်မူသဖြင့်၊ သူတို့သည် သားကိုဘွားကြ၏။ 18 အထက်က အာဗြဟံ၏ မယားစာရာကြောင့်
ထာဝရဘုရားသည် အဘိမလက်၏အိမ်သူ၊ မိန်းမ တယောက်မျှ ပဋိသန္ဓေမယူစေခြင်းငှါ စစီရင်တော်မူသတည်း။

---

### Genesis 20:1

ရှုရမြို့
အဲဂုတ္တုပြည် အရှေ့နယ်စပ်တွင် ရှိသော ကန္တာရဒေသဖြစ်သည်။

မိမိလူကို စေလွှတ်၍၊ စာရာကို ယူစေ၏
"မိမိလူတို့ကို စေလွှတ်ရာ၊ သူတို့သည် စာရာကို ခေါ်ဆောင်လေ၏"

ဘုရားသခင်သည် အဘိမလက်ဆီသို့ ကြွလာ၍
"ဘုရားသခင်သည် အဘိမလက်ရှေ့တွင် ပေါ်လာ၍"

သင်သည် လူသေဖြစ်၏
မင်းကြီး သေမည်အကြောင်း ပြင်းထန်စွာ ပြောဆိုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်သည် မကြာခင် သေမည်" သို့မဟုတ် "သင့်အသက်ကို ငါနုတ်မည်"

သူ့မယား
"အိမ်ထောင်သည် အမျိုးသမီး"

### Genesis 20:4

အဘိမလက်သည်၊ ထိုမိန်းမနှင့် မပေါင်းဘော်သေးသည်ဖြစ်၍
သံဝါသ မပြုသေးကြောင်း ယဉ်ကျေးစွာ ဖော်ပြထားခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဘိမလက်သည်၊ စာရာနှင့် မပေါင်းဘော်သေးသည်ဖြစ်၍" သို့မဟုတ် "အဘိမလက်သည်၊ စာရာကို မထိရသေးသည်ဖြစ်၍"

ဖြောင့်မတ်သောလူမျိုးကို
"လူမျိုး" ဟူသည်မှာ ထိုလူမျိုးစုတွင် ပါဝင်သမျှသောသူများကို ပုံဆောင်သည်။ အဘိမလက်က မိမိအပေါ် ဘုရားသခင် အပြစ်ဒဏ် စီရင်လျှင်၊ မိမိပြည်သူများကလည်း ခံစားရမည်ကို စိုးရိမ်ခြင်း ရှိ၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "အပြစ်ကင်းသောသူတို့ကိုပင်လျှင်"

သူသည် ငါ့နှမဖြစ်၏ဟု အကျွန်ုပ်အား ယောကျ်ားဆိုသည် မဟုတ်ပါလော။ အကျွန်ုပ်အား သူသည် ငါ့မောင်ဖြစ်၏ဟု မိန်းမလည်းဆိုသည် မဟုတ်ပါလော
ပြောခဲ့ပြီးသောစကားကို ပြန်လည် ကိုးကားထားသည်။ ၎င်းကို အပြောခံစကားမျိုးအဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မိမိနှမဖြစ်ကြောင်း ယောကျ်ားဆိုသည် မဟုတ်ပါလော။ မိန်းမကလည်း မိမိမောင်အဖြစ် ဆိုသည် မဟုတ်ပါလော"


generated on Fri Sep 22 10:08:29 2023

သူသည် ငါ့နှမဖြစ်၏ဟု အကျွန်ုပ်အား ယောက်ျားဆိုသည် မဟုတ်ပါလော
ဘုရားသခင် သိပြီးသောအရာကို အောက်မေ့ရန် လျှောက်ဆိုသော မေးခွန်းဖြစ်သည်။ ဖြစ်ကြောင်းပြစာစီအဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အာဗြဟံက 'သူသည် ငါ့နှမဖြစ်၏' ဟု အကျွန်ုပ်ထံ ဆိုခဲ့သည် မဟုတ်ပါလော"

သူသည် . . . မိန်းမလည်း . . .
"သူသည်" နှင့် "မိန်းမလည်း" ဟူသည်မှာ ပြစ်မှားသောသူမှာ အာဗြဟံနှင့် စာရာတို့သာ ဖြစ်ကြောင်း ထင်ရှားစေရန် အသုံးပြုထားသည်။

ဖြောင့်မတ်သော သဘောရှိ၍ သန့်ရှင်းသောလက်နှင့် ဤအမှုကို အကျွန်ုပ်ပြုပါပြီ
"သဘော" ဟူသည်မှာ အတွေးနှင့် အကြံကို ပုံဆောင်သည်။ ထို့အပြင် "လက်" ဟူသည်မှာ လုပ်ဆောင်ချက်ကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အပြစ်ရှိသော အတွေးနှင့် အပြုအမူဖြစ်စေရန် လုပ်ဆောင်ခဲ့သည် မဟုတ်ပါ"

## Genesis 20:6

ဘုရားသခင်ကလည်း . . . မိန့်တော်မူ၏
"ဘုရားသခင်ကလည်း အဘိမလက်အား ... မိန့်တော်မူ၏"

သင်သည် ဖြောင့်မတ်သောသဘောနှင့် ပြုသည်
"သဘော" ဟူသည်မှာ အတွေးနှင့် အကြံကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်သည် ကောင်းသော အကြံအစည်ဖြင့် ပြုသည်" သို့မဟုတ် "သင်သည် အပြစ်ကင်းစွာဖြင့် ပြုသည်"

ထိုမိန်းမနှင့် ပေါင်းဘော်ရသောအခွင့်
သင်္ဝါသပြုခြင်းကို ယဉ်ကျေးစွာ ဖော်ပြသောစကားဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူမနှင့် အိပ်ရသောအခွင့်"

သူ၏မယား
"အာဗြဟံ၏ မယား"

သင်သည် အသက်ချမ်းသာရလိမ့်မည်
"ငါသည် သင့်ကို အသက်ချမ်းသာစေမည်"

သင်နှင့်ဆိုင်သောသူအပေါင်းတို့
"သင်တို့အားလုံး"

## Genesis 20:8

အမှုအရာအလုံးစုံကို ပြောသဖြင့်
"ဘုရားသခင် မိန့်တော်မူသမျှ အလုံးစုံကို ပြောသဖြင့်"

သင်သည် ငါတို့၌ အဘယ်သို့ ပြုသနည်း
အာဗြဟံကို စွပ်စွဲလိုသောကြောင့် မေးလိုက်ခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်သည် ငါတို့အပေါ် ဆိုးသောအမှုကို ပြုလေပြီ" သို့မဟုတ် "ငါတို့အပေါ် သင်ပြုသောအမှုကို ကြည့်လော့"

ငါတို့၌
"ငါတို့" ဟူသည်မှာ အာဗြဟံနှင့် စာရာတို့ မပါသော မိမိအချင်းချင်းကို ညွှန်းသော နာမ်စားဖြစ်သည်။ "ငါတို့" သို့မဟုတ် "ကျွန်တော်တို့" စသဖြင့် ပြန်ဆိုမည့် ဘာသာစကား၏ အသုံးအနှုန်းကို ပြောင်းထည့်နိုင်သည်။

သင့်ကိုငါတို့သည် အဘယ်သို့ပြစ်မှားသောကြောင့်၊ သင်သည် . . . အပြစ်ကို ရောက်စေသနည်း
အဘိမလက်က မိမိသည် အာဗြဟံအပေါ် အပြစ်မပြုခဲ့ကြောင်း ထင်ရှားစေရန် မေးလိုက်ခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "... အပြစ်ကို ရောက်စေရသည့် ပြစ်မှားမှု တစုံတခုကိုမျှ သင့်အပေါ် ငါတို့ မပြုခဲ့"

သင်သည် ငါ၌၎င်း ငါ့နိုင်ငံ၌၎င်း၊ ကြီးစွာသောအပြစ်ကို ရောက်စေသနည်း
လူတစ်ဦး၏ ခေါင်းပေါ်တွင် တင်၍ရသကဲ့သို့ "အပြစ်" ကို တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါနှင့် ငါ့နိုင်ငံ၌၊ ကြီးစွာသော အပြစ်ကို ရောက်စေရသည့်"

ငါ့နိုင်ငံ၌၎င်း
"နိုင်ငံ" က နိုင်ငံသားကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့နိုင်ငံရှိ ပြည်သူတို့၌လည်းကောင်း"

သင်သည် မပြုအပ်သောအမှုကို ငါ၌ပြုပါသည်တကား
"ငါ့အပေါ်၌ ဤအမှုကို ပြုရန်မသင့်"

## Genesis 20:10

သင်သည် အဘယ်အမှုကို မြင်၍ ဤသို့ပြုသနည်း
"အဘယ်က ဤသို့ ပြုစေသနည်း" သို့မဟုတ် "အဘယ့်ကြောင့် ဤသို့ ပြုသနည်း။" တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဘယ့်ကြောင့် စာရာကို သင့်နှမဟု ပြောရသနည်း"

ဤအရပ်သားတို့သည် ဘုရားသခင်ကို မကြောက်၊ အကျွန်ုပ်၏မယားအတွက် အကျွန်ုပ်ကို သတ်ကြလိမ့်မည်ဟု အကျွန်ုပ်ထင်သောကြောင့်
ပြောခဲ့ပြီးသောစကားကို ပြန်လည် ကိုးကားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဤအရပ်၌ ဘုရားသခင်ကို ကြောက်ရွံ့ခြင်း မရှိသောကြောင့်၊ အကျွန်ုပ်၏ မယားအတွက် ကျွန်ုပ်ကို သတ်ကြလိမ့်မည်ဟု ထင်သောကြောင့်"

ဤအရပ်သားတို့သည် ဘုရားသခင်ကို မကြောက်
အခြားသော ဘာသာပြန်ဆိုချက်၊ "ဂေရာမြို့တွင် ဘုရားသခင်ကို မည်သူမျှ မကြောက်"

ဘုရားသခင်ကို မကြောက်
ဘုရားသခင်ကို ရိုသေလေးမြတ်ခြင်းနှင့် နာခံခြင်း မရှိကြောင်း ဆိုလိုသည်။

သို့သော်လည်း သူသည် အကျွန်ုပ်နှမ မှန်ပါ၏
"သို့ရာတွင်၊ စာရာမှာ အကျွန်ုပ်နှမ မှန်ပါ၏" သို့မဟုတ် "ထို့ပြင်၊ စာရာသည် အကျွန်ုပ်နှမ မှန်ပါ၏"

အကျွန်ုပ်အဘ၏သမီးဖြစ်၏။ အမိ၏သမီးမဟုတ်
"အဘ တူသော်လည်း၊ အမိ ကွဲပါ၏"

## Genesis 20:13

ယေဘုယျ အချက်အလက်
အငယ် ၁၃ တွင် အဘိမလက်ကို အာဗြဟံ လျှောက်ထားသည်။

အဘ၏အိမ်
"အိမ်" ဟူသည်မှာ အာဗြဟံ၏ မိသားစုကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဘနှင့် ဆွေမျိုးသားချင်း ရှိရာ" သို့မဟုတ် "အဘ၏ အိမ်ထောင်"

အကျွန်ုပ်က၊ သင်သည် ငါ၌ပြုရသောကျေးဇူးဟူမူကား၊ ငါသည် သင်၏မောင်ဖြစ်ကြောင်းကို ရောက်လေရာရာ၌ ပြောရမည်ဟု၊ မယားကိုမှာထားပါသည်
ပြောခဲ့ပြီးသောစကားကို ပြန်လည်ကိုးကားထားသည်။ သွယ်ဝိုက်စကားအဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်က ရောက်လေရာရာ၌ ငါသည် သင်၏မောင်ဖြစ်ကြောင်း ပြောခြင်းဖြင့် ငါ၌ သစ္စာရှိပါဟု မယားကိုမှာထားပါသည်"

အဘိမလက်သည် . . . တို့ကိုယူ၍
"အဘိမလက်သည် ... အချို့ကို ယူ၍" (UDB)

### Genesis 20:15

အဘိမလက်ကလည်း . . . အမိန့်ရှိ၏
"အဘိမလက်ကလည်း အာဗြဟံအား ... အမိန့်ရှိ၏"

ငါ့မြေသည် သင့်ရှေ့မှာ ရှိ၏
"ငါ့မြေသည် သင့်အတွက် ဖြစ်၏" ဟူသော သဘောသက်ရောက်သည်။

အလိုရှိသည်အတိုင်းနေပါ
"နေချင်ရာ၌ နေပါ"

သင်နှင့် သင့်အပေါင်းအဘော်တို့အဘို့ မျက်နှာဖုံးများကို ဝယ်စရာဖို့
စာရာ အပြစ်ကင်းကြောင်း သက်သေကို မျက်နှာဖုံးကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင် အပြစ်ကင်းသည်ကို သင့်အပေါင်းအဘော်တို့ သိရန်အလို့ငှါ"

ငွေတထောင်
"ငွေ ၁၀၀၀"

### Genesis 20:17

အာဗြဟံ၏မယား စာရာကြောင့်
တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဘိမလက်သည် အာဗြဟံ၏မယား စာရာကို ယူသဖြင့်"

တယောက်မျှ ပဋိသန္ဓေမယူစေခြင်းငှါ
"အားလုံး မြုံစေခြင်းငှါ"

## Chapter 21

1 ထာဝရဘုရားသည်၊ အမိန့်တော်ရှိသည်အတိုင်း၊ စာရာကို အကြည့်အရှုကြွတော်မူ၍၊ ဂတိတော် ရှိသည်နှင့် လျော်စွာ
သူ၌ပြုတော်မူသဖြင့်၊ 2 စာရာသည် ပဋိသန္ဓေစွဲယူ၍၊ ဘုရားသခင် အမိန့်တော်နှင့် ချိန်းချက်သောအချိန်၌၊ အာဗြဟံအသက်
ကြီးသောအခါ၊ သူ့အားသားကို ဘွားလေ၏။ 3 အာဗြဟံသည်လည်း၊ မိမိရသောသားတည်း ဟူသော၊ စာရာဘွားသောသားကို
ဣဇာက်အမည်ဖြင့် မှည့်လေ၏။ 4 ဘုရားသခင်မှာထားတော်မူသည်အတိုင်း၊ အာဗြဟံသည်ရှစ်ရက်မြောက်သောနေ့၌၊ သားဣဇာက်
ကို အရေဖျားလှီးမင်္ဂလာပေးလေ၏။ 5 သားဣဇာက်ကိုမြင်ရသောအခါ အာဗြဟံသည် အသက်တရာ ရှိသတည်း။ 6 စာရာကလည်း၊
ငါရယ်ရသော အခွင့်ကို ဘုရား သခင်ပေးတော်မူပြီ။ ဤသိတင်းကို ကြားသောသူ အပေါင်းတို့သည်လည်း၊ ငါနှင့်အတူ
ရယ်ကြလိမ့်မည်ဟူ၍ ၎င်း၊ 7 စာရာသည် သားကိုနို့တိုက်လိမ့်မည်ဟု အာဗြဟံ အား အဘယ်သူပြောနိုင်ရသနည်း။ သူသည်
အသက်ကြီး သောအခါ၊ ငါသည် သားကို ဘွားပြီးဟူ၍၎င်း ဆိုလေ၏။ 8 ထိုသူငယ်ဣဇာတ်သည် ကြီးပွား၍ နို့နှင့် ကွာလေ၏။
နို့ကွာသောနေ့၌ အာဗြဟံသည် ပွဲကြီး လုပ်လေ၏။ 9 အဲဂုတ္တအမျိုးသားဟာဂရတွင် အာဗြဟံရသော သားသည် ဆဲရေးသည်ကို
စာရာသိမြင်လျှင်၊ 10 ဤကျွန်မ၏သားသည် အကျွန်ုပ်၏သာဣဇာက် နှင့်အတူ အမွေမခံရဟု အာဗြဟံအား ဆိုလေ၏။ 11
အာဗြဟံလည်း၊ မိမိသားဖြစ်သောကြောင့်၊ ထိုအမှု အလွန်ခက်သည်ဟု ထင်လေ၏။ 12 သို့ရာတွင် ဘုရားသခင်က၊ ထိုသူငယ်နှင့်
သင်၏ ကျွန်မကြောင့်၊ ဤအမှုခက်သည်ဟု မထင်နှင့်။ စာရာ ပြောလေရာရာ၌ သူ၏စကားကို နားထောင်လော့။ အကြောင်းမူကား၊
ဣဇာက်၌သာ သင်၏ အမျိုးတည်လိမ့်မည်။ 13 ကျွန်မ၏သားသည် သင်၏အမျိုးဖြစ်သောကြောင့်၊ သူ့ကိုလည်း
လူမျိုးဖြစ်စေမည်ဟု အာဗြဟံအား မိန့်တော်မူ၏။ 14 အာဗြဟံသည် နံနက်စောစောထ၍၊ မုန့်နှင့် ရေဘူးကိုယူသဖြင့်၊
ဟာဂရပခုံး၌တင်ပြီးလျှင်၊ သူငယ်ကို အပ်၍ ကျွန်မကို လွှတ်လိုက်လေ၏။ သူသည်လည်း သွား၍ ဗေရရှေဘ တော၌
လှည့်လည်လျက် နေ၏။ 15 ဘူး၌ရေကုန်သောအခါ၊ သူငယ်ကို ချုံဖုတ် အောက်၌ ထား၍၊ 16 ငါသည်သူငယ်သေသည်ကို မမြင်
လိုဟုဆိုလျက်၊ ခပ်ဝေးဝေးလေးတပစ်ခန့်လောက် သွားပြီးလျှင်၊ သူငယ်ရှေ့မှာ ထိုင်၍နေလေ၏။ ထိုသို့ထိုင်၍နေစဉ် သူသည်အသံ ကို
လွှင့်၍ ငိုကြွေးလေ၏။ 17 ဘုရားသခင်သည် လုလင်၏အသံကို ကြားတော် မူ၍ ဘုရားသခင်၏၊ ကောင်းကင်တမန်က၊ ဟာဂရ၊
သင်၌အဘယ်အမှုရှိသနည်း။ မစိုးရိမ်နှင့်။ လုလင် နေသော အရပ်ထဲက သူ၏အသံကို ဘုရားသခင် ကြား တော်မူပြီ။ 18 ထလော့။
လုလင်ကိုကြွ၍ လက်နှင့်မလော့။ ငါသည်သူ့ကို လူမျိုးကြီးဖြစ်စေမည်ဟု ကောင်းကင်ထဲက ခေါ်၍ ဟာဂရအား မြွက်ဆို၏။ 19
ထိုအခါ ဘုရားသခင်သည် ဟာဂရ၏ မျက်စိကို ဖွင့်တော်မူသဖြင့်၊ သူသည်ရေတွင်းကို မြင်လေသော်၊ သွား၍ဘူးကို ရေဖြည့်ပြီးလျှင်၊
လုလင်အား ရေကို တိုက်လေ၏။ 20 ထိုလုလင်ဘက်၌လည်း၊ ဘုရားသခင် ရှိတော် မူ၏။ သူသည် ကြီးပွား၍ တော၌နေသဖြင့်၊
လေးသမား ဖြစ်လေ၏။ 21 ပါရန်တော၌ နေသည်ဖြစ်၍ သူ့အမိသည် အဲဂုတ္တုပြည်မှ မိန်းမတယောက်ကိုခေါ်၍ သူနှင့်စုံဘက် စေ၏။
22 ထိုရောအခါ၊ အဘိမလက်မင်းနှင့် ဗိုလ်ချုပ် မင်းဖိကောလတို့သည် အာဗြဟံကို ခေါ်၍၊ သင်သည် ပြုလေရာရာ၌ သင့်ဘက်မှာ
ဘုရားသခင်ရှိတော်မူ၏။ 23 သို့ဖြစ်၍ သင်သည်ငါ့ကိုငှင်း၊ ငါ့သားကိုငှင်း၊ ငါ့မြေးကိုငှင်း၊ မလှည့်စား၊ ငါသည် သင်၌ကျေးဇူးပြု
သကဲ့သို့ ငါ၌ငှင်း၊ သင်တည်းနေရာ ငါ့ပြည်၌ငှင်း၊ ကျေးဇူးပြုမည်ဟု ဘုရားသခင်ကို တိုင်တည်၍ ငါ့အား
ကျိန်ဆိုပါလော့ဟုပြောဆို၏။ 24 အာဗြဟံကလည်း၊ ထိုအတိုင်းငါကျိန်ဆိုပါမည်ဟု ပြန်ပြောလေ၏။ 25 အဘိမလက်မင်း၏
ကျွန်တို့သည် အနိုင်အထက် လုယူသော ရေတွင်းအကြောင်းကြောင့်၊ အာဗြဟံသည် လည်း အဘိမလက်မင်းကို အပြစ်တင်လေ၏။ 26
အဘိမလက်မင်းကလည်း၊ ဤအမှုကို အဘယ် သူပြုသည်ကို ငါမသိ။ သင်သည့်ငါ့ကိုမပြော။ ငါလည်း ယနေ့တိုင်အောင် မကြားရဟု
ဆို၏။ 27 အာဗြဟံသည်လည်း သိုး၊ နွားတို့ကို ယူပြီးလျှင်၊ အဘိမလက်အား ပေး၍ထိုနှစ်ပါးတို့သည် ပဋိညာဉ်ပြုကြ ၏။ 28
အာဗြဟံသည်လည်းသိုးသငယ်မ ခုနစ်ကောင် တို့ကို သိုးစုနှင့်ခွဲထားလေ၏။ 29 အဘိမလက်ကလည်း၊ ခွဲထားသော ဤသိုး
သငယ်မခုနစ်ကောင်တို့သည်၊ အဘယ်သို့နည်းဟု မေးသော်၊ 30 အာဗြဟံက၊ ဤရေတွင်းကို ငါတူးပြီးဟု ဤသိုး
သငယ်မခုနစ်ကောင်တို့သည် ငါ့ဘက်၌ သက်သေဖြစ်မည် အကြောင်းသူတို့ကို သင်သည်ငါ့လက်မှ ခံယူရမည်ဟု ဆိုလေ၏။ 31
သို့ဖြစ်၍ထိုအရပ်၌ ထိုနှစ်ပါးတို့သည် ကျိန်ဆို သောကြောင့်၊ ထိုအရပ်ကို ဗေရရှေဘဟု တွင်ကြ၏။ 32 ထိုသို့ဗေရရှေဘအရပ်၌
ပဋိညာဉ်တို့သည်ထ၍ ဖိလိတ္တပြည်သို့ ပြန်ကြ၏။ 33 အာဗြဟံသည် ဗေရရှာ အရပ်၌ မန်ကျည်း ပင်ကိုစိုက်၍၊
အစဉ်အမြဲတည်တော်မူသော ဘုရားသခင် တည်းဟူသော၊ ထာဝရဘုရား၏ နာမတော်ကို ပဌနာ ပြုလေ၏။ 34 ဖိလိတ္တပြည်မှာ
ကာလရှည်ကြာစွာ တည်းနေ သတည်း။

---

### Genesis 21:1

ထာဝရဘုရားသည် . . . စာရာကို အကြည့်အရှုကြွတော်မူ၍
"အကြည့်အရှု ကြွတော်မူ" သည်ဟု ဆိုရာတွင် စာရာ ကလေးမွေးရန် ယာဝေးဘုရား ကူညီပေးသည်ကို ညွှန်း၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယာဝေးဘုရားသည် ... စာရာကို ကူညီတော်မူ၍"

ဘုရားသခင် အမိန့်တော်နှင့် ချိန်းချက်သောအချိန်၌
"ဘုရားသခင် မိန့်တော်မူခဲ့သော အချိန်၌"

အသက်ကြီးသောအခါ
"အိုသောအခါ"

သူ့အား သားကိုဘွားလေ၏
"သူ့အတွက် သားကို ဘွားလေ၏"

 generated on Fri Sep 22 10:08:29 2023

အာဗြဟံသည်လည်း၊ မိမိရသောသား တည်းဟူသော၊ စာရာဘွားသောသားကို ဣဇာက်အမည်ဖြင့် မှည့်လေ၏

"အာဗြဟံသည်လည်း၊ စာရာဘွားသော မိမိသားကို ဣဇာက်အမည်ဖြင့် မှည့်လေ၏" သို့မဟုတ် "အာဗြဟံကလည်း မွေးလာသောသားကို ဣဇာက်အမည်ဖြင့် မှည့်လေ၏"

အာဗြဟံသည် ရှစ်ရက်မြောက်သောနေ့၌ သားဣဇာက်ကို အရေဖျားလှီးမင်္ဂလာ ပေးလေ၏

"သားဣဇာက်မွေးပြီး ရှစ်ရက်မြောက်သောနေ့၌၊ အရေဖျားလှီးမင်္ဂလာ ပေးလေ၏"

မှာထားတော်မူသည်

"မိန့်တော်မူသည်"

ရှစ်ရက်

"၈ ရက်"

### Genesis 21:5

အသက်တရာ

"အသက် ၁၀၀"

ငါ ရယ်ရသောအခွင့်ကို ဘုရားသခင် ပေးတော်မူပြီ

စာရာမှာ အံ့သြ၍ ဝမ်းသာသောကြောင့် ရယ်မောလေသည်။ ထိုအကြောင်းကို တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က ငါ့ကို ဝမ်းမြောက်စွာ ရယ်မောစေပြီ"

ဤသိတင်းကို ကြားသောသူ အပေါင်းတို့သည်လည်း

တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင် ပြုသောအရာကို ကြားနာသူအပေါင်းတို့သည်လည်း" (UDB)

စာရာသည် သားကိုနို့တိုက်လိမ့်မည်ဟု အာဗြဟံအား အဘယ်သူပြောနိုင်ရသနည်း

ဖြစ်ကြောင်းပြပုဒ်အဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "စာရာက သားကို နို့တိုက်လိမ့်မည်ဟု အာဗြဟံအား အဘယ်မျှ ပြောခဲ့မည်မဟုတ်"

သားကိုနို့တိုက်

သားကို ပြုစုကြောင်း ဖော်ပြထားခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သားကို ပြုစုသည်"

### Genesis 21:8

ထိုသူငယ် ဣဇာတ်သည် ကြီးပွား၍ နို့နှင့်ကွာလေ၏

မိခင်၏ နို့ရည်နှင့် ကင်းကွာပြီဖြစ်ကြောင်း "နို့နှင့်ကွာ" ဟူ၍ ယဉ်ကျေးစွာ ဖော်ပြထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုသူငယ် ဣဇာက်သည် ကြီးလာ၍ မိခင်နို့နှင့် ကင်းကွာလေ၏"

အဲဂုတ္တုအမျိုးသား ဟာဂရတွင် အာဗြဟံရသော သား

ဟာဂရ၏ သားအမည်ကို တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုအမျိုးသား ဟာဂရနှင့် အာဗြဟံရသော သားဣရှမေလ"

ဆဲရေးသည်

ကဲရဲ့ကြောင်း တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကဲ့ရဲ့သည်"

### Genesis 21:10

ဤကျွန်မ၏သား

ဟာဂရနှင့် ဣရှမေလကို ညွှန်းသည်။ ထိုသူတို့အပေါ် ဒေါသထွက်သဖြင့် အမည်ဖြင့် မခေါ်ခြင်း ဖြစ်မည်။

အကျွန်ုပ်၏သား ဣဇာက်

"အကျွန်ုပ်သား၊ ဣဇာက်"

အာဗြဟံအား ဆိုလေ၏

"အာဗြဟံအား စာရာဆိုလေ၏"

မိမိသားဖြစ်သောကြောင့်

"မိမိသားဖြစ်သည့်အလျောက်။" နောက်သားတစ်ဦးဖြစ်သူ ဣရှမေလကို ညွှန်းသည်။

အာဗြဟံလည်း . . . ထိုအမှု အလွန်ခက်သည်ဟု ထင်လေ၏

"အာဗြဟံလည်း ... စာရာပြောသော စကားကြောင့် စိတ်သောကဖြစ်လေ၏"

### Genesis 21:12

ထိုသူငယ်နှင့် သင်၏ကျွန်မကြောင့်၊ ဤအမှုခက်သည်ဟု မထင်နှင့်

"ထိုသူငယ်နှင့် သင်၏ ကျွန်မကြောင့်၊ စိတ်သောက မဖြစ်နှင့်"

စာရာ ပြောလေရာရာ၌ သူ၏စကားကို နားထောင်လော့

ပြောသောအရာကို "စကား" ဟု သွယ်ဝိုက်ညွှန်းဆိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုအရာ၌ စာရာ ပြောသမျှကို နားထောင်လော့"

ဣဇာက်၌သာ သင်၏အမျိုး တည်လိမ့်မည်

"တည်လိမ့်မည်" ဟူသည်မှာ ဣဇာက်၏ အမျိုးကိုသာ ရွေးကောက်ထားသော လူစုတော်အဖြစ် ဘုရားသခင် ရွေးချယ်ထားကြောင်း ဆိုလိုသည်။ အပြုဝါကျ ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဣဇာက်သာလျှင် ငါရွေးကောက်ထားသော လူစု၏ အဘဖြစ်လိမ့်မည်"

ကျွန်မ၏သားသည် . . . သူ့ကိုလည်း လူမျိုးဖြစ်စေမည်

"လူမျိုး" မှာ လူမျိုးကြီးကို ညွှန်းသော ဝက်ဝုတ္တိပုဒ်ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်မ၏သားသည် ... သူ့ကိုလည်း လူမျိုးကြီး၏ အဘဖြစ်စေမည်"

### Genesis 21:14

မုန့်နှင့်

ဖြစ်နိုင်ချေများမှာ၊

ရေဘူးကို ယူသဖြင့်

"ရေအိတ်ကို ယူသဖြင့်။" ရေကို တိရစ္ဆာန် သားရေဖြင့် ပြုလုပ်ထားသည်။

ဘူး၌ရေကုန်သောအခါ

"ရေအိတ်၌ ရေကုန်သောအခါ" သို့မဟုတ် "ရေ ကုန်သောအခါ"

ငါသည် သူငယ်သေသည်ကို မမြင်လို

ကြိယာပုဒ် "သေသည်" ကို စိတ္တဇနာမ် "သေခြင်း" ဟူ၍လည်း ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူငယ်၏ သေခြင်းကို ငါ မမြင်လို"

ခပ်ဝေးဝေး လေးတပစ်ခန့်လောက်
လူတစ်ဦး မြားပစ်လျှင် ရောက်မည့် အကွာအဝေးကို ညွှန်းသည်။ မီတာ ၁၀၀ ခန့် ဖြစ်နိုင်သည်။

သူသည် အသံကိုလွှင့်၍ ငိုကြွေးလေ၏
"အသံကိုလွှင့်" မှာ အော်ဟစ်ခြင်းကို ညွှန်းသည်။ "ငိုကြွေး" မှာ ကြွေးကြော်ခြင်းကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူမသည် အော်ဟစ်လျက် ကြွေးကြော်လေ၏" သို့မဟုတ် "သူမသည် အော်ဟစ်၍ ငိုကြွေးလေ၏"

**Genesis 21:17**

လုလင်၏အသံ
"သူငယ်၏ အသံ။" "အသံ" ဟူရာတွင် လုလင်၏ ငိုသံကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဣရှမေလ၏ ငိုသံ"

ဘုရားသခင်၏ ကောင်းကင်တမန်
"ဘုရားသခင်ထံမှ စေတမန်" သို့မဟုတ် "ဘုရားသခင်၏ စေတမန်"

ကောင်းကင်ထဲက
"ကောင်းကင်" ဟူသည်မှာ ဘုရားသခင် ကိန်းဝပ်ရာအရပ်ကို ဆိုလိုသည်။

သင်၌ အဘယ်အမှုရှိသနည်း
"အဘယ်သို့ ဖြစ်နေသနည်း" သို့မဟုတ် "အဘယ်ကြောင့် ငိုကြွေးသနည်း"

လုလင်နေသော အရပ်ထဲက သူ၏အသံ
"အသံ" ဟူရာတွင် လုလင်၏ ငိုသံကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူငယ်နေသော အရပ်မှ ငိုသံ"

လုလင်ကို ကြွ၍လက်နှင့်မလော့
"သူငယ်ကို ထူမလော့"

ငါသည် သူ့ကို လူမျိုးကြီးဖြစ်စေမည်
ဣရှမေလ၏ အမျိုးကို လူမျိုးကြီးဖြစ်စေမည်ဟု ဘုရားသခင် ဆိုလိုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူ၏ အမျိုးကို လူမျိုးကြီး ဖြစ်စေမည်" သို့မဟုတ် "ငါသည် သူ့ကို လူမျိုးကြီး၏ အဘဖြစ်စေမည်"

**Genesis 21:19**

ဘုရားသခင်သည် ဟာဂရ၏ မျက်စိကို ဖွင့်တော်မူသဖြင့် . . . မြင်လေသော်
ရေတွင်းကို မြင်စေကြောင်း ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် ... ဟာဂရအား မြင်စေသဖြင့်" သို့မဟုတ် "ဘုရားသခင်သည် ဟာဂရထံ ... ပြတော်မူသဖြင့်"

ဘူး
"သားရေဘူး" သို့မဟုတ် "အိတ်"

လုလင်
"သူငယ်" သို့မဟုတ် "ဣရှမေလ"

ထိုလုလင်ဘက်၌လည်း၊ ဘုရားသခင် ရှိတော် မူ၏
"ရှိတော်မူ၏" ဟူရာတွင် ဘုရားသခင်က ထိုလုလင်ကို ကောင်းကြီးပေးကြောင်း ညွှန်းသော ဒေသိယစကားဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် ထိုသူငယ်ကို စောင်မတော်မူ၏" သို့မဟုတ် "ဘုရားသခင်သည် ထိုသူငယ်ကို ကောင်းကြီးပေးတော်မူ၏"

လေးသမား ဖြစ်လေ၏
"လေးနှင့်မြားကို ကျွမ်းကျင်စွာ တတ်မြောက်လေ၏"

အဲဂုတ္တုပြည်မှ မိန်းမတယောက်ကိုခေါ်၍ သူနှင့်စုံဘက်စေ၏
"မယားအဖြစ် အဲဂုတ္တု အမျိုးသမီးကို စုံဘက်စေ၏"

**Genesis 21:22**

ထိုရောအခါ
အကြောင်းအရာသစ်ကို အစပျိုးသော အသုံးအနှုန်းဖြစ်သည်။ ပြန်ဆိုမည့် ဘာသာစကား၏ အသုံးအနှုန်းအတိုင်း ဖော်ပြနိုင်သည်။

ဗိုလ်ချုပ်မင်း
"မိမိ စစ်တပ်ကို အုပ်ချုပ်သော" (UDB)

ဖိကောလ
ယောကျ်ားအမည်ဖြစ်သည်။

သင်သည် ပြုလေရာရာ၌ သင့်ဘက်မှာ ဘုရားသခင်ရှိတော်မူ၏
"ရှိတော်မူ၏" ဟူသည်မှာ အာဗြဟံကို ဘုရားသခင် ကောင်းကြီးပေးကြောင်း ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်ပြုလေရာရာ၌ သင့်ကို ဘုရားသခင် ကောင်းချီးပေးတော်မူ၏"

သို့ဖြစ်၍
အခြားသော ဘာသာပြန်ဆိုချက်၊ "ထို့ကြောင့်"

သင်သည် ငါ့ကိုငှင်း . . . မလှည့်မစား
"သင်သည် ငါ့ကို ... မလိမ်ဘဲ"

သင်သည် . . . ငါ့မြေးကိုငှင်း၊ မလှည့်မစား
အဟုတ်ဝါကျအဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်သည် ... ငါ့မြေးအပေါ်၌လည်းကောင်း ဖြောင့်မတ်စွာပြု၍"

ငါသည် သင်၌ ကျေးဇူးပြုသကဲ့သို့ ငါ၌ငှင်း . . . ငါ့အား ကျိန်ဆိုပါလော့
လူနှစ်ဦးတို့ ကတိသစ္စာ ဆိုထားသည်။ ကြိယာပုဒ် "ကျေးဇူးပြု" ကို စိတ္တဇနာမ် "ကျေးဇူးရှိ" သို့မဟုတ် "သစ္စာရှိ" ဟု ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါသည် သင့်အပေါ်၌ သစ္စာရှိသကဲ့သို့ ... ငါ့အား ကျိန်ဆိုပါလော့"

ဘုရားသခင်ကို တိုင်တည်၍ ငါ့အား ကျိန်ဆိုပါလော့
ပို၍ ကြီးမြတ်သော ပုဂ္ဂိုလ်၏ သက်သေပြုပေးမှုကို တောင်းဆိုသောစကားဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်အားဖြင့် ငါ့ကို ကျိန်ဆိုပါလော့"

ငါ့ပြည်၌ငှင်း
"ပြည်" ဆိုရာတွင် ပြည်သူများကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့ပြည်သားတို့၌လည်းကောင်း"

ထိုအတိုင်း ငါကျိန်ဆိုပါမည်
အထက်ပါ အချက်အလက်များကို ထည့်သွင်းနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်အပေါ် ကျေးဇူးပြုသကဲ့သို့ သင်နှင့် သင့်ပြည်သူတို့အပေါ် ကျေးဇူးပြုမည်အကြောင်း ငါကျိန်ဆို၏"

## Genesis 21:25

အဘိမလက်မင်း၏ ကျွန်တို့သည် အနိုင်အထက် လုယူသော ရေတွင်းအကြောင်းကြောင့်

"အဘိမလက်မင်း၏ ကျွန်တို့က အာဗြဟံထံမှ ရေတွင်းတို့ကို အတင်းအဓမ္မ လုယူသဖြင့်"

အနိုင်အထက် လုယူသော

"အတင်းအဓမ္မ လုယူသော" သို့မဟုတ် "အတင်းအဓမ္မ ချုပ်ကိုင်သော" (UDB)

အဘိမလက်မင်းကို အပြစ်တင်လေ၏

ဖြစ်နိုင်ချေများမှာ၊ ၁) ငြီးတွားနေသည် သို့မဟုတ် ၂) "အဘိမလက်မင်းကို စစ်ဆေးလေ၏"

ငါလည်း ယနေ့တိုင်အောင် မကြားရ

"ယခုမှ ပထမဆုံးအကြိမ် ကြားရ၏"

အာဗြဟံသည်လည်း သိုး၊ နွားတို့ကို ယူပြီးလျှင်၊ အဘိမလက်အား ပေး၍

အဘိမလက်နှင့် ကတိသစ္စာပြုရာတွင် မိတ်ဖြစ်ဆွေဖြစ် အသိမှတ်ပြုသော အမှတ်အသား ဖြစ်သည်။

## Genesis 21:28

အာဗြဟံသည်လည်း သိုးသငယ်မ ခုနစ်ကောင်တို့ကို သိုးစုနှင့် ခွဲထားလေ၏

"အာဗြဟံကလည်း သိုးငယ်အမ ခုနစ်ကောင်ကို သိုးစုမှ ခွဲထား၏"

ခုနစ်

"၇"

ခွဲထားသော ဤသိုးသငယ်မ ခုနစ်ကောင်တို့သည်၊ အဘယ်သို့နည်း

"အဘယ်ကြောင့် ဤသိုးငယ်အမ ခုနစ်ကောင်ကို ခွဲထားသနည်း"

သင်သည် . . . ခံယူရမည်

"သင်သည် ... ယူသွားရမည်"

သက်သေဖြစ်မည် အကြောင်း

သိုး ခုနစ်ကောင်ကို ညွှန်းသည်။

ငါ့လက်မှ

"လက်" မှာ အာဗြဟံကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့ထံမှ"

ငါ့ဘက်၌ သက်သေဖြစ်မည် အကြောင်း

စိတ္တဇနာမ် "သက်သေဖြစ်မည်" ကို "သက်သေပြုမည်" ဟု ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့ဘက်၌ သက်သေပြုမည် အကြောင်း"

## Genesis 21:31

ထိုအရပ်ကို . . . ဟု တွင်ကြ၏

"ထိုအရပ်ကို အာဗြဟံက ... ဟု ခေါ်လေ၏"

ထိုနှစ်ပါးတို့သည်

"အာဗြဟံနှင့် အဘိမလက်တို့သည်"

ဗေရရှေဘ

ဘာသာပြန်ဆိုသူများအနေဖြင့် "ဗေရရှေဘသည် 'သစ္စာရေတွင်း' သို့မဟုတ် 'ခုနစ်ရေတွင်း' ဟု အဓိပ္ပါယ်ရသည်" ဟူ၍ မှတ်ချက် ထည့်နိုင်သည်။

ဖိကောလ

ယောကျာ်းအမည် ဖြစ်သည်။ ၂၁:၂၂ မှ ပြန်ဆိုချက်ကို ရှု။

ဖိလိတ္တိပြည်သို့ ပြန်ကြ၏

"ဖိလိတ္တိပြည်သို့ ပြန်သွားကြ၏"

## Genesis 21:33

မန်ကျည်းပင်

သဲကန္တာရတွင် ပေါက်ဖွားသော အမြဲစိမ်းပင် ဖြစ်သည်။ ယေဘုယျသဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အပင်တစ်ပင်"

အစဉ်အမြဲ တည်တော်မူသော ဘုရားသခင်

"ထာဝရ တည်မြဲသော ဘုရားသခင်"

ကာလရှည်ကြာစွာ

အလွန်ကြာညောင်းကြောင်း ညွှန်းဆိုသည်။

## Chapter 22

1 ထိုနောက်မှ ဘုရားသခင်သည်၊ အာဗြဟံကို စုံစမ်းခြင်းငှါ၊ အာဗြဟံဟု ခေါ်တော်မူ၍ အာဗြဟံက၊ အကျွန်ုပ်ရှိပါ၏ဟု လျှောက်လျှင်၊
2 သင်သည် အလွန်ချစ်သော တယောက်တည်း သော သားဣဇာတ်ကိုယူ၍ မောရိပြည်သို့သွားလော့။ ငါပြလတံ့သော တောင်ပေါ်မှာ
သူ့ကိုမီးရှို့ရာ ယဇ်ပြု၍ ပူဇော်လော့ဟု မိန့်တော်မူ၏။ 3 အာဗြဟံသည် နံနက်စောစောထ၍၊ မြည်းကို ကုန်းနှီးတင်ပြီးလျှင်၊
မိမိသားဣဇာက်နှင့် ငယ်သား နှစ်ယောက်ကိုခေါ်၍ ယဇ်ရှို့စရာ ထင်းကိုခွဲပြီးမှ၊ ဘုရားသခင်မိန့်တော်မူသော အရပ်သို့ ထသွားလေ၏။
4 သုံးရက်မြောက်သောနေ့၌ မျှော်ကြည့်၍၊ ထိုအရပ်ကို အဝေးက မြင်လျှင်၊ 5 ငယ်သား နှစ်ယောက်တို့အား၊ သင်တို့သည်
ဤအရပ်၌မြည်းနှင့် အတူနေရစ်ကြလော့။ ငါသည် သားနှင့်အတူ ထိုအရပ်သို့သွား၍၊ ကိုးကွယ်ခြင်းကိုပြုအံ့။ ထိုအမှုပြီးမှ၊
သင်တို့ဆီသို့ပြန်လာဦးမည်ဟု ဆိုလေ၏။ 6 ထိုအခါ ယဇ်ရှို့စရာထင်းကိုယူ၍ သားဣဇာတ် အပေါ်မှာ တင်ပြီးလျှင်၊ မီးနှင့်ထားကို
မိမိလက်၌ ကိုင် လျက်၊ နှစ်ယောက်အတူသွားကြ၏။ 7 သွားကြစဉ်တွင်၊ ဣဇာက်သည် အဘအာဗြဟံကို အဘဟုခေါ်လျှင်၊ ငါ့သား၊
ငါရှိ၏ဟု ထူးလေ၏။ ဣဇာက်ကလည်း မီးပါ၏၊ ထင်းလည်းပါ၏။ ယဇ်ရှို့စရာတို့သိုးသငယ်သည် အဘယ်မှာ ရှိသနည်းဟု မေးလျှင်၊
8 အာဗြဟံက ငါ့သား၊ ယဇ်ရှို့စရာဘို့ သိုးသငယ်ကို ဘုရားသခင်သည် မိမိအဘို့ ပြင်ဆင်တော်မူလိမ့်မည်ဟု ဆိုလေ၏။ 9
ထိုသို့နှစ်ယောက်အတူသွား၍၊ ဘုရားသခင် မိန့်တော်မူသော အရပ်သို့ ရောက်ကြသောအခါ၊ အာဗြဟံ သည် ယဇ်ပလ္လင်ကိုတည်၍
ထင်းကိုခင်းပြီးလျှင်၊ သား ဣဇာက်ကိုချည်နှောင်၍၊ ယဇ်ပလ္လင်၌ ထင်းပေါ်မှာ တင်ထား၏။ 10 မိမိလက်ကို ဆန့်၍
သားကိုသတ်ခြင်းငှါ၊ ထားကို ကိုင်ယူလေ၏။ 11 ထိုအခါ၊ ထာဝဘုရား၏ ကောင်းကင်တမန်က၊ အာဗြဟံ၊ အာဗြဟံဟု
ကောင်းကင်ပေါ်က ခေါ်လေ၏။ အာဗြဟံက၊ အကျွန်ုပ်ရှိပါ၏ဟု လျှောက်လျှင်၊ 12 ထိုလုလင်ကို မထိမခိုက်နှင့်။ အလျှင်းမပြုနှင့်။
သင်သည် ဘုရားသခင်ကို ကြောက်ရွံ့သည်ဟု ယခု ငါသိ ၏။ အကြောင်းမူကား၊ သင်၏သား သင်၌တယောက်
တည်းသောသားကိုငါတောင်း၍ သင်သည် ငါ့ကိုမငြင်းဟု မိန့်တော်မူ၏။ 13 ထိုအခါ အာဗြဟံသည် မျှော်ကြည့်၍ မိမိ နောက်မှ
ချုံဖုတ်၌ ချိုညိလျက် ရှိသောသိုးကိုမြင်လေ၏။ ထိုသိုးကိုသွား၍ ယူပြီးလျှင် မိမိသားကိုယ်စား မီးရှို့ယဇ် ပြု၍ ပူဇော်လေ၏။ 14
ထိုအရပ်ကို ယေဟောဝါယိရဟု အာဗြဟံ သမုတ်လေ၏။ ထိုသို့နှင့်အညီ တောင်ပေါ်မှာ ထာဝရ ဘုရားပြင်ဆင်တော်မူမည်ဟု
ယနေ့တိုင်အောင် ဆိုလေ့ ရှိသတည်း။ 15 တဖန် ထာဝရဘုရား၏ ကောင်းကင်းတမန် သည် ကောင်းကင်ပေါ်က အာဗြဟံကို ခေါ်လျက်၊
16 သင်သည် ဤအမှုကိုပြု၍၊ သင်၏သားသင်၌ တယောက်တည်းသောသားကို၊ ငါ့အား မငြင်း သောကြောင့်၊ 17 ငါသည် သင့်အား
အစဉ်အမြဲကောင်းကြီး ပေးမည်။ သင်၏အမျိုးအနွယ်ကိုလည်း ကောင်းကင် ကြယ်ကဲ့သို့၎င်း၊ သမုဒ္ဒရာသဲလုံးကဲ့သို့၎င်း၊ အစဉ်အမြဲ
ပွားများစေမည်။ သင်၏အမျိုးအနွယ်သည် ရန်သူတို့၏ မြို့တံခါးများကို အစိုးရလိမ့်မည်။ 18 သင်၏အမျိုးအနွယ်အားဖြင့်၊
လူမျိုးပေါင်း တို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်ဟု ငါ၏ စကားကို သင်နားထောင်သောကြောင့်၊ ငါသည်ကိုယ်ကို
ကိုယ်တိုင်တည်၍ ကျိန်ဆို၏ဟု ထာဝရဘုရား၏ အမိန့် တော်ကို ဆင့်ဆိုလေ၏။ 19 ထိုအခါအာဗြဟံသည် ငယ်သားတို့ ရှိရာသို့
ပြန်၏။ သူတို့သည် ထပြီးလျှင် ဗေရာရှေဘတအရပ်သို့ လိုက်သွားကြ၏။ ထိုအရပ်၌ အာဗြဟံနေလေ၏။ 20 ထိုနောက်မှ၊
အာဗြဟံကြားသော သိတင်းစကား ဟုမူကား၊ သင်၏အစ်ကိုနာခေါ်မယားမိလခါသည် သားကိုဘွားမြင်လေပြီ။ 21 သားအကြီးဟုဇ၊
သူ့ညီဗုဇ၊ အာရံအဘကေမွေလ၊ 22 ခေသက်၊ဟာဇော၊ ပိလဒါရှ၊ ယိဒလပ်၊ ဗေသွေလတည်းဟူသော၊ 23 သားရှစ်ယောက်တို့ကို၊
အာဗြဟံအစ်ကို နာခေါ် ၏ မယားမိလအခါ ဘွားမြင်လေ၏။ ဗေသွေလကား၊ ရေဗက္ကအဘတည်း။ 24 ရုမာ အမည်ရှိသော နာခေါ်၏
မယားငယ်သည်လည်း တေဘာဂါဟံ၊ သဟာရှမာခါတို့ကို ဘွားမြင်လေ၏။

---

### Genesis 22:1

ထိုနောက်မှ

အခန်း ၂၁ မှ အဖြစ်အပျက်ကို ညွှန်းသည်။

ဘုရားသခင်သည်၊ အာဗြဟံကို စုံစမ်းခြင်းငှါ

ဘုရားသခင်က အာဗြဟံ၏ ယုံကြည်ခြင်းကို စမ်းစစ်ကြောင်း ဖော်ပြသည်။ ၎င်းကို တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် အာဗြဟံ၏ ယုံကြည်ခြင်းကို စမ်းစစ်ဖို့ငှါ"

အကျွန်ုပ်ရှိပါ၏

"ဟုတ်ကဲ့၊ မိန့်တော်မူပါ" သို့မဟုတ် "မိန့်တော်မူပါ ဘုရား"

တယောက်တည်းသော သား

အာဗြဟံ၌ ဣရှမေလဟူသော နောက်သား တစ်ယောက်လည်း ရှိကြောင်း ဘုရားသခင် သိတော်မူ၏။ သို့ရာတွင်၊ ဂတိတော်ထားခဲ့သော သားကို ညွှန်းဆိုခြင်းဖြစ်သည်။ ၎င်းကို တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ ကတိပေးခဲ့သော တဦးတည်းသော သား"

သင်သည် အလွန်ချစ်သော

သားဣဇာက်အပေါ် အာဗြဟံ၏ ချစ်ခြင်းမေတ္တာကို ညွှန်းသည်။

မောရိပြည်

"မောရိခေါ်သော အရပ်"

မြည်းကို ကုန်းနှီးတင်ပြီးလျှင်

"မြည်းပေါ် ကုန်တင်ပြီးလျှင်" သို့မဟုတ် "ခရီးအတွက် လိုအပ်သမျှကို မြည်းပေါ် တင်ပြီးလျှင်"

ငယ်သား

"အစေခံ" (UDB)

ထသွားလေ၏

"ခရီးစလေ၏" သို့မဟုတ် "ခရီးထွက်စ ပြုလေ၏" (UDB)


generated on Fri Sep 22 10:08:29 2023

## Genesis 22:4

သုံးရက်မြောက်သောနေ့၌
"သုံးရက်မြောက်" ကို သာမန်ကိန်းအဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သုံးရက်ကြာပြီးနောက်၌"

ထိုအရပ်ကို အဝေးကမြင်လျှင်
"ဘုရားသခင် မိန့်တော်မူသောအရပ်ကို အဝေးကမြင်လျှင်"

ငယ်သား
"အစေခံ" (UDB)

ငါသည် သားနှင့်အတူ ထိုအရပ်သို့သွား၍၊ ကိုးကွယ်ခြင်းကိုပြုအံ့
အာဗြဟံနှင့် ဣဇာက်တို့ နှစ်ဦးသာ သွားမည်ဟု ညွှန်းသည်။

သင်တို့ဆီသို့ ပြန်လာဦးမည်
"သင်တို့ထံ ပြန်လာမည်"

သားဣဇာက် အပေါ်မှာ တင်ပြီးလျှင်
"သားဣဇာက်ကို သယ်စေပြီးလျှင်"

မိမိလက်၌ ကိုင်လျက်
"မိမိလက်၌" ဟူရာတွင် အာဗြဟံ ကိုယ်တိုင် သယ်ကြောင်း ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မိမိကိုယ်တိုင် ကိုင်လျက်"

မီး
မီးသွေး သို့မဟုတ် မီးတုတ် သို့မဟုတ် မီးအိမ်ကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မီးပြုလုပ်သောအရာ"

နှစ်ယောက်အတူ သွားကြ၏
"အတူ ထွက်သွားကြ၏" သို့မဟုတ် "နှစ်ယောက်အတူ ထွက်သွား၏"

## Genesis 22:7

အဘ
ဖခင်ကို ချစ်ခင်လေးမြတ်စွာ ခေါ်ခြင်းဖြစ်သည်။

ငါရှိ၏
"ပြောပါ" သို့မဟုတ် "အဘယ်နည်း။" ၂၂:၁ မှ ပြန်ဆိုချက်ကို ရှု။

ငါ့သား
သားကို ချစ်ခင်မြတ်နိုးစွာ ခေါ်ခြင်းဖြစ်သည်။

မီး
မီးသွေး သို့မဟုတ် မီးတုတ် သို့မဟုတ် မီးအိမ်ကို ဆိုလိုသည်။ ၂၂:၄ မှ ပြန်ဆိုချက်ကို ရှု။

ယဇ်ရှို့စရာဘို့ သိုးသူငယ်
"ယဇ်ရှို့မည့် သိုးသူငယ်"

ဘုရားသခင်သည် မိမိအဘို့
"မိမိ" ဟူရာတွင် ဘုရားသခင် ကိုယ်တိုင် ပြင်ဆင်ပေးမည်ဟု ဆိုလိုသည်။

ပြင်ဆင်တော်မူလိမ့်မည်
"ပေးတော်မူလိမ့်မည်"

## Genesis 22:9

ဘုရားသခင် မိန့်တော်မူသော အရပ်သို့ ရောက်ကြသောအခါ
"အာဗြဟံနှင့် ဣဇာက်တို့ အရပ်၌ ရောက်ကြသောအခါ"

ချည်နှောင်၍
"ချည်၍"

ယဇ်ပလ္လင်၌ ထင်းပေါ်မှာ
"ယဇ်ပလ္လင်ထိပ်ရှိ ထင်းပေါ်မှာ"

မိမိလက်ကို ဆန့်၍ . . . ဓားကို ကိုင်ယူလေ၏
"ဓါးကို ကောက်ယူလေ၏"

## Genesis 22:11

ထာဝဘုရား၏ ကောင်းကင်တမန်
ဖြစ်နိုင်ချေများမှာ၊ ၁) ထာဝရဘုရား ကိုယ်တိုင် ထင်ရှားပြခြင်းဖြစ်သည် သို့မဟုတ် ၂) ထာဝရဘုရား၏ ကောင်းကင် တမန်များပင် ဖြစ်သည် သို့မဟုတ် ၃) ဘုရားသခင်၏ အထူးတမန်တော်ဖြစ်သည် (ဓမ္မပညာရှင်အချို့က သခင်ယေရှု ဖြစ်မည်ဆို၏)။ ဤစကားလုံး၏ အဓိပ္ပါယ်ကို တိကျစွာ မသိရသဖြင့် "ကောင်းကင်တမန်" အနက်ရှိသော ဝေါဟာရဖြင့် "ထာဝရဘုရား၏ ကောင်းကင်တမန်" ဟူ၍သာ ပြန်ဆိုသင့်သည်။ ၁၆:၇ မှ မှတ်စုကို ရှု။

ကောင်းကင်ပေါ်က
ဘုရားသခင် ကိန်းဝပ်ရာအရပ်ကို ညွှန်းသည်။

အကျွန်ုပ်ရှိပါ၏
"ဟုတ်ကဲ့၊ မိန့်တော်မူပါ" သို့မဟုတ် "မိန့်တော်မူပါဘုရား။" ၂၂း၁ မှ ပြန်ဆိုချက်ကို ရှု။

ထိုလုလင်ကို မထိမခိုက်နှင့်။ အလျှင်းမပြုနှင့်
"မထိမခိုက်နှင့်" မှာ "အန္တရာယ်မပြုနှင့်" ဟု ဆိုလိုသည်။ ဣဇာက်ကို ထိခိုက်ခြင်း မပြုရန် နှစ်ကြိမ်ဆက်တိုက် မိန့်တော်မူခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုသူငယ်ကို မည်သို့မျှဖြင့် ထိခိုက်ခြင်း မပြုနှင့်"

. . . ယခု ငါသိ၏ . . . ငါ့ကိုမငြင်း
"ငါ" နှင့် "ငါ့" ဟူသည်မှာ ထာဝရဘုရားကို ဆိုလိုသည်။ ပြန်ဆိုသည့်အခါလည်း ထိုအတိုင်း ဖော်ပြရန်ဖြစ်သည်။

သင်သည် ဘုရားသခင်ကို ကြောက်ရွံ့သည်
ဘုရားသခင်ကို နက်ရှိုင်းစွာ လေးမြတ်ပြီး နာခံကြောင်း ညွှန်းဆိုသည်။

အကြောင်းမူကား
"အဘယ်ကြောင့်ဆိုသော်"

သင်၏သား . . . ငါ့ကိုမငြင်း
"သင်၏သားကို ... ငါ့အားမငြင်း။" အဟုတ်ဝါကျအဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်၏သား ... ငါ့အား ပေး၏"

သင်၏သား သင်၌ တယောက်တည်းသောသား
အာဗြဟံ၌ ဣရှမေလဟူသော နောက်သား တစ်ယောက်လည်း ရှိကြောင်း ဘုရားသခင် သိတော်မူ၏။ သို့ရာတွင်၊ ဂတိတော်

ထားခဲ့သော သားကို ညွှန်းဆိုခြင်းဖြစ်သည်။ ၂၂:၁ မှ ပြန်ဆိုချက်ကို ရှု။

## Genesis 22:13

ချုံဖုတ်၌ ချိုညိလျက်ရှိသော သိုးကို မြင်လေ၏

ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ချုံပုတ်၌ သိုးတကောင်သည် ချိုညိုလျက်ရှိလေ၏" သို့မဟုတ် "သိုးတကောင်သည် ချုံပုတ်၌ ညိလျက်ရှိလေ၏"

ထိုသိုးကို သွား၍ယူပြီးလျှင်

"သူသည်သွား၍ ထိုသိုးကို ယူပြီးလျှင်"

ယနေ့တိုင်အောင်

"ယခုတိုင်အောင်။" ကျမ်းပြုဆရာ၏ ခေတ်ကို ဆိုလိုသည်။

ထာဝရဘုရား ပြင်ဆင်တော်မူမည်

ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ပြင်ဆင်ခြင်း ခံရမည်"

## Genesis 22:15

တဖန်

အခြားသော ဘာသာပြန်ဆိုချက်၊ "နောက် ဒုတိယအကြိမ်"

ထာဝရဘုရား၏ ကောင်းကင်းတမန်

ဖြစ်နိုင်ချေများမှာ၊ ၁) ထာဝရဘုရား ကိုယ်တိုင် ထင်ရှားပြခြင်းဖြစ်သည် သို့မဟုတ် ၂) ထာဝရဘုရား၏ ကောင်းကင်တမန်များပင် ဖြစ်သည် သို့မဟုတ် ၃) ဘုရားသခင်၏ အထူးတမန်တော်ဖြစ်သည် (ဓမ္မပညာရှင်အချို့က သခင်ယေရှု ဖြစ်မည်ဆို၏)။ ဤစကားလုံး၏ အဓိပ္ပါယ်ကို တိကျစွာ မသိရသဖြင့် "ကောင်းကင်တမန်" အနက်ရှိသော ဝေါဟာရဖြင့် "ထာဝရဘုရား၏ ကောင်းကင်တမန်" ဟူ၍သာ ပြန်ဆိုသင့်သည်။ ၁၆:၇ မှ မှတ်စုကို ရှု။

ကောင်းကင်ပေါ်က

ဘုရားသခင် ကိန်းဝပ်သောနေရာကို ညွှန်းသည်။

သင်သည် ဤအမှုကိုပြု၍

"သင်သည် ငါ့စကားကို နားထောင်၍"

သင်၏သား . . . ကို၊ ငါ့အား မငြင်းသောကြောင့်

"သင်၏သား ... ကို၊ ငါ့ထံမှ ချန်လှပ်မထားသောကြောင့်။" အဟုတ်ဝါကျအဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်၏သား ... ကို၊ လိုလားစွာ ပေးသောကြောင့်"

သင်၏သား သင်၌ တယောက်တည်းသောသား

အာဗြဟံ၌ ဣရှမေလဟူသော နောက်သား တစ်ယောက်လည်း ရှိကြောင်း ဘုရားသခင် သိတော်မူ၏။ သို့ရာတွင်၊ ဂတိတော် ထားခဲ့သော သားကို ညွှန်းဆိုခြင်းဖြစ်သည်။ ၂၂:၁ မှ ပြန်ဆိုချက်ကို ရှု။

အစဉ်အမြဲ ကောင်းကြီး ပေး

"အမှန် ကောင်းကြီး ပေး"

သင်၏အမျိုးအနွယ်ကိုလည်း . . . အစဉ်အမြဲ ပွားများစေမည်

"သင်၏အမျိုးအနွယ်ကိုလည်း ... အဖန်ဖန် ပွားများစေမည်" သို့မဟုတ် "သင်၏အမျိုးအနွယ်ကိုလည်း ... အလွန်ပွားများစေမည်"

ကောင်းကင်ကြယ်ကဲ့သို့၎င်း၊ သမုဒ္ဒရာသဲလုံးကဲ့သို့၎င်း

အာဗြဟံ၏ အမျိုးအနွယ်ကို ကြယ်နှင့် သဲလုံးကဲ့သို့ ခိုင်းနှိုင်းထားသည်။ ကြယ်နှင့် သဲလုံးကဲ့သို့ သူ၏ အမျိုးအနွယ်ကို ရေတွက်မရသည်အထိ များပြားစေမည်ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရေတွက်နိုင်သည်ထက် ကျော်လွန်၍"

ကောင်းကင်ကြယ်ကဲ့သို့၎င်း

"ကောင်းကင်" မှာ မြေကြီးအထက်၌ နေ၊ လ၊ ကြယ် အစရှိသော အရာများကို ညွှန်းသည်။

ရန်သူတို့၏ မြို့တံခါးများကို အစိုးရလိမ့်မည်

"မြို့တံခါး" က တမြို့လုံးကို ပုံဆောင်သည်။ "ရန်သူတို့၏ မြို့တံခါးများ" အပိုင်သိမ်းခြင်းသည် ရန်သူကို အနိုင်ယူခြင်းမည်၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရန်သူတို့အပေါ် အစိုးရလိမ့်မည်"

## Genesis 22:18

ယေဘုယျ အချက်အလက်

ထာဝရဘုရား၏ ကောင်းကင်တမန် ဆက်လက်မိန့်ကြားနေသည်။

လူမျိုးပေါင်းတို့

နိုင်ငံတိုင်းရှိ လူမျိုးများကို ပုံဆောင်သည်။

လူမျိုးပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်

ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါကိုယ်တော်သည် လူမျိုးအပေါင်းတို့ကို ကောင်းကြီးပေးမည်"

ငါသည် ကိုယ်ကိုကိုယ် တိုင်တည်၍ ကျိန်ဆို၏

"ငါ့ကိုယ်ကို ကျိန်ဆို၍ သက်သေပြုမည်။" "ကျိန်ဆို" ခြင်း ပြုရာ၌ တစုံတခုကို တိုင်တည်ရမည်။ သို့ရာတွင် ထာဝရဘုရား အတွက် မိမိကိုယ်တိုင်မှတပါး တိုင်တည်ရန် မရှိပါ။

ထာဝရဘုရား၏ အမိန့်တော်ကို ဆင့်ဆိုလေ၏

"ထာဝရဘုရား၏ အမိန့်တော်ကို ဆင့်ဆိုလေ၏" သို့မဟုတ် "ထာဝရဘုရား၏ နှုတ်ကပတ်တော်ကို ကြွေးကြော်လေ၏။" ထာဝရဘုရားမှ တိုက်ရိုက်လာကြောင်း ဖော်ပြခြင်းဖြစ်သည်။

ငါ၏စကားကို သင်နားထောင်သောကြောင့်

"စကား" က ဘုရားသခင်ကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါပြောသည့်အတိုင်း နားထောင်သောကြောင့်" သို့မဟုတ် "သင်သည် ငါ့ကို နာခံသောကြောင့်"

အာဗြဟံသည် . . . ပြန်၏

ဤကျမ်းပိုဒ်တွင် အာဗြဟံကိုသာ ဖော်ပြထားသော်လည်း၊ သားနှင့်အတူ လိုက်ပါသွားကြောင်း သိရသည်။ ၎င်းကို တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အာဗြဟံနှင့်သားတို့သည် ... ပြန်ကြ၏"

ငယ်သားတို့

"အစေခံတို့" (UDB)

သူတို့သည် ထပြီးလျှင်
"သူတို့ ထွက်သွား၍"

ထိုအရပ်၌ အာဗြဟံနေလေ၏
အာဗြဟံ တစ်ဦးတည်းသာ ဖော်ပြခံရသော်လည်း
အိမ်ထောင်ဦးစီးအနေဖြင့် တအိမ်သားလုံးကို ကိုယ်စားပြုသည်။
၎င်းကို တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "အာဗြဟံနှင့် အိမ်သားတို့သည်
ဗေရရှေဗတွင် နေထိုင်၏"

**Genesis 22:20**

ထိုနောက်မှ
"ထိုအဖြစ်အပျက်ပြီးမှ။" "ထို" က ကမ္ဘာဦးကျမ်း ၂၂:၁-၁၉ မှ
ဖြစ်ရပ်ကို ညွှန်းသည်။

အာဗြဟံကြားသော သိတင်းစကားဟူမူကား . . . ဘွားမြင်လေပြီ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "တစုံတယောက်က အာဗြဟံအား ... ဟူ၍
ကြားပြောလေ၏"

မိလခါသည် သားကိုဘွားမြင်လေပြီ
"မိလခါကလည်း ကလေးကို ဘွားမြင်လေပြီ"

မိလခါ
မိန်းမအမည် ဖြစ်သည်။

သားအကြီးဟုဇ၊ သူ့ညီဗုဇ
"သားဦးကား ဥဇ၊ သူ့ညီကား ဗုဇ၊ ထို့နောက်"

ဟုဇ . . . ဗုဇ၊ အာရံ . . . ကေမွေလ၊ ခေသက်၊ ဟာဇော၊ ပိလဒါရှ၊ ယိဒလပ်၊
ဗေသွေလ
ယောကျ်ားအမည်များ ဖြစ်သည်။ အာရံမှ လွဲ၍ ကျန်ရှိသူများမှာ
နာခေါ်နှင့် မိလခါတို့ သားများဖြစ်ကြောင်း သိသာစေရမည်။

**Genesis 22:23**

ရှစ်ယောက်
"၈ ယောက်"

သားရှစ်ယောက်တို့ကို၊ အာဗြဟံအစ်ကို နာခေါ်၏မယား မိလခါ ဘွားမြင်လေ၏
"အာဗြဟံအစ်ကိုနာခေါ်နှင့် မိလခါတို့ ဘွားမြင်သော
သားရှစ်ယောက်ဖြစ်သတည်း။" ၂၂:၂၀ မှ မွေးစာရင်းကို
ညွှန်းသည်။

ဗေသွေလကား၊ ရေဗက္ကအဘတည်း
"နောင်တွင် ဗေသွေလမှာ ရေဗက္ကအဘ ဖြစ်သတည်း"

နာခေါ်၏ မယားငယ်
"သူ၏ မယားငယ်"

ရုမာ
မိန်းမအမည် ဖြစ်သည်။

. . . တို့ကို ဘွားမြင်လေ၏
"... တို့ကိုလည်း ဘွားမြင်လေ၏"

တေဘ၊ ဂါဟံ၊ သဟာရှ၊ မာခါ
ယောကျ်ားအမည်များ ဖြစ်သည်။


generated on Fri Sep 22 10:08:29 2023

## Chapter 23

1 စာရာသည် အသက်တရာနှစ်ဆယ်ခုနစ်နှစ်ရှိ ၏။ ထိုမျှလောက် အသက်ကြီးသော်၊ 2 ခါနာန်ပြည်၊ ဟေဗြုန်မြို့တည်းဟူသော၊
ကိရယ သာဘမြို့၌ သေလေ၏။ အာဗြဟံသည်လည်း စာရာ ကြောင့် ညည်းတွားငိုကြွေးခြင်းငှါ လာ၏။ 3 အာဗြဟံသည်
မိမိမယားအသေကောင်ရှေ့က ထ၍၊ ဟေသအမျိုးသားတို့အား၊ 4 ငါသည် သင်တို့ထံမှာ ဧည့်သည်အာဂန္တုဖြစ်ပါ ၏။
ငါ၏မယားအသေကောင်ကို မျက်ကွယ်မြှုပ်မည် အကြောင်း၊ သင်တို့တွင် သင်္ချိုင်းကို ငါ့အားအခွင့်ပေးပါ လော့ဟု ဆို၏။ 5
ဟေသအမျိုးသားတို့က၊ အကျွန်ုပ်တို့သခင်၊ နား ထောင်ပါ။ 6 ကိုယ်တော်သည်၊ အကျွန်ုပ်တို့တွင်၊ ဘုရားသခင် နှင့်ဆိုင်သောမင်း
ဖြစ်ပါ၏။ အကျွန်ုပ်တို့၏သင်္ချိုင်းများ တွင် ရွေး၍၊ ကိုယ်တော်၏မယား အသေကောင်ကို သင်္ဂြိုဟ်ပါလော့။
ကိုယ်တော်၏မယားအသေကောင်ကို မသင်္ဂြိုဟ်စေခြင်းငှါ၊ အကျွန်ုပ်တို့တွင် အဘယ်သူမျှ မိမိ သင်္ချိုင်းကို မပေးဘဲမနေပါဟု၊
အာဗြဟံအား ပြန်ပြောကြ ၏။ 7 အာဗြဟံသည် ထ၍၊ ထိုပြည်သားတည်းဟူသော ဟေသအမျိုးသားများရှေ့မှာ ဦးညွှတ်ချလျက်၊ 8
ငါသည် ငါ၏မယားအသေကောင်ကို မျက်ကွယ် မြှုပ်စေခြင်းငှါ သင်တို့ အလိုရှိလျှင်၊ ငါ့စကားကို နား ထောင်ကြပါလော့။ 9
သင်တို့တွင် ငါပိုင်ထိုက်သောသင်္ချိုင်းရှိစေခြင်းငှါ၊ ဇောဟာသား ဧဖရုန်သည်၊ မိမိလယ်ပြင်အစွန်း၌ ရှိသော မပွေလပြေတွင်းကို၊
အဘိုးထိုက်သမျှ ငွေနှင့်ငါ့အား ရောင်းစေခြင်းငှါ၊ ငါ့အတွက်သူ့ကို တောင်းပန်ကြပါလော့ ဟု နှုတ်ဆက်၍ ပြောဆို၏။ 10 ထိုအခါ
ဧဖရုန်သည်၊ ဟေသအမျိုးသားတို့တွင် ထိုင်လျက်ရှိ၏။ သို့ဖြစ်၍ မြို့တံခါးသို့ ဝင်သော သူ အပေါင်းတည်းဟူသော
ဟေသအမျိုးသား ပရိတ်သတ်၌၊ ဟိတ္တိအမျိုးသားဧဖရုန်က၊ ထိုသို့မဟုတ်ပါ။ 11 အကျွန်ုပ်သခင်၊ အကျွန်ုပ်စကားကို နားထောင် ပါ။
ထိုလယ်ပြင်ကိုငှင်း၊ ကိုယ်တော်အား အကျွန်ုပ်ပေး ပါ၏။ အကျွန်ုပ်အမျိုးသားများ ရှေ့၌၊ ကိုယ်တော်အား အကျွန်ုပ်ပေးပါ၏။
ကိုယ်တော်၏ မယားအသေကောင်ကို သင်္ဂြိုဟ်ပါဟု၊ အာဗြဟံအား ပြန်ပြောလေ၏။ 12 အာဗြဟံသည်လည်း၊ ထိုပြည်သားများ
ရှေ့မှာ ဦးညွှတ်ချလျက်၊ အကယ်၍ ငါ့စကားကို နားထောင်ပါ။ 13 ထိုလယ်ပြင်အဘိုးငွေကို ငါပေးမည်။ ငွေကိုယူပါ၊ သို့ဖြစ်လျှင်၊
ထိုအရပ်၌ ငါ၏မယားအသေကောင်ကို ငါသင်္ဂြိုဟ်ပါမည်ဟု ပြည်သား ပရိသတ်တို့ရှေ့မှာ၊ ဧဖရုန် အား ပြောဆို၏။ 14
ဧဖရုန်ကလည်း၊ အကျွန်ုပ်သခင်၊ နားထောင်ပါ။ 15 ထိုမြေသည် ငွေလေးပိဿာအဘိုးထိုက်ပါ၏။ ကိုယ်တော်နှင့် အကျွန်ုပ်၌
အဘယ်အတွက်ရှိသနည်း။ ကိုယ်တော်၏မယား အသေကောင်ကို သင်္ဂြိုဟ်ပါလော့ဟု၊ အာဗြဟံအားပြန်ပြော၏။ 16
အာဗြဟံသည်လည်း၊ ဧဖရုန်စကားကို နားထောင်သည်ဖြစ်၍၊ ကုန်သည်သုံးတတ်သော ငွေမျိုး၊ ဟေသအမျိုးသား ပရိသတ်ရှေ့၊
ဧဖရုန် အဘိုးပြတ်သည် အတိုင်း၊ ငွေလေးပိဿာကို ချိန်၍၊ သူ့အားပေးလေ၏။ 17 ထိုသို့မံရေမြို့ရှေ့မှာ၊ မပွေလအရပ်၌ရှိသော
ဧဖရုန်၏လယ်ပြင်ကိုငှင်း၊ လယ်ပြင်၌ ရှိသောမြေတွင်း နှင့်သစ်ပင်များ၊ ပတ်ဝန်းကျင်သစ်ပင်များကိုငှင်း၊ 18
ဟေသအမျိုးသားပရိတ်သတ်၌၊ မြို့တံခါးသို့ ဝင် သောသူအပေါင်းတို့ရှေ့မှာ၊ အာဗြဟံဥစ္စာဘို့ လုံခြုံစွာ အပ်ပေးလေ၏။ 19
ထိုနောက်မှ အာဗြဟံသည်၊ မံရေမြို့ရှေ့မှာ၊ မပွေလလယ်ပြင် မြေတွင်း၌ မယားစာရာကို သင်္ဂြိုဟ်ရလေ ၏။ ထိုအရပ်ကား၊
ခါနာန်ပြည် ဟေဗြုန်အရပ် ဖြစ်သ တည်း။ 20 ထိုလယ်ပြင်နှင့်မြေတွင်းကို၊ အာဗြဟံပိုင်ထိုက် သော သင်္ချိုင်းဖြစ်စေခြင်းငှါ၊
ဟေသအမျိုးသားတို့သည် လုံခြုံစွာ အပ်ပေးကြ၏။

---

---

### Genesis 23:1

စာရာသည် အသက် တရာနှစ်ဆယ်ခုနစ်နှစ် ရှိ၏
"စာရာသည် အသက် ၁၂၇ နှစ်ရှိ၏"

ထိုမျှလောက် အသက်ကြီးသော်
အချို့ မူပြန်ကျမ်းများတွင် ဤစာကြောင်းမရှိပါ။

ကိရယသာဘမြို့
မြို့အမည်ဖြစ်သည်။

အာဗြဟံသည်လည်း စာရာကြောင့် ညည်းတွား ငိုကြွေးခြင်းငှါလာ၏
"အာဗြဟံသည်လည်း စာရာကြောင့် ဝမ်းနည်း၍ ငိုကြွေးလေ၏"

### Genesis 23:3

မိမိမယား အသေကောင်ရှေ့က ထ၍
"မိမိမယား၏ အလောင်းကို ထား၍"

ဟေသအမျိုးသား
ဟေသ၏ အမျိုးအနွယ်ကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဟေသ၏ အမျိုး"

သင်တို့ထံမှာ
အရပ်ဒေသကို ညွှန်းဆိုခြင်းလည်း ဖြစ်နိုင်သည်။ "သင်တို့ နိုင်ငံမှာ" သို့မဟုတ် "ဤအရပ်မှာ"

ငါ၏မယား အသေကောင်
"အသေကောင်" ကို နာမဝိသေသန သို့မဟုတ် ကြိယာပုဒ် စသဖြင့် ပြောင်းနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့မယား၏ အလောင်း" သို့မဟုတ် "သေသွားသော ငါ၏မယား"

သင်္ချိုင်းကို ငါ့အား အခွင့်ပေးပါလော့
"ငါ့အား မြေကို ရောင်းပါလော့" သို့မဟတုတ် "သင်္ချိုင်းမြေ ဝယ်ရသောအခွင့် ပေးပါလော့"

### Genesis 23:5

ဟေသအမျိုးသား
ဟေသ၏ အမျိုးအနွယ်ကို ညွှန်းသည်။ ၂၃:၃ မှ ပြန်ဆိုချက်ကို ရှု။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဟေသ၏ အမျိုး"

အကျွန်ုပ်တို့သခင်
အာဗြဟံကို လေးစားသမှုဖြင့် ခေါ်ခြင်းဖြစ်သည်။


generated on Fri Sep 22 10:08:29 2023

ဘုရားသခင်နှင့်ဆိုင်သော မင်း
ဒေသိယစကားဖြစ်သည်။ "တန်ခိုးကြီးသော သူ"

အကျွန်ုပ်တို့၏ သင်္ချိုင်းများတွင် ရွေး၍
အကျွန်ုပ်တို့၏ သင်္ချိုင်းများမှ အကောင်းဆုံးတွင်"

ကိုယ်တော်၏မယား အသေကောင်
"မယား အသေကောင်" ကို ကြိယာပုဒ် သို့မဟုတ် "မယား" ဟူ၍ဖြင့်လည်း ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သေသွားသော ကိုယ်တော်၏ မယား" သို့မဟုတ် "ကိုယ်တော်၏မယား"

မိမိသင်္ချိုင်းကို မပေးဘဲမနေပါ
"မိမိသင်္ချိုင်းကို ချန်လှပ်မည် မဟုတ်ပါ" သို့မဟုတ် "မိမိသင်္ချိုင်းကို ပေးရန် ငြင်းမည်မဟုတ်ပါ"

## Genesis 23:7

ထိုပြည်သားတည်းဟူသော ဟေသအမျိုးသားများရှေ့မှာ
"ထိုပြည်တွင် နေထိုင်သော ဟေသအမျိုးသားရှေ့မှာ"

ဟေသအမျိုးသား
ဟေသ၏ အမျိုးအနွယ်ကို ညွှန်းသည်။ ၂၃:၃ မှ ပြန်ဆိုချက်ကို ရှု။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဟေသ၏ အမျိုး"

ဦးညွှတ်ချလျက်
တစုံတဦးကို ရိုသေမှုနှင့် ချီးမြှောက်မှုကို ပြသော အမူအရာဖြစ်သည်။

ငါ၏မယား အသေကောင်
"အသေကောင်" ကို ကြိယာပုဒ် သို့မဟုတ် "မယား" စသဖြင့် ပြန်ဆိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သေသွားသော ငါ၏မယား" သို့မဟုတ် "ငါ၏မယား"

ဇောဟာ . . . ဧဖရုန်
ယောက်ျားအမည်များ ဖြစ်သည်။

မိမိလယ်ပြင်အစွန်း၌ ရှိသော မပွေလမြေတွင်း
"မက်ဖေလတွင် ပိုင်သော လယ်ပြင်အစွန်း၌ရှိသော ဂူ"

ဧဖရုန်သည် . . . မပွေလမြေတွင်း
" ဧဖရုန်သည်၊ မက်ဖေလတွင် ... ၌ရှိသော ဂူ။" မပွေလသည် အရပ်ဒေသ၏ အမည်ဖြစ်သည်။ ဧဖရုန်က မပွေလအရပ်တွင် ပိုင်ဆိုင်သော မြေတွင် ရှိသည့် ဂူဖြစ်သည်။

မိမိလယ်ပြင်အစွန်း၌ ရှိသော
ဂူ၏ အကြောင်းကို ဖော်ပြသည်။ ၎င်းဂူမှာ ဧဖရုန် ပိုင်သော လယ်မြေ၏ အစွန်းတွင် ရှိသည်။

အဘိုးထိုက်သမျှ ငွေနှင့်ငါ့အား ရောင်းစေခြင်းငှါ
"သင်တို့အားလုံး ရှေ့မှောက်၌ ငါ့အား ရောင်းစေခြင်းငှါ" (UDB) သို့မဟုတ် "သင်တို့ရှေ့၌ ငါ့အား ရောင်းစေခြင်းငှါ"

ငါပိုင်ထိုက်သော သင်္ချိုင်းရှိစေခြင်းငှါ
"ငါပိုင်သော မြေရှိစေခြင်းငှါ"

## Genesis 23:10

ထိုအခါ ဧဖရုန်သည်၊ ဟေသအမျိုးသားတို့တွင် ထိုင်လျက်ရှိ၏
"ထိုအခါ" က ဧဖရုန်၏ နောက်ကြောင်းကို ဖော်ပြသည်။

ဧဖရုန်
ယောက်ျားအမည် ဖြစ်သည်။ ၂၃:၇ မှ ပြန်ဆိုချက်ကို ရှု။

ဟေသအမျိုးသားတို့
"အမျိုးသား" က ဟေသ၏ အမျိုးကို ပုံဆောင်သည်။ ၂၃:၃ မှ ပြန်ဆိုချက်ကို ရှု။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဟေသအမျိုးတို့"

ဟေသအမျိုးသား ပရိတ်သတ်၌
"ပရိသတ်၌" ဟူသည်မှာ လူများ၏ ရှေ့မှောက်ကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဟေသအမျိုးတို့ ကြားရာ၌" သို့မဟုတ် "ဟေသအမျိုးတို့ ကြားနိုင်ရန်"

မြို့တံခါးသို့ ဝင်သောသူအပေါင်း
ဟေသအမျိုးမှ မည်သူတို့ ကြားရကြောင်း ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မြို့တံခါး၌ စုရုံးလာသူအပေါင်း"

မြို့တံခါး
မြို့၏ ခေါင်းဆောင်များက အရေးကြီးသော ဆုံးဖြတ်ချက်များကို မြို့တံခါးတွင် ဆွေးနွေးလေ့ရှိသည်။

မြို့
"သူနေသောမြို့။" ဧဖရုန်သည် ထိုမြို့သား ဖြစ်ကြောင်း ထင်ရှားစေသည်။ ထိုမြို့ကို ပိုင်သည်မဟုတ်။

အကျွန်ုပ်သခင်
အာဗြဟံကို လေးစားသမှုဖြင့် ခေါ်ခြင်းဖြစ်သည်။

အကျွန်ုပ်အမျိုးသားများ ရှေ့၌
"ရှေ့၌" က လူသိရှင်ကြား ဖြစ်ကြောင်း ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အကျွန်ုပ် ပြည်သားများ မြင်ရာ၌"

အကျွန်ုပ်အမျိုးသားများ
"ကျွန်တော့် ပြည်သားများ" သို့မဟုတ် "ဟိတ္တိအမျိုးတော်များ" ဟု ဆိုလိုသည်။

အကျွန်ုပ်
ထိုလူစုထဲတွင် ဧဖရုန်လည်း ပါဝင်ကြောင်း ထင်ရှားစေသည်။ မိမိလက်အောက်ခံဟု ဖော်ပြသည်မဟုတ်။

ကိုယ်တော်၏မယား အသေကောင်ကို သင်္ဂြိုဟ်ပါ
"ကိုယ်တော့်မယားကို သင်္ဂြိုဟ်ခြင်းငှါ ပေးလိုက်ပါ၏"

ကိုယ်တော်၏မယား အသေကောင်
"မယား အသေကောင်" ကို ကြိယာပုဒ်အဖြစ် သို့မဟုတ် "မယား" ဟု ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သေသွားသော ကိုယ်တော့်မယား" သို့မဟုတ် "ကိုယ်တော်၏ မယား"

## Genesis 23:12

ထိုပြည်သားများ
"ထိုအရပ်၌ နေသောသူများ"

ဦးညွတ်ချလျက်
တစုံတဦးကို ရိုသေမှုနှင့် ချီးမြှောက်မှုကို ပြသော အမူအရာဖြစ်သည်။

ထိုလယ်ပြင်အဘိုးငွေကို ငါပေးမည်
"ထိုလယ်မြေကို အဘိုးအတိုင်း ငါပေးမည်"

ငါ၏မယား အသေကောင်
"မယား အသေကောင်" ကို ကြိယာပုဒ် သို့မဟုတ် "မယား" ဟု ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သေသွားသော ငါ့မယား" သို့မဟုတ် "ငါ၏မယား"

ပြည်သား ပရိသတ်တို့ရှေ့မှာ
စိတ္တဇနာမ် "ရှေ့" ဟူရာတွင် လူသိရှင်ကြားဖြစ်ကြောင်း ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုအရပ်၌ နေသော လူများ ကြားနိုင်ရန်" သို့မဟုတ် "ထိုအရပ်၌ လူတို့ ရှေ့မျှောက်မှာ"

**Genesis 23:14**

ဧဖရုန်
ယောက်ျားအမည် ဖြစ်သည်။ ၂၃:၇ မှ ပြန်ဆိုချက်ကို ရှု။

အကျွန်ုပ်သခင်
အာဗြဟံကို လေးစားသမှုဖြင့် ခေါ်ခြင်းဖြစ်သည်။

အကျွန်ုပ်သခင်၊ နားထောင်ပါ
"နားထောင်ပါ အကျွန်ုပ်တို့သခင်" သို့မဟုတ် "နားထောင်ပါ"

ကိုယ်တော်၏မယား အသေကောင်ကို သင်္ဂြိုဟ်ပါလော့
"မယား အသေကောင်" ကို ကြိယာပုဒ်အဖြစ် သို့မဟုတ် "မယား" ဟု ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သေသွားသော ကိုယ်တော်၏ မယားကို သင်္ဂြိုဟ်ပါလော့" သို့မဟုတ် "ကိုယ်တော်၏ မယားကို သင်္ဂြိုဟ်ပါလော့"

ထိုမြေသည် ငွေလေးပိဿာ အဘိုးထိုက်ပါ၏။ ကိုယ်တော်နှင့် အကျွန်ုပ်၌ အဘယ်အတွက်ရှိသနည်း
ဧဖရုန်နှင့် အာဗြဟံတို့ နှစ်ဦးစလုံး ချမ်းသာသောကြောင့် ထိုငွေလေးပိဿာမှာ မပြောပလောက်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ ဖြစ်ကြောင်းပြ စာပိုဒ်အဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုမြေသည် ငွေလေးပိဿာ ရှိပါ၏။ ကိုယ်တော်နှင့် အကျွန်ုပ်အတွက် မပြောပလောက်ပါ"

ဧဖရုန် အဘိုးပြတ်သည်အတိုင်း
"ဧဖရုန် ဆိုသည့် ပမာဏအတိုင်း"

ငွေလေးပိဿာ
ငွေအလေးချိန် ၄.၅ ကီလိုဂရမ်ခန့် ရှိသည်။

လေးပိဿာ
"ကျပ်သား ၄၀၀"

အာဗြဟံသည်လည်း . . . ငွေလေးပိဿာကို ချိန်၍၊ သူ့အားပေးလေ၏
"အာဗြဟံကလည်း ... ငွေကို ချိန်၍၊ သူ့အား ပေးလေ၏" သို့မဟုတ် "အာဗြဟံကလည်း ... ငွေကို တွက်၍၊ သူ့အား ပေးလေ၏"

ကုန်သည်သုံးတတ်သော ငွေမျိုး
"ကုန်သည်တို့ စံနှုန်းအတိုင်း။" စာပိုဒ်သစ် အဖြစ် ထည့်သွင်းနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကုန်သည်တို့ ပြုသည့်အတိုင်း ငွေကိုချိန်၍"

ဟေသအမျိုးသား
ဟေသ၏ အမျိုးအနွယ်ကို ညွှန်းသည်။ ၂၃:၃ မှ ပြန်ဆိုချက်ကို ရှု။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဟေသ၏ အမျိုး"

ဟေသအမျိုးသား ပရိသတ်ရှေ့
"ရှေ့" ဟုဆိုရာတွင် လူသိရှင်ကြား ဖြစ်ကြောင်း ဆိုလိုသည်။ အခြားသသော ဘာသာပြန်ဆိုချက်၊ "ဟေသအမျိုးတို့ ရှေ့" သို့မဟုတ် "ဟေသလူမျိုးတို့ ရှေ့"

**Genesis 23:17**

မံရေမြို့
ဟေဗြုံမြို့၏ အခြားအမည်ဖြစ်သည်။ ထိုနေရာတွင် နေထိုင်သော အာဗြဟံ၏ မိတ်ဆွေ မံရေ၏ အမည်ကို အစွဲပြုခြင်း ဖြစ်နိုင်သည်။

မပွေလအရပ်
နေရာ သို့မဟုတ် အရပ်ဒေသ၏ အမည်ဖြစ်သည်။ ၂၃:၇ မှ ပြန်ဆိုချက်ကို ရှု။

လယ်ပြင်ကိုဒင်း၊ လယ်ပြင်၌ ရှိသောမြေတွင်း နှင့်သစ်ပင်များ
ဧဖရုန်ထံမှ ဝယ်သောမြေကို တိကျစွာ ဖော်ပြခြင်း ဖြစ်သည်။ လယ်ပြင်မျှသာ မဟုတ်ဘဲ၊ ဂူနှင့် သစ်ပင်များလည်း ပါဝင်သည်။

ဟေသအမျိုးသား
"အမျိုးသား" ဟု ဆိုရာတွင် ဟေသ၏ အမျိုးအနွယ်များအားလုံးကို ဆိုလိုသည်။ ၂၃:၃ မှ ပြန်ဆိုချက်ကို ရှု။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဟေသ၏ အမျိုး"

ဟေသအမျိုးသား ပရိတ်သတ်၌
"ပရိသတ်၌" ဟု ဆိုရာတွင် လူသိရှင်ကြား ဖြစ်ကြောင်း ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဟေသလူမျိုးတို့ ရှေ့၌"

မြို့တံခါးသို့ ဝင်သောသူ အပေါင်းတို့ရှေ့မှာ
မြေကို ဝယ်ယူချိန်၌ မျက်မြင်သက်သေ ဖြစ်ကြသူများကို ညွှန်းသည်။ ၂၃:၁၀ မှ ပြန်ဆိုချက်ကို ရှု။

မြို့
"မိမိနေထိုင်သောမြို့။" ဧဖရုန်၏ ဇာတိကို ညွှန်းသည်။ ပိုင်ဆိုင်မှုကို ညွှန်းခြင်း မဟုတ်။

မြို့တံခါး
မြို့ခေါင်းဆောင်တို့က အရေးကြီးကိစ္စများ ဆွေးနွေးသောနေရာ ဖြစ်သည်။

အာဗြဟံဥစ္စာဘို့ လုံခြုံစွာ အပ်ပေးလေ၏
"ဝယ်ယူသမျှသည် အာဗြဟံ၏အပိုင် ဖြစ်လေ၏" သို့မဟုတ် "အာဗြဟံ ဝယ်၍ မိမိဥစ္စာဖြစ်လေ၏"

**Genesis 23:19**

ထိုနောက်မှ
"မြေကို ဝယ်ယူပြီးနောက်"

မပေ့လလယ်ပြင်
"မက်ဖေလ လယ်ပြင်ရှိ"

မြေတွင်း
"ဂူ"

ထိုအရပ်ကား . . . ဟေဗြုန်အရပ် ဖြစ်သတည်း
ဖြစ်နိုင်ချေများမှာ၊ ၁) မံရေ၏ တခြားအမည်ဖြစ်သည် သို့မဟုတ် ၂) မံရေမှာ ဟေဗြုန်၏ ရှေးအမည်ဖြစ်သည် သို့မဟုတ် ၃) ဟေဗြုန်မြို့ကြီး၏ အနီးတွင် ရှိသောကြောင့်၊ ၎င်းကို လိုက်၍ ခေါ်လေ့ရှိသည်။

ဟေသအမျိုးသားတို့
"အမျိုးသား" မှာ ဟေသ၏ အမျိုးအနွယ်ကို ညွှန်းသည်။ ၂၃:၃ မှ ပြန်ဆိုချက်ကို ရှု။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဟေသ၏အမျိုး"

အာဗြဟံ ပိုင်ထိုက်သော သင်္ချိုင်းဖြစ်စေခြင်းငှါ၊ ဟေသအမျိုးသားတို့သည် လုံခြုံစွာ အပ်ပေးကြ၏
"ဟိတ္တိလူမျိုးတို့ထံမှ သင်္ချိုင်းမြေအဖြစ် ဝယ်ယူသောအခါ၊ အာဗြဟံ၏ ပိုင်ဆိုင်မှုဖြစ်လာ၏"


generated on Fri Sep 22 10:08:29 2023

## Chapter 24

[1] အာဗြဟံသည်အို၍၊ အသက်အရွယ်ကြီးရင့်လှပြီ။ ထာဝရဘုရားသည်၊ အရာရာ၌ သူ့ကို ကောင်းကြီး ပေးတော်မူပြီ။ [2]
အာဗြဟံသည်၊ မိမိအိမ်သားတို့တွင် အသက်ကြီး ၍ ဘဏ္ဍာစိုးလုပ်သောသူကိုခေါ်လျက်၊ [3] သင်သည်၊ ငါနေသော ခါနာန်အမျိုးသမီးတို့
တွင်၊ ငါ့သားဘို့ မယားကို မရွေးမယူဘဲ၊ [4] ငါ့ပြည်ငါ့အမျိုးသားချင်းတို့ထံသို့သွား၍၊ ငါ့သား ဣဇာက်အဘို့ မယားကိုယူရမည်ဟု၊
သင်၏လက်ကို ငါ့ ပေါင်အောက်၌ထားပြီးမှ၊ ကောင်းကင်မြေကြီးအရှင် ဘုရားသခင်၊ ထာဝရဘုရားကို တိုင်တည်၍၊ ငါကျိန်ဆိုစေ
ပါမည်ဟုဆို၏။ [5] ကျွန်ကလည်း၊ မိန်းမသည်ဤပြည်သို့ ကိုယ်တော် ၏သားကို တဖန်ကျွန်တော်ခေါ်သွားရပါမည်လောဟု
မေးလေသော်၊ [6] အာဗြဟံက၊ ထိုပြည်သို့ ငါ့သားကိုခေါ်၍ မသွား နှင့်။ သတိပြုလော့။ [7] ငါ့အဘ၏အိမ်မှငင်း၊
ငါ့အမျိုးသားနေရာပြည်မှ ငင်း ငါ့ကိုခေါ်၍၊ သင်၏အမျိုးအနွယ်အား ဤပြည်ကို ငါပေးမည်ဟု၊ငါ့အား ဗျာဒိတ်တော်ပေး၍
ကျိန်ဆိုတော်မူ သော ကောင်းကင်ဘုံရှင်ဘုရားသခင် ထာဝရဘုရားသည်၊ မိမိကောင်းကင်တမန်ကို သင့်ရှေ့၌ စေလွှတ်တော်မူ သဖြင့်၊
သင်သည်ထိုပြည်မှ ငါ့သားဘို့ မယားကို ယူရလိမ့် မည်။ [8] မိန်းမသည်သင်နှင့်အတူ မလိုက်လိုလျှင်၊ သင် သည်၊
ယခုငါပေးသောကျိန်ဆိုခြင်းနှင့် ကင်းလွတ်စေ။ ငါ့သားကို ထိုပြည်သို့ခေါ်၍ မသွားနှင့်ဟုဆိုပြီးမှ၊ [9] ကျွန်သည် သခင်အာဗြဟံ၏
ပေါင်အောက်၌ လက်ကိုထား၍ ထိုအမှု၌ကျန်ဆိုလေ၏။ [10] ထိုကျွန်သည်လည်း၊ မိမိသခင်၏ဥစ္စာရှိသမျှကို စီရင်သောသူဖြစ်၍၊
သခင်၏ကုလားအုပ်စုထဲက၊ ကုလား အုပ်ဆယ်စီးကိုယူ၍ထသွားသဖြင့်၊ မေသောပေါတာမိ တိုင်း၊ နာခေါ် မြို့သို့ ရောက်လေ၏။ [11]
မိန်းမများရေခပ်သော ညဦးယံအချိန်၌၊ မြို့ပြင် ရေတွင်းနားမှာ ကုလားအုပ်တို့ကို ဝပ်စေပြီးလျှင်၊ [12] အကျွန်ုပ်၏သခင်၊ အာဗြဟံ၏
ဘုရားသခင် ထာဝရဘုရား ယနေ့ အကျွန်ုပ်အကြံကို ထမြောက်စေ၍၊ အကျွန်ုပ်၏သခင် အာဗြဟံ၌ ကျေးဇူးပြုတော်မူပါဟု၊
အကျွန်ုပ်ဆုတောင်းပါ၏။ [13] အကျွန်ုပ်သည်၊ ဤရေတွင်းနားမှာ ရပ်နေ၍၊ ထိုမြို့သူသတို့ သမီးတို့သည်၊ ရေခပ်ခြင်းငှါလာကြသည်
တွင်၊ [14] အကြင်သတို့သမီးကို၊ ကျွန်ုပ်သောက်ခြင်းငှါ သင်ရေဘူးကို ချပါဟုဆိုသော်၊ သောက်ပါ၊ သင်၏ကုလား အုပ်တို့ကိုလည်း
ရေတိုက်ပါမည်ဟု၊ ပြန်ဆိုသော သမီး သည်၊ ကိုယ်တော်၏ကျွန်ဣဇာက်ဘို့ ခန့်ထားတော် မူသောသူဖြစ်ပါစေသော။ ထိုသို့အားဖြင့်၊
အကျွန်ုပ်၏ သခင်၌ ကျေးဇူးပြုတော်မူကြောင်းကို၊ အကျွန်ုပ်သိရပါ မည်ဟု လျှောက်ဆို၏။ [15] ထိုသို့လျှောက်ဆို၍မပြီးမှ၊
အာဗြဟံအစ်ကိုနာ ခေါ်မယား မိလခါသား၊ ဗေသွေလ၏သမီး ရေဗက္ကသည်၊ ရေဘူးကိုထမ်းလျက် ထွက်လာသည်ကိုမြင်၏။ [16]
ထိုသတို့သမီးသည်၊ အလွန်အဆင်းလှ၍၊ ယောကျ်ားနှင့် မဆက်ဆံသေးသော ကညာဖြစ်၏။ ရေတွင်းသို့ဆင်း၍၊ ရေဘူးကို
ရေနှင့်ဖြည့်ပြီးမှ တက်လာ ၏။ [17] ကျွန်သည်လည်း၊ ထိုမိန်းမနှင့်တွေ့ခြင်းငှါပြေး၍၊ သင်၏ရေဘူး၌ ရေအနည်းငယ်ကို
သောက်ပါရစေဟု ဆိုလေသော်၊ [18] မိန်းမက၊ သောက်ပါလောအရှင်ဟုဆိုသဖြင့်၊ မိမိလက်ပေါ်မှာ၊ အလျင်အမြန်ရေဘူးကို ချ၍၊
ရေကို ပေးလေ၏။ [19] ရေကိုပေးပြီးလျှင်၊ သင်၏ကုလားအုပ်တို့သည် လည်း၊ ဝစွာ သောက်စရာဘို့ရေခပ်ပါမည်ဟု ဆိုသည် အတိုင်း၊
[20] အလျင်အမြန်ဘူး၌ရှိသော ရေကိုရေတိုက်ခွက် ထဲ၌ လောင်းပြီးလျှင်၊ တဖန်ခပ်ခြင်းငှါ ရေတွင်းသို့ပြေး၍၊ ကုလားအုပ်အဘို့
ရေခပ်လေ၏။ [21] ယောကျ်ားသည် ထိုမိန်းမကို အံ့သြ၍၊ မိမိ ရောက်လာသော အမှုကို ထာဝရဘုရားပြုစုတော်မူသည်၊ မမူသည်ကို
သိလို၍၊ တိတ်ဆိတ်စွာ နေလေ၏။ [22] ကုလားအုပ်များကို ရေသောက်စေပြီးသော နောက်၊ ယောကျ်ားသည်၊ အချိန်ငါးမူးရှိသော
ရွှေနှာဆွဲ၊ အကျပ်တဆယ်အချိန်ရှိသော ရွှေလက်ကောက်တရံကို ထုတ်၍၊ [23] သင်သည် အဘယ်သူ၏သမီးဖြစ်သနည်း။ ကျွန်ုပ်ကို
ပြောပါ။ သင်၏အဘအိမ်၌ ကျွန်ုပ်တို့တည်းခို စရာအရပ်ရှိသလောဟု မေးလေသော်၊ [24] မိန်းမက၊ ကျွန်ုပ်သည် နာခေါ်၏မယားမိလခါ
ဘွားမြင်သော၊ ဗေသွေလ၏သမီးဖြစ်သည်ဟူ၍၎င်း၊ [25] ကျွန်ုပ်တို့၌ မြက်ခြောက်များ၊ စားဘွယ်သောက် ဘွယ်များနှင့်
တည်းခိုစရာအရပ်လည်း ရှိသည်ဟူ၍၎င်း ဆိုလေ၏။ [26] ထိုအခါယောကျ်ားသည် ဦးညွှတ်ချ၍ ထာဝရ ဘုရားကိုကိုးကွယ်လျက်၊ [27]
ကရုဏာ၊ သစ္စာတော်ကို အကျွန်ုပ်သခင်မှ ရုပ်သိမ်းတော်မမူသော၊ အကျွန်ုပ်သခင်အာဗြဟံ၏ ဘုရားသခင် ထာဝရဘုရားသည်
မင်္ဂလာရှိတော်မူစေ သတည်း။ လမ်းမှာ သွားလျက်ရှိသော အကျွန်ုပ်ကို ထာဝရဘုရားသည် အကျွန်ုပ်သခင်၏ညီအစ်ကိုတို့အိမ်သို့
ပို့ဆောင်တော်မူပါသည်တကားဟု မြွက်ဆို၏။ [28] သတို့သမီးသည်လည်းပြေး၍ အမိ၏အိမ်၌ ဤအရာများကို ကြားပြောလေ၏။ [29]
ရေဗက္က၌ လာဗန်အမည်ရှိသော မောင် တယောက်ရှိ၏။ လာဗန်သည် ယောကျ်ားရှိရာ ရေတွင်း သို့ပြေး၏။ [30] သူသည်နှာဆွဲကို၎င်း၊
နှမလက်၌ လက်ကောက် ကို၎င်း မြင်၍၊ ထိုယောကျ်ားသည်ကျွန်ုပ်ကို ဤသို့ ပြောသည်ဟု၊ နှမရေဗက္ကဆိုသော စကားကို ကြားသော
အခါ၊ ရေတွင်း၌ ကုလားအုပ်အနားမှာရပ်နေသော ယောကျ်ားထံသို့ ရောက်သောအခါ၊ [31] ထာဝရဘုရားကောင်းကြီးပေးတော်မူသော
သူ၊ ကျွန်ုပ်အိမ်သို့ ဝင်ပါလော့။ ပြင်၌အဘယ်ကြောင့် ရပ်နေ သနည်း။ အိမ်ကို၎င်း၊ ကုလားအုပ် များနေရာအရပ်ကို ၎င်း၊
ကျွန်ုပ်ပြင်ပါပြီဟုဆိုသဖြင့်၊ [32] ယောကျ်ားကိုအိမ်သို့သွင်း၍ ကုလားအုပ်တို့ တန်ဆာကို ချွတ်ပြီးမှ၊ သူတို့အားမြက်ခြောက်နှင့်စားစရာ
ကို ပေး၏။ ယောကျ်ားခြေ၊ လိုက်သော သူတို့ခြေဆေးဘို့ ရေကိုလည်းပေးလေ၏။ [33] သူ့ရှေ့မှာ စားစရာကို ထည့်သောအခါ၊ သူက၊
ကျွန်ုပ်သည် ကိုယ်အမှုကိုမပြောမှီမစားလိုပါဟုဆိုလျှင်၊ ပြောပါဟုဆို၏။ [34] ယောကျ်ားကလည်း၊ ကျွန်ုပ်ကားအာဗြဟံ၏
ကျွန်ဖြစ်ပါ၏။ [35] ထာဝရဘုရားသည် ကျွန်ုပ်၏သခင်ကို အလွန် ကောင်းကြီးပေးတော်မူသဖြင့်၊ သူသည်ကြီးမြတ်ခြင်းသို့
ရောက်လေပြီ။ သိုးစု၊ နွားစု၊ ရွှေ၊ ငွေ၊ ကျွန်ယောကျ်ား၊ ကျွန်မိန်းမ၊ ကုလားအုပ်နှင့်မြည်းများတို့ကို ပေးတော်မူပြီ။ [36]
ကျွန်ုပ်သခင်၏မယားစာရာသည်၊ သခင် အသက်အိုသောအခါ၊ သူ့အားသားကို ဘွားမြင်သဖြင့်၊ ထိုသားအားဥစ္စာရှိသမျှကိုသခင်သည်
အပ်ပေးပြီ။ [37] ကျွန်ုပ်၏သခင်ကလည်း၊ သင်သည်ငါနေသော ခါနာန်အမျိုးသမီးတို့တွင်၊ ငါ့သားဘို့ မယားကို မရွေးဘဲ၊ [38]
ငါ့အဘ၏အိမ်၊ ငါ့အမျိုးသားချင်းတို့ထံသို့ သွား၍၊ ငါ့သားဘို့ မယားကို ယူရမည်ဟု အကျွန်ုပ်ကို ကျိန်ဆိုစေ၏။ [39]
အကျွန်ုပ်ကလည်း၊ မိန်းမသည်မလိုက်လိုလျှင် အဘယ်သို့နည်းဟု သခင်ကိုမေးလေသော်၊ [40] သခင်က၊
အကြင်ထာဝရဘုရားသခင်ရှေ့တော် ၌ ငါသွားလာ၏၊ ထိုဘုရားသည် မိမိကောင်းကင်တမန် ကို သင်နှင့်အတူစေလွှတ်၍၊
သင်သွားသောအမှုကို ပြုစုတော်မူသဖြင့်၊ ငါ့အမျိုးသားချင်း၊ ငါ့အဘ၏အိမ်ထဲ က ငါ့သားဘို့ မယားကိုယူရမည်။ [41]
ငါ့အမျိုးသားချင်းတို့ထံသို့ရောက်သောအခါ၊ သင်သည် ငါပေးသော ကျိန်ဆိုခြင်းနှင့်ကင်းလွတ်စေ။

ထိုသူတို့သည်မိန်းမကိုမပေးသော်လည်း၊ သင်သည် ငါပေးသော ကျိန်ဆိုခြင်းနှင့်ကင်းလွတ်စေမည်ဟု ပြော၏။ 42
ကျွန်ုပ်သည်ယနေ့ရေတွင်းသို့ ရောက်ပြီးလျှင်၊ ကျွန်ုပ်သခင် အာဗြဟံ၏ဘုရားသခင်ထာဝရဘုရား၊ အကျွန်ုပ်ရောက်လာသော အမှုကို
ယခုပြုစုတော်မူလျှင်၊ 43 အကျွန်ုပ်သည် ရေတွင်းနားမှာရပ်နေ၍၊ ရေခပ် ခြင်းငှါ လာသော အကြင်သမီးကညာကို၊ ကျွန်ုပ်သောက် ဘို့
သင်၏ရေဘူး၌ရေအနည်းငယ်ကို ပေးပါဟုတောင်း သော်၊ 44 သောက်ပါ။သင်၏ကုလားအုပ်တို့ဘို့လည်း ရေခပ်ပါမည်ဟု
ပြန်ဆိုသောသမီးကညာသည်၊ ကိုယ် တော်ကျွန်၏သားဘို့၊ ခန့်ထားတော်မူသော မိန်းမဖြစ်ပါ စေသောဟု လျှောက်ဆို၏။ 45
ထိုသို့စိတ်နှလုံး၌ လျှောက်ဆို၍မပြီးမှီ၊ ရေဗက္ကသည် ရေဘူးကို ထမ်းလျက်ထွက်လာသဖြင့်၊ ရေတွင်းသို့ ဆင်း၍ ရေခပ်သည်ကို
ကျွန်ုပ်မြင်လျှင်၊ ရေသောက်ပါရ စေဟု သူ့ကိုတောင်းလေသော်၊ 46 သူသည်အလျင်အမြန်ပခုံးပေါ်က ရေဘူးကို ချလျက်၊
သောက်ပါလော့။ သင်၏ ကုလားအုပ်တို့ကို လည်း၊ ရေတိုက်ပါမည်ဟုဆိုသည်အတိုင်း၊ ကျွန်ုပ်သောက် ရ၏။ ကုလားအုပ်တို့ကိုလည်း
ရေတိုက်လေ၏။ 47 ကျွန်ုပ်ကလည်း၊ သင်သည် အဘယ်သူ၏ သမီးဖြစ်သနည်းဟုမေးသော်၊ သူက၊ ကျွန်ုပ်သည် မိလခါ
ဘွားမြင်သော နာခေါ်သားဗေသွေလ ၏သမီးဖြစ်သည် ဟုပြောဆို၏။ ကျွန်ုပ်သည် မိလခါဘွားမြင်သော နာခေါ်
သားဗေသွေလ၏သမီးဖြစ်သည်ဟုပြောဆို၏။ ကျွန်ုပ် သည်လည်း၊ သူ၏ မျက်နှာ၌နှာဆွဲကိုဝှင်း၊ သူ၏လက်၌
လက်ကောက်တို့ကိုဝှင်းထည့်ပြီးလျှင်၊ 48 ဦးညွှတ်ချ၍၊ ကျွန်ုပ်သခင်အစ်ကို၏ မြေးကို သခင်၏သားဘို့ ယူစေခြင်းငှါ၊
မှန်သောလမ်းဖြင့် ပို့ဆောင်တော်မူသော ကျွန်ုပ်သခင် အာဗြဟံ၏ ဘုရား သခင် ထာဝရဘုရားကို ကောင်းကြီးပေး၍ ကိုးကွယ် လေ၏။
49 ယခုတွင်သင်တို့သည်၊ ကျွန်ုပ်သခင်၌ သစ္စာနှင့် ကျေးဇူးပြုမည်၊ မပြုမည်ကိုပြောပါ။ ကျွန်ုပ်သည်လည်း၊ လက်ျာလမ်းဖြစ်စေ၊
လက်ဝဲလမ်းဖြစ်စေ၊ တလမ်းလမ်းသို့ လိုက်သွားပါမည်ဟု ပြောဆို၏။ 50 လာဗန်နှင့်ဗေသွေလတို့ကလည်း၊ ဤအမှုသည်
ထာဝရဘုရား စီရင်တော်မူသောအမှုဖြစ်၏။ အကျွန်ုပ်တို့ သည်၊ သင့်အား ကောင်းမကောင်းကို မပြောနိုင်ပါ။ 51 ရေဗက္ကသည်
သင့်ရှေ့၌ရှိပါ၏။ ယူသွားပါ လော့။ ထာဝရဘုရား မိန့်တော်မူသည်အတိုင်း၊ သင်၏ သခင်သား၏ မယားဖြစ်စေဟုပြန်ဆို၏။ 52
ထိုစကားကိုကြားလျှင်၊ အာဗြဟံကျွန်သည် ဦးညွှတ်ချ၍၊ ထာဝရဘုရားကို ကိုးကွယ်ပြီးမှ၊ 53 ငွေဖလား၊ ရွှေဖလား၊
အဝတ်တန်ဆာများကို ထုတ်၍ ရေဗက္ကအားပေး၏။ သူ၏အမိ၊ မောင်အားလည်း၊ အဘိုးထိုက်သော လက်ဆောင်ကိုပေး၏။ 54
သူနှင့်သူ၏အဘော်အပေါင်းတို့သည်၊ စား သောက်၍ ညဥ့်ကို လွန်စေပြီးမှ၊ နံနက်ယံ၌ထလျက်၊ ကျွန်ုပ်သည်၊
သခင်ထံသို့ပြန်ပါရစေဟု ဆိုလေသော်၊ 55 မောင်နှင့်အမိက၊ မိန်းမကလေးသည်၊ ကျွန်ုပ်တို့ ထံမှာ၊ ဆယ်ရက်ခန့်လောက်နေပါစေဦး။
နောက်မှ၊ သူ့ကိုသွားပါစေမည်ဟု ဆိုကြ၏။ 56 ထိုသူကလည်း၊ ကျွန်ုပ်ကို မဆီးတားပါနှင့်။ ထာဝရဘုရားသည်၊
ကျွန်ုပ်ရောက်လာသောအမှုကို ပြုစုတော်မူပြီ။ ကျွန်ုပ်သည် သခင်ထံသို့ သွားရသော အခွင့်ကို ပေးပါလော့ဟုဆိုလျှင်၊ 57 သူတို့က၊
မိန်းကလေးကိုခေါ်၍၊ သူ့အလိုကို မေးပါဦးမည်ဟု ဆိုသည်နှင့်၊ 58 ရေဗက္ကကိုခေါ်၍ သင်သည်ဤလူနှင့်အတူ ယခုလိုက်မည်လောဟု
မေးသောအခါ၊ ကျွန်ုပ်လိုက်ပါမည် ဟုဆို၏။ 59 သို့ဖြစ်၍၊ မိမိနှမရေဗက္ကနှင့် သူ၏အထိန်းကိုဝှင်း၊ အာဗြဟံကျွန်နှင့်
သူ၏လူတို့ကိုဝှင်း လွှတ်လိုက် ကြ၏။ 60 ရေဗက္ကကိုလည်း၊ သင်သည် ကျွန်ုပ်တို့၏နှမ ဖြစ်၏။
အသောင်းအသိန်းတို့၏အမိဖြစ်ပစေသော။ သင်၏အမျိုးအနွယ်သည် ရန်သူတို့၏ တံခါးများကို အစိုးရပါစေသောဟု
ကောင်းကြီးပေးကြ၏။ 61 ရေဗက္ကနှင့်သူ၏မိန်းမငယ်တို့သည်ထ၍၊ ကုလားအုပ်ကိုစီးလျက်၊ ထိုယောကျ်ားနှင့်အတူ လိုက်ကြ ၏။
ထိုသို့ အာဗြဟံကျွန်သည် ရေဗက္ကကို ဆောင်သူ သွားလေ၏။ 62 ထိုအခါ တောင်ပြည်အတွင်း၌ နေသော ဣဇာက်သည်၊
ဗေရလဟဲရောလမ်းဖြင့် ရောက်လာသည် ဖြစ်၍၊ 63 ညဦးအချိန်၌ ဆင်ခြင်လိုသောငှါ၊ တောအရပ် သို့ထွက်သွား၍၊ မျှော်ကြည့်လျှင်၊
ကုလားအုပ်များ လာသည်ကို မြင်လေ၏။ 64 ရေဗက္ကသည်လည်း၊ မျှော်ကြည့်၍ ဣဇာက်ကို မြင်သောအခါ၊
ကုလားအုပ်အပေါ်မှဆင်းပြီးလျှင်၊ 65 ကျွန်ုပ်တို့ကို ကြိုဆိုခြင်းငှါ၊ တော၌လာသော ထိုသူကား၊ အဘယ်သူနည်းဟု
ကျွန်ကိုမေးလေသော်၊ ကျွန်က၊ ထိုသူသည် ကျွန်ုပ်သခင်ဖြစ်ပါ၏ဟု ပြောဆို သောစကားကိုကြားလျှင်၊ ရေဗက္ကသည် မျက်နှာဖုံးကို
ယူ၍ ဖုံးလေ၏။ 66 ကျွန်သည်လည်း၊ မိမိပြုလေသမျှတို့ကို ဣဇာက် အား ကြားပြောပြီးမှ၊ 67 ဣဇာက်သည် မိမိအမိစာရာ၏ တဲသို့
ရေဗက္က ကို ဆောင်ယူ၍ စုံဘက်လေ၏။ ရေဗက္ကကိုချစ်နှစ်မြို့ သဖြင့်၊ အမိသေသောအမှု၌ သက်သာခြင်းသို့ ရောက် လေ၏။

---

**Genesis 24:1**

ငါနေသော
"ငါနေထိုင်သော ဤပြည်၌။" "ငါ" ဟု ဆိုရာတွင် အာဗြဟံ၏ အိမ်ထောင်မိသားစု တခုလုံး ပါဝင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါတို့နေထိုင်သော"

ခါနာန်အမျိုးသမီးတို့တွင်
"ခါနာနိအမျိုးသမီးတို့မှ" သို့မဟုတ် "ခါနာနိလူမျိုးတို့မှ။" ခါနာန်လူ အမျိုးသမီးများကို ညွှန်းသည်။

ငါ့အမျိုးသားချင်းတို့
"ငါ့မိသားစု"

ငါ့ပြည် . . . ထံသို့သွား၍
စေခိုင်းချက်အဖြစ် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "... ထံ သွားမည်အကြောင်း ကျိန်ဆိုလော့" သို့မဟုတ် "သို့ရာတွင် သင်သည် ငါ့ပြည် ... ထံသို့သွား၍"

သင်၏လက်ကို ငါ့ပေါင်အောက်၌ ထားပြီးမှ
တစုံတရာ ကျိန်ဆိုစေရန် ရည်ရွယ်ထားသည်။ အာဗြဟံ၏ ပေါင်အောက်၌ လက်ကို ထားခြင်းသည် ထိုကျိန်ဆိုသောအရာကို ပြုမည်ဟု အဓိပ္ပါယ် သက်ရောက်သည်။

ငါကျိန်ဆိုစေပါမည်
စေခိုင်းချက်အဖြစ် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့ထံ ကျိန်ဆိုလော့"


generated on Fri Sep 22 10:08:29 2023

ကောင်းကင်မြေကြီးအရှင် ဘုရားသခင်
"ကောင်းကင်နှင့်မြေကြီးအရှင် ဘုရားသခင်။" "ကောင်းကင်" နှင့် "မြေကြီး" ဆိုရာတွင် ဘုရားသခင် ဖန်ဆင်းသမျှသောအရာ အလုံးစုံ ပါဝင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကောင်းကင်မြေကြီး အလုံးစုံတို့၏အရှင် ဘုရားသခင်"

ကောင်းကင်
ဘုရားသခင် ကိန်းဝပ်သောနေရာကို ညွှန်းသည်။

ထာဝရဘုရားကို တိုင်တည်၍
ကျွန်ုပ်ဆိုရာ၌ မိမိထက် တန်ခိုးကြီးမြတ်သောသူကို တိုင်တည်ရသည်။ "ထာဝရဘုရားကို တိုင်တည်၍"

## Genesis 24:5

ကိုယ်တော် ထွက်လာသောပြည်သို့ ကိုယ်တော်၏သားကို တဖန် ကျွန်တော် ခေါ်သွားရပါမည်လော
"ကိုယ်တော့် ဇာတိပြည်တွင် နေထိုင်စေရန် ကိုယ်တော်၏ သားကို ကျွန်တော် ခေါ်သွားရပါမည်လော"

ထိုပြည်သို့ ငါ့သားကိုခေါ်၍ မသွားနှင့်။ သတိပြုလော့
"သတိပြုလော့" ဟု ဆိုရာတွင် အထက်က စကားကို အလေးပေးရန် သုံးထားခြင်း ဖြစ်သည်။ "ထိုပြည်သို့ ငါ့သားကို ခေါ်မသွားစေခြင်းငှါ သတိပြုလော့" သို့မဟုတ် "ထိုပြည်သို့ ငါ့သားကို ခေါ်၍ မသွားရ"

ငါ့အဘ၏အိမ်မှရင်း၊ ငါ့အမျိုးသားနေရာ ပြည်မှရင်း ငါ့ကိုခေါ်၍
"အိမ်" မှာ မိသားစုကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့အဘ၏ မိသားစုနှင့် ငါ့အမျိုးတို့၏တိုင်းပြည်မှ ငါ့ကိုခေါ်၍"

ငါ့အား ဗျာဒိတ်တော်ပေး၍ ကျိန်ဆိုတော်မူသော
"ငါ့ထံ ဂတိသစ္စာ ပြုတော်မူသော"

သင်၏အမျိုးအနွယ်အား ဤပြည်ကို ငါပေးမည်ဟု
ပြောခဲ့ပြီးသောအရာကို ကိုးကားသောစကားဖြစ်သည်။ သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့အမျိုးအနွယ်အား ဤပြည်ကို ပေးမည်ဟု"

မိမိကောင်းကင်တမန်ကို . . . စေလွှတ်တော်မူသဖြင့်
"မိမိ" မှာ ထာဝရဘုရားကို ညွှန်းသည်။

## Genesis 24:8

ယေဘုယျ အချက်အလက်
အငယ် ၈ တွင် အာဗြဟံက မိမိအစေခံကို ဆက်လက် လမ်းညွှန်ချက်ပေးသည်။

မိန်းမသည်သင်နှင့်အတူ မလိုက်လိုလျှင်
"သို့သော်၊ မိန်းမက သင်နှင့်အတူ မလိုက်လိုလျှင်။" ၂၄:၅ မှ အစေခံ၏ မေးခွန်းကို ဖြေဆိုပေးခြင်း ဖြစ်သည်။

သင်သည်၊ ယခု ငါပေးသော ကျိန်ဆိုခြင်းနှင့် ကင်းလွတ်စေ
"သင် ပြုလုပ်သော ကျိန်ဆိုခြင်းမှ ကင်းလွတ်စေ။" ချည်နှောင်မှ လွတ်မြောက်သကဲ့သို့ ခိုင်းနှိုင်းထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင် ကျိန်ဆိုထားသောအရာမှ ကင်းလွတ်စေ"

သခင်အာဗြဟံ၏ ပေါင်အောက်၌ လက်ကိုထား၍
ကျိန်ဆိုသည့်အတိုင်း ဆောင်ရွက်မည်အကြောင်း တိုင်တည်သော အပြုအမူဖြစ်သည်။

ထိုအမှု၌
"တောင်းဆိုသည့်အတိုင်း" သို့မဟုတ် "စေခိုင်းသည့်အတိုင်း ဆောင်ရွက်မည်ဟု"

ကျိန်ဆိုလေ၏
"သစ္စာကတိ ဆိုလေ၏"

## Genesis 24:10

မိမိသခင်၏ ဥစ္စာရှိသမျှကို စီရင်သောသူဖြစ်၍
သတို့သမီးအတွက် လက်ဖွဲ့အဖြစ် အာဗြဟံ ယူသွားစေသော အရာများ ပါရှိကြောင်း ထင်ရှားသည်။

. . . ကိုယူ၍ ထသွားသဖြင့်
ခရီးထွက်သောအခါ ယူသွားသောအရာများကို စာရင်းပြုခြင်းဖြစ်သည်။

နာခေါ်မြို့
ဖြစ်နိုင်ချေများမှာ၊ ၁) နာခေါ်နေသောမြို့ သို့မဟုတ် ၂) "နာခေါ်အမည်ရှိ မြို့။" ရှင်းပြစရာမလိုသော အသုံးအနှုန်းဖြင့်လည်း ဖော်ပြနိုင်သည်။

ထသွားသဖြင့် . . . ရောက်လေ၏
"ထွက်သွားသဖြင့် ... ရောက်လေ၏" သို့မဟုတ် "ထွက်သွားပြီး ... ရောက်လေ၏"

ရေခပ်သော
"ရေခပ်ကြသော" (UDB)

ရေတွင်း
"ရေရှိသောတွင်း" သို့မဟုတ် "တွင်း" (UDB)

ကုလားအုပ်တို့ကို ဝပ်စေပြီးလျှင်
ခြေထောက်ရှည်သော တိရစ္ဆာန်မျိုး ဖြစ်သည်။ မြေပေါ် ထိုင်ချစေခြင်း ဖြစ်သည်။ "ကုလားအုပ်တို့ကို ထိုင်စေပြီးလျှင်"

## Genesis 24:12

ယနေ့ အကျွန်ုပ်အကြံကို ထမြောက်စေ၍၊ အကျွန်ုပ်၏သခင် အာဗြဟံ၌ ကျေးဇူးပြုတော်မူပါ
ဘုရားသခင်၏ အမှုပြုခြင်းကို တောင်းလျှောက်သောစကား ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်သခင် အာဗြဟံ၌ ပဋိညာဉ်တရားကို ပြည့်စုံစေခြင်းငှါ အကျွန်ုပ်အကြံကို ယနေ့ ထမြောက်စေတော်မူပါ"

အကျွန်ုပ်အကြံကို ထမြောက်စေ၍
"အကျွန်ုပ်ကို အောင်မြင်ခြင်းပေး၍။" အစေခံက အာဗြဟံ၏သားအတွက် မိန်းမကောင်းကို ရှာပေးလိုသည်။ "ထမြောက်" ကို စိတ္တဇနာမ်ဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အောင်မြင်ခြင်းအခွင့်ပေး၍" သို့မဟုတ် "ကျွန်ုပ် ရောက်လာရသည့်အကြောင်းရင်းကို ပြည့်စုံစေ၍"

အကျွန်ုပ်၏သခင် အာဗြဟံ၌ ကျေးဇူးပြုတော်မူပါ
ဘုရားသခင်က အာဗြဟံနှင့် ပြုခဲ့သော ပဋိညာဉ်တရားကို ညွှန်းသည်။ စိတ္တဇနာမ် "ကျေးဇူး" ကို "တည်စေ" ဟု

ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်သခင် အာဗြဟံ၌ ပဋိညာဉ်တရားကို တည်စေတော်မူပါ"

ရေတွင်း
"ရေစမ်း" သို့မဟုတ် "တွင်း"

ထိုမြို့သူ သတို့သမီးတို့
"ထိုမြို့သူ အပျိုတို့"

အကြင်သတို့သမီးကို၊ ကျွန်ုပ်သောက်ခြင်းငှါ သင်ရေဘူးကိုချပါဟု ဆိုသော်
ပြောခဲ့ပြီးသောစကားကို ပြန်လည် ကိုးကားခြင်း ဖြစ်သည်။ သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အပျိုတစ်ယောက်ထံ၊ ကျွန်ုပ်သောက်ရန် ရေအိုးကိုချပေးပါ ဆိုသောအခါ"

သင်ရေဘူးကိုချပါ
အမျိုးသမီးတို့က ရေအိုးကို ပုခုံးပေါ် တင်ထားရသည်။ ထို့ကြောင့် အောက်ငုံ့မှ ရေကို သောက်နိုင်မည်ဖြစ်သည်"

ရေဘူး
အရည်များကို သယ်ယူ ထည့်သုံးရန် ရွှံ့စေးမှ ထုလုပ်ထားသော သာမန်အရွယ် အိုး။

ဖြစ်ပါစေသော
"ဖြစ်စေပါ" သို့မဟုတ် "ဖြစ်ပါမည်"

အကျွန်ုပ်၏သခင်၌ ကျေးဇူးပြုတော်မူကြောင်း
"ကျေးဇူးပြု" ကို "သစ္စာတည်" ဟု ပြောင်းဆိုနိုင်သည်။ အခြာသော ဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်သခင်၌ ကတိသစ္စာ တည်တော်မူကြောင်း"

လျှောက်ဆို၏
"အစေခံ ဆို၏"

**Genesis 24:15**

ထိုသို့လျှောက်ဆို၍
အကြောင်းအရာ တစ်ခု၏ အစကို ဖော်ပြထားသည်။ ပြန်ဆိုမည့် ဘာသာစကား၏ အသုံးအနှုန်းတိုင်း ဖော်ပြနိုင်သည်။

အာဗြဟံအစ်ကို နာခေါ်မယား မိလခါသား၊ ဗေသွေလ၏သမီး ရေဗက္က
"ရေဗက္ကသည် ရေအိုးကို ထမ်းလျက် ထွက်လာ၏။ သူမသည် အာဗြဟံအစ်ကို နာခေါ်နှင့် မိလခါတို့၏ သားဗေသွေလ၏ သမီးဖြစ်သတည်း"

နာခေါ်
ယောကျာ်းအမည် ဖြစ်သည်။ ၁၁:၂၂ မှ ပြန်ဆိုချက်ကို ရှု။

မိလခါ
နာခေါ်၏ မယား၊ ဗေသွေလ၏မိခင် ဖြစ်သည်။ ၁၁:၂၉ မှ ပြန်ဆိုချက်ကို ရှု။

ဗေသွေလ
ရေဗက္က၏ဖခင် ဖြစ်သည်။ ၂၂:၂၀ မှ ပြန်ဆိုချက်ကို ရှု။

ရေတွင်းသို့ဆင်း၍၊ ရေဘူးကို ရေနှင့်ဖြည့်ပြီးမှ တက်လာ၏
စမ်းရေမှာ အစေခံရှိသော အရပ်ထက် နိမ့်ပေမည်။

**Genesis 24:17**

ထိုမိန်းမနှင့် တွေ့ခြင်းငှါ
"ထိုအပျိုနှင့် တွေ့ခြင်းငှါ"

ရေဘူး
အရည်များကို သယ်ယူ ထည့်သုံးရန် ရွှံ့စေးမှ ထုလုပ်ထားသော သာမန်အရွယ် အိုး။ ၂၄:၁၂ မှ ပြန်ဆိုချက်ကို ရှု။

ရေအနည်းငယ်ကို သောက်ပါရစေ
"ရေအနည်းငယ်ကို ပေးသောက်ပါ"

အရှင်
"ဦးကြီး။" ဤနေရာတွင် အပျိုမက ထိုလူကြီးကို လေးစားသောသဘောဖြင့် ခေါ် ခြင်းဖြစ်သည်။

မိမိလက်ပေါ်မှာ၊ အလျင်အမြန် ရေဘူးကိုချ၍
"ရေအိုးကို အလျင်အမြန်ချ၍။" ရေအိုးကို ပခုံးပေါ်တွင် ထမ်းခဲ့ပေမည်။ ထို့ကြောင့် ရေကို ပေးရန် အောက်ချရသည်။

**Genesis 24:19**

ရေခပ်ပါမည်
"ရေခပ်ယူပါမည်"

အလျင်အမြန် ဘူး၌ရှိသောရေကို ရေတိုက်ခွက်ထဲ၌ လောင်းပြီးလျှင်
"ထို့ကြောင့် ရေအိုးမှရေကို ရေသောက်ခွက်ထဲသို့ အလျင်အမြန် လောင်းပြီးလျှင်"

ရေတိုက်ခွက်
"တိရစ္ဆာန် ရေသောက်ခွက်" (UDB)။ တိရစ္ဆာန်တို့ ရေသောက်နိုင်ရန် ပြုလုပ်ထားသော ရေခွက်ရှည် ဖြစ်သည်။

**Genesis 24:21**

ယောကျာ်း
"အစေခံ" (UDB)

မိမိရောက်လာသော အမှုကို . . . ပြုစုတော်မူသည်
"ခရီးထွက်လသော အကြောင်းရင်းကို ... ပြည့်စုံခြင်းပေးသည်" သို့မဟုတ် "မိမိခရီးကို ... အောင်မြင်ခြင်းပေးသည်။" တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဣဇာက်အဖို့ မယားအဖြစ် ... ရွေးကောက်ခြင်း ပြုသည်"

မမူသည်
အခြားသော ဘာသာပြန်ဆိုချက်၊ "မပေးသည်"

သိလို၍
သိမြင်ရန်ဟု ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မြင်လို၍"

အချိန်ငါးမူးရှိသော ရွှေနှာဆွဲ
"ခြောက်ဂရမ်ရှိသော ရွှေနားဆွဲ"

အကျပ်တဆယ် အချိန်ရှိသော ရွှေလက်ကောက်တရံ
"၁၁၀ ဂရမ်ရှိသော ရွှေလက်ကောက်တစ်ရံ။" လက်ကောက်၏ တန်ဖိုးကို ဖော်ပြခြင်းဖြစ်သည်။ "ထူထပ်သော ရွှေလက်ကောက် တစ်ရံ"


generated on Fri Sep 22 10:08:29 2023

သင်သည် အဘယ်သူ၏သမီးဖြစ်သနည်း
"သင့်အဘသည် အဘယ်သူနည်း"

သင်၏အဘအိမ်၌
"ဖခင်၏အိမ်၌"

ကျွန်ုပ်တို့
"ငါတို့အဖို့"

တည်းခိုစရာအရပ် ရှိသလော
"ညအိပ်စရာအရပ် ရှိသလော" သို့မဟုတ် "တည်းစရာနေရာ ရှိသလော"

## Genesis 24:24

မိန်းမက . . . ဆိုလေ၏
"ရေဗက္ကသည်လည်း ... ဆိုလေ၏" သို့မဟုတ် "အပျိုမက ... ဆိုလေ၏"

ကျွန်ုပ်သည် နာခေါ်၏မယား မိလခါ ဘွားမြင်သော၊ ဗေသွေလ၏သမီး ဖြစ်သည်
"ကျွန်မအဖေမှာ နာခေါ်နှင့် မိလခါတို့ ဘွားမြင်သော ဗေသွေလဖြစ်သည်"

ကျွန်ုပ်တို့၌ မြက်ခြောက်များ၊ စားဘွယ်သောက်ဘွယ်များ
မြက်ခြောက်မှာ ကုလားအုပ်တို့ စားရန်ဖြစ်သည်။ နားလည်လွယ်အောင် ထည့်သွင်းဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်မတို့၌ ကုလားအုပ်တို့ စားစရာဘို့ မြက်ခြောက်များအပြင်၊ စားဘွယ်သောက်ဘွယ်များ"

တည်းခိုစရာအရပ်လည်း ရှိသည်
"ညအိပ်စရာနေရာလည်း ရှိသည်" သို့မဟုတ် "တည်းစရာနေရာလည်း ရှိသည်"

## Genesis 24:26

ယောကျ်ား
"အစေခံ" (UDB)

ဦးညွတ်ချ၍
ဘုရားသခင်ကို ရိုသမှု ပြသခြင်းဖြစ်သည်။

ကရုဏာ၊ သစ္စာတော်ကို အကျွန်ုပ်သခင်မှ ရုပ်သိမ်းတော်မမူသော
"အကျွန်ုပ်သခင်အပေါ် ကအဏာ၊ သစ္စာတော်ကို အစဉ်မပြဲ ပြသတော်မူသော။" စိတ္တဇနာမ် "ကရုဏာ" နှင့် "သစ္စာတော်" ကို "သစ္စာတည်၍ သနားကြင်နာသော" ဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်သခင်အပေါ် အမြဲမပြတ် သစ္စာတည်၍ သနားကြင်နာတော်မူသော"

ရုပ်သိမ်းတော်မမူသော
အပဟုတ်ဝါကျအဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အစဉ်အမြဲ ပြသတော်မူသော"

ညီအစ်ကိုတို့
"မိသားစုတို့" သို့မဟုတ် "ဆွေမျိုးသားချင်းတို့"

## Genesis 24:28

ပြေး၍ အမိ၏အိမ်၌ . . . ကြားပြောလေ၏
"အိမ်" ဟု ဆိုရာတွင် တအိမ်သားလုံးကို ညွှန်းဆိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အိမ်သို့ပြေး၍ မိခင်နှင့် အိမ်သားတို့ထံ ... ကြားပြောလေ၏"

ဤအရာများ
"ဖြစ်ခဲ့သောအရာများ"

သူသည်နှာဆွဲကိုင်း . . . မြင်၍ . . . နှမရေဗက္ကဆိုသော စကားကို ကြားသောအခါ
ဧည့်သည် သူစိမ်းထံ ပြေးမသွားမီ အဖြစ်အပျက်ကို ဖော်ပြထားသည်။ လာဗန် ထွက်လာသော အကြောင်းရင်းဖြစ်သည်။

ထိုယောကျ်ားသည် ကျွန်ုပ်ကို ဤသို့ပြောသည်ဟု၊ နှမရေဗက္ကဆိုသော စကားကို ကြားသောအခါ
သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုသူစိမ်း ပြောသမျှကို နှမရေဗက္က ပြန်ပြောသည်ကို ကြားသောအခါ"

## Genesis 24:31

ဝင်ပါလော့
"ဝင်လှည့်ပါ" သို့မဟုတ် "ဝင်ပါ"

ထာဝရဘုရား ကောင်းကြီးပေးတော်မူသောသူ
"ထာဝရဘုရား ကောင်းကြီးပေးသောသူ"

ပြင်၌ အဘယ်ကြောင့် ရပ်နေသနည်း
မိမိအိမ်သို့ ဝင်လာစေလိုသဖြင့် မေးလိုက်ခြင်းဖြစ်သည်။ ဖြစ်ကြောင်းပြ ဝါကျအဖြစ် ပြောင်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အပြင်၌ မနေပါနှင့်"

ယောကျ်ားကို အိမ်သို့သွင်း၍
"... ကို အိမ်သို့သွင်း၍" သို့မဟုတ် "... အိမ်သို့ဝင်ဝင်လာ၏" ဟုလည်း ဖော်ပြနိုင်သည်။

ကုလားအုပ်တို့ တန်ဆာကို ချွတ်ပြီးမှ
မည်သူ လုပ်ဆောင်ကြောင်း မသိရပါ။ အပြုဝါကျအဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "လာဗန်၏ အစေခံတို့က ကုလားအုပ်ပေါ်မှ တန်ဆာကို ချွတ်ပေး၏"

သူတို့အား မြက်ခြောက်နှင့် စားစရာကို ပေး၏
မည်သူ လုပ်ဆောင်ကြောင်း မသိရပါ။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။အခြားသော ဘာသာပြန်ဆိုချက်၊ "မြက်ခြောက်နှင့် စားစရာကိုလည်း ပေး၏"

ယောကျ်ားခြေ . . . ခြေဆေးဘို့ ရေကိုလည်း ပေးလေ၏
"အာဗြဟံ၏ အစေခံနှင့် ... ခြေဆေးရန် ရေကိုလည်း ပေး၏"

## Genesis 24:33

သူ့ရှေ့မှာ စားစရာကို ထည့်သောအခါ
"သူ့အား စားစရာကို ပေးသောအခါ"

ထည့်သောအခါ
လာဗန်၏ မိသားစု သို့မဟုတ် အစေခံတစ်ဦးဦးက ထည့်ပေးခြင်းဖြစ်သည်။

ကျွန်ုပ်သည် ကိုယ်အမှုကို မပြောမှီ
"ကျွန်ုပ် ဦးစွာ စကားမပြောမှီ" သို့မဟုတ် "ကျွန်ုပ်လာရသည့် အကြောင်းကို မပြောမှီ"

သူသည် ကြီးမြတ်ခြင်းသို့ ရောက်လေပြီ
"သူ" မှာ အာဗြဟံကို ညွှန်းသည်။

ကြီးမြတ်ခြင်းသို့ ရောက်လေပြီ
"အလွန်ကြီးပွားလေပြီ"

ထာဝရဘုရားသည် . . . တို့ကို ပေးတော်မူပြီ
ထာဝရဘုရားကို ညွှန်းသည်။

**Genesis 24:36**

ယေဘုယျ အချက်အလက်
အာဗြဟံ၏ အစေခံက ရေဗက္က၏ အိမ်သားတို့ထံ ဆက်လက်ပြောဆိုသည်။

သူ့အား သားကို ဘွားမြင်သဖြင့်
"သူ့အတွက် သားကို ဘွားမြင်လေရာ"

ထိုသားအား . . . အပ်ပေးပြီ
"ထိုသားထံ ... အပ်ပေး၏"

ကျွန်ုပ်၏သခင်ကလည်း . . . အကျွန်ုပ်ကို ကျိန်ဆိုစေ၏
"ကျွန်ုပ်သခင်က ... အကျွန်ုပ်ကို ကျိန်ဆိုပြီး ပြုစေခဲ့၏"

ငါနေသော
"ငါနေထိုင်သော။" "ငါ" မှာ အာဗြဟံနှင့် မိမိအိမ်သား အားလုံးကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါတို့ နေထိုင်သော"

ခါနာန်အမျိုးသမီးတို့တွင်
ခါနာန်လူ အမျိုးသမီးကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ခါနာန်အမျိုးသမီးတို့တွင်" သို့မဟုတ် "ခါနာန်အမျိုးမှ"

ငါ့အမျိုးသားချင်းတို့ထံသို့
"ငါ့ဆွေမျိုးသားချင်းတို့ထံ" (UDB)

**Genesis 24:39**

ယေဘုယျ အချက်အလက်
အာဗြဟံ၏ အစေခံက ရေဗက္က၏ အိမ်သားတို့ထံ ဆက်လက်ပြောဆိုသည်။

မိန်းမသည်မလိုက်လိုလျှင် အဘယ်သို့နည်း
ဖြစ်နိုင်ချေ တင်ပြခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မိန်းမက လိုက်လိုခြင်း ရှိမည် မဟုတ်ပါ" သို့မဟုတ် "မိန်းမက မလိုက်လိုလျှင် အဘယ်သို့ ပြုရမည်နည်း"

ရှေ့တော်၌ ငါသွားလာ၏
ယာဝေးဘုရားကို ကိုးကွယ်ခြင်းသဘော မည်၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "... ကို ငါကိုးကွယ်၏"

သင်သွားသောအမှုကို ပြုစုတော်မူသဖြင့်
"သင့်ခရီးကို အောင်မြင်စေတော်မူသဖြင့်"

အဘ၏အိမ်
"မိသားစု"

ငါ့အမျိုးသားချင်းတို့ထံသို့ ရောက်သောအခါ
"ရောက်သွား" သို့မဟုတ် "ရောက်လာ" ဟူ၍ သုံးနှုန်းသော ဘာသာစကားများ ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့ဆွေမျိုးတို့အိမ်၌ ရောက်သောအခါ" သို့မဟုတ် "ငါ့ဆွေမျိုးတို့ထံ ရောက်သောအခါ"

ငါ့အမျိုးသားချင်းတို့ထံသို့ ရောက်သောအခါ၊ သင်သည် ငါပေးသော ကျိန်ဆိုခြင်းနှင့် ကင်းလွတ်စေ။ ထိုသူတို့သည် မိန်းမကို မပေးသော်လည်း၊ သင်သည် ငါပေးသော ကျိန်ဆိုခြင်းနှင့် ကင်းလွတ်စေမည်
မဖြစ်ဟု အာဗြဟံ ခံယူထားသည်။ ဖြစ်နိုင်ချေများမှာ၊ ၁) "ငါ့အမျိုးသားချင်းတို့ထံ ရောက်သောအခါ၊ ထိုသူတို့က မိန်းမကို မပေးလိုလျှင်၊ သင်သည် ငါပေးသော ကျိန်ဆိုခြင်းနှင့် ကင်းလွတ်လိမ့်မည်" သို့မဟုတ် ၂) အငယ် ၄၀ ကို ဖတ်ခြင်းအားဖြင့်၊ "ငါ့အမျိုးသားချင်းတို့ထံ ရောက်သောအခါ၊ ငါပြောသည်အတိုင်း ပြုရမည်။ သို့ရာတွင်၊ ထိုသူတို့က မိန်းမကို မပေးလျှင်၊ သင်သည် ငါပေးသော ကျိန်ဆိုခြင်းနှင့် ကင်းလွတ်လိမ့်မည်"

သင်သည် ငါပေးသော ကျိန်ဆိုခြင်းနှင့်ကင်းလွတ်စေ
"သင်သည် ငါပေးသော ကျိန်ဆိုခြင်းမှ လွတ်မြောက်လိမ့်မည်။" ကျိန်ဆိုခြင်းမှ လွတ်မြောက်ကြောင်းကို ချည်နှောင်ခြင်းမှ လွတ်မြောက်သကဲ့သို့ ခိုင်းနှိုင်းထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင် ကျိန်ဆိုထားသော စကားမှ လွတ်မြောက်စေ"

**Genesis 24:42**

ယေဘုယျ အချက်အလက်
အာဗြဟံ၏ အစေခံက ရေဗက္က၏ အိမ်သားတို့ထံ ဆက်လက်ပြောဆိုသည်။

ရေတွင်း
"စမ်း"

အကျွန်ုပ်သည် ရေတွင်းနားမှာရပ်နေ၍
မိမိ ရပ်နေသည့်အရပ်ကို ဖော်ပြခြင်းဖြင့် မိမိဘက်သို့ အာရုံစိုက်ရန် ဘုရားသခင်ထံ လျှောက်ဆိုခြင်းဖြစ်သည်။

. . . လာသော အကြင်သမီးကညာကို . . . ဟု ပြန်ဆိုသော သမီးကညာသည်
မိမိ ဆုတောင်းချက်ကို အချက် သုံးချက်ဖြင့် တင်ပြထားသည်။

ရေခပ်ခြင်းငှါ
"ရေခပ်ရန်"

ရေဘူး
အရည်များကို သယ်ယူ ထည့်သုံးရန် ရွှံ့စေးမှ ထုလုပ်ထားသော သာမန်အရွယ် အိုး။ ၂၄:၁၂ မှ ပြန်ဆိုချက်ကို ရှု။

ခန့်ထားတော်မူသော မိန်းမဖြစ်ပါစေသော
ဆုတောင်းချက်ကို နိဂုံးချုပ်လိုက်သည်။

## Genesis 24:45

ယေဘုယျ အချက်အလက်
အာဗြဟံ၏ အစေခံက ရေဗက္က၏ အိမ်သားတို့ထံ ဆက်လက် ပြောဆိုသည်။

စိတ်နှလုံး၌ လျှောက်ဆို၍
တိုးတိတ်စွာ ဆုတောင်းကြောင်း ညွှန်းသည်။ "စိတ်နှလုံး" က အတွေးနှင့် အမြင်ကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဆုတောင်း၍"

ရေဘူး
အရည်များကို သယ်ယူ ထည့်သုံးရန် ရွှံ့စေးမှ ထုလုပ်ထားသော သာမန်အရွယ် အိုး။ ၂၄:၁၂ မှ ပြန်ဆိုချက်ကို ရှု။

ရေတွင်းသို့ ဆင်း၍
"ဆင်း" ဟုဆိုရာတွင် အစေခံ ရှိသည့်နေရာမှာ ရေတွင်းရှိရာထွက် မြင့်၍ ဖြစ်သည်။

ရေတွင်း
"စမ်း"

ကုလားအုပ်တို့ကိုလည်း ရေတိုက်လေ၏
"ကုလားအုပ်တို့ကိုလည်း ရေပေးလေ၏။

## Genesis 24:47

ယေဘုယျ အချက်အလက်
အာဗြဟံ၏ အစေခံက ရေဗက္က၏ အိမ်သားတို့ထံ ဆက်လက် ပြောဆိုသည်။

ကျွန်ုပ်သည် မိလခါ ဘွားမြင်သော နာခေါ်သား ဗေသွေလ၏သမီး
"ကျွန်မအဖေမှာ နာခေါ်နှင့် မိလခါတို့ ဘွားမြင်သော ဗေသွေလဖြစ်သည်"

နှာဆွဲ . . . လက်ကောက်
ရွှေနှင့် ပြုလုပ်ထားသော အရာများ ဖြစ်သည်။ ၂၄:၃၁ မှ ပြန်ဆိုချက်ကို ရှု။

ဦးညွတ်ချ၍
ဘုရားသခင် ရှေ့မှောက်၌ နှိမ့်ချသော သဘောဖြစ်သည်။

ကျွန်ုပ်သခင် အစ်ကို
အာဗြဟံ၏အစ်ကို နာခေါ်ကို ညွှန်းသည်။

မှန်သောလမ်းဖြင့် ပို့ဆောင်တော်မူသော
"ဤနေရာသို့ ပို့ဆောင်တော်မူသော"

ပို့ဆောင်တော်မူသော
"သောကြောင့်" ကို အစားထိုး ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ပို့ဆောင်တော်မူသောကြောင့်"

## Genesis 24:49

ယေဘုယျ အချက်အလက်
အာဗြဟံ၏ အစေခံက ရေဗက္က၏ အိမ်သားတို့ထံ ဆက်လက် ပြောဆိုသည်။

ယခုတွင်
"ထို့ကြောင့် ယခုတွင်။" "ယခု" ဟု ဆိုရာတွင် "ထိုအချိန်တွင်" ကို ဆိုလိုခြင်း မဟုတ်ဘဲ၊ ၎င်းနောက် အဖြစ်အပျက်ကို ညွှန်းသည်။

သင်တို့
လာဗန်နှင့် ဗေသွေလတို့ကို ညွှန်းသည်။

သင်တို့သည်၊ ကျွန်ုပ်သခင်၌ သစ္စာနှင့် ကျေးဇူး ပြုမည်၊ မပြုမည်ကိုပြောပါ
အဘယ်သို့ သစ္စာနှင့်ကျေးဇူး ပြုရမည်ကို တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့သည်၊ ကျွန်ုပ်သခင်၏ သားအတွက် ရေဗက္ကကို ပေးခြင်အားဖြင့် သူ့အပေါ်၌ သစ္စာနှင့်ကျေးဇူး ပြုမည်၊ မပြုမည်ကို ပြောပါ"

သစ္စာနှင့်ကျေးဇူး
အထက်ပါ စိတ္တဇနာမ်တို့ကို "သစ္စာရှိစွာနှင့် စိတ်ချစွာ" ဟု ပြောင်းဆိုနိုင်သည်။

သစ္စာ
မိသားစုအပေါ် သစ္စာရှိခြင်းကို ဆိုလိုသည်။

မပြုမည်
တိကျပေါ်လွင်စွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သို့မဟုတ် ထိုသို့ မပြုမည်"

ကျွန်ုပ်သည်လည်း၊ လက်ျာလမ်းဖြစ်စေ၊ လက်ဝဲလမ်းဖြစ်စေ၊ တလမ်းလမ်းသို့ လိုက်သွားပါမည်
ဖြစ်နိုင်ချေများမှာ၊ ၁) ဆုံးဖြတ်ချက်ချမည်ကို လက်ဝဲ လက်ယာ ဦးလှည့်သကဲ့သို့ ခိုင်းနှိုင်းထားခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သို့မှသာ မည်သို့ ပြုရမည်ကို ကျွန်ုပ်သိပါမည်" သို့မဟုတ် ၂) တခြားအရပ်သို့ ခရီးဆက်ရန် ညွှန်းဆိုခြင်းဖြစ်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သို့မှသာ၊ ကျွန်ုပ်သည် ခရီးဆက်နိုင်ပါမည်"

## Genesis 24:50

ဗေသွေလ
လာဗန်နှင့် ရေဗက္ကာတို့၏ ဖခင်ဖြစ်သည်။

ဤအမှုသည် ထာဝရဘုရား စီရင်တော်မူသောအမှု ဖြစ်၏
"ဤအမှုကို ထာဝရဘုရား စီရင်တော်မူ၏"

အကျွန်ုပ်တို့သည်၊ သင့်အား ကောင်းမကောင်းကို မပြောနိုင်ပါ
ဘုရားသခင် ပြုသောအမှုကို ကောင်းသည် မကောင်းသည် ခွဲခြားနိုင်သောအခွင့် မရှိကြောင်း ဆိုလို၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထို့ကြောင့်၊ ကောင်းမကောင်းကို ဆုံးဖြတ်ခြင်း မပြုဝံ့ပါ"

ရေဗက္ကာသည် သင့်ရှေ့၌ရှိပါ၏
"ဤနေရာ၌ ရေဗက္ကာ ရှိပါ၏"

## Genesis 24:52

ထိုစကား
"လာဗန်နှင့် ဗေသွေလတို့ ပြောစကား။" "စကား" မှာ ထိုသူတို့ ပြောသောအရာကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လာဗန်နှင့် ဗေသွေလတို့၏ အဖြေ"

အာဗြဟံကျွန်သည် ဦးညွတ်ချ၍
ကိုးကွယ်ခြင်းသဘောကို ပိုဆောင်သည်။


generated on Fri Sep 22 10:08:29 2023

ငွေဖလား၊ ရွှေဖလား
"ငွေတန်ဆာ၊ ရွှေတန်ဆာ" သို့မဟုတ် "ငွေနှင့် ရွှေမှ ပြုလုပ်သော တန်ဆာများ"

အဘိုးထိုက်သော လက်ဆောင်
"အဖိုးတန် လက်ဆောင်များ" သို့မဟုတ် "အရေးပါသော လက်ဆောင်များ"

### Genesis 24:54

သူနှင့် သူ၏အဘော်အပေါင်းတို့
"အာဗြဟံ၏ကျွန်နှင့် အပေါင်းအဖော်တို့"

ညဥ့်ကို လွန်စေပြီးမှ
"ညအိပ်ပြီးမှ"

နံနက်ယံ၌ထလျက်
"နောက်နေ့ မနက်တွင် ထလျက်"

ကျွန်ုပ်သည်၊ သခင်ထံသို့ ပြန်ပါရစေ
"ကျွန်ုပ်အား သခင့်ထံသို့ ပြန်ခွင့်ပြုပါ"

ဆယ်ရက်ခန့်လောက်
"နောက်ဆယ်ရက်ကျော်လောက်"

ဆယ်ရက်
"၁၀"

နောက်မှ
"ထိုမှသာ"

### Genesis 24:56

ထိုသူကလည်း . . . ဟုဆိုလျှင်
"အာဗြဟံ၏ ကျွန် ကလည်း"

ကျွန်ုပ်ကို မဆီးတားပါနှင့်
"ကျွန်ုပ်ကို နှောင့်နှေးခြင်း မပြုပါနှင့်" (UDB) "ကျွန်ုပ်ကို မစောင့်ခိုင်းပါနှင့်"

ထာဝရဘုရားသည်၊ ကျွန်ုပ် ရောက်လာသောအမှုကို ပြုစုတော်မူပြီ
"ရောက်လာသောအမှု" မှာ ခရီးလမ်းကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားက၊ ကျွန်ုပ် ခရီးလမ်းကို ဖြောင့်ဖြူးစေတော်မူ၏"

ကျွန်ုပ်သည် . . . သို့ သွားရသောအခွင့်ကို ပေးပါလော့
"ကျွန်ုပ်အား ... သို့ ပြန်ရသောအခွင့်ကို ပေးပါလော့"

### Genesis 24:59

သို့ဖြစ်၍၊ မိမိနှမ ရေဗက္က . . . ကိုငင်း လွှတ်လိုက်ကြ၏
"သို့ဖြစ်၍၊ အိမ်သားတို့က ရေဗက္က ... ကိုငင်း လွှတ်လိုက်ကြ၏"

မိမိနှမ ရေဗက္က
လာဗန်၏ ညီမဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မိမိတို့အမျိုး ရေဗက္က" သို့မဟုတ် "လာဗန်ညီမ ရေဗက္က"

သူ၏အထိန်း
ရေဗက္က ငယ်စဥ်မှ ကျွေးမွေးပြုစုလျက်ရှိသော အထိန်းတော်မကို ဆိုလိုသည်။

ကျွန်ုပ်တို့၏နှမ
တအိမ်သားလုံး၏ နှမဟု ညွှန်းဆိုခြင်းမဟုတ်။ ချစ်ခင်မြတ်နိုးကြောင်း ပြသော အသုံးအနှုန်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်တို့ ချစ်မြတ်နိုးသောသူ"

အသောင်းအသိန်းတို့၏အမိ ဖြစ်ပါစေသော
"အမိ" က တမျိုးလုံး၏ မိခင်ဟု ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အသောင်းအသိန်းတို့၏မိခင် ဖြစ်ပါစေသော" သို့မဟုတ် "အမျိုးအနွယ် များပြားပါစေသော"

အသောင်းအသိန်း
အလွန်များပြား သို့မဟုတ် ရေတွက်မရနိုင်ဟု ဆိုလိုသည်။

သင်၏အမျိုးအနွယ်သည် ရန်သူတို့၏ တံခါးများကို အစိုးရပါစေသော
ရန်သူ့မြို့တံခါးကို ဖောက်ဖျက်၍ အောင်မြင်ခြင်းကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင့်အမျိုးအနွယ်သည် မိမိတို့အား မုန်းတီးသောသူတို့ကို အစိုးရပါစေသော"

### Genesis 24:61

ရေဗက္ကနှင့် သူ၏မိန်းမငယ်တို့သည် ထ၍၊ ကုလားအုပ်ကို စီးလျက်
"ရေဗက္ကနှင့် အထိန်းတော်တို့သည် ထ၍၊ ကုလားအုပ်ကို စီးလျက်"

ထိုသို့ အာဗြဟံကျွန်သည် ရေဗက္ကကို ဆောင်ယူသွားလေ၏
"သို့ဖြင့် အာဗြဟံကျွန်သည် မိမိလာရာအရပ်သို့ ရေဗက္ကကို ခေါ်သွားလေ၏"

ထိုအခါ
အပြောင်းအလဲတစ်ခုကို ဖော်ပြခြင်း ဖြစ်သည်။ သခင်လေးအတွက် မိန်းမ ရှာပုံတော်ခရီးမှ၊ ယခုတွင် ဣဇာက်အကြောင်းသို့ ပြောင်းလိုက်သည်။

ဗေရလဟဲရော
နေဂပ်အရပ်ရှိ ရေတွင်းတခု၏ အမည်ဖြစ်သည်။ ၁၆:၁၃ မှ ပြန်ဆိုချက်ကို ရှု။

### Genesis 24:63

ညဦးအချိန်၌ ဆင်ခြင်လိုသောငှါ၊ တောအရပ်သို့ ထွက်သွား၍
"ညနေခင်းအချိန်၌ ဆင်ခြင်လိုသောငှါ၊ ဣဇာက်သည် လယ်ပြင်သို့ သွားရာ။" အစေခံနှင့် ရေဗက္ကတို့ ထွက်လာသည်မှာ အတော်အတန်မျှ ကြာခဲ့ပေမည်။

မျှော်ကြည့်လျှင်၊ ကုလားအုပ်များ လာသည်ကို မြင်လေ၏
"ကုလားအုပ်များ လာသည်ကို မြင်လျှင် အံ့ဩလေ၏"

ရေဗက္ကသည်လည်း၊ မျှော်ကြည့်၍
"ရေဗက္ကသည်လည်း၊ ကြည့်ရှု၍"

ကုလားအုပ် အပေါ်မှ ဆင်းပြီးလျှင်
"ကုလားအုပ်ပေါ်မှ အမြန်ဆင်းပြီး"


generated on Fri Sep 22 10:08:29 2023

ရေဗက္ကသည် မျက်နှာဖုံးကိုယူ၍ ဖုံးလေ၏
"သူမသည် မိမိမျက်နှာကို ဖုံးအုပ်လေ၏။" လက်ထက်မည့် အမျိုးသားအပေါ် လေးစား ကြည်ညိုမှုကို ပြသခြင်းဖြစ်သည်။ ၎င်းကို တိကျစွာ ဖော်ပြနိုင်သည်။

မျက်နှာဖုံး
တဦးတယောက်၏ ဦးခေါင်း၊ ပခုံးနှင့် မျက်နှာကို ဖုံးအုပ်ရာ၌ သုံးသော အထည်စဖြစ်သည်။

**Genesis 24:66**

ရေဗက္ကကို ဆောင်ယူ၍ စုံဘက်လေ၏
ဣဇာက်က ရေဗက္ကကို လက်ထပ် ထိမ်းမြားကြောင်း ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရေဗက္ကကို ခေါ်ယူ၍ ထိမ်းမြားလေ၏" သို့မဟုတ် "ရေဗက္ကကို ခေါ်၍ မယားအဖြစ် ယူလေ၏"

သက်သာခြင်းသို့ ရောက်လေ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ရေဗက္ကသည် ဣဇာက်အား နှစ်သိမ့်လေ၏"

---


generated on Fri Sep 22 10:08:29 2023

## Chapter 25

**1** တဖန်အာဗြဟံသည်၊ ကေတုရအမည်ရှိသော မိန်းမနှင့် စုံဘက်၍၊ **2** ထိုမိန်းမသည် ဇိမရံ၊ ယုတ်ရှန်၊ မေဒန်၊ မိဒျန်၊ ဣရှဗက်၊
ရှုအာတို့ကို ဘွားမြင်လေ၏။ **3** ယုတ်ရှန်သားကား၊ ရှေဘနှင့်ဒေဒန်တည်း။ ဒေဒန်သားကား၊ အာရှုရိမ်လူ၊ လေတုရှိမ်လူ၊ လုမ်မိမ်
လူတည်း။ **4** မိဒျန် သားကား၊ ဧဖါ၊ ဧဖေရ၊ ဟာနုတ်၊ အဘိဒ၊ ဧလဒါတည်း။ ထိုသူအပေါင်းတို့ကား ကေတုရအနွယ် ဖြစ်ကြသတည်း။
**5** အာဗြဟံသည်၊ မိမိဥစ္စာရှိသမျှကို ဣဇာက်အား ပေးလေ၏။ **6** မယားငယ်တို့၌ ရသောသားတို့အားလည်း၊ မိမိအသက်ရှင်စဉ်တွင်
ဆုလပ်များကိုဝေပေး၍၊ သား ဣဇာတ်ထံမှ အရှေ့ပြည်သို့ လွှတ်လိုက်လေ၏။ **7** ထိုနောက်အာဗြဟံသည် အသက်ကြီးရင့်၍၊
အိုမင်းခြင်း၊ နေ့ရက် ကာလပြည့်စုံခြင်းနှင့်တကွ၊ အသက်ပေါင်း တရာခုနစ်ဆယ်ငါးနှစ်ရှိသော်၊ **8** အသက်ချုပ်၍ အနိစ္စဖြစ်သဖြင့်၊
မိမိလူမျိုး စည်းဝေးရာသို့ရောက်လေ၏။ **9** သားဣဇာက်နှင့် ဣရှမေလတို့သည်၊ မံရေမြို့ ရှေ့မှာ၊ ဟိတ္တိအမျိုးသား၊
ဇောရသားဧဖရုန်၏လယ်ပြင် တွင်၊ မပေလမြေတွင်း၌ အဘကို သင်္ဂြိုဟ်ကြ၏။ **10** ဟေသအမျိုးသားတို့အား အဘိုးပေး၍ အာဗြဟံ
ဝယ်သောလယ်ပြင်၌၊ အာဗြဟံနှင့် မယားစာရာတို့ကို သင်္ဂြိုဟ်ကြသတည်း။ **11** အာဗြဟံ သေသောနောက်၊ သားဣဇာက်ကို
ဘုရားသခင် ကောင်းကြီးပေးတော်မူ၏။ ဣဇာက်သည် ဗေရလဟဲရောမြို့မှာ နေသတည်း။ **12** စာရာ၏ကျွန်မ၊ အဲဂုတ္တု၊ အမျိုးသား
ဟာဂရ ဘွားမြင်သော အာဗြဟံသား ဣရှမေလ၏ သားစဉ် မြေးဆက်တည်းဟူသော၊ **13** မိမိအမျိုးအနွယ်အလိုက်၊
ဣရှမေလသားများအမည်ဟူမူကား၊ သားအကြီး နာဗာယုတ်။ ထိုနောက် ကေဒါ၊ အာဒဗေလ၊ မိဗသံ၊ **14-15** မိရှမ၊ ဒုမာ၊ မာစ၊ -
ဟာဒဒ်၊ တေမ၊ ယေတုရ၊ နာဖိရှ၊ ကေဒမာတည်းဟူသော၊ **16** ဣရှမေလသားတည်း။ ထိုသို့အမည်ရှိသော သူတို့သည်၊ မိမိမြို့၊
မိမိရဲတိုက်အလိုက်၊ အမျိုးမျိုးသော မင်းဆယ်နှစ်ပါးဖြစ်သတည်း။ **17** ဣရှမေလသည် အသက်တရာသုံးဆယ်ခုနစ်နှစ်ရှိသော်၊
အသက်ချုပ်၍သေသဖြင့်၊ မိမိလူမျိုးစည်းဝေးရာသို့ ရောက်လေ၏။ **18** သူတို့သည်လည်း၊ အာရှုရိပြည်သို့သွားရာလမ်း အရှေ့၊
ရှုရမြို့ တိုင်အောင် နေကြ၏။ ထိုသို့ ဣရှမေလ၏ နေရာသည်၊ မိမိ ညီအစ်ကို အပေါင်းအနား၌ ကျသတည်း။ **19** အာဗြဟံသား
ဣဇာက်၏အဆက်အနွယ်ဟူ မူကား၊ အာဗြဟံသားကား ဣဇာက်တည်း။ **20** ဣဇာက်သည်၊ အသက်လေးဆယ်ရှိသောအခါ၊
ပါဒနာရံအရပ်သူ၊ ရှုရိအမျိုးဗေသွေလ၏သမီး၊ ရှုရိလူ လာဗန်၏ နှမရေဗက္ကနှင့် အိမ်ထောင်လေ၏။ **21** ဣဇာက်သည်၊ မိမိမယား
ရေဗက္ကမြုံသော ကြောင့်၊ ထာဝရဘုရားကို တောင်းပန်၍၊ ထာဝရဘုရား နားထောင်တော်မူသဖြင့်၊ သူ၏မယားသည် ပဋိသန္ဓေ
စွဲယူလေ၏။ **22** ဝမ်းအတွင်း၌ တည်သောသူငယ်တို့သည်၊ အချင်းချင်း တိုက်ခိုက်ကြ၏။ အမိကလည်း၊ ထိုသို့ဖြစ်၍
ငါ၌အဘယ်အမှုရောက်ပါလိမ့်မည်နည်းဟု ဆိုသဖြင့်၊ ထာဝရဘုရားကို မေးလျှောက်ခြင်းငှါသွားလေ၏။ **23** ထာဝရဘုရားကလည်း၊
သင်၏ ဝမ်းအတွင်း၌ လူမျိုးနှစ်မျိုးရှိ၏။ သင်၏ဝမ်းထဲက ခြားနားသော လူစု နှစ်စုကို ဘွားရလိမ့်မည်။ လူတမျိုးသည် တမျိုးထက်
အားကြီးလိမ့်မည်။ အကြီးသည်အငယ်၌ ကျွန်ခံရလိမ့် မည်ဟု မိန့်တော်မူ၏။ **24** ဘွားချိန်စေ့သောအခါ၊ သူ၏ဝမ်း၌သားအမွှာ
ရှိသဖြင့်၊ **25** အဦးဘွားသောသားသည်၊ အမွေးပါသော ဝတ်ကဲ့သို့ဖြစ်၍၊ တကိုယ်လုံးအဆင်းနီ၏။ သူ့ကို ဧသော ဟူသောအမည်ဖြင့်
မှည့်ကြ၏။ **26** ထိုနောက်မှ သူ့ညီသည်၊ အစ်ကိုဧသော၏ ဖနှောင့်ကို ကိုင်လျက် ဘွားလာ၏။ သူ့ကိုကား၊ ယာကုပ် အမည်ဖြင့်
မှည့်ကြ၏။ ထိုသားနှစ်ယောက်ကို ဘွားသော အခါ၊ ဣဇာက်သည် အသက်ခြောက်ဆယ်ရှိသတည်း။ **27** သူငယ်တို့သည် ကြီးပွား၍၊
ဧသောကား လိမ္မာ သော တောသားမုဆိုးဖြစ်လေ၏။ ယာကုပ်ကားတဲ၌ နေတတ်၍ စိတ်ကောင်းသောသူဖြစ်၏။ **28** ဣဇာက်သည်၊
ဧသောပေးသောအမဲသားကို စားလေ့ရှိသောကြောင့် သူ့ကိုချစ်၏။ ရေဗက္ကမူကား ယာကုပ်ကို ချစ်၏။ **29** တနေ့သ၌၊ ယာကုပ်သည်
စားစရာကို ချက် ပြုတ်စဉ်တွင်၊ ဧသောသည် တောမှလာ၍ မောသော ကြောင့်၊ **30** ယာကုပ်အား၊ ထိုနီသောစားစရာနှင့် ငါ့ကို
ကျွေးပါလော့၊ ငါမောပါသည်ဟုဆိုလေ၏။ ထိုကြောင့် သူ၏နာမည်ကို ဧဒုံဟုတွင်သတည်း။ **31** ယာကုပ်ကလည်း၊ ယနေ့ပင်
သင်၏သားဦး အရာကို၊ ငါ့အား ရောင်ပါဟုဆိုလျှင်၊ **32** ဧသောက၊ ငါသေလုပြီ။ သားဦးအရာအားဖြင့် အဘယ်အကျိုး
ရှိပါလိမ့်မည်နည်းဟုဆို၏။ **33** ယာကုပ်ကလည်း၊ ယနေ့ပင်ငါ့အား ကျိန်ဆိုခြင်း ကို ပြုပါဟုဆိုသော်၊ သူသည်ကျိန်ဆိုသဖြင့်၊
ယာကုပ်အား မိမိသားဦးအရာကို ရောင်းလေ၏။ **34** ထိုအခါ ယာကုပ်သည်၊ မုန့်နှင့်ပဲဟင်းကို ဧသော အားပေးသဖြင့်၊ သူသည်
စားသောက်ပြီးမှထ၍ သွားလေ ၏။ ထိုသို့ဧသောသည်၊ မိမိနှင့် ဆိုင်သောသားဦးအရာကို မထီမဲ့မြင်ပြုသတည်း။

---

---

### Genesis 25:1

ယေဘုယျ အချက်အလက်
ကို ရှု။

ထိုသူအပေါင်းတို့ကား
အငယ် ၂ မှ ၄ တွင် ဖော်ပြထားသော ပုဂ္ဂိုလ်များအားလုံးကို
ညွှန်းသည်။

### Genesis 25:5

အာဗြဟံသည်၊ မိမိဥစ္စာရှိသမျှကို ဣဇာက်အား ပေးလေ၏
"ဣဇာက်သည်၊ အာဗြဟံ ပိုင်သမျှကို ဆက်ခံလေ၏။"
သေပြီးနောက် သူတပါး ခွဲပေးခြင်းမပြုမီ ဖခင်များအနေဖြင့်
အိုမင်းသောအခါ မိမိဥစ္စာကို ခွဲဝေပေးရိုး ဖြစ်သည်။

### Genesis 25:7

ထိုနောက် အာဗြဟံသည် . . . အသက်ပေါင်း တရာခုနစ်ဆယ်ငါးနှစ်ရှိသော်
"အာဗြဟံသည် ၁၇၅ နှစ်တိုင် ... ရှင်သန်ခဲ့၏"


generated on Fri Sep 22 10:08:29 2023

အသက်ချုပ်၍ အနိစ္စဖြစ်သဖြင့်
"ဘဝနိဂုံးချုပ်၍ ကွယ်လွန်သဖြင့်။" "အသက်ချုပ်" နှင့် "အနိစ္စ" မှာ တူညီသော အဓိပ္ပါယ် သက်ရောက်၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထို့နောက် အနိစ္စရောက်သဖြင့်"

အသက်ချုပ်၍
လူတစ်ဦး သေဆုံးကြောင်း ယဉ်ကျေးစွာ သုံးနှုန်းထားခြင်း ဖြစ်သည်။

အသက်ကြီးရင့်၍၊ အိုမင်းခြင်း၊ နေ့ရက်ကာလ ပြည့်စုံခြင်းနှင့်တကွ
အထက်ပါ စာပိုဒ်ကို အာဗြဟံမှာ ကြာရှည်စွာ အသက်ရှင်သည်ဟု ရိုးရှင်းစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အသက်ကြီးရင့်၍ အိုမင်းသောအခါ"

အိုမင်းခြင်း၊ နေ့ရက်ကာလ ပြည့်စုံခြင်းနှင့်တကွ
အသက်ကို အပြည့် ဖြည့်နိုင်သော အရာကဲ့သို့ တင်စားထားသည်။

မိမိလူမျိုး စည်းဝေးရာသို့ရောက်လေ၏
သေပြီးနောက် ဘိုးဘေးများ သွားသည့်အရပ်သို့ ရောက်သွားကြောင်း ဆိုလိုသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မိမိဘိုးဘေးတို့ထံ ခေါ်ဆောင်ခြင်း ခံရလေ၏"

**Genesis 25:9**

မံရေမြို့ ရှေ့မှာ
မက်ဖေလမှာ မံရေမြို့နားတွင် ရှိ၏။

မံရေမြို့
ဟေဗြုန်မြို့၏ တခြားအမည် ဖြစ်သည်။ အာဗြဟံ၏ မိတ်ဆွေ မံရေကို အဆွဲပြုခြင်း ဖြစ်နိုင်သည်။ ၂၃:၁၇ မှ ပြန်ဆိုချက်ကို ရှု။

ဇောရ . . . ဇေရုန်
ယောကျ်ားအမည်များ ဖြစ်သည်။ ၂၃:၇ မှ ပြန်ဆိုချက်ကို ရှု။

ဇေရုန်၏လယ်ပြင်တွင်၊ မပ္ပေလမြေတွင်း၌
မက်ဖေလလယ်ပြင်နှင့် ထိုလယ်ပြင်ရှိ လိုဏ်ဂူတို့ကို ဇေရုန် ပိုင်ခဲ့၏။ သူ့ထံမှ အာဗြဟံက ဝယ်ယူခဲ့သည်။

မပ္ပေလ
နေရာ သို့မဟုတ် ဒေသအမည် ဖြစ်သည်။ ၂၃:၇ မှ ပြန်ဆိုချက်ကို ရှု။

. . . အား အဘိုးပေး၍ အာဗြဟံဝယ်သော လယ်ပြင်
"... ထံမှ အာဗြဟံ ဝယ်ယူသော လယ်ပြင်"

ဟေသအမျိုးသားတို့
"ဟေသ၏ အမျိုးတို့" သို့မဟုတ် "ဟိတ္တိလူတို့။" ၂၃:၅ မှ ပြန်ဆိုချက်ကို ရှု။

အာဗြဟံနှင့် မယားစာရာတို့ကို သင်္ဂြိုဟ်ကြသတည်း
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အာဗြဟံနှင့် မယားစာရာတို့ကို မြေမြှုပ်ကြ၏"

သား
"အာဗြဟံ၏သား"

ဗေရလဟဲရော
"ကျွန်ုပ်ကို တွေ့မြင်ရာ အသက်ရှင်သောသခင်၏ တွင်း။" ၁၆:၁၃ မှ ပြန်ဆိုချက်ကို ရှု။

**Genesis 25:12**

တည်းဟူသော
ဣရှမေလ၏ အမျိုးအနွယ်ကို မိတ်ဆက်ချင်၍ အစပြုသည့် စကားလုံးဖြစ်သည်။

**Genesis 25:13**

ယေဘုယျ အချက်အလက်
ကို ရှု။

. . . ဟူသော ဣရှမေလသားတည်း။ ထိုသို့အမည်ရှိသော သူတို့သည်၊ မိမိမြို့၊ မိမိရဲတိုက်အလိုက်၊ အမျိုးမျိုးသော မင်းဆယ်နှစ်ပါးဖြစ်သတည်း
စာကြောင်း နှစ်ခုအဖြစ် ခွဲနိုင်သည်။ "ဤသူတို့မှာ ဣရှမေလသား ဆယ့်နှဦး ဖြစ်သတည်း။ ထိုသူတို့သည်၊ မိမိမြို့၊ မိမိရဲတိုက်အလိုက် အမည်အသီးသီးဖြင့် ခေါ်တွင်သော လူမျိုးများ ဖြစ်သတည်း"

ဆယ်နှစ်ပါး
"၁၂ ပါး"

မင်း
"မင်း" ဟူရာတွင် လူမျိုးစု၏ ဦးခေါင်း သို့မဟုတ် ခေါင်းဆောင်ဟု ဆိုလိုသည်။ ဘုရင်ဟု တိုက်ရိုက်ဆိုလိုခြင်း မဟုတ်ပါ။

**Genesis 25:17**

ဣရှမေလသည် အသက်တရာသုံးဆယ်ခုနစ်နှစ်ရှိသော်
"ဣရှမေလသည် နှစ်ပေါင်း ၁၃၇ နှစ် အသက်ရှင်ပြီးနောက်"

အသက်ချုပ်၍ သေသဖြင့်
"အသက်ချုပ်" နှင့် "သေ" ဟူသည်မှာ အဓိပ္ပါယ်ချင်း တူ၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကွယ်လွန်သဖြင့်"

မိမိလူမျိုး စည်းဝေးရာသို့ ရောက်လေ၏
သေပြီးနောက် ဘိုးဘေးများ သွားသည့်အရပ်သို့ ရောက်သွားကြောင်း ဆိုလိုသည်။ အဖြည့်ခံဝါကျအဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မိမိ ဘိုးဘေးတို့ထံ ခေါ်ဆောင်ခြင်း ခံရလေ၏"

သူတို့သည်လည်း . . . နေကြ၏
"သူ၏ အမျိုးအနွယ်တို့သည် ... နေကြ၏"

ဟာဝိလမြို့မှစ၍ . . . ရှုရမြို့တိုင်အောင် . . .
"ဟာဝိလမြို့နှင့် ... ရှုရမြို့ကြား ..."

ဟာဝိလမြို့
အာရေဗျ သဲကန္တာရ တနေရာတွင် တည်ရှိသည်။ ၂:၁၁ မှ ပြန်ဆိုချက်ကို ရှု။

. . . သို့ သွားရာလမ်း
"... ဘက်"


generated on Fri Sep 22 10:08:29 2023

မိမိညီအစ်ကိုအပေါင်း အနား၌ ကျသတည်း
ဖြစ်နိုင်ချေများမှာ၊ (၁) "မိမိတို့ ညီအစ်ကိုနှင့် ရန်ငြိုးဖွဲ့လျက် ရှိကြသတည်း" (UDB) သို့မဟုတ် (၂) "ဆွေမျိုးသားချင်းတို့မှ ဝေးရာတွင် နေကြသတည်း"

### Genesis 25:19

အာဗြဟံသား ဣဇာက်၏အဆက်အနွယ်ဟူ မူကား
ကမ္ဘာဦးကျမ်း ၂၅:၁၉ မှ ၃၅:၂၉ တွင် ဖော်ပြမည့် ဣဇာက်အကြောင်းကို မိတ်ဆက်သော စာကြောင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဤသည်မှာ အာဗြဟံသား ဣဇာက်၏ အမျိုးအနွယ်များ အတ္ထုပ္ပတ္တိ ဖြစ်သတည်း"

ဗေသွေလ
ရေဗက္က၏ ဖခင်ဖြစ်သည်။ ၂၂:၂၀ မှ ပြန်ဆိုချက်ကို ရှု။

အသက်လေးဆယ် ရှိသောအခါ
"အသက် ၄၀ ရှိသောအခါ"

ရေဗက္ကနှင့် အိမ်ထောင်လေ၏
"ရေဗက္ကနှင့် ထိမ်းမြားလေ၏"

ပါဒနာရံ
ပဒ္ဒန်အာရမ် ဟူရာတွင် မက်ဆိုပိုတေးမီးယားဒေသကို ညွှန်းပြီး၊ မျက်မှောက် အီရတ်နိုင်ငံ ဖြစ်သည်။

### Genesis 25:21

ရေဗက္က မြုံသောကြောင့်
"ရေဗက္က သားအိမ်မြုံသောကြောင့်"

သူ၏မယားသည် ပဋိသန္ဓေ စွဲယူလေ၏
အမှာနှစ်ယောက်ဖြင့် ကိုယ်ဝန်ဆောင်ကြောင်း တိကျစွာ ဖော်ပြနိုင်သည်။ "သူ၏မယားသည် အမွှာနှစ်ယောက်အား ပဋိသန္ဓေ စွဲလေ၏"

ဝမ်းအတွင်း၌တည်သော သူငယ်တို့သည်၊ အချင်းချင်း တိုက်ခိုက်ကြ၏
"သူမအတွင်း၌ အမွှာတို့သည် အချင်းချင်း ပုတ်ခတ်ကြ၏" သို့မဟုတ် "ဝမ်းတွင်းရှိ သူငယ်တို့ အချင်းချင်း တွန်းဖယ်ကြ၏"

ဝမ်းအတွင်း၌တည်သော သူငယ်တို့
ရေဗက္ကသည် အမွှာနှစ်ယောက်ကို ပဋိသန္ဓေစွဲရ၏။

ထာဝရဘုရားကို မေးလျှောက်ခြင်းငှါ သွားလေ၏
"ယာဝေးဘုရားကို မေးလျှောက်ခြင်းငှါ သွားလေ၏။" အဘယ်အရပ်သို့ သွားသည်ကို ဖော်ပြခြင်း မပြုပါ။ ဆုတောင်းရန် တိတ်ဆိတ်သောအရပ် ဖြစ်နိုင်သကဲ့သို့၊ ယဇ်ပူဇော်ရန် သွားခြင်းလည်း ဖြစ်နိုင်သည်။

### Genesis 25:23

သင်၏ဝမ်းအတွင်း၌ လူမျိုးနှစ်မျိုးရှိ၏
"လူမျိုးနှစ်မျိုး" မှာ ကလေးနှစ်ယောက်ကို ပုံဆောင်သည်။ အသီးသီးက လူမျိုးတခုစီ၏ ဖခင်ဖြစ်လာမည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်၏ ဝမ်းတွင်း၌ ရှိသော သူငယ်နှစ်ဦးအားဖြင့် လူမျိုးနှစ်ခု ဖြစ်လာမည်"

သင်၏ဝမ်းထဲက ခြားနားသော လူစုနှစ်စုကို ဘွားရလိမ့်မည်
"လူစုနှစ်စု" မှာ သူငယ်နှစ်ဦးကို ပုံဆောင်သည်။ တဦးစီက လူတစ်စု၏ ဖခင်ဖြစ်လာမည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မွေးလာသော သူငယ်တို့သည် အချင်းချင်း ရန်ဘက်ပြုလိမ့်မည်"

သင်၏ဝမ်းအတွင်း၌ . . . အကြီးသည် အငယ်၌ ကျွန်ခံရလိမ့်မည်
ကဗျာအသုံးအနှုန်း ဖြစ်သည်။ ပြန်ဆိုမည့် ဘာသာစကား၏ အသုံးအနှုန်းဖြင့် ဖော်ပြနိုင်သည်။

အကြီးသည် အငယ်၌ ကျွန်ခံရလိမ့်မည်
ဖြစ်နိုင်ချေများမှာ၊ (၁) "အကြီးသည် အငယ်ကို ခဝါချရလိမ့်မည်" သို့မဟုတ် (၂) "အကြီး၏အမျိုးသည် အငယ်၏ အမျိုး၌ ကျွန်ခံလိမ့်မည်။" ဖြစ်နိုင်လျှင်၊ နားလည်လွယ်သော စကားလုံးကို အသုံးပြုပါ။

. . . ဟု မိန့်တော်မူ၏
"... ဟု ရေဗက္ကအား မိန့်တော်မူ၏"

### Genesis 25:24

အမွေးပါသော အဝတ်ကဲ့သို့ဖြစ်၍၊ တကိုယ်လုံး အဆင်းနီ၏
ဖြစ်နိုင်ချေများမှာ၊

ဧသော
ဘာသာပြန်ဆိုသူများ အနေဖြင့် "ဧသောမှာ 'အမွေးထူ' ဟူသော ဝေါဟာရနှင့် နီးစပ်သည်" ဟု မှတ်ချက်ထည့်နိုင်သည်။

အစ်ကိုဧသော၏ ဖနောင့်ကို ကိုင်လျက်
"ဧသော၏ ခြေဖနှောင့်ကို ကိုင်လျက်"

ယာကုပ်
ဘာသာပြန်ဆိုသူများ အနေဖြင့် "ယာကုပ်မှာ 'ခြေဖနှောင့်' ဟူသော ဝေါဟာရနှင့် နီးစပ်သည်" ဟု မှတ်ချက်ထည့်နိုင်သည်။

အသက်ခြောက်ဆယ်
"အသက် ၆၀"

### Genesis 25:27

လိမ္မာသော တောသားမုဆိုးဖြစ်လေ၏
"ကျွမ်းကျင်သော မုဆိုးဖြစ်လေ၏"

စိတ်ကောင်းသောသူ
"အေးချမ်းသောသူ" သို့မဟုတ် "ဆိတ်ငြိမ်သောသူ"

တဲ၌နေတတ်၍
အခြားသော ဘာသာပြန်ဆိုချက်၊ "တဲ၌ အချိန်အများစုနေတတ်၍"

ဣဇာက်သည် . . . ကို ချစ်၏
"ချစ်" ဟူရာတွင် "မျက်နှာသာပေး" သို့မဟုတ် "နှစ်သက်" ကို ဆိုလိုသည်။

ဧသောပေးသော အမဲသားကို စားလေ့ရှိသောကြောင့်
"ဧသော ဖမ်းသော အသားကို စားလေ့ရှိသဖြင့်" သို့မဟုတ် "ဧသော ဖမ်းသော အသားကို ကြိုက်သောကြောင့်"


generated on Fri Sep 22 10:08:29 2023

### Genesis 25:29

တနေ့သ၌၊ ယာကုပ်သည် . . . ချက်ပြုတ်စဉ်
ဖြစ်ရပ်တခု၏အစ ဖြစ်သောကြောင့် UDB မူပြန်ကျမ်းကဲ့သို့ "တနေ့သ၌" သို့မဟုတ် "တနေ့သော်" စသဖြင့် နိဒါန်းဖွင့်ပေးမည့် စကားလုံးကို ထည့်သွင်း ဖော်ပြနိုင်သည်။

စားစရာကို ချက်ပြုတ်စဉ်
"အစာကို ချက်ပြုစဉ်" သို့မဟုတ် "ဟင်းကို ချက်ပြုတ်စဉ်။" ပဲနီလေးကို ပြုတ်ထားသော ဟင်းရည်ဖြစ်သည်။ (ရှု၊ ၂၅:၃၁)

မောသောကြောင့်
"အစာငတ်သဖြင့် မောသောကြောင့်" သို့မဟုတ် "စာလောင်သောကြောင့်"

ငါမောပါသည်
"အစာငတ်၍ မောပါပြီ" သို့မဟုတ် "ငါစာလှုပြီ"

ဧဒုံ
ဘာသာပြန်ဆိုသူများ အနေဖြင့် "ဧဒုံ ဟူသော အမည်မှာ 'အနီ' ဟု အဓိပ္ပါယ်ရသည်" ဟူ၍ မှတ်ချက်ထည့်နိုင်သည်။

### Genesis 25:31

သားဦးအရာ
"ဖခင်၏ ဥစ္စာ အများစုကို ဆက်ခံစေသော သားဦးအရာ" (UDB)

ငါသေလုပြီ
မည်မျှ စာလောင်နေကြောင်း ဖော်ပြခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သေလောက်အောင် စာလှုပြီ"

သားဦးအရာအားဖြင့် အဘယ်အကျိုး ရှိပါလိမ့်မည်နည်း
အစာသည် သားဦးအရာထက် အရေးပါသည်ဟု ဧသော ဆိုလိုခြင်းဖြစ်၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "အစာငတ်လျှင် သားဦးအရာက အဘယ်သို့ အကျိုးပြုမည်နည်း"

ယနေ့ပင် ငါ့အား ကျိန်ဆိုခြင်းကိုပြုပါ
အဘယ်အရာကို ကျိန်ဆိုရမည်အကြောင်း တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သားဦးအရာကို ရောင်းမည်အကြောင်း ယခုပင် ကျိန်ဆိုပါ"

ပဲဟင်း
ပဲနီလေးမှာ ပဲအမျိုးအစားဖြစ်ပြီး သေးငယ်၊ လုံးဝန်း၍ ပြား၏။

ဧသောသည်၊ မိမိနှင့်ဆိုင်သော သားဦးအရာကို မထီမဲ့မြင် ပြုသတည်း
"ဧသောသည် မိမိ၏ သားဦးအရာကို မထီမဲ့မြင် ပြုသတည်း"


generated on Fri Sep 22 10:08:29 2023

## Chapter 26

1 အာဗြဟံလက်ထက် ထိုပြည်၌ဖြစ်ဘူးသော အစာခေါင်းပါးခြင်းမှတပါး၊ နောက်တဖန် အစာခေါင်း ပါးခြင်း ရှိပြန်သည်ဖြစ်၍၊
ဣဇာက်သည် ဖိလိတ္တိမင်းကြီး အဘိမလက်နေရာဂေရာမြို့သို့ သွားလေ၏။ 2 ထာဝရဘုရားသည်လည်း သူ့အားထင်ရှား၍၊ သင်သည်
အဲဂုတ္တုပြည်သို့မသွားနှင့်၊ ငါပြောလတံ့သော ပြည်၌နေလော့။ 3 ယခုဤပြည်၌ တည်းခို၍နေလော့။ သင့်ဘက် မှာ ငါနေ၍
ကောင်းကြီးပေးမည်။ အကြောင်းမူကား၊ သင်နှင့်သင်၏အမျိုးအနွယ်အား ဤပြည်ရှိသမျှတို့ကို ငါပေးမည်။
သင်၏အဘအာဗြဟံအား ငါကျိန်ဆိုသော စကားရှိသည်အတိုင်းငါပြုမည်။ 4 သင်၏အမျိုးအနွယ်ကို ကောင်းကင်ကြယ်ကဲ့သို့
များပြားစေမည်။ သင်၏အမျိုးအနွယ်အားလည်း၊ ဤပြည် ရှိသမျှတို့ကို ငါပေးမည်။ သင်၏အမျိုးအနွယ် အားဖြင့်လည်း၊
လူမျိုးအပေါင်းတို့သည် ကောင်းကြီး မင်္ဂလာကို ခံရကြလိမ့်မည်။ 5 အကြောင်းမူကား၊ အာဗြဟံသည် ငါ့စကားကို နားထောင်၍၊
ငါစီရင်မှာထားသော ပညတ်တရား အမျိုးမျိုးတို့ကို စောင့်ရှောက်သတည်း ဟုမိန့်တော်မူ၏။ 6 ဣသရေလဇာက်သည် ဂေရာမြို့၌
နေစဉ်တွင်၊-မြို့သားတို့သည် သူ၏မယားအကြောင်းကို မေးသော အခါ၊ ရေဗက္ကသည် လှသောအဆင်းအရောင် ရှိသောကြောင့်၊ 7
ဤပြည်သား ယောကျ်ားတို့သည် သူ့အကြောင်းကြောင့် ငါ့ကို သတ်မည်ဟုစိုးရိမ်၍၊ သူ သည် ငါ့မယားဖြစ်သည်ဟု မပြောမဆိုဝံ့၊
ငါ့နှမဖြစ်သည် ဟု ပြောဆို၏။ 8 ထိုမြို့၌ ကာလအင်တန်ကြာနေပြီးမှ၊ တနေ့သ၌၊ ဣဇာက်သည် မိမိမယားရေဗက္ကနှင့် ကစားသည်။
ဖိလိတ္တိမင်းကြီးအဘိမလက်သည် ပြတင်းပေါက်ဝက ကြည့်မြင်လျှင်၊ 9 ဣဇာက်ကိုခေါ်၍၊ ထိုမိန်းမသည်၊ အကယ်စင် စစ်
သင်၏မယားဖြစ်၏။ သို့ရာတွင်၊ သူသည် ငါ့နှမဖြစ်၏ဟု အဘယ်ကြောင့် သင်ပြောရ သနည်းဟုမေးသော်၊ ဣဇာက်က၊
သူ့အတွက်ကြောင့် ကျွန်ုပ်သေမည်ကို စိုးရိမ်ပါသည်ဟု လျှောက်ဆို၏။ 10 အဘိမလက်မင်းကလည်း၊ ငါတို့၌ သင်ပြုသော အမှုကား
အဘယ်သို့နည်း။ တစုံတယောက်သော သူသည်၊ သင်၏မယားနှင့် အမှတ်တမဲ့သင့်နေလျှင်၊ ငါတို့ ခေါင်းပေါ်မှာ သင်သည်
အပြစ်ရောက်စေလိမ့်မည် တကားဟု ဆိုပြီးမှ၊ 11 ဤလင်မယားကို ပြစ်မှားသောသူသည် ဆက်ဆက်အသေခံရမည်ဟု
မိမိလူအပေါင်းတို့ကို မှာထားသနည်း။ 12 ထိုပြည်၌ ဣဇာက်သည် မျိုးစေ့ကိုကြဲ၍၊ တနှစ် ခြင်းတွင် အဆတရာသော အသီးအနှံကို
ရလေ၏။ ထာဝရဘုရားသည်လည်း၊ ကောင်းကြီးပေးတော်မူသဖြင့်၊ 13 သူသည်ကြီးပွါး၍၊ အလွန်စည်းစိမ်းကြီးသည် တိုင်အောင်
တိုးတက်လျက်၊ စီးပွါးဥစ္စာများပြားစွာ ဖြစ်လေ၏။ 14 သိုးစု၊ နွားစုများ၊ ကျွန်များနှင့်ပြည့်စုံ ကြွယ်ဝ၏။ ထိုကြောင့်၊
ဖိလိတ္တိလူတို့သည် သူ့ကိုငြူစူကြ၏။ 15 အဘအာဗြဟံလက်ထက်၌၊ အဘ၏ကျွန်တို့ တူးသော ရေတွင်းရှိသမျှတို့ကို
မြေနှင့်ဖို့ပိတ်ကြ၏။ 16 အဘိမလက်မင်းကလည်း၊ သင်သည် ငါ့တို့ထက် တန်ခိုးကြီး၏။ ငါတို့ထံမှထွက်သွားလော့ဟု၊ ဣဇာက်ကို
အမိန့်ရှိသောကြောင့်၊ 17 ဣဇာက်သည် ထိုမြို့မှ ထွက်သွားပြီးလျှင်၊ ဂေရာချိုင့်၌တဲကို ဆောက်၍နေလေ၏။ 18 ထိုအခါ
ဣဇာက်သည်၊ အဘအာဗြဟံ ကျွန်တို့ တူး၍၊ အဘသေသောနောက်၊ ဖိလိတ္တိလူတို့ဖို့သော ရေတွင်းတို့ကို တူးဘော်ပြန်၍၊ အထက်က
အဘသမုတ် သော အမည်ဖြင့် သမုတ်လေ၏။ 19 ဣဇာက်ကျွန်တို့လည်း၊ ချိုင့်ထဲ၌တူး၍ စမ်း ရေတွင်းကို တွေ့ကြ၏။ 20
ဂေရာအမျိုးသား နွားကျောင်းတို့ကလည်း၊ ဤရေသည် ငါတို့ရေဖြစ်၏ဟု၊ ဣဇာက်၏နွားကျောင်းတို့ နှင့် လုယက်ပြောဆိုကြ၏။
ထိုသို့အချင်းချင်းလုယက် ကြသောကြောင့်၊ ထိုရေတွင်းကို ဧသက်အမည်ဖြင့်မှည့် လေ၏။ 21 နောက်တဖန် အခြားသောရေတွင်းကို
တူးပြန် ကြ၏။ ထိုရေတွင်းကိုလည်း တဖန်လုကြသောကြောင့်၊ သိတနအမည်ဖြင့် မှည့်လေ၏။ 22 ထိုအရပ်မှ နေရာပြောင်း၍၊
အခြားသော ရေတွင်းကို တူးကြ၏။ ထိုရေတွင်းကို အဘယ်သူမျှ မလုယက်သောကြောင့်၊ ငါတို့ နေစရာအခွင့်ကို ယခု
ထာဝရဘုရားပေးတော်မူပြီ ဖြစ်၍၊ ဤပြည်၌ ငါတို့သည် စီးပွါးများကြလိမ့်မည်ဟုဆိုလျက်၊ ထိုရေတွင်းကို ရဟောဘုတ်အမည်ဖြင့်
မှည့်သတည်း။ 23 တဖန် ထိုအရပ်မှ ဗေရရှေဘအရပ်သို့ ပြောင်း လေ၏။ 24 ထိုနေ့ညမှာ ထာဝရဘုရားသည် ထင်ရှား၍၊ ငါသည်
သင်၏အဘ အာဗြဟံ၏ ဘုရားဖြစ်၏။ မစိုးရိမ် နှင့်။ ငါသည်သင့်ဘက်မှာရှိ၏။ ငါသည်ကောင်းကြီးပေး မည်။
ငါ၏ကျွန်အာဗြဟံအတွက်၊ သင်၏အမျိုးအနွယ်ကို ငါများပြားစေမည်ဟု မိန့်တော်မူ၏။ 25 ထိုအရပ်၌ ယဇ်ပုလ္လင်ကို တည်၍၊ ထာဝရ
ဘုရား၏ နာမတော်ကို မဟာနာပြု၏။ တဲကိုလည်း တည်ဆောက်၍၊ ကျွန်တို့သည် ရေတွင်းကို တူးကြ၏။ 26 ထိုအခါ
အဘိမလက်မင်းသည်၊ အဆွေတော် အဟုဇာတ်နှင့် ဗိုလ်ချုပ်မင်းဖိကောလတို့ကို ခေါ်၍၊ ဂေရာမြို့မှ ဣဇာက်ရှိရာသို့သွား၏။ 27
ဣဇာက်ကလည်း၊ သင်တို့သည် ငါ့ကို မြင်ပျင်း၍ နှင်ထုတ်ပြီးမှ၊ အဘယ်ကြောင့် လာကြသနည်းဟု မေးလျှင်၊ 28 ထိုသူတို့က၊
ထာဝရဘုရားသည် သင့်ဘက်မှာ ရှိတော်မူကြောင်းကို၊ ငါတို့အမှန် သိမြင်သည်ဖြစ်၍၊ 29 ငါတို့သည် သင့်ကိုမထိမခိုက်၊
ကျေးဇူးကိုသာပြု၍၊ ငြိမ်ဝပ်စွာလွှတ် လိုက်သည်နည်းတူ၊ သင်သည်ငါတို့ကို အပြစ်မပြုရဟု၊ ငါတို့တဘက်၊ သင့်တဘက်၊
နှစ်ဘက်သား တို့သည်၊ သစ္စာဂတိထား၍ မိဿဟာယဖွဲ့ကြစို့။ သင် သည် ထာဝရဘုရားကောင်းကြီးပေးတော်မူသောသူ ဖြစ်ပါ၏ဟု
ဆိုကြလေသော်၊ 30 ဣဇာက်သည်၊ သူတို့အဘို့ စားသောက်ပွဲကို လုပ်၍၊ အတူစားသောက်ကြ၏။ 31 နံနက်စောစောထ၍၊
အချင်းချင်းတဦးနှင့် တဦး သစ္စာပြုလိုက်ပြီးမှ၊ ဣဇက်သည်။ ဣဇာက်သည် သူ့တို့ကို လွှတ်လိုက်၍၊ သူတို့သည်
ငြိမ်ဝပ်စွာသွားရကြ၏။ 32 ထိုနေ့၌ပင် ဣဇာက်ကျွန်တို့သည် လာ၍၊ မိမိတို့ တူးသောတွင်း၌ ရေတွေ့ကြောင်းကို ပြောဆိုကြလျှင်၊ 33
ထိုရေတွင်းကို ရှေဘအမည်ဖြင့် မှည့်လေ၏။ ထိုကြောင့် ထိုအရပ်၌ တည်သောမြို့ကို ဗေရရှေဘမြို့ဟု
ယနေ့တိုင်အောင်တွင်လေသတည်း။ 34 ဧသောသည် အသက်လေးဆယ်ရှိသောအခါ၊ ဟိတ္တိအမျိုးသား ဗေရိ၏သမီးယုဒိတ်၊
ဟိတ္တိအမျိုးသား ဧလုန်၏သမီး ဗာရှမတ်တို့နှင့် အိမ်ထောင်လေ၏။ 35 ထိုမိန်းမတို့သည် ဣဇာက်နှင့်ရေဗက္က၌ စိတ်
နှလုံးပူပန်စရာအကြောင်းဖြစ်သတည်း။


generated on Fri Sep 22 10:08:29 2023

## Genesis 26:1

အစာခေါင်းပါးခြင်း ရှိပြန်သည်
"ကပ်ဘေးဆိုက်ရောက်ပြန်၏" သို့မဟုတ် "အစာခေါင်းပါးခြင်းဖြစ်၏"

ထိုပြည်၌
ဘယ်ပြည်ဖြစ်ကြောင်း တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ ဣဇာက်နှင့်အိမ်သားတို့ နေထိုင်သော ပြည်၌"

အာဗြဟံလက်ထက် ... ဖြစ်ဘူးသော
"လက်ထက်" ဟူရာတွင် အာဗြဟံ အသက်ရှင်စဉ်ဟု ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အာဗြဟံ ထင်ရှားစဉ် ... ဖြစ်ဖူးသော"

## Genesis 26:2

ယေဘုယျ အချက်အလက်
ထာဝရဘုရားက ဣဇာက်ထံ စတင်မိန့်တော်မူ၏။

သူ့အားထင်ရှား၍
"ဣဇာက်ထံ ထင်ရှား၍"

အဲဂုတ္တုပြည်သို့မသွားနှင့်
ကတိတော်ထားရာပြည်မှ နိမ့်ရာသို့ ဆင်းသွားသည်ဟုလည်း ဖော်ပြနိုင်သည်။

အကြောင်းမူကား၊ သင်နှင့် သင်၏အမျိုးအနွယ်အား ဤပြည်ရှိသမျှတို့ကို ငါပေးမည်
"အကြောင်းမူကား၊ သင်နှင့် သင့်အမျိုးအနွယ်ထံ ဤပြည်တခုလုံးကို ငါပေးမည်"

သင်၏အဘ အာဗြဟံအား ငါကျိန်ဆိုသောစကား ရှိသည့်အတိုင်း ငါပြုမည်
"သင့်အဖ အာဗြဟံကို ငါကျိန်ဆိုထားသည့်အတိုင်း ငါပြုမည်"

## Genesis 26:4

ယေဘုယျ အချက်အလက်
ထာဝရဘုရားက ဣဇာက်ထံ ဆက်လက် မိန့်တော်မူသည်။

သင်၏အမျိုးအနွယ်ကို . . . များပြားစေမည်
"သင်၏အမျိုးအနွယ်ထံ ... ပွားများခြင်းပေးမည်"

ကောင်းကင်ကြယ်ကဲ့သို့
ဣဇာက်၏ အမျိုးအနွယ်ကို ရေတွက် မရနိုင်သော ကြယ်များကဲ့သို့ များပြားမည်ဟု ဖော်ပြခြင်းဖြစ်သည်။ ၂၂:၁၇ မှ ပြန်ဆိုချက်ကို ရှု။

ကောင်းကင်
နေ၊ လ၊ ကြယ်စသော ကမ္ဘာကြီး၏အထက်၌ တွေ့ရသမျှကို ညွှန်းသည်။

လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံရကြလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မြေကြီးသား အပေါင်းတို့ ငါကောင်းကြီးပေးမည်"

အာဗြဟံသည် ငါ့စကားကို နားထောင်၍၊ ငါစီရင်မှာထားသော ပညတ်တရား အမျိုးမျိုးတို့ကို စောင့်ရှောက်သတည်း
"ငါစကားကို နားထောင်၍" နှင့် "ငါစီရင်မှာထားသော ပညာတ်တရား အမျိုးမျိုးတို့ကို စောင့်ရှောက်သတည်း" တို့မှာ အဓိပ္ပါယ် တူသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အာဗြဟံသည် ငါ့စကားကို နားထောင်၍၊ ငါ့ပညတ်ချက် အလုံးစုံကို စောင့်ရှောက်သတည်း"

ငါ့စကားကို နားထောင်၍
"စကား" မှာ ထာဝရဘုရား ကိုယ်တိုင်ကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့ကို နာခံ၍"

## Genesis 26:6

ဣဇာက်သည် ဂေရာမြို့၌ နေစဉ်တွင်
မိသားစု တခုလုံး၏ ခေါင်းဆောင်ဖြစ်သောကြောင့် ဣဇာက် အမည်ကိုသာ ဖော်ပြခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထို့ကြောင့် ဣဇာက်နှင့် အိမ်သားတို့သည် ဂေရာမြို့၌ နေထိုင်၏"

မပြောမဆိုဝံ့
"ဝံ့" ဟူသည်မှာ ကြောက်ရွံ့ခြင်းသဘောကို ညွှန်းသည်။ "ပြောရန် ကြောက်ရွံ့သဖြင့်"

သူ့အကြောင်းကြောင့်
"သူမအတွက်ကြောင့်"

ရေဗက္ကာနှင့် ကစားသည်
ဖြစ်နိုင်ချေများမှာ၊ (၁) လင်နှင့်မိမိမယား ပြုသကဲ့သို့ ထိကိုင်သည် သို့မဟုတ် (၂) လင်နှင့်မယား ပြုသကဲ့သို့ ပြောဆိုရယ်မောသည်။

## Genesis 26:9

ဣဇာက်ကိုခေါ်၍
ငယ်သား တယောက်ကို စေလွှတ်၍ ဆင့်ခေါ်စေခြင်း ဖြစ်မည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဣဇာက်ကို လူလွှတ်ဆင့်ခေါ်စေ၍"

သို့ရာတွင်၊ သူသည် ငါ့နှမဖြစ်၏ဟု အဘယ်ကြောင့် သင်ပြောရသနည်း
ပြောခဲ့ပြီးသောစကားကို ပြန်လည် ကိုးကားခြင်းဖြစ်သည်။ သွယ်ဝိုက်စကား အဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သို့ဖြစ်လျှင်၊ အဘယ်ကြောင့် သူမသည် သင့်နှမဟု ပြောသနည်း"

သူ့အတွက်ကြောင့်
"သူမအတွက်ကြောင့်"

ငါတို့၌ သင်ပြုသောအမှုကား အဘယ်သို့နည်း
ဣဇာက်ကို ဆုံးမရန် မေးခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါတို့၌ သင်ပြုသောအမှုကား မှားယွင်းပေ၏"

ငါတို့ခေါင်းပေါ်မှာ သင်သည် အပြစ်ရောက်စေလိမ့်မည်တကား
"အပြစ်" ကို လူတယောက်ပေါ် တင်သကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါတို့သည် သူတပါး မယားအပေါ် ပြစ်မှားတော့မည် မဟုတ်ပါတကား"


generated on Fri Sep 22 10:08:29 2023

ငါတို့ခေါင်းပေါ်မှာ
"ငါတို့" ဟူရာတွင် အဘိမလက်နှင့် သူ့ပြည်သားတို့ကို ညွှန်းသည်။

ဤလင်မယားကို ပြစ်မှားသောသူ
"ပြစ်မှား" ဟူရာတွင် ထိခိုက်ခြင်းကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဤလင်မယားကို ထိခိုက်စေသူ"

. . . သည် ဆက်ဆက်အသေခံရမည်
ဣဇာက်နှင့် ရေဗက္ကကို ထိခိုက်သူအား သေဒဏ်ပေးရန် မိမိလူတို့ကို မိန့်လိုက်ခြင်း ဖြစ်သည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။အခြားသော ဘာသာပြန်ဆိုချက်၊ "... ကို ငါကွပ်မျက်မည်" သို့မဟုတ် "... ကို သေမိန့်ပေးမည်"

## Genesis 26:12

ယေဘုယျ အချက်အလက်
အကြောင်းအရာသစ်၏ အစဖြစ်သည်။ ရေဗက္ကကို မိမိနှမဟု ခေါ်ရာမှ ဖိလိတ္တိလူတို့၏ မနာလိုမှု ခံရသည်ထိ ကောင်းချင်းမင်္ဂလာ ခံစားရသော ဣဇာက်၏ အကြောင်းဖြစ်သည်။

ထိုပြည်၌
"ဂေရာအရပ်၌"

အဆတရာသော
"မိမိစိုက်ပျိုးသည်ထက် အဆတရာ ပိုများသော" ဟု ဆိုလိုသည်။ "များစွာသော"

သူသည် ကြီးပွါး၍
"ဣဇာက်သည် ကြီးပွါး၍" သို့မဟုတ် "ထိုသူသည် ကြီးပွါး၍"

အလွန်စည်းစိမ်းကြီးသည်တိုင်အောင် တိုးတက်လျက်၊ စီးပွါးဥစ္စာများပြားစွာဖြစ်လေ၏
"လွန်စွာ ချမ်းသာသည်အထိ တိုးတက်လျက်၊ ဥစ္စာဓန အမြောက်အမြား ရလေ၏"

သိုးစု
ဆိတ်လည်း ပါဝင်တတ်သည်။

ကျွန်များ
"ကျွန်များ" မှာ အိမ်သားများလည်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အိမ်သားများ"

ထိုကြောင့်၊ ဖိလိတ္တိလူတို့သည် သူ့ကိုငြူစူကြ၏
"ထို့ကြောင့်၊ သူ့ကို ဖိလိတ္တိလူတို့ မနာလိုဖြစ်ကြ၏"

## Genesis 26:15

အဘအာဗြဟံ လက်ထက်၌
"လက်ထက်၌" ဟူရာတွင် လူတဦး၏ ဘဝကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဘ အာဗြဟံ သက်ရှိထင်ရှားစဉ်က"

အဘိမလက်မင်းကလည်း . . . အမိန့်ရှိသောကြောင့်
ဖြစ်နိုင်ချေများမှာ၊

ငါ့တို့ထက် တန်ခိုးကြီး၏
"ငါတို့တက် ကြီးမြတ်၏"

ဣဇာက်သည် ထိုမြို့မှ ထွက်သွားပြီးလျှင်
အိမ်ထောင်ဦးစီး ဖြစ်သော ဣဇာက်ကိုသာ ညွှန်းထားသည်။ သို့ရာတွင်၊ မိသားစုနှင့် အစေခံများ အားလုံးလည်း ပါဝင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဣဇာက်နှင့် တအိမ်သားလုံး ထိုမြို့မှ ထွက်သွားပြီး"

## Genesis 26:18

ဣဇာက်သည်
"ဣဇာက်" မှာ ဣဇာက်နှင့် တအိမ်သားလုံးကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဣဇာက်နှင့် မိမိလူတို့သည်"

အဘအာဗြဟံ ကျွန်တို့ တူး၍
"အာဗြဟံ၏ ကျွန်တို့ တူးပြီး"

ဖိလိတ္တိလူတို့ ဖို့သော
ဣဇာက်က ပြန်လည် တူးဖော်ရသည့် အကြောင်းရင်း ဖြစ်သည်။ ဤသို့ ပြန်ဆိုနိုင်သည်။

ဖို့သော
"မြေနှင့် ဖို့သော"

## Genesis 26:19

စမ်းရေ
တွင်းကို တူးရင်း တွေ့လိုက်သော သဘာဝစမ်းရေကို ညွှန်းသည်။ လတ်ဆတ်သော စမ်းရေ ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သန့်ရှင်းသော စမ်းရေ"

နွားကျောင်းတို့
"နွားအုပ်ကို ကျောင်းသော သူတို့"

ဤရေသည် ငါတို့ရေဖြစ်၏
ဂေရာမြို့ နွားကျောင်းသားတို့ကို ညွှန်းသည်။

ဧသက်
ဘာသာပြန်ဆိုသူများ အနေဖြင့် "ဧသက် သို့မဟုတ် ဧဆက် မှာ 'ရန်ဖြစ်သည်' သို့မဟုတ် 'ငြင်းခုံသည်' ဟု ဆိုလိုသည်" ဟူ၍ မှတ်ချက် ထည့်သွင်းနိုင်သည်။

## Genesis 26:21

တူးပြန်ကြ၏
"ဣဇာက်၏ အစေခံတို့က တူးကြပြန်၏" (UDB)

လုကြသောကြောင့်
"နွားကျောင်းသားတို့နှင့် လုကြသောကြောင့်"

. . . အမည်ဖြင့် မှည့်လေ၏
"ဣဇာက်က ... ဟု အမည်ပေးလေ၏"

သိတန
ဘာသာပြန်ဆိုသူများ အနေဖြင့် "သိတန သို့မဟုတ် ဆိတန မှာ 'ကန့်ကွက်' သို့မဟုတ် 'ဝေဖန်' ဟု ဆိုလိုသည်" ဟူ၍ မှတ်ချ ထည့်သွင်းနိုင်သည်။

ငါတို့ . . . ငါတို့
ဣဇာက်က မိမိနှင့် မိမိတစ်အိမ်သားလုံကို ညွှန်းဆိုခြင်း ဖြစ်သည်။


generated on Fri Sep 22 10:08:29 2023

ရဟောဘုတ်
ဘာသာပြန်ဆိုသူများ အနေဖြင့် "ရဟောဘုတ် သို့မဟုတ် ရေဟောဘုသ် မှာ 'အတွက် အခန်းကို ပြင်ဆင်လော့' သို့မဟုတ် 'နေရာလွတ်' ဟု ဆိုလိုသည်" ဟူ၍ မှတ်ချက် ထည့်သွင်းနိုင်သည်။

### Genesis 26:23

ထိုအရပ်မှ ဗေရရှေဘအရပ်သို့ ပြောင်း လေ၏
ဗေရရှေဘမှာ မြောက်ဘက်အရပ် ကျပေမည်။ ပြန်ဆိုမည့် ဘာသာစကားနှင့် ကိုက်ညီသော အသုံးအနှုန်းဖြင့် ပြန်ဆိုပါ။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုအရပ်မှ ဗေရရှေဘအရပ်သို့ တက်သွား၏"

သင်၏အမျိုးအနွယ်ကို ငါများပြားစေမည်
"သင့်အမျိုးအနွယ်ကို ငါများပြားစေမည်" သို့မဟုတ် "သင့်အမျိုးအနွယ်ကို များပြားအောင် ငါပြုမည်"

ငါ၏ကျွန် အာဗြဟံအတွက်
"ငါ့ကျွန် အာဗြဟံအဖို့" သို့မဟုတ် ပို၍ တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့ကျွန် အာဗြဟံကို သစ္စာဆိုခဲ့သည်အတိုင်း"

ထိုအရပ်၌ ယဇ်ပလ္လင်ကိုတည်၍
ယဇ်ပလ္လင် တည်ရသော အကြောင်းရင်းကို တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုအရပ်၌ ထာဝရဘုရားအဖို့ ယဇ်ပလ္လင်ကို တည်၍"

ထာဝရဘုရား၏ နာမတော်ကို ပဌနာပြု၏
"ပဌနာပြု" ဟူရာတွင် ဆုတောင်း သို့မဟုတ် ကိုးကွယ်ရှိခိုးဟု ဆိုလိုသည်။ "နာမတော်" မှာ ထာဝရဘုရား ကိုယ်တော်တိုင်ကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားကို ကိုးကွယ်ဝတ်ပြု၏"

### Genesis 26:26

အဆွေတော်
ဖြစ်နိုင်ချေများမှာ၊ ၁) "မိတ်ဆွေ" သို့မဟုတ် ၂) "အကြံပေးအမတ်"

အဟုဇာတ်
ယောကျ်ားအမည် ဖြစ်သည်။

ဂ္ဂေရာက်ရှိရာသို့သွား၏
"ဂ္ဂေရာက်ထံ သွား၏"

ဖိကောလ
ယောကျ်ားအမည် ဖြစ်သည်။ ၂၁:၂၂ မှ ပြန်ဆိုချက်ကို ရှု။

### Genesis 26:28

ထိုသူတို့က . . . ဟု ဆိုကြလေသော်
အဘိမလက်၊ အဟုဇာတ်နှင် ဖိကောလ တို့ကို ညွှန်းသည်။ တစုံတဦးက ပြောခဲ့ပြီး ကျန်နှစ်ဦးက ထောက်ခံပေး၏။ ထိုသူတို့ တညီတညွတ်တည်း ပြောသည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ အခြားသော ဘာသာပြန်ဆိုချက်၊ "တဦးက ... ဟု ဆိုလေသော်"

ငါတို့ အမှန်သိမြင်သည်ဖြစ်၍
"ငါတို့ သိမြင်သည်ဖြစ်၍" သို့မဟုတ် "သိမြင်ပြီ ဖြစ်၍"

သစ္စာဂတိထား၍ မိဿဟာယဖွဲ့ကြစို့
"ပဋိညာဉ်သစ္စာပြုစေလိုပါသည်"

ငါတို့သည် သင့်ကို . . . ကျေးဇူးကိုသာပြု၍
ဤစာပိုဒ်ကို ရှေ့၌ ပြောင်းတင်နိုင်သည်။ "ငါတို့သည် သင့်အပေါ် ကျေးဇူးကိုသာပြု၍ ... "

သင်သည် ထာဝရဘုရား ကောင်းကြီးပေးတော်မူသောသူ ဖြစ်ပါ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားသည် သင့်အား ကောင်းကြီးပေးတော်မူ၏"

### Genesis 26:30

ဂ္ဂေရာက်သည်၊ သူတို့အဘို့ စားသောက်ပွဲကိုလုပ်၍၊ အတူစားသောက်ကြ၏
အတူစားသောက်ခြင်းသည် ပဋိညာဉ်သစ္စာပြုခြင်း၏ အစိတ်အပိုင်းတခု ဖြစ်သည်။

သူတို့အဘို့
"သူတို့" မှာ "အဘိမလက်၊ အဟုဇာတ်နှင့် ဖိကောလတို့" ကို ညွှန်းသည်။

အတူစားသောက်ကြ၏
"အတူ" ဟူရာတွင် ဂ္ဂေရာက်၊ အဘိမလက်၊ အဟုဇာတ်နှင့် ဖိကောလတို့ကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အားလုံးက စားသောက်ကြ၏" (UDB)

နံနက်စောစောထ၍
"စောစောထ၍"

### Genesis 26:32

ထိုရေတွင်းကို ရှေဘာအမည်ဖြင့် မှည့်လေ၏
"ထိုရေတွင်းကို ရှေဘာဟု အမည်ပေးလေ၏။" ဘာသာပြန်ဆိုသူများ အနေဖြင့် "ရှေဘာမှာ ဂတိသစ္စာဟူသောစကားနှင့် နီးစပ်သည်" ဟု မှတ်ချက် ထည့်သွင်းနိုင်သည်။

ဗေရရှေဘမြို့
ဘာသာပြန်ဆိုသူများ အနေဖြင့် "ဗေရရှေဘမှာ 'သစ္စာရေတွင်း' သို့မဟုတ် 'ခုနစ်ခုသောရေတွင်း' ဟု ဆိုလိုသည်" ဟု မှတ်ချက် ထည့်သွင်းနိုင်သည်။ (၂၁:၃၁ မှတ်စုကို ရှု)

### Genesis 26:34

ယေဘုယျ အချက်အလက်
ကမ္ဘာဦးကျမ်း ၂၆ တခန်းလုံးနီးပါးမှာ ဂ္ဂေရာက်၏ အကြောင်းဖြစ်သည်။ သို့ရာတွင် ဤအပိုင်းမှာ သူ့အစ်ကို ဧသောအကြောင်း ဖြစ်သည်။

လေးဆယ်
"၄၀"

. . . တို့နှင့် အိမ်ထောင်လေ၏
"... တို့နှင့် ထိမ်းမြားလေ၏။" မယားနှစ်ယောက် ယူကြောင်း တိကျစွာ ဖော်ပြနိုင်သည်။ "... ဟူ၍ မယားနှစ်ယောက် ယူလေ၏"


generated on Fri Sep 22 10:08:29 2023

ယုဒိတ် . . . ဗာရှမတ်
ဧသော မယားတို့၏ အမည်ဖြစ်သည်။

ဗေရိ . . . ဧလုန်
ယောက်ျားအမည်များ ဖြစ်သည်။

ဟိတ္တိအမျိုးသား
"ဟေသ၏အမျိုးအနွယ်" သို့မဟုတ် "ဟေသအမျိုး"

ထိုမိန်းမတို့သည် ဣဇာက်နှင့်ရေဗက္က၌ စိတ်နှလုံး ပူပန်စရာအကြောင်း ဖြစ်သတည်း
"ထိုမိန်းမတို့" မှာ ယုဒိတ်နှင့် ဗာရှမတ်တို့ကို ညွှန်းသည်။ စိတ်နှလုံး ပူပန်ခြင်းကို ယူဆောင်လာသကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုမိန်းမတို့က ဣဇာက်နှင့် ရေဗက္ကကို စိတ်နှလုံး ပူပန်စေသတည်း" သို့မဟုတ် "ဣဇာက်နှင့်ရေဗက္ကမှာ ထိုမိန်းမတို့ကြောင့် စိတ်ပူပန်ခြင်းသို့ ရောက်သတည်း"

---


generated on Fri Sep 22 10:08:29 2023

## Chapter 27

1 ထိုနောက် ဣဇာက်သည် အိုရွ၍ မျက်စိမှုန်သဖြင့် မမြင်နိုင်သောအခါ၊ သားအကြီးဧသောကို၊ ငါ့သားဟု ခေါ်လျှင်၊ အကျွန်ုပ်ရှိပါ၏ဟု
ထူးလေ၏။ 2 အဘကလည်း၊ ယခုငါအိုလှပြီ။ အဘယ်သော အခါ သေရမည်ကို ငါမသိ။ 3 မသေမှီ ငါ့ဝိညာဉ်သည် သင့်ကို
ကောင်းကြီး ပေးမည်အကြောင်း၊ သင်၏လက်နက်တည်းဟူသော လေးနှင့်မြားတောင့်ကို ဆောင်ယူလျက် တောသို့သွား၍၊
ငါစားစရာဘို့ အမဲကောင်ကို ရအောင်ရှာပြီးလျှင်၊ 4 ငါမြိန်ရှက်တတ်သော အမဲဟင်းလျာကို ချက်၍ ငါ့ထံသို့ ယူခဲ့ပါလော့ဟု
ပြောဆို၏။ 5 ထိုသို့ ဣဇာက်သည် သားဧသောအား ပြောဆို သောစကားကို၊ ရေဗက္ကကြားသည်ဖြစ်၍၊ ဧသောသည် အမဲသားကို
ရအောင်တောသို့ အရှာသွားစဉ်တွင်၊ 6 ရေဗက္ကသည် သားယာကုပ်ကို ခေါ်၍၊ 7 သင်၏အဘက၊ ငါမသေမှီ ထာဝရဘုရား၏
ရှေ့တော်မှာ သင့်ကို ငါကောင်းကြီးပေးမည်အကြောင်း၊ ငါစားစရာဘို့ အမဲသားကို ယူခဲ့၍၊ အမဲဟင်းလျာကို ချက်ပါဟု သင်၏အစ်ကို
ဧသောအား ပြောသည်ကို ငါကြား ပြီ။ 8 သို့ဖြစ်၍ ငါ့သား၊ ငါမှာထားသမျှသော စကားကို နားထောင်ပါ လော့။ 9 ယခုဆိတ်စုရှိရာသို့
သွား၍၊ ကောင်းသော ဆိတ် သငယ်နှစ်ကောင်ကို ငါ့ထံသို့ယူခဲ့ပါလော့။ သင်၏အဘ မြိန်ရှက်တတ်သော အမဲဟင်းလျာကို
ငါချက်မည်။ 10 သင်၏အဘမသေမှီ သင့်ကို ကောင်းကြီးပေး မည်အကြောင်း၊ ထိုအစာကို အဘစားစေခြင်းငှါ သင် သည်
အဘထံသို့ပို့ဆောင်ရမည်ဟု ဆိုလေ၏။ 11 ယာကုပ်ကလည်း၊ ကျွန်ုပ်အစ်ကို ဧသောကား အမွေးရှိသောသူ၊
ကျွန်ုပ်ကားချောမွတ်သောသူ ဖြစ်၏။ 12 ကျွန်ုပ်အဘသည် ကျွန်ုပ်ကို စမ်းသပ်ကောင်း စမ်းသပ်လိမ့်မည်။ သို့ဖြစ်လျှင်
ကျွန်ုပ်ကိုလှည့်စားသော သူဟူ၍ ထင်သဖြင့်၊ ကျွန်ုပ်သည် မင်္ဂလာကိုမရဘဲ ကျိန်ခြင်းအမင်္ဂလာကိုသာ ခံရလိမ့်မည်ဟု အမိကိုဆို
လေ၏။ 13 အမိရေဗက္ကကလည်း၊ ငါ့သား၊ သင်ခံရသော ကျိန်ခြင်းအမင်္ဂလာသည် ငါ၌သင့်ရောက်ပါစေ။ ငါ့စကား ကို နားထောင်၍
ဆိတ်သငယ်တို့ကိုသာ ယူခဲ့ပါဟု ဆိုသည်အတိုင်း၊ 14 သူသည် သွား၍ ဆိတ်သငယ်တို့ကို အမိထံသို့ ယူခဲ့သဖြင့်၊ အမိသည်လည်း
အဘမြိန်ရှက်တတ်သော အမဲဟင်းလျာကို ချက်လေ၏။ 15 ထိုအခါ ရေဗက္ကသည် အိမ်တွင် မိမိလက်၌ ရှိသော
သားကြီးဧသော၏အဝတ်၊ ကောင်းမွန်သော အဝတ်ကိုယူ၍၊ သားငယ်ယာကုပ်ကို ဝတ်စေလျက်၊ 16 ဆိတ်သငယ်၏
သားရေကိုလည်းယူ၍ သူ၏ လက်၌၎င်း၊ လည်ပင်ချောသော ဘက်၌၎င်း ဆင်ယင်ပြီး လျှင်၊ 17 မိမိချက်သော အမဲဟင်းနှင့်
မုန့်ကိုသားယာကုပ် လက်၌အပ်ပေး၏။ 18 ယာကုပ်လည်း အဘထံသို့ သွား၍၊ အဘဟု ခေါ်လေ၏။ အဘကလည်း၊ ငါရှိ၏ငါ့သား။
သင်သည် အဘယ်သူနည်းဟု မေး၏။ 19 ယာကုပ်ကလည်း၊ အကျွန်ုပ်ကား သားအကြီး ဧသောဖြစ်ပါ၏။
အဘမှာထားသည်အတိုင်းပြုပါပြီ။ ထ၍ထိုင်ပါ။ အဘ၏ဝိညာဉ်သည် အကျွန်ုပ်ကို ကောင်း ကြီးပေးမည်အကြောင်း၊
အကျွန်ုပ်၏အမဲသားကို စား ပါလော့ဟု ဆိုလေ၏။ 20 အဘဣဇာက်ကလည်း၊ ငါ့သား၊ ဤမျှလောက်
လျင်မြန်စွာတွေ့ရသောအကြောင်းကား၊ အဘယ်သို့နည်း ဟု သားအားမေးလျှင်၊ အဘ၏ ဘုရားသခင် ထာဝရ ဘုရားသည်
အကျွန်ုပ်ရှိရာသို့ ဆောင်ခဲ့တော်မူသော ကြောင့်၊ လျင်မြန်စွာတွေ့ရပါသည်ဟု ပြန်ဆိုလေ၏။ 21 ဣဇာက်ကလည်း၊ ငါ့သား၊ သင်သည်
ငါ့သား ဧသောမှန်သည် မမှန်သည်ကိုသိလို၍၊ သင့်ကို ငါစမ်း သပ်စေခြင်းငှါ၊ ငါ့ထံပါးသို့ချဉ်းကပ်ပါလော့ဟုဆိုလျှင်၊ 22
ယာကုပ်သည် အဘထံပါးသို့ချဉ်းကပ်၍၊ အဘ သည် စမ်းသပ်လျက်၊ အသံကား ယာကုပ်၏အသံ၊ လက်တို့ကား
ဧသော၏လက်ဖြစ်ပေသည်ဟု ဆိုလေ၏။ 23 ထိုသို့သူ၏ လက်တို့သည် ဧသော၏လက်ကဲ့သို့ အမွေးပါသောကြောင့်၊
ယာကုပ်ဖြစ်မှန်းကို အဘမရိပ်မိ သဖြင့်၊ ကောင်းကြီးပေးလေ၏။ 24 သို့ရာတွင် တဖန်ကား၊ သင်သည် ငါ့သားဧသော စင်စစ်အမှန်ပင်
ဖြစ်သလောဟု မေးပြန်လျှင်၊ မှန်ပါ သည်ဟု ဆို၏။ 25 အဘကလည်း၊ ငါ့ထံပါးသို့ သွင်းခဲ့ပါ။ ငါ့ဝိညာဉ်သည် သင့်ကို
ကောင်းကြီးပေးမည်အကြောင်း၊ ငါ့သား၏ အမဲသားကို ငါစားအံ့ဟုဆိုလျှင်၊ ယာကုပ်သည် အဘထံပါးသို့ သွင်း၍၊ အဘစားလေ၏။
စပျစ်ရည်ကို လည်း ပေး၍ အဘသောက်လေ၏။ 26 ထိုနောက် အဘက၊ ငါ့သားချဉ်းကပ်၍ ငါ့ကို နမ်းပါလော့ဟု ဆိုလျှင်၊
ယာကုပ်သည် ချဉ်းကပ်၍ အဘ ကို နမ်းလေ၏။ 27 အဘဣဇာက်ကလည်း၊ သူ့အဝတ်၏ အနံ့ကို ခံ၍ကြည့်ပါ။ ငါ့သား၏အနံ့သည်၊
ထာဝရဘုရား ကောင်းကြီးပေးတော်မူသော လယ်၏အမွှေးအကြိုင်နှင့် တူ၏။ 28 ထိုကြောင့် ဘုရားသခင်ပင် မိုယ်းကောင်းကင်
နှင့်ကို၎င်း၊ မြေကြီး၏ဆီဥကို၎င်း၊ များစွာသော ဆန်စပါး၊ စပျစ်ရည်ကို၎င်း၊ သင့်အား ပေးတော်မူစေသတည်း။ 29 သူတပါးတို့သည်
သင်၌ကျွန်ခံ၍၊ အပြည်ပြည် တို့သည် သင့်ရှေ့မှာ ဦးညွှတ်ကြရစေသတည်း။ သင်သည် သင်၏ညီအစ်ကိုတို့၌ အရှင်ဖြစ်၍၊
သင့်အမိသားတို့သည် သင့်ရှေ့မှာ ဦးညွှတ်ရကြစေသတည်း။ သင့်ကို ကျိန်ဆဲ သောသူအပေါင်းတို့သည် ကျိတ်ဆဲခြင်းကို ခံရကြစေ
သတည်း။ သင့်ကို ကောင်းကြီးပေးသောသူအပေါင်းတို့ သည် ကောင်းကြီးကို ခံရကြစေသတည်းဟု ကောင်းကြီး ပေးလေ၏။ 30
ယာကုပ်သည်၊ အဘဣဇာက်ပေးသော ကောင်း ကြီးမင်္ဂလာကို ခံ၍၊ အဘထံမှ ထွက်သွားသော ခဏခြင်း တွင်၊ အစ်ကိုဧသောသည်
မုဆိုးပြုရာမှ ရောက်လာ၏။ 31 သူသည်လည်း အမဲဟင်းလျာကို ချက်၍ အဘ ထံသို့ ဆောင်ခဲ့ပြီးလျှင်၊
အကျွန်ုပ်အဘ၏ဝိညာဉ်သည်၊ အကျွန်ုပ်ကိုကောင်းကြီးပေးမည်အကြောင်း၊ သား၏ အမဲသားကို ထ၍စားပါလော့ဟုဆိုလေ၏။ 32
အဘဣဇာက်ကလည်း၊ သင်သည် အဘယ်သူ နည်းဟု မေးလျှင်၊ အကျွန်ုပ်ကား သားအကြီး ဧသော ဖြစ်ပါ၏ဟု ဆိုလေသော်၊
အဘဣဇာက်သည် အလွန် တုန်လှုပ်၍ အဘယ်သူနည်း၊ 33 အမဲသားကိုရ၍၊ ငါ့ထံသို့ ဆောင်ခဲ့ပြီးသော သူသည် အဘယ်မှာ
ရှိသနည်း။ သင်မရောက်မှီ ငါသည် အကုန်အစင်စားပြီး၍၊ သူ့ကို ကောင်းကြီးပေးမိပြီ။ သူ သည် ကောင်းကြီးမင်္ဂလာကို
ဧကန်အမှန်ခံရလိမ့်မည်ဟု ဆိုလေ၏။ 34 အဘဆိုသော စကားကိုဧသောကြားလျှင်၊ အလွန်ပြင်းသောအသံနှင့် သည်းထန်စွာ
ငိုကြွေးလျက်၊ အိုအဘ၊ အကျွန်ုပ်ကိုလည်း ကောင်းကြီးပေးပါလော့၊ ပေးပါလော့ဟုဆိုလေသော်၊ 35 အဘက၊ သင့်ညီသည်
လိမ္မာစွာလာ၍၊ သင်၏ ကောင်းကြီးမင်္ဂလာကို ယူသွားပြီဟု ဆိုလေ၏။ 36 ဧသောကလည်း၊ သူ့ကို ယာကုပ်ဟူသော အမည်ဖြင့်
လျောက်ပတ်စွာ မှည့်ပါပြီ မဟုတ်လော။ အကျွန်ုပ်ကို နှစ်ကြိမ်လှည့်စား၍ နိုင်ပါပြီ။ သားဦးအရိပ် အရာကို အရင်ယူသွားပါပြီ။
ယခုလည်း တဖန် အကျွန်ုပ် ၏ကောင်းကြီးမင်္ဂလာကို ယူသွားပါပြီဟူ၍၎င်း၊ အကျွန်ုပ် အဘို့ ကောင်းကြီးမင်္ဂလာတပါးကိုမျှ
မခြွင်းပါသလော ဟူ၍၎င်း ဆိုလေ၏။ 37 ဣဇာက်ကလည်း၊ သူ့ကို သင်၏အရှင်ဖြစ် စေပြီ။ ညီအစ်ကိုအပေါင်းတို့ကို
သူ၌ကျွန်ခံစေပြီ။ ဆန်စပါး၊ စပျစ်ရည်နှင့်သူ့ကို ထောက်မပြီး။ သို့ဖြစ်၍ ငါ့သား၊ သင်၌ အဘယ်သို့ပြုနိုင်တော့အံ့နည်းဟု၊ ဧသော

 generated on Fri Sep 22 10:08:29 2023

အား ပြန်ပြောလျှင်၊ 38 ဧသောက၊ အိုအဘ၊ ကောင်းကြီးမင်္ဂလာ တစုံတခုမျှ မရှိပါသလော၊ အိုအဘ၊ အကျွန်ုပ်ကိုလည်း
ကောင်းကြီးပေးပါလော့၊ ပေးပါလောဟု အဘအား ပြောဆိုလျက်၊ တဖန်အသံကိုလွှင့်၍ ငိုကြွေးလေ၏။ 39 အဘဣဇာက်ကလည်း၊
ကြည့်ရှုပါ။ သင်၏ နေရာသည် မြေကြီး၏ဆီဥနှင့်ငင်း၊ အထက်မိုယ်း ကောင်းကင်၏နှင်းနှင့်ငင်း ပြည့်စုံလိမ့်မည်။ 40 ထားဖြင့်
အသက်ကိုမွေးရလိမ့်မည်။ ညီ၌ ကျွန် ခံရလိမ့်မည်။ နောက်တဖန် အစိုးရသောအခါ၊ သူတင် သောထမ်းဘိုးကို သင်၏လည်ပင်းမှ
ချိုးပယ်လိမ့်မည်ဟု ပြန်၍ဆိုလေ၏။ 41 အဘသည် ယာကုပ်အား ပေးသော ကောင်းကြီး မင်္ဂလာကြောင့်၊ ဧသောသည် ယာကုပ်ကို
အငြိုးထား၍၊ ငါ့အဘကြောင့် ညည်းတွားရသော နေ့ရက်ကာလ အချိန် နီးပြီ။ ထိုအခါ ငါ့ညီယာကုပ်ကို ငါသတ်မည်ဟု၊ အကြံနှင့်
ပြောလေ၏။ 42 ထိုသို့သားကြီး ဧသောပြောသောစကားကို အမိ အရေဗက္ကကြားလျှင်၊ သားငယ်ယာကုပ်ကိုခေါ်၍၊ သင်၏
အစ်ကိုဧသောသည် သင့်ကိုသတ်သဖြင့်၊ သင့်အမှု၌ စိတ်ပြေလိမ့်မည်။ 43 ထိုကြောင့်၊ ငါ့သား၊ ငါ့စကားကို နားထောင်ပါ။
ငါ့မောင်လာဗန် နေရာခါရန်မြို့သို့ ထ၍ ပြေးသွား ပါလော့။ 44 သင်၏အစ်ကိုစိတ်ပြေသည်တိုင်အောင်၊ သူ့ထံမှာ ခဏရှောင်၍
နေပါလော့။ 45 သင်၏အစ်ကို စိတ်ပြေ၍၊ သင်သည် သူ၌ ပြုသောအမှုကို သူမေ့လျော့သောအခါ၊ ငါမှာလိုက်၍၊ ထိုအရပ်မှသင့်ကို
ဆောင်ခဲ့စေမည်။ ငါ့သားနှစ်ယောက် လုံးကို တနေ့ခြင်းတွင် အဘယ်ကြောင့် ငါရှုံးရမည်နည်း ဟု ဆိုလေ၏။ 46 တဖန်ရေဗက္ကသည်
ဣဇာက်ထံသို့သွား၍၊ ကျွန်မသည် ဟေသအမျိုးသမီးတို့ကြောင့်၊ ကိုယ်အသက် ကို ငြီးငွေ့လှ၏။ ဤပြည်သူသမီးကဲ့သို့သောသူ၊
ဟေသ အမျိုးသမီးနှင့် ယာကုပ်အိမ်ထောင်ဘက်ပြုလျှင်၊ ကျွန်မ အသက်ရှင်၍ အဘယ်ကျေးဇူးရှိပါလိမ့်မည်နည်းဟု ပြောဆိုလေ၏။

---

## Genesis 27:1

မျက်စိမှုန်သဖြင့်
မျက်စိကို မေးမှိန်တတ်သော မီးအိမ်ကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မျက်စိကွယ်သဖြင့်" သို့မဟုတ် "မျက်စိကွယ်လုပြီ ဖြစ်သဖြင့်"

ထူးလေ၏
"ဧသော ထူးလေ၏"

အကျွန်ုပ်ရှိပါ၏
"ရှိပါ၏" သို့မဟုတ် "နားထောင်နေပါ၏။" ၂၂:၁ မှ ပြန်ဆိုချက်ကို ရှု။

အဘကလည်း
"ဣဇာက်ကလည်း"

အဘယ်သောအခါ သေရမည်ကို ငါမသိ
မကြာခင် သေတော့မည်ဟု ထင်မိဟန် ရှိ၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "မကြာမီ ငါသေရတော့မည်"

သေရမည်
ခန္ဓာသေခြင်းကို ညွှန်းသည်။

## Genesis 27:3

ယေဘုယျ အချက်အလက်
ဣဇာက်က သားကြီး ဧသောကို ဆက်လက် ညွှန်ကြားသည်။

သင့်ကို ကောင်းကြီးပေးမည်အကြောင်း
ရှေးကျမ်းစာခေတ်တွင်၊ ဖခင်က မိမိသားသမီးအတွက် ဆုတောင်း ကောင်းကြီးပေးရသည်။

သင်၏လက်နက်
"သင့် အမဲလိုက်လက်နက်"

မြားတောင့်
မြားကို ထည့်သော လက်နက်အိမ်ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မြားအုပ်"

အမဲကောင်ကို ရအောင်ရှာပြီးလျှင်
"သားကောင်ကို ဖမ်းပြီးလျှင်"

ငါမြိန်ရှက်တတ်သော အမဲဟင်းလျာကို ချက်၍
"မြိန်ရှက်" မှာ ကြိုက်သည်ဟု ဆိုလို၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါကြိုက်တတ်သော အသားဟင်းကို ချက်၍"

## Genesis 27:5

ထိုသို့
ရေဗက္ကနှင့်ယာကုပ်တို့ သားအမိအကြောင်းကို အာရုံပြုကြောင်း ထင်ရှားစေသည်။

ဣဇာက်သည် သားဧသောအား ပြောဆိုသောစကားကို ရေဗက္က ကြားသည်ဖြစ်၍
"ထိုသို့ ဣဇာက်သည် မိမိသားဧသောထံ ဆိုသောစကားကို ရေဗက္က ကြားလေ၏"

ဧသောသည် . . . အရှာသွားစဉ်တွင်
ဧသော အမဲလိုက် ထွက်သွားစဉ် ဖြစ်ပျက်သည့်အရာကို နားလည်သဘောပေါက်စေရန် "ထိုစဉ်တွင်" ဟူသော အသုံးအနှုန်းဖြင့် ပြောင်းလဲ ထည့်သွင်းနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဤသို့ဖြင့် ဧသောသည် ... ထွက်ရှာ၏။ ထိုစဉ်တွင်"

သားဧသောအား . . . သားယာကုပ်
ဧသောနှင့်ယာကုပ်မှာ ဣဇာက်နှင့် ရေဗက္ကတို့၏ သားများ ဖြစ်သော်လည်း မိဘတဦးစီက သားတယောက်စီကို နှစ်သက်ကြောင်း ထင်ရှားသည်။

သင်၏အဘက၊ ငါမသေမီ ထာဝရဘုရား၏ ရှေ့တော်မှာ သင့်ကို ငါကောင်းကြီးပေးမည်အကြောင်း၊ ငါစားစရာဘို့ အမဲသားကို ယူခဲ့၍၊ အမဲဟင်းလျာကို ချက်ပါဟု သင်၏အစ်ကို ဧသောအား ပြောသည်
ဆိုခဲ့သောစကားကို ပြန်လည် ကိုးကားခြင်းဖြစ်သည်။ သွယ်ဝိုက်သဘောဖြင့်လည်း ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်၏အဘက မိမိမသေမီ ယာဝေးဘုရား ရှေ့တော်မှာ သင့်အကို ဧသောကို ကောင်းကြီးပေးနိုင်ရန် မိမိနှစ်သက်သော အသားဟင်းကို ချက်ကျွေးဖို့အတွက် အမဲလိုက်စေသည်"

 generated on Fri Sep 22 10:08:29 2023

အမဲသားကို ယူခဲ့၍
"သင်ဖမ်းသော တောကောင်ကို ယူခဲ့၍"

အမဲဟင်းလျာကို ချက်ပါ
"အသားဟင်းကို ချက်ပါ။" ၂၇:၃ မှ ပြန်ဆိုချက်ကို ရှု။

ထာဝရဘုရား၏ ရှေ့တော်မှာ သင့်ကို ငါကောင်းကြီးပေးမည်
"ထာဝရဘုရား ရှေ့မျောက်မှာ သင့်ကို ငါကောင်းချီးပေးမည်"

ငါမသေမှီ
"ငါသေသောနေ့ မစေ့မီ"

## Genesis 27:8

ယေဘုယျ အချက်အလက်
သားငယ်ယာကုပ်ထံ ရေဗက္က ဆက်လက် ညွှန်ကြားသည်။

ငါမှာထားသမျှသော စကားကို နားထောင်ပါလော့
"မှာထားသမျှသော စကား" မှာ ပြောသမျှသောအရာကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့စကားကို နားထောင်၍ ငါခိုင်းသည့်အတိုင်း ပြုပါလော့"

သင်၏အဘ မြိန်ရှက်တတ်သော အမဲဟင်းလျာကို ငါချက်မည်
"မြိန်ရှက်" မှာ ကြိုက်နှစ်သက်သည်ဟု ဆိုလိုသည်။ ၂၇:၃ မှ ပြန်ဆိုချက်ကို ရှု။

သင်သည် အဘထံသို့ပို့ဆောင်ရမည်
"သင့်အဖထံသို့ ပို့ဆောင်ရမည်"

သင့်ကို ကောင်းကြီးပေးမည်အကြောင်း၊ ထိုအစာကို အဘစားစေခြင်းငှါ
"ထိုအစာကို စားပြီးနောက် သင့်ကို ကောင်းကြီးပေးမည်အကြောင်း"

သင့်ကို ကောင်းကြီးပေးမည်
"ကောင်းကြီး" မှာ သားသမီးအပေါ် ဖခင် မိန့်မြွက်သော ကောင်းခြင်းပြုစကား ဖြစ်သည်။

သင်၏အဘ မသေမှီ
"သူမသေမှီ"

## Genesis 27:11

ကျွန်ုပ်ကား ချောမွတ်သောသူ ဖြစ်၏
"ကျွန်ုပ်၌ ချောမွတ်သော အသားရှိ၏" သို့မဟုတ် "ကျွန်ုပ်မှာ အမွေးမထူပါ"

သို့ဖြစ်လျှင် ကျွန်ုပ်ကို လှည့်စားသောသူဟူ၍ ထင်သဖြင့်
"ထို့သို့ဖြင့် သူ့ကို လှည့်ဖျားသည်ဟု ထင်သဖြင့်" သို့မဟုတ် "ထို့သို့ဖြင့် သူ့ကို လှည့်ဖျားကြောင်း သိလျှင်"

ကျွန်ုပ်သည် မင်္ဂလာကိုမရဘဲ ကျိန်ခြင်းအမင်္ဂလာကိုသာ ခံရလိမ့်မည်
မင်္ဂလာနှင့် အမင်္ဂလာတရားကို လူတဦးပေါ် တင်နိုင်သော ဝတ္ထုကဲ့သို့ ခိုင်းနှိုင်းထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်ကို ကောင်းကြီးမင်္ဂလာ မပေးဘဲ ကျိန်ခြင်းအမင်္ဂလာကိုသာ ပေးလိမ့်မည်"

## Genesis 27:13

ငါ့သား၊ သင်ခံရသော ကျိန်ခြင်းအမင်္ဂလာသည် ငါ၌သက်ရောက်ပါစေ
"ငါ့သား၊ သင့်ကျိန်ခြင်းအမင်္ဂလာသည် ငါ့အပေါ် သက်ရောက်ပါစေ။" ကျိန်ခြင်းကို လူတဦးပေါ် တင်နိုင်သော အရာဝတ္ထုကဲ့သို့ ခိုင်းနှိုင်းထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့သား၊ သင့်အဖသည် ငါ့ကိုသာ ကျိန်ခြင်းအမင်္ဂလာ ပေးပါစေ"

ငါ့စကားကို နားထောင်၍
"ငါ့စကား" မှာ သူမ ပြောသမျှသောအရာကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါပြောသမျှကို နားထောင်၍" သို့မဟုတ် "ငါ့ကို နာခံ၍"

ဆိတ်သငယ်တို့ကိုသာ ယူခဲ့ပါ
"ထိုအကောင်တို့ကိုသာ ယူခဲ့ပါ"

အဘမြိန်ရှက်တတ်သော အမဲဟင်းလျာကို ချက်လေ၏
"မြိန်ရှက်" မှာ ကြိုက်နှစ်သက်ကြောင်း ဆိုလိုသည်။ ၂၇:၃ မှ ပြန်ဆိုချက်ကို ရှု။

## Genesis 27:15

ဆိတ်သငယ်၏ သားရေကိုလည်းယူ၍ သူ၏လက်၌၎င်း . . . ဆင်ယင်ပြီးလျှင်
ဆိတ်သားရေပေါ်တွင် သားမွေးများ ကျန်ရှိနေသေးသည်။

မိမိချက်သော အမဲဟင်းနှင့်မုန့်ကို သားယာကုပ်လက်၌ အပ်ပေး၏
"မိမိပြင်ဆင်ထားသော အသားဟင်းနှင့်မုန့်ကို သားယာကုပ်ထံ အပ်ပေး၏"

## Genesis 27:18

အဘကလည်း . . . ဟု မေး၏
"သူကလည်း ... ဟု ပြန်ထူး၏" သို့မဟုတ် "ဣဇာက်ကလည်း ... ဟု ပြန်ထူး၏" (UDB)

ငါရှိ၏
"ငါ နားထောင်၏" သို့မဟုတ် "အဘယ်နည်း။" ၂၂:၁ မှ ပြန်ဆိုချက်ကို ရှု။

အဘမှာထားသည်အတိုင်း ပြုပါပြီ
"အဖမှာထားသည့်အတိုင်း ပြုပါပြီ"

အကျွန်ုပ်၏အမဲသား
"အမဲသား" ဟူရာတွင် တောကောင်ကို ညွှန်းသည်။ ၂၇:၃ မှ ပြန်ဆိုချက်ကို ရှု။

## Genesis 27:20

မေးလျှင် . . . ဟု ပြန်ဆိုလေ၏
"မေးလျှင်၊ ယာကုပ်ကလည်း ... ဟု ပြန်ထူး၏"

အကျွန်ုပ်ရှိရာသို့ ဆောင်ခဲ့တော်မူသောကြောင့်
ဘုရားသခင်က ဆောင်ရွက်ပေးကြောင်း ဆိုလိုသော ဒေသိယစကား ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်ကို အောင်မြင်ခြင်း ပေးတော်မူသဖြင့်"

သင်သည် ငါ့သားဧသော မှန်သည်မမှန်သည်ကို သိလို၍
"သင်သည် ငါ့သား ဧသော မှန်လျှင်"


generated on Fri Sep 22 10:08:29 2023

**Genesis 27:22**

ယာကုပ်သည် အဘထံပါးသို့ ချဉ်းကပ်၍
"ယာကုပ်သည် အဘဣဇာက်ထံ ချဉ်း၍"

အသံကား ယာကုပ်၏အသံ
ယာကုပ်အသံမှာ ယာကုပ်ကိုယ်တိုင်ကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယာကုပ်ကဲ့သို့ ပြောဆိုသော်လည်း"

လက်တို့ကား ဧသော၏လက် ဖြစ်ပေသည်
ဧသောလက်မှာ ဧသောကိုယ်တိုင်ကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လက်တို့ကား ဧသော ကဲ့သို့ဖြစ်၏"

**Genesis 27:24**

သို့ရာတွင် တဖန်ကား . . . ဟု မေးပြန်လျှင်
ကောင်းကြီးမပေးမှီ မေးလိုက်ခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "နောက်တဖန် ... ဟု မေးပြန်လျှင်"

ငါ့သား၏ အမဲသားကို ငါစားအံ့
"အမဲသား" မှာ တောကောင်ကို ညွှန်းသည်။ ၂၇:၅ ရှိ "အမဲသား" ပြန်ဆိုချက်ကို ရှု။

အဘသောက်လေ၏
"ဣဇာက် သောက်လေ၏"

**Genesis 27:26**

အဘဣဇာက်ကလည်း၊ သူ့အဝတ်၏ အနံ့ကို ခံ၍ကြည့်ပါ
အဝတ်သည် ဧသောအဝတ်၏ အနံ့ကဲ့သို့ ဖြစ်ကြောင်း တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဣဇာက်ကလည်း၊ သူ့အဝတ်၌ ဧသော၏ အနံ့အသက်ကို ရသဖြင့်၊ ကြည့်ပါ"

အဘဣဇာက်ကလည်း
"ဣဇာက်ကလည်း"

အနံ့
"အနံ့အသက်"

. . . ကြည့်ပါ။ ငါ့သား၏အနံ့
"ကြည့်ပါ" ဟူရာတွင် "မှန်ပါသည်" ဟု ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မှန်ပါသည်။ ငါ့သား၏ အနံ့ "

ထာဝရဘုရား ကောင်းကြီးပေးတော်မူသော
"ကောင်းကြီး" ဟူရာတွင် လယ်ကို ကြီးပွါးစေကြောင်း ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား ကြီးပွါးစေတော်မူသော"

**Genesis 27:28**

ယေဘုယျ အချက်အလက်
ဣဇာက်၏ ကောင်းကြီးပေးပို့သော စကားဖြစ်သည်။ ဣဇာက်က ဧသောထံ ပြောဆိုနေသည်ဟု ထင်မှတ်သော်လည်း၊ အမှန်တွင် ထိုသူမှာ ယာကုပ်ဖြစ်သည်။

သင့်အား ပေးတော်မူစေသတည်း
"သင့်" မှာ ပုဂ္ဂလနာမ်စားဖြစ်ပြီး ယာကုပ်ကို ညွှန်းသည်။ ဤကောင်းကြီးမင်္ဂလာမှာ ယာကုပ်၏ သားစဉ်မြေးဆက်အပေါ်၌လည်း သက်ရောက်သည်။

မိုဃ်းကောင်းကင်၏နှင်းကိုငှင်း
"နှင်း" ဟူရာတွင် ညအချိန်၌ အပင်များအပေါ်တွင် ဖြစ်တတ်သော ရေစက်ကို ညွှန်းသည်။ ၎င်းကို တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မိုဃ်းကောင်းကင် မြူနှင်းကိုလည်းကောင်း"

မြေကြီး၏ဆီဥကိုငှင်း
မြေသြဇာကောင်းကြောင်းကို ဝဖြိုးခြင်း သို့မဟုတ် အဆီဖြင့် တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မြေဆီသြဇာကိုလည်းကောင်း"

များစွာသော ဆန်စပါး၊ စပျစ်ရည်ကိုငှင်း
"ဆန်စပါး" နှင့် "စပျစ်ရည်" ကို နားလည်ရခက်လျှင်၊ ယေဘုယျသဘောဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "များစွာသော အစားအစာ၊ အရည်ကိုလည်းကောင်း"

**Genesis 27:29**

သင် . . . သင့်
ပုဂ္ဂလနာမ်စားများ ဖြစ်ပြီး ယာကုပ်ကို ညွှန်းသည်။ သို့ရာတွင် အဆိုပါကောင်းကြီး မင်္ဂလာတို့မှာ ယာကုပ်၏ သားစဉ်မြေးဆက်တို့အပေါ် သက်ရောက်သည်။

အပြည်ပြည်တို့သည်
"အပြည်ပြည်" မှာ လူတို့ကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တိုင်းပြည်အပေါင်းမှ လူအပေါင်းတို့"

ဦးညွတ်ကြရစေသတည်း
ရိုသေလေးမြတ်ခြင်းသဘောကို ဆိုလိုသည်။

သင်သည် သင်၏ညီအစ်ကိုတို့၌ အရှင်ဖြစ်၍
"သင့်ညီအစ်ကိုတို့၌ အရှင်ဖြစ်၍"

သင်၏ညီအစ်ကိုတို့ . . . သင့်အမိသားတို့
ယာကုပ်ထံ မိန့်ဆိုသော ကောင်းကြီးစကားဖြစ်သည်။ သို့သော်လည်း ဧသောနှင့် ရှိနိုင်သည့် ညီအစ်ကို အားလုံး၏ အမျိုးကို အစိုးရမည့် ယာကုပ်၏ အမျိုးအပေါ်လည်း သက်ရောက်သည်။

သင့်အမိသားတို့သည် သင့်ရှေ့မှာ ဦးညွှတ်ရကြစေသတည်း
"သင့် အမိသားတို့၏ ဦးညွှတ်ခြင်းကို ခံရစေသတည်း"

သင့်ကို ကျိန်ဆဲသောသူ အပေါင်းတို့သည် ကျိန်ဆဲခြင်းကို ခံရကြစေသတည်း
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင့်အား ကျိန်ဆဲသောသူ အပေါင်းတို့ကို ဘုရားသခင် ကျိန်ဆဲတော်မူစေသတည်း"

သင့်ကို ကောင်းကြီးပေးသောသူ အပေါင်းတို့ သည် ကောင်းကြီးကို ခံရကြစေသတည်း
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင့်အား ကောင်းကြီးပေးသောသူ အပေါင်းတို့ကို ဘုရားသခင် ကောင်းကြီးပေးတော်မူစေသတည်း"


generated on Fri Sep 22 10:08:29 2023

### Genesis 27:30

အဘထံမှ ထွက်သွားသော ခဏခြင်းတွင်
"အဖဣဇာက်ထံမှ ထွက်သွားပြီး ခဏခြင်းတွင်"

အမဲဟင်းလျာ
"အသားဟင်း။" ၂၇:၃ မှ ပြန်ဆိုချက်ကို ရှု။

သား၏ အမဲသား
"အမဲသား" ဟူရာတွင် တောကောင်ကို ညွှန်းသည်။ ၂၇:၅ ရှိ "အမဲသား" ပြန်ဆိုချက်ကို ရှု။

အကျွန်ုပ်ကို ကောင်းကြီးပေးမည်အကြောင်း
သားသမီးအပေါ် ဖခင်၏ ကောင်းကြီးပေး မိန့်မြွက်သောစကားကို ညွှန်းသည်။

### Genesis 27:32

. . . ဟု မေးလျှင်
"... ဟု ဧသောကို မေးလျှင်"

အဘဣဇာက်သည် အလွန် တုန်လှုပ်၍
"ဣဇာက်သည် အလွန် တုန်လှုပ်၍"

အမဲသားကိုရ၍
"အမဲသား" ဟူရာတွင် တောကောင်ကို ညွှန်းသည်။ ၂၇:၅ ရှိ "အမဲသား" ပြန်ဆိုချက်ကို ရှု။

### Genesis 27:34

အလွန်ပြင်းသောအသံနှင့် သည်းထန်စွာ ငိုကြွေးလျက်
ဧသော၏ နာကျင်မှုကို လွန်စွာ ပြင်းထန်သော အရာကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ပြင်းထန်စွာ ငိုကြွေးလျက်"

သင်၏ ကောင်းကြီးမင်္ဂလာကို ယူသွားပြီ
ဧသော ပိုင်ရမည့်အရာကို ယာကုပ် ယူသွားသကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင့်အစား သူ့ကို ကောင်းကြီး ပေးခဲ့ပြီ"

### Genesis 27:36

သူ့ကို ယာကုပ်ဟူသော အမည်ဖြင့် လျောက်ပတ်စွာ မှည့်ပါပြီ မဟုတ်လော
ယာကုပ်အပေါ် မိမိ၏ မုန်းတီးမှုကို ထင်ရှားစေရန် အသုံးပြုသော မေးခွန်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယာကုပ်ဟူသော အမည်မှာ ကျွန်ုပ်ညီနှင့် လျောက်ပတ်သည် မဟုတ်လား"

ယာကုပ်
ဘာသာပြန်ဆိုသူများ အနေဖြင့် "ယာကုပ်မှာ 'ခြေဖနောင့်ကို ဆွဲကိုင်သူ' ဟု ဆိုလိုသည်။ 'ယာကုပ်' မှာ 'လှည့်ဖျားသူ' ဟူသော မူရင်းစကားနှင့် အသံထွက်ချင်း နီးစပ်သည်" ဟူ၍ မှတ်ချက် ထည့်သွင်းနိုင်သည်။

သားဦးအရိုက်အရာကို အရင်ယူသွားပါပြီ
သားဦးအရာမှာ ယူသွား၍ရသော ပစ္စည်းကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သားဦးအရာ ယူသွားခဲ့၏"

တဖန် အကျွန်ုပ်၏ ကောင်းကြီးမင်္ဂလာကို ယူသွားပါပြီ
ကောင်းကြီးမှာ ယူသွား၍ရသော ပစ္စည်းကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယခု၌၊ ကျွန်ုပ်အစား သူ့ကို ကောင်းကြီးပေးရန် လှည့်စားပါပြီ"

အကျွန်ုပ်အဘို့ ကောင်းကြီးမင်္ဂလာ တပါးကိုမျှ မခြွင်းပါသလော
ဖခင်က ယာကုပ်အား ပေးပြီးသော ကောင်းကြီးကို သူ့ထံ ပေး၍မရနိုင်တော့ကြောင်း ဧသော သိသည်။ ထို့ကြောင့် ယာကုပ်အား ပေးရန် ကျန်ရှိသော ကောင်းကြီးရှိလျှင် တောင်းဆိုခြင်းဖြစ်သည်။

သို့ဖြစ်၍ ငါ့သား၊ သင်၌ အဘယ်သို့ပြုနိုင်တော့အံ့နည်း
မိမိပြုနိုင်သောအရာ မရှိတော့ကြောင်း ဣဇာက် မေးလိုက်ခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သို့ဖြစ်၍၊ သင့်အား ပေးရန် တစုံတခုမျှ မရှိတော့ပြီ"

### Genesis 27:38

အိုအဘ၊ ကောင်းကြီးမင်္ဂလာ တစုံတခုမျှ မရှိပါသလော
အဟုတ်ဝါကျအဖြစ် ပြောင်းဆိုနိုင်သည်။ "အိုအဖ၊ ကျွန်ုပ်အတွက် ကောင်းကြီးမင်္ဂလာ ကျန်ရှိပါသေးသလော"

### Genesis 27:39

. . . ဟု ပြန်၍ဆိုလေ၏
"... ဟု ဧသောအား ဆိုလေ၏"

ကြည့်ရှုပါ
ဣဇာက်က မိမိပြောလိုသောအရာကို အသားပေးရန် သုံးနှုန်းခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "နားထောင်လော့" သို့မဟုတ် "ငါပြောမည့်အရာကို နားစဉ်လော့"

မြေကြီး၏ဆီဥနှင့်ငှင်း . . . ပြည့်စုံလိမ့်မည်
မြေဩဇာကို တင်စားခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မြေဆီဩဇာမှလည်းကောင်း ... ကင်းဝေးလိမ့်မည်"

သင်၏
၂၇:၃၉-၄၀ ရှိ ဤနာမ်စားတို့မှာ ဧသောကိုသာ ညွှန်းသည်။ သို့ရာတွင်၊ သူ၏ သားစဉ်မြေးဆက်အပေါ်၌လည်း သက်ရောက်သည်။

အထက်မိုဃ်းကောင်းကင်၏ နှင်းနှင့်ငှင်း
"နှင်း" ဟူရာတွင် ညအချိန်၌ အပင်တွင် ဖြစ်သော ရေစက်ကို ညွှန်းသည်။ တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အထက်မိုဃ်းကောင်းကင် မြူနှင်းမှလည်းကောင်း"

ထားဖြင့် အသက်ကိုမွေးရလိမ့်မည်
"ဓား" မှာ ဒုစရိုက်အမှုကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လုယက် သတ်ဖြတ်ခြင်းဖြင့် အသက်ရှင်ရလိမ့်မည်"

နောက်တဖန် အစိုးရသောအခါ၊ သူတင်သောထမ်းဘိုးကို သင်၏လည်ပင်းမှ ချိုးပယ်လိမ့်မည်
အစိုးရခြင်းကို သူ့တပါးအပေါ် တင်၍ရသော ထမ်းဘိုးကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူ့ကို ပုန်ကန်သောအခါ၊ သူ့အုပ်စိုးမှုမှ လွတ်မြောက်လိမ့်မည်" (UDB)

### Genesis 27:41

. . . ဟု၊ အကြံနှင့် ပြောလေ၏
"အကြံနှင့်" ဟု ဆိုရာတွင် ဧသောကိုယ်တိုင်ကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "... ဟု၊ မိမိကိုယ်ကို နှစ်သိမ့်လေ၏"

ငါ့အဘကြောင့် ညည်းတွားရသော နေ့ရက်ကာလ အချိန်နီးပြီ
သေမည့်အချိန်ကို ညွှန်းသည်။

ထိုသို့ သားကြီးဧသော ပြောသောစကားကို အမိရေဗက္ကကြားလျှင်
"ပြောသောစကား" ဟူရာတွင် ဧသော၏ အကြံကို ညွှန်းသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထို့သို့ သားကြီး ဧသော၏ အကြံကို အမိရေဗက္ကသိလျှင်"

. . . သင့်ကို သတ်သဖြင့်၊ သင့်အမှု၌ စိတ်ပြေလိမ့်မည်
"... သင့်ကို သတ်မှသာ၊ စိတ်ပြေလိမ့်မည်"

### Genesis 27:43

ငါ့မောင် လာဗန်နေရာ ခါရန်မြို့သို့ ထ၍ ပြေးသွားပါလော့
"ခါရန်မြို့ရှိ ငါ့မောင်လာဗန်ထံသို့ အမြန်သွားပါလော့"

ခဏ
"ခဏတာ"

သင်၏အစ်ကို စိတ်ပြေသည်တိုင်အောင်
"သင့်အစ်ကို ဒေါသပြေသည်တိုင်အောင်"

သင်၏အစ်ကို စိတ်ပြေ၍
ဒေါသစိတ်ကို ပြေလည်စေနိုင်သောအရာကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင့်အစ်ကို ဒေါသပြေ၍"

ငါ့သား နှစ်ယောက်လုံးကို တနေ့ခြင်းတွင် အဘယ်ကြောင့် ငါရှုံးရမည်နည်း
မိမိ၏ သောကကို ဖော်ပြရန် မေးလိုက်ခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့သား နှစ်ယောက်လုံးကို တနေ့ခြင်းတွင် ဆုံးရှုံးရန် အလိုမရှိပါ"

ငါ့သား နှစ်ယောက်လုံးကို တနေ့ခြင်းတွင် . . . ငါရှုံးရမည်
ဧသောက ယာကုပ်ကို သတ်လျှင်၊ လူသတ်မှုအတွက် ဧသော သေမည်ဟု ညွှန်းဆိုခြင်း ဖြစ်သည်။

ရှုံး
သေကြောင်းကို ယဉ်ကျေးစွာ ဖော်ပြခြင်းဖြစ်သည်။

### Genesis 27:46

ကျွန်မသည် . . . ကိုယ်အသက်ကို ငြီးငွေ့လှ၏
ဧသော ထိမ်းမြားသည့် ဟိတ္တိ အမျိုးသမီးတို့ကြောင့် ဝမ်းနည်းကြောင်း ဖော်ပြခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "... ကျွန်မ ဝမ်းနည်းလှ၏"

ဟေသအမျိုးသမီးတို့
"ဟိတ္တိအမျိုးသမီးတို့" သို့မဟုတ် "ဟေသအမျိုးတို့"

ဤပြည်သူ သမီးကဲ့သို့သောသူ
"ဤပြည်သူ သမီး" ဟူရာတွင် ဒေသခံ အမျိုးသမီးတို့ကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဤပြည်သူနေ မိန်းမဖြစ်သော"

ကျွန်မ အသက်ရှင်၍ အဘယ်ကျေးဇူး ရှိပါလိမ့်မည်နည်း
ယာကုပ်က တပါးသူ အမျိုးသမီးနှင့် ထိမ်းမြားလျှင် မည်မျှပင် စိတ်ဝမ်းနည်းမည်အကြောင်း ထင်ရှားစေသော မေးခွန်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်မ အသက်သာမှာ ဆိုးရွားလှပါမည်တကား"

## Chapter 28

1 ထိုအခါ ဣဇာက်သည် ယာကုပ်ကို ခေါ်၍၊ သင်သည် ခါနာန်အမျိုးသမီးနှင့် အိမ်ထောင်ဘက်မပြုရ။ 2 အမိ၏အဘ
ဗေသွေလအမျိုးသားနေရာ ပါဒ နာရံအရပ်သို့ ထ၍ သွားလော့။ သင့်ဦးရီးလာဗန်၏ သမီးတစုံတယောက်နှင့်
အိမ်ထောင်ဘက်ပြုလော့။ 3 အနန္တတန်ခိုးရှင် ဘုရားသခင်သည် ကောင်းကြီး ပေး၍ တိုးပွားစေသဖြင့်၊ သင်သည် အမျိုးကြီးဖြစ်မည်
အကြောင်းနှင့် များပြားစေတော်မူစေသတည်း။ 4 အထက်က အာဖြဟံအား ပေးတော်မူ၍၊ သင် ယခု ဧည့်သည်ဖြစ်လျက်နေသော
ဤပြည်ကို၊ သင်အမွေ ခံရမည်အကြောင်း၊ သင့်အားငှင်း၊ သင်၏အမျိုးအနွယ် အားငှင်း၊ အာဖြဟံ၏ ကောင်းကြီးမင်္ဂလာကို ပေးတော်
မူစေသတည်းဟု ကောင်းကြီးပေးလျက်မှာထား၍ လွှတ် လိုက်လေ၏။ 5 ထိုသို့ ယာကုပ်နှင့် ဧသော၏ အမိ၊ ရေဗက္က၏ မောင်၊
ရှုရိလူဗေသွေလသား လာဗန်နေရာ ပါဒနာရံပြည် သို့ ယာကုပ်သွားလေ၏။ 6 ထိုသို့ ဣဇာက်သည် ယာကုပ်ကို ကောင်းကြီး ပေး၍၊
ပါဒနာရံပြည်၌ အိမ်ထောင်ဘက်ပြုစေခြင်းငှါ လွှတ်လိုက်သောအကြောင်းကိုငှင်း၊ ခါနာန်အမျိုးသမီးနှင့် အိမ်ထောင်ဘက်မပြုရဟု၊
ကောင်းကြီးပေးသောအခါ မှာထားကြောင်းကိုငှင်း၊ 7 ယာကုပ်သည် မိဘစကားကို နားထောင်၍၊ ပါဒနာရံပြည်သို့ သွားကြောင်းကိုငှင်း၊
8 ခါနာန်အမျိုးသမီးတို့ကို အဘဣဇာက် မနှစ်သက်ကြောင်းကိုငှင်း၊ ဧသောသိမြင်လျှင်၊ 9 ဣရှမေလထံသို့သွား၍ အထက်မယားတို့မှ
တပါး၊ အာဖြဟံသား ဣရှမေလသမီး၊ နဗာယုတ်နှမ၊ မဟာလတ်နှင့် တဖန် အိမ်ထောင်ဘက် ပြုပြန်လေ၏။ 10 ယာကုပ်သည်
ဗေရရှေဘရွာမှ ထွက်၍၊ ခါရန် ပြည်သို့ ခရီးသွားစဉ်တွင်၊ 11 တစုံတခုသောအရပ်သို့ရောက်၍၊ မိုဃ်းချုပ် သောကြောင့်၊ ညဉ့်ကို
လွန်စေမည်အကြံရှိသည်နှင့်၊ ထိုအရပ်၌ ကျောက်ကိုယူ၍ ခေါင်းအုံးဘို့ ထားပြီးလျှင် အိပ်လေ၏။ 12 မြင်ရသော အိပ်မက်ဟူမူကား၊
မြေကြီးပေါ်၌ လှေကားထောင်လျက် အဖျားသည် မိုဃ်းကောင်းကင် တိုင်အောင်မှီ၏။ ဘုရားသခင်၏ ကောင်းကင်တမန်တို့ သည်၊
ထိုလှေကားဖြင့် ဆင်းလျက် တက်လျက်ရှိကြ၏။ 13 ထာဝရဘုရားသည် လှေကားထက်၌ ရပ်တော်မူ လျက်၊ ငါသည် သင်၏အဘ
အာဖြဟံဘုရား၊ ဣဇာက်၏ ဘုရားတည်းဟူသော ထာဝရဘုရားဖြစ်၏။ သင်အိပ် သော မြေကို သင်နှင့်သင်၏ အမျိုးအနွယ်အား
ငါပေး မည်။ 14 သင်၏အမျိုးအနွယ်သည် မြေမှုန့်ကဲ့သို့ များပြား လိမ့်မည်။ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ လေးမျက်နှာ
အရပ်တို့သို့နှံ့ပြားကြလိမ့်မည်။ သင်နှင့်သင်၏အမျိုး အနွယ်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းကြီး မင်္ဂလာကို
ခံကြရလိမ့်မည်။ 15 ငါသည် သင့်ဘက်မှာရှိ၏။ သင်သွားလေရာ ရာ၌ ငါစောင့်မမည်။ ဤပြည်သို့တဖန် ဆောင်ခဲ့ဦးမည်။
ဂတိထားသည်အတိုင်း မပြည့်စုံမှီ၊ သင့်ကိုငါမစွန့်ဟု မိန့်တော်မူ၏။ 16 ယာကုပ်သည်အိပ်ပျော်ရာမှ နိုးလျင်၊ အကယ်စင်စစ်
ထာဝရဘုရားသည် ဤအရပ်၌ရှိတော်မူ၏။ ရှိတော်မူကြောင်းကို ငါမသိ။ 17 ဤအရပ်ကား၊ အဘယ်မျှလောက် ကြောက်မက် ဘွယ်
ဖြစ်သည်တကား။ ဤအရပ်ကား၊ အခြားမဟုတ်၊ ဘုရားသခင်၏ ဘုံဗိမာန်၊ ကောင်းကင်တံခါးဝ ဖြစ်သည် တကားဟု၊
ကြောက်ရွံ့ခြင်းသို့ ရောက်၍ ဆို၏။ 18 နံနက်စောစော ယာကုပ်သည်ထ၍၊ ခေါင်းအုံး သော ကျောက်ကို ယူသဖြင့်၊
မှတ်တိုင်ဖြစ်စေလျက် ထူ ထောင်ပြီးလျှင်၊ ကျောက်ထိပ်ဖျားအပေါ်၌ ဆီကို လောင်းလေ၏။ 19 ထိုအရပ်ကိုလည်း၊
ဗေသလအမည်ဖြင့် မှည့် လေ၏။ ထိုမြို့၏ အမည်ဟောင်းကား၊ ဥလံလုဇဟူ သတည်း။ 20 ထိုအခါ ယာကုပ်က၊ ဘုရားသခင်သည်
ငါ့ဘက် ၌ ရှိလျက်၊ ငါယခုသွားရာလမ်းမှာ၊ငါ့ကိုစောင့်မ၍ စားစရာအစား၊ ဝတ်စရာအဝတ်ကို ပေးသနားတော်မူ လျှင်ငှင်း၊ 21 ငါသည်
တဖန် အဘ၏အိမ်သို့ ငြိမ်ဝပ်စွာ ပြန် ရောက်၍၊ ထာဝရဘုရားသည်ငါ၏ဘုရား ဖြစ်တော်မူ လျှင်ငှင်း၊ မှတ်တိုင်ပြု၍ ငါထူထောင်သော
ဤကျောက် သည်လည်း၊ဘုရားသခင်၏ ဗိမာန်ဖြစ်ရမည်။ 22 ပေးသနားတော်မူသမျှတို့ကို ဆယ်ဘို့တဘို့ ပူဇော်ပါမည်ဟူ၍
သစ္စာပြုလေ၏။

---

### Genesis 28:1

. . . နှင့် အိမ်ထောင်ဘက်မပြုရ
"... ကို မယူရ"

ထ၍ သွားလော့
"ယခုပင် သွားလော့"

ပါဒနာရံ
မေဆိုပိုတေးမီးယား ခေါ် မေသောပေါတေမိဒေသ၏
အခြားအမည် ဖြစ်ပြီး၊ မျက်မှောက်ခေတ် အီရတ်နိုင်ငံတွင်
တည်ရှိသည်။ ၂၅:၁၉ မှ ပြန်ဆိုချက်ကို ရှု။

အမျိုးသားနေရာ
တစုံတယောက်၏ သားစဉ်မျိုးဆက် သို့မဟုတ် အမျိုးကို
ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အမျိုးတို့ရှိရာ"

သမီးတစုံတယောက်
"သမီးတယောက်"

ဗေသွေလ
ရေဗက္က၏ ဖခင် ဖြစ်သည်။ ၂၂:၂၀ မှ ပြန်ဆိုချက်ကို ရှု။

သင့်ဦးရီး
"အမိ၏ မောင်"

အမိ၏အဘ
"သင့်အဘိုး"

### Genesis 28:3

ယေဘုယျ အချက်အလက်
ယာကုပ်အား ဣဇာက် ဆက်လက် သွန်သင်သည်။

တိုးပွားစေသဖြင့် . . . စေမည် အကြောင်းနှင့် များပြားစေတော်မူစေသတည်း
ဘုရားသခင်က ယာကုပ်ကို "တိုးပွား" ခြင်းအားဖြင့် "များပြား"
စေမည်ဟု ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊
"မြောက်မြားစွာသော မျိုးဆက်ကို ပေးသဖြင့် ....
စေတော်မူသတည်း"


generated on Fri Sep 22 10:08:29 2023

သင့်အားၫင်း၊ သင်၏အမျိုးအနွယ်အားၫင်း၊ အာဗြဟံ၏ ကောင်းကြီးမင်္ဂလာကို ပေးတော်မူစေသတည်း
ကောင်းကြီးမင်္ဂလာကို ပေး၍ရသော အရာကဲ့သို့ တင်စားထားသည်။ စိတ္တဇနာမ် "ကောင်းကြီးမင်္ဂလာကို" အား "ကောင်းကြီး" အဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အာဗြဟံ၌ ပြုသကဲ့သို့ သင်နှင့် သင့်အမျိုးအနွယ်အား ဘုရားသခင် ကောင်းကြီးပေးတော်မူစေသတည်း" သို့မဟုတ် "အာဗြဟံ၌ပြုသော သစ္စာရှိသည့်အတိုင်း သင်နှင့် သင့်အမျိုးအနွယ်ကို ဘုရားသခင် ကောင်းကြီးပေးပါစေ"

ဤပြည်ကို၊ သင်အမွေခံရမည့်အကြောင်း
ခါနာန်ပြည်ကို အမွေပေး၍ရသော အရာကဲ့သို့ တင်စားထားသည်။

သင် ယခု ဧည့်သည်ဖြစ်လျက်နေသော
"သင် နေထိုင်လျက်ရှိသော"

အထက်က အာဗြဟံအား ပေးတော်မူ၍
"အာဗြဟံအား ဂတိတော်ပေးခဲ့သော"

**Genesis 28:5**

ဗေသွေလ
ရေဗက္က၏ ဖခင် ဖြစ်သည်။ ၂၂:၂၀ မှ ပြန်ဆိုချက်ကို ရှု။

ပါဒနာရံပြည်
မေဆိုပိုတေးမီးယား ခေါ် မေသောပေါတေမိဒေသ၏ အခြားအမည် ဖြစ်ပြီး၊ မျက်မှောက်ခေတ် အီရတ်နိုင်ငံတွင် တည်ရှိသည်။ ၂၅:၁၉ မှ ပြန်ဆိုချက်ကို ရှု။

**Genesis 28:6**

ယေဘုယျ အချက်အလက်
ယာကုပ်အကြောင်းမှ ဧသောအကြောင်းသို့ ဇာတ်ကြောင်း ပြောင်းသည်။

ထိုသို့
ဖြစ်ပျက်ခဲ့သောအရာမှ ဧသော အကြောင်းသို့ ပြောင်းရန် ဤဝေါဟာရကို အသုံးပြုသည်။

ပါဒနာရံပြည်
မေဆိုပိုတေးမီးယား ခေါ် မေသောပေါတေမိဒေသ၏ အခြားအမည် ဖြစ်ပြီး၊ မျက်မှောက်ခေတ် အီရတ်နိုင်ငံတွင် တည်ရှိသည်။ ၂၅:၁၉ မှ ပြန်ဆိုချက်ကို ရှု။

အိမ်ထောင်ဘက် ပြုစေခြင်းငှါ
"မယားယူစေခြင်းငှါ"

ဣဇာက်သည် ယာကုပ်ကို ကောင်းကြီး ပေး၍
"ဣဇာက်က ယာကုပ်အား ကောင်းကြီးပေး၍"

. . . နှင့် အိမ်ထောင်ဘက်မပြုရ
"... ကို မယူရ"

ခါနာန်အမျိုးသမီး
"ခါနာန်သူ" သို့မဟုတ် "ခါနာနိမိန်းမ"

**Genesis 28:8**

ယေဘုယျ အချက်အလက်
ဧသော၏ နောက်ခံဇာတ်ကြောင်းကို ဆက်လက် ဖော်ပြထားသည်။

ဧသော သိမြင်လျှင်
"ဧသော သိမြင်သောအခါ"

ခါနာန်အမျိုးသမီးတို့ကို အဘဣဇာက် မနှစ်သက်ကြောင်းကိုၫင်း
"အဘဣဇာက်က ခါနာန်သူကို မနှစ်သက်ကြောင်း"

ခါနာန်အမျိုးသမီးတို့
"ခါနာန်သူ" သို့မဟုတ် "ခါနာနိမိန်းမ"

အထက်မယားတို့မှ တပါး
"မိမိမယားတို့မှ အပ"

မဟာလတ်
ဣရှမေလ၏ သမီးတစ်ဦးဖြစ်သည်။

နဗာယုတ်
ဣရှမေလ၏ သားတစ်ဦးဖြစ်သည်။

**Genesis 28:10**

ယေဘုယျ အချက်အလက်
ယာကုပ်ဘက်သို့ ပြန်လည် ဇာတ်ကြောင်း ပြောင်းသည်။

တစုံတခုသော အရပ်သို့ရောက်၍၊ မိုဃ်းချုပ် သောကြောင့်၊ ညဉ့်ကို လွန်စေမည်အကြံ ရှိသည်နှင့်
"တနေရာသို့ ရောက်သောအခါ မိုဃ်းချုပ်သဖြင့်၊ ညအိပ်မည် အကြံနှင့်"

**Genesis 28:12**

မြင်ရသော အိပ်မက်ဟူမူကား
"ထိုစဉ် အိမ်မက်ထဲ၌"

မြေကြီးပေါ်၌ လှေကားထောင်လျက် . . . မှီ၏"
"မြေကြီးကို ထောက်၍ ... မှီသော လှေကားတစ်စင်းကို မြင်မက်လေ၏"

မိုဃ်းကောင်းကင်တိုင်အောင်
ဘုရားသခင် ကိန်းဝပ်သောအရပ်ကို ညွှန်းသည်။

ထာဝရဘုရားသည် လှေကားထက်၌ ရပ်တော်မူလျက်
ဖြစ်နိုင်ချေများမှာ၊ ၁) "ထာဝရဘုရားသည် လှေကားထိပ်၌ ရပ်တော်မူလျက်" သို့မဟုတ် ၂) "ထာဝရဘုရားသည် ယာကုပ်အနား၌ ရပ်တော်မူလျက်"

သင်၏အဘ အာဗြဟံ
"အဘ" ဟူရာတွင် "ဘိုးဘေး" ကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင့်ဘိုးဘေး အာဗြဟံ" သို့မဟုတ် "သင့်အဘိုး အာဗြဟံ"

### Genesis 28:14

ယေဘုယျ အချက်အလက်
အိပ်မက်ထဲ၌ ယာကုပ်ထံ ဘုရားသခင် ဆက်လက် မိန့်တော်မူသည်။

သင်၏အမျိုးအနွယ်သည် မြေမှုန့်ကဲ့သို့ များပြားလိမ့်မည်
ယာကုပ်၏ အမျိုးအနွယ်ကို အရေအတွက် များပြားသော မြေမှုန့်နှင့် ခိုင်းနှိုင်းထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင့်အမျိုးအနွယ်သည် ရေတွက်မရအောင် များပြားလိမ့်မည်"

. . . သို့ နှံ့ပြားကြလိမ့်မည်
ယာကုပ်၏ အမျိုးအနွယ်ကို ညွှန်းသည်။ ထိုအမျိုးအနွယ်၏ ဦးခေါင်းမှာ ယာကုပ်ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "... သို့ ပြန့်နှံ့ကြလိမ့်မည်"

နှံ့ပြားကြလိမ့်မည်
မိမိလူတို့က နယ်ပယ် ချဲ့ထွင်လျက် များပြားသော ဒေသတို့ကို သိမ်းပိုက်ရမည်ဟု ဆိုလိုသည်။

အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ လေးမျက်နှာ အရပ်တို့သို့
"အရပ်မျက်နှာတိုင်း" ကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အရပ်လေးမျက်နှာသို့"

သင်နှင့် သင်၏အမျိုးအနွယ်အားဖြင့် လူမျိုးအပေါင်းတို့သည် ကောင်းကြီးမင်္ဂလာကို ခံကြရလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်နှင့် သင့်အမျိုးအနွယ်အားဖြင့် လူမျိုးအပေါင်းတို့ကို ငါကောင်းကြီးပေးမည်"

ဂတိထားသည့်အတိုင်း မပြည့်စုံမှီ၊ သင့်ကို ငါမစွန့်
"ဤအရာတို့ကို ပြု၍ မပြီးမချင်း၊ သင့်ကို ငါမစွန့်"

ငါစောင့်မမည်
"ငါစောင့်ရှောက်မည်" သို့မဟုတ် "ငါစောင့်ထိန်းမည်"

ဤပြည်သို့တဖန် ဆောင်ခဲ့ဦးမည်
"ဤပြည်သို့တဖန် ခေါ်ဆောင်ဦးမည်"

### Genesis 28:16

အိပ်ပျော်ရာမှ နိုးလျင်
"အိပ်ရာမှ နိုးလျှင်"

ဘုရားသခင်၏ ဘုံဗိမာန်၊ ကောင်းကင်တံခါးဝ
"ကောင်းကင်တံခါးဝ" က "ဘုရားသခင်၏ ဘုံဗိမာန်" ဝင်ပေါက် သို့မဟုတ် "ဘုရားသခင် နေထိုင်ရာ၏ အဝင်တံခါး" ဖြစ်ကြောင်း ရှင်းလင်းစေသည်။

ကောင်းကင်တံခါးဝ ဖြစ်သည်တကား
လူတို့ကို အမှန်တကယ် ဝင်ခွင့်ပေးသော လက်ရှိတိုင်းနိုင်ငံအဖြစ် တင်စားထားခြင်း ဖြစ်သည်။

### Genesis 28:18

မှတ်တိုင်ဖြစ်စေလျှက်
ကျောက်တုံးကြီးဖြင့် ထောင်ထားသော ကျောက်တိုင် ဖြစ်သည်။

ကျောက်ထိပ်ဖျားအပေါ်၌ ဆီကို လောင်းလေ၏
ဘုရားသခင်အတွက် ပေးအပ်ကြောင်း အမှတ်အသား ဖြစ်သည်။ ၎င်းကို တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်အား ပေးအပ်ခြင်းငှါ ကျောက်တိုင်ထိပ်မှ ဆီကို လောင်းလေ၏"

ဗေသလ
ဘာသာပြန်ဆိုသူများ အနေဖြင့် "ဗေသလ အနက်ကား 'ဘုရားသခင်၏ အိမ်တော်' တည်း" ဟူ၍ မှတ်ချက်ထည့်သွင်း ဖော်ပြနိုင်သည်။

ဥလံလုဇ
မြို့တခု၏အမည် ဖြစ်သည်။

### Genesis 28:20

သစ္စာပြုလေ၏
"သစ္စာဆိုလေ၏" သို့မဟုတ် "ဘုရားသခင်အား ကတိသစ္စာဆိုလေ၏"

ဘုရားသခင်သည် ငါ့ဘက် . . . ငါယခု . . . ငါ့ကို . . . ငါသည် . . . ထာဝရဘုရားသည် ငါ၏ဘုရား . . . ငါ ထူထောင်သော . . .
ယာကုပ်က ဘုရားသခင်ကို အပြောခံသူအဖြစ် ညွှန်းခေါ်သည်။ ၎င်းကို ကြားနာသူအဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်တော်သာ ကျွန်ုပ်ဘက် ... ကျွန်ုပ် ယခု ... ကျွန်ုပ်ကို ... ကျွန်ုပ်သည် ... ထာဝရဘုရားမှာ အကျွန်ုပ်၏ဘုရား ... ထူထောင်သော ..."

ငါယခုသွားရာလမ်းမှာ
မယားကို ရှာပြီးနောက် မိမိအိမ်သို့ ပြန်လာမည့် ယာကုပ်၏ ခရီးကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ် ယခုခရီးစဉ်မှာ"

စားစရာအစား
"အစား" ဟူရာတွင် အစာအားလုံးကို ယေဘုယျ ခြုံငုံထားသည်။

အဘ၏အိမ်သို့
"အိမ်" မှာ ယာကုပ်၏ မိသားစုကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဘနှင့် မိသားစုထံသို့"

ဘုရားသခင်၏ ဗိမာန်
ကျောက်တိုင်မှာ ဘုရားသခင် ထင်ရှားပြသခဲ့သော သက်သေဖြစ်ပြီး ထိုအရပ်၌ လူတို့က ဘုရားသခင်ကို ကိုးကွယ်ရမည်ဟု ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်၏ အိမ်တော်" သို့မဟုတ် "အထွဋ်အမြတ် ကျောက်တိုင်"


generated on Fri Sep 22 10:08:29 2023

## Chapter 29

1 တဖန်ယာကုပ်သည် ခရီးသွား၍၊ အရှေ့ ပြည်သားတို့နေရာအရပ်သို့ ရောက်ပြီးလျှင်၊ 2 မျှော်ကြည့်၍ တောစ၌ ရေတွင်းတခုကို
မြင်၏။ ထိုတွင်းရေဖြင့် သိုးစုများကို တိုက်တတ်သည်ဖြစ်၍၊ တွင်းနားမှာ သိုးစုသုံးစု အိပ်လျက်ရှိ၏။ ရေတွင်းဝပေါ် မှာ ကြီးစွာသော
ကျောက်ရှိ၏။ 3 သိုးထိန်းအပေါင်းတို့သည် ထိုအရပ်၌ စုဝေး သောအခါ၊ ရေတွင်းဝ၌ ဖုံးအုပ်သော ကျောက်ကို လှိမ့်လှန်၍၊ သိုးများကို
ရေတိုက်ပြီးလျှင်၊ ထိုကျောက်ကို မိမိနေရာရေတွင်းဝပေါ်မှာ တဖန်တင်ထားလေ့ရှိ၏။ 4 ယာကုပ်ကလည်း၊ ငါ့ညီအစ်ကိုတို့၊
သင်တို့သည် အဘယ်အရပ်က လာကြသနည်းဟု မေးလျှင်၊ငါတို့သည် ခါရန်မြို့က လာကြသည်ဟုပြောဆိုလေ၏။ 5
တဖန်ယာကုပ်က၊ နာခေါ်သားလာဗန်ကို သိသလောဟု မေးလျှင်၊ သိ၏ဟု ပြန်ဆိုသော်၊ 6 သူသည်မာပါ၏လောဟု တဖန်မေးပြန်လျှင်၊
မာပါ၏။ သူ၏သမီးရာခေလသည် သိုးများနှင့်တကွ လာလိမ့်မည်ဟု ဆိုကြလေ၏။ 7 ယာကုပ်ကလည်း၊ နေ့အချိန် အလွန်များစွာ
ရှိသေး၏။ သိုးတို့ကို စုဝေးရာအချိန်မဟုတ်သေး။ ရေတိုက်ပြီးလျှင်၊ သွား၍ထိန်းကြဦးလော့ဟု ဆိုလေ၏။ 8 သူတို့ကလည်း၊
သိုးထိန်းအပေါင်းစုဝေး၍၊ ရေတွင်းဝ၌ ဖုံးအုပ် သော ကျောက်ကို လှိမ့်လှန်ပြီးမှသာ၊ သိုးတို့ကို ရေတိုက်ရ၏။ သို့မဟုတ်၊ မတိုက်ရဟု
ပြန်ဆို ကြ၏။ 9 ထိုသို့တဦးနှင့်တဦး နှုတ်ဆက်ကြစဉ်တွင်၊ ရာခေလသည်၊ မိမိအဘ၏သိုးတို့ကို ထိန်းရသည် ဖြစ်၍၊ သိုးတို့ကို
ဆောင်လျက်လာ၏။ 10 ယာကုပ်သည်၊ မိမိဦးရီးလာဗန်၏သမီး ရာခေလနှင့် ဦးရီးလာဗန်၏သိုးတို့ကို မြင်သောအခါ၊ အနီးသို့ချဉ်း၍၊
ရေတွင်း၌ဖုံးအုပ်သော ကျောက်ကို လှိမ့်လှန်ပြီးလျှင်၊ ဦးရီးလာဗန်၏ သိုးတို့ကို ရေတိုက် လေ၏။ 11 ထိုနောက်၊ ယာကုပ်သည်
ရာခေလကို နမ်း၍၊ ကျယ်သော အသံနှင့်ငိုလေ၏။ 12 မိမိသည် ရာခေလအဘ၏တူ၊ ရေဗက္က၏သား ဖြစ်ကြောင်းကို ကြားပြောလျှင်၊
ရာခေလသည်ပြေး၍ မိမိအဘအား ပြန်ကြားလေ၏။ 13 လာဗန်သည် မိမိတူယာကုပ်၏ သိတင်းစကား ကို ကြားသောအခါ၊
ကြိုဆိုခြင်းငှါ အလျင်အမြန်သွား၍၊ ပိုက်ဘက်နမ်းရှုတ်လျက်၊ မိမိအိမ်သို့ ဆောင်သွားလေ၏။ ယာကုပ်သည်လည်း
မိမိအမှုအရာရှိသမျှကို ကြားပြော လျှင်၊ 14 လာဗန်က၊ အကယ်စင်စစ် သင်သည် ငါ့အရိုး အသားပင်ဖြစ်၏ဟု ဆိုလေ၏။ 15
ယာကုပ်သည် တလခန့်မျှ နေပြီးမှ၊ လာဗန်က၊ သင်သည် ငါ့တူဖြစ်သောကြောင့်၊ အကျိုးမဲ့ ကျွန်ခံရပါ မည်လော။ ခံလိုသောအခကို
ငါ့အား ပြောလော့ဟု ဆိုလေ၏။ 16 ထိုအခါ လာဗန်၌ သမီးနှစ်ယောက်ရှိ၏။ အကြီး ကား၊ လေအာအမည်ရှိ၏။ အငယ်ကား၊
ရာခေလအမည် ရှိ၏။ 17 လေအာကား၊ မျက်စိနုညံ့၏။ ရာခေလကား၊ ပုံပြင်ယဉ်ကျေး၍ အသွေးအဆင်းလည်းလှ၏။ 18
ယာကုပ်သည် ရာခေလကို ချစ်သောကြောင့်၊ လာဗန်အား၊ ဦးမင်းသမီးအငယ်ရာခေလကိုရခြင်းငှါ၊ ခုနစ်နှစ်အစေခံပါမည်ဟု ဆိုလျှင်၊
19 လာဗန်က၊ အခြားသောသူအား ပေးစားသည် ထက်၊ သင့်အား ပေးစားသော် သာ၍ကောင်း၏။ ငါနှင့် အတူနေလော့ဟုဆို၏။ 20
ယာကုပ်သည်လည်း၊ ရာခေလကို ရခြင်းငှါ ခုနစ်နှစ် အစေခံလေ၏။ ရာခေလကိုချစ်သောကြောင့်၊ ခုနစ်နှစ်ကို နည်းသောနေ့ရက်ကဲ့သို့
ထင်မှတ်သတည်း။ 21 ယာကုပ်ကလည်း၊ ချိန်းချက်သော အချိန်စေ့ ပါပြီ။ ကျွန်ုပ်သည် မယားနှင့် ဆက်ဆံဘို့ရာ ပေးစားပါဟု
လာဗန်အားဆိုလျှင်၊ 22 လာဗန်သည် ထိုအရပ်၌နေသော သူအပေါင်း တို့ကို စည်းဝေးစေ၍ ပွဲလုပ်လေ၏။ 23-24 ညဦးအချိန်ရောက်မှ၊
ဇိလပအမည်ရှိသော ကျွန်မကို သမီးလေအာ၌ လက်ဖွဲ့လျက်၊ ထိုသမီးကို ဆောင်သွင်း၍၊ ယာကုပ်သည် သူနှင့်ဆက်ဆံလေ၏။ 25
နံနက်အချိန်ရောက်မှ ယာကုပ်သည် ကြည့်ရှုသောအခါ၊ လေအာဖြစ်ကြောင်းကို သိမြင်လျှင်၊ လာဗန် ထံသို့သွား၍
ကျွန်ုပ်၌ပြုသောအမှုကား၊ အဘယ်သို့နည်း။ ကျွန်ုပ်သည် ရာခေလကိုရခြင်းငှါ အစေခံရပြီ မဟုတ်လော။ ကျွန်ုပ်ကို အဘယ်ကြောင့်
လှည့်စားရသနည်းဟု ဆိုသော်၊ 26 လာဗန်က၊ ငါတို့ပြည်၌ သမီးအကြီးကို မပေးစားမှီ၊ အငယ်ကို မပေးစားရ။ 27 ခုနစ်ရက်စေ့အောင်
ငံ့ဦးလော့။ နောက်တဖန် ခုနစ်နှစ် အစေခံရသည်အတွက်၊ ရာခေလကိုလည်း သင့်အား ပေးစားဦးမည်ဟု ဆိုသည်အတိုင်း၊ 28-29
ယာကုပ်ဝန်ခံ၍ ခုနစ်ရက်စေ့ပြီးမှ၊ လာဗန်သည် ဗိလဟာအမည်ရှိသော ကျွန်မကို လက်ဖွဲ့လျက်၊ သမီးရာခေလကို ပေးစားလေ၏။ 30
ယာကုပ်သည် ရာခေလနှင့် ဆက်ဆံ၍၊ လေအာကို ချစ်သည်ထက်သာ၍ ချစ်၏။ လာဗန်ထံမှာ တဖန် ခုနစ်နှစ်အစေခံလေ၏။ 31
လေအာသည် အမုန်းခံရသည်ကို ထာဝရဘုရားသိမြင်၍၊ သားဘွားရသောအခွင့်ကို ပေးတော်မူ ၏။ ရာခေလမူကား မြုံ၏။ 32
လေအာသည် ပဋိသန္ဓေယူသဖြင့်၊ သားကို ဘွားမြင်၍ ရုဗင်အမည်ဖြင့် မှည့်လေ၏။ အကြောင်း မူကား၊ ထာဝရဘုရားသည်
ငါ၏ဆင်းရဲခံခြင်းကို အမှန် ကြည့်မြင်တော်မူပြီ။ သို့ဖြစ်၍ ယခုငါ့လင်သည် ငါ့ကိုချစ် လိမ့်မည်ဟု ဆိုသတည်း။ 33 တဖန်
ပဋိသန္ဓေယူပြန်၍ သားကိုဘွားမြင်သော်၊ ငါသည် အမုန်းခံရကြောင်းကို ထာဝရဘုရား ကြားသော ကြောင့်၊ ဤသားကိုလည်း
ပေးသနားတော်မူပြီဟု ဆိုပြီး လျှင်၊ ထိုသားကို ရှိမောင်အမည်ဖြင့် မှည့်လေ၏။ 34 တဖန် ပဋိသန္ဓေယူပြန်၍ သားကိုဘွားမြင်သော်၊
ငါ့လင်အား သားသုံးယောက်ကို ငါဘွားမြင်သောကြောင့်၊ ယခုတခါသူသည် ငါနှင့်ပေါင်းဘော်လိမ့်မည်ဟု ဆို၍၊ ထိုသားကို
လေဝိအမည်ဖြင့် မှည့်လေ၏။ 35 တဖန် ပဋိသန္ဓေယူပြန်၍ သားကို ဘွားမြင် သော်၊ ထာဝရဘုရားကို ယခုငါချီးမွမ်းမည်ဟု ဆိုသည်
ဖြစ်၍၊ ထိုသားကို ယုဒအမည်ဖြင့် မှည့်လေ၏။ ထိုနောက်၊ သားပြတ်၍ မဘွားဘဲနေ၏။

---

---

### Genesis 29:1

အရှေ့ပြည်သားတို့

ခါနာန်ပြည် အရှေ့ဘက်ရှိ ပဒ္ဒန်အာရမ် ခေါ် ပါဒနာရံ ပြည်သားတို့ကို ဆိုလိုသည်။

တွင်းနားမှာ သိုးစုသုံးစု အိပ်လျက်ရှိ၏

အခြားသော အခန်းတစ်ခုသို့ ကူးပြောင်းသွားခြင်းကို ဖော်ညွှန်းသည်။

ထိုတွင်းရေဖြင့်

"ထိုတွင်းမှ" ပင်မဇာတ်ကြောင်းမှ ရေတိုက်သော သိုးထိန်းတို့၏ နောက်ခံ သမိုင်းကြောင်းသို့ ပြောင်းသွားသည်။

တိုက်တတ်သည်ဖြစ်၍

"ရေတိုက်တတ်သည်ဖြစ်၍" သို့မဟုတ် "သိုးထိန်းတို့ ရေတိုက်တတ်သည်ဖြစ်၍"



generated on Fri Sep 22 10:08:29 2023

ရေတွင်းဝ
"ဝ" ဟူရာတွင် အပေါက်ဝကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရေတွင်း အပေါက်ဝ"

**Genesis 29:4**

ယာကုပ်ကလည်း . . . ဟု မေးလျှင်
"ယာကုပ်ကလည်း ... ဟု သိုးထိန်းတို့အား မေးလျှင်"

ငါ့ညီအစ်ကိုတို့
သူစိမ်းကို ယဉ်ကျေးစွာ ခေါ်ဆိုသောစကား ဖြစ်သည်။

နာခေါ်သား လာဗန်
"သား" ဟူရာတွင် ယောကျ်ား မျိုးဆက်ကို ညွှန်းသည်။ အခြားဆိုလိုချက်၊ "နာခေါ်မြေး လာဗန်" (UDB)

သူ၏သမီး ရာခေလသည် သိုးများနှင့်တကွ လာလိမ့်မည်
"ကြည့်ရှုလော့၊ သူ့သမီး ရာခေလ သိုးများဖြင့် လာပါ၏"

**Genesis 29:7**

နေ့အချိန် အလွန်များစွာ ရှိသေး၏
"ကောင်းကင်မှာ နေမြင့်သေး၏" (UDB) သို့မဟုတ် "နေ အလွန် သာသေး၏"

သိုးတို့ကို စုဝေးရာ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သိုးတို့ကို ခေါ်ယူစုဝေးသော"

စုဝေးရာ
ညအိပ်ရန် ခြံဝင်းအထဲ၌ စုဝေးရန် ဆိုလိုသည်။ ၎င်းကို တိကျစွာ ဖော်ပြနိုင်သည်။

သွား၍ ထိန်းကြဦးလော့
"စားကျက်မြေ၌ လွှတ်ဦးလော့"

သို့မဟုတ်၊ မတိုက်ရ
"သို့မတိုင်မီ၊ စောင့်ရ၏။" ခွင့်ပြုချက်နှင့် မဆိုင်၊ အချိန် အကန့်အသတ်နှင့်သာ သက်ဆိုင်သည်။

သိုးထိန်းအပေါင်း စုဝေး၍
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သိုးထိန်းအပေါင်း မိမိသိုးစုတို့ဖြင့် စုဝေး၍"

ရေတွင်းဝ၌
"ဝ" ဟူရာတွင် အပေါက်ဝကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရေတွင်းပေါ်" သို့မဟုတ် "ရေတွင်းဝမှာ"

သိုးတို့ကို ရေတိုက်ရ၏
"သိုးတို့ကို ရေတိုက်ပါ၏"

**Genesis 29:9**

မိမိဦးရီး
"အမိမောင်"

ရေတွင်း
ရေတွင်း၏ အဝကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရေတွင်းဝ" သို့မဟုတ် "ရေတွင်းဝမှာ"

**Genesis 29:11**

ယာကုပ်သည် ရာခေလကို နမ်း၍
ရှေးခေတ် အရှေ့အလယ်ပိုင်းဒေသတွင်၊ ဆွေမျိုးကို နမ်းခြင်းဖြင့် နှုတ်ဆက်ကြသည်။ သို့ရာတွင်၊ ယောကျ်ား အချင်းချင်းသာ ထိုသို့ ပြုဖန်များသည်။ ပြန်ဆိုမည့် ဘာသာစကားတွင်၊ ဆွေမျိုးရင်းချာကို ရင်းနှီးစွာ နှုတ်ဆက်သော အသုံးအနှုန်းမျိုး ရှိလျှင်၊ ၎င်းကို ထည့်သွင်းဖော်ပြနိုင်သည်။ သို့မဟုတ် သင့်လျော်သော စကားလုံးကို အသုံးပြုပါ။

ကျယ်သောအသံနှင့် ငိုလေ၏
ဝမ်းသာသဖြင့် ငိုခြင်းဖြစ်သည်။ ၎င်းကို တိကျစွာ ဖော်ပြနိုင်သည်။

ရာခေလအဘ၏တူ
"ဖခင်၏ အမျိုးတော်"

**Genesis 29:13**

မိမိတူ
"အစ်မ သား"

ပိုက်ဘက်
"ပွေ့ဖက်"

နမ်းရှုတ်လျက်
ရှေးခေတ် အရှေ့အလယ်ပိုင်းဒေသတွင်၊ ဆွေမျိုးကို နမ်းခြင်းဖြင့် နှုတ်ဆက်ကြသည်။ သို့ရာတွင်၊ ယောကျ်ား အချင်းချင်းသာ ထိုသို့ ပြုဖန်များသည်။ ပြန်ဆိုမည့် ဘာသာစကားတွင်၊ ဆွေမျိုးရင်းချာကို ရင်းနှီးစွာ နှုတ်ဆက်သော အသုံးအနှုန်းမျိုး ရှိလျှင်၊ ၎င်းကို ထည့်သွင်းဖော်ပြနိုင်သည်။ သို့မဟုတ်က၊ သင့်လျော်သော စကားလုံးကို အသုံးပြုပါ။

ယာကုပ်သည်လည်း မိမိအမှုအရာ ရှိသမျှကို ကြားပြောလျှင်
"ထို့နောက် ယာကုပ်က ဖြစ်ပျက်သမျှကို ကြားပြောလျှင်"

ငါ့အရိုးအသား
တိုက်ရိုက် အမျိုးတော်ကြောင်း ဖော်ပြခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့အမျိုးရင်း" သို့မဟုတ် "ငါ့အရိုး ငါ့အသား"

**Genesis 29:15**

သင်သည် ငါ့တူ . . . အကျိုးမဲ့ ကျွန်ခံရပါမည်လော
မိမိထံ အလုပ်လုပ်သဖြင့် လုပ်အားခ ပေးသင့်ကြောင်း သဘောပေါက်စေရန် မေးခြင်း ဖြစ်သည်။ ဖြစ်ကြောင်းပြဝါကျအဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်သည် ငါ့အမျိုးရင်း ဖြစ်သော်လည်း သင်ပြုသမျှနှင့်တန်သော အခကို ပေးပါမည်"

ထိုအခါ လာဗန်၌
"ထိုအခါ" ဟူရာတွင် ပင်မဇာတ်ကြောင်းမှ လာဗန်နှင့် သမီးတို့၏ နောက်ခံ သမိုင်းကြောင်းသို့ ပြောင်းရာ၌ အသုံးပြုသည်။

လေအာကား၊ မျက်စိနည့်၏
ဖြစ်နိုင်ချေများမှာ၊ (၁) "လေအာ၏ မျက်စိများမှာ လှပ၏" သို့မဟုတ် (၂) "လေအာမှာ၊ မျက်စိနူးညံ့၏"


generated on Fri Sep 22 10:08:29 2023

ယာကုပ်သည် ရာခေလကို ချစ်သောကြောင့်
"ချစ်" ဟူရာတွင် ယောကျ်ားနှင့် မိန်းမကြား ချစ်ခြင်းတရားကို ညွှန်းသည်။

**Genesis 29:19**

အခြားသောသူအား ပေးစားသည်ထက်
"တခြားသူအား ပေးစားသည်ထက်"

နည်းသောနေ့ရက်ကဲ့သို့ ထင်မှတ်သတည်း
"ရက်အနည်းငယ်ဟုသာ ထင်မှတ်သတည်း"

ရာခေလကို ချစ်သောကြောင့်
"ရာခေလပေါ် ထားသော ချစ်ခြင်းတရားကြောင့်" သို့မဟုတ် "ရာခေလကို ချစ်မြတ်နိုးသဖြင့်"

**Genesis 29:21**

ချိန်းချက်သောအချိန် စေ့ပါပြီ။ ကျွန်ုပ်သည် မယားနှင့်ဆက်ဆံဘို့ရာ ပေးစားပါ
"ချိန်းချက်သောအချိန်" ဟူရာတွင် ရှည်လျားသော ကာလတစ်ခုကို ပုံဆောင်သည်။ "စေ့ပါပြီ" ဟူသော ဝေါဟာရကို အပြည့်အဝ ပြည့်စုံပြီဟူ၍ အသုံးပြုသောကြောင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဦးရီးတော်အတွက် ခုနစ်နှစ် အစေခံပြီးဖြစ်၍၊ ကျွန်ုပ်အား ရာခေလကို ပေးစားပါ"

စည်းဝေးစေ၍ ပွဲလုပ်လေ၏
"မင်္ဂလာပွဲ လုပ်လေ၏။" ပွဲလုပ်ရန် စေခိုင်းခြင်း ဖြစ်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "စည်းဝေး၍ မင်္ဂလာပွဲ ပြင်ဆင်ကျင်းပစေ၏"

**Genesis 29:23**

သူနှင့် ဆက်ဆံလေ၏
ညမှောင်၍ မမြင်ရသောကြောင့် ယာကုပ်က မိမိမှာ လေအာနှင့်ရှိနေကြောင်းမသိဟု ဆိုလိုခြင်း ဖြစ်သည်။ ၎င်းကို တိကျစွာ ဖော်ပြနိုင်သည်။

ဇိလပအမည်ရှိသော ကျွန်မကို သမီးလေအာ၌ လက်ဖွဲ့လျက်
လာဗန်က လေအာထံ ဇိလပကို ပေးသော အကြောင်းကို တွေ့ရသည်။ မင်္ဂလာပွဲ မတိုင်မီ ပေးခြင်း ဖြစ်မည်။

ဇိလပ
လေအာ၏ အစေခံမ အမည် ဖြစ်သည်။

ယာကုပ်သည် ကြည့်ရှုသောအခါ၊ လေအာဖြစ်ကြောင်းကို သိမြင်လျှင်
"ကြည့်ရှုလော့၊ လေအာဖြစ်ပါတကား။ ထိုအခါ။" "ကြည့်ရှုလော့" ဟူရာတွင် ယာကုပ်၏ အံ့အားသင့်မှုကို ထင်ဟပ်စေသည်။

ကျွန်ုပ်၌ ပြုသောအမှုကား၊ အဘယ်သို့နည်း
အံ့အားဖြစ်မှုနှင့် ဒေါသကို ထင်ဟပ်စေရန် မေးခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်၌ ဤသို့ ပြုပါပြီတကား"

ကျွန်ုပ်သည် ရာခေလကိုရခြင်းငှါ အစေခံရပြီ မဟုတ်လော
လာဗန်၏ လှည့်စားမှုကြောင့် နာကျင်ခံစား ဖြစ်ရခြင်းကို ထင်ဟပ်စေရန် မေးခြင်းဖြစ်သည်။ ဖြစ်ကြောင်းပြဝါကျအဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရာခေလကို ရခြင်းငှါ ခုနစ်နှစ်တိုင် အစေခံခဲ့ပါ၏"

**Genesis 29:26**

ငါတို့ပြည်၌ . . . မပေးစားရ
"ငါတို့ အမျိုး၌ ... ပေးရိုး ထုံးမရှိ"

ခုနစ်ရက်စေ့အောင် ငံ့ဦးလော့
"မင်္ဂလာပွဲ ခုနစ်ရက်စေ့အောင် ငံ့ဦးလော့"

ရာခေလကိုလည်း သင့်အား ပေးစားဦးမည်
အပြည့်အစုံ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "နောက်တပတ်၌ ရာခေလကိုလည်း သင့်အား ပေးစားပါမည်"

**Genesis 29:28**

ယာကုပ်ဝန်ခံ၍ ခုနစ်ရက်စေ့ပြီးမှ
"ယာကုပ်လည်း ထိုသို့၍ မင်္ဂလာပွဲရက်သတ္တ စေ့ပြီးမှ"

ယာကုပ်သည် ရာခေလနှင့် ဆက်ဆံ၍
လင်မယား ဆက်ဆံမှုကို ယဉ်ကျေးစွာ ဖော်ပြခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယာကုပ်သည် ရာခေလနှင့် ထိမ်းမြား၍"

သာ၍ ချစ်၏
ယောကျ်ားနှင့် မိန်းမကြား ချစ်ခြင်းတရားကို ညွှန်းသည်။

ဗိလဟာ
ရာခေလ၏ အစေခံမအမည် ဖြစ်သည်။

**Genesis 29:31**

လေအာသည် အမုန်းခံရသည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယာကုပ်က လေအာကို မချစ်ကြောင်း"

အမုန်းခံရ
ယာကုပ်က လေအာထက် ရာခေလကို ပို၍ချစ်ကြောင်း ထင်ရှားစေသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မချစ်"

သားဘွားရသောအခွင့်ကို ပေးတော်မူ၏
သားဖွားခြင်းအခွင့် ပေးသည်ကို သားအိမ်ဖွင့်ပေးသည် ဟူ၍လည်း တင်စားခြင်း ပြုနိုင်သည်။

မြုံ၏
"သားမဖွားနိုင်"

လေအာသည် ပဋိသန္ဓေယူသဖြင့်၊ သားကို ဘွားမြင်၍
"လေအာသည် ကိုယ်ဝန်ဆောင်သဖြင့်၊ သားကို ဖွားမြင်၍"

ရုဗင်အမည်ဖြင့် မှည့်လေ၏
ဘာသာပြန်ဆိုသူများ အနေဖြင့် "ရုဗင်အနက်ကား 'တွေ့မြင်' ဟူသတည်း" ဟု မှတ်ချက် ထည့်သွင်း ဖော်ပြနိုင်သည်။

ထာဝရဘုရားသည် ငါ၏ဆင်းရဲခံခြင်းကို အမှန် ကြည့်မြင်တော်မူပြီ
ယာကုပ်၏ ငြင်းပယ်မှုကို ခံရသဖြင့် စိတ်ပိုင်းဆိုင်ရာ နာကျင်ဆင်းရဲခြင်းကို ဆိုလိုသည်။ စိတ္တဇနာမ် "ဆင်းရဲခံခြင်း" ကို ကြိယာပုဒ်အဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ ဆင်းရဲခံရကြောင်း ထာဝရဘုရား တွေ့မြင်တော်မူ၏"

**Genesis 29:33**

တဖန် ပဋိသန္ဓေယူပြန်၍
"တဖန် ကိုယ်ဝန်ဆောင်၍"

သားကို ဘွားမြင်သော်
"သားကို ဖွားမြင်သော်"

ငါသည် အမုန်းခံရကြောင်းကို ထာဝရဘုရား ကြားသောကြောင့်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "ငါ့လင်က ငါ့ကို မချစ်ကြောင်း ထာဝရဘုရား ကြားသိတော်မူ၍"

ထိုသားကို ရှိမောင်အမည်ဖြင့် မှည့်လေ၏
ဘာသာပြန်ဆိုသူများ အနေဖြင့် "ရှိမောင် အနက်ကား 'ကြားသိ' ဟူသတည်း" ဟု မှတ်ချက် ထည့်သွင်းဖော်ပြနိုင်သည်။

သူသည် ငါနှင့်ပေါင်းဘော်လိမ့်မည်
"သူသည် ငါ့ကို တွယ်တာလိမ့်မည်"

ငါ့လင်အား သားသုံးယောက်ကို ငါဘွားမြင်သောကြောင့်
"ငါ့လင်အား သားသုံးယောက်ကို ဖွားမြင်သောကြောင့်"

ထိုသားကို လေဝိအမည်ဖြင့် မှည့်လေ၏
ဘာသာပြန်ဆိုသူများ အနေဖြင့် "လေဝိ အနက်ကား 'တွယ်တာ' ဟူသတည်း" ဟု မှတ်ချက် ထည့်သွင်းဖော်ပြနိုင်သည်။

**Genesis 29:35**

တဖန် ပဋိသန္ဓေယူပြန်၍
"တဖန် ကိုယ်ဝန်ဆောင်၍"

သားကို ဘွားမြင်သော်
"သားကို ဖွားမြင်သော်"

ထိုသားကို ယုဒအမည်ဖြင့် မှည့်လေ၏
ဘာသာပြန်ဆိုသူများ အနေဖြင့် "ယုဒ အနက်ကား 'ချီးမွမ်း' ဟူသတည်း" ဟု မှတ်ချက် ထည့်သွင်းဖော်ပြနိုင်သည်။


generated on Fri Sep 22 10:08:29 2023

## Chapter 30

1 ရာခေလသည် ယာကုပ်အား သားမဘွား ကြောင်းကို မိမိသိမြင်သောအခါ၊ အစ်မကို ငြူစူသော စိတ်ရှိ၍၊ ငါ့အား သားကို ပေးပါ။
သို့မဟုတ် ငါသေတော့ အံ့ဟု ယာကုပ်ကို ဆိုလေ၏။ 2 ယာကုပ်ကလည်း၊ ငါသည် သင့်အား သားဘွား သောအခွင့်ကို
ပေးတော်မမူသော ဘုရားသခင် ကိုယ်စား တော်ဖြစ်သလောဟု၊ ရာခေလကို အမျက်ထွက်၍ ပြန်ဆို ၏။ 3 ရာခေလကလည်း၊
အကျွန်ုပ်၌ ကျွန်မဗိလဟာ ရှိပါ၏။ သူ့ထံသို့ ဝင်ပါ။ သူသည် အကျွန်ုပ်ဒူးပေါ်မှာ သားဘွား၍၊ သူ့အားဖြင့် အကျွန်ုပ်သည်
တည်ဆောက် ခြင်းရှိပါလိမ့်မည်ဟု ဆိုလျက်၊ 4 ကျွန်မဗိလဟာကို ယာကုပ်၏မယားဖြစ်စေခြင်း ငှါ အပ်၍၊ သူ့ထံသို့
ယာကုပ်ဝင်လေ၏။ 5 ဗိလဟာသည် ပဋိသန္ဓေယူ၍၊ ယာကုပ်အား သားကို ဘွားမြင်သည်ရှိသော်၊ 6 ရာခေလက၊ ဘုရားသခင်သည်
ငါ့ဘက်၌ တရားစီရင်တော်မူပြီ။ ငါ့စကားကိုကြား၍ သားကို ပေးသနားတော်မူပြီဟု ဆိုသည်နှင့်အညီ၊ ထိုသားကို ဒန် အမည်ဖြင့်
မှည့်လေ၏။ 7 တဖန် ရာခေလ၏ကျွန်မ ဗိလဟာသည် ပဋိသန္ဓေယူပြန်၍၊ ယာကုပ်အား နှစ်ကြိမ်မြောက်သော
သားကိုဘွားမြင်သည်ရှိသော်၊ 8 ရာခေလက၊ ငါသည် ငါ့အစ်မနှင့် ကျပ်ကျပ် လုံးထွေး၍ နိုင်ခဲ့ပြီဟု ဆို၍၊ ထိုသားကို
နဿလိအမည်ဖြင့် မှည့်လေ၏။ 9 လေအာသည် သားပြတ်၍ မဘွားဘဲနေ ကြောင်းကို မိမိသိမြင်သောအခါ၊ မိမိကျွန်မ ဇိလပကို
ယူ၍၊ ယာကုပ်၏မယားဖြစ်စေခြင်းငှါ အပ်လေ၏။ 10 လေအာ၏ ကျွန်မဇိလပသည်လည်း ယာကုပ် အား
သားကိုဘွားမြင်သည်ရှိသော်၊ 11 လေအာက၊ ကောင်းကျိုးလာသည်ဟု ဆို၍၊ ထိုသားကို ဂဒ်အမည်ဖြင့် မှည့်လေ၏။ 12
တဖန်လေအာ၏ ကျွန်မဇိလပသည် ယာကုပ် အား နှစ်ကြိမ်မြောက်သောသားကို ဘွားမြင်သည် ရှိသော်၊ 13 လေအားက၊ ငါ၌
မင်္ဂလာရှိ၏။ လူသမီးတို့သည် ငါ့ကိုမင်္ဂလာရှိသောသူဟူ၍ ခေါ် ကြလိမ့်မည်ဟု ဆိုသဖြင့်၊ ထိုသားကို အာရှာအမည်ဖြင့် မှည့်လေ၏။
14 ထိုနောက်၊ ဂျုံစပါးကို စုသိမ်းသော အချိန် ကာလ၌၊ ရုဗင်သည် လယ်ပြင်သို့ထွက်သွားပြီးလျှင်၊ အနု ဆေးသီးကိုတွေ့၍၊
မိမိအမိလေအာထံသို့ ဆောင်ခဲ့လေ ၏။ ရာခေလကလည်း၊ သင်၏သား ရခဲ့သော အနုဆေးသီး အချို့ကို ပေးပါလော့ဟု၊
လေအာကိုတောင်းလျှင်၊ 15 လေအာက၊ သင်သည် ငါ့လင်ကိုယူ၍ အတွက် မရှိထင်သလော။ ငါ့သား၏ အနုဆေးသီးကိုလည်း ယူချင်
သေးသည်တကားဟု ဆိုလေသော်၊ ရာခေလက၊ သို့ဖြစ် လျှင်၊ သင့်သား၏ အနုဆေးသီးအတွက်၊ လင်သည် ယနေ့ ညဉ့်တွင်
သင်နှင့်အိပ်ရမည်ဟု ဆို၏။ 16 ညဦးအချိန်၌၊ လယ်ပြင်မှယာကုပ်လာသော အခါ၊ လေအာသည် ခရီးဦးကြိုပြုခြင်းငှါ သွား၍၊ သင်
သည် အကျွန်ုပ်ထံသို့ ဝင်ရမည်။ အကျွန်ုပ် ၏သားရခဲ့ သော အနုဆေးသီးနှင့် သင့်ကို အကျွန်ုပ်ငှါးသည် မှန်ပါ ၏ဟုဆိုသဖြင့်၊
ထိုနေ့ညဉ့်တွင် သူနှင့်အိပ်ရလေ၏။ 17 လေအာစကားကို ဘုရားသခင်နားထောင် တော်မူသဖြင့်၊ သူသည် ပဋိသန္ဓေယူ၍၊ ယာကုပ်အား
ပဉ္စမသားကို ဘွားမြင်လေသော်၊ 18 ငါ့ကျွန်မကို ငါ့လင်အား ပေးသောကြောင့်၊ ဘုရားသခင်သည် ငါ့အား အခကို
ပေးတော်မူပြီဟုဆို၍၊ ထိုသားကို ဣသခါအမည်ဖြင့် မှည့်လေ၏။ 19 တဖန် လေအာသည် ပဋိသန္ဓေယူပြန်၍၊ ယာကုပ်အား
ဆဋ္ဌမသားကို ဘွားမြင်လေသော်၊ 20 ဘုရားသခင်သည် ကောင်းသောလက်ဖွဲ့ကို ပေးသနားတော်မူပြီ။ ငါ့လင်အား
သားခြောက်ယောက်ကို ဘွားမြင်သောကြောင့်၊ ယခုငါနှင့် အမြဲနေလိမ့်မည်ဟု ဆို၍၊ ထိုသားကို ဇာဗုလုန် အမည်ဖြင့် မှည့်လေ၏။ 21
ထိုနောက်မှ သမီးကိုဘွား၍၊ ဒိနအမည်ဖြင့် မှည့်လေ၏။ 22 ထိုအခါ ဘုရားသခင်သည် ရာခေလကို အောက်မေ့တော်မူ၏။
သူ၏စကားကို နားထောင်၍၊ သားဘွားသောအခွင့်ကို ပေးတော်မူသဖြင့်၊ 23 သူသည် ပဋိသန္ဓေယူ၍ သားကိုဘွားမြင်လျှင်၊ ငါခံရသော
ကဲ့ရဲ့ခြင်းအကြောင်းကို ဘုရားသခင်သည် ပယ်တော်မူပြီဟူ၍ငင်း၊ 24 ထာဝရဘုရားသည် အခြားသောသားကို ထပ်၍
ပေးတော်မူပါစေသောဟူ၍ငင်းဆိုလျက်၊ ထိုသားကို ယောသပ်အမည်ဖြင့် မှည့်လေ၏။ 25 ရာခေလသည် ယောသပ်ကို
ဘွားမြင်ပြီးသော နောက်၊ ယာကုပ်က၊ အကျွန်ုပ်သည် ကိုယ်နေရင်းပြည်သို့ သွားမည်အကြောင်း အကျွန်ုပ်ကို လွှတ်ပါလော့။ 26
ကျွန်ုပ်သည် အစေခံ၍ရသော မယားနှင့်သား တို့ကို ဆောင်ယူ၍၊ သွားရသောအခွင့်ကို ပေးပါလော့။ ကျွန်ုပ်အစေခံသည်အကြောင်းကို
အဘသိပါသည်ဟု လာဗန်အားဆိုလျှင်၊ 27 လာဗန်က၊ သင်၏စိတ်နှင့် တွေ့ပါစေ။ ထာဝရ ဘုရားသည် သင်၏အကြောင်းကြောင့်
ငါ့အား ကောင်း ကြီးပေးတော်မူသည်ကို ငါရိပ်မိပြီ။ 28 ငါပေးရမည်အခကို ပြောပါ၊ ငါပေးမည်ဟု ဆိုလေသော်၊ 29 ကျွန်ုပ်သည်
အဘ၌ အဘယ်သို့ အစေခံသည် ကိုငင်း အဘ၏တိရစ္ဆာန်တို့သည် ကျွန်ုပ်၌အဘယ်သို့ ရှိနေသည်ကိုငင်း အဘသိပါ၏။ 30
အထက်က အဘ၏ဥစ္စာနည်းလှ၏။ ယခု တိုးပွါး၍ များပြားလျက်ရှိ၏။ ကျွန်ုပ်သွားလာလုပ် ကိုင်သောအားဖြင့်၊ ထာဝရဘုရားသည်
အဘအား ကောင်းကြီးပေးတော်မူပြီ။ ယခုမှာ၊ ကျွန်ုပ်သည် ကိုယ် အိမ်သူ အိမ်သားတို့ကို အဘယ်သောအခါ ကျွန်ုပ်ပြုစု
ရပါအံ့နည်းဟု ဆိုလေ၏။ 31 လာဗန်ကလည်း၊ အဘယ်အခကို ပေးရမည် နည်းဟု မေးပြန်လျှင်၊ ယာကုပ်က၊ ဘာကိုမျှမပေးပါနှင့်၊
ကျွန်ုပ်၌ကျေးဇူးတခု ပြုလိုလျှင်၊ အဘ၏သိုးစု၊ ဆိတ်စုကို တဖန်ကျွေးမွေးစောင့်ထိန်းပါဦးမည်။ 32 ယနေ့သိုးစု၊
ဆိတ်စုတရှောက်လုံးကို ကျွန်ုပ် သွား၍၊ ပြောက်ကျား သောဆိတ်များ ညိုသော သိုးများ၊ ရှိသမျှတို့ကိုရွေးနှုတ်ခွဲထားပါမည်။ နောက်မှ
ပြောက်ကျားသောဆိတ်၊ ညိုသောသိုးတို့သည် ကျွန်ုပ်၏ အခ ဖြစ်စေလော့။ 33 သို့ဖြစ်၍၊ နောင်ကာလ၌ ကျွန်ုပ်၏အခသည်၊
အဘရှေ့သို့ ရောက်သောအခါ၊ ကျွန်ုပ်၏ဖြောင့်မတ်ခြင်း သည် ကျွန်ုပ်ကို စောင့်ရှောက်ပါလိမ့်မည်။ မပြောက် မကျားသော ဆိတ်၊
မညိုသောသိုး ရှိသမျှတို့ကို၊ ကျွန်ုပ်ခိုး သော အကောင်ဟူ၍ မှတ်စေလော့ဟု ဆိုလေ၏။ 34 လာဗန်ကလည်း၊
သင်ပြောတိုင်းဖြစ်လော့ဟု ဝန်ခံ၍၊ ထိုနေ့၌ပင်၊ ပြောက်ကျားသော ဆိတ်ထီး၊ ပြောက်ကျားသောဆိတ်မ၊ 35 အဖြူပါသော
ဆိတ်ရှိသမျှတို့နှင့်၊ အဆင်းညို သော သိုးရှိသမျှတို့ကိုရွေး၍၊ မိမိသားတို့လက်သို့ အပ်ပေး လေ၏။ 36 ကိုယ်နေရာ အရပ်နှင့်၊
ယာကုပ်နေရာအရပ်ကို သုံးရက်ခရီး ကွာစေခြင်းငှါ စီရင်သေး၏။ ယာကုပ်သည် ကြွင်းသော လာဗန်၏သိုးဆိတ်များကို ထိန်းလျက်
နေရ လေ၏။ 37 ထိုအခါ ယာကုပ်သည်၊ စိမ်းသောလိဗနာပင်၊ လုဇပင်၊ အာရမုန်ပင်တို့၏ အခက်တံဖျားများကိုယူ၍၊ အဖြူ၊ အစိမ်း၊
အတန့်တန့်ပေါ်အောင် အခွံကို လှီးခွာ ပြီးလျှင်၊ 38 ရေသောက်လာသောသိုး၊ ဆိတ်အထီးအမ ရှက်တင်စေမည်အကြံရှိ၍၊
ရေသောက်လာသောအခါ၊ အခွံခွာပြီးသော တံဖျာတို့ကို ရေသောက်ကျင်း၊ သောက် ခွက်တို့၌ သိုးဆိတ်တို့ ရှေ့မှာစိုက်ထားလေ၏။ 39
သိုးဆိတ်တို့သည် တံဖျာများရှေ့မှာ ရှက်တင်၍၊ အပြောက်အကျား စသည်တို့ကို ဘွားကြ၏။ 40 ယာကုပ်သည် သိုး၊

ဆိတ်သငယ်တို့ကိုလည်း ခွဲထား၍၊ လာဗန်၏သိုးစု၊ ဆိတ်စုတွင် အဆင်းပြောက် ကျားသော အကောင်၊ အဆင်းညိုသော
အကောင်ရှိသမျှ တို့ ရှေ့မှာ သိုးဆိတ်များကိုမျက်နှာပြုစေ၏။ မိမိတိရ စ္ဆာန် များနှင့်လာဗန်၏ တိရ စ္ဆာန်များကိုလည်း မရောမနှော
စေဘဲ၊ တစုစီခွဲထားလေ၏။ **41** အားကြီးသောအကောင်တို့သည် ရှက်တင် သောအခါ၊ တံဖျာတို့တွင် ရှက်တင်စေခြင်းငှါ၊ ယာကုပ်
သည် တံဖျာများကို ရေကျင်း၌၊ သူတို့ မျက်မှောက်တွင် ထားတတ်၏။ **42** အားနည်းသောအကောင်တို့ရှေ့မှာ တံဖျာတို့ကို မပြမထား။
ထိုကြောင့် အားနည်းသောအကောင်တို့သည် လာဗန်၏ဥစ္စာဖြစ်လေ၏။ အားကြီးသော အကောင်တို့မူ ကား၊ ယာကုပ်၏
ဥစ္စာဖြစ်လေ၏။ **43** ထိုသို့ယာကုပ်၌ စည်းစိမ်တိုးပွား၍၊ သိုး၊ဆိတ်၊ ကျွန်ယောက်ျား၊ ကျွန်မိန်းမ၊ ကုလားအုပ်၊ မြည်းအများ ရှိကြ၏။

---

### Genesis 30:1

ရာခေလသည် ယာကုပ်အား သားမဘွားကြောင်းကို မိမိသိမြင်သောအခါ
"မိမိမှာ သားအိမ်မြုံကြောင်း ရာခေလ သိမြင်သောအခါ"

ငါသေတော့အံ့
သားမဖွားနိုင်သဖြင့် စိတ်ဆင်းရဲကြောင်း ထင်ဟပ်စေရန် သုံးနှုန်းထားခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တန်ဖိုးမဲ့သကဲ့သို့ ခံစားရပါမည်"

ငါ့အား သားကိုပေးပါ
"ငါ့အား ကိုယ်ဝန်လွယ်ရသောအခွင့်ကို ပေးပါ"

ရာခေလကို အမျက်ထွက်၍
ဒေါသကို မီး လျှံထွက်သကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရာခေလအပေါ် ဒေါသဖြစ်၍"

ငါသည် သင့်အား သားဘွားသောအခွင့်ကို ပေးတော်မမူသော ဘုရားသခင် ကိုယ်စားတော် ဖြစ်သလော
ရာခေလကို ဆူရာ၌ အသုံးပြုသော မေးခွန်းဖြစ်သည်။ ဖြစ်ကြောင်းပြဝါကျအဖြစ် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါသည် ဘုရားမဟုတ်။ သင့်အား သားဖွားရန် တားဆီးနိုင်သောသူ မဟုတ်"

### Genesis 30:3

ရာခေလကလည်း . . . ဟု ဆိုလျက်
"သူမကလည်း ... ဟု ဆိုလျက်"

အကျွန်ုပ်၌ ကျွန်မ ဗိလဟာ ရှိပါ၏ . . . သူ့အားဖြင့် အကျွန်ုပ်သည် တည်ဆောက်ခြင်း ရှိပါလိမ့်မည်
ထိုခေတ်အခါ၌၊ သားအိမ်မြုံသောသူ အနေဖြင့် ကလေးရနိုင်မည့် တရားဝင်နည်းလမ်းဖြစ်သည်။ ၎င်းကို တိကျစွာ ဖော်ပြနိုင်သည်။

ဗိလဟာ
ရာခေလ၏ အစေခံမ အမည် ဖြစ်သည်။ ၂၉း၂၈ မှ ပြန်ဆိုချက်ကို ရှု။

အကျွန်ုပ်ဒူးပေါ်မှာ
ဗိလဟာ မွေးသော ကလေးကို မိမိပိုင်မည်ဟု ဆိုလိုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်အတွက်"

သူ့အားဖြင့် အကျွန်ုပ်သည် တည်ဆောက်ခြင်း ရှိပါလိမ့်မည်
"ထိုသို့ဖြင့် အကျွန်ုပ်သည် ကလေးကို ရနိုင်ပါမည်"

### Genesis 30:5

ဗိလဟာ
ရာခေလ၏ အစေခံမ အမည် ဖြစ်သည်။ ၂၉း၂၈ မှ ပြန်ဆိုချက်ကို ရှု။

ယာကုပ်အား သားကို ဘွားမြင်သည်ရှိသော်
"ယာကုပ်အဖို့ သားဖွားသော်"

ထိုသားကို . . . အမည်ဖြင့် မှည့်လေ၏
"ထိုသားကို ... ဟု ရာခေလ မှည့်လေ၏"

ထိုသားကို ဒန် အမည်ဖြင့် မှည့်လေ၏
ဘာသာပြန်ဆိုသူများ အနေဖြင့် "ဒန် အနက်ကား 'စီရင်' ဟူသတည်း" ဟု မှတ်ချက် ထည့်သွင်းဖော်ပြနိုင်သည်။

### Genesis 30:7

ဗိလဟာသည် ပဋိသန္ဓေယူပြန်၍
"ဗိလဟာသည် ကိုယ်ဝန်ဆောင်ပြန်၍"

ယာကုပ်အား နှစ်ကြိမ်မြောက်သော သားကိုဘွားမြင်သည်ရှိသော်
"ယာကုပ်အဖို့ ဒုတိယသားကို ဖွားမြင်သော်"

ငါသည် ငါ့အစ်မနှင့် ကျပ်ကျပ် လုံးထွေး၍
"ကျပ်ကျပ် လုံးထွေး၍" ဟူခြင်းဖြင့် အဘယ်သို့ လုံးထွေးကြောင်း ထင်ဟပ်စေသည်။ လေအာကဲ့သို့ ကလေးမွေးရန် ကြိုးပမ်းမှုကို နပမ်းလုံးသကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့အစ်မကဲ့သို့ သားဖွားနိုင်ရန် ရုန်းကန်၍"

နိုင်ခဲ့ပြီ
"အောင်မြင်ခဲ့ပြီ" သို့မဟုတ် "ပြီးဆုံးခဲ့ပြီ"

ထိုသားကို နဿလိအမည်ဖြင့် မှည့်လေ၏
ဘာသာပြန်ဆိုသူများ အနေဖြင့် "နဿလိ အနက်ကား 'ရုန်းကန်' ဟူသတည်း" ဟု မှတ်ချက် ထည့်သွင်းဖော်ပြနိုင်သည်။

### Genesis 30:9

လေအာသည် . . . ဘဲနေကြောင်းကို မိမိသိမြင်သောအခါ
"မိမိမှာ ... နိုင်တော့ကြောင်း လေအာ သိမြင်သောအခါ"

မိမိကျွန်မ ဇိလပကို ယူ၍၊ ယာကုပ်၏မယား ဖြစ်စေခြင်းငှါ အပ်လေ၏
"မိမိအစေခံမ ဇိလပကို ယာကုပ်၏ မယားအဖြစ် အပ်လေ၏"

ဇိလပ
လေအာ၏ အစေခံမ အမည် ဖြစ်သည်။ ၂၉:၂၃ မှ ပြန်ဆိုချက်ကို ရှု။


generated on Fri Sep 22 10:08:29 2023

ယာကုပ်အား သားကို ဘွားမြင်သည့်ရှိသော်
"ယာကုပ်အဖို့ သားကို ဖွားမြင်သော်"

ကောင်းကျိုးလာသည်
"မင်္ဂလာရှိပါတကား" သို့မဟုတ် "မင်္ဂလာရှိ၏"

ထိုသားကို ဂဒ်အမည်ဖြင့် မှည့်လေ၏
ဘာသာပြန်ဆိုသူများ အနေဖြင့် "ဂဒ် အနက်ကား 'မင်္ဂလာ' ဟူသတည်း" ဟု မှတ်ချက် ထည့်သွင်းဖော်ပြနိုင်သည်။

## Genesis 30:12

ဇိလပ
လေအာ၏ အစေခံမ အမည် ဖြစ်သည်။ ၂၉:၂၃ မှ ပြန်ဆိုချက်ကို ရှု။

ယာကုပ်အား နှစ်ကြိမ်မြောက်သောသားကို ဘွားမြင်သည့်ရှိသော်
"ယာကုပ်အဖို့ ဒုတိယသားကို ဖွားမြင်သော်"

ငါ၌ မင်္ဂလာရှိ၏
"ငါ၌ ဝမ်းမြောက်ခြင်းရှိ၏" သို့မဟုတ် "ဝမ်းမြောက်လှပါတကား"

လူသမီးတို့
"အမျိုးသမီးတို့" သို့မဟုတ် "မိန်းမပျိုတို့"

ထိုသားကို အာရှာအမည်ဖြင့် မှည့်လေ၏
ဘာသာပြန်ဆိုသူများ အနေဖြင့် "အာရှာ အနက်ကား 'ဝမ်းမြောက်' ဟူသတည်း" ဟု မှတ်ချက် ထည့်သွင်းဖော်ပြနိုင်သည်။

## Genesis 30:14

ရုဗင်သည် . . . ထွက်သွားပြီး
"ရုဗင်သည် ... ထွက်ပြီး"

ဂျုံစပါးကို စုသိမ်းသော အချိန်ကာလ၌
"အချိန်ကာလ" မှာ နှစ်တနှစ်၏ ရာသီ သို့မဟုတ် အချိန်တခုကို ညွှန်းသော ဝေါဟာရဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဂျုံစပါး စုသိမ်းသော အချိန်၌" သို့မဟုတ် "ဂျုံစပါးကို ရိတ်သိမ်းသော ကာလ၌"

အနုဆေးသီး
ပီယ အစွမ်းတိုးစေသော အသီးတမျိုး ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ပီယဆေးသီး"

သင်သည် ငါ့လင်ကိုယူ၍ အတွက်မရှိ ထင်သလော
"သင်သည် ငါ့လင်ကို ယူ၍ ဆင်ခြင်ဉာဏ် မရှိသေးသလော။" ရာခေလကို ဆူရာ၌ သုံးသော မေးခွန်းဖြစ်သည်။ ဖြစ်ကြောင်းပြဝါကျအဖြစ် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်က ငါ့လင်ကို ယူ၍ အဖြစ်ဆိုးလှပါပြီ"

ငါ့သား၏ အနုဆေးသီးကိုလည်း ယူချင်သေးသည်တကား
ရာခေလကို ဆူပူရာ၌ သုံးနှုန်းထားသည်။ ဖြစ်ကြောင်းပြဝါကျဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယခု၊ ငါ့သား၏ အနုဆေးသီးကိုလည်း ယူချင်သေးသလော"

လင်သည် . . . အိပ်ရမည်
"ယာကုပ်သည် ... အိပ်ရမည်" သို့မဟုတ် "ယာကုပ်သည် ... အိပ်ရန် ခွင့်ပြုပါမည်"

## Genesis 30:16

အကျွန်ုပ်၏သား ရခဲ့သော အနုဆေးသီးနှင့်
"ကျွန်မသား၏ အနုဆေးသီးဖြင့်။" ၃၀:၁၄ မှ ပြန်ဆိုချက်ကို ရှု။

သူသည် ပဋိသန္ဓေယူ၍
"သူမသည် ကိုယ်ဝန်ဆောင်၍"

ယာကုပ်အား ပဉ္စမသားကို ဘွားမြင်လေသော်
"ယာကုပ်အဖို့ ပဉ္စမသားကို ဖွားမြင်သော်"

ဘုရားသခင်သည် ငါ့အား အခကို ပေးတော်မူပြီ
အလုပ်တခုကို ဆောင်ရွက်သဖြင့် ၎င်းအတွက် အဖိုးအခ ရသကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က ငါ့အား အခကို ပေးတော်မူပြီ" သို့မဟုတ် "ဘုရားသခင်က ငါ့အား အဖိုးအခ ပေးတော်မူပြီ"

ထိုသားကို ဣသခါအမည်ဖြင့် မှည့်လေ၏
ဘာသာပြန်ဆိုသူများ အနေဖြင့် "ဣသခါ အနက်ကား 'အဖိုးအခ' ဟူသတည်း" ဟု မှတ်ချက် ထည့်သွင်းဖော်ပြနိုင်သည်။

## Genesis 30:19

တဖန် လေအာသည် ပဋိသန္ဓေယူပြန်၍
"တဖန် လေအာသည် ကိုယ်ဝန်ဆောင်ပြန်၍"

ယာကုပ်အား ဆဋ္ဌမသားကို ဘွားမြင်လေသော်
"ယာကုပ်အဖို့ ဆဋ္ဌမသားကို ဖွားမြင်သော်"

ထိုသားကို ဇာဗုလုန် အမည်ဖြင့် မှည့်လေ၏
ဘာသာပြန်ဆိုသူများ အနေဖြင့် "ဇာဗုလုန် အနက်ကား 'ဂုဏ်' ဟူသတည်း" ဟု မှတ်ချက် ထည့်သွင်းဖော်ပြနိုင်သည်။

ဒိနအမည်ဖြင့် မှည့်လေ၏
လေအာ၏ သမီး အမည်ဖြစ်သည်။

## Genesis 30:22

ထိုအခါ ဘုရားသခင်သည် ရာခေလကို အောက်မေ့တော်မူ၏။ သူ၏စကားကို နားထောင်၍
"အောက်မေ့" မှာ အမှတ်ရကြောင်း ဆိုလိုသည်။ သို့ရာတွင် မေ့လျော့ကြောင်း ဆိုလိုခြင်းမဟုတ်။ သူမ၏ ဆုတောင်းချက်ကို နားညောင်းကြောင်း ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုအခါ ဘုရားသခင်သည် ရာခေလကို အောက်မေ့၍ သူမ ဆန္ဒကို လိုက်လျောတော်မူ၏"

ငါခံရသော ကဲ့ရဲ့ခြင်းအကြောင်းကို ဘုရားသခင်သည် ပယ်တော်မူပြီ
"ကဲ့ရဲ့ခြင်းအကြောင်း" ကို ဖယ်ရှား၍ရသော အရာဝတ္ထုကဲ့သို့ တင်စားထားသည်။ စိတ္တဇနာမ် "ကဲ့ရဲ့ခြင်းအကြောင်း" ကို ကြိယာပုဒ်အဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "နောက်ထပ် အရှက်မခံရန် ဘုရားသခင် ပြုပေးတော်မူပြီ"


generated on Fri Sep 22 10:08:29 2023

ထိုသားကို ယောသပ်အမည်ဖြင့် မှည့်လေ၏
ဘာသာပြန်ဆိုသူများ အနေဖြင့် "ယောသပ် အနက်ကား 'နောက်ထပ်' ဟူသတည်း" ဟု မှတ်ချက် ထည့်သွင်းဖော်ပြနိုင်သည်။

ထာဝရဘုရားသည် အခြားသောသားကို ထပ်၍ ပေးတော်မူပါစေသော
ရာခေလ၏ ပထမ သားနှစ်ဦးမှာ အစေခံမ ဗိလဟာ အားဖြင့် ရရှိသော သားများ ဖြစ်သည်။

**Genesis 30:25**

ရာခေလသည် ယောသပ်ကို ဘွားမြင်ပြီးသောနောက်
"ယောသပ်ကို ရာခေလ ဖွားမြင်ပြီးနောက်"

သွားရသောအခွင့်ကို ပေးပါလော့
"ပြန်ရန် အခွင့်ပေးပါ"

ကျွန်ုပ် အစေခံသည်အကြောင်းကို အဘသိပါသည်
မိမိတို့ ဆိုခဲ့သော သစ္စာစကားကို ပြန်လည် သတိပေးနေခြင်း ဖြစ်သည်။ စိတ္တဇနာမ် "အစေခံသည်အကြောင်း" ကို "အစေခံ" ဟု ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယခုချိန်ထိ အဘကို အစေခံခဲ့ပါ၏"

**Genesis 30:27**

လာဗန်က . . . ဟု ဆိုလေသော်
"လာဗန်က ... ဟု ယာကုပ်ထံ ဆိုသော်"

သင်၏စိတ်နှင့် တွေ့ပါစေ
"သင်၏စိတ်" မှာ ယာကုပ်၏ အတွေးနှင့် အမြင်ကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့အား မျက်နှာသာပေးပါ" သို့မဟုတ် "သင့်ကို ကျေနပ်စေပါမည်"

စိတ်နှင့် တွေ့
တစုံတယောက်၏ ထောက်ခံပေးခြင်းကို ဆိုလိုသော အသုံးအနှုန်း ဖြစ်သည်။

ငါရိပ်မိပြီ
"ငါ့ဝိညာဉ်က ရိပ်မိပြီ"

သင်၏အကြောင်းကြောင့်
"သင့်အတွက်ကြောင့်"

ငါပေးရမည်အခကို ပြောပါ
ပို၍ တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဤနေရာတွင် ဆက်လက် နေစေခြင်းငှါ ပေးရမည့်အခကို ပြောပါ"

**Genesis 30:29**

. . . ဟု ဆိုလေ၏
"... ဟု လာဗန်အား ဆိုလေ၏"

အဘ၏တိရစ္ဆာန်တို့သည် ကျွန်ုပ်၌ အဘယ်သို့ ရှိနေသည်ကိုငင်း
"ကျွန်ုပ်ကြောင့် အဘ၏တိရစ္ဆာန်တို့သည် အဘယ်သို့ ဖြစ်လာသည်ကိုလည်းကောင်း"

အထက်က အဘ၏ဥစ္စာ နည်းလှ၏
"ကျွန်ုပ် မလာမီက အဘ၌ ဥစ္စာနည်းလှ၏"

ယခု တိုးပွါး၍ များပြားလျက်ရှိ၏
"သို့သော်၊ ယခုတွင် ဥစ္စာဓနေ ကြွယ်ဝလျက်ရှိ၏"

ယခုမှာ၊ ကျွန်ုပ်သည် ကိုယ် အိမ်သူအိမ်သားတို့ကို အဘယ်သောအခါ ကျွန်ုပ် ပြုစုရပါအံ့နည်း
"သို့ရာတွင် အကျွန်ုပ် အိမ်သူအိမ်သားတို့အား ဘယ်သောအခါ ပြုစုရပါအံ့နည်း။" မိမိ အိမ်ထောင်ကို ကျွေးမွေး ပြုစုလိုကြောင်း ထင်ဟပ်စေရန် မေးခြင်းဖြစ်သည်။ ဖြစ်ကြောင်းပြဝါကျ အဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယခုတွင်၊ အကျွန်ုပ် မိသားစုအား ပြုစုလိုပါ၏"

**Genesis 30:31**

အဘယ်အခကို ပေးရမည်နည်း
"အဘယ်သို့ အခ ပေးရမည်နည်း" သို့မဟုတ် "သင့်အား အဘယ်မျှ ပေးရမည်နည်း။" ၎င်းကို တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့ထံ နေ၍ အလုပ်ထမ်းခြင်းငှါ သင့်အား အဘယ်မျှလောက် ပေးရမည်နည်း"

ကျွန်ုပ်၌ ကျေးဇူးတခု ပြုလိုလျှင်
"သို့သော်" ဖြင့် ဝါကျကို ဆက်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သို့သော် ကျွန်ုပ်အတွက် တခုခုပြုလိုလျှင်"

ကျွေးမွေးစောင့်ထိန်းပါဦးမည်
"ကျွေးမွေး စောင့်ထိန်းခွင့်ပေးပါ"

ပြောက်ကျားသောဆိတ်များ ညိုသောသိုးများ၊ ရှိသမျှတို့ကို ရွေးနုတ်ခဲ့ထားပါမည်
"ပြောက်ကျားသော သိုးနှင့်ဆိတ်၊ မဲနက်သောသိုး ရှိသမျှတို့ကို ခွဲနုတ်ပါမည်"

နောက်မှ ပြောက်ကျားသောဆိတ်၊ ညိုသောသိုးတို့သည် ကျွန်ုပ်၏အခ ဖြစ်စေလော့
"၎င်းမှာ ကျွန်ုပ်ကို ခေါ်ယူရန် ကုန်ကျသော အဖိုးအခ ဖြစ်ပါမည်"

**Genesis 30:33**

ကျွန်ုပ်၏ ဖြောင့်မတ်ခြင်းသည် ကျွန်ုပ်ကို စောင့်ရှောက်ပါလိမ့်မည်
"ဖြောင့်မတ်ခြင်း" ကို "ရိုးသားခြင်း" ဟုလည်း ဆိုလိုသည်။ ရိုးသားဖြောင့်မတ်မှုဖြင့် တစုံယောက်အား ကာကွယ်ပြီး နောက်တယောက်ကို အပြစ်တင်နိုင်သကဲ့သို့ ပုဂ္ဂိုလ်ပြုထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဘအပေါ် ရိုးသားမှု ရှိမရှိကို သိမြင်ပါလိမ့်မည်"

မပြောက်မကျားသောဆိတ်၊ မညိုသောသိုး ရှိသမျှတို့ကို၊ ကျွန်ုပ်ခိုးသော အကောင်ဟူ၍ မှတ်စေလော့
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မပြောက်မကျားသောဆိတ်၊ မမဲနက်သောသိုး တကောင်မျှ တွေ့ပါလျှင်၊ ကျွန်ုပ်ခိုးသည်ဟူ၍ မှတ်ပါလော့"

သင်ပြောတိုင်း ဖြစ်လော့
"ပြော" က နှုတ်မှ ထွက်သမျှကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင့်စကားအတိုင်း ဖြစ်စေ" သို့မဟုတ် "သင်ပြောသည့်အတိုင်း ပြုကြမည်"

ပြောက်ကျားသော ဆိတ်ထီး
"အစင်းအကျားပါသော ဆိတ်ထီး"

ပြောက်ကျားသော ဆိတ်မ
"အစက်အပြောက်ပါသော ဆိတ်မ"

**Genesis 30:35**

ပြောက်ကျားသော ဆိတ်ထီး
က ၃၀:၃၄ ကို ရှု။

ပြောက်ကျားသော ဆိတ်မ
က ၃၀:၃၄ ကို ရှု။

အဖြူပါသောဆိတ် ရှိသမျှတို့နှင့်
"အကွက်ဖြူသောဆိတ် ရှိသမျှတို့နှင့်"

အဆင်းညိုသောသိုး ရှိသမျှတို့
"မဲနက်သောသိုး ရှိသမျှတို့"

လက်သို့ အပ်ပေးလေ၏
"လက်" မှာ ပိုင်ဆိုင်မှု သို့မဟုတ် စောင့်ရှောက်မှုသဘောကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထံ အပ်ပေးလေ၏"

**Genesis 30:37**

စိမ်းသော လိဗနာပင်၊ လုဇပင်၊ အာရမုန်ပင်
အသားဖြူသော အပင်မျိုး ဖြစ်သည်။

အဖြူ၊ အစိမ်း၊ အတန့်တန့်ပေါ်အောင် အခွံကို လှီးခွာပြီးလျှင်
"အဖြူရောင် အသားပေါ်အောင် အခွံကို လှီးခွာပြီးလျှင်"

ရေသောက်ကျင်း၊ သောက်ခွက်တို့
တိရစ္ဆာန်များ ရေသောက်ရန် ပြုလုပ်ထားသော ခွက်အရှည်တမျိုး

**Genesis 30:39**

သိုးဆိတ်တို့သည် . . . ရှုက်တင်၍
"တိရစ္ဆာအစုတို့သည် … ရှုက်တင်၍" သို့မဟုတ် "သိုးဆိတ်တို့သည် … မိတ်လိုက်၍"

အပြောက်အကျား စသည်တို့ကို ဘွားကြ၏
"ပြောက်ကျားသော အကောင်တို့ကို ဖွားကြ၏"

ယာကုပ်သည် . . . ခွဲထား၍
နှစ်နှင့်ချီ ကြာခဲ့ကြောင်း တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုသို့ ယာကုပ်သည် နှစ်နှင့်ချီအောင် … ခွဲထား၍"

. . . တို့ ရှေ့မှာ . . . မျက်နှာပြုစေ၏
"… ဖက်သို့ … မျက်နှာပြုစေ၏"

မိမိတိရစ္ဆာန်များနှင့် . . . များကိုလည်း . . . တစုစီခွဲထားလေ၏
"မိမိတိရစ္ဆာန်များကို … များမှ … တစုစီ ခွဲထားလေ၏"

**Genesis 30:41**

သူတို့ မျက်မှောက်တွင်
"မျက်မှောက်" က "မြင်ရာ" ကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ မြင်ရာတွင်"

တံဖျာတို့တွင်
"သစ်ချောင်းများ ရှေ့တွင်"

အားနည်းသော အကောင်တို့
"ချည့်နဲ့သော အကောင်တို့"

ထိုကြောင့် အားနည်းသော အကောင်တို့သည် လာဗန်၏ဥစ္စာ ဖြစ်လေ၏။ အားကြီးသော အကောင်တို့မူကား၊ ယာကုပ်၏ဥစ္စာ ဖြစ်လေ၏
"ထို့ကြောင့် ချည့်နဲ့သော အကောင်တို့မှာ လာဗန်အပိုင် ဖြစ်ပြီး၊ အားကြီးသော အကောင်တို့မှာမူ ယာကုပ်အပိုင် ဖြစ်လေ၏"

**Genesis 30:43**

ထိုသို့ ယာကုပ်၌
"ထိုသို့ဖြင့် သူသည်"

စည်းစိမ်တိုးပွား၍
"ဥစ္စာတိုးပွါး၍" သို့မဟုတ် "ကြီးပွားချမ်းသာ၍"


generated on Fri Sep 22 10:08:29 2023

## Chapter 31

1 ထိုအခါ လာဗန်သားတို့က၊ ငါတို့သခင်၏ဥစ္စာရှိ သမျှကို ယာကုပ်သည် ယူသွားလေပြီတကား၊ ငါတို့အဘ ၏ဥစ္စာအားဖြင့်၊
သူ၌ဤမည်သော စည်းစိမ်ရှိသမျှသည် ဖြစ်လေပြီဟု၊ ဆိုကြသည်ကို ယာကုပ်ကြား၍၊ 2 လာဗန်၏ မျက်နှာကို ကြည့်သောအခါ၊
ရှေ့က ကဲ့သို့ မဟုတ်၊ ခြားနားသည်ကို သိမြင်၏။ 3 ထာဝရဘုရားကလည်း၊ သင်၏ဘိုးဘနေသော ပြည်၊ သင်၏အမျိုးသားချင်းထံသို့
ပြန်သွားလော့။ ငါ သည် သင့်ဘက်၌ရှိနေမည်ဟု ယာကုပ်အား မိန့်တော် မူ၏။ 4 ယာကုပ်သည် လူကိုစေလွှတ်၍၊ ရာခေလနှင့်
လေအာကို၊ သိုးစုရှိရာတောသို့ ခေါ် ပြီးလျှင်၊ 5 သင်တို့အဘ၏ မျက်နှာသည် ငါ၌ရှေ့ကကဲ့သို့ မဟုတ်၊ ခြားနားသည်ကို ငါသိမြင်၏။
သို့သော်လည်း၊ ငါ့အဘ၏ဘုရားသခင်သည်၊ ငါ့ဘက်၌ ရှိတော်မူ၏။ 6 သင်တို့ အဘ၏အမှုကို၊ ငါတတ်နိုင်သမျှ အတိုင်း၊
ငါစောင့်သည်ကို သင်တို့သိကြ၏။ 7 သင်တို့အဘသည်လည်း ငါ့ကိုလှည့်စား၍၊ ငါရထိုက်သော အခကိုဆယ်ကြိမ်လဲခဲ့ပြီ။
သို့သော်လည်း၊ ငါ့ကိုညှဉ်းဆဲစေခြင်းငှါ၊ ဘုရားသခင်အခွင့်ပေးတော်မမူ။ 8 သူက၊ ပြောက်သောအကောင်တို့သည်၊ သင်၏
အခဖြစ်စေဟုဆိုလျှင်၊ သိုး၊ ဆိတ်ရှိသမျှတို့သည် ပြောက် သောအကောင်တို့ကို မွေးကြ၏။ ကျားသော အကောင်တို့ သည်၊
သင်၏အခဖြစ်စေဟုဆိုလျှင်၊ သိုး၊ ဆိတ် ရှိသမျှ တို့သည် ကျားသောအကောင်တို့ကို မွေးကြ၏။ 9 ထိုသို့ ဘုရားသခင်သည်၊
သင်တို့အဘ၏ တိရစ္ဆာန်တို့ကို နှုတ်၍ ငါ့အားပေးတော်မူပြီ။ 10 ထိုတိရစ္ဆာန်များတို့သည်၊ ရှက်တင်ကြသော အခါ၊ ငါမျှော်ကြည့်၍၊
တိရစ္ဆာန်မတို့နှင့်ပေါင်းဘော်သော တိရစ္ဆာန်အထီးရှိသမျှတို့သည်၊ အပြောက်အကျားမှစ၍၊ အထွေထွေသော အဆင်းရှိကြောင်းကို
အိပ်မက်၌ ငါမြင် ရ၏။ 11 ဘုရားသခင်၏ကောင်းကင်တမန်ကလည်း၊ ယာကုပ်ဟု အိပ်မက်၌ ငါ့ကိုခေါ်လျှင်၊ ကျွန်ုပ်ရှိပါ၏ဟု
ငါထူး၏။ 12 သူကလည်း မျှော်၍ကြည့်လော့။ တိရစ္ဆာန်မနှင့် ပေါင်းဘော်သော တိရစ္ဆာန်အထီး ရှိသမျှတို့သည်၊
အပြောက်အကျားမှစ၍၊ အထွေထွေသော အဆင်းရှိကြ ၏။ အကြောင်းမူကား၊ သင်၌လာဗန်ပြုသမျှတို့ကို ငါမြင် ၏။ 13 ငါကား၊
သင်သည် မှတ်တိုင်ကိုဆီလောင်း၍၊ ငါ၌ သစ္စာပြုရာ ဗေသလအရပ်၏ဘုရားဖြစ်၏။ ယခု ထ၍ ဤအရပ်မှ ထွက်သဖြင့်၊ အမျိုး
သားချင်းတို့နေသော ပြည်သို့ ပြန်သွားလော့ဟု ငါ့အားမိန့်တော်မူ၏ဟု ယာကုပ်သည် ကြားပြောပြီးလျှင်၊ 14 ရာခေလနှင့်
လေအာတို့က၊ အကျွန်ုပ်တို့သည် ကိုယ်အဘ၏အိမ်နှင့် အဘယ်သို့ ဆိုင်သနည်း။ အဘယ် သို့ အမွေခံရသေးသနည်း။ 15 သူသည်
ကျွန်ုပ်တို့ကို တကျွန်းတနိုင်ငံသားကဲ့သို့ မှတ်တတ်သည့်မဟုတ်လော။ ကျွန်ုပ်တို့ကို ရောင်းစားခဲ့ပြီ တကား။ 16 ကျွန်ုပ်တို့အဘမှ
ဘုရားသခင်ရုပ်သိမ်းတော်မူ သော စည်းစိမ်ရှိသမျှသည် ငါတို့ဥစ္စာ၊ ငါတို့ သားသမီး များ ဥစ္စာဖြစ်၏။ သို့ဖြစ်၍ ဘုရားသခင်
မှာထားတော်မူ သည်အတိုင်း ယခုတွင် ပြုပါလော့ဟုပြန်ပြောကြ၏။ 17 ထိုအခါ ယာကုပ်သည်ထ၍၊ မိမိသားမယား တို့ကို
ကုလားအုပ်ပေါ်မှာ စီးစေ၏။ 18 မိမိတိရစ္ဆာန်တည်းဟူသော၊ ပါဒနာရံအရပ်၌ ရသောတိရစ္ဆာန်ရှိသမျှတို့နှင့်၊ ရတတ်သမျှသော ဥစ္စာ
တို့ကို ဆောင်ယူ၍၊ အဘဣဇာက်နေရာ ခါနာန်ပြည်သို့ ခရီးသွားလေ၏။ 19 လာဗန်သည် သိုးမွေးကို ညှပ်ခြင်းငှါ၊ အခြား တပါးသို့
သွားခိုက်တွင်၊ ရာခေလသည်၊ သူ၏တေရပ် ရုပ်တုတို့ကို ခိုးယူလေ၏။ 20 ယာကုပ်သည် မိမိပြေးမည်အကြောင်းကို
မကြားမပြောဘဲနေ၍၊ ရှုရိလူဖြစ်သော လာဗန်ကို ပရိယာယ်အားဖြင့် နိုင်လေ၏။ 21 ထိုသို့မိမိဥစ္စာရှိသမျှပါလျက် ပြေးသွား၍၊ မြစ်
တဘက်သို့ အလျင်အမြန်ကူးပြီးလျှင်၊ ဂိလဒ်တောင်ကို ရှေ့ရှုပြုလျက် ခရီးသွားလေ၏။ 22 ယာကုပ်ပြေးကြောင်းကို၊
သုံးရက်မြောက်သော နေ့၌ လာဗန်ကြားသိလျှင်၊ 23 ညီအစ်ကိုတို့ကိုခေါ်၍၊ ခုနစ်ရက်ခရီး လိုက် သဖြင့်၊ ဂိလဒ်တောင်ပေါ်မှာ မှီလေ၏။
24 ဘုရားသခင်သည် ရှုရိလူလာဗန်ဆီသို့ ညဉ့် အချိန်တွင် အိပ်မက်၌ကြွတော်မူ၍၊ သင်သည် ယာကုပ် အား ကောင်းမကောင်းကို
မပြောနှင့်၊ သတိပြုလော့ဟု မိန့်တော်မူ၏။ 25 ထိုအခါ ယာကုပ်သည် မိမိတဲကို ဂိလဒ်တောင် ပေါ်မှာ ဆောက်နှင့်ပြီ။ လာဗန်သည်
လိုက်၍မှီသော အခါ၊ မိမိညီအစ်ကိုတို့နှင့်တကွ၊ ထိုတောင်ပေါ်မှာတဲကို ဆောက်လေ၏။ 26 လာဗန်ကလည်း၊ သင်သည် အဘယ်သို့
ပြုသ နည်း။ စစ်တိုက်ရာ၌ ဘမ်းမိသောသူတို့ကို သိမ်းသွား သကဲ့သို့၊ ငါ့ကိုလှည့်စား၍၊ ငါ့သမီးတို့ကို သိမ်းသွား လေပြီတကား။ 27
ငါ့ကို လှည့်စား၍၊ အဘယ်ကြောင့် တိတ်ဆိတ် စွာ ထွက်ပြေးသနည်း။ ငါသည် ပျော်မွေ့ခြင်းကိုပြု၍ သီခြင်းဆိုလျက်၊ ပတ်သာနှင့်
စောင်းတီးလျက်၊ သင့်ကို လွှတ်လိုက်စေခြင်းငှါ၊ အဘယ်ကြောင့် ငါ့ကိုမကြား မပြောဘဲ နေသနည်း။ 28 ငါ့သားသမီးတို့ကို
ငါနမ်းစေခြင်းငှါ၊ အဘယ် ကြောင့် အခွင့်မပေးသနည်း။ သင်သည် မိုက်စွာ ပြုလေ ပြီတကား။ 29 ယခုသင့်ကို ငါညှဉ်းဆဲနိုင်၏။
သို့သော်လည်း၊ မနေ့ညမှာ သင်၏အဘကိုးကွယ်သော ဘုရားသခင်သည် ကြွလာ၍၊ ယာကုပ်အား ကောင်းမကောင်းကို မပြောနှင့်။
သတိပြုလော့ဟု ငါ့အား မိန့်တော်မူ၏။ 30 ယခုမှာ၊ သင်သည် မိဘအိမ်ကို အလွန် အောက် မေ့သောကြောင့်၊ သွားရသည်
ဟုတ်စေတော့။ ငါ၏ ဘုရားတို့ကို အဘယ်ကြောင့် ခိုးယူခဲ့ရသနည်းဟု ယာကုပ် ကို ဆို၏။ 31 ယာကုပ်ကလည်း၊
သင်သည်ကိုယ်သမီးတို့ကို အနိုင်သိမ်းယူကောင်းသိမ်းယူလိမ့်မည်ဟု ကျွန်ုပ်စိုးရိမ် သောကြောင့် ထွက်ပြေးရ၏။ 32
သင်၏ဘုရားတို့ကိုမူကား၊ အကြင်သူ၌ တွေ့ လျှင်၊ ထိုသူကို သေစေလော့။ ကျွန်ုပ်တို့ ညီအစ်ကိုများ ရှေ့တွင်၊ သင်၏ဥစ္စာကိုပြည့်ွန်၍
ယူပါလော့ဟု၊ လာဗန် အား ပြန်ပြော၏။ ရာခေလခိုးကြောင်းကို ယာကုပ်မသိ။ 33 လာဗန်သည် ယာကုပ်တဲ၊ လေအာတဲ၊ ကျွန်မ
နှစ်ယောက်တို့၏ တဲသို့ဝင်၍ ရှာသော်လည်း မတွေ့လျှင်၊ လေအာတဲထဲမှ ထွက်၍၊ ရာခေလတဲသို့ ဝင်လေ၏။ 34 ရာခေလသည်၊
ထိုရုပ်တုတို့ကိုယူ၍ ကုလားအုပ် ကုန်းနှီးတန်ဆာထဲသို့ သွင်းထားပြီးလျှင်၊ ထိုတန်ဆာပေါ် မှာ ထိုင်လျက်နေ၏။ လာဗန်သည်
တတဲလုံးကို ရှာဖွေ၍ မတွေ့လျှင်၊ 35 ရာခေလက၊ သခင်ရှေ့မှာ ကျွန်မမထနိုင်သည် ဖြစ်၍၊ စိတ်ရှိတော်မမူပါနှင့်။ မိန်းမတို့၌
ဖြစ်မြဲရှိသည့် အတိုင်း၊ ကျွန်မ၌ဖြစ်ပါသည်ဟု အဘအား ဆိုလေ၏။ ထိုသို့လာဗန်သည် ရှာဖွေ၍ ရုပ်တုတို့ကိုမတွေ့ရ။ 36 ထိုအခါ
ယာကုပ်သည် စိတ်ဆိုး၍ လာဗန်ကို ဆုံးမသည်ကား၊ ကျွန်ုပ်သည် အဘယ်သို့ပြစ်မှား၍၊ အဘယ်အပြစ်ရှိသောကြောင့်၊ ကျွန်ုပ်ကို
ဤမျှလောက် ပြင်းထန်စွာ လိုက်ရသနည်း။ 37 ကျွန်ုပ်ဥစ္စာရှိသမျှကို ရှာဖွေသည်ဖြစ်၍၊ သင်၏ ဥစ္စာပရိက္ခံ တစုံတခုကို တွေ့မိလျှင်၊
သင်၏ညီအစ်ကို၊ ကျွန်ုပ်ညီအစ်ကိုတို့ ရှေ့တွင်၊ ဤအရပ်၌ထားပါ။ သူတို့ သည်၊ ငါတို့နှစ်ယောက်စပ်ကြားမှာ စီရင်ပါစေ။ 38
ကျွန်ုပ်သည် သင့်ထံ၌ အနှစ်နှစ်ဆယ်ပတ်လုံး နေရာတွင်၊ သင်၏သိုးမ၊ ဆိတ်မတို့သည် ဝမ်းပိုးမပျက်။ ဆိတ်ထီး၊ သိုးထီးတို့ကို
ကျွန်ုပ်မစား။ 39 သားရဲ ကိုက်သတ်သော အကောင်ကိုသင့်ထံသို့ ကျွန်ုပ်မဆောင်ခဲ့၊ ကိုယ်အရှုံးခံရ၏။ နေ့မှာ ခိုးသည် ဖြစ်စေ၊

 generated on Fri Sep 22 10:08:29 2023

ညမှာခိုးသည်ဖြစ်စေ၊ သင်သည် ကျွန်ုပ်တွင် အစားတောင်းလေ့ရှိ၏။ 40 နေ့အချိန်၌လည်း နေပူကိုငင်း၊ ညဉ့်အချိန်၌ လည်း
နှင်းခဲကိုငင်း ခံရပြီ။ အအိပ်ပျက်ခြင်းကိုလည်း ခံရပြီ။ 41 ထိုသို့ ကျွန်ုပ်သည် အနှစ်နှစ်ဆယ်ပတ်လုံး သင်၏အိမ်၌ နေ၍၊
သင်၏သားသမီး နှစ်ယောက် အတွက်ကြောင့် ဆယ်လေးနှစ်၊ သိုးဆိတ်တို့အတွက် ကြောင့် ခြောက်နှစ်အစေခံရပြီ။
သို့ရာတွင်သင်သည်၊ ကျွန်ုပ်အခကို ဆယ်ကြိမ်လဲပြီတကား။ 42 ယခုလည်း ကျွန်ုပ်အဘ၏ ဘုရားသခင်၊ အာဗြဟံ၏ဘုရားသခင်၊
ဣဇာက်၏ကြောက်ရွံ့ရာ ဘုရား သည် ကျွန်ုပ်ဘက်၌မရှိလျှင်၊ သင်သည် ကျွန်ုပ်ကို ဧကန်အမှန်လက်ချည်း
လွှတ်လိုက်လိမ့်မည်တကား။ အကယ်စင်စစ် ကျွန်ုပ်ဆင်းရဲခံရခြင်း၊ ပင်ပန်းစွာ လုပ် ကိုင်ရခြင်းကို ဘုရားသခင်မြင်၍၊ မနေ့ညမှာ
သင့်ကို ဆုံးမတော်မူပြီဟု ဆိုလေ၏။ 43 လာဗန်ကလည်း၊ ဤသမီးတို့သည် ငါ့သမီး ဖြစ်ကြ၏။ ဤသူငယ်တို့သည်၊
ငါ့သားဖြစ်ကြ၏။ ဤတိရစ္ဆာန်တို့လည်း၊ ငါ့တိရစ္ဆာန်ဖြစ်ကြ၏။ မြင်သမျှ သော ဥစ္စာသည် ငါ့ဥစ္စာဖြစ်၏။ ငါ့သမီးတို့၌ငင်း၊ သူတို့
ဘွားမြင်သော ငါ့သူငယ်တို့၌ငင်း၊ အဘယ်သို့ ငါပြုနိုင် သနည်း။ 44 သို့ဖြစ်၍၊ ယခုသင်နှင့် ငါစပ်ကြား၌ သက်သေ ဖြစ်စေ၍၊
ငါတို့နှစ်ယောက်သည် ပဋိညာဉ်ပြုကြစို့ဟု ယာကုပ်အား ပြန်ပြော၏။ 45 ယာကုပ်သည်လည်း ကျောက်ကိုယူ၍၊ မှတ်တိုင် ဘို့
စိုက်ထူပြီးလျှင်၊ 46 ကျောက်များကို စုထားကြပါဟု ညီအစ်ကိုတို့ အား ဆိုသည်အတိုင်း၊ သူတို့သည် ကျောက်များကိုယူ၍၊
ကျောက်ပုံကို တည်လုပ်ပြီးမှ၊ ထိုကျောက်ပုံအပေါ်၌ စားသောက်ခြင်းကို ပြုကြ၏။ 47 ထိုကျောက်ပုံကို လာဗန်သည် ယေဂါသ
ဟာဒုသဟူ၍ငင်း၊ ယာကုပ်သည် ဂိလဒ်ဟူ၍ငင်း၊ သမုတ် လေ၏။ 48 လာဗန်ကလည်း၊ ယနေ့ဤကျောက်ပုံသည်
ငါနှင့်သင်၏စပ်ကြား၌ သက်သေဖြစ်သည်ဟုဆို၏။ ထို့ကြောင့် ဂိလဒ်ဟူ၍ သမုတ်ကြ၏။ 49 မိဇပါဟူ၍ သမုတ်ကြသေး၏။
အကြောင်းမူ ကား၊ လာဗန်က၊ ငါတို့သည် တယောက်နှင့်တယောက် ခွါသွားကြသောနောက်၊ ထာဝရဘုရားသည် ငါနှင့်သင်၏
စပ်ကြား၌စောင့်တော်မူစေသတည်း။ 50 သင်သည် ငါ့သမီးတို့ကို ညှဉ်းဆဲသည်ဖြစ်စေ၊ ငါ့သမီးတို့မှ တပါးအခြားသော မိန်းမနှင့်
စုံဘက်သည် ဖြစ်စေ၊ ငါတို့၌ လူသက်သေမရှိ၊ ဘုရားသခင်သည် ငါနှင့်သင်၏ စပ်ကြား၌သက်သေမရှိ၊ ဘုရားသင်သည်
ငါနှင့်သင်၏စပ်ကြား၌ သက်သေဖြစ်စေတော်မူသတည်း ဟူ၍ငင်း၊ 51 တဖန်လည်း၊ ငါနှင့်သင်၏စပ်ကြား၌ သင်သည်
တည်လုပ်ခဲ့ပြီးသော ဤကျောက်ပုံနှင့် ဤမှတ်တိုင်ကို ကြည့်ပါလော့။ 52 ငါသည် သင့်ကိုခိုက်ရန်ပြုခြင်းငှါ၊ ဤကျောက်ပုံ၊
ဤမှတ်တိုင်ကို မကျော်ရ၊ သင်သည် ငါ့ကိုခိုက်ရန်ပြုခြင်း ငှါ၊ ဤကျောက်ပုံ၊ ဤမှတ်တိုင်ကို မကျော်ရဟု ဤကျောက်ပုံနှင့်
ဤမှတ်တိုင်သည် သက်သေဖြစ်စေသ တည်း။ 53 အာဗြဟံ၏ ဘုရားသခင်၊ နာခေါ်၏ ဘုရား သခင်၊ သင့်အဘ၏ဘုရားသခင်သည်
ငါတို့စပ်ကြား၌ စီရင်တော်မူစေသတည်းဟူ၍ငင်း၊ ယာကုပ်အားဆို၏။ ယာကုပ်သည်လည်း၊ မိမိအဘကြောက်ရွံ့ရာ ဘုရားကို
တိုင်တည်၍ ကျိန်ဆိုခြင်းကို ပြုလေ၏။ 54 ထိုအခါယာကုပ်သည် တောင်ပေါ်မှာ ယဇ် ပူဇော်၍၊ ညီအစ်ကိုများကို အစာစားစေခြင်းငှါ
ခေါ်ဘိတ်သဖြင့်၊ သူတို့သည် စားသောက်၍၊ တောင်ပေါ် မှာ ညဉ့်ကို လွန်စေကြ၏။ 55 နံနက်စောစော လာဗန်ထ၍ မိမိသားသမီးများ
ကို နမ်းလျက် ကောင်းကြီးပေးပြီးမှ၊ မိမိနေရာပြည်သို့ ပြန်သွားလေ၏။

---

### Genesis 31:1

ထိုအခါ
ပင်မ ဇာတ်ကြောင်း၏ နောက်တစ်ခန်းသို့ ကူးပြောင်းသော အမှတ်အသား ဖြစ်သည်။

လာဗန်သားတို့က . . . ဟု၊ ဆိုကြသည်ကို ယာကုပ်ကြား၍
"ဆိုကြ" မှာ နှုတ်မှ ပြောဆိုသောအရာကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "... ဟူသော လာဗန်သားတို့၏ စကားကို ယာကုပ်ကြား၍"

ငါတို့သခင်၏ဥစ္စာ ရှိသမျှကို ယာကုပ်သည် ယူသွားလေပြီတကား
ဒေါသဖြစ်ရင်း ပြောသော အတိသယဝုတ္တိပုဒ် ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယာကုပ် ပိုင်သမျှသောဥစ္စာမှာ ငါတို့အဖ ဥစ္စာဖြစ်၏"

လာဗန်၏ မျက်နှာကို ကြည့်သောအခါ၊ ရှေ့ကကဲ့သို့ မဟုတ်၊ ခြားနားသည်ကို သိမြင်၏
အရှေ့နှင့် အနောက် ဆိုလိုရင်း အဓိပ္ပါယ် တူ၏။ လာဗန်၏ မျက်နှာထား ပြောင်းလဲကြောင်း ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လာဗန်မှာ မိမိအပေါ် ကျေနပ်ခြင်း မရှိတော့ကြောင်း သိမြင်၏"

သင်၏ဘိုးဘ
"အဖဣဇာက်နှင့် အဖိုး အာဗြဟံတို့"

### Genesis 31:4

ယာကုပ်သည် လူကိုစေလွှတ်၍၊ ရာခေလနှင့် လေအာကို၊ သိုးစုရှိရာတောသို့ ခေါ်ပြီးလျှင်
"ယာကုပ်က သိုးစုရှိရာ လယ်တောသို့ ရာခေလနှင့် လေအာကို အခေါ် လွှတ်စေပြီးလျှင်"

ခေါ်ပြီးလျှင်၊ သင်တို့အဘ ... ဟု ယာကုပ်သည် ကြားပြောပြီးလျှင်
ဝါကျနှစ်ကြောင်းအဖြစ် ခွဲနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လွှတ်စေ၏။ ထို့နောက် 'သင်တို့အဖ ...' ဟု သူတို့အား ကြားပြောပြီးလျှင်"

သင်တို့အဘ၏ မျက်နှာသည် ငါ၌ ရှေ့ကကဲ့သို့ မဟုတ်၊ ခြားနားသည်ကို ငါသိမြင်၏
"သင်တို့ အဖသည် ငါ့အပေါ် ကျေနပ်မှု မရှိတော့ကြောင်း ငါ သိမြင်၏"

သင်တို့အဘ၏ အမှုကို၊ ငါတတ်နိုင်သမျှအတိုင်း၊ ငါစောင့်သည်ကို သင်တို့သိကြ၏
"သင်တို့" မှာ ရာခေလနှင့် လေအာကို ညွှန်းသည်။ အထူးသဖြင့် ညွှန်းဆိုခြင်းလည်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့ အဖ၏ အမှုကို ငါတတ်နိုင်သမျှ ထမ်းရွက်ကြောင်း သင်တို့ ကိုယ်တိုင် သိကြ၏"

### Genesis 31:7

ငါ့ကိုလှည့်စား၍
"ငါ့ကို လိမ်လည်၍" သို့မဟုတ် "ငါ့အပေါ် သစ္စာမဲ့၍"


generated on Fri Sep 22 10:08:29 2023

ငါရထိုက်သော အခ
"ငါ့အား ကတိဆိုခဲ့သော အခ"

ငါ့ကို ညှဉ်းဆဲစေခြင်းငှါ
ဖြစ်နိုင်ချေများမှာ၊ (၁) ကိုယ်ထိလက်ရောက် ခိုက်ရန်ပြုခြင်း (UDB) သို့မဟုတ် (၂) တစ်နည်းနည်းဖြင့် ဒုက္ခပေးခြင်း

ပြောက်သောအကောင်တို့
"အစက်ပါသော အကောင်တို့"

သိုး၊ ဆိတ်ရှိသမျှတို့သည် . . . ကို မွေးကြ၏
"သိုးဆိတ် ရှိသမျှက ... ကို မွေးကြ၏"

ကျားသောအကောင်တို့
"အစင်းပါသော အကောင်တို့"

ထိုသို့ ဘုရားသခင်သည်၊ သင်တို့အဘ၏ တိရစ္ဆာန်တို့ကို နှုတ်၍ ငါ့အားပေးတော်မူပြီ
"ဤသို့ဖြင့် ဘုရားသခင်က သင်တို့ အဖ၏ တိရစ္ဆာန်တို့ကို ငါ့အား ပေးတော်မူပြီ"

## Genesis 31:10

ယေဘုယျ အချက်အလက်
လေအာနှင့် ရာခေလတို့ထံ ယာကုပ် ဆက်လက် ပြောဆိုသည်။

ထိုတိရစ္ဆာန်များတို့သည်၊ ရှက်တင်ကြသော အခါ
"မိတ်လိုက် ရာသီတွင်"

တိရစ္ဆာန်မတို့နှင့် ပေါင်းဘော်သော
တိရစ္ဆာန် အစုထဲမှ အမကောင်ရှိသမျှကို ရည်ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တိရစ္ဆာန်အမတို့နှင့် ပေါင်းဖော်သော"

အပြောက်အကျားမှစ၍၊ အထွေထွေသောအဆင်းရှိကြောင်းကို
"အစင်းအကျားမှစ၍၊ အစက်သေး အစက်ငယ် စသဖြင့် ရှိကြောင်းကို"

ဘုရားသခင်၏ ကောင်းကင်တမန်
ဖြစ်နိုင်ချေများမှာ၊ ၁) ဘုရားသခင်ကိုယ်တော်တိုင် ထင်ရှားပြုခြင်းဖြစ်သည် သို့မဟုတ် ၂) ဘုရားသခင်၏ စေတမန်ဖြစ်သည်။ ဤကျမ်း အသုံးအနှုန်းကို နားလည်ရန် ခက်ခဲသောကြောင့်၊ "ကောင်းကင်တမန်" ကို ဆိုလိုသော အသုံးအနှုန်းဖြင့် "ဘုရားသခင်၏ ကောင်းကင်တမန်" ဟု ရိုးရှင်းစွာ ပြန်ဆိုရန် သင့်လျော်သည်။

. . . ဟု ငါထူး၏
"... ဟု ငါပြန်ထူး၏"

ကျွန်ုပ်ရှိပါ၏
"နားထောင်နေပါ၏" သို့မဟုတ် "မိန့်တော်မူပါ။" ၂၂:၁ မှ ပြန်ဆိုချက်ကို ရှု။

## Genesis 31:12

ယေဘုယျ အချက်အလက်
ကောင်းကင်တမန်က ယာကုပ်ထံ ဆက်လက် မိန့်ဆိုသည်။ (ရှု၊ GEN 31:10)

မျှော်၍ကြည့်လော့
"မော့၍ ကြည့်လော့"

တိရစ္ဆာန်မနှင့် ပေါင်းဘော်သော
တိရစ္ဆာန် အစုထဲမှ အမကောင်ရှိသမျှကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တိရစ္ဆာန်အမတို့နှင့် ပေါင်းဖော်သော"

အပြောက်အကျားမှစ၍၊ အထွေထွေသော အဆင်း ရှိကြ၏
"အစင်းကျားမှစ၍၊ အစက်အပြောက်များ ရှိကြ၏"

သင်သည် မှတ်တိုင်ကိုဆီလောင်း၍
ယာကုပ်က ဘုရားသခင်အတွက် ပေးအပ်ရန် ထိုကျောက်တိုင်ကို ဆီဖြင့် လောင်းခဲ့သည်။

အမျိုးသားချင်းတို့နေသော ပြည်
"သင်၏ မွေးရပ်မြေ"

## Genesis 31:14

ရာခေလနှင့် လေအာတို့က . . . ဟု ပြန်ပြောကြ၏
တချိန်တည်း ပြောဆိုကြောင်း ဆိုလိုခြင်းမဟုတ်။ တဦးနှင့်တဦး သဘောတူကြောင်း ထင်ဟပ်စေသည်။

အကျွန်ုပ်တို့သည် ကိုယ်အဘ၏အိမ်နှင့် အဘယ်သို့ ဆိုင်သနည်း။ အဘယ်သို့ အမွေခံရသေးသနည်း
ဖခင်ထံမှ ရစရာမရှိကြောင်း ထင်ဟပ်စေသော အမေးစကားဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဖထံမှ ကျွန်မတို့ အမွေခံစရာ တခုမျှ မရှိပါ"

သူသည် ကျွန်ုပ်တို့ကို တကျွန်းတနိုင်ငံသားကဲ့သို့ မှတ်တတ်သည် မဟုတ်လော
မိမိတို့အပေါ် ဖခင်၏ ဆက်ဆံပုံကြောင့် ဒေါသဖြစ်မှုကို ထင်ဟပ်စေသော အမေးစကားဖြစ်သည်။ အပြုဝါကျအဖြစ် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်မတို့ကို သမီးကဲ့သို့ မဆက်ဆံဘဲ သူစိမ်းကဲ့သို့ ဆက်ဆံ၏"

ကျွန်ုပ်တို့ကို ရောင်းစားခဲ့ပြီတကား
ပို၍ တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မိမိမြတ်ဖို့ရန် ကျွန်မတို့ကို ရောင်းစားခဲ့ပါပြီ"

စည်းစိမ်ရှိသမျှသည် ငါတို့ဥစ္စာ
လာဗန်သည် သူ့သမီးများအား ပေးမည့် စည်းစိမ်များပင် မပေးတော့ဘဲ တလွဲလုပ်ယူကြောင်း ဖော်ပြခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူသည် ငါတို့ ဥစ္စာကို ဖြုန်းတီးခဲ့ပြီ"

ငါတို့ဥစ္စာ၊ ငါတို့သားသမီးများ ဥစ္စာဖြစ်၏
"ငါတို့နှင့် ငါတို့သားသမီးများ အပိုင်ဖြစ်လေပြီ"

သို့ဖြစ်၍ . . . ယခုတွင်
"ယခု" ဟူရာတွင် "ယခု ချက်ချင်း" ဟု ဆိုလိုခြင်းမဟုတ်ဘဲ၊ နောင်တွင် ပြုလတ္တံ့သော အရာကို ညွှန်းသည်။

ဘုရားသခင် မှာထားတော်မူသည်အတိုင်း . . . ပြုပါလော့
"... ဘုရားသခင် မိန့်ဆိုသည်အတိုင်း ပြုပါလော့"


generated on Fri Sep 22 10:08:29 2023

## Genesis 31:17

မိမိသားမယားတို့
ယာကုပ်က သားနှင့် သမီးအားလုံးကို ဆောင်ယူသွား၏။ သို့ရာတွင် သားများက မိမိအမွေကို ဆက်ခံမည်ဖြစ်၍ အထူးတလည် ဖော်ပြထားခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မိမိ သားသမီးနှင့် မယားတို့"

မိမိတိရစ္ဆာန် . . . ဆောင်ယူ၍
"မိမိတိရစ္ဆာန်အစု ... ဆောင်ယူ၍။" သူပိုင်သော ခြံမွေးတိရစ္ဆာန်အားလုံးကို ညွှန်းသည်။

ပါဒနာရံအရပ်၌ ရသော တိရစ္ဆာန်ရှိသမျှတို့
"ပဒ္ဒန်အာရမ်ပြည်၌ ရသော သားယဉ်ရှိသမျှတို့"

အဘဣဇာက်နေရာ ခါနာန်ပြည်သို့ ခရီးသွားလေ၏
"အဖ ဣဇာက် နေထိုင်ရာ ခါနာန်ပြည်သို့ ခရီးနှင်လေ၏"

## Genesis 31:19

လာဗန်သည် သိုးမွေးကို ညှပ်ခြင်းငှါ၊ အခြားတပါးသို့ သွားခိုက်တွင်
"လာဗန်သည် သိုးမွေးကို ညှပ်ရန်၊ ထွက်သွားခိုက်တွင်"

မြစ်
မြစ်ကြီး ဟူသော ယူဖရေးတစ် ခေါ် ဥဖရတ်မြစ်ကို ညွှန်းသည်။

. . . ကို ရှေ့ရှုပြုလျက် ခရီးသွားလေ၏
"... ဖက်သို့ ခရီးဆက်လေ၏"

ဂိလဒ်တောင်
"ဂိလဒ်တောင်ကုန်း" သို့မဟုတ် "ဂိလဒ်ကုန်း"

## Genesis 31:22

သုံးရက်မြောက်သော နေ့၌
ယုဒထုံးတမ်းစဉ်လာအရ ထွက်ခွာသောရက်ကို ပထမနေ့အဖြစ် သတ်မှတ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထွက်ခွာပြီး နှစ်ရက်အကြာတွင်"

လာဗန်ကြားသိလျှင်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လူတို့က လာဗန်ထံ ကြားပြောလျှင်"

ယာကုပ်ပြေးကြောင်းကို
အိမ်ထောင်ဦးစီးဖြစ်သော ယာကုပ်ကိုသာ ဖော်ပြထားသည်။ တမိသားစုလုံးပါဝင်ကြောင်း တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယာကုပ်က မိမိအိမ်သားတို့နှင့် ထွက်ပြေးကြောင်းကို"

လျှင် . . . ကို ခေါ်၍
"၏။ ထို့ကြောင့် ... ကို ခေါ်၍"

. . . လိုက်သဖြင့်
"ယာကုပ်နောက် . . . လိုက်သဖြင့်"

ခုနစ်ရက်ခရီး
လာဗန်က ယာကုပ်ကို မှီရန် ခုနှရက် ကြာခဲ့သည်။

မှီလေ၏
"သူ့ကို မှီလေ၏"

## Genesis 31:24

ဘုရားသခင်သည် ရှုရိလူလာဗန်ဆီသို့ ညဉ့်အချိန်တွင် အိပ်မက်၌ကြွတော်မူ၍
လာဗန်၏ နောက်ကြောင်းကို ဖော်ပြသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုနေ့ညတွင် ဘုရားသခင်သည် အာရမိလူ လာဗန်ထံ အိပ်မက်အားဖြင့် ထင်ရှားတော်မူ၍"

သင်သည် ယာကုပ်အား ကောင်းမကောင်းကို မပြောနှင့်၊ သတိပြုလော့
"ကောင်းမကောင်း" ဟူရာတွင် "တစုံတရာ" ကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယာကုပ်ကို တားဆီးသောစကား တစုံတရာမျှ မပြောမိခြင်းငှါ သတိပြုလော့"

ထိုအခါ ယာကုပ်သည် မိမိတဲကို ဂိလဒ်တောင်ပေါ်မှာ ဆောက်နှင့်ပြီ။ လာဗန်သည် လိုက်၍ မှီသောအခါ၊ မိမိညီအစ်ကိုတို့နှင့်တကွ၊ ထိုတောင်ပေါ်မှာ တဲကိုဆောက်လေ၏
"ထိုအခါ" ကို နောက်ကြောင်းသမိုင်းမှ ယာကုပ်နှင့် လာဗန်တို့အကြောင်းဖက်သို့ ကူးပြောင်းရာ၌ အသုံးပြုထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လာဗန်သည် ယာကုပ်ကို မှီသောအခါ၊ ယာကုပ်က ဂိလဒ်ကုန်းပေါ်မှာ တဲဆောက်နှင့်ပြီ။ ထို့ကြောင့် လာဗန်ကလည်း မိမိညီအစ်ကိုတို့နှင့်တကွ ထိုကုန်းပေါ်၌ တဲကို ဆောက်ကြ၏"

## Genesis 31:26

စစ်တိုက်ရာ၌ ဘမ်းမိသောသူတို့ကို သိမ်းသွားသကဲ့သို့၊ ငါ့ကိုလှည့်စား၍၊ ငါ့သမီးတို့ကို သိမ်းသွားလေပြီတကား
စစ်တိုက်၍ ဖမ်းဆီးရသော သူတို့ကို အတင်းအဓမ္မ ခေါ်ဆောင်သကဲ့သို့ လာဗန်က ယာကုပ်ကို စွပ်စွဲပြောဆိုရာ၌ သုံးသော အတိသယဝုတ္တိပုဒ် ဖြစ်သည်။ ယာကုပ်က မိမိပြုသောအမှုအတွက် အရှက်စေခြင်းငှါ ဒေါသထွက်ရင်း ပြောဆိုခြင်းဖြစ်သည်။

တိတ်ဆိတ်စွာ ထွက်ပြေးသနည်း
"တိတ်တဆိတ် ထွက်ပြေးသနည်း"

ပျော်မွေ့ခြင်းကိုပြု၍
"ပွဲလုပ်၍"

ပတ်သာနှင့် စောင်းတီးလျက်
ဂီတတူရိယာကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တူရိယာ တီးမှုတ်လျက်"

ပတ်သာ
ခေါင်းတဖက်မှာ ဗုံကဲ့သို့ တီးခတ်နိုင်ပြီး၊ လှုပ်ခတ်လျှင် ဘေးပတ်လည်ရှိ သတ္တုစများ အသံမြည်သော ဂီတတူရိယာ တမျိုး။

ငါ့သားသမီးတို့ကို ငါနမ်းစေခြင်းငှါ
တချို့မူပြန်ကျမ်းတွင် "သား" အရာ၌ "မြေးနှင့်" ဟု ဖော်ပြထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့မြေးနှင့် သမီးတို့ကို ငါ နမ်းစေခြင်းငှါ"

သင်သည် မိုက်စွာ ပြုလေပြီတကား
"သင်သည် ရူးမိုက်စွာ ပြုလေပြီ"


generated on Fri Sep 22 10:08:29 2023

ယခု
က ၃၁:၂၉ ကို ရှု။

### Genesis 31:29

ယခု
"ယခုချက်ချင်း" ဟု ဆိုလိုခြင်း မဟုတ်ဘဲ၊ နောင်တွင် ထိုသို့ ပြုကောင်းပြုနိုင်မည်ဟု ခန့်မှန်းခြင်းသာ ဖြစ်သည်။

သင့်ကို ငါညှဥ်းဆဲနိုင်၏
"သင့်" မှာ အများကိန်းညွှန်းနာမ်စားဖြစ်ပြီး ယာကုပ်နှင့် လိုက်ပါသူအားလုံးကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့ကို ထိခိုက်ရန် ငါ့တွင် လူအင်အား လောက်၏"

ယာကုပ်အား ကောင်းမကောင်းကို မပြောနှင့်။ သတိပြုလော့
"ကောင်းမကောင်း" ဟူရာတွင် "တစုံတရာ" ကို ဆိုလိုသည်။ ၃၁:၂၄ မှ ပြန်ဆိုချက်ကို ရှု။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယာကုပ်ကို တားဆီးသော စကား တစုံတရာမျှ မပြောမိခြင်းငှါ သတိပြုလော့"

သင်သည် . . . သွားရသည် ဟုတ်စေတော့
"သင်" မှာ အနည်းကိန်း ညွှန်းနာမ်စားဖြစ်ပြီး ယာကုပ်ကို ညွှန်းသည်။

မိဘအိမ်
"အိမ်" က မိသားစုကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင့်အဖနှင့် မိသားစုတို့"

ငါ၏ ဘုရားတို့
"ငါ၏ ဘုရားရုပ်တုတို့"

### Genesis 31:31

သင်သည်ကိုယ်သမီးတို့ကို အနိုင်သိမ်းယူကောင်းသိမ်းယူလိမ့်မည်ဟု ကျွန်ုပ်စိုးရိမ် သောကြောင့် ထွက်ပြေးရ၏
"သင်သည် ကိုယ်သမီးတို့ကို အတင်းခေါ်ယူသွားမည် စိုးသောကြောင့် တိတ်တဆိတ် ထွက်ပြေးခဲ့၏"

သင်၏ဘုရားတို့ကိုမူကား၊ အကြင်သူ၌ တွေ့လျှင်၊ ထိုသူကို သေစေလော့
မဟုတ်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်၏ ဘုရားကို ခိုးသောသူမှာ အသက်မရှင်ရ"

ကျွန်ုပ်တို့ ညီအစ်ကိုများ ရှေ့တွင်
"ကျွန်ုပ်တို့" ဟူရာတွင် ယာကုပ်၏ ဆွေမျိုးသာ မဟုတ်ဘဲ လာဗန်၏ ဆွေမျိုးတို့လည်း ပါဝင်သည်။ တရားမျှတမှု ရှိရန် နှစ်ဦးနှစ်ဖက်မှ ဆွေမျိုးသားချင်း အားလုံးက သက်သေပြုပေးမည် ဖြစ်သည်။

သင်၏ဥစ္စာကို ပြည့်ဆွန်၍ ယူပါလော့
"သင် ပိုင်သမျှကို ရှာ၍ ယူပါလော့"

ရာခေလ ခိုးကြောင်းကို ယာကုပ်မသိ
ယာကုပ်၏ နောက်ခံအခြေအနေကို ဖော်ပြသည်။

### Genesis 31:33

ကျွန်မ နှစ်ယောက်တို့
ဇိလပနှင့် ဗိလဟာတို့ကို ညွှန်းသည်။

ရှာသော်လည်း မတွေ့လျှင်
"ဘုရားရုပ်တုကို ရှာ၍မတွေ့လျှင်"

### Genesis 31:34

ကုန်းနှီးတန်ဆာ
တိရစ္ဆာန်ကို စီးရန် ၎င်းအပေါ် တင်ရသော အထိုင်

သခင်
တစုံတယောက်ကို ဂုဏ်ပြုရာ၌ "သခင်" ဟု ခေါ်ရသည်။

သခင်ရှေ့မှာ ကျွန်မ မထနိုင်သည့်ဖြစ်၍
"သခင်ရှေ့မှာ ကျွန်မ မရပ်နိုင်၍"

မိန်းမတို့၌ ဖြစ်မြဲရှိသည်အတိုင်း၊ ကျွန်မ၌ဖြစ်ပါသည်
မိန်းမသားများ သားအိမ်မှ သွေးထွက်သော ဓမ္မတာ အချိန်ကို ညွှန်းသည်။

### Genesis 31:36

လာဗန်ကို ဆုံးမသည်ကား . . . ဟု ဆိုလေ၏
"လာဗန်အား ... ဟု ဆုံးမလေ၏"

ကျွန်ုပ်သည် အဘယ်သို့ပြစ်မှား၍၊ အဘယ်အပြစ်ရှိသောကြောင့်၊ ကျွန်ုပ်ကို ဤမျှလောက် ပြင်းထန်စွာ လိုက်ရသနည်း
"အဘယ်သို့ပြစ်မှား" နှင့် "အဘယ်အပြစ်ရှိ" တို့မှာ အဓိပ္ပါယ်ချင်း တူညီသည်။ မိမိမှာ အဘယ်သို့ ပြုမှားကြောင်း မေးနေခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်က အဘယ်သို့ ပြုမှားမိသောကြောင့်၊ ဤမျှလောက် ပြင်းထန်စွာ လိုက်ရသနည်း"

ကျွန်ုပ်ကို ဤမျှလောက် ပြင်းထန်စွာ လိုက်ရသနည်း
"ပြင်းထန်စွာ" က ယာကုပ်ကို ဖမ်းမိနိုင်ရန် အပတ်တကုတ် ကြိုးစားကြောင်း ထင်ဟပ်စေသည်။

သင်၏ ဥစ္စာပရိကံ တစုံတခုကို တွေ့မိလျှင်
"သင်ပိုင်သော ဥစ္စာတစုံတခု ရှိသလော"

တွေ့မိလျှင်၊ သင်၏ညီအစ်ကို၊ ကျွန်ုပ်ညီအစ်ကိုတို့ ရှေ့တွင်၊ ဤအရပ်၌ထားပါ
"သင်" နှင့် "ကျွန်ုပ်" ဟူ၍ နှစ်ဦးနှစ်ဖက်မှ ဆွေမျိုးတို့ ပါဝင်ကြောင်း ဖော်ပြထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရှိသလော။ ရှိလျှင်၊ ကျွန်ုပ်တို့အားလုံး၏ ဆွေမျိုးသားချင်းတို့ရှေ့ ဤအရပ်၌ ထားပါ"

တွေ့မိလျှင် . . . သူတို့သည်၊ ငါတို့နှစ်ယောက် စပ်ကြားမှာ စီရင်ပါစေ
"ငါတို့နှစ်ယောက်" မှာ ယာကုပ်နှင့် လာဗန်ကို ညွှန်းသည်။ "စပ်ကြားမှာ စီရင်ပါစေ" ဆိုရာတွင် မှားယွင်းသူနှင့် ဖြောင့်မတ်သူ သတ်မှတ်ပေးခြင်းကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရှိသလော။ ရှိလျှင်၊ ငါတို့နှစ်ယောက် အလယ်၌ စီရင်ခြင်းငှါ ... "


generated on Fri Sep 22 10:08:29 2023

**Genesis 31:38**

ယေဘုယျ အချက်အလက်
ယာကုပ်က လာဗန်ထံ ဆက်လက် ပြောဆိုသည်။

အနှစ်နှစ်ဆယ်
"အနှစ် ၂၀"

သိုးမ
သိုး အမ

ဝမ်းပိုးမပျက်
သားအိမ်ပျက်ခြင်းနှင့် သိုးငယ်မွေးရာ၌ မှားယွင်းခြင်း စသည်တို့ မရှိကြောင်း ဆိုလိုသည်။

သားရဲ ကိုက်သတ်သော အကောင်ကို သင့်ထံသို့ ကျွန်ုပ် မဆောင်ခဲ့
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သားရဲက သင့်အကောင်ကို သတ်လျှင် ကျွန်ုပ် မဆောင်ခဲ့"

ကိုယ်အရှုံးခံရ၏
လာဗန်၏ တိရစ္ဆာန်သေလျှင် မိမိက လျော်ပေးရသဖြင့် မိမိက ဆုံးရှုံးခြင်းကို ခံရကြောင်း တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မိမိဥစ္စာမှ ပြန်လျော်ပေးရ၏"

နေ့အချိန်၌လည်း နေပူကိုင်း၊ ညဥ့်အချိန်၌လည်း နှင်းခဲကိုင်း ခံရပြီ
ယာကုပ်သည် အပူနှင့် အအေး၏ ဝါးမျိုခြင်း ခံရသကဲ့သို့ တင်စား ဖော်ပြသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "နေ့အချိန်၌ အပူ၊ ညအချိန်၌ အအေးတို့၏ ဝါးမြိုခြင်းကို ခံရင်း သိုးဆိတ်တို့ကို ထိန်းကျောင်းရပါ၏"

**Genesis 31:41**

ယေဘုယျ အချက်အလက်
ယာကုပ်က လာဗန်ထံ ဆက်လက် ပြောဆိုသည်။

အနှစ်နှစ်ဆယ်ပတ်လုံး
"လွန်ခဲ့သော နှစ် ၂၀ ပတ်လုံး"

ဆယ်လေးနှစ်
"၁၄ နှစ်"

ကျွန်ုပ်အခကို ဆယ်ကြိမ်လဲပြီတကား
"ကျွန်ုပ်အခကို ဆယ်ကြိမ်ဈေးလျှော့ခဲ့ပြီ။" ၃၁း၇ ရှိ "ငါရထိုက်သော အဖိုးအခ" ပြန်ဆိုချက်ကို ရှု။

ကျွန်ုပ်အဘ၏ ဘုရားသခင်၊ အာဗြဟံ၏ဘုရားသခင်၊ ဣဇာက်၏ကြောက်ရွံ့ရာ ဘုရားသည် ကျွန်ုပ်ဘက်၌ မရှိလျှင်
တူညီသော ဘုရားသခင်ကို သုံးကြိမ် ညွှန်းခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အာဗြဟံနှင့် ကျွန်ုပ်အဖ ဣဇာက်၏ ဘုရားသခင်သည် ကျွန်ုပ်ဖက်၌ မရှိလျှင်"

ကျွန်ုပ်အဘ၏ ဘုရားသခင်
ဖခင် "ဣဇာက်" ကို ညွှန်းသည်။

ဣဇာက်၏ကြောက်ရွံ့ရာ ဘုရား
"ကြောက်ရွံ့ရာ" က "ကြောက်ရွံ့ခြင်းအရှင် ထာဝရဘုရား" ကို ညွှန်းပြီး၊ နက်နဲစွာ လေးမြတ်ကာ ထိုဘုရားကို အကြွင်းမဲ့ နာခံကြောင်း ဆိုလိုသည်။

လက်ချည်း
ချည်း - ဘာတခုမျှ မရှိကြောင်းကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လက်ဗလာဖြင့်"

ကျွန်ုပ် ဆင်းရဲခံရခြင်း၊ ပင်ပန်းစွာ လုပ်ကိုင်ရခြင်းကို ဘုရားသခင်မြင်၍
စိတ္တဇနာမ် "ဆင်းရဲခံရခြင်း" ကို "ညှင်းဆဲခံရခြင်း" ဟူ၍ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ် ညှင်းဆဲခံရခြင်းနှင့် ပင်ပန်းစွာ လုပ်ကိုင်ရခြင်းကို ဘုရားသခင် မြင်၍"

**Genesis 31:43**

ငါ့သမီးတို့၌၎င်း၊ သူတို့ ဘွားမြင်သော ငါ့သူငယ်တို့၌၎င်း၊ အဘယ်သို့ ငါပြုနိုင်သနည်း
လာဗန်က မိမိပြုနိုင်သောအရာ တခုမှ မရှိကြောင်း ထင်ဟပ်စေရန် မေးလိုက်ခြင်း ဖြစ်သည်။ ဖြစ်ကြောင်းပြဝါကျဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သို့သော်၊ ငါ့သမီးတို့နှင့် မြေးတို့ကို ငါနှင့်အတူ ခေါ်ယူရန် ပြုနိုင်သောအရာ တခုမှမရှိ"

သက်သေ ဖြစ်စေ၍
"သက်သေ" မှာ လူသက်သေကို ဆိုလိုခြင်းမဟုတ်ဘဲ၊ ယာကုပ်နှင့် လာဗန်တို့ သစ္စာဆိုမည့် ပဋိညာဉ်စကားကို ညွှန်းသည်။ ငြိမ်းချမ်းစွာ နေမည်ဟု သဘောတူချိန်၌ ရှိနေသကဲ့သို့ ပဋိညာဉ်တရားကို ပုဂ္ဂိုလ်ပြုထားခြင်း ဖြစ်သည်။

**Genesis 31:45**

မှတ်တိုင်
အရေးကြီးသော အရာတခု ဖြစ်ပျက်ခဲ့ကြောင်း အမှတ်အသားပြုရန် စိုက်ထူလိုက်သော ကျောက်တုံးကြီးတခုကို ညွှန်းဆိုသည်။

ကျောက်ပုံကို တည်လုပ်ပြီးမှ
"ကျောက်ခဲတို့ တခုပေါ်တခု တင်ပြီးမှ"

ထိုကျောက်ပုံအပေါ်၌ စားသောက်ခြင်းကို ပြုကြ၏
"ကျောက်ပုံ ဘေး၌" ဟုလည်း ပြန်ဆိုနိုင်သည်။ တဦးနှင့်တဦး ပဋိညာဉ်သစ္စာ ပြုခဲ့ကြောင်း သက်သေပြသော စားပွဲဖြစ်သည်။ ၎င်းကို တိကျစွာ ဖော်ပြနိုင်သည်။

ယေဂါ သဟာ ဒုသ
ဘာသာပြန်ဆိုသူများ အနေဖြင့် "ယေဂါ သဟာ ဒုသ အနက်ကား လာဗန်၏ ဘာသာစကားတွင် 'သက်သေ မှတ်ကျောက်' ဟူသတည်း" ဟု မှတ်ချက် ထည့်သွင်းဖော်ပြနိုင်သည်။

ဂိလဒ်
ဘာသာပြန်ဆိုသူများ အနေဖြင့် "ဂိလဒ် အနက်ကား ယာကုပ်၏ ဘာသာစကားတွင် 'သက်သေ မှတ်ကျောက်' ဟူသတည်း" ဟု မှတ်ချက် ထည့်သွင်းဖော်ပြနိုင်သည်။

**Genesis 31:48**

ဤကျောက်ပုံသည် ငါနှင့်သင်၏ စပ်ကြား၌ သက်သေဖြစ်သည်
ကျောက်ပုံက လူသက်သေဟု ဆိုလိုခြင်း မဟုတ်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဤကျောက်ပုံမှာ ငါနှင့်သင်အတွက် အမှတ်အသားဖြစ်သည်"

ဂိလဒ်
ဘာသာပြန်ဆိုသူများ အနေဖြင့် "ဂိလဒ် အနက်ကား ယာကုပ်၏ ဘာသာစကားတွင် 'သက်သေ မှတ်ကျောက်' ဟူသတည်း" ဟု မှတ်ချက် ထည့်သွင်းဖော်ပြနိုင်သည်။ ၃၁း၄၅ မှ ပြန်ဆိုချက်ကို ရှု။

မိဇပါ
ဘာသာပြန်ဆိုသူများ အနေဖြင့် "မိဇပါ အနက်ကား 'ကင်းမျှော်စင်' ဟူသတည်း" ဟု မှတ်ချက် ထည့်သွင်းဖော်ပြနိုင်သည်။

ငါတို့သည် တယောက်နှင့်တယောက် ခွဲသွားကြသောနောက်
"ခွဲသွား" ဟူရာတွင် တဦးနှင့်တဦး ဝေးကွာခြင်းသဘောကို ဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါတို့ တဦးနှင့်တဦး ဝေးကွာပြီးနောက်"

ငါတို့၌ လူသက်သေမရှိ
"ငါတို့" မှာ လာဗန်နှင့်ယာကုပ်ကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါတို့၌ လူသက်သေမရှိသော်လည်း"

**Genesis 31:51**

ဤကျောက်ပုံနှင့် ဤမှတ်တိုင်သည် သက်သေ ဖြစ်စေသတည်း
ယာကုပ်နှင့်လာဗန်တို့ကြား ပြုခဲ့သော ငြိမ်းချမ်းရေး သဘောတူညီချက်အရ ဤကျောက်တို့က မှတ်တိုင်နှင့် နယ်နိမိတ် ဖြစ်ပေးမည်ဟု ဆိုလိုသည်။ လူသက်သေကဲ့သို့ ပုဂ္ဂိုလ်ပြုထားသည်။

အာဗြဟံ၏ ဘုရားသခင်၊ နာခေါ်၏ ဘုရားသခင်၊ သင့်အဘ၏ ဘုရားသခင်သည် ငါတို့စပ်ကြား၌ စီရင်တော်မူစေသတည်း
အာဗြဟံမှာ ယာကုပ်၏အဖိုး၊ နာခေါ်မှာ လာဗန်၏အဖိုး ဖြစ်ကြသည်။ အာဗြဟံနှင့် နာခေါ်တို့၏ ဖခင်မှာ တေရဖြစ်သည်။ သို့ရာတွင် ၎င်းတို့၏ မိသားစုဝင်အားလုံးက ထာဝရဘုရားကို ကိုးကွယ်ခြင်းမပြုပါ။

မိမိအဘ ကြောက်ရွံ့ရာဘုရား
"ကြောက်ရွံ့ရာဘုရား" ဟူရာတွင် ဣဇာက်က လေးနက်စွာ ရိုသေ၍ နာခံသော ထာဝရဘုရားကို ညွှန်းသည်။

**Genesis 31:54**

ညီအစ်ကိုများကို အစာစားစေခြင်းငှါ ခေါ်ဘိတ်သဖြင့်
တဦးနှင့်တဦး ပဋိညာဉ်သစ္စာ ပြုခဲ့ကြောင်း သက်သေပြသော စားပွဲဖြစ်သည်။ ၎င်းကို တိကျစွာ ဖော်ပြနိုင်သည်။

နံနက်စောစော . . . ပြန်သွားလေ၏
အငယ် ၅၅ မှာ မူရင်းဟေဗြဲကျမ်းတွင် အခန်းကြီး ၃၂ ၏ ပထမ အပိုဒ်ငယ်ဖြစ်ပြီး၊ ခေတ်ပေါ် မူပြန်ကျမ်းများတွင် အခန်းကြီး ၃၁ ၏ နောက်ဆုံး အပိုဒ်ငယ်ဖြစ်သည်။ မိမိပြန်ဆိုမည့် ဘာသာစကားနှင့် သင့်လျော်သည့်အတိုင်း ပြန်ဆိုပါ။

ကောင်းကြီးပေးပြီးမှ
တစုံတယောက် အပေါ်၌ ကောင်းခြင်းနှင့် အကျိုးစီးပွား ဖြစ်ထွန်းစေလိုသော ဆန္ဒကို ထုတ်ဖော်ပြသခြင်း ဖြစ်သည်။


generated on Fri Sep 22 10:08:29 2023

## Chapter 32

1 ယာကုပ်သည် ခရီးသွားပြန်၍၊ ဘုရားသခင်၏ ကောင်းကင်တမန်တို့သည် ကြိုဆိုခြင်ငှါ လာကြသည်ကို၊ 2 ယာကုပ်မြင်လျှင်
ဘုရားသခင်၏ တပ်တော်ဖြစ် သည်ဟု ဆို၍၊ ထိုအရပ်ကို မဟာနိမ်အမည်ဖြင့် မှည့်လေ ၏။ 3 ထိုအခါ ယာကုပ်သည်၊
အစ်ကိုဧသောနေရာ ဧဒုံပြည်တည်းဟူသော စိရပြည်သို့၊ တမန်တို့ကို မိမိရှေ့မှာ စေလွှတ်၍ မှာလိုက်သည်ကား၊ 4
ကိုယ်တော်၏ကျွန်ယာကုပ်က၊ ကျွန်တော်သည် လာဗန်ထံမှာ တည်းခို၍၊ ယခုတိုင်အောင် နေပါပြီ။ 5 ကျွန်တော်၌ နွား၊ မြည်း၊ သိုး၊
ဆိတ်၊ ကျွန် ယောက်ျား မိန်းမများ ရှိကြပါ၏။ ကျွန်တော်သည် သခင်၏ စိတ်တော်နှင့် တွေ့စေခြင်းငှါ၊ လျှောက်ကြားလိုက်ပါ သည်ဟု၊
ငါ့သခင်ဧသောကို လျှောက်ကြဟု မှာလိုက် လေ၏။ 6 တမန်တို့လည်း ယာကုပ်ထံသို့ ပြန်လာ၍၊ ကျွန်တော်တို့သည်၊
ကိုယ်တော်၏အစ်ကို ဧသောထံသို့ ရောက်ခဲ့ပါပြီ။ သူသည်ကိုယ်တော်ကို တွေ့ခြင်းငှါ၊ လူ လေးရာနှင့် ချီလာပါသည်ဟု
လျှောက်ကြ၏။ 7 ထိုအခါ ယာကုပ်သည်၊ အလွန်ကြောက်၍ စိတ်ပူပန်လျှင်၊ မိမိတွင်ပါသော လူစု၊ သိုးဆိတ်စု၊ နွားစု၊
ကုလားအုပ်များတို့ကို နှစ်စုခွဲ၍ ထားလေ၏။ 8 အကြောင်းမူကား၊ တစုကို ဧသောတွေ့၍ လုပ်ကြံလျှင်၊ ကြွင်းသော
တစုလွတ်လိမ့်မည်ဟု ဆို၏။ 9 တဖန် ယာကုပ်က၊ အကျွန်ုပ်အဘ အာဗြဟံ၏ ဘုရားသခင်၊ အကျွန်ုပ်အဘ ဣဇာက်၏ဘုရားသခင်၊
ထာဝရဘုရား ကိုယ်တော်က၊ သင်၏ပြည် သင်၏ အမျိုးသားချင်းတို့ ထံသို့ ပြန်လော့။ ငါသည် သင်၌ကျေးဇူးပြုမည် ဟု
မိန့်တော်မူပါပြီ။ 10 ကိုယ်တော်ကျွန်၌ ပြတော်မူသော ကရုဏာ သစ္စာတော်အငယ်ဆုံးကိုမျှ အကျွန်ုပ်မခံထိုက်ပါ။ အကျွန်ုပ်သည်
အထက်က၊ ဤယော်ဒန်မြစ်ကို လက်စွဲ တောင်ဝေးနှင့်သာ ကူးပါ၏။ ယခုမူကား၊ အပေါင်း အသင်းနှစ်စုဖြစ်ပါ၏။ 11 သို့ဖြစ်၍၊
အကျွန်ုပ်ကို အစ်ကိုဧသောလက်မှ ကယ်လွှတ်တော်မူမည်အကြောင်း ဆုတောင်းပါ၏။ သူသည် လာ၍ အကျွန်ုပ်ကိုငှင်း၊
သားမယားတို့ကိုငှင်း သတ်မည်ဟု အလွန်စိုးရိမ်ပါ၏။ 12 ကိုယ်တော်က၊ ငါသည်သင်၌ အမှတ်ကျေးဇူး ပြု၍၊ မရေတွက်နိုင်အောင်
များပြားသော သမုဒ္ဒရာသဲလုံး နှင့်အမျှ သင်၏အမျိုးအနွယ်ကို ငါဖြစ်စေမည်ဟု မိန့်တော်မူပါပြီဟု တောင်းလျှောက်လေ၏။ 13
ထိုအရပ်၌ တညဉ့်ပတ်လုံးနေပြီးမှ၊ မိမိလက်ရှိ ဥစ္စာစုထဲက အစ်ကိုဧသောအား လက်ဆောင်ဆက်စရာ ဘို့၊ 14 ဆိတ်မနှစ်ရာ၊
ဆိတ်ထီးနှစ်ဆယ်၊ သိုးမနှစ်ရာ၊ သိုးထီးနှစ်ဆယ်၊ 15 နို့စို့သားငယ်နှင့်တကွ၊ နို့ညှစ်ကုလားအုပ်မ သုံးဆယ်၊ နွားမလေးဆယ်၊
နွားထီးတဆယ်၊ မြည်းမ နှစ်ဆယ်နှင့် မြည်းကလေး တဆယ်တို့ကို ယူ၍၊ 16 အသီးအသီးတစုတခြားစီ ခွဲသန့်လျက်၊ ကျွန်တို့ လက်သို့
အပ်ပြီးလျှင်၊ သင်တို့သည် ငါ့ရှေ့မှာကူးသွား၍၊ တစုနှင့်တစုကို ခရီးကွာစေလော့ဟု၊ ကျွန်တို့အား မှာထားလေ၏။ 17
ရှေ့ဦးစွာသွားသောသူကိုလည်း၊ ငါ့အစ်ကို ဧသောသည် သင့်ကိုတွေ့၍၊ သင်ကား၊ အဘယ်သူ၏ လူဖြစ်သည်နည်း၊ အဘယ်အရပ်သို့
သွားသနည်း။ သင့်ရှေ့မှာရှိသော တရိစ္ဆာန်များကား အဘယ်သူ၏ ဥစ္စာ ဖြစ်သနည်းဟု မေးလျှင်၊ 18
ကိုယ်တော်ကျွန်ယာကုပ်၏ဥစ္စာဖြစ်ပါ၏။ သခင် ဧသောအား ဆက်သလိုက်သော လက်ဆောင်ဖြစ်ပါ၏။ သူသည်လည်း နောက်မှာ
ရှိပါ၏ဟု၊ လျှောက်ရမည်ဟု မှာထားလေ၏။ 19 ထိုနည်းတူ၊ ဒုတိယသူ၊ တတိယသူမှစ၍၊ အစုစု တို့နှင့်
လိုက်သောသူအပေါင်းကိုလည်း၊ သင်တို့သည် ဧသောနှင့်တွေ့လျှင်၊ ဤသို့ လျှောက်ရမည်ဟူ၍ငှင်း၊ 20
ကိုယ်တော်ကျွန်ယာကုပ်သည်လည်း နောက်မှာ ရှိပါ၏ဟု၊ ကြားလျှောက်ရမည်ဟူ၍ငှင်း မှာထားလေ၏။ ယာကုပ်က၊ ယခု ငါ့ရှေ့တွင်
ထွက်သွားသော လက် ဆောင်ဖြင့်၊ သူ၏စိတ်ကို ငါဖြေမည်။ နောက်မှ မျက်နှာ ချင်းဆိုင်တွေ့သောအခါ၊ ငါ့ကိုလက်ခံကောင်း လက်ခံ
လိမ့်မည်ဟု အကြံရှိသတည်း။ 21 ထိုသို့ယာကုပ်ရှေ့မှာ လက်ဆောင်သည် အရင် ကူးသွား၍၊ သူကိုယ်တိုင် ထိုညဉ့်၌
လူအစုအဝေးနှင့်အတူ အိပ်၍ နေ၏။ 22 ညဉ့်မကုန်မှီထ၍ မယားနှစ်ယောက်၊ ကျွန်မ နှစ်ယောက်၊ သားတဆယ်နှင့် တယောက်တို့ကို
ဆောင်ယူ ၍၊ ယဗ္ဗုတ်ချောင်းရေတိမ်ရာ အရပ်ကိုကူးလေ၏။ 23 ထိုသို့ သူတို့ကိုယူ၍ မိမိဥစ္စာရှိသမျှနှင့်တကွ ချောင်းတဘက်သို့
ကူးစေပြီးမှ၊ 24 ယာကုပ်သည် တယောက်တည်းနေရစ်၍၊ လူတဦးသည် မိုဃ်းလင်းသည်တိုင်အောင် သူနှင့်လုံးထွေး လေ၏။ 25
ထိုသူသည် မိမိမနိုင်မှန်းကိုသိလျှင်၊ ယာကုပ် ပေါင်ချန်ကို ထိုး၍၊ လုံးထွေးစဉ်တွင် ပေါင်ဆစ်ပြုတ်လေ ၏။ 26 ထိုသူကလည်း၊
ငါ့ကိုလွှတ်ပါ၊ မိုဃ်းလင်းဆဲရှိပြီ ဟုဆိုလျှင်၊ ယာကုပ်က၊ ကိုယ်တော်သည် အကျွန်ုပ်ကို ကောင်းကြီးမပေးလျှင်၊ မသွားရဟုဆို၏။ 27
ထိုသူကလည်း၊ သင်၏အမည်ကား အဘယ်သို့ နည်းဟု မေးလျှင်၊ ယာကုပ်ဖြစ်ပါသည်ဟု ပြန်ဆို၏။ 28 နောင်၌ သင်၏အမည်ကို
ယာကုပ်ဟူ၍ မခေါ်ရ၊ ဣသရေလဟူ၍ခေါ်ရမည်။ အကြောင်းမူကား၊ သင်သည် ဘုရားသခင်နှင့်ငှင်း၊ လူနှင့်ငှင်း၊ မင်းကဲ့သို့ ပြိုင်၍
နိုင်လေပြီဟု မိန့်တော်မူ၏။ 29 ယာကုပ်ကလည်း၊ နာမတော်ကား အဘယ်သို့ နည်း။ အကျွန်ုပ်အား ဘော်ပြတော်မူပါဟု မေးလျှောက်
လျှင်၊ ငါ့နာမကို အဘယ်ကြောင့် မေးသနည်းဟု ဆို၍၊ ထိုအရပ်၌ ကောင်းကြီးပေးတော်မူ၏။ 30 ထိုအရပ်ကို ပေနေလဟူ၍၊
ယာကုပ်သည် သမုတ်လေ၏။ အကြောင်းမူကား၊ ငါသည် ဘုရားသခင် ကို မျက်နှာချင်းဆိုင်၍ ဖူးမြင်ရသော်လည်း၊ အသက်
ချမ်းသာပြီဟု ဆိုသတည်း။ 31 ဧမနွေလအရပ်ကို ယာကုပ်လွန်သွားသောအခါ၊ နေထွက်ချိန်ရှိ၍၊ သူသည် ထော့နဲ့သွားလေ၏။ 32
ထိုသို့ ယာကုပ်၏ပေါင်ချန်အကြောကြီးကို ထိုးတော်မူသောကြောင့်၊ ဣသရေလအမျိုးသားတို့သည်၊ ပေါင်ချန်၌ရှိသော
အကြောကြီးကို ယနေ့တိုင်အောင် မစားရှောင်လေ့ရှိကြ၏။

---

---

### Genesis 32:1

မဟာနိမ်
ဘာသာပြန်ဆိုသူများ အနေဖြင့် "မဟာနိမ် အနက်ကား
'စခန်းနှစ်ခု' ဟူသတည်း" ဟု မှတ်ချက် ထည့်သွင်းနိုင်သည်။

### Genesis 32:3

စိရပြည်
ဧဒုံပြည်၏ တောင်ကုန်းဒေသ ဖြစ်သည်။

ကိုယ်တော်၏ကျွန်ယာကုပ်က၊ ကျွန်တော်သည် . . . ကျွန်တော်၌ . . . ကျွန်တော်သည် သခင်၏ စိတ်တော်နှင့် တွေ့စေခြင်းငှါ၊ လျှောက်ကြားလိုက်ပါသည်ဟု၊ ငါ့သခင်ဧသောကို လျှောက်ကြ

ဆိုခဲ့ပြီးသောစကားကို ပြန်လည်ကိုးကားခြင်း ဖြစ်သည်။ သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါသည် ... ငါ၌ ... ငါသည် သူ၏ စိတ်တော်နှင့် တွေ့စေခြင်းငှါ၊ လျှောက်ကြားလိုက်သည်အကြောင်း ငါ့သခင် ဧသောကို လျှောက်ကြ"

ငါ့သခင်ဧသော

အစ်ကိုဖြစ်သူကို ရိုသေလေးမြတ်စွာ ခေါ်ဆိုခြင်း ဖြစ်သည်။

ကိုယ်တော်၏ကျွန် ယာကုပ်

မိမိကိုယ်ကို နှိမ့်ချစွာ ခေါ်ဆိုခြင်း ဖြစ်သည်။

ကျွန်တော်သည် သခင်၏စိတ်တော်နှင့် တွေ့စေခြင်းငှါ

"စိတ်တော်" ဟူရာတွင် သဘောထား သို့မဟုတ် အကြိုက်ကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်တော့်ကို သဘောတူ ထောက်ခံစေခြင်းငှါ"

## Genesis 32:6

လူ လေးရာ

"လူ ၄၀၀"

အလွန်ကြောက်၍

မိမိ သို့မဟုတ် မိမိနှင့်သက်ဆိုင်သူ အပေါ် ဘေးအန္တရာယ် တခုခု ကျရောက်မည့်အတွက် ဖြစ်ပေါ်သော ခံစားချက်ကို ညွှန်းသည်။

စိတ်ပူပန်လျှင်

"ဝမ်းနည်းပြီး" သို့မဟုတ် "သောကဖြစ်ပြီး"

တစုကို . . . လုပ်ကြံလျှင်၊ ကြွင်းသောတစု လွတ်လိမ့်မည်

"တစု" ဟူရာတွင် လူတို့ကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဧသောက စခန်းတခုကို လုပ်ကြံလျှင်၊ နောက်တခု လွတ်လိမ့်မည်"

## Genesis 32:9

အကျွန်ုပ်အဘ အာဗြဟံ၏ ဘုရားသခင်၊ အကျွန်ုပ်အဘ ဣဇာက်၏ ဘုရားသခင်၊ ထာဝရဘုရား

ဘုရားသခင် တပါးတည်းကိုသာ ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အကျွန်ုပ် အဖိုးအာဗြဟံနှင့် အဖဣဇာက်တို့၏ ဘုရားသခင်၊ ထာဝရဘုရား"

အကျွန်ုပ်အဘ . . . ထာဝရဘုရား ကိုယ်တော်က၊ သင်၏ပြည် သင်၏ အမျိုးသားချင်းတို့ ထံသို့ ပြန်လော့။ ငါသည် သင်၌ကျေးဇူးပြုမည်ဟု မိန့်တော်မူပါပြီ

ဆိုခဲ့ပြီးသောစကားကို ပြန်လည်ကိုးကားခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်၏ပြည် အမျိုးသားချင်းတို့ထံသို့ ပြန်သွားလျှင် ချမ်းသာစေမည်ဟု မိန့်တော်မူသော အကျွန်ုပ်အဘ ... ထာဝရဘုရား။"

သင်၏ အမျိုးသားချင်းတို့

"သင်၏ မိသားစု"

ငါသည် သင်၌ကျေးဇူးပြုမည်

"ငါသည် သင့်ကိုချမ်းသာစေမည်" သို့မဟုတ် "ငါသည် သင့်ကို ကြီးပွားစေမည်"

ကိုယ်တော်ကျွန်၌ ပြုတော်မူသော ကရုဏာ သစ္စာတော် အငယ်ဆုံးကိုမျှ အကျွန်ုပ် မခံထိုက်ပါ

စိတ္တဇနာမ် "ကရုဏာ" နှင့် "သစ္စာတော်" ကို "ကရုဏာကြီး" နှင့် "သစ္စာရှိ" ဟု ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်တော်ကျွန်၌ ပြုတော်မူသော ပဋိညာဉ်တရားအပေါ် ကရုဏာကြီး၍ သစ္စာရှိရန် ထိုက်တန်သူ မဟုတ်ပါ"

ကိုယ်တော်ကျွန်

မိမိကိုယ်ကို နှိမ့်ချစွာ ခေါ်ညွှန်းခြင်း ဖြစ်သည်။

ယခုမူကား၊ အပေါင်းအသင်းနှစ်စု ဖြစ်ပါ၏

"ဖြစ်ပါ၏" မှာ လက်ရှိ ဖြစ်နေခြင်းကို ပြသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယခုမူကား၊ လူ၊ တိရစ္ဆာန်နှင့် ဥစ္စာများ ကြွယ်ဝသဖြင့် အစုနှစ်စု ဖြစ်ရပါ၏"

## Genesis 32:11

ကယ်လွှတ်တော်မူမည်အကြောင်း

"ကင်တင်တော်မူမည်အကြောင်း"

အစ်ကိုဧသောလက်မှ

"လက်" ဟူရာတွင် တန်ခိုးကို ညွှန်းသည်။ ဧသော ဆိုသူမှာ မိမိအစ်ကိုဖြစ်ကြောင်း ထင်ဟပ်စေရမည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အစ်ကိုလက်၊ ဧသောလက်မှ" သို့မဟုတ် "အစ်ကို ဧသောထံမှ"

သူသည် လာ၍ . . . ကိုငှင်း . . . ကိုငှင်း သတ်မည်ဟု အလွန်စိုးရိမ်ပါ၏

"သူသည် လာ၍ ... နှင့် ... အား သတ်မည်ကို အလွန်စိုးရိမ်ပါ၏"

ကိုယ်တော်က၊ ငါသည်သင်၌ အမှန် ကျေးဇူးပြု၍၊ မရေတွက်နိုင်အောင် . . . နှင့်အမျှ သင်၏အမျိုးအနွယ်ကို ငါဖြစ်စေမည်ဟု မိန့်တော်မူပါပြီ

ဆိုခဲ့ပြီးသောစကားကို ပြန်လည်ကိုးကားခြင်း ဖြစ်သည်။ သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သို့သော်၊ ကိုယ်တော်က အကျွန်ုပ်ကို ချမ်းသာစေ၍၊ မရေတွက်နိုင်အောင် ... ကဲ့သို့များသော အမျိုးအနွယ်ကို ပေးမည်အကြောင်း မိန့်ဆိုခဲ့ပါပြီ"

ငါသည်သင်၌ အမှန် ကျေးဇူးပြု၍

"ငါသည် သင့်ကို ချမ်းသာစေ၍" သို့မဟုတ် "ငါသည် သင့်ကို ကြီးပွားစေ၍"

သမုဒ္ဒရာသဲလုံး နှင့်အမျှ သင်၏အမျိုးအနွယ်ကို ငါဖြစ်စေမည်

လူဦးရေ အလွန်များပြားမည့် ယာကုပ်၏ အမျိုးအနွယ်ကို ရေတွက်မရနိုင်သော ကမ်းခြေရှိ သဲလုံးများဖြင့် ခိုင်းနှိုင်းထားသည်။

မရေတွက်နိုင်အောင် များပြားသော

ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "များပြားသဖြင့် ရေတွက်၍ မရသော"

## Genesis 32:13

နှစ်ရာ

"၂၀၀"



generated on Fri Sep 22 10:08:29 2023

နှစ်ဆယ် . . . သုံးဆယ် . . . လေးဆယ် . . . တဆယ်
"၂၀ . . . ၃၀ . . . ၄၀ . . . ၁၀"

နို့စို့သားငယ်နှင့်တကွ
"အငယ်နှင့်တကွ"

အသီးအသီး တစုတခြားစီ ခွဲသန့်လျက်၊ ကျွန်တို့ လက်သို့ အပ်ပြီးလျှင်
"လက်သို့ အပ်" ဟူရာတွင် တာဝန်ပေးအပ်ခြင်း သဘောကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တစုစီကို ကျွန်တို့ထံ ခွဲအပ်ပြီးလျှင်"

တစုနှင့်တစုကို ခရီးကွာစေလော့
"တစုနှင့်တစုကြား ခွာ၍ သွားလော့"

**Genesis 32:17**

မှာထားလေ၏
"ဟု စေလွှန်လေ၏"

သင်ကား . . . သင့်ရှေ့မှာရှိသော . . . ဖြစ်သနည်းဟု မေးလျှင်
ကိုးကားပြောဆိုသောစကား ဖြစ်သည်။ သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်၏သခင်မှာ မည်သူဖြစ်၍၊ သင့်ရှေ့မှာရှိသော တိရစ္ဆာန်တို့ကို အဘယ်သူ ပိုင်ကြောင်းမေးလျှင်"

သင်ကား၊ အဘယ်သူ၏လူ ဖြစ်သည်နည်း
"သင်၏သခင်မှာ အဘယ်သူဖြစ်၍"

သင့်ရှေ့မှာရှိသော တရိစ္ဆာန်များကား အဘယ်သူ၏ဥစ္စာ ဖြစ်သနည်း
"သင့်ရှေ့မှာရှိသော တိရစ္ဆာန်တို့ကို အဘယ်သူ ပိုင်ကြောင်း"

ကိုယ်တော်ကျွန် ယာကုပ်၏ဥစ္စာ ဖြစ်ပါ၏။ သခင်ဧသောအား ဆက်သလိုက်သော လက်ဆောင် ဖြစ်ပါ၏။ သူသည်လည်း နောက်မှာ ရှိပါ၏ဟု၊ လျှောက်ရမည်
ကိုးကားပြောဆိုသောစကား ဖြစ်သည်။ သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူ၏ကျွန် ယာကုပ်က ပိုင်၍၊ မိမိသခင် ဧသောအား ဆက်သလိုက်ပြီး၊ သူ့ကို နှုတ်ဆက်ရန် လာနေပြီဖြစ်ကြောင်း လျှောက်ရမည်"

ကိုယ်တော်ကျွန် ယာကုပ်၏ဥစ္စာ ဖြစ်ပါ၏
မိမိကိုယ်ကို နှိမ့်ချသောသဘောဖြင့် ခေါ်ဝေါ်ခြင်း ဖြစ်သည်။

သခင်ဧသောအား
ဧသောကို ရိုသေသောသဘောဖြင့် ခေါ်ဝေါ်ခြင်း ဖြစ်သည်။

နောက်မှာ ရှိပါ၏
ဧသောထံ လက်ဆောင်များ ယူလာသော အစေခံတို့၏ ရှုထောင့်မှ ဖော်ပြထားသည်။

**Genesis 32:19**

ဒုတိယသူ၊ တတိယသူ . . . ဟူ၍ရင်း မှာထားလေ၏
"ဒုတိယအဖွဲ့၊ တတိယအဖွဲ့ ... ဟူ၍လည်းကောင်း မှာထားလေ၏"

ကိုယ်တော်ကျွန် ယာကုပ် . . . ဟု၊ ကြားလျှောက်ရမည်
ဖြစ်နိုင်ချေများမှာ၊ (၁) "ကိုယ်တော့်ကျွန် ယာကုပ် ... ဟုလည်း၊ ကြားလျှောက်ရမည်" သို့မဟုတ် (၂) "ကိုယ်တော့်ကျွန် ယာကုပ် ... ဟူ၍၊ ကြားလျှောက်ရမည်"

သူ၏စိတ်ကို ငါဖြေမည်
"သူ့ကို စိတ်အေးစေမည်" သို့မဟုတ် "သူ၏ ဒေါသကို ငါဖြေမည်"

ငါ့ကို လက်ခံကောင်း လက်ခံလိမ့်မည်
"ငါ့အား ကြင်နာစွာ ကြိုဆိုပေလိမ့်မည်"

ထိုသို့ ယာကုပ်ရှေ့မှာ လက်ဆောင်သည် အရင်ကူးသွား၍
"လက်ဆောင်" ဟူရာတွင် ထိုလက်ဆောင်ကို ဆက်သမည့် အစေခံတို့ကို ပုံဆောင်သည်။

သူကိုယ်တိုင် . . . အိပ်၍ နေ၏
"ကိုယ်တိုင်" ဟူရာတွင် မိမိမှာ အစေခံတို့နှင့် လိုက်မပါကြောင်း ထင်ဟပ်စေသည်။

**Genesis 32:22**

ကျွန်မ နှစ်ယောက်
"မယားငယ် နှစ်ယောက်။" ဇိလပါနှင့် ဗိလဟာတို့ကို ဆိုလိုသည်။

ယဗ္ဗုတ်ချောင်း
မြစ်ချောင်းအမည် ဖြစ်သည်။

ရေတိမ်ရာအရပ်
မြစ်ချောင်းတို့ကို လွယ်ကူစွာ ကူးခပ်နိုင်သော ရေတိမ်သည့်အရပ်။

မိမိဥစ္စာရှိသမျှ
"မိမိပိုင်ဆိုင်သမျှ"

**Genesis 32:24**

မိုဃ်းလင်းသည့်တိုင်အောင်
"အရုဏ်ကျင်းသည့်တိုင်" (UDB)

ပေါင်ဆစ်
"ပေါင်ချန်ရိုး။" တင်ပါးနှင့် ပေါင်ရိုးကို ဆက်ထားသောနေရာဖြစ်သည်။

လုံးထွေးစဉ်တွင် ပေါင်ဆစ်ပြုတ်လေ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "နပမ်းလုံးစဉ်တွင် ပေါင်ဆစ် ပြုတ်လေ၏"

မိုဃ်းလင်းဆဲရှိပြီ
"နေထွက်တော့မည်"

ကောင်းကြီး
တစုံတယောက်အပေါ် ကောင်းခြင်းသဘော သက်ရောက်၍ မင်္ဂလာဖြစ်စေမည်အကြောင်း မေတ္တာပို့ မြွက်ဆိုခြင်းကို ဆိုလိုသည်။

ကိုယ်တော်သည် အကျွန်ုပ်ကို ကောင်းကြီးမပေးလျှင်၊ မသွားရ
အဟုတ်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မသွားရ။ အကျွန်ုပ်ကို ကောင်းကြီးပေးပြီးမှသာ လွှတ်ပါမည်"

 generated on Fri Sep 22 10:08:29 2023

**Genesis 32:27**

ဣသရေလ
ဘာသာပြန်ဆိုသူများ အနေဖြင့်၊ "ဣသရေလ အနက်ကား 'ဘုရားသခင်နှင့် လုံးပမ်းသည်' ဟူသတည်း" ဟု မှတ်ချက် ထည့်သွင်းဖော်ပြနိုင်သည်။

လူနှင့်ရင်း
"လူ" မှာ လူတိုင်းကို ယေဘုယျ ခြုံငုံခြင်းဖြစ်သည်။

**Genesis 32:29**

ငါ့နာမကို အဘယ်ကြောင့် မေးသနည်းဟု ဆို၍
"'ငါ့အမည်ကို အဘယ်ကြောင့် မေးသနည်း' ဟု ဆို၍။" ယာကုပ်နှင့် သူစိမ်းတို့ကြား ဖြစ်ခဲ့အရာကို ပြန်လည်စဉ်းစား သုံးသပ်၍ အဖြေရှာစေရန် မေးလိုက်ခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့ နာမကို မေးမြန်းခြင်းမပြုနှင့်"

ပေနွေလ
ဘာသာပြန်ဆိုသူများ အနေဖြင့်၊ "ပေနွေလ အနက်ကား 'ဘုရားသခင်၏ မျက်နှာတော်' ဟူသတည်း" ဟု မှတ်ချက် ထည့်သွင်းဖော်ပြနိုင်သည်။

မျက်နှာချင်းဆိုင်၍
တဦးနှင့်တဦး အနီးကပ် တွေ့ရကြောင်း ဆိုလိုသည်။

အသက်ချမ်းသာပြီ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လွတ်ငြိမ်းရပြီ"

**Genesis 32:31**

ထိုသို့ . . . ယနေ့တိုင်အောင်
ဣသရေလ၏ သားစဉ်မျိုးဆက်တို့ နောက်ခံသမိုင်းကို မိတ်ဆက်ထားသည်။

ယနေ့တိုင်အောင်
ကျမ်းပြု ရေးသားသော ခေတ်ကာလကို ညွှန်းသည်။

ပေါင်ချန်၌ရှိသော အကြောကြီး
ပေါင်ရိုးနှင့် ပေါင်ဆစ်ကို ဆက်ပေးသည့် အကြောဖြစ်သည်။

ပေါင်ချန်
"ပေါင်ဆစ်"

ထိုးတော်မူသောကြောင့်
"ရိုက်ချိုးတော်မူသဖြင့်"


generated on Fri Sep 22 10:08:29 2023

## Chapter 33

1 ထိုအခါ ယာကုပ်သည် မျှော်ကြည့်၍၊ အစ်ကို ဧသောသည် လူလေးရာပါလျက် ချီလာသည်ကိုမြင်လျှင်၊ လေအာ၊ ရာခေလ၊
ကျွန်မနှစ်ယောက်တို့တွင် သားများ တို့ကို ဝေပေးလေ၏။ 2 ကျွန်မနှစ်ယောက်ကိုကား၊ သူတို့သားများနှင့် ရှေ့ကနေစေ၍၊
လေအာနှင့်သူ၏သားတို့ကို အလယ်၌ ၎င်း၊ ရာခေလနှင့် ယောသပ်ကို နောက်၌၎င်း ထားလေ ၏။ 3 သူတို့ရှေ့မှာ ကိုယ်တိုင်လွန်သွား၍၊
ခုနစ်ကြိမ် တိုင်အောင် ဦးညွှတ်ပြပ်ဝပ်လျက်၊ အစ်ကိုအနီးသို့ ချဉ်းကပ်လေ၏။ 4 ထိုအခါ ဧသောသည် ကြိုဆိုခြင်းငှါ ပြေးလာ၍၊
လည်ချင်းရှက်လျက်၊ ပိုက်ဘက်နမ်းရှုတ်ခြင်းကိုပြု၍၊ နှစ်ယောက်စလုံးတို့သည် ငိုကြွေးကြ၏။ 5 ထိုနောက်၊ မျှော်ကြည့်၍၊ မိန်းမများ၊
သူငယ် များကို မြင်လျှင်၊ သင်၌ပါသော ဤသူတို့သည်၊ အဘယ် သူနည်းဟုမေးသော်၊ ကိုယ်တော်၏ ကျွန်အား၊ ဘုရား
သခင်ပေးသနားတော်မူသော သူငယ်ဖြစ်ကြပါ၏ဟု ပြန်ပြောပြီးမှ၊ 6 ကျွန်မတို့သည်၊ မိမိတို့သားများနှင့် ချဉ်းကပ်၍ ဦးညွှတ်ကြ၏။ 7
ထိုနောက်၊ လေအာသည် သူ၏သားများနှင့် ချဉ်းကပ်၍ ဦးညွှတ်ကြ၏။ ထိုနောက်၊ ယောသပ်နှင့် ရာခေလသည် ချဉ်းကပ်၍
ဦးညွှတ်ခြင်းကို ပြုကြ၏။ 8 ဧသောကလည်း၊ ကျွန်ုပ်တွေ့သော တိရစ္ဆာန်စု အပေါင်းတို့သည်၊ အဘယ်သို့သောအရာနည်းဟု မေး
လျှင်၊ သခင်၏စိတ်တော်နှင့် တွေ့စေခြင်းငှါ ဖြစ်ပါသည် ဟု ပြန်ပြော၏။ 9 ဧသောကလည်း၊ ငါ့ညီ၊ ငါ၌ လုံလောက်အောင် ရှိ၏။
သင်၏ဥစ္စာတို့ကို ယူထားဦးလော့ဟုဆို၏။ 10 ယာကုပ်ကလည်း၊ထိုသို့မဆိုပါနှင့်။ စိတ်တော် နှင့် တွေ့သည်မှန်လျှင်၊
ကျွန်တော်ဆက်သော လက် ဆောင်ကို ခံယူတော်မူပါ။ ဘုရားသခင်၏ မျက်နှာတော် ကို ဖူးမြင်ရသကဲ့သို့၊ ကိုယ်တော်၏ မျက်နှာကို
ဖူးမြင် ရပါ၏။ စိတ်တော်သည်လည်းနူးညွတ်ပါ၏။ 11 ကိုယ်တော်ထံသို့ရောက်သော ကျွန်တော်၏ မင်္ဂလာကိုခံယူတော်မူပါ။
ဘုရားသခင်သည်၊ကျွန်တော်၌ များစွာသောကျေးဇူးကို ပြုတော်မူပြီ။ ကျွန်တော်၌ လုံလောက်အောင်ရှိပါ၏ဟူ၍
တိုက်တွန်းသောကြောင့် ခံယူလေ၏။ 12 ဧသောကလည်း၊ ခရီးသွားကြစို့၊ သင့်ရှေ့မှာ ကျွန်ုပ်သွားမည်ဟုဆိုလျှင်၊ 13 ယာကုပ်က၊
သခင်သိသည်အတိုင်း၊ ဤသူငယ် တို့သည် နုငယ်ပါ၏။ သားငယ်ပါသော သိုး၊ ဆိတ်၊ နွားမ တို့သည် ကျွန်တော်၌ပါပါ၏။ တနေ့
ခြင်းတွင် အနှင်လွန် လျှင်၊ ရှိသမျှတို့သည် သေကြပါလိမ့်မည်။ 14 ထိုကြောင့်သခင်သည်၊ ကိုယ်တော်၏ ကျွန်ရှေ့ မှာကြွနှင့်တော်မူပါ။
ကျွန်တော်မူကား၊ ကျွန်တော်ဆောင် ခဲ့သော တိရစ္ဆာန်များ၊သူငယ်များ၊ တတ်နိုင်သမျှအတိုင်း၊ သခင်နေရာ စိရပြည်သို့ ရောက်အောင်၊
တဖြည်းဖြည်း ပို့ဆောင်ပါမည်ဟု လျှောက်လေ၏။ 15 ဧသောကလည်း၊ သို့ဖြစ်လျှင် အကျွန်ုပ်၌ ပါသော သူအချို့တို့ကို
ညီ၌ထားခဲ့ပါရစေဟုဆိုလျှင်၊ ယာကုပ်က၊ အဘယ်အကြောင်း ရှိပါသနည်း။ သခင်၏ စိတ်တော်နှင့်တွေ့ပါစေဟု ပြန်ဆိုသော်၊ 16
ဧသောသည် ထိုနေ့ခြင်းတွင် စိရပြည်သို့ ခရီးသွား၍ ပြန်လေ၏။ 17 ယာကုပ်လည်း၊ သုကုတ်အရပ်သို့ ခရီးသွား၍၊
ကိုယ်နေဘို့အိမ်ကိုငှင်း၊ တိရစ္ဆာန်များနေဘို့ တင်းကုပ် တို့ကို၎င်း၊ ဆောက်လေ၏။ ထို့ကြောင့် ထိုအရပ်ကို၊ သုကုတ်ဟူ၍
တွင်လေသတည်း။ 18 ထိုနောက်မှ၊ ရှေခင်မြို့သို့ ဘေးမဲ့ရောက်လေ၏။ ပါဒနာရံပြည်မှ ပြန်လာ၍၊ ခါနာန်ပြည်သို့ ရောက်သော
လမ်းခရီးတွင်၊ ထိုမြို့ရှိသတည်း။ ထိုမြို့ ရှေ့မှာတဲကို ဆောက်လေ၏။ 19 တဲဆောက်ရာမြေအကွက်ကို ရှေခင်၏အဘ၊
ဟာမော်၏သားတို့တွင်၊ ငွေတပိဿာ အဘိုးပေး၍ ဝယ်ရသတည်း။ 20 ထိုအရပ်၌လည်း ယဇ်ပလ္လင်ကို တည်ပြီးလျှင်၊
ဧလေလောဟေသရေလဟူ၍သမုတ်လေ၏။

---

---

### Genesis 33:1

**behold**
Not applicable

လူလေးရာ
"လူ ၄၀၀"

လေအာ၊ ရာခေလ၊ ကျွန်မနှစ်ယောက်တို့တွင် သားများတို့ကို ဝေပေးလေ၏
သားတို့ကို အညီအမျှ ခွဲဝေပေးကြောင်း ဆိုလိုခြင်းမဟုတ်။ သက်ဆိုင်ရာ မိခင် အသီးသီးထံသို့ အပ်ပေးခြင်းကို ဆိုလိုသည်။

ကျွန်မနှစ်ယောက်
"အစေခံမ နှစ်ယောက်။" ဗိလဟာနှင့် ဇိလပကို ညွှန်းသည်။

သူတို့ရှေ့မှာ ကိုယ်တိုင်လွန်သွား၍
"ကိုယ်တိုင်" ဟူရာတွင် ထိုသူတို့၏ ရှေ့တွင် ဦးစွာ သွားကြောင်း ဆိုလိုသည်။

ဦးညွှတ်ပြပ်ဝပ်လျက်
"ဦးညွှတ်ပြပ်ဝပ်" ဟူရာတွင် တစုံတယောက် အပေါ် ရိုသေလေးမြတ်ခြင်းသဘောကို ဆောင်သည်။

### Genesis 33:4

ကြိုဆိုခြင်းငှါ
"ယာကုပ်ကို ကြိုဆိုခြင်းငှါ"

လည်ချင်းရှက်လျက်၊ ပိုက်ဘက်နမ်းရှုတ်ခြင်းကိုပြု၍
သီးသန့်ဝါကျအဖြစ် ခွဲထုတ်၍ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထို့နောက်၊ ယာကုပ်ကို လည်ချင်းယှက်လျက်၊ ပွေ့ဖက်ကာ နမ်းရှုပ်၏"

နှစ်ယောက်စလုံးတို့သည် ငိုကြွေးကြ၏
ပို၍တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဤသို့ ပြန်ဆုံရသောကြောင့် ဝမ်းမြောက်သဖြင့် ငိုကြွေးကြ၏"

မိန်းမများ၊ သူငယ်များကို မြင်လျှင်
"ယာကုပ်နှင့် အတူပါလာသော မိန်းမနှင့် ကလေးများကို မြင်လျှင်"

ကိုယ်တော်၏ကျွန်အား၊ ဘုရားသခင် ပေးသနားတော်မူသော သူငယ်ဖြစ်ကြပါ၏
"ကိုယ်တော်၏ကျွန်" ဟူရာတွင် ယာကုပ်က မိမိကိုယ်ကို နှိမ့်ချစွာ ခေါ်ဆိုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊


generated on Fri Sep 22 10:08:29 2023

"ကိုယ်တော့်ကျွန် ကျွန်ုပ်အား ဘုရားသခင် ပေးသနားတော်မူသော သားသမီးများ ဖြစ်ပါ၏"

**Genesis 33:6**

ကျွန်မတို့
"အစေခံမတို့။" ဗိလဟာနှင့် ဇိလပကို ညွှန်းသည်။

ဦးညွတ်ကြ၏
ရိုသေလေးမြတ်ကြောင်း ဖော်ပြသော အမူအရာဖြစ်သည်။

ကျွန်ုပ်တွေ့သော တိရစ္ဆာန်စု အပေါင်းတို့သည်၊ အဘယ်သို့သောအရာနည်း
"တိရစ္ဆာန်စု အပေါင်းတို့" ဟူရာတွင် ဧသောအတွက် ဆက်သရန် ယာကုပ်စေလွှတ်လိုက်သော အစေခံများနှင့် လက်ဆောင်တို့ကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါတွေ့ခဲ့သော လူစုတို့မှာ၊ အဘယ်နည်း"

သခင်၏စိတ်တော်နှင့် တွေ့စေခြင်းငှါ ဖြစ်ပါသည်
"စိတ်တော်နှင့်တွေ့" က အတွေးအမြင်ကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်သခင် စိတ်ကျေနပ်စေခြင်းငှါ ဖြစ်ပါသည်"

သခင်
ဧသောကို ရိုသေလေးမြတ်စွာ ခေါ်ဆိုခြင်း ဖြစ်သည်။

**Genesis 33:9**

ငါ၌ လုံလောက်အောင် ရှိ၏
"တိရစ္ဆာန်" နှင့် "ဥစ္စာ" တို့ကို ညွှန်းခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ၌ တိရစ္ဆာန် လုံလောက်စွာရှိ၏"

စိတ်တော်နှင့် တွေ့သည်မှန်လျှင်
"စိတ်တော်နှင့် တွေ့" က အတွေးအမြင်ကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သခင့်ကို ကျေနပ်စေသည် မှန်လျှင်"

ကျွန်တော်ဆက်သော လက်ဆောင်
ယာကုပ်က မိမိကိုယ်ကို ညွှန်းဆိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်တော်ပေးသော လက်ဆောင်"

ဘုရားသခင်၏ မျက်နှာတော်ကို ဖူးမြင်ရသကဲ့သို့ ကိုယ်တော်၏ မျက်နှာကို ဖူးမြင်ရပါ၏
ဆိုလိုရင်း နားလည်ရခက်သော ခိုင်းနှိုင်းချက်ဖြစ်သည်။ ဖြစ်နိုင်ချေများမှာ၊

ကိုယ်တော်၏ မျက်နှာကို ဖူးမြင်ရပါ၏
"မျက်နှာ" က ဧသောကို ပုံဆောင်သည်။ "ဘုရားသခင်၏ မျက်မှောက်တော်" နှင့် ၃၂:၂၉ ရှိ "မျက်နှာချင်းဆိုင်၍" ပြန်ဆိုချက်တို့၏ အရေးပါမှုကြောင့် "မျက်နှာ" ဟုသာ ဖော်ပြရန် သင့်ပါသည်။

ကိုယ်တော်ထံသို့ရောက်သော
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်တို့ ဆက်သသော"

ဘုရားသခင်သည်၊ ကျွန်တော်၌ များစွာသောကျေးဇူးကို ပြုတော်မူပြီ
"ဘုရားသခင်က ကျွန်တော့်အပေါ် ကောင်းမြတ်တော်မူပြီ" သို့မဟုတ် "ဘုရားသခင်က ကျွန်တော့်ကို ကောင်းကြီးပေးတော်မူပြီ"

ဟူ၍ တိုက်တွန်းသောကြောင့် ခံယူလေ၏
လက်ဆောင်ကို ပထမဦးဆုံး ငြင်းဆိုရပြီး၊ ပေးကမ်းသူ စိတ်မပျက်မီ နောက်တကြိမ်၌ လက်ခံခြင်းမှာ ဓလေ့ထုံးစံတခု ဖြစ်သည်။

**Genesis 33:12**

သခင် သိသည့်အတိုင်း
ဧသောကို ရိုသေလေးမြတ်စွာ ခေါ်ဆိုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်သခင် သိသည့်အတိုင်း"

ဤသူငယ်တို့သည် နုငယ်ပါ၏
ပို၍ တိကျစွာ ဖော်ပြနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဤကလေးတို့မှာ ငယ်လွန်းပါ၏"

တနေ့ခြင်းတွင် အနှင်လွန်လျှင်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တနေ့အတွင်း အနှင်လွန်လျှင်"

ထိုကြောင့် သခင်သည်၊ ကိုယ်တော်၏ကျွန် ရှေ့မှာ ကြွနှင့်တော်မူပါ
နှိမ့်ချစွာ ညွှန်းဆိုသောစကား ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထို့ကြောင့်၊ ကိုယ်တော့်ကျွန်၏ ရှေ့မှာ ကြွနှင့်တော်မူပါ"

ကျွန်တော် ဆောင်ခဲ့သော တိရစ္ဆာန်များ၊သူငယ်များ၊ တတ်နိုင်သမျှအတိုင်း
"ကျွန်တော် ဆောင်ခဲ့သော တိရစ္ဆာန်နှင့် သူငယ်များ၏ အရှိန်အတိုင်း"

စိရပြည်
ဧဒုံပြည်ရှိ တောင်ကုန်းဒေသဖြစ်သည်။ ၃၂:၃ မှ ပြန်ဆိုချက်ကို ရှု။

**Genesis 33:15**

အဘယ်အကြောင်း ရှိပါသနည်း
မိမိလူကို ထားစရာ မလိုပါကြောင်း ထင်ဟပ်စေရန် မေးခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုသို့ ပြုစရာအကြောင်း မရှိပါ" သို့မဟုတ် "ထိုသို့ ပြုစရာ မလိုပါ"

သခင်၏
ဧသောကို ရိုသေလေးမြတ်စွာ ခေါ်ညွှန်းခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်သခင်၏"

သုကုတ်
ဘာသာပြန်ဆိုသူများ အနေဖြင့် "သုကုတ် အနက်ကား 'အရိပ်အာဝါသ' ဟူသတည်း" ဟု မှတ်ချက် ထည့်သွင်းဖော်ပြနိုင်သည်။

ကိုယ်နေဘို့ အိမ်ကိုရင်း . . . ဆောက်လေ၏
မိမိ အိမ်သားတို့အတွက်လည်း ဖြစ်ကြောင်းကို တိကျစွာဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်နှင့် မိသားစုအဖို့အိမ်ကိုလည်းကောင်း ... ဆောက်လေ၏"

တိရစ္ဆာန်များနေဘို့ တင်းကုပ်တို့ကိုရင်း
"မိမိပိုင်သော တိရစ္ဆာန်များအဖို့ တင်းကုပ်တို့ကိုလည်းကောင်း"

 

### Genesis 33:18

ယေဘုယျ အချက်အလက်
အကြောင်းသစ်ကို အစဖွင့်ထားသည်။ သုကုတ်မြို့၌ နေထိုင်ပြီးနောက် အဖြစ်အပျက်ကို တွေ့ရသည်။

ပါဒနာရံပြည်မှ ပြန်လာ၍
"ပဒ္ဒန်အာရမ်ပြည်မှ ပြန်လာ၍"

ရောက်လေ၏ . . . ပြန်လာ၍ . . . ဆောက်လေ၏
အိမ်ထောင်ဦးစီး ဖြစ်သော ယာကုပ် တစ်ဦးတည်း ဆောင်ရွက်သကဲ့သို့ သုံးနှုန်းထားသည်။ သို့ရာတွင် တမိသားစုလုံး ပါဝင်သည်။

. . . ရှေ့မှာ တဲကို ဆောက်လေ၏
"... နားမှာ စခန်းချလေ၏"

မြေအကွက်
"မြေကွက်"

ဟာမော်
ယောကျာ်းအမည် ဖြစ်သည်။

ရှေခင်၏အဘ
မြို့အမည်ဖြစ်ပြီး၊ လူတစ်ဦး၏ အမည်လည်း ဖြစ်သည်။

တပိဿာ
"ကျပ်သား ၁၀၀"

ဧလေလောဣသရေလ
ဘာသာပြန်ဆိုသူများ အနေဖြင့် "ဧလေလော ဣသရေလ အနက်ကား 'ဘုရားသခင်၊ ဣသရေလ၏ ဘုရားသခင်' ဟူသတည်း" ဟု မှတ်ချက် ထည့်သွင်း ဖော်ပြနိုင်သည်။



generated on Fri Sep 22 10:08:29 2023

## Chapter 34

1 ယာကုပ်၏မယား၊ လေအာ ဘွားမြင်သောသမီး ဒိနသည်၊ ထိုပြည်၏ အမျိုးသမီးတို့ကို အကြည့်အရှု သွားရာတွင်၊ 2 ထိုပြည်ကို
အစိုးရသောဟိဝိအမျိုး၊ ဟာမော်မင်း ၏သား ရှေခင်သည် ဒိနကိုမြင်လျှင်၊ ယူသွား၍ အိပ် ဘော်ပြုလျက်၊ သူအသရေကို
ရှုတ်ချလေ၏။ 3 နောက်မှ သူ့ကိုချစ်သော စိတ်မကုန်၊ အမြဲ ချစ်၍၊ မေတ္တာစကားနှင့်ဖြားယောင်းလျက် နေ၏။ 4
ခမည်းတော်ဟာမော်ထံသို့လည်း ဝင်၍၊ ဤ မိန်းမကို အကျွန်ုပ်ကြင်ဘက်ဖြစ်စေခြင်းငှါ၊ တောင်း၍ ပေးတော်မူပါဟု လျှောက်ဆို၏။ 5
ယာကုပ်သည် မိမိသမီးဒိနကို၊ ရှေခင်မင်းသား ရှုတ်ချကြောင်းကို ကြားသိသော်လည်း၊ မိမိသားတို့သည် တောအရပ်မှာ
တိရစ္ဆာန်တို့နှင့်အတူရှိသည်ဖြစ်၍၊ သူတို့ ကို ငံ့လင့်လျက် တိတ်ဆိတ်စွာနေလေ၏။ 6 ထိုနောက်၊ ရှေခင်အဘ ဟာမော်မင်းသည်
ယာကုပ်နှင့်နှုတ်ဆက်ခြင်းငှါ လာ၍၊ 7 ယာကုပ်၏သားတို့လည်း သိတင်းကြားသော အခါ၊ တောအရပ်မှပြန်ရောက်ကြ၏။
ထိုမင်းသားသည် ယာကုပ်၏သမီးနှင့် အိပ်မိ၍၊ ဣသရေလအမျိုး၌ မိုက် သောအမှု၊ မပြုအပ်သော အရာကို ပြုမိသောကြောင့်၊
သူတို့သည် စိတ်နာ၍ အလွန်အမျက်ထွက်ကြ၏။ 8 ဟာမော်မင်းလည်း သူတို့နှင့်နှုတ်ဆက်လျက်၊ ငါ့သားရှေခင်သည်၊ သင်တို့သမီးကို
အလွန် ချစ်အားကြီး ပါ၏။ ထိမ်းမြားပေးစားကြပါလော့။ 9 သင်တို့သည် ငါတို့နှင့်အချင်းချင်း ထိမ်းမြားခြင်း ကို ပြုလျက်၊
သင်တို့သမီးကို ပေးစားကြလော့။ ငါတို့သမီး နှင့်လည်း စုံဘက်ကြလော့။ 10 သင်တို့သည် ငါတို့နှင့်အတူနေ၍၊ ဤပြည်၌
အဆီးအတားမရှိ၊ နေရာချလျက်၊ ဖေါက်ကားရောင်းဝယ် ခြင်းကို ပြု၍၊ အပိုင်ယူကြလော့ဟု ဆိုလေ၏။ 11 ရှေခင်ကလည်း၊
သင်တို့စိတ်နှင့်တွေ့ကြပါစေ။တောင်းသမျှကို ပေးပါမည်။ 12 ကန်တော့ဥစ္စာဖြစ်စေ၊ လက်ဆောင်ပဏ္ဏာဖြစ် စေ၊ နည်းများမဆို၊
တောင်းသည့်အတိုင် ပေးပါမည်။ဤမိန်းမကိုသာ ငါ့အား ထိမ်းမြားပေးစားကြပါဟု၊ မိန်းမ ၏အဘနှင့်မောင်တို့အား ဆိုလေ၏။ 13
ယာကုပ်၏ သားတို့သည်၊ နှမဒိနကို ရှေခင် မင်းသား ရှုတ်ချသောအကြောင်းကို ဆင်ခြင်၍၊ မင်းသား နှင့်အဘဟာမော်ကို
ပရိယာယ်ဖြင့် ပြန်ပြောသည်မှာ၊ 14 ကျွန်ုပ်တို့နှမကို အရေဖျားလှီးမင်္ဂလာကို မခံ သောသူအား မပေးစားနိုင်ပါ။ ပေးစားလျှင်၊
ကဲ့ရဲ့ဘွယ် သောအကြောင်း ဖြစ်ပါ၏။ 15 သင်တို့သည် ကျွန်ုပ်တို့ ဘာသာအတိုင်းပြု၍၊ ယောကျ်ားတိုင်း အရေဖျားလှီးမင်္ဂလာကို
ခံလျှင်၊ ကျွန်ုပ် တို့သည် ဝန်ခံကြပါမည်။ 16 သို့ပြုလျှင်၊ ကျွန်ုပ်တို့သမီးကို သင်တို့အား ပေးစား၍၊ သင်တို့၏သမီးနှင့်လည်း
စုံဘက်ကြသဖြင့်၊ သင်တို့နှင့်အတူနေထိုင်၍၊ တမျိုးတည်းဖြစ် ကြလိမ့်မည်။ 17 သို့မဟုတ်ကျွန်ုပ်တို့စကားကို နားမထောင်၊
အရေဖျားလှီးမင်္ဂလာကိုမခံလျှင်၊ ကျွန်ုပ်တို့ သမီးကိုယူ၍ သွားမည်ဟုဆိုကြ၏။ 18 ထိုစကားကို ဟာမော်မင်းနှင့် သားတော်ရှေခင်
သည် နှစ်သက်၍၊ 19 ထိုမင်းသားသည်၊ ယာကုပ်၏သမီးကို ချစ်အား ကြီးသောကြောင့်၎င်း၊ အဘ၏ အမျိုးသားချင်းအပေါင်း
တို့ထက် အသရေရှိသောကြောင့်၎င်း၊ ချက်ခြင်းဝန်ခံလေ ၏။ 20 ထိုအခါ၊ ဟာမော်မင်းနှင့် သားတော် ရှေခင် သည်၊ မိမိမြို့တံခါးသို့
သွား၍၊ မြို့သားတို့နှင့် နှုတ်ဆက် လျက်၊ 21 အချင်းတို့၊ ဤသူတို့သည် ငါတို့နှင့် သင့်တင့် ကြပြီ။ ငါတို့ပြည်၌နေ၍
ဖေါက်ကားရောင်းဝယ်မှုကို ပြုကြပါစေ။ ငါတို့ပြည်သည် သူတို့နေသာအောင် ကျယ်ပေ၏။ သူတို့သမီးများနှင့် အိမ်ထောင်ဘက်
ပြုကြ စို့။ငါတို့သမီးများကိုလည်း သူတို့အား ထိမ်းမြားပေးစား ကြစို့။ 22 သို့ရာတွင် သူတို့သည် အရေဖျားလှီးမင်္ဂလာ ကိုခံသကဲ့သို့၊
ငါတို့တွင် ယောကျ်ားတိုင်း အရေဖျားလှီး မင်္ဂလာကို ခံမှသာ၊ထိုလူတို့သည် ငါတို့တွင်နေ၍ တမျိုး တည်း ဖြစ်စေခြင်းငှါ
ဝန်ခံကြလိမ့်မည်။ 23 သူတို့၏သိုးနွားမှစ၍ တိရစ္ဆာန်များ၊ ဥစ္စာများတို့ သည် ငါတို့ဥစ္စာ ဖြစ်ကြလိမ့်မည် မဟုတ်လော။ သူတို့
အလိုသို့လိုက်ကြစို့။ သို့ပြုလျှင် သူတို့သည် ငါတို့တွင် နေကြလိမ့်မည်ဟု၊ 24 ဟာမော်မင်းနှင့် သားတော်ရှေခင်ပြောသော စကားကို၊
မြို့တံခါးမှ ထွက်သောသူအပေါင်းတို့သည် နားထောင်၍ ယောကျ်ားရှိသမျှတို့သည် အရေဖျားလှီး မင်္ဂလာကိုခံကြ၏။ 25 ထိုသို့ခံ၍
သုံးရက်မြောက်သော နေ့၌၊ အလွန် နာကြသောအခါ၊ ယာကုပ်သား၊ ဒိန၏မောင် ရှိမောင်နှင့် လေဝိညီနောင် နှစ်ယောက်တို့သည်၊
ထားလက်နက် တယောက်တစင်းစီ စွဲကိုင်လျက်၊ သတိမရှိသော ထိုမြို့ကို တိုက်၍၊ ယောကျ်ားအပေါင်းတို့ကို သတ်လေ၏။ 26
ဟာမော်မင်းနှင့် သားတော်ရှေခင်ကိုလည်း ထားလက်နက်ဖြင့် သတ်ပြီးလျှင်၊ ဒိနကို ရှေခင်အိမ်မှ နှုတ်ယူ၍ ပြန်သွားကြ၏။ 27
မိမိတို့နှမ ရှုတ်ချခြင်းကို ခံရသောကြောင့်၊ တဖန်ယာကုပ်သားတို့သည် အသေသတ်ပြီးသော သူတို့ ဆီသို့သွားပြန်၍၊
မြို့ကိုလုယက်ဖျက်ဆီးသဖြင့်၊ 28 သူတို့ သိုး၊ဆိတ်၊နွား၊မြည်းမှစ၍၊ မြို့၌ရှိသမျှ၊ လယ်၌ရှိသမျှသော ဥစ္စာကို၎င်း၊ 29
သူတို့သားမယား သူငယ်အပေါင်းကို၎င်း သိမ်း ယူ၍၊ အိမ်တို့၌ရှိသမျှကိုလည်း လုယက်ဖျက်ဆီးကြ၏။ 30 ထိုအခါ ယာကုပ်က၊
သင်တို့သည် ငါ့ကို ညှဉ်းဆဲ ကြပြီတကား။ ခါနနိလူ၊ ဖေရဇိလူတည်းဟူသော၊ ဤပြည် သားတို့သည် ငါ့ကိုရွံရှာအောင်
ပြုကြပြီတကား။ ငါတို့၌ လူအရေအတွက် အားနည်းသောကြောင့်၊ သူတို့သည် စုဝေး၍ ငါ့ကိုတိုက်သတ်သဖြင့်၊ ငါနှင့် ငါ့အိမ်သူ
အိမ်သားတို့ကို ဖျက်ဆီးကြလိမ့်မည်ဟု၊ ရှိမောင်နှင့် လေဝိတို့အား ဆိုလေသော်၊ 31 သူတို့က၊ ငါတို့နှမကို ပြည်တန်ဆာကဲ့သို့မှတ်၍
ပြုရမည်လောဟု ပြန်ဆိုလေ၏။

---

### Genesis 34:1

ဒိန
လေအာ သမီး၏ အမည်ဖြစ်သည်။ ၃၀:၁၉ မှ ပြန်ဆိုချက်ကို ရှု။

ဟိဝိအမျိုး
လူမျိုးစုအမည် ဖြစ်သည်။ ၁၀:၁၅ ရှိ "ဟိဝိလူ" ပြန်ဆိုချက်ကို ရှု။

ထိုပြည်ကို အစိုးရသော . . . မင်း
ရှေခင် မဟုတ်ဘဲ ဟာမော်ကို ညွှန်းသည်။ "အစိုးရသော မင်း" ဟူရာတွင် ထိုဒေသ၏ ခေါင်းဆောင်ဟုလည်း ဆိုလိုသည်။

အိပ်ဘော်ပြုလျက်၊ သူ့အသရေကို ရှုတ်ချလေ၏
အဓမ္မ ပြုကျင့်သည်။

 generated on Fri Sep 22 10:08:29 2023

နောက်မှ သူ့ကိုချစ်သောစိတ် မကုန်
"သူမကို လွန်စွာ ချစ်သဖြင့်"

မေတ္တာစကားနှင့် ဖြားယောင်းလျက်နေ၏
သူမကို ချစ်သကဲ့သို့ မိမိကိုလည်း ပြန်လည် ချစ်ကြောင်း တို့ပြန်ရန် ပြောဆိုခြင်း ဖြစ်သည်။

**Genesis 34:4**

ယာကုပ်သည်... ကြားသိသော်
ရှေခင်မင်းသားက ဒိနအား ပြုသော အမှုကို ကြားသိခြင်း ဖြစ်သည်။

ရှုတ်ချ
ရှေခင်က အဓမ္မပြုခြင်းဖြင့် ဒိန၏ ဂုဏ်ကို ညစ်ညမ်းစေကြောင်း ဆိုလိုသည်။

ငံ့လင့်လျက် တိတ်ဆိတ်စွာနေလေ၏
အထက်ပါ ဖြစ်ရပ်နှင့် ပတ်သက်၍ ရေငုံနှုတ်ပိတ်ကြောင်း ဆိုလိုခြင်း ဖြစ်သည်။

**Genesis 34:6**

ဟာမော်မင်းသည် ယာကုပ်နှင့် နှုတ်ဆက်ခြင်းငှါ လာ၍
"ဟာမော်မင်းသည် ယာကုပ်နှင့် တွေ့ဆုံရန် လာ၍"

သူတို့သည် စိတ်နာ၍
"သူတို့သည် ဒေါသဖြစ်၍"

ထိုမင်းသားသည် . . . အလွန်အမျက်ထွက်ကြ၏
UDB မှာကဲ့သို့၊ ယာကုပ် သားတို့၏ တိုက်ရိုက်ပြောစကား အဖြစ် ဖော်ပြနိုင်သည်။

ဣသရေလအမျိုး၌ မိုက်သောအမှု
ဣသရေလ တမျိုးလုံးကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဣသရေလအမျိုးကို အရှက်ခွဲပြီး" သို့မဟုတ် "ဣသရေလအမျိုး၌ သိက္ခာကျစရာ"

ထိုမင်းသားသည် ယာကုပ်၏သမီးနှင့် အိပ်မိ၍
"ထိုမင်းသားသည် ယာကုပ်၏သမီးအပေါ် အဓမ္မပြုကျင့်၍"

မပြုအပ်သောအရာ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မပြုသင့်သော အမှု"

**Genesis 34:8**

ဟာမော်မင်းလည်း သူတို့နှင့် နှုတ်ဆက်လျက်
"ဟာမော်မင်းလည်း သူတို့အား နှုတ်ဆက်လျက်"

သင်တို့သမီးကို အလွန်ချစ်အားကြီးပါ၏
"ချစ်အားကြီး" ဟူရာတွင် ယောကျ်ားနှင့်မိန်းမကြား ချစ်ခြင်းတရားကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့ သမီးကို ချစ်၍ ထိန်းမြားလိုပါ၏"

ထိမ်းမြားပေးစားကြပါလော့
အချို့သော ယဉ်ကျေးမှုတွင် သားသမီးတို့၏ အိမ်ထောင်ဖက်ကို မိဘက ရွေးချယ် သတ်မှတ်ပေးရသည်။

သင်တို့သည် ငါတို့နှင့်အချင်းချင်း ထိမ်းမြားခြင်းကို ပြုလျှက်
လူမျိုးရေး၊ လူမှုရေး၊ ဘာသာရေး သို့မဟုတ် မျိုးနွယ်စု မတူသောသူ အချင်းချင်း လက်ထပ် ထိမ်းမြားခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့အမျိုးနှင့် ငါတို့အမျိုးကြား ထိမ်းမြားခြင်း ပြုလျှက်"

ဤပြည်၌ အဆီးအတားမရှိ
"ဤပြည်၌ လွတ်လပ်စွာ"

**Genesis 34:11**

ရှေခင်ကလည်း . . . ဟု မိန်းမ၏ အဘနှင့်မောင်တို့အား ဆိုလေ၏
"ရှေခင်ကလည်း ... ဟု ဒိန၏အဖ ယာကုပ်နှင့် သားများထံ ဆိုလေ၏"

သင်တို့စိတ်နှင့် တွေ့ကြပါစေ။ တောင်းသမျှကို ပေးပါမည်
"စိတ်နှင့် တွေ့" ဟူရာတွင် အတွေးအမြင်ကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့ အခွင့်ပေးလျှင်၊ တောင်းသမျှကို ပေးပါမည်"

ကန်တော့ဥစ္စာ
အချို့သော ယဉ်ကျေးမှုတွင်၊ မင်္ဂလာပွဲတွင် သတို့သားက သတို့သမီး၏ မိသားစုထံ ငွေကြေး၊ ဥစ္စာ၊ ခြေမွေးတိရစ္ဆာန်စသော လက်ဖွဲ့ပစ္စည်းကို ပေးသော ဓလေ့ကို ကျင့်သုံးသည်။

ယာကုပ်၏ သားတို့သည် . . . မင်းသားနှင့် အဘဟာမော်ကို ပရိယာယ်ဖြင့် ပြန်ပြောသည်မှာ
စိတ္တဇနာမ် "ပရိယာယ်" ကို "လိမ်လည်သည်" ဟူ၍ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုအရာ ယာကုပ်၏ သားတို့က ... ရှေခင်နှင့် ဖခင်ဟာမော်တို့ထံ လိမ်လည်သည်မှာ"

နှမဒိနကို ရှေခင်မင်းသား ရှုတ်ချသောအကြောင်းကို ဆင်ခြင်၍
ရှေခင်၏ အပြုအမူက ဒိန၏ ဂုဏ်ကို ညစ်ညမ်းစေကြောင်း ဆိုလိုသည်။ ၃၄:၄ ရှိ "ရှုတ်ချ" ပြန်ဆိုချက်ကို ရှု။

**Genesis 34:14**

. . . ဟုဆိုကြ၏
"... ဟု ရှေခင်နှင့် ဟာမော်တို့ထံ ဆိုကြ၏"

ကျွန်ုပ်တို့နှမကို . . . မပေးစားနိုင်ပါ
"နှမဒိနကို ... မပေးစားနိုင်ပါ"

ပေးစားလျှင်၊ ကဲ့ရဲ့ဘွယ်သောအကြောင်း ဖြစ်ပါ၏
"ထိုသို့ပြုလျှင်၊ သိက္ခာကျစရာ ဖြစ်ပါ၏"

ကျွန်ုပ်တို့သမီးကို သင်တို့အား ပေးစား၍၊ သင်တို့၏သမီးနှင့်လည်း စုံဘက်ကြသဖြင့်
ယာကုပ်၏ အိမ်သားနှင့် ဟာမော်၏ ပြည်သားတို့ကြား ထိန်းမြားခွင့်ပေးမည်ဟု ဆိုလိုသည်။

**Genesis 34:18**

ထိုစကားကို ဟာမော်မင်းနှင့် သားတော်ရှေခင်သည် နှစ်သက်၍
"စကား" မှာ ပြောသမျှအရာကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယာကုပ်၏ သားတို့ ပြောသည်ကို ဟာမော်နှင့် သား ရှေခင်တို့ လက်ခံ၍"

ချက်ခြင်း ဝန်ခံလေ၏
"အရေဖျားလှီးရန် ကတိပြုလေ၏"

ယာကုပ်၏သမီး
"ယာကုပ်၏ သမီး ဒိန"

အဘ၏အမျိုးသားချင်း အပေါင်းတို့ထက် အသရေရှိသောကြောင့်ငင်း
နောက်စာကြောင်းသစ်ဖြင့် ဖော်ပြနိုင်သည်။ ရှေခင်ကို မိမိလူတို့က လေးစားသောကြောင့် သူပြောသမျှအတိုင်း လက်ခံမည်ဟု တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဆွေမျိုးများ၏ ကြည်ညိုလေးစားမှုကို ရရှိသဖြင့် မိမိပြောသမျှအတိုင်း လက်ခံမည်ကို သိသောကြောင့်"

## Genesis 34:20

မိမိမြို့တံခါး
ထိုခေတ် ခေါင်းဆောင်တို့က တရားဝင် ကြေညာချက်များကို မြို့တံခါး၌ ပြုလုပ်လေ့ရှိသည်။

ဤသူတို့
"ယာကုပ်၊ သူ၏သားများနှင့် ဣသရေလအမျိုးတို့"

ငါတို့နှင့် သင့်တင့်ကြပြီ
"ငါတို့" က ဟာမော်၊ သူ၏ သားနှင့် မြို့တံခါး၌ ရှိသမျှသောသူ အားလုံး ပါဝင်သည်။

ငါတို့ပြည်၌နေ၍ ဖေါက်ကားရောင်းဝယ်မှုကို ပြုကြပါစေ
"ငါတို့ပြည်၌ နေ၍ ရောင်းဝယ်ဖောက်ကား ကြပါစေ"

ငါတို့ပြည်သည် သူတို့နေသာအောင် ကျယ်ပေ၏
"အကြောင်းမူကား၊ သူတို့ နေထိုင်ဖို့ မြေနေရာ များလှပေ၏"

သူတို့သမီးများနှင့် အိမ်ထောင်ဘက် ပြုကြစို့။ ငါတို့သမီးများလည်း သူတို့အား ထိမ်းမြားပေးစာကြစို့
လူတမျိုးနှင့် တမျိုး ထိမ်းမြားပေးစားခြင်းကို ညွှန်းသည်။ ၃၄း၈ မှ ပြန်ဆိုချက်ကို ရှု။

## Genesis 34:22

ယေဘုယျ အချက်အလက်
မြို့လူကြီးများထံ ဟာမော်နှင့် သားရှေခင်တို့က ဆက်လက် ပြောဆိုသည်။

သို့ရာတွင် သူတို့သည် အရေဖျားလှီးမင်္ဂလာကို ခံသကဲ့သို့၊ ငါတို့တွင် ယောကျ်ားတိုင်း အရေဖျားလှီး မင်္ဂလာကို ခံမှသာ၊ ထိုလူတို့သည် ငါတို့တွင်နေ၍ တမျိုးတည်း ဖြစ်စေခြင်းငှါ ဝန်ခံကြလိမ့်မည်
"သို့ရာတွင် ထိုလူတို့သည် ငါတို့တွင်နေ၍ တမျိုးတည်း ဖြစ်ရန် ဝန်ခံစေခြင်းငှါ ဤသို့ပြုရမည်။ သူတို့သည် အရေဖျားလှီးခြင်း မင်္ဂလာကို ခံသကဲ့သို့၊ ငါတို့တွင် ယောကျ်ားတိုင်း အရေဖျားလှီးခြင်း မင်္ဂလာကို ခံရမည်"

သူတို့၏သိုးနွားမှစ၍ တိရစ္ဆာန်များ၊ ဥစ္စာများတို့သည် ငါတို့ဥစ္စာ ဖြစ်ကြလိမ့်မည် မဟုတ်လော
ယာကုပ် ပိုင်ဆိုင်သော တိရစ္ဆာန်များနှင့် ဥစ္စာပစ္စည်းများကို ရှေခင်မြို့သားတို့ ပိုင်ဆိုင်ရမည်အကြောင်း ထင်ဟပ်စေသော မေးခွန်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ ပိုင်သော တိရစ္ဆာန်များ၊ ဥစ္စာများမှာ ငါတို့ဥစ္စာ ဖြစ်ရလိမ့်မည်"

## Genesis 34:24

ယောကျ်ား ရှိသမျှတို့သည် အရေဖျားလှီး မင်္ဂလာကိုခံကြ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယောကျ်ား ရှိသမျှတို့ကို အရေဖျားလှီးခြင်း မင်္ဂလာ ပြုပေးကြ၏"

ထိုသို့ခံ၍ သုံးရက်မြောက်သော နေ့၌
"သုံးရက်မြောက်" မှာ သုံးရက်၏ အစဉ်ပြကိန်းဖြစ်သည်။ ၎င်းအစဉ်ပြကိန်းကို နောက်တမျိုးဖြင့်လည်း ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုသို့ ခံပြီး သုံးရက်အကြာတွင်"

အလွန်နာကြသောအခါ
"အနာ မပျောက်သေးသဖြင့်"

ထားလက်နက် တယောက်တစင်းစီ စွဲကိုင်လျက်
"ဓါးလက်နက်များကို ကိုင်လျက်"

သတိမရှိသော ထိုမြို့ကို တိုက်၍
"မြို့" က မြို့သားတို့ကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သတိ မရှိသော မြို့သားတို့ကို တိုက်၍"

တိုက်၍၊ ယောကျ်ားအပေါင်းတို့ကို သတ်လေ၏
စာကြောင်း နှစ်ကြောင်းဖြင့် ဖော်ပြနိုင်သည်။ "တိုက်၏။ ယောကျ်ားအပေါင်းတို့ကို သတ်လေ၏"

ထားလက်နက်ဖြင့်
ဓါးကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဓါးထိပ်ဖြင့်" သို့မဟုတ် "ဓါး လက်နက်ဖြင့်"

## Genesis 34:27

အသေသတ်ပြီးသော သူတို့
ဟာမော်၊ ရှေခင်နှင့် လူတို့၏ အလောင်း"

မြို့ကို လုယက်ဖျက်ဆီးသဖြင့်
"မြို့ကို လုယက်သဖြင့်"

မိမိတို့နှမ ရှုတ်ချခြင်းကို ခံရသောကြောင့်
ဒိနကို ပြစ်မှားသူမှာ ရှေခင်တဦးတည်း ဖြစ်သော်လည်း ယာကုပ်၏ သားများက ရှေခင်တို့ တအိမ်သားလုံးနှင့် တမြို့လုံးကို အပြစ်တင်သည်။

ရှုတ်ချခြင်းကို ခံရသောကြောင့်
ဒိနကို အဓမ္မကျင့်ခြင်းဖြင့် သူမ၏ ဂုဏ်အသရေကို ဖျက်ဆီးကြောင်း ဆိုလိုသည်။ ၃၄း၄ ရှိ "ရှုတ်ချ" ပြန်ဆိုချက်ကို ရှု။

သူတို့ သိုး . . . ကိုငင်း သိမ်းယူ၍
"မြို့သားတို့၏ သိုး ... ကိုလည်း သိမ်းယူ၍"

ရှိသမျှသော ဥစ္စာကိုငင်း
"ရှိသမျှသော ဥစ္စာပစ္စည်းကိုလည်းကောင်း"

သူတို့ သားမယား သူငယ်အပေါင်းကိုငင်း သိမ်းယူ၍
"သူတို့ သားသမီးနှင့် မယားအပေါင်းကိုလည်းကောင်း သိမ်းယူ၍"


generated on Fri Sep 22 10:08:29 2023

**Genesis 34:30**

ငါ့ကို ညှဉ်းဆဲကြပြီတကား
"ညှဉ်းဆဲ" ခြင်းကို လူတစ်ဦးအပေါ် ထားနိုင်သောအရာကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့ကို ဒုက္ခရောက်စေပြီ တကား"

ငါ့ကိုရွံရှာအောင် ပြုကြပြီတကား
မုန်းတီးခြင်းကို ရွံရှာခြင်းနှင့် တင်စာထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့ကို ဆန့်ကျင်အောင် ပြုကြပြီတကား"

ငါတို့၌ လူအရေအတွက် အားနည်းသောကြောင့် . . . ငါ့ကိုတိုက်သတ်သဖြင့်၊ ငါနှင့် ငါ့အိမ်သူ အိမ်သားတို့ကို ဖျက်ဆီးကြလိမ့်မည်
"ငါ" က ယာကုပ်၏ မိသားစု တခုလုံးကို ညွှန်းသည်။ အိမ်ထောင်ဦးစီး အနေဖြင့် "ငါ" ဟုသာ သုံးခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့မိသားစုမှာ လူနည်းသောကြောင့် ... ငါတို့ကို တိုက်သဖြင့်၊ ငါတို့အားလုံးကို ဖျက်ဆီးကြလိမ့်မည်"

သူတို့သည် စုဝေး၍ ငါ့ကိုတိုက်သတ်သဖြင့်
"သူတို့သည် လူစု၍ ငါ့ကို တိုက်သဖြင့်" သို့မဟုတ် "သူတို့သည် လူစု၍ ငါတို့ကို တိုက်သဖြင့်"

ငါ . . . တို့ကို ဖျက်ဆီးကြလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့ကို ဖျက်ဆီးကြလိမ့်မည်" သို့မဟုတ် "ငါတို့ကို ဖျက်ဆီးကြလိမ့်မည်"

ငါတို့နှမကို ပြည့်တန်ဆာကဲ့သို့မှတ်၍ ပြုရမည်လော
ရှိမောင်နှင့် လေဝိတို့က ရှေခင်ပြုသော အမှုမှာ မှားယွင်းပြီး သေရန် ထိုက်တန်ကြောင်း ထင်ဟပ်စေရန် မေးလိုက်ခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူသည် ငါ့တို့နှမကို ပြည့်တန်ဆာကဲ့သို့ ဆက်ဆံခြင်း မပြုလျှင် သေမည်မဟုတ်ပါ"


generated on Fri Sep 22 10:08:29 2023

## Chapter 35

1 ထိုနောက် ဘုရားသခင်က၊ သင်ထ၍ဗေသလ အရပ်သို့ သွားနေလော့။ သင်သည် အစ်ကိုဧသောထံမှ ပြေးသောအခါ၊ သင့်အား
ထင်ရှားသော ဘုရားသခင် အဘို့၊ ထိုအရပ်၌ ယဇ်ပလ္လင်ကို တည်လော့ဟု၊ ယာကုပ် အား မိန့်တော်မူ၏။ 2 ထိုအခါယာကုပ်သည်
အိမ်သူအိမ်သားများနှင့်၊ မိမိ၌ရှိသောသူအပေါင်းတို့ကို ခေါ်၍၊ သင်တို့တွင် ပါသော၊ တပါးအမျိုးသားတို့၏ ဘုရားတို့ကို ပယ်ပစ်
ကြလော့။ အဝတ်ကို လဲ၍ သန့်ရှင်းခြင်း ရှိစေကြလော့။ 3 ယခုထ၍ ဗေသလအရပ်သို့သွားကြစို့။ ငါသည် ဆင်းရဲခံရသောကာလ
ငါ့ကိုထူး၍၊ ငါသွားသောလမ်း၌ ကြွတော်မူသော ဘုရားသခင်အဘို့ ထိုအရပ်၌ ယဇ်ပလ္လင် ကို ငါတည်မည်ဟု ဆိုလေ၏။ 4
သူတို့သည်လည်း၊ မိမိတို့၌ပါသော တပါး အမျိုးသားတို့၏ ဘုရားအပေါင်းတို့နှင့်၊ နား၌ပန်သော နားပန်တန်ဆာ ရှိသမျှတို့ကို၊
ယာကုပ်အားပေး၍၊ ယာကုပ်လည်း၊ ရှေခင်မြို့နားတွင် ရှိသော သပိတ်ပင် အောက်၌ မြှုပ်ထားလေ၏။ 5 သူတို့ပြောင်းသွား
ကြသောအခါ၊ပတ်ဝန်းကျင် မြို့သားတို့သည်၊ ဘုရားသခင်ကို ကြောက်ရွံ့၍၊ ယာကုပ် သားတို့ကို မလိုက်ဝံ့ဘဲနေကြ၏။ 6
ယာကုပ်သည် မိမိ၌ပါသော သူအပေါင်းနှင့် တကွ၊ ခါနာန်ပြည် လုဇမြို့တည်းဟူသော၊ ဗေသလ အရပ်သို့ ရောက်ကြသော်၊ 7
ယဇ်ပလ္လင်ကိုတည်၍၊ ထိုအရပ်ကို ဗေသလ အမည်ဖြင့် တဖန် သမုတ်ပြန်လေ၏။ အကြောင်းမူကား၊ အစ်ကိုထံမှ ပြေးသောအခါ၊
ထိုအရပ်၌ ဘုရားသခင် ထင်ရှားတော်မူသတည်း။ 8 ရေဗက္က၏အထိန်း ဒေဗောရသေ၍၊ ဗေသလ အရပ်၌ သပိတ်ပင်အောက်တွင်
သင်္ဂြိုဟ်ခြင်းကို ခံရလေ ၏။ ထိုအပင်ကို အာလုန္ဗာကုတ်ဟူ၍ တွင်သတည်း။ 9 ယာကုပ်သည် ပါဒနာရံအရပ်မှ ပြန်လာသော နောက်၊
တဖန်ဘုရားသခင်ထင်ရှား၍ ကောင်းကြီးပေး တော်မူပြီးလျှင်၊ 10 သင်သည် ယခုယာကုပ်အမည်ရှိ၏။ နောင်၌ သင်၏အမည်ကို
ယာကုပ်ဟူ၍မခေါ်ရ။ ဣသရေလဟူ ၍ ခေါ်ရမည်ဟု မိန့်တော်မူလျက် ဣသရေလအမည်ဖြင့် သမုတ်တော်မူ၏။ 11 တဖန်
ဘုရားသခင်က၊ငါသည် အနန္တတန်ခိုး ရှင် ဘုရားသခင် ဖြစ်၏။ တိုးပွါးများပြားလော့။ လူတမျိုး မက၊ အမျိုးမျိုးတို့သည်
သင်၌ဖြစ်ကြလိမ့်မည်။ ရှင်ဘုရင်တို့သည် သင်၏ အမျိုးအနွယ်၌ ဖြစ်ကြလိမ့်မည်။ 12 အာဗြဟံနှင့် ဣဇာက်အား ငါပေးသောမြေကို
သင်နှင့်သင်၏ အမျိုးအနွယ်အား ငါပေးမည်ဟု မိန့်တော် မူ၏။ 13 ထိုသို့ ယာကုပ်နှင့်နှုတ်ဆက်၍ မိန့်မြွက်တော်မူ ရာအရပ်မှ၊
ဘုရားသခင် တက်ကြွတော်မူ၏။ 14 ဘုရားသခင်နှုတ်ဆက်၍ မိန့်မြွက်တော်မူရာ အရပ်၌၊ ယာကုပ်သည် ကျောက်တိုင်ကို စိုက်၍၊
ကျောက် ဖျာပေါ်၌ သွန်းလောင်းရာ ပူဇော်သက္ကာကိုငင်း၊ ဆီကို ငင်း လောင်းလေ၏။ 15 ဗျာဒိတ်တော်ကို ခံရသောထိုအရပ်ကိုလည်း၊
ဗေသလဟူ၍ တဖန်သမုတ်ပြန်လေ၏။ 16 ထိုနောက်တဖန် ဗေသလအရပ်မှ ခရီးသွား ပြန်၍၊ ဧဖရတ်မြို့နှင့် နီးသောအခါ၊
ရာခေလသည် သား ဘွားအံ့သောအချိန် ရောက်၍၊ ပြင်းစွာသော ဝေဒနာကို ခံရ၏။ 17 ထိုသို့ပြင်းစွာ ခံနေရစဉ်တွင်၊ ဝမ်းဆွဲက၊
မစိုးရိမ် နှင့်၊ သားယောက်ျားကို ရပြီဟုဆိုလေ၏။ 18 ရာခေလသည် သေအံ့ဆဲဆဲရှိ၍၊ နံဝိညာဉ် ထွက်စဉ်အခါ၊ ထိုသားကို
ဗေနောနိအမည်ဖြင့် မှည့်လေ ၏။ အဘမူကား ဗယ်္ာမိန်အမည်ဖြင့် မှည့်သတည်း။ 19 ရာခေလသေ၍၊ ဗက်လင်အမည်ရှိသော
ဧဖရတ်မြို့သို့ သွားသော လမ်းခရီးတွင်၊ သင်္ဂြိုဟ်ခြင်းကို ခံလေ၏။ 20 ယာကုပ်လည်း သင်္ချိုင်းအပေါ်မှာ မှတ်တိုင်ကို စိုက်လေ၏။
ထိုမှတ်တိုင်ကား၊ ယနေ့တိုင်အောင် ရာခေလ၏ သင်္ချိုင်းမှတ်တိုင် ဖြစ်သတည်း။ 21 ဣသရေလသည် တဖန်ခရီးသွားပြန်၍၊
ဧဒါလင့်စင်ကိုလွန်ပြီးမှ တဲကိုဆောက်လေ၏။ 22 ထိုအရပ်၌နေသောအခါ၊ ရုဗင်သည်သွား၍ အဘ၏မယားငယ်၊ ဗိလဟာနှင့်
အိပ်လေ၏။ ထိုသတင်း ကို ဣသရေလကြား၏။ 23 ယာကုပ်သား တကျိပ်နှစ်ပါးရှိ၏။ လေအာတွင် မြင်သော သားကား၊
ယာကုပ်၏သားဦး ရုဗင်၊ အစရှိသော ရှိမောင်၊ လေဝိ၊ယုဒ၊ ဣသခါ၊ ဇာဗုလုန်တည်း။ 24 ရာခေလသားကား၊ ယောသပ်နှင့် ဗယ်္ာမိန်
တည်း။ 25 ရာခေလ၏ ကျွန်မ ဗိလဟာ သားကား၊ ဒန်နှင့် နဿလိတည်း။ 26 လေအာ၏ ကျွန်မ ဇိလပ သားကား၊ ဂဒ်နှင့်
အာရှာတည်း။ ဤသူတို့ကား၊ ပါဒနာရံပြည်၌ ဘွားမြင် သော ယာကုပ်၏သားများတည်း။ 27 ထိုနောက် ယာကုပ်သည်
အာဗြဟံနှင့်ဣဇာက် တည်းခိုရာ၊ မံရေအရပ်၊ ဟေဗြုန်မြို့တည်းဟူသော ကိရယသာဘမြို့၌နေသော၊ အဘဣဇာက်ထံသို့ ရောက်
လေ၏။ 28 ဣဇာက် အသက်သည် အနှစ်တရာရှစ်ဆယ်နှင့် ပြည့်စုံသည်ရှိသော်၊ 29 အသက်ကြီးရင့်ရာ၊ ကာလပြည့်စုံရာ၌ အသက်
ချုပ်၍ အနိစ္စဖြစ်သဖြင့်၊ မိမိလူမျိုး စည်းဝေးရာသို့ ရောက် လေ၏။ သားဧသောနှင့် ယာကုပ်တို့သည် သင်္ဂြိုဟ်ကြ၏။

---

---

### Genesis 35:1

ဗေသလအရပ်သို့ သွားနေလော့
ဗေသလအရပ်မှာ ရှေခင်မြို့ထက် မြေနေရာ ပိုမြင့်သဖြင့် "တက်၍ နေလော့" ဟုလည်း အသုံးပြုနိုင်သည်။

ဘုရားသခင် အဘို့၊ ထိုအရပ်၌ ယဇ်ပလ္လင်ကို တည်လော့
ဘုရားသခင်က မိမိကိုယ်ကို အပြောခံနာမ်စားဖြင့် ညွှန်းဆိုထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်၏ဘုရားသခင် ငါ့အဘို့၊ ထိုအရပ်၌ ယဇ်ပလ္လင်ကို တည်လော့"

အိမ်သူအိမ်သားများ . . . ကို ခေါ်၍
"မိသားစု ... ကို ခေါ်၍"

သင်တို့တွင်ပါသော၊ တပါးအမျိုးသားတို့၏ ဘုရားတို့ကို ပယ်ပစ်ကြလော့
"သင်တို့၏ နတ်ရုပ်တုတို့ကို ပယ်ပစ်ကြလော့" သို့မဟုတ် "သင်တို့၏ ဘုရားရုပ်တုများကို ပယ်ပစ်ကြလော့"

အဝတ်ကိုလဲ၍ သန့်ရှင်းခြင်း ရှိစေကြလော့
ဘုရားသခင်ကို ကိုးကွယ်မှု မပြုမီ စိတ်ပိုင်းဆိုင်ရာနှင့် ခန္ဓာပိုင်းဆိုင်ရာ သန့်ရှင်းစေရန် ဆောင်ရွက်သော ဓလေ့တစ်ခုဖြစ်သည်။

အဝတ်ကိုလဲ၍
ဘုရားသခင် ရှေ့မှောက်၌ သန့်ရှင်းစင်ကြယ်မှုကို ဖော်ပြရန် အဝတ်ကို လဲရသည်။

ငါသည် ဆင်းရဲခံရသောကာလ
ဖြစ်နိုင်ချေများမှာ၊


generated on Fri Sep 22 10:08:29 2023

### Genesis 35:4

သူတို့သည်လည်း . . . ပေး၍
"ယာကုပ်၏ အိမ်သားတို့ကလည်း ... ပေး၍" သို့မဟုတ် "ထိုသို့ဖြင့် အိမ်သားများနှင့် အစေခံတို့ကလည်း ... ပေး၍"

မိမိတို့၌ပါသော
"၌ပါသော" က လက်ထဲ၌ ပိုင်ဆိုင်မှုကို ကိုစားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မိမိတို့ လက်၌ပါသော" သို့မဟုတ် "မိမိတို့ ပိုင်သော"

နား၌ပန်သော နားပန်တန်ဆာ
"နားကပ်များ" (UDB)။ ဖြစ်နိုင်ချေများမှာ၊ (၁) နားကပ်၏ ရွှေသားဖြင့် ရုပ်တုများ ပြုလုပ်နိုင်သောကြောင့် ဖြစ်သည် သို့မဟုတ် (၂) ရှေခင်မြို့မှ လုယူထားသော နားကပ်များဖြစ်သည်။ မိမိတို့၏ အပြစ်ကို ကိုယ်စားပြုသည်။

ပတ်ဝန်းကျင် မြို့သားတို့သည်၊ ဘုရားသခင်ကို ကြောက်ရွံ့၍
ဘုရားသခင်က အိမ်နီးချင်း မြို့သားတို့အပေါ် ယာကုပ်နှင့် မိသားစုကို ကြောက်ရွံ့သောစိတ် ထည့်ပေးလိုက်သည်။ "ကြောက်ရွံ့၍" ကို စိတ္တဇနာမ် "ကြောက်ရွံ့ခြင်း" ဖြင့် ဖော်ပြနိုင်သည်။ "ကြောက်ရွံ့" ကို "ထိတ်လန့်" ဟုလည်း ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် ပတ်ဝန်းကျင် မြို့တို့အပေါ် ထိတ်လန့်ခြင်း ဖြစ်စေ၍"

မြို့သားတို့
"မြို့သား" မှာ မြို့ တခုလုံးကို ကိုယ်စားပြုသည်။

ယာကုပ်သားတို့
ယာကုပ်၏ မိသားစုကို တိုက်ခိုက်သောသူ တစ်ယောက်မှမရှိကြောင်း ဆိုလိုသည်။ သို့ရာတွင်၊ ရှိမောင်နှင့်လေဝိဟူသော သားနှစ်ယောက်က ယာကုပ်၏သမီးကို အသရေဖျက်ခဲ့သော ရှေခင်၏ ဆွေမျိုးခါနာန်လူတို့ကို တိုက်ခိုက်ခဲ့သည်။ ထို့ကြောင့်၊ ကလဲ့စားချေခြင်း ခံရမည်ကို ယာကုပ် စိုးရိမ်ကြောက်ရွံ့ခဲ့ကြောင်း ၃၄း၃၀ တွင် တွေ့ရသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယာကုပ်နှင့်မိသားစု" သို့မဟုတ် "ယာကုပ်နှင့် အိမ်သားတို့"

### Genesis 35:6

လုဇမြို့
မြို့အမည် ဖြစ်သည်။ ၂၈း၁၈ မှ ပြန်ဆိုချက်ကို ရှု။

ဗေသလ
ဘာသာပြန်ဆိုသူများ အနေဖြင့် "ဧလဗေသလ အနက်ကား 'ဗေသလ၏ ဘုရားသခင်' ဟူသတည်း" ဟု မှတ်ချက် ထည့်သွင်း ဖော်ပြနိုင်သည်။

ထိုအရပ်၌ ဘုရားသခင် ထင်ရှားတော်မူသတည်း
"ထိုအရပ်၌ ယာကုပ်ထံ ဘုရားသခင် ထင်ရှားတော်မူသတည်း"

ဒေဗောရ
မိန်းမအမည် ဖြစ်သည်။

ရေဗက္က၏အထိန်း
တခြားမိန်းမ၏ ကလေးကို ထိန်းကျောင်းပေးသော အမျိုးသမီးဖြစ်သည်။ အိမ်ထောင် မိသားစုတခုတွင် အထိန်းတော်မှာ လေးစားခြင်း ခံရပြီး အရေးပါသောသူ ဖြစ်သည်။

ဗေသလအရပ်၌ သပိတ်ပင်အောက်တွင် သင်္ဂြိုဟ်ခြင်းကို ခံရလေ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဗေသလနား သပိတ်ပင်အောက်တွင် သူမကို သင်္ဂြိုလ်ကြ၏"

ဗေသလအရပ်၌
ဗေသလမှ မြေနိမ့်ရာအရပ်၌ သင်္ဂြိုလ်သဖြင့် "အနား" ဟု ပြန်ဆိုသင့်သည်။

အာလုမ္ဘာကုတ်
ဘာသာပြန်ဆိုသူများ အနေဖြင့် "အာလုမ္ဘာကုတ် အနက်ကား 'ငိုကြွေးခြင်းရှိရာ သပိတ်ပင်' ဟူသတည်း"

### Genesis 35:9

ယာကုပ်သည် ပါဒ္ဒနာရံအရပ်မှ ပြန်လာသောနောက်
ဗေသလအရပ်၌ နေထိုင်ကြောင်း တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယာကုပ်သည် ပါဒ္ဒနာရံပြည်မှ ပြန်လာ၍၊ ဗေသလအရပ်၌ အခြေချနေစဉ်"

ကောင်းကြီးပေးတော်မူပြီးလျှင်
"ကောင်းကြီး" မှာ တစုံတဦးအပေါ် ကောင်းကျိုးဖြစ်၍ ကောင်းခြင်း မင်္ဂလာ သက်ရောက်စေရန် ဆန္ဒပြုခြင်းကို ဆိုလိုသည်။

နောင်၌ သင်၏အမည်ကို ယာကုပ်ဟူ၍ မခေါ်ရ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "နောင်၌ သင်၏ အမည်မှာ ယာကုပ် မဟုတ်ရ"

### Genesis 35:11

တဖန် ဘုရားသခင်က . . . ဟု မိန့်တော်မူ၏
"တဖန် ဘုရားသခင် မိန့်တော်မူသည်ကား ... ဟူသတည်"

တိုးပွါးများပြားလော့
သားစဉ်မြေးဆက် မြောက်များစွာ ထွန်းကားရန် မိန့်ဆိုခြင်း ဖြစ်သည်။ "များပြား" ခြင်းဖြင့် "တိုးပွါး" ရန် ဆိုလိုသည်။ ၁း၂၂ မှ ပြန်ဆိုချက်ကို ရှု။

လူတမျိုးမက၊ အမျိုးမျိုးတို့သည် သင်၌ ဖြစ်ကြလိမ့်မည်
"လူတမျိုး" နှင့် "အမျိုးမျိုးတို့" မှာ ဇ္ဇင်းပြည်များကို ထူထောင်မည့် ယာကုပ်၏ သားစဉ်မြေးဆက်ကို ညွှန်းသည်။

ဘုရားသခင် တက်ကြွတော်မူ၏
ဘုရားသခင် ကိန်းဝပ်ရာအရပ်မှာ လောက၏ အထက်တွင် ရှိသောကြောင့် "တက်ကြွ" ဟု သုံးနှုန်းထားခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင် ထွက်ခွာတော်မူ၏"

### Genesis 35:14

ကျောက်တိုင်
မှတ်ကျောက်အဖြစ် စိုက်ထူထားသော ကျောက်တုံးကြီးတစ်ခု ဖြစ်သည်။

ကျောက်ဖျားပေါ်၌ သွန်းလောင်းရာ ပူဇော်သက္ကာကိုငင်း၊ ဆီကိုငင်း လောင်းလေ၏
ဘုရားသခင်အတွက် စိုက်ထားကြောင်းကို သက်သေပြခြင်း ဖြစ်သည်။

ဗေသလ
ဘာသာပြန်ဆိုသူများ အနေဖြင့် "ဗေသလ အနက်ကား 'ဘုရားသခင်၏ အိမ်တော်' တည်း" ဟု မှတ်ချက် ထည့်သွင်း ဖော်ပြနိုင်သည်။

## Genesis 35:16

ဧဖရတ်မြို့
ဗက်လင်မြို့၏ အခြားအမည် ဖြစ်သည်။

ပြင်းစွာသော ဝေဒနာကို ခံရ၏
"ပြင်းထန်စွာ နာကျင်ရ၏"

ထိုသို့ပြင်းစွာ ခံနေရစဉ်တွင်
"ဝေဒနာ ပြင်းထန်လာသောအခါ"

ဝမ်းဆွဲ
သားဖွားရာ၌ ကူညီပေးသောသူ ဖြစ်သည်။

ရာခေလသည် သေအံ့ဆဲဆဲရှိ၍၊ နံဝိညာဉ် ထွက်စဉ်အခါ
"နာမ်ဝိညာဉ် ထွက်" မှာ လူတယောက် သေခါနီး နောက်ဆုံးထွက်သက် ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရာခေလ သေအံ့ဆဲဆဲ၊ နာမ်ဝိညာဉ် မထွက်မီ"

ဗေနောနိ
ဘာသာပြန်ဆိုသူများ အနေဖြင့် "ဗေနောနိ အနက်ကား 'ဝမ်းနည်းခြင်းမှ မွေးသော သား' ဟူသတည်း" ဟု မှတ်ချက် ထည့်သွင်း ဖော်ပြနိုင်သည်။

ဗယ်္ယာမိန်
ဘာသာပြန်ဆိုသူများ အနေဖြင့် "ဗယ်္ယာမိန် အနက်ကား 'လက်ယာဖက်၌ မွေးသော သား' ဟူသတည်း" ဟု မှတ်ချက် ထည့်သွင်း ဖော်ပြနိုင်သည်။

သင်္ဂြိုဟ်ခြင်းကို ခံလေ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူမကို သင်္ဂြိုလ်ကြလေ၏"

လမ်းခရီးတွင်
"လမ်းမပေါ်တွင်" (UDB)

ထိုမှတ်တိုင်ကား၊ ယနေ့တိုင်အောင် ရာခေလ၏ သင်္ချိုင်းမှတ်တိုင် ဖြစ်သတည်း
"ငင်းမှာ၊ ယနေ့တိုင်အောင် ရာခေလ၏ သင်္ချိုင်းကို အမှတ်ပြုသတည်း"

ယနေ့တိုင်အောင်
"မျက်မှောက်ခေတ်တိုင်အောင်။" ကျမ်းကို ရေးသားပြုစုသော အချိန်ကို ဆိုလိုသည်။

## Genesis 35:21

ဣသရေလသည် တဖန်ခရီးသွားပြန်၍
ဣသရေလ၏ မိသားစုနှင့် အစေခံများလည်း ပါဝင်သည်။ ငင်းကို တိကျစွာ ဖော်ပြနိုင်သည်။

ဗိလဟာ
ရာခေလ၏ အစေခံမအမည် ဖြစ်သည်။ ၂၉:၂၈ မှ ပြန်ဆိုချက်ကို ရှု။

ယာကုပ်သား တကျိပ်နှစ်ပါးရှိ၏
က ၃၅:၂၃ ကို ရှု။

တကျိပ်နှစ်ပါး
က ၃၅:၂၃ ကို ရှု။

## Genesis 35:23

ဗိလဟာ
ရာခေလ၏ အစေခံမအမည် ဖြစ်သည်။ ၂၉:၂၈ မှ ပြန်ဆိုချက်ကို ရှု။

## Genesis 35:26

ဇိလပ
လေအာ၏ အစေခံမအမည် ဖြစ်သည်။ ၂၉:၂၃ မှ ပြန်ဆိုချက်ကို ရှု။

ပါဒနာရံပြည်၌ ဘွားမြင်သော
ခါနာန်ပြည် ဗက်လင်မြို့နား၌ မွေးဖွားသော ဗယ်္ယာမိန်လည်း ပါဝင်သည်ဟု ဆိုလိုခြင်း မဟုတ်ပါ။ ပါဒနာရံပြည်၌ မွေးဖွားသော သားအများစုအတွက် ဆိုလိုသည်။ ငင်းကို တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ခါနာန်ပြည်၌ ဖွားမြင်သော ဗယ်္ယာမိန်မှအပ၊ ပါဒနာရံပြည်၌ ဖွားမြင်သော"

ထိုနောက် ယာကုပ်သည် . . . အဘဣဇာက်ထံသို့ ရောက်လေ၏
"ရောက်" ကို "သွား" ဟူ၍ ဖော်ပြနိုင်သည်။

မံရေအရပ်
ဟေဗြုန်မြို့၏ နောက်အမည် ဖြစ်သည်။ ထိုအရပ်၌နေသော အာဗြဟံ၏ မိတ်ဆွေ မံရေအမည်ကို အစွဲပြုခြင်း ဖြစ်ပေမည်။ ၁၃:၁၆ မှ ပြန်ဆိုချက်ကို ရှု။

ကိရယသာဘမြို့
မြို့တခု အမည်ဖြစ်သည်။ ၂၃:၁ မှ ပြန်ဆိုချက်ကို ရှု။

## Genesis 35:28

အနှစ်တရာရှစ်ဆယ်
"နှစ် ၁၈၀"

အသက်ချုပ်၍ အနိစ္စဖြစ်သဖြင့်
"အသက်ဆုံး၍ ကွယ်လွန်သဖြင့်။" "အသက်ချုပ်" နှင့် "အနိစ္စဖြစ်" မှာ အဓိပ္ပါယ်ချင်း တူသည်။ ၂၅:၇ မှ ပြန်ဆိုချက်ကို ရှု။ အခြားသော ဘာသာပြန်ဆိုချက်၊ "သေဆုံးသဖြင့်"

အသက်ချုပ်၍
သေခြင်းကို ယာဉ်ကျေးသောသဘောဖြင့် ဖော်ပြခြင်းဖြစ်သည်။ ၂၅:၇ မှ ပြန်ဆိုချက်ကို ရှု။

မိမိလူမျိုး စည်းဝေးရာသို့ ရောက်လေ၏

ကျွဇာကဲ သေသောအခါ၊ မိမိဘိုးဘေးတို့ ရှိရာ၌ သွားကြောင်း ဆိုလိုသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။အခြားသော ဘာသာပြန်ဆိုချက်၊ "ကွယ်လွန်ခဲ့သော မိသားစုများ ထံသို့ ရောက်လေ၏"

အသက်ကြီးရင့်ရာ၊ ကာလပြည့်စုံရာ၌

"အသက်ကြီးရင့်" နှင့် "ကာလပြည့်" မှာ အဓိပ္ပါယ်ချင်း တူသည်။ အသက်ရှည်ကြာစွာ ရှင်ခဲ့ကြောင်း ထင်ဟပ်စေသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အသက်ရင့်၍ အိုမင်းသဖြင့်"

## Chapter 36

1 ဧဒုံအမည်ရှိသော ဧသော အမျိုးအနွယ်၏ အတ္ထုပ္ပတ္တိများဟူမူကား၊ 2 ဧသောသည် ဟိတ္တိအမျိုးဧိဘောင်သား အာန၏ သမီး
အဟောလိဗာမတယောက်၊ ခါနာန်အမျိုးသမီး နှစ်ယောက်နှင့်ငင်း၊ 3 ဣရှမေလသမီးတည်းဟူသော နဗာယုတ်နှမ
ဗာရှမတ်တယောက်နှင့်ငင်း အိမ်ထောင်လေ၏။ 4 ဧသောမယား အာဒဘွားသော သားကား၊ ဧလိဖတ်၊ ဗာရှမတ်
ဘွားသောသားရွေလတည်း။ 5 အဟောလိဗာမဘွားသော သားကား၊ယုရှ၊ ယာလံ၊ ကောရတည်း။ဤသူတို့ကား၊ ခါနာန်ပြည်၌
ဧသောမြင်သောသားတည်း။ 6 ဧသောသည် မယားသားသမီးနှင့်တကွ၊ အိမ်သူအိမ်သားအပေါင်းတို့ကိုငင်း၊ သိုးနွား စသည်တို့နှင့်
တိရစ္ဆာန် ရှိသမျှတို့ကိုငင်း၊ ခါနာန်ပြည်၌ ရတတ်သော ဥစ္စာရှိသမျှတို့ကိုငင်း ယူ၍၊ ညီယာကုပ်ထံမှ ပြောင်းသွား လေ၏။ 7
အကြောင်းမူကား၊ ထိုသူနှစ်ပါးတို့သည် ဥစ္စာ များလွန်းသောကြောင့် တရပ်တည်းမနေနိုင်ကြ။ သူတို့ နေရာမြေသည်၊
သူတို့တိရစ္ဆာန်များကြောင့် မဆံ့နိုင်ရာ။ 8 သို့ဖြစ်၍ ဧဒုံအမည်ရှိသော ဧသောသည် စိရတောင်ပေါ်မှာ နေလေ၏။ 9 စိရတောင်ပေါ်မှာ
ဧဒုံအမျိုးသားတို့၏ အဘ ဧသော၏ သားစဉ်မြေးဆက်တို့ကို ဆိုပေအံ့။ 10 ဧသော၏ သားတို့အမည်ကား၊ မယားအာဒ ဘွားသောသား
ဧလိဖတ်၊ မယားဗာရှမတ် ဘွားသော သားရွေလတည်း။ 11 ဧလိဖတ် သားကား၊ တေမန်၊ သြမရ၊ ဇေဖေါ၊ ဂါတံ၊ ကေနတ်တည်း။ 12
ဧသောသား ဧလိဖတ်၏မယားငယ်၊ တိမန ဘွားသောသားကား၊ အာမလက်တည်း။ ဤသူတို့သည် ဧသောမယား
အာဒ၏အနွယ်ဖြစ်သတည်း။ 13 ရွေလသားကား၊ နာဟတ်၊ ဇေရ၊ ရှမ္မ၊ မိဇ္ဇတည်း။ဤသူတို့သည် ဧသောမယား ဗာရှမတ်၏အနွယ်ဖြစ်
သတည်း။ 14 ဧိဘောင်သား အာန၏သမီး၊ ဧသောမယား အဟောလိဗာမ ဘွားသောသားကား၊ ယုရှ၊ ယာလံ၊ ကောရတည်း။ 15
ဧသောသားတို့တွင် ဗိုလ်လုပ်သောသူဟူမူ ကား၊သားဦး ဧလိဖတ်၏သား ဗိုလ်တေမန်၊ ဗိုလ်သြမရ၊ ဗိုလ်ဇေဖေါ၊ ဗိုလ်ကေနတ်၊ 16
ဗိုလ်ဂါတံ၊ ဗိုလ်အာမလက်တည်း။ ဤဗိုလ်တို့ သည် အာဒ၏အနွယ်၊ ဧဒုံပြည်၌ ဧလိဖတ်ရသော သားဖြစ်သတည်း။ 17 ဧသောသား
ရွေလ၏ သားကား၊ ဗိုလ်နာဟတ်၊ ဗိုလ်ဇေရ၊ ဗိုလ်ရှမ္မ၊ ဗိုလ်မိဇ္ဇတည်း။ ဤဗိုလ်တို့သည် ဧသောမယား ဗာရှမတ်၏အနွယ်၊ ဧဒုံပြည်၌
ရွေလ ရသောသားဖြစ်သတည်း။ 18 ဧသောမယား အဟောလိဗာမ၏ သားကား၊ ဗိုလ်ယုရှ၊ ဗိုလ်ယာလံ၊ ဗိုလ်ကောရတည်း။
ဤဗိုလ်တို့သည် အာန၏သမီး၊ ဧသောမယား အဟောလိဗာမသား ဖြစ်သတည်း။ 19 ဧဒုံအမည်ရှိသော ဧသော၏ သားမြေးများ၊
သူတို့တွင် ဗိုလ်လုပ်သောသူများ၊ ဤသို့တည်း။ 20 ထိုပြည်၌နေသော ဟောရိအမျိုး၊ စိရ၏သား ကား၊ လောတန်၊ ရှောဗလ၊ ဧိဘောင်၊
အာန၊ 21 ဒိရှုန်၊ ဧဇာ၊ ဒိရှန်တည်း။ ဤသူတို့သည် ဧဒုံပြည် ၌ဟောရိအမျိုး၊ စိရ၏သားတို့တွင် ဗိုလ်လုပ်သောသူ ဖြစ်သတည်း။ 22
လောတန်သားကား၊ ဟောရိနှင့် ဟေမံတည်း။ 23 ရှောဗလ သားကား၊ အာလဝန်၊ မနာဟတ်၊ ဧဗလ၊ ရှေဖေါ၊ သြနံတည်း။ 24
ဧိဘောင်သားကား၊ အာယနှင့်အာနတည်း။ ထိုအာနကား၊ အဘဧိဘောင်၏ မြည်းတို့ကို ထိန်းသော အခါ၊ တော၌နွေးသော
စမ်းရေတွင်းတို့ကို တွေ့သော သူပေတည်း။ 25 အာနသားကား၊ ဒိရှုန်နှင့်သမီးအဟောလိဗာမ တည်း။ 26 ဒိရှုန်သားကား၊ ဟဒ်န်၊ ရှေဗန်၊
ဣသရန်၊ ခေရန်တည်း။ 27 ဧဇာသားကား၊ ဗိလဟန်၊ ဇာဝန်၊ အာကန် တည်း။ 28 ဒိရှန် သားကား၊ ဥဇနှင့်အာရန်တည်း။ 29 ဟောရိ
အမျိုးဗိုလ်များကား၊ ဗိုလ်လောတန်၊ ဗိုလ်ရှောဗလ၊ ဗိုလ်ဧိဘောင်၊ ဗိုလ်အာန၊ 30 ဗိုလ်ဒိရှုန်၊ ဗိုလ်ဧဇာ၊ ဗိုလ်ဒိရှန်တည်း။ ဤသူတို့ သည်
စိရပြည်၌ ဗိုလ်လုပ်သော သူတို့တွင်၊ ဟောရိအမျိုး ဗိုလ်ဖြစ်သတည်း။ 31 ဣသရေလအမျိုး၌ အစိုးရသောမင်းကြီး မရှိမှီ၊ ဧဒုံပြည်၌
အစိုးရသော မင်းကြီးဟူမူကား၊ 32 ဗောရသား ဗေလာသည် ဧဒုံပြည်၌မင်းပြု၏။ မြို့တော်ကား၊ ဒိန္နာဗာမြို့တည်း။ 33
ဗေလာမင်းသေ၍ သူ၏အရာ၌ ဗောဇရအရပ် သား၊ ဇေရ၏သား ယောဗပ်သည် မင်းပြုလေ၏။ 34 ယောဗပ်မင်းသေ၍၊ သူ၏အရာ၌
တေမနိ အရပ်သား ဟုရှံသည် မင်းပြုလေ၏။ 35 ဟုရှံမင်းသေ၍၊ မောဘ လွင်ပြင်၌ မိဒျန်လူ တို့ကို လုပ်ကြံသောသူ၊ ဗေဒဒ်သား
ဟာဒဒ်သည်၊ ဟုရှံ အရာ၌ မင်းပြုလေ၏။ မြို့တော်ကား၊ အာဝိတ်မြို့တည်း။ 36 ဟာဒဒ်မင်းသေ၍၊ သူ၏အရာ၌ မာသရက်
အရပ်သား စာမလသည် မင်းပြုလေ၏။ 37 စာမလမင်းသေ၍၊ သူ၏အရာ၌ မြစ်နားမှာ နေသော ရဟောဘုတ်အရပ်သား ရှောလသည်
မင်းပြု လေ၏။ 38 ရှောလမင်းသေ၍ သူ၏အရာ၌၊ အာခဗော် သား ဗာလဟာနန်သည် မင်းပြုလေ၏။ 39 အာခဗော်သား
ဗာလဟာနန်မင်းသေ၍ သူ၏ အရာ၌ဟာဒါသည် မင်းပြုလေ၏။ မြို့တော်ကား၊ ပေါမြို့ တည်း။ မယောက်သားတော်ကား၊
မေဇဟပ်သမီး မာတရက်၏သမီး မဟေတဗေလတည်း။ 40 ဧသောမှ ဆင်းသက်၍ မိမိအမျိုးအနွယ်၊ နေရာအရပ်၊ခံရသော
ဘွဲ့နာမအလိုက်၊ ဗိုလ်လုပ်သောသူ ဟူမူကား၊ ဗိုလ်တိမနာ၊ ဗိုလ်အာလဝ၊ ဗိုလ်ယေသက်၊ 41 ဗိုလ်အဟောလိဗာမ၊ ဗိုလ်ဧလာ၊ ဗိုလ်ပိနုန်၊
42 ဗိုလ်ကေနတ်၊ ဗိုလ်တေမန်၊ ဗိုလ်မိဗဇာ၊ 43 ဗိုလ်မာဂဒျေလ၊ ဗိုလ်ဣရံတည်း။ ဤသူတို့သည် မိမိနေရာအရပ်၊ မိမိပိုင်သော ပြည်၌၊
ဧဒုံဗိုလ်များ ဖြစ်သတည်း။ ဧသောသည် ဧဒုံအမျိုးသားတို့၏ အဘ ဖြစ်သတည်း။

---

### Genesis 36:1

ဧဒုံအမည်ရှိသော ဧသော အမျိုးအနွယ်၏ အတ္ထုပ္ပတ္တိများဟူမူကား
"ဤသည်မှာ ဧဒုံအမည်ရှိသော ဧသော၏ အမျိုးအနွယ်များ ဖြစ်၏။" ကမ္ဘာဦးကျမ်း ၃၆:၁-၈ တွင် ဧသော၏ မျိုးစဉ်ဆက်စာရင်းကို တွေ့ရသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဧဒုံအမည်ရှိသော ဧသော၏ မျိုးစဉ်ဆက်စာရင်းဟူမူကား"

အာဒ . . . အဟောလိဗာမ
ဧသော၏မယား အမည်များ ဖြစ်သည်။

ဟိတ္တိအမျိုး ဧလုန်
"ဟေသအနွယ် ဧလုန်" သို့မဟုတ် "ဟေသ၏အမျိုး ဧလုန်။" လူတဦးအမည် ဖြစ်သည်။ ၂၆:၃၄ မှ ပြန်ဆိုချက်ကို ရှု။

ဧိဘောင် . . . အာန . . . နဗာယုတ်
ယောကျ်ားအမည်များ ဖြစ်သည်။

ဟိဝိအမျိုး
လူမျိုးစုတစုကို ညွှန်းသည်။ ၁၀:၁၅ မှ ပြန်ဆိုချက်ကို ရှု။

ဗာရှမတ်
ဧသောမယားများအနက် တစ်ဦးအမည် ဖြစ်သည်။ ၂၆:၃၄ မှ ပြန်ဆိုချက်ကို ရှု။

နဗာယုတ်
ဣရှမေလသားများအနက် တစ်ဦးအမည်ဖြစ်သည်။ ၂၈:၈ မှ ပြန်ဆိုချက်ကို ရှု။

### Genesis 36:4

အာဒ . . . ဗာရှမတ် . . . အဟောလိဗာမ
ဧသောမယားများ၏ အမည်ဖြစ်သည်။ ၃၆:၁ မှ ပြန်ဆိုချက်ကို ရှု။

ဧလိဖတ် . . . ရွေလ . . . ယုရှ . . . ယာလံ . . . ကောရ
ဧသော သားများ၏ အမည်ဖြစ်သည်။

### Genesis 36:6

ခါနာန်ပြည်၌ ရတတ်သော
ခါနာန်ပြည်၌ နေထိုင်စဉ် ရရှိခဲ့သော ဥစ္စာများကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ခါနာန်ပြည်၌ စုဆောင်းသော"

ပြောင်းသွားလေ၏
တခြားနေရာသို့ ပြောင်းရွှေ့ နေထိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ပြောင်းကာ တခြားပြည်တွင် နေလေ၏"

ထိုသူနှစ်ပါးတို့သည် ဥစ္စာ
"ဧသောနှင့် ယာကုပ်တို့၏ ဥစ္စာ"

သူတို့တိရစ္ဆာန်များကြောင့် မဆံ့နိုင်ရာ
ယာကုပ်နှင့် ဧသောတို့ ပိုင်သော တိရစ္ဆာန်များအတွက် စားကျက်မြေ ကျဉ်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ တိရစ္ဆာန်များအဖို့ စားကျက်မြေ မဆံ့နိုင်" သို့မဟုတ် "သူတို့တိရစ္ဆာန်များအဖို့ မြေနေရာကျဉ်းကျပ်၏"

သူတို့နေရာ မြေ
"နေ" မှာ အချေချ နေထိုင်မှုကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ အချေချရာ မြေ"

### Genesis 36:9

ဧသော၏ သားစဉ်မြေးဆက်တို့ကို ဆိုပေအံ့
ကမ္ဘာဦးကျမ်း ၃၆:၉-၄၃ တွင် ဖော်ပြမည့် ဧသော၏ မျိုးစဉ်ဆက်စာရင်းကို အစဖွင့်ထားသည်။ "ဧသော၏ မျိုးစဉ်ဆက် စာရင်းဟူမူကား"

စိရတောင်ပေါ်မှာ
စိရတောင်ကုန်းဒေသတွင် နေထိုင်ကြောင်း ဆိုလိုသည်။ ၎င်းကို တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "စိရကုန်းမြင့်ဒေသမှာ နေသော"

ဧလိဖတ် . . . ရွေလ
ဧသောသားများ၏ အမည်ဖြစ်သည်။ ၃၆:၄ မှ ပြန်ဆိုချက်ကို ရှု။

အာဒ . . . ဗာရှမတ်
ဧသောမယားများ၏ အမည်ဖြစ်သည်။ ၃၆:၁ မှ ပြန်ဆိုချက်ကို ရှု။

တေမန်၊ ဩမရ၊ ဇေဖေါ၊ ဂါတံ၊ ကေနတ် . . . အာမလက်
ဧလိဖတ်သားများ၏ အမည်ဖြစ်သည်။

တိမန
ဧလိဖတ်၏ မယားငယ် အမည်ဖြစ်သည်။

### Genesis 36:13

ရွေလ . . . ယုရှ၊ ယာလံ၊ ကောရ
ဧသောသားများ၏ အမည်ဖြစ်သည်။ ၃၆:၄ မှ ပြန်ဆိုချက်ကို ရှု။

နာဟတ်၊ ဇေရ၊ ရှမ္မ၊ မိဇ္ဇ
ရွေလသားများ၏ အမည်ဖြစ်သည်။

ဇိဘောင် . . . အာန
ယောက်ျားအမည်များ ဖြစ်သည်။

ဗာရှမတ် . . . အဟောလိဗာမ
ဧသော မယားများ၏ အမည်ဖြစ်သည်။ ၃၆:၁ မှ ပြန်ဆိုချက်ကို ရှု။

### Genesis 36:15

ဧလိဖတ်
ဧသော သားများအနက် တစ်ဦး၏အမည် ဖြစ်သည်။ ၃၆:၄ မှ ပြန်ဆိုချက်ကို ရှု။

ဗိုလ်တေမန်၊ ဗိုလ်ဩမရ၊ ဗိုလ်ဇေဖေါ၊ ဗိုလ်ကေနတ်၊ ဗိုလ်ဂါတံ၊ ဗိုလ်အာမလက်
ဧလိဖတ်သားများ၏ အမည်ဖြစ်သည်။

အာဒ
ဧသော မယား၏ အမည်ဖြစ်သည်။ ၃၆:၁ မှ ပြန်ဆိုချက်ကို ရှု။

### Genesis 36:17

ရွေလ . . . ဗိုလ်ယုရှ၊ ဗိုလ်ယာလံ၊ ဗိုလ်ကောရ
ဧသော သားများ၏ အမည်ဖြစ်သည်။ ၃၆:၄ မှ ပြန်ဆိုချက်ကို ရှု။

ဗိုလ်နာဟတ်၊ ဗိုလ်ဇေရ၊ ဗိုလ်ရှမ္မ၊ ဗိုလ်မိဇ္ဇ
ရွေလသားများ၏ အမည်ဖြစ်သည်။ ၃၆:၁၃ မှ ပြန်ဆိုချက်ကို ရှု။

ဧဒုံပြည်၌
ဧဒုံပြည်တွင် နေထိုင်ကြောင်း ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဧဒုံပြည်၌ နေထိုင်စဉ်"

ဗာရှမတ် . . . အဟောလိဗာမ
ဧသော မယားများ၏ အမည်ဖြစ်သည်။ ၃၆:၁ မှ ပြန်ဆိုချက်ကို ရှု။

အာန
ယောက်ျားအမည် ဖြစ်သည်။ ၃၆:၁ မှ ပြန်ဆိုချက်ကို ရှု။


generated on Fri Sep 22 10:08:29 2023

### Genesis 36:20

စိရ
"စိရ" မှာ လူအမည်ဖြစ်ပြီး၊ တိုင်းပြည်အမည်လည်း ဖြစ်သည်။

ဟောရိအမျိုး
လူမျိုးစုတစုကို ညွှန်းသည်။ ၁၄:၃ မှ ပြန်ဆိုချက်ကို ရှု။

ထိုပြည်၌နေသော
"ဒေို ခေါ် စိရပြည်၌ နေသော"

လောတန်၊ ရှောဗလ၊ ဇိဘောင်၊ အာန၊ ဒိရှုန်၊ ဧဇာ၊ ဒိရှန် . . . ဟောရိနှင့် ဟေမံ
ယောကျ်ားအမည်များ ဖြစ်သည်။

တိမန
မိန်းမအမည် ဖြစ်သည်။

### Genesis 36:23

ရှောဗလ . . . ဇိဘောင်
ယောကျ်ားအမည်များ ဖြစ်သည်။ ၃၆:၂၀ မှ ပြန်ဆိုချက်ကို ရှု။

အာလဝန်၊ မနာဟတ်၊ ဧဗလ၊ ရှေဖေါ၊ ဩနံ . . . အာယနှင့်အာန
ယောကျ်ားအမည်များ ဖြစ်သည်။

### Genesis 36:25

အာန . . . ဒိရှုန် . . . ဧဇာ . . . ဒိရှန်
ယောကျ်ားအမည်များ ဖြစ်သည်။ ၃၆:၂၀ မှ ပြန်ဆိုချက်ကို ရှု။

အဟောလိဗာမ
မိန်းမအမည် ဖြစ်သည်။

ဟဒ်န်၊ ဧရှဗန်၊ ဣသရန်၊ ခေရန် . . . ဗိလဟန်၊ ဇာဝန်၊ အာကန် . . .
ဥဇနှင့်အာရန်
ယောကျ်ားအမည်များ ဖြစ်သည်။

### Genesis 36:29

ဟောရိအမျိုး
လူမျိုးစုတစု၏ အမည်ဖြစ်သည်။ ၁၄:၃ မှ ပြန်ဆိုချက်ကို ရှု။

ဗိုလ်လောတန်၊ ဗိုလ်ရှောဗလ၊ ဗိုလ်ဇိဘောင်၊ ဗိုလ်အာန၊ ဗိုလ်ဒိရှုန်၊ ဗိုလ်ဧဇာ၊
ဗိုလ်ဒိရှန်
ယောကျ်ားအမည်များ ဖြစ်သည်။ ၃၆:၂၀ မှ ပြန်ဆိုချက်ကို ရှု။

စိရပြည်၌
စိရပြည်တွင် နေထိုင်ကြောင်း ထင်ရှားစေသည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "စိရပြည်၌နေထ၍"

### Genesis 36:31

ဗေါရ . . . ဗေလာ . . . ဇေရ . . . ယောဗပ်
ယောကျ်ားအမည်များ ဖြစ်သည်။

မြို့တော်ကား
အချေချ နေထိုင်သောမြို့ကို ဆိုလိုသည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "အချေချသောမြို့ကား"

ဒိန္နာဗာမြို့ . . . ဗောဇရ
အရပ်ဒေသအမည်များ ဖြစ်သည်။

### Genesis 36:34

ယောဗပ်မင်း
ယောကျ်ားအမည် ဖြစ်သည်။ ၃၆:၃၁ မှ ပြန်ဆိုချက်ကို ရှု။

ဟုရှံမင်း . . . ဗေဒဒ် . . . ဟာဒဒ် . . . စာမလ
ယောကျ်ားအမည်များ ဖြစ်သည်။

တေမနိ အရပ်သား ဟုရှံ
တေမနိလူမျိုးတို့ ပြည်၌ နေထိုင်ကြောင်း ဆိုလိုသည်။
အခြားသော ဘာသာပြန်ဆိုချက်၊ "တေမနိတို့ ပြည်၌နေသော
ဟုရှမ်"

အာဝိတ်မြို့ . . . မာသရက်
အရပ်ဒေသအမည်များ ဖြစ်သည်။

တေမနိ
"တေမန်အနွယ်"

မြို့တော်ကား
အခြေချ နေထိုင်သော မြို့ကို ဆိုလိုသည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အခြေချသော မြို့ကား"

မာသရက် အရပ်သား စာမလ
"မာသရက်လူ စာမလ"

### Genesis 36:37

စာမလမင်း
ယောကျ်ားအမည် ဖြစ်သည်။ ၃၆:၃၄ မှ ပြန်ဆိုချက်ကို ရှု။

မြစ်နားမှာနေသော ရဟောဘုတ် အရပ်သား ရှောလ
ရှောလမှာ ရေဟောဘုသ်မြို့တွင် နေထိုင်သည်။
ရေဟောဘုသ်မြို့မှာ ယူဖရေးတိစ် ခေါ် ဥဖရတ်မြစ်နားတွင်
တည်ရှိသည်။ ၎င်းကို တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "ဥဖရတ်မြစ်နားရှိ ရဟောဘုတ်မြို့သား
ရှောလ"

ရှောလ . . . အာခဗော် . . . ဗာလဟာနန် . . . ဟာဒါ . . . မေဇဟပ် . . .
မာတရက်
ယောကျ်ားအမည်များ ဖြစ်သည်။

ရဟောဘုတ် . . . ပေါမြို့
အရပ်ဒေသ အမည်များ ဖြစ်သည်။

မြို့တော်ကား
အခြေချ နေထိုင်သောမြို့ကို ဆိုလိုသည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "အခြေချသောမြို့ကား"

မေဇဟပ်သမီး မာတရက်၏သမီး
ပို၍ တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊
"မေဇဟပ်၏မြေးမ၊ မာတရတ်၏သမီး"

မဟေတဗေလ
မိန်းမအမည် ဖြစ်သည်။


generated on Fri Sep 22 10:08:29 2023

### Genesis 36:40

ဗိုလ်လုပ်သောသူ
"ခေါင်းဆောင်များ"

မိမိအမျိုးအနွယ်၊ နေရာအရပ်၊ ခံရသော ဘွဲ့နာမအလိုက်
အမျိုးအနွယ်နှင့် နေရာဒေသများမှာ မျိုးစုခေါင်းဆောင်များ၏ အမည်ကို အစွဲပြု၍ မှည့်ခေါ် ကြသည်။ ပို၍ အသေးစိတ် လေ့လာလိုပါက UDB မှပြန်ကျမ်းကို ရှု။ အခြားသော ဘာသာပြန်ဆိုချက်၊ "မိမိအမည်ဖြင့် အမျိုးအနွယ်၊ နေရာအရပ်အလိုက် မှည့်ခေါ်သော"

ဗိုလ်တိမနာ၊ ဗိုလ်အာလဝ၊ ဗိုလ်ယေသက်၊ ဗိုလ်အဟောလိဗာမ၊ ဗိုလ်ဧလာ၊ ဗိုလ်ပိနုန်၊ ဗိုလ်ကေနတ်၊ ဗိုလ်တေမန်၊ ဗိုလ်မိဗဇာ၊ ဗိုလ်မာဂဒျေလ၊ ဗိုလ်ဣရံ
လူမျိုးစုများ အမည်ဖြစ်သည်။

နေရာအရပ်
"အခြေချရာ" သို့မဟုတ် "နေထိုင်ရာ"

ဧသောသည် . . . ဖြစ်သတည်း
အထက်ပါ ပုဂ္ဂိုလ်များအားလုံးမှာ ဧသောအနွယ်ဖြစ်ကြောင်း ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဤသည်မှာ ဧဒုံလူမျိုးဖခင် ဧသော၏ မျိုးစဉ်ဆက်စာရင်း ဖြစ်သတည်း"

## Chapter 37

1 ယာကုပ်သည် မိမိအဘတည်းခိုရာ ခါနာန်ပြည် ၌နေ၏။ 2 ယာကုပ် အမျိုးအနွယ်၏ အတ္ထုပ္ပတ္တိများ ဟူမူကား၊ ယောသပ်သည်
အသက်တဆယ်ခုနစ်နှစ်ရှိ၍၊ အစ်ကိုတို့နှင့်အတူ သိုးဆိတ်များကို ထိန်းလေ၏။ အဘ ၏မယား ဗိလဟာနှင့် ဇိလပ၏သားတို့နှင့်အတူ
နေ၍၊ သူတို့အပြစ်ကို အဘအား ကြားပြောတတ်၏။ 3 ဣသရေလသည် အသက်ကြီးစဉ်အခါသား ယောသပ်ကို ရသောကြောင့်၊
အခြားသော သားအပေါင်း တို့ကို ချစ်သည်ထက် ယောသပ်ကို သာ၍ချစ်၏။ အဆင်းအရောင်ထူးခြားသော အင်္ကျီကို ချုပ်၍ ပေး၏။
4 အဘသည် မိမိသားအပေါင်းတို့တွင်၊ ယောသပ် ကိုသာ၍ ချစ်ကြောင်းကို၊ အစ်ကိုတို့သည် သိမြင်သော အခါ၊ သူ့ကိုမုန်း၍
မေတ္တာစကားကို သူ့အား မပြော နိုင်ကြ။ 5 ယောသပ်သည် အိပ်မက်ကို မြင်၍၊ အစ်ကို တို့အား ပြန်ပြောသဖြင့်၊ သူတို့သည်
သာ၍မုန်းကြ၏။ 6 အိပ်မက်ကို အဘယ်သို့ ပြန်ပြောသနည်းဟူမူ ကား၊ ကျွန်ုပ်မြင်ရသော အိပ်မက်ကို နားထောင်ကြပါ လော့။ 7
ကျွန်ုပ်တို့သည် လယ်၌ကောက်လှိုင်းကို စည်း၍ နေကြစဉ်တွင်၊ ကျွန်ုပ် ကောက်လှိုင်းသည် ထ၍ မတ်တတ်နေသဖြင့်၊ သင်တို့၏
ကောက်လှိုင်းတို့သည် ဝိုင်း၍ရပ်လျက်၊ ကျွန်ုပ်ကောက်လှိုင်းကို ရှိခိုးကြသည်ဟု ပြောဆိုလေ၏။ 8 အစ်ကိုတို့ကလည်း၊ သင်သည်
ငါတို့၌ မင်းပြု ရလိမ့်မည်လော၊ ငါတို့ကို အစိုးရလိမ့်မည်လောဟု ပြန်ဆို ၍၊ သူ၏အိပ်မက်နှင့် သူ၏စကားအကြောင်းကြောင့်
သာ၍မုန်းကြ၏။ 9 တဖန်အိပ်မက်ကိုမြင်ပြန်၍ အစ်ကိုတို့အား၊ အခြားသော အိပ်မက်ကို ကျွန်ုပ်မြင်ရပြီ။ နေ၊ လနှင့်တကွ၊
ကြယ်ဆယ်တလုံးတို့သည်၊ ကျွန်ုပ်ကိုရှိခိုးကြ၏ဟု ကြား ပြောလေ၏။ 10 ထိုသို့အဘနှင့် အစ်ကိုတို့အား ကြားပြောသော အခါ၊
အဘက၊ သင်မြင်သောအိပ်မက်သည် အဘယ်သို့ နည်း။ ငါနှင့်သင်၏အမိ၊ သင်၏ အစ်ကိုတို့သည် သင့်ထံ သို့ စင်စစ်လာ၍
ဦးညွတ်ချရမည်လောဟူ၍၊ သူ့ကို ဆုံးမ လေ၏။ 11 အစ်ကိုတို့သည် သူ့ကိုငြူစူကြ၏။ အဘသည် ထိုအရာကို မှတ်လေ၏။ 12
အစ်ကိုတို့သည် အဘ၏သိုးဆိတ်များကို ရှေခင် မြို့မှာ ထိန်းခြင်းငှါ သွားကြ၏။ 13 ဣသရေလသည် ယောသပ်ကိုခေါ်၍၊ သင်၏
အစ်ကိုတို့သည် သိုးဆိတ်များကို ရှေခင်မြို့မှာ ထိန်းကြ သည် မဟုတ်လော။ လာပါ။ သင့်ကို သူတို့ရှိရာသို့ ငါ စေလွှတ်မည်ဟုခေါ်လျှင်၊
ကျွန်ုပ်ရှိပါသည်ဟုဆိုသော်၊ 14 အဘကသွားပါ၊ အစ်ကိုတို့သည် ချမ်းသာ သလော၊ သိုးဆိတ်တို့လည်း ကောင်းမွန်စွာရှိသလော ဟူ၍
ကြည့်ရှုပြီးလျှင်၊ ငါ့အားသိတင်းကြားပြောပါဟု မှာလိုက်လျက်၊ ဟေဗြုန်ချိုင့်မှ စေလွှတ်သဖြင့်၊သူသည် ရှေခင်မြို့သို့ ရောက်လေ၏။
15 တော၌လှည့်လည်စဉ်တွင်၊ တစုံတယောက် သောသူနှင့်တွေ့၍ ထိုသူက၊ သင်သည် ဘာကိုရှာသနည်း ဟု မေးလျှင်၊ 16
အစ်ကိုများကို ရှာ၏။ အဘယ်မှာထိန်းကြသည် ကို ပြောပါဟုဆိုသော်၊ 17 ထိုသူက၊ ဤအရပ်မှထွက်သွားပြီ။ ဒေါသန်မြို့သို့
သွားကြစို့ဟု သူတို့ပြောသံကို ကျွန်ုပ်ကြားခဲ့ပြီဟုဆို၏။ယောသပ်သည်လည်း၊ အစ်ကိုတို့ကို လိုက်ရှာ၍ ဒေါသန် မြို့မှာ တွေ့လေ၏။
18 အနီးသို့မရောက်မှီ အဝေး၌ရှိစဉ်ပင်၊ အစ်ကို တို့သည်မြင်လျှင်၊ သတ်ခြင်းငှါတိုင်ပင်လျက်၊ 19 ကြည့်လော့။ အိပ်မက်ဆရာလာပြီ။
20 ကိုင်ကြ။ သူ့ကိုသတ်၍ တစုံတခုသော တွင်းထဲ သို့ ချပစ်ကြစို့။ ဆိုးသောသားရဲတစုံတခုကိုက်စားပြီဟု ပြောကြစို့။ ထိုသို့ပြုလျှင်၊
သူ၏ အိပ်မက်တို့သည် အဘယ်သို့နေရာကျမည်ကို ကြည့်ကြစို့ဟု အချင်းချင်း ပြောဆိုကြ၏။ 21 ထိုစကားကို ရုဗင်ကြားလျှင်၊ သူ့ကို
မသတ်ဘဲ နေကြစို့ဟုဆိုလျက်၊ သူတို့လက်မှ ယောသပ်ကို နှုတ် လေ၏။ 22 တဖတ် ရုဗင်က၊ သူ၏အသွေးကို မသွန်းကြနှင့်။
ကိုယ်လက်နှင့်မပြုဘဲ၊ တော၌ ဤမည်သောတွင်းထဲသို့ ချကြစို့ဟု သူတို့လက်မှ ယောသပ်ကို နှုတ်ယူ၍၊ အဘ၌ တဖန်
အပ်မည်အကြံရှိသည်နှင့်ဆိုလေ၏။ 23 ယောသပ်သည် အစ်ကိုတို့ထံသို့ ရောက်သော အခါ၊ သူဝတ်သောအင်္ကျီ၊ အဆင်း
ထူးခြားသောအင်္ကျီကို ချွတ်ပြီးမှ၊ 24 သူ့ကိုကိုင်ယူ၍ တွင်းထဲသို့ ချကြ၏။ထိုတွင်း၌ ရေမရှိ၊ သွေ့ခြောက်သောတွင်း ဖြစ်သတည်း။ 25
ထိုနောက် အစာစားခြင်းငှါ ထိုင်ကြစဉ် မျှော်ကြည့်၍၊ ဣရှမေလအမျိုးသား အစုအဝေးသည် ဂိလဒ်ပြည်မှလာ၍ နံ့သာမျိုး၊
ဗာလစံစေး၊ မုရန်စေးများ ကို ကုလားအုပ်ပေါ်၌ တင်ဆောင်လျက်၊ အဲဂုတ္တုပြည်သို့ ခရီးသွားကြသည်ကိုမြင်လျှင်၊ 26 ယုဒက၊
ငါတို့သည် ညီကိုသတ်၍သေကြောင်းကို ဖွက်ထားလျှင် အဘယ်ကျေးဇူးရှိသနည်း။ 27 ကိုင်ကြ။ ကိုယ်တိုင်မညှဉ်းဆဲဘဲ၊ ဣရှမေလ
လူတို့အား ရောင်းလိုက်ကြစို့။ သူသည် တို့ညီ၊ တို့အမျိုး ဖြစ်၏ဟု အစ်ကိုတို့အားဆိုသည်ရှိသော်၊ ညီအစ်ကိုတို့ သည် ဝန်ခံကြ၏။ 28
ထိုအခါ၊ မိဒျန်အမျိုးသား ကုန်သည်တို့သည် ခရီးသွားကြစဉ်တွင်၊ အစ်ကိုတို့သည် ယောသပ်ကို တွင်း ထဲက ဆွဲတင်ပြီးလျင်၊
ငွေအကျပ်နှစ် ဆယ်အဘိုးနှင့် ဣရှမေလလူတို့အား ရောင်း၍၊ ထိုသူတို့သည် ယောသပ် ကိုအဲဂုတ္တုပြည်သို့ ဆောင်သွားကြ၏။ 29
ရုဗင်သည်လည်း တွင်းသို့သွား၍၊ တွင်းထဲမှာ ယောသပ်မရှိသည်ကို မြင်လျင်၊ မိမိအဝတ်ကို ဆွဲဆုတ် လျက်၊ 30 ညီတို့ရှိရာသို့ သွား၍၊
သူငယ်မရှိပါတကား။ ငါသည် အဘယ်သို့ သွားရပါ မည်နည်းဟု ဆိုလေ၏။ 31 သူတို့သည်လည်း၊ ယောသပ်အင်္ကျီကိုယူ၍၊
ဆိတ်သငယ်ကို သတ်ပြီးမှ၊ အင်္ကျီကိုအသွေး၌ နှစ်လေ၏။ 32 ထိုနောက်မှ၊ အဆင်းထူးခြားသော ထိုအင်္ကျီကို ပေးလိုက်၍၊
အချို့တို့သည် အဘထံသို့ဆောင်ခဲ့လျက်၊ ဤအင်္ကျီကို အကျွန်ုပ်တို့ တွေ့ပါပြီ။ သား၏အင်္ကျီ ဟုတ်သည် မဟုတ်သည်ကို
ကြည့်ပါဟုဆိုလျှင်၊ 33 ထိုအင်္ကျီကို အဘမှတ်မိ၍၊ ငါ့သား၏ အင်္ကျီ မှန်၏။ သူ့ကိုဆိုးသော သားရဲကိုက်စားပြီ။ အကယ်၍
ယောသပ်ကိုအပိုင်းပိုင်းကိုက်ဖြတ်ပါပြီတကားဟုဆိုလျက်၊ 34 မိမိအဝတ်ကို ဆွဲဆုတ်၍၊ လျှော်တေအဝတ်ကို ပတ်စည်းသဖြင့်၊
အင်တန်ကာလပတ်လုံး၊ သားကြောင့် စိတ်မသာ ညည်းတွားလျက် နေလေ၏။ 35 သားသမီးအပေါင်းတို့သည်၊ အဘကို နှစ်သိမ့်
စေခြင်းငှါ ကြိုးစားသော်လည်း၊ သူသည် နှစ်သိမ့်စေသော စကားကို နားမထောင်ဘဲ၊ ငါ့သားရှိရာ မရဏာနိုင်ငံသို့
စိတ်မသာညည်းတွားလျက် ဆင်းသက်တော့မည်ဟု ဆိုလေ၏။ ထိုသို့ယောသပ်အဘသည် သားကြောင့် ငိုကြွေးမြည်တမ်းလျက်
နေလေ၏။ 36 ယောသပ်ကိုကား၊ မိဒျန်လူတို့သည် အဲဂုတ္တုပြည် သို့ ဆောင်သွား၍၊ ဖါရောဘုရင်၏ အမတ်ဖြစ်သော ကိုယ်ရံတော်မှူး၊
ပေါတိဖါထံမှာ ရောင်းကြ၏။


generated on Fri Sep 22 10:08:29 2023

## Genesis 37:1

မိမိအဘ တည်းခိုရာ ခါနာန်ပြည်
"မိမိအဖ နေထိုင်ရာ ခါနာန်ပြည်"

ယာကုပ်အမျိုးအနွယ်၏ အတ္ထုပ္ပတ္တိများ ဟူမူကား
ကမ္ဘာဦးကျမ်း ၃၇:၁-၅၀:၂၆ တွင် ဖော်ပြမည့် ယာကုပ် သားများ၏ သမိုင်းမှတ်တမ်းကို အစဖွင့်ထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဤသည်မှာ ယာကုပ် မိသားစု၏ အတ္ထုပ္ပတ္တိဖြစ်သတည်း"

အသက်တဆယ်ခုနစ်နှစ်
"အသက် ၁၇ နှစ်"

ဗိလဟာ
ရာခေလ၏ အစေခံမ အမည် ဖြစ်သည်။ ၂၉:၂၈ မှ ပြန်ဆိုချက်ကို ရှု။

ဇိလပ
လေအာ၏ အစေခံမ အမည် ဖြစ်သည်။ ၂၉:၂၃

မယား
"မယားငယ်" (UDB)။ သားသမီး ရဖို့အတွက် ယာကုပ်ကို ပေးလိုက်သော လေအာနှင့်ရာခေလတို့၏ အစေခံများ ဖြစ်သည်။

သူတို့အပြစ်
"အစ်ကိုတို့၏ အပြစ်"

## Genesis 37:3

ချစ်၏
ညီအစ်ကိုကြား၊ မိတ်ဆွေကြား၊ သို့မဟုတ် မိသားစုကြား ချစ်ခြင်းမေတ္တာကို ညွှန်းသည်။ မိတ်ဆွေ သို့မဟုတ် မိသားစုအပေါ် ထားရှိသော ချစ်ခြင်းမေတ္တာတရား ဖြစ်သည်။

အသက်ကြီးစဉ်အခါ
ဣသရေလ အသက်ကြီးပြီးမှ ယောသပ် မွေးဖွားကြောင်း ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အသက်ကြီး ပြီးနောက်"

ချုပ်၍ ပေး၏
"ချုပ်ပေး လေ၏"

အဆင်းအရောင် ထူးခြားသော အင်္ကျီ
"အဆင်းလှသော ဝတ်လုံ"

မေတ္တာစကားကို သူ့အား မပြောနိုင်ကြ
"မေတ္တာဖြင့် စကားပြောခြင်း မပြုနိုင်ကြ"

## Genesis 37:5

ယောသပ်သည် အိပ်မက်ကို မြင်၍၊ အစ်ကိုတို့အား ပြန်ပြောသဖြင့်၊ သူတို့သည် သာ၍မုန်းကြ၏
၃၇:၆-၁၁ ဖြစ်ရပ်ကို အကျဉ်းချုပ် မိတ်ဆက်ခြင်း ဖြစ်သည်။

သူတို့သည် သာ၍မုန်းကြ၏
"ယခင်ထက် ပို၍ မုန်းကြ၏"

ကျွန်ုပ်မြင်ရသော အိပ်မက်ကို နားထောင်ကြပါလော့
"ကျွန်ုပ်မြင်သော အိပ်မက်ကို နားထောင်ပေးကြပါ" (UDB)

## Genesis 37:7

ယေဘုယျ အချက်အလက်
ယောသပ်က အစ်ကိုတို့ထံ မိမိအိပ်မက် အကြောင်းကို ပြောသည်။

**Behold**
Not applicable

ကျွန်ုပ်တို့သည်
ယာကုပ်နှင့် အစ်ကိုတို့အားလုံး ပါဝင်သည်။

လယ်၌ကောက်လှိုင်းကို စည်း၍ နေကြစဉ်
စပါးသီးနှင့် ကောက်ရိုးကို ခွဲရန်အတွက် စပါးပင်များကို စည်းခြင်းဖြစ်သည်။

**and behold**
Not applicable

ကျွန်ုပ်ကောက်လှိုင်းသည် ထ၍ မတ်တတ်နေသဖြင့်၊ သင်တို့၏ ကောက်လှိုင်းတို့သည် ဝိုင်း၍ရပ်လျက်၊ ကျွန်ုပ်ကောက်လှိုင်းကို ရှိခိုးကြသည်
ကောက်လှိုင်းများက လူကဲ့သို့ မတ်တတ်ရပ်၍ ထူးထောက်ကြောင်း တွေ့ရသည်။ ယောသပ်တို့ ညီအစ်ကိုများကို ကိုယ်စားပြုသည်။

သင်သည် ငါတို့၌ မင်းပြုရလိမ့်မည်လော၊ ငါတို့ကို အစိုးရလိမ့်မည်လော
ရှေ့နှင့်နောက် အဓိပ္ပါယ်ချင်း တူသည်။ ယောသပ်ကို ကဲ့ရဲ့လိုသဖြင့် မေးခြင်းဖြစ်သည်။ ဖြစ်ကြောင်းပြဝါကျဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်သည် ငါတို့၌ မင်းပြုရမည် မဟုတ်။ သင့်ကို ဦးညွှတ်မည်မဟုတ်"

ငါတို့၌ မင်းပြုလိမ့်မည်
"ငါတို့" က ယောသပ်မှလွဲ၍ မိမိညီအစ်ကိုများကို ညွှန်းသည်။

သူ၏အိပ်မက်နှင့် သူ၏စကားအကြောင်းကြောင့်
"သူ၏ အိပ်မက်နှင့် ပြောစကားတို့ကြောင့်"

## Genesis 37:9

တဖန်အိပ်မက်ကို မြင်ပြန်၍
"နောက်တဖန် အိပ်မက်ကို မြင်၍"

ကြယ်ဆယ်တလုံး
"ကြယ် ၁၁ လုံး"

အဘက . . . ဟူ၍၊ သူ့ကို ဆုံးမလေ၏
"အဖက ... ဟူ၍၊ ဆုံးမလေ၏"

သင်မြင်သောအိပ်မက်သည် အဘယ်သို့နည်း။ ငါနှင့်သင်၏အမိ . . . ဦးညွှတ်ချရမည်လော
ယောသပ်ကို သွန်သင်ရန် အသုံးပြုသော မေးခွန်းဖြစ်သည်။ ဖြစ်ကြောင်းပြဝါကျဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်မြင်သော အိပ်မက်မှာ အမှန်မဟုတ်။ သင့်အမိ၊ သင့်အစ်ကိုများနှင့် ငါသည် သင့်ထံ ဦးညွှတ်မည် မဟုတ်"

ငြူစူ
မိမိထက် ပို၍အောင်မြင် သို့မဟုတ် ကျော်ကြားသဖြင့် ထိုသူအား မနာလိုဖြစ်ခြင်းကို ဆိုလိုသည်။

ထိုအရာကို မှတ်လေ၏
ယောသပ် မြင်သော အိပ်မက်ကို အမြဲစဉ်းစားကြောင်း ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုအိပ်မက်၏ ဆိုလိုရင်းကို ဆင်ခြင်၍ နေလေ၏"

**Genesis 37:12**

သင်၏ အစ်ကိုတို့သည် သိုးဆိတ်များကို ရှေခင်မြို့မှာ ထိန်းကြသည် မဟုတ်လော
စကားစရန်အတွက် မေးလိုက်ခြင်း ဖြစ်သည်။ ဖြစ်ကြောင်းပြဝါကျဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်၏ အစ်ကိုတို့က သိုး၊ ဆိတ်များကို ရှေခင်မှာ ထိန်းနေကြ၏"

လာပါ
အစ်ကိုတို့ထံ သွားရန်အတွက် အသင့်ပြင်ခိုင်းခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ပြင်ဆင်လော့"

ကျွန်ုပ်ရှိပါသည်
ထွက်ခွာရန် အသင့်ရှိသည်။ "ကျွန်ုပ် အသင့်ရှိပါပြီ"

အဘက . . . ဟု မှာလိုက်လျက်
"အဘက ယောသပ်ထံ ... ဟု မှာလျက်"

ငါ့အား သိတင်းကြားပြောပါ
မိမိအစ်ကိုတို့ထံ သွားပြီးနောက် အကြောင်းစုံ ပြန်လည် တင်ပြရန် ပြန်လာစေလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့ထံ ပြန်လာ၍ ကြားပြောပါ" သို့မဟုတ် "ငါ့ထံ သတင်း ပြန်ပို့ပါ"

ချိုင့်မှ
"ချိုင့်ထဲမှ"

**Genesis 37:15**

တောခွင်လှည့်လည်စဉ်တွင်၊ တစုံတယောက်သောသူနှင့် တွေ့၍
"တောခွင် လှည့်လည်သော ယောသပ်ကို တစုံတယောက်က တွေ့၍"

သင်သည် ဘာကိုရှာသနည်း
"ဘာကို သင်ရှာနေသနည်း"

အဘယ်မှာထိန်းကြသည်ကို ပြောပါ
"သိုးဆိတ်များ ထိန်းရန် အဘယ်သို့ သွားသည်ကို ကျေးဇူးပြု၍ ပြောပြပါ"

ထိန်းကြသည်
"သိုးဆိတ်များ ထိန်းကျောင်းသည်"

ဒေါသန်မြို့
ရှေခင်မှ ၂၂ ကီလိုမီတာ ကွာဝေးရာတွင် ရှိသည်။

**Genesis 37:18**

အဝေး၌ရှိစဉ်ပင်၊ အစ်ကိုတို့သည် မြင်လျှင်
"အဝေး၌ ရှိစဉ်ပင်၊ ယောသပ်၏ အစ်ကိုတို့က မြင်လျှင်"

သတ်ခြင်းငှါ တိုင်ပင်လျက်
"သတ်ခြင်းငှါ ဆွေးနွေးလျက်"

အိပ်မက်ဆရာလာပြီ
"အိပ်မက်မြင်သောသူ လာပြီ"

ကိုင်ကြ
တိုင်ပင်ချက်အတိုင်း လုပ်ဆောင်ရန် ပြင်ဆင်ကြောင်း ထင်ရှားစေသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထို့ကြောင့်၊ ယခု"

ဆိုးသောသားရဲ
"တောရိုင်းကောင်" သို့မဟုတ် "သားရဲ"

ကိုက်စားပြီ
"ဖမ်းစားပြီ"

ထိုသို့ပြုလျှင်၊ သူ၏ အိပ်မက်တို့သည် အဘယ်သို့ နေရာကျမည်ကို ကြည့်ကြစို့
ယောသပ်သေလျှင် သူမြင်ခဲ့သော အိပ်မက်များ အမှန်တကယ် ဖြစ်မဖြစ်ကို ကြည့်ရန် ဆိုလိုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထို့သို့ပြုလျှင်၊ သူ၏ အိပ်မက်များ အမှန်တကယ် ဖြစ်လာတော့မည်မဟုတ်"

**Genesis 37:21**

ထိုစကားကို . . . ကြားလျှင်
"ထိုသို့ပြောသည်ကို ... ကြားလျှင်"

သူတို့လက်မှ
သတ်ရန် ကြံစည်မှုကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ ထံမှ" သို့မဟုတ် "သူတို့ အကြံအစည်မှ"

သူ့ကို မသတ်ဘဲ နေကြစို့
သတ်ခြင်းကို ယဉ်ကျေးသော အသုံးအနှုန်းဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူ့အသက်ကို မနှုတ်ဘဲ နေကြစို့"

သူ၏အသွေးကို မသွန်းကြနှင့်
"အသွေး" သွန်းခြင်းမှာ သတ်ခြင်းကို ယဉ်ကျေးစွာ ဖော်ပြသောစကား ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အသွေးကို သွန်းခြင်း မပြုနှင့်" သို့မဟုတ် "သူ့ကို မသတ်ကြနှင့်"

ကိုယ်လက်နှင့်မပြုဘဲ
ထိခိုက်မှု မပြုရန် ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူ့ကို မထိခိုက်ဘဲ"

ယောသပ်ကို နှုတ်ယူ၍
"ယောသပ်ကို ကယ်တင်၍"

သူတို့လက်မှ
သတ်ရန် ကြံစည်မှုကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ထံမှ" သို့မဟုတ် "သူတို့ အကြံအစည်မှ"

တဖန်အပ်မည် အကြံရှိသည်နှင့်
"ပြန်အပ်မည် အကြံဖြင့်"

### Genesis 37:23

သောအခါ
အကြောင်းအရာတစ်ခု၏ အရေးကြီးသော အခန်းကို အမှတ်ပြုခြင်း ဖြစ်သည်။ ပြန်ဆိုမည့် ဘာသာစကား၏ အသုံးအနှုန်းဖြင့် ဖော်ပြနိုင်သည်။

သူဝတ်သောအင်္ကျီ၊ အဆင်းထူးခြားသော အင်္ကျီကို ချွတ်ပြီးမှ
"သူ၏ အဆင်းလှသော ဝတ်လုံကို ချွတ်ပြီးမှ"

အဆင်းထူးခြားသော အင်္ကျီ
"အဆင်းလှသော ဝတ်လုံ။" ၃၇:၃ မှ ပြန်ဆိုချက်ကို ရှု။

### Genesis 37:25

ထိုနောက် အစာစားခြင်းငှါ ထိုင်ကြစဉ်
"မုန့်မှာ" ထိုခေတ် "အစာ" ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထို့နောက် မုန့်စားခြင်းငှါ ထိုင်ကြစဉ်" သို့မဟုတ် "ထို့နောက် အစာစားခြင်းငှါ ထိုင်ကြစဉ်"

မျှော်ကြည့်၍၊ ဣရှမေလအမျိုးသား အစုအဝေးသည် . . . ခရီးသွားကြသည်ကို မြင်လျှင်
မော့ကြည့်၍ ဟူလည်း ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မျှော်ကြည့်၍ ... သွားသော ဣရှမေလကုန်သည် အဖွဲ့ကို မြင်လျှင်"

တင်ဆောင်လျက်
"သယ်ဆောင်လျက်"

နံ့သာမျိုး
"ဟင်းခတ် အမွှေးအကြိုင်"

ဗာလစံစေး
အသားအရေ ကာကွယ်ရန်နှင့် အနာပေါ်တွင် လိမ်းရန် အသုံးပြုသော နံ့သာလိမ်းဆေး တစ်မျိုး။ "ပရုတ်ဆီ"

အဲဂုတ္တုပြည်သို့
"အီဂျစ်ပြည်သို့။" ပို၍ တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုပြည်တွင် ရောင်းရန်"

ငါတို့သည် ညီကိုသတ်၍ သေကြောင်းကို ဖွက်ထားလျှင် အဘယ်ကျေးဇူးရှိသနည်း
ဖြစ်ကြောင်းပြပ္ပဝါကျဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ့်ညီကို သတ်၍ အသွေးကို ဖုံးခြင်းဖြင့် အကျိုးမရနိုင်"

သေကြောင်းကို ဖွက်ထားလျှင်
အသွေးကို ဖုံးခြင်းဟူ၍လည်း တင်စားဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အသွေးကို ဖုံးခြင်းဖြင့်"

### Genesis 37:27

ဣရှမေလ လူတို့အား
"ဣရှမေလ အမျိုးတို့အား" (UDB)

ကိုယ်တိုင်မညှဉ်းဆဲဘဲ
ထိခိုက်ခြင်းမပြုရန် ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူ့ကို မထိခိုက်ဘဲ"

သူသည် တို့ညီ၊ တို့အမျိုး ဖြစ်၏
"အမျိုး" ကို "အသွေးအသား" ဖြင့် ကိုစားပြုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူသည် တို့အသွေးနှင့်အသား ဖြစ်၏"

ညီအစ်ကိုတို့သည် ဝန်ခံကြ၏
"ယုဒ၏ ညီအစ်ကိုတို့က ထောက်ခံကြ၏" သို့မဟုတ် "ညီအစ်ကိုတို့က ထောက်ခံကြ၏"

မိဒျန်အမျိုးသား . . . ဣရှမေလလူတို့
ယောသပ်၏ အစ်ကိုတို့တွေ့သည့် ထိုကုန်သည်အဖွဲ့ကိုသာ ညွှန်းသည်။

ငွေ အကျပ်နှစ်ဆယ် အဘိုးနှင့်
"ငွေကျပ် ၂၀ ဖြင့်"

ယောသပ်ကို အဲဂုတ္တုပြည်သို့ ဆောင်သွားကြ၏
"ယောသပ်ကို အီဂျစ်ပြည်သို့ ခေါ်သွားကြ၏" (UDB)

### Genesis 37:29

ရုဗင်သည်လည်း တွင်းသို့သွား၍၊ တွင်းထဲမှာ ယောသပ်မရှိသည်ကို မြင်လျှင်
"ရုဗင်ကလည်း တွင်းသို့ ပြန်လာ၍၊ ယောသပ်ကို မတွေ့လျှင်"

မိမိအဝတ်ကို ဆွဲဆုတ်လျက်
ဝမ်းနည်း ကျေကွဲမှုကို ပြသခြင်း ဖြစ်သည်။ ပို၍ ရှင်းလင်းစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဝမ်းနည်းသဖြင့် မိမိအဝတ်ကို ဆွဲဆုတ်လျက်"

သူငယ်မရှိပါတကား။ ငါသည် အဘယ်သို့ သွားရပါမည်နည်း
ယောသပ် မရှိသော ပြဿနာကို ထင်သာစေရန် မေးလိုက်ခြင်း ဖြစ်သည်။ ဖြစ်ကြောင်းပြပ္ပဝါကျဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူငယ်မရှိပါတကား။ ယခု အိမ်ပြန်နိုင်တော့မည်မဟုတ်"

### Genesis 37:31

ယောသပ်အင်္ကျီ
ဖခင် ချုပ်ပေးသည့် အဆင်းလှသော ဝတ်လုံကို ညွှန်းသည်။

အသွေး
"ဆိတ်သွေး"

ပေးလိုက်၍၊ အချို့တို့သည် အဘထံသို့ ဆောင်ခဲ့လျက်
"အဖထံ ယူဆောင်လျက်"

သူ့ကို . . . ကိုက်စားပြီ
"သူ့ကို ... စားလေပြီ"

အကယ်၍ ယောသပ်ကို အပိုင်းပိုင်း ကိုက်ဖြတ်ပါပြီတကား
တောရိုင်း တိရစ္ဆာန်က ယောသပ်ကို ကိုက်စားသည်ဟု ယာကုပ် ထင်၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယောသပ်ကို အမှန် ကိုက်ဖြတ်လိုက်ပြီတကား"

**Genesis 37:34**

မိမိအဝတ်ကို ဆွဲဆုတ်၍
ဝမ်းနည်းကြေကွဲမှု လက္ခဏာကို ပြသည်။ ပို၍ ရှင်းလင်းစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အလွန်ဝမ်းနည်းသဖြင့် မိမိအဝတ်ကို ဆွဲဆုတ်၍"

လျှော်တေအဝတ်ကို ပတ်စည်းသဖြင့်
ခါးကို ဖုံးရန် စည်းရသော အဝတ်မျိုးကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ခါးစည်းကို ဝတ်၍"

နှစ်သိမ့်စေခြင်းငှါ ကြိုးစားသော်လည်း
အခြားသော ဘာသာပြန်ဆိုချက်၊ "ကြိုးစား၍ နှစ်သိမ့်ကြသော်လည်း"

သူသည် နှစ်သိမ့်စေသော စကားကို နားမထောင်ဘဲ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "နှစ်သိမ့်စကားကို မခံဘဲ"

ငါ့သားရှိရာ မရဏာနိုင်ငံသို့ စိတ်မသာ ညည်းတွားလျက် ဆင်းသက်တော့မည်
သေသည့်အချိန်ထိ ငိုကြွေးရန် ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့သားရှိရာ ရှေဩလပြည်သို့ ရောက်သည်တိုင် ညည်းတွားလျက်နေမည်"

ယောသပ်ကိုကား၊ မိဒျန်လူတို့သည် . . . ရောင်းကြ၏
"မိဒျန်လူတို့သည် ယောသပ်ကို ... ရောင်းကြ၏"

ကိုယ်ရံတော်မှူး
"ဘုရင့်ကိုယ်ရံတော်တပ်မှူး

 

## Chapter 38

1 ထိုကာလအခါ ယုဒသည် ညီအစ်ကိုနေရာမှ သွား၍၊ ဟိရအမည်ရှိသော၊ အဒုလံအမျိုးသားထံသို့ ဝင်လေ၏။ 2 ထိုအရပ်၌
ရှုအာအမည်ရှိသော၊ ခါနာန် အမျိုးသား၏သမီးကို တွေ့မြင်၍၊ အိမ်ထောင်ဘက် ပြုလျက်၊ 3 ထိုမိန်းမသည် ပဋိသန္ဓေယူ၍ သားကို
ဘွားမြင် ၏။ ထိုသားကို ဧရအမည်ဖြင့် မှည့်လေ၏။ 4 တဖန် ပဋိသန္ဓေယူပြန်၍ ဘွားမြင်သောသားကို သြနန်အမည်ဖြင့် မှည့်လေ၏။
5 တဖန် ပဋိသန္ဓေယူပြန်၍ ဘွားမြင်သောသားကို ရှေလအမည်ဖြင့် မှည့်လေ၏။ ရှေလဘွားသောအခါ၊ အဘသည်
ခေဇိပ်မြို့မှာရှိသတည်း။ 6 ထိုနောက်မှ ယုဒသည် မိမိသားဦးဧရကို တာမာ အမည်ရှိသော သတို့သမီးနှင့် စုံဘက်စေ၏။ 7
ယုဒ၏သားဦး ဧရသည် ထာဝရဘုရားရှေ့၌ ဆိုးသောသူဖြစ်၍၊ သူ့ကိုထာဝရဘုရား ကွပ်မျက်တော် မူ၏။ 8 ထိုအခါ ယုဒသည်
သြနန်ကိုခေါ် ပြီးလျှင်၊ သင်၏အစ်ကို မယားထံသို့ဝင်၍ သူနှင့်အိမ်ထောင်ဘက် ပြုသဖြင့်၊ အစ်ကိုအမျိုးကို ဆက်နွယ်လော့ဟုဆို၏။
9 သြနန်သည် သားကိုရလျှင်မူကား၊ မိမိသား မမှတ်ရဟုသိ၍ အစ်ကိုအား သားကိုမပေးလိုဘဲ၊ အစ်ကိုမယားထံသို့ ဝင်သောအခါ၊
သုတ်ရည်ကိုထုတ်၍ စွန့်လေ၏။ 10 ထိုအမှုကို ထာဝရဘုရား နှစ်သက်တော်မမူ သောကြောင့်၊ သြနန်ကိုလည်း ကွပ်မျက်တော်မူ၏။
11 သားငယ်ရှေလသည် အစ်ကိုတို့သေသကဲ့သို့ သေမည်ဟုယုဒသည် စိုးရိမ်၍၊ မိမိချွေးမတာမာကို ခေါ် ပြီးလျှင်၊
ငါ့သားရှေလအကြီးမှီ သင်သည် သင့်အဘ အိမ်၌ မုတ်ဆိုးမပြု၍ နေပါဟုဆိုသည်အတိုင်း၊ တာမာ သွား၍
မိမိအဘ၏အိမ်၌နေလေ၏။ 12 ကာလအင်တန်ကြာသော်၊ ရှုအာသမီးဖြစ်သော ယုဒမယား လည်းသေလေ၏။
ယုဒသည်နှစ်သိမ့်ပြီးမှ၊ မိမိသိုးမွေးညှပ်သောသူတို့ရှိရာ တိမနတ်မြို့သို့ မိမိအဆွေ အဒုလံအမျိုး ဟိရနှင့်အတူ သွားလေ၏။ 13
မိမိယောက္ခမသည် သိုးမွေးကိုညှပ်ခြင်းငှါ၊ တိမနတ်မြို့သို့သွားကြောင်းကို၊ တာမာကြားလျှင်၊ 14 မုတ်ဆိုးမအဝတ်ကို ချွတ်၍
မျက်နှာဖုံးနှင့် မျက်နှာကိုဖုံးလျက်၊ ကိုယ်ကိုလည်းခြုံရုံလျက်၊ တိမနတ်မြို့ သို့ သွားသောလမ်းအနား၊ ဧနိမ်မြို့တံခါးဝ၌ ထိုင်နေလေ
၏။ အကြောင်းမူကား၊ ရှေလကြီးသော်လည်း၊ မိမိနှင့် အိမ်ထောင်ဘက်မပြုရဟု သိမြင်သောကြောင့်တည်း။ 15 ယုဒသည်
ထိုမိန်းမကိုမြင်သောအခါ၊ သူသည် မိမိမျက်နှာကိုဖုံး၍ နေသောကြောင့်၊ ပြည်တန်ဆာ ဖြစ်သည်ဟု ထင်မှတ်လျက်၊ 16 လမ်းကိုလွှဲ၍
အနားသို့ချဉ်းပြီးလျှင်၊ သင့်ထံသို့ ငါဝင်ရသောအခွင့်ကိုပေးပါလော့ဟု ဆိုလေသော်၊ မိန်းမ က၊ သင်သည် ကျွန်မထံသို့ဝင်လိုသော်ငါ
အဘယ်ဆုကို ပေးမည်နည်းဟု မေးလျှင်၊ 17 ယုဒက၊ ဆိတ်သငယ်ကိုပေးလိုက်မည်ဟု ဆိုလေ ၏။ မိန်းမကလည်း၊ မပေးလိုက်မှီ
တစုံတခုသောအရာကို ပေါင်ထားမည်လောဟုမေးလျှင်၊ 18 ယုဒက အဘယ်အရာကို ပေါင်စေချင်သနည်း ဟု ပြန်၍မေးလေသော်၊
မိန်းမက၊ သင်၏တံဆိပ်၊ စလွယ်၊ လက်စွဲတောင်ဝေးတို့ကို ပေါင်တော့ဟု ဆိုသည်အတိုင်း၊ ထိုဥစ္စာကိုအပ်၍ မိန်းမထံသို့ဝင်သဖြင့်၊
သူသည် ပဋိ သန္ဓေစွဲယူလေ၏။ 19 ထိုနောက်မှ၊ မိန်းမသည် ထသွား၍ မျက်နှာဖုံးကို ချွတ်ပြီးလျှင်၊ မုတ်ဆိုးမအဝတ်ကို
ဝတ်မြဲဝတ်ပြန်လေ၏။ 20 ယုဒသည် မိန်းမ၌ပေါင်သောဥစ္စာကို ရွေးယူ ခြင်းငှါ၊ မိမိအဆွေအဒုလံအမျိုးသားတွင် ဆိတ်သငယ်ကို
ပေးလိုက်၏။ အဒုလံအမျိုးသားသည် ထိုမိန်းမကို မတွေ့လျှင်၊ 21 ဧနိမ်မြို့လမ်းနားမှာ ထိုင်နေသော ပြည် တန်ဆာမသည်
အဘယ်မှာရှိသနည်းဟု ထိုအရပ်သား တို့ကို မေးလေသော်၊ အရပ်သားတို့က ဤအရပ်၌ ပြည်တန်ဆာမ မရှိဟုဆိုကြလျှင်၊ 22
ယုဒထံသို့ ပြန်၍၊ ကျွန်ုပ်သည် ထိုမိန်းမကို ရှာ၍မတွေ့။ အရပ်သားတို့ကလည်း၊ ဤအရပ်၌ ပြည် တန်ဆာမ မရှိဟု ဆိုကြောင်းကို
ပြောလေ၏။ 23 ယုဒကလည်း၊ အရှက်မကွဲမည်အကြောင်း၊ ယူပါ လေစ။ ကြည့်ပါ။ ဤဆိတ်သငယ်ကို ကျွန်ုပ်ပေးလိုက်၍ သင်သည်
မိန်းမကိုရှာ၍ မတွေ့ပါတကားဟုဆို၏။ 24 ထိုနောက် သုံးလခန့်လွန်သည်ရှိသော်၊ သူတပါး က၊ သင်၏ချွေးမတာမာသည်
ပြည်တန်ဆာလုပ်၍ မတရားသော မေထုန်ပြုသဖြင့် ကိုယ်ဝန်ဆောင်လျက် နေပြီတကားဟု ယုဒအားပြောဆိုလျှင်၊ ယုဒက သူ့ကို
ထုတ်၍ မီးရှို့စေဟု စီရင်လေ၏။ 25 ထုတ်သောအခါ၊ တာမာသည် တံဆိပ်၊ စလွယ်၊ တောင်ဝေးတို့ကို ယောက္ခမထံသို့ ပို့စေ၍၊
ဤဥစ္စာကို ပိုင်သောသူအားဖြင့် ကျွန်မသည် ပဋိသနေယူပြီ။ ဤဥစ္စာတို့သည် အဘယ်သူ၏ ဥစ္စာဖြစ်သည်ကို ကြည့်ပါလော့ဟု
မှာလိုက်၏။ 26 ထိုဥစ္စာ ကိုယုဒမှတ်မိ၍ သူ အပြစ်ထက် ငါ့အပြစ်သာ၍ ကြီးပေ၏။ သူ့အား ငါ့သားရှေလကို ငါမပေးစားဘဲနေမိပြီဟု
ပြောဆို၏။ နောက်တဖန် သူ့ကို မချဉ်းကပ်ဘဲနေ၏။ 27 ထိုနောက်တာမာသည် သားဘွားချိန်ရောက် လျှင်၊ ဝမ်းထဲတွင်
သားနှစ်ယောက်ရှိ၏။ 28 ဘွားစဉ်တွင် သားတယောက်သည် လက်ကို ထုတ်ဆန့်၍၊ ဝမ်းဆွဲက ဤသူငယ်သည် အရင်ဘွားလိမ့်
မည်ဟုဆိုလျက် လက်ကိုကိုင်၍ နီသောကြိုးနှင့် စည်းလေ ၏။ 29 သို့သော်လည်း ထိုသူသည်မိမိလက်ကိုရုပ်ပြန်၍
သူ့အစ်ကိုဘွားသည်ကို ဝမ်းဆွဲက၊ သင်သည် အဘယ် ကြောင့် အနိုင်အထက်ပြုရသနည်း။ အနိုင်အထက်ပြု သော ဤအမှုသည်
သင်၌စွဲစေဟုဆိုလျက် သူ့ကိုဖါရက် အမည်ဖြင့် မှည့်လေ၏။ 30 ထိုနောက်မှ လက်၌ကြိုးနီစည်းသောညီဘွား၍၊ သူ့ကိုဇာရအမည်ဖြင့်
မှည့်သတည်း။

---

### Genesis 38:1

ထိုကာလအခါ ယုဒသည်
ယုဒအကြောင်းကို အစဖွင့်ထားသည်။

ဟိရအမည်ရှိသော၊ အဒုလံအမျိုးသား
ဟိရမှာ အဒုလမ်အရပ်တွင် နေထိုင်သော လူတစ်ယောက်ဖြစ်သည်။ အဒုလံအမျိုးသား ဖြစ်သည်။

ရှုအာအမည်ရှိသော
ယုဒနှင့် ထိမ်းမြားသော ခါနာနိ အမျိုးသမီး၏ အမည်ဖြစ်သည်။

### Genesis 38:3

မိန်းမသည် ပဋိသန္ဓေယူ၍
"ထိုမယားသည် ပဋိသန္ဓေယူ၍"


generated on Fri Sep 22 10:08:29 2023

ထိုသားကို ဧရအမည်ဖြင့် မှည့်လေ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုသားကို ဧရဟု မှည့်လေ၏"

ဧရ . . . ဩနန် . . . ရှေလ
ယုဒသားများ၏ အမည်ဖြစ်သည်။

အမည်ဖြင့် မှည့်လေ၏
"သူ့ကို မှည့်လေ၏"

ခေဇိပ်မြို့
အရပ်ဒေသ၏ အမည်ဖြစ်သည်။

### Genesis 38:6

ဧရ
ယုဒသားများအနက် တစ်ဦးဖြစ်သည်။ ၃၈:၃ မှ ပြန်ဆိုချက်ကို ရှု။

ထာဝရဘုရားရှေ့၌ ဆိုးသောသူဖြစ်၍
"ရှေ့၌" မှာ ထာဝရဘုရား အမြင်၌ဟု ညွှန်းဆိုခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရား အမြင်၌ ဆိုးညစ်သူဖြစ်၍"

သူ့ကို ထာဝရဘုရား ကွပ်မျက်တော်မူ၏
ဆိုးညစ်သူဖြစ်သောကြောင့် ကွပ်မျက်တော်မူ၏။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဆိုးသောသူဖြစ်၏။ ထို့ကြောင့်၊ ထာဝရဘုရား ကွပ်မျက်တော်မူ၏"

### Genesis 38:8

ဩနန်
ယုဒသားများအနက် တစ်ဦးဖြစ်သည်။ ၃၈:၃ မှ ပြန်ဆိုချက်ကို ရှု။

အစ်ကိုအမျိုးကို ဆက်နွယ်လော့
အစ်ကိုနှင့်မရီးတို့၌ သားမထွန်းကားဘဲ အစ်ကိုဖြစ်သူ သေဆုံးလျှင်၊ နောက်အကြီးဆုံး ညီက မရီးကို ထိမ်းမြားရသည်။ ထိုသို့ဖြင့် သားမွေးလျှင်၊ ပထမဆုံး မွေးသောသားကို ဆုံးသွားသော အစ်ကို၏ သားအဖြစ် မှတ်ယူရပြီး၊ အစ်ကို၏အမွေကို ဆက်ခံရသည်။

ထိုအမှုကို ထာဝရဘုရား နှစ်သက်တော်မမူ သောကြောင့်
ထာဝရဘုရား အမြင်၌ ဆိုးညစ်သောအမှုဖြစ်ကြောင်း ညွှန်းဆိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုအမှုမှာ ထာဝရဘုရား အမြင်၌ ဆိုးညစ်သောကြောင့်"

ဩနန်ကိုလည်း ကွပ်မျက်တော်မူ၏
ဆိုးညစ်အမှုကို ပြုသောကြောင့် ကွပ်မျက်တော်မူ၏။ ၎င်းကို ရှင်းလင်းစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူ့ကို တဖန် ကွပ်မျက်တော်မူ၏"

### Genesis 38:11

မိမိချွေးမ
"သားကြီး၏မယား"

သင်သည် သင့်အဘအိမ်၌
သူမ၏ ဖခင်၌ ပြန်နေရန် ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင့်အဖအိမ်သို့ ပြန်ပြီး"

ငါ့သားရှေလ မကြီးမှီ
တာမာအား ရှေလနှင့် ပေးစားရန် ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊" ငါ့သားရှေလ ကြီး၍ သူနှင့် ထိမ်းမြားချိန် မရောက်မှီ"

ရှေလ
ယုဒသားများအနက် တစ်ဦးဖြစ်သည်။ ၃၈:၃ မှ ပြန်ဆိုချက်ကို ရှု။

သားငယ်ရှေလသည် အစ်ကိုတို့သေသကဲ့သို့ သေမည်
ရှေလက တာမာနှင့် ထိမ်းမြားလျှင် အစ်ကိုများကဲ့သို့ သေမည်ကို ဖခင်ဖြစ်သူ ယုဒက စိုးရိမ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရှေလသည် သူမနှင့် ထိမ်းမြားလျှင် အစ်ကိုတို့ ကဲ့သို့ သေမည်"

### Genesis 38:12

ရှုအာ
ယောက်ျားအမည် ဖြစ်သည်။ ၃၈:၁ မှ ပြန်ဆိုချက်ကို ရှု။

ယုဒသည် နှစ်သိမ့်ပြီးမှ
"ယုဒသည် ပူဆွေးခြင်း ရပ်နား၍"

မိမိသိုးမွေးညှပ်သောသူတို့ရှိရာ တိမနမြို့
"မိမိလူတို့ သိုးမွှေးညှပ်ရာ တိမနမြို့"

တိမနမြို့ . . . ဧနိမ်မြို့
အရပ်ဒေသများ အမည်ဖြစ်သည်။

မိမိအဆွေ အဒုလံအမျိုး ဟိရနှင့်အတူ
"အဒုလံမှလာသော မိတ်ဆွေ ဟိရနှင့်အတူ" (UDB)

အဒုလံအမျိုး ဟိရ
"ဟိရ" မှာ ယောက်ျားအမည် ဖြစ်ပြီး၊ "အဒုလံ" မှာ သူနေသော ဒေသအမည် ဖြစ်သည်။ ၃၈:၁ မှ ပြန်ဆိုချက်ကို ရှု။

တာမာကြားလျှင်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တာမာအား လူတို့ ကြားပြောလျှင်"

ယောက္ခမ
"အမျိုးသား၏ ဖခင်"

မုတ်ဆိုးမအဝတ်
"မုဆိုးမ အဝတ်"

မျက်နှာဖုံးနှင့် မျက်နှာကိုဖုံးလျက်
ခေါင်းနှင့်မျက်နှာကို ဖုံးရန် ပါးလွှာသော အထည်

ကိုယ်ကိုလည်းခြုံရုံလျက်
သူတပါးတို့ မမှတ်မိနိုင်ရန် မိမိကိုယ်ကို အဝတ်ဖြင့် ဖုံးထားခြင်းဖြစ်သည်။ ထိုးတမ်းစဉ်လာအရ၊ ထိုသို့သော အဝတ်မှာ အမျိုးသမီးတို့ ဝတ်လေ့ရှိသော ဝတ်ရုံမျိုးဖြစ်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လူတို့ အမှတ်မပြုနိုင်ရန် ကိုယ်ကိုလည်း ဝတ်လုံဖြင့် ပတ်လျက်"

လမ်းအနား
"လမ်းတလျှောက်" သို့မဟုတ် "လမ်းမပေါ်"

မိမိနှင့် အိမ်ထောင်ဘက်မပြုရဟု
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူမအား ပေးစားခြင်း မပြုသည်ကို"

## Genesis 38:15

သူသည် မိမိမျက်နှာကိုဖုံး၍ နေသောကြောင့်
မျက်နှာကို ဖုံးသောကြောင့် သက်သက် မဟုတ်ဘဲ၊ ထိုခေတ်တွင် ပြည့်တန်ဆာတို့က မြို့၏ တံခါး၌ ထိုင်လေ့ရှိသောကြောင့် ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူသည် မိမိမျက်နှာကိုဖုံး၍ မိန်းမဆိုးများ ရှိရာ မြို့တံခါး၌ ထိုင်သောကြောင့်"

လမ်းကိုလွှဲ၍ အနားသို့ချဉ်းပြီးလျှင်
တာမာမှာ လမ်းဘေး၌ ထိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လမ်းဘေးရှိ သူမ အနားသို့ ချဉ်းကပ်၍"

ယုဒသည် ထိုမိန်းမကိုမြင်သောအခါ
"တာမာကို ယုဒ မြင်သောအခါ"

**his daughter-in-law**
Not applicable

## Genesis 38:17

တံဆိပ်၊ စလွယ်၊ လက်စွဲတောင်ဝေးတို့
"တံဆိပ်" မှာ ဖယောင်းရည်ပေါ်၌ တံဆိပ်ခတ်ရာတွင် သုံးသော ပုံစံတုံးဖြစ်သည်။ "စလွယ်" တွင် တံဆိပ်ကို ထည့်၍ လည်ပင်းတွင် လွယ်ရသည်။ "တောင်ဝှေး" မှာ မြေနေရာ ကြမ်းတမ်းရာ၌ လမ်းလျှောက်သောအခါ ထောက်ရန် သစ်လုံးရှည်တစ်ချောင်း ဖြစ်သည်။

သူသည် ပဋိသန္ဓေ စွဲယူလေ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူမသည် ပဋိသန္ဓေ စွဲလေ၏"

## Genesis 38:19

မျက်နှာဖုံး
ခေါင်းနှင့် မျက်နှာကို ဖုံးရန် ပါးလွှာသော အထည်ဖြစ်သည်။ ၃၈:၁၂ မှ ပြန်ဆိုချက်ကို ရှု။

မုတ်ဆိုးမအဝတ်
"မုဆိုးမ အဝတ်။" ၃၈:၁၂ မှ ပြန်ဆိုချက်ကို ရှု။

အဒုလံအမျိုးသား
"အဒုလံ" မှာ ဟိရ နေထိုင်သောအရပ်၏ အမည်ဖြစ်သည်။ ၃၈:၁ မှ ပြန်ဆိုချက်ကို ရှု။

ဥစ္စာကို ရွေးယူခြင်းငှါ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဥစ္စာကို သွားယူခြင်းငှါ"

မိန်းမ၌ပေါင်သော
သူမထံ အပ်ထားကြောင်း ထင်ရှားစေသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မိန်းမထံ ပေါင်သော"

## Genesis 38:21

အရပ်သားတို့
"ဒေသခံတို့"

ပြည်တန်ဆာမ
"နတ်ဘုရားကျောင်းများတွင် အခစားနေသော ပြည်တန်ဆာ"

နေိမ်မြို့
အရပ်ဒေသ အမည်ဖြစ်သည်။ ၃၈:၁၂ မှ ပြန်ဆိုချက် ရှု။

အရှက်မကွဲမည်အကြောင်း
လူတို့က ဖြစ်ကြောင်းစုံကို သိလျှင် ကဲ့ရဲ့မည် ဖြစ်သည်။ ၎င်းကို တိကျစွာနှင့် အပြုသဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လူတပါး၏ ကဲ့ရဲ့ပြုခြင်း မခံရမည်အကြောင်း"

## Genesis 38:24

ထိုနောက်
အကြောင်းအရာသစ်ကို အစဖွင့်ထားသည်။

သူတပါးက . . . ယုဒအားပြောဆိုလျှင်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "... သူတပါးက ယုဒအား ကြားပြောလျှင်"

သင်၏ချွေးမတာမာ
"သင့်သားကြီး၏ မယား တာမာ"

ကိုယ်ဝန်ဆောင်လျက် နေပြီတကား
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်ဝန် လွယ်ရပြီတကား" သို့မဟုတ် "ယခု ကိုယ်ဝန်ရှိလေပြီ"

သူ့ကို ထုတ်၍
"သူမကို ထုတ်၍"

မီးရှို့စေ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မီးရှို့ခြင်း ခံစေ"

ထုတ်သောအခါ
အကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "အထုတ်ခံရသောအခါ"

ယောက္ခမ
"ခင်ပွန်း၏ ဖခင်"

တံဆိပ်၊ စလွယ်၊ တောင်ဝေးတို့
"တံဆိပ်" မှာ ဖယောင်းရည်ပေါ်၌ တံဆိပ်ခတ်ရာတွင် သုံးသော ပုံစံတုံးဖြစ်သည်။ "စလွယ်" တွင် တံဆိပ်ကို ထည့်၍ လည်ပင်းတွင် လွယ်ရသည်။ "တောင်ဝှေး" မှာ မြေနေရာ ကြမ်းတမ်းရာ၌ လမ်းလျှောက်သောအခါ ထောက်ရန် သစ်လုံးရှည်တစ်ချောင်း ဖြစ်သည်။ ၃၈:၁၇ မှ ပြန်ဆိုချက်ကို ရှု။

ရှေလ
ယုဒ သားများအနက် တစ်ဦးဖြစ်သည်။ ၃၈:၃ မှ ပြန်ဆိုချက်ကို ရှု။

 generated on Fri Sep 22 10:08:29 2023

### Genesis 38:27

ထိုနောက် . . . ရောက်လျှင်
အကြောင်းအရာသစ်ကို အစဖွင့်ထားသည်။

. . . စဉ်တွင်
အကြောင်းအရာတစ်ခု၏ အရေးပါသော အခန်းကို အမှတ်ပြုသည်။ ပြန်ဆိုမည့် ဘာသာစကား၏ အသုံးအနှုန်းဖြင့် ဖော်ပြနိုင်သည်။

သားတယောက်သည် လက်ကို ထုတ်ဆန့်၍
"သားတယောက်က လက်ကို ထုတ်ဆန့်၍"

ဝမ်းဆွဲ
သားဖွားရာ၌ ကူညီပေးသော အမျိုးသမီးဖြစ်သည်။ ၃၅:၁၆ မှ ပြန်ဆိုချက်ကို ရှု။

နီသောကြိုးနှင့်
"ချည်မျှင် နီဖြင့်"

လက်ကိုကိုင်၍
"လက်ကောက်ကို"

### Genesis 38:29

သင်သည် အဘယ်ကြောင့် အနိုင်အထက် ပြုရသနည်း။ အနိုင်အထက်ပြုသော ဤအမှုသည် သင်၌စွဲစေ
ဒုတိယကလေးက ဦးစွာမွေးသောကြောင့် မိမိ၏ အံ့သြပုံကို ထင်ဟပ်စေသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်သည် ဤသို့ ထိုးထွက်ပါပြီ တကား" သို့မဟုတ် "သင်သည် ဦးစွာ ထိုးထွက်ပါပြီ တကား"

အမည်ဖြင့် မှည့်လေ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသသော ဘာသာပြန်ဆိုချက်၊ "... ဟု ခေါ်တွင် စေ၏"

ဖါရက်
ယောက်ျားလေးအမည် ဖြစ်သည်။ ဘာသာပြန်ဆိုသူများ အနေဖြင့် "ဖေရဇ် သို့မဟုတ် ဖါရက် အနက်ကား 'ထိုးထွက်' ဟူသတည်း" ဟု မှတ်ချက်ထည့်သွင်း ဖော်ပြနိုင်သည်။

ဇာရ
ယောက်ျားလေးအမည် ဖြစ်သည်။ ဘာသာပြန်ဆိုသူများ အနေဖြင့် "ဇာရ အနက်ကား 'နီရဲထွန်းတောက်' တည်း" ဟု မှတ်ချက်ထည့်သွင်း ဖော်ပြနိုင်သည်။

---

## Chapter 39

**1** ဣရှမေလလူတို့သည် ယောသပ်ကို ဆောင် သွား၍ အဲဂုတ္တုပြည်သို့ရောက်သောအခါ၊ အဲဂုတ္တု အမျိုးသား
ဖါရောဘုရင်၏အမတ်ဖြစ်သော ကိုယ်ရံတော်မှူး ပေါတိဖါထံမှာ ရောင်းကြ၏။ **2** ထာဝရဘုရားသည် ယောသပ်ဘက်၌ ရှိတော်
မူသဖြင့် သူသည် အကြံထမြောက်တတ်၏။ အဲဂုတ္တုအမျိုး သား မိမိသခင်၏အိမ်၌ နေရလေ၏။ **3** သူ့ဘက်၌ ထာဝရဘုရားသည်
ရှိတော်မူ၍၊ သူပြုလေရာရာ၌ အောင်စေတော်မူကြောင်းကို သခင် လည်း သိမြင်၏။ **4** ထိုကြောင့် ယောသပ်သည် သခင်ရှေ့၌
မျက်နှာရ၍ခစားလျက် နေရ၏။ သခင်သည်လည်း မိမိ အိမ်တွင် အိမ်အုပ်အရာနှင့် ခန့်ထား၍ ဥစ္စာရှိသမျှကို အပ်လေ၏။ **5**
ထိုသို့အိမ်နှင့် ဥစ္စာရှိသမျှကို အုပ်စိုးစေသည် ကာလမှစ၍ ထာဝရဘုရားသည် ယောသပ်အတွက် ထိုအဲဂုတ္တုသား၏အိမ်ကို
ကောင်းကြီးပေးတော်မူသဖြင့်၊ ပေးတော်မူသောကောင်းကြီးမင်္ဂလာသည် အတွင်း၊ ပြင်၊ ဥစ္စာရှိရှိသမျှအပေါ်မှာလည်း
သက်ရောက်လေ၏။ **6** သခင်သည် မိမိ၌ရှိသမျှကို ယောသပ်လက်သို့ အပ်၍၊ မိမိစားသောအစာမှတပါး အခြားသော ဥစ္စာ ရှိမှန်းကိုမျှ
မသိမမှတ်ဘဲနေ၏။ ယောသပ်သည် ပုံပြင် ယဉ်ကျေး၍ အသွေးအဆင်းလည်းလှသောသူဖြစ်၏။ **7** ထိုနောက်မှ သခင်၏မယားသည်
ယောသပ်ကို တပ်သောစိတ်ရှိ၍ ငါနှင့်အတူအိပ်ပါဟုဆို၏။ **8** ယောသပ်ကလည်း၊ ကျွန်တော်သခင်သည် အိမ်တော်၌ရှိသမျှသော
ဥစ္စာတို့ကို ကျွန်တော်လက်သို့ အပ်ပါပြီ။ ကျွန်တော်၌ အဘယ်ဥစ္စာရှိမှန်းကိုမျှ မသိ မမှတ်ပါ။ **9** ဤအိမ်တွင်လည်း
ကျွန်တော်ထက်သာ၍ ကြီးသောသူမရှိပါ။ကိုယ်မယားဖြစ်သော သခင်မမှတပါး အဘယ်အရာကိုမျှ ကျွန်တော်အား မမြစ်တားပါ။
သို့ဖြစ်လျှင် အပြစ်ကြီးသောဤအမှုကို ကျွန်တော်ပြု၍ ဘုရားသခင်ကို အဘယ်သို့ပြစ်မှားနိုင်သနည်းဟု သခင်၏မယားကိုငြင်း၍
ပြန်ဆို၏။ **10** ထိုသို့သခင်မသည် နေ့တိုင်းသွေးဆောင်သော် လည်း၊ ယောသပ်သည် သူ၏စကားကို နားမထောင်၊
သူနှင့်အတူအိပ်ခြင်း၊ နေခြင်းအမှုကို ရှောင်လေ၏။ **11** တနေ့သ၌ ယောသပ်သည် အမှုဆောင်ခြင်းငှါ အိမ်ထဲသို့ဝင်၍
အိမ်သားယောက်ျားတယောက်မျှ မရှိ သောအခါ၊ **12** သခင်မက ငါနှင့်အတူ အိပ်ပါဟုဆိုလျက်၊ ယောသပ်အဝတ်ကို ကိုင်ဆွဲလျှင်၊
ယောသပ်သည် မိမိ အဝတ်ကိုစွန့်၍ ပြင်သို့ထွက်ပြေးလေ၏။ **13** ထိုသို့သခင်မလက်၌ မိမိအဝတ်ကိုစွန့်၍ ပြင်သို့ ထွက်ပြေးသည်ကို
သခင်မသိမြင်သောအခါ၊ **14** အိမ်သားယောက်ျားတို့ကိုခေါ်၍၊ သင်တို့ ကြည့်ကြ။ ငါတို့၌ မရိုမသေပြုစေခြင်းငှါ ဤဟေဗြဲလူကို
သခင်သွင်းထားပြီတကား။ သူသည် ငါနှင့်အတူ အိပ်ခြင်း ငှါ ဝင်လာ၍ ငါသည် ကျယ်သောအသံနှင့် အော်ဟစ်ရ၏။ **15**
ကျယ်ကျယ်အော်ဟစ်သံကို ကြားလျှင်၊ သူသည် မိမိအဝတ်ကိုစွန့်၍ ပြင်သို့ထွက်ပြေးသည်ဟုဆိုပြီးလျှင်၊ **16**
သခင်ရောက်သည်တိုင်အောင် ထိုအဝတ်ကို မိမိ၌ထားလေ၏။ **17** သခင်ရောက်သောအခါ၊ ကိုယ်တော်သွင်းထား သော
ဟေဗြဲကျွန်သည် ကျွန်ုပ်ကိုမရိုမသေပြုခြင်းငှါ ဝင်လာပါ၏။ **18** ကျွန်ုပ်သည် ကျယ်သောအသံနှင့် အော်ဟစ် သောအခါ၊ သူသည်
မိမိအဝတ်ကို စွန့်၍ ပြင်သို့ ထွက်ပြေးပါသည်ဟူသော စကားဖြင့် ကြားပြောလေ၏။ **19** ကိုယ်တော်၏ကျွန်သည် ကျွန်ုပ်၌
ဤသို့ပြုခဲ့ပြီဟု မယားပြောသောစကားကို သခင်ကြားလျှင်၊ ယောသပ်ကို အမျက်ထွက်၍၊ **20** ခေါ်ပြီးမှ၊ ရှင်ဘုရင်ချုပ်ထားသော
သူတို့နေရာ ထောင်ထဲမှာ လှောင်ထားသဖြင့်၊ ယောသပ်သည် ထောင် ထဲမှာ နေရ၏။ **21** သို့သော်လည်း ထာဝရဘုရားသည် သူ့ဘက်၌
ရှိ၍ ကယ်မသနားတော်မူသဖြင့်၊ ထောင်မှူးထံ မျက်နှာ ရစေတော်မူ၏။ **22** သို့ဖြစ်၍ထောင်မှူးသည် ထောင်၌ ချုပ်ထား သော
သူအပေါင်းတို့ကို ယောသပ်လက်သို့အပ်၍၊ ထောင်ထဲတွင် ပြုသမျှသောအမှုကို ယောသပ်စီရင်ရ၏။ **23** ထိုနောက် ထောင်မှူးသည်
ထောင်အမှုကို ကိုယ်တိုင်ပြန်၍ မကြည့်မရှုရ။ အကြောင်းမူကား၊ ထာဝရဘုရားသည် ယောသပ်ဘက်မှာရှိ၍ သူပြုလေ ရာရာ၌
အောင်စေတော်မူသတည်း။

---

---

### Genesis 39:1

ဣရှမေလလူတို့သည် ယောသပ်ကို ဆောင်သွား၍ အဲဂုတ္တုပြည်သို့ ရောက်သောအခါ
ဓမ္မဟောင်းခေတ်တွင် အဲဂုတ္တုပြည်သို့ သွားလျှင် "ဆင်း"၊ ကတိတော်ပြည်သို့ သွားလျှင် "တက်" ဟူ၍ မှတ်ယူကြသည်။ ၎င်းကို အပြုသဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဣရှမေလလူတို့က ယောသပ်ကို အဲဂုတ္တုပြည်သို့ ဆင်းခေါ်သွား၍"

ထာဝရဘုရားသည် ယောသပ်ဘက်၌ ရှိတော်မူသဖြင့်
ထာဝရဘုရားက ယောသပ်ကို ကူညီလျက် အနားတွင် အမြဲရှိတော်မူသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထာဝရဘုရားက ယောသပ်ကို မစလျက်၊ ကူညီတော်မူသဖြင့်"

အိမ်၌ နေရလေ၏
သခင်၏ အိမ်တွင် အစေခံကြောင်းကို အိမ်၌ နေသကဲ့သို့ တင်စားထားသည်။ ယုံကြည်စိတ်ချမှု အခံရဆုံး အစေခံတို့သာ သခင်၏အိမ်တွင် နေထိုင်လုပ်ကိုင်ခွင့်ရှိသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အိမ်၌ အစေခံရလေ၏"

အဲဂုတ္တုအမျိုးသား မိမိသခင်
ယောသပ်မှာ ပေါတိဖါ၏ အစေကို ခံရသည်။

### Genesis 39:3

သူ့ဘက်၌ ထာဝရဘုရားသည် ရှိတော်မူ၍ . . . ကို သခင်လည်း သိမြင်၏
ထာဝရဘုရားက ယောသပ်ကို ကူညီနေခြင်းကို သခင်က တွေ့မြင်ကြောင်း ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူ့ကို ထာဝရဘုရား ကူညီမစ၍ ... ကို သခင်လည်း သိမြင်၏"

သူပြုလေရာရာ၌ အောင်စေတော်မူကြောင်း
"သူပြုသမျှ၌ အောင်စေတော်မူကြောင်း"

ထိုကြောင့် ယောသပ်သည် သခင်ရှေ့၌ မျက်နှာရ၍
"မျက်နှာရ" ဟူရာတွင် ထောက်ခံအားပေးမှု ရရှိကြောင်း ဆိုလိုသည်။ ဖြစ်နိုင်ချေများမှာ၊ (၁) "ထို့ကြောင့် သခင်သည်

 generated on Fri Sep 22 10:08:29 2023

ယောသပ်အားဖြင့် ကျေနပ်ခြင်းရှိ၍" သို့မဟုတ် (၂) "ထို့ကြောင့် ယောသပ်သည် သခင်၏ ကျေနပ်မှုကို ရရှိ၍"

ခစားလျက်နေရ၏
ပေါတိဖါ၏ ကိုယ်ပိုင် အစေခံဖြစ်ကြောင်း ဆိုလိုသည်။

သခင်သည်လည်း မိမိအိမ်တွင် အိမ်အုပ်အရာနှင့် ခန့်ထား၍ ဥစ္စာရှိသမျှကို
"သခင်ကလည်း ယောသပ်အား မိမိအိမ်နှင့် ဥစ္စာရှိသမျှကို စီမံခန့်ခွဲ၍"

အပ်လေ၏
တစုံတရာကို တစုံတဦးထံ အပ်ခြင်းဟူရာတွင် ထိုအရာကို ထိန်းသိမ်း ကာကွယ်ရန် တာဝန်ပေးခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိန်းသိမ်းပြုစု စေ၏"

## Genesis 39:5

ထိုသို့ . . . ကာလမှစ၍
အကြောင်းအရာတခု၏ နောက်အခန်းကို အစဖွင့်ထားသည်။

အိမ်နှင့် ဥစ္စာရှိသမျှကို အုပ်စိုးစေသည်
"အိမ်နှင့် ဥစ္စာရှိသမျှကို ထိန်းသိမ်းစေသော"

ကောင်းကြီးပေးတော်မူသဖြင့်
"ကောင်းကြီး" မှာ တစုံတဦး သို့မဟုတ် တစုံတရာ အပေါ်မှာ ကောင်းခြင်းတရားနှင့် ပြည့်စုံစေခြင်း ဖြစ်သည်။

ပေးတော်မူသော ကောင်းကြီးမင်္ဂလာသည် . . . အပေါ်မှာလည်း သက်ရောက်လေ၏
ကောင်းကြီးမင်္ဂလာကို တစုံတရာပေါ် ဖုံးအုပ်နိုင်သကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "... အပေါ်မှာ ကောင်းကြီးမင်္ဂလာ သက်ရောက်လေ၏"

အတွင်း၊ ပြင်၊ ဥစ္စာရှိရှိသမျှ
အိမ်တွင်း ဥစ္စာများနှင့် အိမ်ပြင် တိရစ္ဆာန်စသည်များကို ညွှန်းသည်။ ၎င်းကို တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အတွင်းနှင့် အပြင်၊ ဥစ္စာရှိသမျှ"

သခင်သည် မိမိ၌ရှိသမျှကို ယောသပ်လက်သို့ အပ်၍
"လက်သို့ အပ်" ဟူရာတွင် ထိုအရာကို ထိန်းသိမ်း ကာကွယ်ရန် တာဝန်ပေးခြင်းလည်း မည်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ပေါတိဖါကလည်း မိမိပိုင်သမျှကို ယောသပ်လက်သို့ အပ်၍"

မိမိစားသော အစာမှတပါး အခြားသောဥစ္စာ ရှိမှန်းကိုမျှ မသိမမှတ်ဘဲနေ၏
မိမိ စားလိုသော အစာမှလွဲ၍ အိမ်ကိစ္စအတွက် စိတ်ပူစရာ မရှိကြောင်း ဆိုလိုသည်။ ၎င်းကို အဟုတ်ဝါကျဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မိမိစားလိုသော အစာမှတပါး၊ ဥစ္စာအတွက် စိတ်ပူပန်စရာ ကင်းမဲ့လေ၏"

ပုံပြင်ယဉ်ကျေး၍ အသွေးအဆင်းလည်း လှသောသူဖြစ်၏
ဆိုလိုရင်း အဓိပ္ပါယ်ချင်း တူသည်။ ယောသပ်၏ နှစ်လိုဖွယ် အရုပ်အဆင်းကို ညွှန်းသည်။ ချောမော၍ သန်မာခဲ့ပေမည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဆင်းလှ၍ သန်မာသောသူဖြစ်၏"

## Genesis 39:7

ထိုနောက်မှ
"ထို့ကြောင့်။" အကြောင်းအရာတခု၏ အခန်းသစ်ကို အစဖွင့်ထားသည်။

ကျွန်တော်၌ အဘယ်ဥစ္စာ ရှိမှန်းကိုမျှ မသိမမှတ်ပါ
"သို့ရာတွင် စိတ်ပူပန်စရာ မရှိခဲ့ပါ။" ၎င်းကို အဟုတ်ဝါကျဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အကျွန်ုပ်ကို စိတ်ချစွာဖြင့် အပ်ပါ၏"

ကျွန်တော်သခင်သည် အိမ်တော်၌ရှိသမျှသော ဥစ္စာတို့ကို ကျွန်တော်လက်သို့ အပ်ပါပြီ
"လက်သို့ အပ်" ဟူရာတွင် ထိုအရာကို ထိန်းသိမ်း ကာကွယ်ရန် တာဝန်ပေးခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်သခင်သည် အိမ်၌ ရှိသမျှသောဥစ္စာကို ကျွန်တော့်ထံ အပ်ပါပြီ"

ဤအိမ်တွင်လည်း ကျွန်တော်ထက် သာ၍ကြီးသောသူ မရှိပါ
အခွင့်အာဏာကို ကြီးမြတ်ခြင်းဖြင့် တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဤအိမ်တွင်လည်း ကျွန်တော်ထက် အာဏာကြီးသူ မရှိပါ"

ကိုယ်မယားဖြစ်သော သခင်မမှတပါး အဘယ်အရာကိုမျှ ကျွန်တော်အား မမြစ်တားပါ
အဟုတ်ဝါကျဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သခင်မ မှတပါး အရာအားလုံးကို ကျွန်ုပ်၌ အပ်ထားပါပြီ"

သို့ဖြစ်လျှင် အပြစ်ကြီးသော ဤအမှုကို ကျွန်တော်ပြု၍ ဘုရားသခင်ကို အဘယ်သို့ ပြစ်မှားနိုင်သနည်း
ပြောလိုသောအရာကို ထင်ဟပ်စေရန် မေးလိုက်ခြင်း ဖြစ်သည်။ ဖြစ်ကြောင်းဝါကျဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သို့ဖြစ်၍၊ ဘုရားသခင်ကို ဆန့်ကျင်သော အပြစ်ကို မပြုနိုင်ပါ"

## Genesis 39:10

ထိုသို့ သခင်မသည် နေ့တိုင်း သွေးဆောင်သော်လည်း
မိမိနှင့်အတူ အိပ်ရန် သွေးဆောင်ခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုသို့ သခင်မက နေ့တိုင်း သွေးဆောင်သော်လည်း"

သူနှင့်အတူ အိပ်ခြင်း၊ နေခြင်းအမှုကို
"သူမ အနီးအနားမှ"

တနေ့သည်၌
အကြောင်းအရာတခု၏ အခန်းသစ်ကို အစဖွင့်ထားသည်။

အိမ်သားယောကျ်ား တယောက်မျှ
"အိမ်၌ အစေခံယောကျ်ား တယောက်မျှ"

ပြင်သို့ ထွက်ပြေးလေ၏
"အပြင်သို့ ပြေးထွက်လေ၏" သို့မဟုတ် "ပြင်သို့ အလျင်အမြန် ထွက်လေ၏"

 generated on Fri Sep 22 10:08:29 2023

## Genesis 39:13

ထိုသို့ . . . တို့ကို ခေါ်၍
"ထိုသို့ဖြင့် ... တို့ကို ခေါ်၍။" အကြောင်းအရာတခု၏ အခန်းသစ်ကို အစဖွင့်ထားသည်။

ပြင်သို့ ထွက်ပြေးသည်
"အပြင်သို့ ပြေးထွက်သည်"

အိမ်သားယောက်ျားတို့
"အိမ်တွင်း အစေခံ ယောက်ျားတို့"

သင်တို့ ကြည့်ကြ
"ကြည့်ကြလော့။" အစေခံတို့ အာရုံစိုက်ရန် အသုံးပြုသော စကားလုံးဖြစ်သည်။

သူသည် ငါနှင့်အတူ အိပ်ခြင်းငှါ ဝင်လာ၍
ယောသပ်က မိမိကို ဖျားယောင်းကြောင်း ပေါတိဖါကတော်က စွပ်စွဲထားသည်။

ကျယ်ကျယ်အော်ဟစ်သံကို ကြားလျှင်၊ သူသည်
"ထိုသို့ အော်ဟစ်သောအခါ၊ သူသည်။" အကြောင်းအရာတခု၏ အခန်းသစ်ကို အစဖွင့်ထားသည်။

## Genesis 39:16

သခင်
"ယောသပ်သခင်။" ပေါတိဖါကို ညွှန်းသည်။

ဟူသော စကားဖြင့် ကြားပြောလေ၏
"ဟူ၍ ဖြေရှင်းချက်ပေးလေ၏"

သွင်းထားသော
ရှေ့တွင် ပေါတိဖါ၊ သူ့မယားနှင့် အိမ်သားတို့ထံ ပါဝင်သော "ကျွန်မတို့ထံ" ကို ထည့်သွင်းဖော်ပြသည်။

ကျွန်ုပ်ကို မရိုမသေပြုခြင်းငှါ ဝင်လာပါ၏
"ကျွန်မကို ကဲ့ရဲ့ခြင်းငှါ ဝင်လာပါ၏။" "မရိုမသေပြုခြင်း" ဟူ၍ "အဓမ္မပြုခြင်း" ကို ယဉ်ကျေးစွာ သုံးနှုန်းထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်မကို အဓမ္မပြုခြင်းငှါ ဝင်လာပါ၏"

ကျွန်ုပ်သည် . . . သောအခါ
"ထိုအခါ ကျွန်မလည်း ... လေရာ။" ယောသပ်က မိမိကို အဓမ္မပြုရန် ကြိုးစားပြီးနောက် အဖြစ်အပျက်ကို ရှင်းပြခြင်း ဖြစ်သည်။

ပြင်သို့ ထွက်ပြေးပါသည်
"အပြင်သို့ ပြေးထွက်ပါသည်"

## Genesis 39:19

ကို . . . လျှင်
အကြောင်းအရာတခု၏ အခန်းသစ်ကို အစဖွင့်ထားသည်။

သခင်
"ယောသပ်၏သခင်။" ပေါတိဖါကို ညွှန်းသည်။ ၎င်းကို တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယောသပ်သခင် ပေါတိဖါ"

မယားပြောသောစကားကို သခင်ကြားလျှင်
"မယား၏စကားကို သူကြားလျှင်။" "သခင်" နှင့် "သူ" မှာ ပေါတိဖါကို ညွှန်းသည်။

...ကို အမျက်ထွက်၍
"....ပေါ် အမျက်ထွက်၍"

ရှင်ဘုရင် ချုပ်ထားသောသူတို့ နေရာ ထောင်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရှင်ဘုရင်၏ အကျဉ်းသားတို့ နေရာ ထောင်"

ယောသပ်သည် . . . နေရ၏
"သူသည် ... နေရ၏"

## Genesis 39:21

သို့သော်လည်း ထာဝရဘုရားသည် သူ့ဘက်၌ရှိ၍
ထာဝရဘုရားက ယောသပ်ကို ကာကွယ်စောင့်ရှောက်၍ ဂရုဏာပြသကြောင်း ညွှန်းဆိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သို့သော်၊ ယောသပ်ကို ညှာတာ၍"

ထောင်မှူးထံ မျက်နှာရစေတော်မူ၏
ယာဝေးဘုရားက ယောသပ်ကို ထောင်မှူး၏ စိတ်ကျေနပ်မှုရစေကြောင်း ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထောင်မှူး၏ စိတ်နှင့် တွေ့စေတော်မူ၏"

ထောင်မှူး
"ထောင်အုပ်" သို့မဟုတ် "ထောင်ကို ကွပ်ကဲသောသူ"

ယောသပ်လက်သို့အပ်၍
"လက်" မှာ စိတ်ချစွာ အပ်ပေးမှုကို ကိုစားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယောသပ်ထံသို့အပ်၍"

ထောင်ထဲတွင် ပြုသမျှသောအမှုကို ယောသပ် စီရင်ရ၏
"ထောင်ထဲတွင် ဖြစ်သမျှအမှုကို ယောသပ် စီရင်ရ၏"

အကြောင်းမူကား၊ ထာဝရဘုရားသည် ယောသပ်ဘက်မှာ ရှိ၍
ယာဝေးဘုရားက ယောသပ်ကို ကူညီမစကြောင်း ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယောသပ်ဖက်မှာ ထာဝရဘုရား ရှိတော်မူသဖြင့်"

သူပြုလေရာရာ၌ အောင်စေတော်မူသတည်း
"သူပြုသမျှ၌ အောင်မြင်သတည်း"

 generated on Fri Sep 22 10:08:29 2023

## Chapter 40

1 ထိုနောက်မှ အဲဂုတ္တုရှင်ဘုရင်ထံ ဖလားတော် ဝန်နှင့် စားတော်ဝန်တို့သည် မိမိတို့အရှင် အဲဂုတ္တု ရှင်ဘုရင်ကို ပြစ်မှားကြ၏။ 2
ဖါရောဘုရင်သည် ထိုအမတ်နှစ်ယောက်တည်း ဟူသော ဖလားတော်ဝန်နှင့်စားတော်ဝန်တို့ကို အမျက် ထွက်၍၊ 3 ယောသပ်အချုပ်ခံရာ
ထောင်တည်းဟူသော ကိုယ်ရံတော်မှူး၏အိမ်၌ ချုပ်ထားတော်မူ၏။ 4 ကိုယ်ရံတော်မှူးသည် သူတို့ကို ယောသပ်၌ အပ်၍၊
ယောသပ်သည် ပြုစုရ၏။သူတို့လည်း အင်တန် ကာလ အချုပ်ခံလျက် နေရကြ၏။ 5 ထိုသို့ထောင်ထဲမှာ အချုပ်ခံလျက်နေရသော
အဲဂုတ္တုရှင်ဘုရင်၏ ဖလားတော်ဝန်နှင့် စားတော်ဝန် နှစ်ယောက်တို့သည်၊ အသီးအသီး မိမိတို့ ကိုယ်စီဆိုင်သော အနက်နှင့်ပြည့်စုံသော
အိပ်မက်ကို တညဉ့်ခြင်းတွင် တယောက်တနည်းစီ မြင်မက်ကြ၏။ 6 နံနက်အချိန်ရောက်မှ ယောသပ်သည် သူတို့ ထံသို့ဝင်၍
ကြည့်ရှုသောအခါ၊ သူတို့မျက်နှာညှိုးငယ်လျက် ရှိသည်ကိုမြင်လျှင်၊ 7 သင်တို့သည် ယနေ့အဘယ်ကြောင့် မျက်နှာ ညှိုးငယ်သနည်းဟု
မိမိသခင်အိမ်၌ မိမိနှင့်အတူ အချုပ်ခံ နေရသော ဖါရောမင်း၏ အမတ်တို့အား မေး၏။ 8 သူတို့ကလည်း၊ ငါတို့သည်
အိပ်မက်ကိုမြင်ရပြီ။ အနက်ကို ဘတ်နိုင်သောသူ မရှိဟုဆိုကြသော်၊ ယောသပ် က၊ အိပ်မက်အနက်များကို
ဘုရားသခင်ဆိုင်တော်မူသည် မဟုတ်လော။ သို့ဖြစ်၍ သင်တို့အိပ်မက်ကို ကျွန်ုပ်အား ကြားပြောကြပါဟုဆို၏။ 9 ထိုအခါ
ဖလားတော်ဝန်သည် မိမိအိပ်မက်ကို ယောသပ်အား ကြားပြောသည်ကား၊ ငါမြင်မက်သော အိပ်မက်တွင်၊ ငါ့ရှေ့မှာ စပျစ်နွယ်ပင် ရှိ၏။
10 ထိုစပျစ်နွယ်ပင်၌ အလက်သုံးလက်ရှိ၏။ ထိုအလက်တို့၌ ပန်းငုံကဲ့သို့ရှိ၏။ အပွင့်လည်း ပွင့်၏။ အသီးပြွတ်တို့လည်း
မှည့်သောစပျစ်သီး ဖြစ်လေ၏။ 11 ဖါရောမင်း၏ ဖလားတော်ကို ငါကိုင်လျက်၊ ထိုစပျစ်သီးကိုယူ၍ ဖလားတော်၌ညှစ်ပြီးမှ
လက်တော် တွင် ဆက်သည်ဟုပြောဆို၏။ 12 ယောသပ်ကလည်း သင်၏အိပ်မက်အနက် ဟူမူကား၊ စပျစ်နွယ်သုံးလက်တို့သည်
သုံးရက်ဖြစ်၏။ 13 သုံးရက်လွန်မှဖါရောမင်းသည် သင်၏ဦးခေါင်း ကို ချီးမြှောက်၍ သင်၏အရာကိုပြန်ပေးတော်မူသဖြင့်၊
သင်သည်အထက်က ဖလားတော်ဝန်ဖြစ်၍ ပြုဘူးသည် နည်းတူ၊ တဖန်ဖလားတော်ကို ဖါရောမင်း၏လက်တွင် ဆက်မြဲ
ဆက်ရလိမ့်မည်။ 14 သင်သည် ချမ်းသာရသောအခါ ကျွန်ုပ်ကို အောက်မေ့၍ ကျေးဇူးပြုပါလော့။ ဖါရောဘုရင်က တိုလျှောက်၍
ကျွန်ုပ်ကို ဤအိမ်မှနှုတ်ယူပါ။ 15 အကယ်စင်စစ် ကျွန်ုပ်ကို ဟေဗြဲပြည်မှ ခိုးယူ ခဲ့ကြ၏။ ဤပြည်မှာလည်း ကျွန်ုပ်၌ အပြစ်မရှိဘဲ
ထောင်ထဲမှာ လှောင်ထားကြသည်ဟုဆို၏။ 16 ထိုအိပ်မက်အနက် ကောင်းသည်ကို စားတော် ဝန် သိမြင်လျှင်၊ ငါသည်လည်း
ဖြူသောတောင်းသုံးလုံးကို ကိုယ်တိုင်ရွက်နေသည်ကို မြင်မက်၏။ 17 အပေါ်တောင်းတွင် ဖါရောမင်းစားတော်ခေါ် ဘို့ ချက်ပြီးသော
ခဲဘွယ်စားဘွယ် အမျိုးမျိုးရှိ၍၊ ငှက်တို့သည်လည်း ငါရွက်သော တောင်းထဲကနှုတ်၍ စားကြသည်ဟု ယောသပ်အား ပြောဆို၏။ 18
ယောသပ်ကလည်း၊ သင်၏အိပ်မက် အနက်ဟူ မူကား၊ တောင်းသုံးလုံးသည် သုံးရက်ဖြစ်၏။ 19 သုံးရက်လွန်မှ ဖါရောမင်းသည်
သင်၏ဦးခေါင်း ကို ကိုယ်နှင့်ခွါ မြှောက်လျှက် သစ်ပင်၌ဆွဲထားတော်မူ၍၊ ငှက်တို့သည် သင်၏အသားကို နှုတ်၍စားကြလိမ့်မည်ဟု
ပြန်ပြော၏။ 20 ထိုနောက် သုံးရက်လွန်သောအခါ၊ ဖါရောမင်း ဘွားသောနေ့ရက်၌ နှစ်စဉ်ပွဲကိုခံ၍ ကျွန်တော်မျိုး အပေါင်းတို့ကို
ကျွေးမွေးတော်မူစဉ်တွင်၊ ဖလားတော်ဝန် ၏ဦးခေါင်းနှင့် စားတော်ဝန်၏ဦးခေါင်းကို ကျွန်တော်မျိုး တို့တွင် ဖေါ်တော်မူ၍၊ 21
အိပ်မက်အနက်ကို ယောသပ်ဘတ်သည် အတိုင်း၊ ဖလားတော်ဝန်ကို အထက်အရာ၌ တဖန် ခန့်ထားတော်မူသဖြင့်၊
သူသည်ဖလားတော်ကို ဖါရော မင်း၏လက်တွင် ဆက်မြဲဆက်ရ၏။ 22 စားတော်ဝန်ကိုမူကား၊ ဆွဲထားတော်မူ၏။ 23 သို့သော်လည်း
ဖလားတော်ဝန်သည် ယောသပ် ကို မအောက်မေ့ဘဲ မေ့လျော့၍နေလေ၏။

---

---

### Genesis 40:1

ဖလားတော်ဝန်
ဘုရင့်ထံ သောက်စရာများ ဆက်သသောသူ ဖြစ်သည်။

စားတော်ဝန်
ဘုရင်အတွက် အစာကို ချက်လုပ်သောသူ ဖြစ်သည်။

မိမိတို့အရှင် . . . ကို ပြစ်မှားကြ၏
"မိမိတို့အရှင် ... အပေါ် ပြစ်မှားကြ၏"

ဖလားတော်ဝန်နှင့်စားတော်ဝန်တို့
"ဖလားတော်မှူးနှင့် စားတော်မှူးတို့"

ကိုယ်ရံတော်မှူး၏အိမ်၌ ချုပ်ထားတော်မူ၏
"ကိုယ်ရံတော်မှူး၏ အချုပ်ခန်း၌ သွင်းတော်မူ၏"

ချုပ်ထားတော်မူ၏
ဘုရင်ကြီး ကိုယ်တိုင်က အချုပ်ခန်း၌ မသွင်းဘဲ၊ ငယ်သားတို့ထံ သွင်းခိုင်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သွင်းစေတော်မူ၏" သို့မဟုတ် "သွင်းရန် အမိန့်ပေးလေ၏"

ယောသပ်အချုပ်ခံရာ ထောင်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယောသပ် အကျဉ်းကျရာ ထောင်" သို့မဟုတ် "ပေါတိဖါက ယောသပ်ကို သွင်းရာ ထောင်"

### Genesis 40:4

သူတို့လည်း အင်တန်ကာလ အချုပ်ခံလျက် နေရကြ၏
"သူတို့လည်း အတန်ကြာအောင် အချုပ်ခံရကြ၏"

### Genesis 40:6

ယောသပ်သည် သူတို့ ထံသို့ဝင်၍
"ယောသပ်သည် ဖလားတော်ဝန်နှင့် စားတော်ဝန်တို့ထံ သွားလေရာ"

ကြည့်ရှုသောအခါ၊ သူတို့မျက်နှာညှိုးငယ်လျက် ရှိသည်ကိုမြင်လျှင်
ယောသပ်၏ အံ့အားသင့်မှုကို ထင်ဟပ်စေသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကြည့်ရှုလော့၊ သူတို့သည် ဝမ်းနည်းလျက်ရှိကြ၏"

 generated on Fri Sep 22 10:08:29 2023

မိမိနှင့်အတူ အချုပ်ခံနေရသော ဖါရောမင်း၏ အမတ်တို့
ဖလားတော်ဝန်နှင့် စားတော်ဝန်တို့ကို ညွှန်းသည်။

မိမိသခင်အိမ်၌
"မိမိသခင် အကျဉ်းထောင်၌။" "မိမိသခင်" ဟူရာတွင်၊ ယောသပ်၏သခင် ကိုယ်ရံတော်မှူးကို ညွှန်းသည်။

အိပ်မက်အနက်များကို ဘုရားသခင် ဆိုင်တော်မူသည် မဟုတ်လော
ဆိုလိုရင်း ထင်ရှားစေရန် မေးလိုက်ခြင်း ဖြစ်သည်။ ဖြစ်ကြောင်းပြဝါကျဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အိပ်မက်အနက်များကို ဘုရားသခင် ပိုင်တော်မူ၏" သို့မဟုတ် "အိပ်မက်များကို ဘုရားသခင် အနက်ဖွင့်နိုင်၏"

သို့ဖြစ်၍ သင်တို့အိပ်မက်ကို ကျွန်ုပ်အား ကြားပြောကြပါ
မြင်မက်သော အိပ်မက်တို့ကို ပြောပြရန် တောင်းဆိုခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သို့ဖြစ်၍၊ သင်တို့အိပ်မက်ကို ကျွန်ုပ်အား ပြောပြပါ"

## Genesis 40:9

ဖလားတော်ဝန်
ဘုရင့်ထံ သောက်စရာများ ဆက်သသောသူ ဖြစ်သည်။ ၄၀:၁ မှ ပြန်ဆိုချက်ကို ရှု။

ငါမြင်မက်သော အိပ်မက်တွင်၊ ငါ့ရှေ့မှာ စပျစ်နွယ်ပင်ရှိ၏
"အိပ်မက်ထဲတွင်၊ ငါ့ရှေ့မှာ စပျစ်နွယ်ပင်ရှိ၏။" ပြောလိုသောစကားကို အာရုံစိုက်စေရန် "ကြည့်ရှုလော့" ဟူသော စကားလုံးကို ထည့်သုံးနိုင်သည်။

အသီးပြွတ်တို့လည်း မှည့်သော စပျစ်သီး ဖြစ်လေ၏
"အသီးပြွတ်တို့လည်း စပျစ်သီးအဖြစ် မှည့်လေ၏"

ညှစ်ပြီးမှ
အရည်ကို ညှစ်ထုတ်ခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အရည်ညှစ်ပြီးမှ"

## Genesis 40:12

သင်၏အိပ်မက်အနက် ဟူမူကား
"သင့်အိပ်မက်၏ အနက်သည်"

စပျစ်နွယ် သုံးလက်တို့သည် သုံးရက်ဖြစ်၏
"စပျစ်နွယ်သုံးလက်မှာ သုံးရက်ဖြစ်၏"

သုံးရက်လွန်မှ
"နောက်သုံးရက်တွင်"

သင်၏ဦးခေါင်းကို ချီးမြှောက်၍
ထောင်ထဲမှာ ချီးမြှောက်ခြင်းကို ဦးခေါင်း မြှောက်သကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင့်ကို ထောင်ထဲမှ ချီးမြှောက်၍"

သင်၏အရာကို ပြန်ပေးတော်မူသဖြင့်
"သင့် တာဝန်ကို ပြန်ပေးတော်မူသဖြင့်"

သင်သည်အထက်က . . . ဖြစ်၍ ပြုဘူးသည် နည်းတူ
အခြားသော ဘာသာပြန်ဆိုချက်၊ "... အဖြစ် ဆောင်ရွက်ဖူးသည်အတိုင်း"

## Genesis 40:14

ကျွန်ုပ်ကို အောက်မေ့၍ ကျေးဇူးပြုပါလော့
"ကျွန်ုပ်အပေါ် ဂရုဏာပြပါလော့"

ဖါရောဘုရင်ကို လျှောက်၍ ကျွန်ုပ်ကို ဤအိမ်မှနှုတ်ယူပါ
ထောင်မှ ကယ်နှုတ်ရန် ဖါရောမင်းထံ လျှောက်ရန် တောင်းဆိုခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဖါရောမင်းထံ တင်ပြ၍ ကျွန်ုပ်ကို ဤထောင်မှ ကယ်နှုတ်ပါ"

အကယ်စင်စစ် ကျွန်ုပ်ကို . . . ခိုးယူခဲ့ကြ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အကယ်စင်စစ် ကျွန်ုပ်သည် ... ခိုးယူခြင်းခံရ၏" သို့မဟုတ် "အကယ်စင်စစ် ဣရှေမလလူတို့က ကျွန်ုပ်ကို ... ဆောင်ယူခဲ့ကြ၏"

ဟေဗြဲပြည်
"ဟေဗြဲလူတို့နေထိုင်ရာ ပြည်"

ဤပြည်မှာလည်း ကျွန်ုပ်၌ အပြစ်မရှိဘဲ ထောင်ထဲမှာ လှောင်ထားကြသည်
"ဤပြည်၌လည်း အပြစ်မပြုဖူးသော ကျွန်ုပ်ကို ထောင်ထဲမှာ လှောင်ထားကြသည်" (UDB)

## Genesis 40:16

စားတော်ဝန်
ဘုရင်အတွက် အစာကို ချက်လုပ်သောသူ ဖြစ်သည်။ ၄၀း၁ မှ ပြန်ဆိုချက်ကို ရှု။

ငါသည်လည်း . . . သည့်ကို မြင်မက်၏
"ငါသည်လည်း ...အိပ်မက်တွင်မြင်မက်၏"

ဖြူသောတောင်းသုံးလုံးကို ကိုယ်တိုင်ရွက်နေသည်
"ငါ့ဦးခေါင်းပေါ်မှာ မုန့်တောင်းသုံးလုံးကို ရွက်နေသည်။" အံ့အားသင့်မှုကို ဖော်ပြရန် "ကြည့်ရှုလော့" ဟူသော စကားလုံးကို ထည့်သွင်းနိုင်သည်။

ဖါရောမင်း စားတော်ခေါ်ဘို့ ချက်ပြီးသော ခဲဘွယ်စားဘွယ်
"ဖါရောမင်းအတွက် ပြင်ဆင်ထားသော စားဘွယ်"

## Genesis 40:18

သင်၏အိပ်မက်အနက် ဟူမူကား
"သင့်အိပ်မက်၏ အနက်ကား"

တောင်းသုံးလုံးသည် သုံးရက်ဖြစ်၏
"တောင်းသုံးလုံးမှာ သုံးရက်ဖြစ်၏"

သင်၏ဦးခေါင်းကို ကိုယ်နှင့် ခွါမြှောက်လျှက်
၄၀:၁၂ ၌ ယောသပ် ဆိုခဲ့သော အသုံးအနှုန်းဖြင့် ပြန်လည် ပြောဆိုသည်။ ဖြစ်နိုင်ချေများမှာ၊ (၁) "သင့်လည်ကို ကြိုးဖြင့် ပတ်၍" သို့မဟုတ် (၂) "သင့်ဦးခေါင်းကို ကိုယ်မှ ဖြတ်လျက်"

အသား
ကိုယ်ခန္ဓာ၏ နုသောအပိုင်း အားလုံးကို ညွှန်းသည်။

### Genesis 40:20

ထိုနောက် သုံးရက်လွန်သောအခါ
"သို့ဖြင့်၊ သုံးရက်မြောက်သော်။" အကြောင်းအရာတခု၏ အခန်းသစ်ကို အစဖွင့်ထားသည်။

ပွဲကိုခံ၍ . . . ကျွေးမွေးတော်မူစဉ်တွင်
"... ကျွေးမွေးရန် ပွဲကျင်းပလေရာ"

ဖလားတော်ဝန်
ဘုရင့်ထံ သောက်စရာများ ဆက်သသောသူ ဖြစ်သည်။ ၄၀း၁ မှ ပြန်ဆိုချက်ကို ရှု။

စားတော်ဝန်
ဘုရင်အတွက် အစာကို ချက်ပြုတ်ပေးသောသူ ဖြစ်သည်။ ၄၀း၁ မှ ပြန်ဆိုချက်ကို ရှု။

ဖလားတော်ဝန်ကို အထက်အရာ၌ တဖန်ခန့်ထားတော်မူသဖြင့်
"အထက်အရာ" ဟူရာတွင် သူ၏ တာဝန်ဖြစ်သော ဖလားတော်ဝန်အရာကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဖလားတော်ဝန်ကို မိမိအရာကို တဖန်ခန့်ထားသဖြင့်"

စားတော်ဝန်ကိုမူကား၊ ဆွဲထားတော်မူ၏
ဖါရောမင်း ကိုယ်တိုင် စားတော်ဝန်ကို ကြိုးဆွဲခြင်း မပြုဘဲ ငယ်သားတို့ကို အမိန့်ပေးခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "စားတော်ဝန်ကိုမူကား၊ ကြိုးဆွဲလေ၏"

အိပ်မက်အနက်ကို ယောသပ် ဘတ်သည့်အတိုင်း
ယောသပ်၏ အိပ်မက် အနက်ပြန်မှုကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အိပ်မက်အနက်ကို ယောသပ် ဖတ်ခဲ့သည့်အတိုင်း"


generated on Fri Sep 22 10:08:29 2023

## Chapter 41

1 ထိုနောက် နှစ်နှစ်လွန်သောအခါ၊ ဖါရောမင်း သည် အိပ်မက်ကို မြင်မက်သည်ကား၊ မိမိသည် မြစ်နား ၌ ရပ်နေ၏။ 2
အဆင်းလှ၍ဝသော နွားခုနစ်ကောင်တို့သည် မြစ်ထဲကထွက်၍ မြစ်နားမှာပေါက်သော မြက်ပင်ကို စားလျက် နေကြ၏။ 3
ထိုနွားတို့နောက်မှ အဆင်းမလှ၊ ပိန်သော နွားခုနစ်ကောင်တို့သည် မြစ်ထဲကထွက်၍ အရင်နွားတို့ အနား၌ ကမ်းပေါ်မှာ ရပ်နေကြ၏။ 4
အဆင်းမလှ ပိန်သောနွားတို့သည်၊ အဆင်း လှ၍ ဝသောနွားခုနစ်ကောင်တို့ကို ကိုက်စားကြ၏။ ဖါရောမင်းလည်း နိုးလေ၏။ 5
တဖန်အိပ်ပြန်၍ အိပ်မက်ကို မြင်မက်ပြန်သည် ကား၊ အလုံးကြီး ၍ကောင်းသော စပါးခုနစ်နှံတို့သည် စပါးတပင်တည်း၌ ဖြစ်ကြ၏။ 6
ထိုနောက်မှ အလုံးသေး၍ အရှေ့လေဖြင့် ပျက်သော စပါးခုနစ်နှံတို့သည် ပေါက်ကြ၏။ 7 အလုံးသေးသော စပါးခုနစ်နှံတို့သည် အလုံး
ကြီး၍ ကောင်းသော စပါးခုနစ်နှံတို့ကို စားကြ၏။ဖါရော မင်းလည်းနိုး၍ အိပ်မက်ဖြစ်သည်ကို သိလေ၏။ 8 နံနက်အချိန်
ရောက်သောအခါ၊ ဖါရောမင်း သည် စိတ်ပူပန်၍၊ အဲဂုတ္တုဗေဒင်တတ် ပညာရှိအပေါင်း တို့ကို ခေါ်၍ အိပ်မက်တော်ကို
ပြန်ကြားတော်မူ၏။ သို့သော်လည်း ရှေ့တော်၌အနက်ကို ဘတ်နိုင်သောသူ တယောက်မျှမရှိ။ 9 ထိုအခါ ဖလားတော်ဝန်က၊
ကျွန်တော်သည် ကိုယ်အပြစ်ကို ယနေ့အောက်မေ့ပါ၏။ 10 ဖါရောဘုရင်သည် ကျွန်တော်နှင့်စားတော်ဝန် ကို အမျက်ထွက်၍
ကိုယ်ရံတော်မှူးအိမ်၌ ချုပ်ထားတော် မူသောအခါ၊ 11 ကျွန်တော်တို့နှစ်ယောက်သည် အသီးအသီး မိမိတို့ ကိုယ်စီဆိုင်သော
အနက်နှင့်ပြည့်စုံသော အိပ်မက် ကို တညဉ့်ခြင်းတွင် မြင်မက်ကြပါ၏။ 12 ကျွန်တော်တို့၌ ကိုယ်ရံတော်မှူး၏ကျွန် ဟေဗြဲ
လုလင်တယောက်ရှိ၏။ ထိုသူအား ကျွန်တော်တို့သည် ကြားပြော၍ သူသည် အိပ်မက်၏အနက်ကို ဘတ်ပါ၏။
တယောက်စီမြင်မက်သည်အတိုင်း ဘတ်ပါ၏။ 13 ဘတ်သည်အတိုင်းလည်းမှန်ပါ၏။ ကျွန်တော် သည်အရင်အရာကိုရပြန်၍၊
စားတော်ဝန်မူကား၊ ဆွဲထား ခြင်းကို ခံရပါသည်ဟု လျှောက်လေ၏။ 14 ထိုအခါ ဖါရောမင်းသည် လူကိုစေလွှတ်၍ ယောသပ်ကို
ခေါ်တော်မူ၏။ ယောသပ်သည် ထောင်ထဲ က အလျင်အမြန်ထွက်ရ၍၊ မုတ်ဆိတ်ညှပ်ခြင်း၊ အဝတ် လဲခြင်းကို ပြုပြီးမှ အထံတော်သို့
ဝင်ရ၏။ 15 ဖါရောမင်းကလည်း၊ ငါသည်အိပ်မက်ကို မြင် မက်ပြီ။ အနက်ကို အဘယ်သူမျှမဘတ်နိုင်။ သင်သည် အိပ်မက်ကို
နားလည်သော ဉာဏ်နှင့် အနက်ဘတ်နိုင် သည်ကို ငါကြားရပြီဟုဆို၏။ 16 ယောသပ်ကလည်း၊ ကျွန်တော်သည် အလို
အလျောက်မတတ်နိုင်ပါ။ ဘုရားသခင်သည် မင်္ဂလာ အဖြေစကားကို ဖါရောဘုရင်အား ပေးတော်မူပါစေသော ဟု လျှောက်လေ၏။ 17
ဖါရောမင်းကလည်း၊ ငါမြင်မက်သည်မှာ၊ မြစ်နား၌ ငါရပ်နေ၏။ 18 အဆင်းလှ၍ဝသော နွားခုနစ်ကောင်တို့သည် မြစ်ထဲကထွက်၍၊
မြစ်နားမှာပေါက်သော မြက်ပင်ကို စားလျက် နေကြ၏။ 19 ထိုနွားတို့နောက်မှ၊ အဆင်းမလှ ပိန်ကြုံသော နွားခုနစ်ကောင်တို့သည်
ထွက်လာကြ၏။ ထိုမျှလောက် အရုပ်ဆိုးသော နွားတို့ကို အဲဂုတ္တုပြည်တရှောက်လုံးတွင် တခါမျှမမြင်ရစဖူး။ 20 အဆင်းမလှ
ပိန်သောနွားတို့သည်၊ ဝသော အရင်နွားခုနစ်ကောင်တို့ကို ကိုက်စားကြ၏။ 21 စားပြီးသောနောက်၊ စားမှန်းကို အဘယ်သူမျှ မသိရ။
အရင်ကဲ့သို့ အရုပ်ဆိုးသေး၏။ ငါလည်း နိုး၏။ 22 တဖန်ငါမြင်မက် ပြန်သည်ကား၊ အလုံးကြီး၍ ကောင်းသော စပါးခုနစ်နှံတို့သည်
စပါးတပင်တည်း၌ ဖြစ်ကြ၏။ 23 ထိုနောက်မှ ညှိုးနွမ်းလျက် အလုံးသေး၍ အရှေ့ လေဖြင့် ပျက်သော စပါးခုနစ်နှံတို့သည်
ပေါက်ကြ၏။ 24 အလုံးသေးသော စပါးနှံတို့သည် ကောင်းသော စပါးခုနစ်နှံတို့ကို စားကြ၏။ ထိုအိမ်မက်ကို ဗေဒင်တတ် တို့အား
ငါကြားပြော၍ အနက်ကို အဘယ်သူမျှ မဘတ်နိုင်ဟု ယောသပ်အား ပြောဆိုတော်မူ၏။ 25 ယောသပ်ကလည်း၊ ဖါရောဘုရင်
မြင်မက်တော် မူသော အိပ်မက်ကား တပါးတည်းဖြစ်ပါ၏။ ဘုရားသခင် ပြုလတံ့သောအမှုကို ဖါရောဘုရင်အား ပြတော်မူပြီ။ 26
ကောင်းသော နွားခုနစ်ကောင်တို့သည် ခုနစ်နှစ်ဖြစ်ပါ၏။ ကောင်းသောစပါးခုနစ်နှံတို့သည်လည်း ခုနစ်နှစ်ဖြစ်ပါ၏။
အိပ်မက်တော်ကား တပါးတည်း ဖြစ်ပါ၏။ 27 ထိုနွားတို့နောက် ထွက်လာသောနွား၊ ပိန်၍ အရုပ်ဆိုးသော နွားခုနစ်ကောင်တို့သည်
ခုနစ်နှစ်ဖြစ်ပါ ၏။ အရှေ့လေဖြင့်ပျက်သော စပါးဖျင်း ခုနစ်နှံတို့သည် လည်း၊ အစာခေါင်းပါးသော ခုနစ်နှစ်ဖြစ်ပါ၏။ 28
ဖါရောဘုရင်အား ကျွန်တော်လျှောက်လိုသော အရာဟူမူကား၊ ဘုရားသခင်ပြုလတံ့သော အမှုကိုဖါရော ဘုရင်အား ပြတော်မူ၏။ 29
အဲဂုတ္တုပြည်တရှောက်လုံးတွင် ဝပြောသောနှစ် ခုနစ်နှစ်ရှိလိမ့်မည်။ 30 ထိုနောက်မှ အစာခေါင်းပါးသောနှစ် ခုနစ်နှစ် ပေါ်လာ၍၊
အဲဂုတ္တုပြည်၌အလုံးစုံသော ဝပြောခြင်းသည် တိမ်မြုပ်လျက် အစာခေါင်းပါးခြင်းအားဖြင့် တပြည်လုံး ပျက် စီးလိမ့်မည်။ 31
အစာခေါင်းပါးခြင်းသည် အလွန်အားကြီးသော ကြောင့်၊ အရင်ဝပြောခြင်း၏ လက္ခဏာမထင်ရ။ 32 ဖါရောဘုရင်သည်
ထပ်၍အိပ်မက်မြင်ရသည် အရာမှာ၊ ထိုအမှုကို ဘုရားသခင် မြဲမြံခိုင်ခံ့စေ၍ အလျင် အမြန် စီရင်တော်မူလိမ့်မည်။ 33 သို့ဖြစ်၍
ဖါရောဘုရင်သည် ဉာဏ်ပညာနှင့် ပြည့်စုံသောသူကို ရွေးချယ်၍ အဲဂုတ္တုပြည်ကို အုပ်စိုး စေတော်မူပါ။ 34
ခန့်ထားတော်မူသောသူသည်လည်း တပြည်လုံး ၌ အကြီးအကြပ်တို့ကို ခန့်ထား၍၊ ဝပြောသောနှစ် ခုနစ် နှစ်ပတ်လုံး တပြည်လုံးတွင်
ငါးဘို့တဘို့ကောက်ယူကြ ပါစေ။ 35 ထိုသူတို့သည်ဖြစ်လတံ့သော မင်္ဂလာနှစ်တို့တွင် ရိက္ခာရှိသမျှကို စုရုံး၍ ဖါရောဘုရင်ထံတော်၌
စပါးများ ကို ဆည်းဘူးကြပါစေ။ မြို့များ၌လည်း ရိက္ခာကို သိုထား ကြပါစေ။ 36 သို့ဖြစ်၍ အဲဂုတ္တုပြည်၌ အစာခေါင်းပါးသောနှစ်
ခုနစ်နှစ်ရောက်သောအခါ၊ ပြည်သူပြည်သား စားစရာဘို့ သိုထားလျက်ရှိနှင့်၍ အစာခေါင်းပါးသော ကာလတွင် ပြည်တော်မပျက်ရဟု
ဖါရောမင်းအား လျှောက်လေ၏။ 37 ထိုသို့ ယောသပ်လျှောက်သောစကားကို ဖါရော မင်းအစရှိသော ကျွန်တော်မျိုးအပေါင်းတို့သည်
နှစ်သက် ကြ၍၊ 38 ဖါရောမင်းက၊ ဘုရားသခင်၏ ဝိညာဉ်တော်ကို ရ၍ ဤကဲ့သို့သော သူကို အဘယ်မှာ ရှာ၍ တွေ့မည် နည်းဟု
ကျွန်တော်မျိုးတို့အား မိန့်တော်မူ၏။ 39 ယောသပ်အားလည်း၊ ဘုရားသခင်သည် ဤအမှုအလုံးစုံတို့ကို သင့်အား
ပြတော်မူသည်ဖြစ်၍ သင်ကဲ့သို့ ဉာဏ်ပညာနှင့် ပြည့်စုံသောသူ မရှိ။ 40 သင်သည် နန်းတော်အုပ်ဖြစ်ရမည်။ သင်၏ စကားအတိုင်း
ငါ၏ပြည်သားအပေါင်းတို့ကို ငါစီရင် စေမည်။ ရာဇပလ္လင်အားဖြင့်သာ ငါသည် သင့်ထက် ကြီးမြတ်မည်ဟု မိန့်တော်မူ၏။ 41
တဖန်ကြည့်ပါ၊ အဲဂုတ္တုပြည်တပြည်လုံးကို သင်အုပ်စိုးစေခြင်းငှါ ငါခန့်ထားပြီဟု ယောသပ်အား မိန့်တော်မူလျက်၊ 42
လက်စွပ်တော်ကိုချွတ်၍ ယောသပ်လက်၌ စွပ်စေတော်မူ၏။ ပိတ်ချောအဝတ်ကိုလည်း ဝတ်စေ၍၊ လည်ပင်း၌

ရွှေစလွယ်ကိုဆွဲပြီးလျှင်၊ 43 ဒုတိယရထားတော်ကို စီးစေတော်မူ၏။ ပြပ်ဝပ် ၍ နေကြဟု သူ့ရှေ့မှာ ဟစ်ကြ၏။ ထိုသို့လျှင် အဲဂုတ္တု
ပြည်တပြည်လုံးကို အုပ်စိုးစေတော်မူ၏။ 44 ဖါရောမင်းကလည်း၊ ငါသည် ဖါရောဘုရင် မှန်၏။ သို့ဖြစ်၍ သင်၏အခွင့်မရှိလျှင်
အဲဂုတ္တုပြည် တရှောက်လုံးတွင် အဘယ်သူမျှ မိမိလက်ခြေကိုမကြွရဟု မိန့်တော်မူ၏။ 45 ဖါရောမင်းသည်လည်း၊
ဇာဖဏာသဖါဏတည်း ဟူသော ဘွဲ့နာမနှင့်ယောသပ်ကို ချီးမြှောက်၍ ဩနမြို့၏ ယဇ်ပုရောဟိတ်ပေါတိဖေရ၏သမီးအာသနတ်နှင့်
စုံဘက်စေတော်မူ၏။ ထိုသို့ယောသပ်သည် အဲဂုတ္တု နိုင်ငံအုပ်အရာနှင့် အထံတော်ကထွက်လေ၏။ 46 ယောသပ်သည်
အဲဂုတ္တုရှင်ဘုရင် ဖါရောမင်း ထံ၌ အခွင့်ရသောအခါ၊ အသက်အနှစ်သုံးဆယ် ရှိသ တည်း။ အထံတော်ကထွက်၍
အဲဂုတ္တုပြည်တရှောက်လုံး သို့ သွားလေ၏။ 47 ဝပြောနှစ် ခုနစ်နှစ်ပတ်လုံး မြေအသီးအနှံတို့ သည် အလွန်များပြားကြ၏။ 48
ခုနစ်နှစ်ပတ်လုံး အဲဂုတ္တုပြည်တွင် ရှိသမျှသော ရိက္ခာကိုစုရုံး၍ မြို့တို့၌ သိုထားလေ၏။ မြို့ပတ်ဝန်းကျင် လယ်တို့၌ရသော
ရိက္ခာကိုမြို့အသီးအသီးတို့တွင် သိုထား လေ၏။ 49 စပါးကိုကား သမုဒ္ဒရာသဲလုံးနှင့်အမျှ အလွန် များစွာစုထား၍
မရေတွက်နိုင်အောင် များသောကြောင့် မရေတွက်ဘဲနေသတည်း။ 50 အစာခေါင်းပါးသောနှစ် မရောက်မှီ၊ ယောသပ် သည်
ဩနမြို့၏ယဇ်ပုရောဟိတ် ပေါတိဖေရ၏သမီး အာသနတ်တွင် သားနှစ်ယောက်တို့ကို မြင်ရ၏။ 51 သားဦးကိုကား မနာရှေအမည်ဖြင့်
မှည့်လေ၏။ အကြောင်းမူကား၊ ငါခံရသမျှသော ပင်ပန်းခြင်းနှင့် ငါ့အဘ၏ အိမ်သားအပေါင်းတို့ကို ငါမေ့စေခြင်းငှါ
ဘုရားသခင်ပြုတော်မူပြီဟု ဆိုသတည်း။ 52 နောက်ရသောသားကိုကား၊ ဧဖရိမ်အမည်ဖြင့် မှည့်လေ၏။ အကြောင်းမူကား၊
ဘုရားသခင်သည် ငါဆင်းရဲခံရသောပြည်၌ ငါ့ကိုပွါးများ စေတော်မူပြီဟု ဆိုသတည်း။ 53 ထိုနောက် အဲဂုတ္တုပြည်၌ ဝပြောသောနှစ်
ခုနစ် နှစ်ကုန်လေ၏။ 54 ယောသပ်ပြောသည်အတိုင်း အစာခေါင်းပါး သော နှစ်တို့သည် ရောက်စရှိ၏။ ထိုအခါ ခပ်သိမ်းသော
ပြည်တို့၌ အစာခေါင်းပါးခြင်းရှိသော်လည်း အဲဂုတ္တုပြည် ၌ ဆန်စပါးရှိသေး၏။ 55 နောက်တဖန် အဲဂုတ္တုပြည်သူ ပြည်သား
အပေါင်းတို့သည် မွတ်သိပ်သောအခါ စားစရာကိုရပါ မည်အကြောင်း ဖါရောမင်းထံ၌ ကြွေးကြော်ကြ၏။ဖါရောမင်းကလည်း၊
ယောသပ်ထံသို့သွားကြ၊ သူစီရင် သည့်အတိုင်းပြုကြဟု အဲဂုတ္တုပြည်သူပြည်သား အပေါင်းတို့ကို မိန့်တော်မူ၏။ 56
မြေပြင်တရှောက်လုံး၌ အစာခေါင်းပါးသော အခါ၊ ယောသပ်သည် စပါးကျီရှိသမျှတို့ကို ဖွင့်၍ အဲဂုတ္တု လူတို့အား ရောင်းလေ၏။
ထိုအခါ အဲဂုတ္တုပြည်၌ အစဉ် အတိုင်း အစာခေါင်းပါးသတည်း။ 57 ခပ်သိမ်းသောပြည်တို့၌လည်း အလွန်အစာ
ခေါင်းပါးသောကြောင့်၊ အသီးသီးသောပြည်သားတို့သည် စပါးကိုဝယ်ခြင်းငှါ အဲဂုတ္တုပြည် ယောသပ်ထံသို့ လာ ရောက်ကြ၏။

---

### Genesis 41:1

ထိုနောက်
အကြောင်းအရာတခု၏ အခန်းသစ်ကို အစဖွင့်ထားသည်။ ပြန်ဆိုမည့် ဘာသာစကား၏ အသုံးအနှုန်းဖြင့် ဖော်ပြနိုင်သည်။

နှစ်နှစ်လွန်သောအခါ
ယောသပ်နှင့် အကျဉ်းကျဖူးသော ဖလားတော်ဝန်နှင့် စားတော်ဝန်တို့၏ အိပ်မက်ကို ဖတ်ပေးပြီး နှစ်နှစ် ကုန်လွန်ခဲ့သည်။

မိမိသည် . . . ရပ်နေ၏
"ဖါရောမင်းသည် . . . ရပ်နေ၏"

အဆင်းလှ၍ဝသော
"ကျန်းမာ ဝဖြိုးသော"

မြစ်နားမှာပေါက်သော မြက်ပင်ကို စားလျက်နေကြ၏
"မြစ်တလျှောက်၌ ကျူပင်ကို စားလျက်နေကြ၏"

မြစ်နားမှာပေါက်သော မြက်ပင်
မြင့်၍ သေးသွယ်ပြီး စိုစွတ်သော နေရာတွင် ပေါက်သည်။ "ကျူပင်"

အဆင်းမလှ၊ ပိန်သော
"ဖျားနာ ပိန်ချုံးသော"

ကမ်းပေါ်မှာ
"ကမ်းနားမှာ" သို့မဟုတ် "မြစ်ကမ်းမှာ။" မြစ်၏ အစပ်နား မြေနေရာဖြစ်သည်။

### Genesis 41:4

အဆင်းမလှ ပိန်သော
"ဖျားနာ ပိန်ချုံးသော။" ၄၁:၁ မှ ပြန်ဆိုချက်ကို ရှု။

အဆင်းလှ၍ ဝသော
"ကျန်းမာ ဝဖြိုးသော။" ၄၁:၁ မှ ပြန်ဆိုချက်ကို ရှု။

နိုးလေ၏
"သတိပြန်ရလေ၏"

တဖန်
"ဒုတိယအကြိမ်" ဟုလည်း ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဒုတိယအကြိမ်"

စပါးခုနစ်နှံတို့
စပါးပင်၏ ကြီးထွားသော ထိပ်ပိုင်း ဖြစ်သည်။

စပါးတပင်တည်း၌ ဖြစ်ကြ၏
"တပင်တည်းမှ ပေါက်ကြ၏။" စပါးပင်၏ ပင်စည်ပိုင်း ဖြစ်သည်။

အလုံးကြီး၍ ကောင်းသော
"ကြီးထွား၍ သန်မာသော"

အလုံးသေး၍ အရှေ့လေဖြင့် ပျက်သော
အပြုသဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သေးသွယ်၍ အရှေ့လေကြောင့် ပျက်သော"


generated on Fri Sep 22 10:08:29 2023

အရှေ့လေ
အရှေ့ဖက် သဲကန္တာရမှ တိုက်သောလေ ဖြစ်သည်။ စပါးနှံတို့ကို ဖျက်ဆီးတတ်သည်။

ပေါက်ကြ၏
"ထွက်ပေါ်ကြ၏" သို့မဟုတ် "ကြီးထွားကြ၏"

## Genesis 41:7

အလုံးသေးသော စပါးခုနစ်နှံတို့
အခြားသော ဘာသာပြန်ဆိုချက်၊ "စပါးညှံ့ ခုနှစ်နှံတို့"

အလုံးကြီး၍ ကောင်းသော စပါးခုနစ်နှံတို့
"သန်မာ၍ ကောင်းသော စပါးခုနစ်နှံတို့။" ၄၁:၄ မှ ပြန်ဆိုချက်ကို ရှု။

စားကြ၏
"ဝါးမြိုကြ၏။" ဖါရောမင်း၏ အိပ်မက်ထဲတွင် မကောင်းသောစပါးက ကောင်းသောစပါးကို အစာစားသကဲ့သို့ ဝါးမြိုသည်။

နိုး၍
"နိုးသော်"

အိပ်မက်ဖြစ်သည်ကို သိလေ၏
"အိပ်မက်ဖြစ်လေ၏"

ရောက်သောအခါ
အကြောင်းအရာတခု၏ အခန်းသစ်ကို အစဖွင့်ထားသည်။ ပြန်ဆိုမည့် ဘာသာစကား၏ အသုံးအနှုန်းဖြင့် ဖော်ပြနိုင်သည်။

စိတ်ပူပန်၍
"စိတ်" မှာ အတွင်းဝိညာဉ် သို့မဟုတ် စိတ်နှလုံးကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "စိတ်နှလုံး ပူပန်၍" သို့မဟုတ် "သောကဖြစ်၍"

အဲဂုတ္တု ဗေဒင်တတ် ပညာရှိအပေါင်းတို့
မှော်ဆရာနှင့် ပညာရှိတို့မှာ ရှေးခေတ် ဘုရင်နှင့် ခေါင်းဆောင်တို့၏ အကြံပေး အရာရှိများ ဖြစ်ကြသည်။

ခေါ်၍
လူလွှတ်၍ ခေါ်စေသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အခေါ်လွှတ်၍" သို့မဟုတ် "ခေါ်ရန် လူစေလွှတ်၍"

## Genesis 41:9

ဖလားတော်ဝန်
ဘုရင့်ထံ သောက်စရာများ ဆက်သသောသူ ဖြစ်သည်။ ၄၀:၁ မှ ပြန်ဆိုချက်ကို ရှု။

ကျွန်တော်သည် ကိုယ်အပြစ်ကို ယနေ့အောက်မေ့ပါ၏
"ယနေ့" ဟူ၍ ဆိုလိုသောအရာကို ထင်ဟပ်စေသည်။ "အပြစ်" ဟူရာတွင် ပြုခဲ့ရမည့်အရာကို မပြုမိသောအပြစ်ကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သခင့်ထံ လျှောက်တင်စရာကို ယနေ့ အောက်မေ့ပါ၏"

ဖါရောဘုရင်သည် . . . ကို အမျက်ထွက်၍
ဖါရောမင်းကို အပြောခံနာမ်စားဖြင့် ညွှန်းဆိုသည်။ ငယ်သားက မိမိထက် ကြီးမြတ်သောသူကို ညွှန်းဆိုရာ၌ အသုံးပြုသော အခေါ်အဝေါ် ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "... က သခင် ဖါရောမင်း၏ အမျက်တော်ရှ၍"

ကျွန်တော်နှင့် စားတော်ဝန်
"ကျွန်တော်တို့" ဟူ၍လည်း အစားထိုး ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်တော်မျိုးတို့"

ကိုယ်ရံတော်မှူးအိမ်၌ ချုပ်ထားတော်မူသောအခါ
"ကိုယ်ရံတော်မှူး ထောင်၌ ချုပ်ထားတော်မူစဉ်အခါ။" "အိမ်" က ထောင်ကို ညွှန်းသည်။

ကိုယ်ရံတော်မှူး
ကိုယ်ရံတော်တပ်မှူး။ ၄၀:၁ မှ ပြန်ဆိုချက်ကို ရှု။

စားတော်ဝန်
ဘုရင်အတွက် အစာကို ချက်လုပ်သောသူ ဖြစ်သည်။ ၄၀:၁ မှ ပြန်ဆိုချက်ကို ရှု။

ကျွန်တော်တို့နှစ်ယောက်သည် . . . ကို တညဉ့်ချင်းတွင် မြင်မက်ကြပါ၏
"တစ်ညတွင် ကျွန်တော်တို့သည် ... ကို မြင်မက်ကြပါ၏"

အသီးအသီး မိမိတို့ ကိုယ်စီဆိုင်သော အနက်နှင့်ပြည့်စုံသော အိပ်မက်
"အနက်အဓိပ္ပါယ် မတူသော အိပ်မက်"

မြင်မက်ကြပါ၏
ဖလားတော်ဝန်နှင့် စားတော်ဝန်တို့ကို ညွှန်းသည်။

## Genesis 41:12

ယေဘုယျ အချက်အလက်
ဖလားတော်ဝန်က ဖါရောမင်းထံ ဆက်လက်လျှောက်ဆိုသည်။

ကျွန်တော်တို့၌
"ကျွန်တော်တို့နှင့်အတူ"

ကိုယ်ရံတော်မှူး
ကိုယ်ရံတော်တပ်မှူး။ ၄၀:၁ မှ ပြန်ဆိုချက်ကို ရှု။

ထိုသူအား ကျွန်တော်တို့သည် ကြားပြော၍ သူသည် အိပ်မက်၏အနက်ကို ဘတ်ပါ၏
"ထိုသူထံ အိပ်မက်ကို ကြားပြော၍ ထိုသူက အိပ်မက်၏အနက်ကို ဖတ်ပါ၏"

တယောက်စီ မြင်မက်သည်အတိုင်း ဘတ်ပါ၏
"တယောက်စီ" သည် ဖလားတော်ဝန်နှင့် စားတော်ဝန် အသီးသီးကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တယောက်စီ မြင်သော အိပ်မက်ကို ဖတ်ပါ၏"

ဘတ်သည်အတိုင်းလည်း မှန်ပါ၏
"ဖတ်သည် အတိုင်းလည်း ဖြစ်ပါ၏"

ကျွန်တော်သည် အရင်အရာကို ရပြန်၍
ဖါရောကို ဂုဏ်ပုဒ်အားဖြင့် ညွှန်းဆို၍ ရသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သခင်က ကျွန်တော့်ကို အရင်အရာ၌ ပြန်ထား၍"

စားတော်ဝန်မူကား
"နောက်တစ်ယောက်မူကား"


generated on Fri Sep 22 10:08:29 2023

ဆွဲထားခြင်းကို ခံရပါသည်
"သူ" သည် ဖာရောဘုရင်ကို ဆိုလိုသည်။ ဖာရောဘုရင်အမိန့်ပေးသည့် စစ်သားများအတွက် ရပ်တည်သည်။အခြားသော ဘာသာပြန်ဆိုချက်၊ "ဆွဲကြိုးချ သေမိန့်ပေးလိုက်ပါသည်"

**Genesis 41:14**

ဖါရောမင်းသည် လူကိုစေလွှတ်၍ . . . ခေါ်တော်မူ၏
ဖာရောဘုရင်က ကျွန်များစေလွှတ်ထားသည်ကို မြုပ်ထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဖါရောမင်းကလည်း လူကိုစေလွှတ်၍ ... ခေါ်တော်မူ၏"

ထောင်ထဲက
"ထောင်ထဲမှ" သို့မဟုတ် "အကျဉ်းမှ"

မုတ်ဆိတ်ညှပ်ခြင်း
ဖါရောမင်းထံ အခစားဝင်လျှင် မုတ်ဆိတ်နှင့် ဆံပင်မွေးကို ညှပ်ရသည်။

အထံတော်သို့ ဝင်ရ၏
အခြားသော ဘာသာပြန်ဆိုချက်၊ "ရှေ့တော်သို့ အခစား ဝင်၏"

အနက်ကို အဘယ်သူမျှ မဘတ်နိုင်
"အနက်ပြန်နိုင်သူ တယောက်မျှမရှိ"

သင်သည် အိပ်မက်ကို နားလည်သောဉာဏ်နှင့် အနက်ဘတ်နိုင်သည်
"သင်သည် အိပ်မက်ကို အနက်ဖတ်နိုင်သည်"

ကျွန်တော်သည် အလိုအလျောက် မတတ်နိုင်ပါ
"အနက်ပြန်နိုင်သူမှာ ကျွန်တော် မဟုတ်ပါ"

ဘုရားသခင်သည် မင်္ဂလာအဖြေစကားကို ဖါရောဘုရင်အား ပေးတော်မူပါစေသော
"ဘုရားသခင်သည် ဖါရောမင်းအတွက် မင်္ဂလာရှိသောအဖြေကို ပေးတော်မူလိမ့်မည်"

**Genesis 41:17**

မြစ်နားဦး
နိုင်းမြစ်ကမ်း ချောက်သွေ့သောနေရာ ဖြစ်သည်။ ၄၁း၁ မှ ပြန်ဆိုချက်ကို ရှု။ အခြားသော ဘာသာပြန်ဆိုချက်၊ "နိုင်းမြစ်ကမ်းဦး"

အဆင်းလှ၍ဝသော
ကျန်းမာ ဝဖြိုးသော။" ၄၁း၁ မှ ပြန်ဆိုချက်ကို ရှု။

မြစ်နားမှာပေါက်သော မြက်ပင်ကို စားလျက်နေကြ၏
"ကျူပင်ကို စားလျက်နေကြ၏။" ၄၁း၁ မှ ပြန်ဆိုချက်ကို ရှု။

**Genesis 41:19**

အဆင်းမလှ ပိန်ကြုံသော
"ဖျားနာ ပိန်ချုံးသော။" ၄၁း၁ မှ ပြန်ဆိုချက်ကို ရှု။

ထိုမျှလောက် အရုပ်ဆိုးသော
စိတ္တဇနာမ် "အရုပ်ဆိုးသော" ကို နာမဝိသေသနပုဒ်ဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုမျှလောက် ဆိုးရွားသော" သို့မဟုတ် "ထိုမျှလောက် တန်ဖိုးမရှိသော"

ဝသော အရင်နွား
"ဝဖြိုးသောနွား။" ၄၁း၁ မှ ပြန်ဆိုချက်ကို ရှု။

စားမှန်းကို အဘယ်သူမျှ မသိရ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ပိန်သောနွားက ဝသောနွားကို စားမှန်း အဘယ်သူမျှ မသိရ"

**Genesis 41:22**

ယေဘုယျ အချက်အလက်
ဖါရောမင်းက ယောသပ်ထံ ဆက်လက် မိန့်ဆိုသည်။

တဖန် ငါမြင်မက်ပြန်သည်ကား
အိပ်ရာမှ နိုး၍ ပြန်အိပ်သောအခါ မြင်သည့် အိပ်မက်ကို အစဖွင့်ထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "နောက်ထပ် ငါမြင်မက်သည်မှာ"

စပါးခုနစ်နှံတို့
"စပါးပင်" ဟုလည်း ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "စပါးပင် ခုနစ်နှံတို့"

စပါးတပင်တည်း၌ ဖြစ်ကြ၏
"တပင်တည်းမှ ပေါက်ကြ၏။" စပါးပင်၏ ပင်စည်ပိုင်း ဖြစ်သည်။ ၄၁း၄ မှ ပြန်ဆိုချက်ကို ရှု။

ညှိုးနွမ်းလျက် အလုံးသေး၍ အရှေ့လေဖြင့် ပျက်သော
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အရှေ့လေကြောင့် ညှိုးနွမ်း၊ သေးငယ်၍ ပျက်သော"

ညှိုးနွမ်းလျက်
"ပိုးစားလျက်" သို့မဟုတ် "ယိုယွင်းလျက်"

အရှေ့လေ
အရှေ့ဖက် သဲကန္တာရမှ တိုက်သောလေ ဖြစ်သည်။ စပါးနှံတို့ကို ဖျက်ဆီးတတ်သည်။

ပေါက်ကြ၏
"ကြီးထွားကြ၏" သို့မဟုတ် "ထွက်ပေါ်ကြ၏"

အလုံးသေးသော စပါးနှံတို့
၄၁း၇ မှ ပြန်ဆိုချက်ကို ရှု။ အခြားသော ဘာသာပြန်ဆိုချက်၊ "စပါးညံ့တို့"

စားကြ၏
"ဝါးမြိုကြ၏။" ဖါရောမင်း၏ အိပ်မက်ထဲတွင် မကောင်းသောစပါးက ကောင်းသော စပါးကို အစာစားသကဲ့သို့ ဝါးမြိုသည်။ ၄၁း၇ မှ ပြန်ဆိုချက်ကို ရှု။

အဘယ်သူမျှ မဘတ်နိုင်
"အဘယ်သူမျှ မဖတ်နိုင်" သို့မဟုတ် "ဖတ်နိုင်သော သူ တစ်ယောက်မျှမရှိ"

## Genesis 41:25

ဖါရောဘုရင် မြင်မက်တော်မူသော အိပ်မက်ကား တပါးတည်းဖြစ်ပါ၏
အိပ်မက်နှစ်ခု၏ အနက်မှာ တူညီကြောင်း ဆိုလိုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အိပ်မက်များအနက်ကား တခုတည်း ဖြစ်ပါ၏"

ဘုရားသခင် ပြုလတံ့သောအမှုကို ဖါရောဘုရင်အား ပြတော်မူပြီ
အပြောခံနာမ်စားဖြင့် ညွှန်းဆိုထားသည်။ ရှိသေခြင်းသဘောကို ဆောင်သည်။ ကြားနာသူ နာမ်စားဖြင့်လည်း ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင် ပြုလတံ့သောအမှုကို မင်းကြီးအား ပြတော်မူပြီ"

ကောင်းသော စပါးခုနစ်နှံတို့
အခြားသော ဘာသာပြန်ဆိုချက်၊ "စပါးကောင်း ခုနစ်နှံတို့"

## Genesis 41:27

ယေဘုယျ အချက်အလက်
ယောသပ်က ဖါရောမင်း၏ အိပ်မက်ကို ဆက်၍ အနက်ပြန်သည်။

ပိန်၍ အရုပ်ဆိုးသော နွား
"ပိန်ခွဲ့သော နွား။" ၄၁:၁ မှ ပြန်ဆိုချက်ကို ရှု။

အရှေ့လေဖြင့်ပျက်သော စပါးဖျင်း ခုနစ်နှံ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အရှေ့လေ တိုက်၍ ပျက်သော စပါးဖျင်း ခုနစ်နှံ"

ဖါရောဘုရင်အား ကျွန်တော် လျှောက်လိုသောအရာဟူမူကား . . . ဖါရောဘုရင်အား ပြတော်မူ၏
ဖါရောမင်းကို အပြောခံနာမ်းစား ညွှန်းဆိုသည်။ ရှိသေခြင်းသဘောကို ဆောင်သည်။ အပြောခံနာမ်စားဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မင်းကြီးအား ကျွန်တော် လျှောက်ဆိုသည်အတိုင်း ဖြစ်လတံ့သောအရာ၊ ... မင်းကြီးအား ပြတော်မူ၏"

ပြတော်မူ၏
"ပြတော်မူပြီ"

အဲဂုတ္တုပြည်တရှောက်လုံးတွင် ဝပြောသောနှစ် ခုနစ်နှစ်ရှိလိမ့်မည်
ဝပြောခြင်းကို ရှိလိုက်မရှိလိုက် ဖြစ်တတ်သကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုပြည် တလျှောက်လုံး၌ ခုနစ်နှစ်ကြာ ဝပြောလိမ့်မည်"

## Genesis 41:30

ယေဘုယျ အချက်အလက်
ဖါရောမင်း၏ အိပ်မက်ကို ဆက်လက် အနက်ပြန်သည်။

ထိုနောက်မှ အစာခေါင်းပါးသောနှစ် ခုနစ်နှစ်ပေါ်လာ၍
အစာခေါင်းပါးခြင်းကို ရှိလိုက်မရှိလိုက် ဖြစ်တတ်သကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထို့နောက် ခုနစ်နှစ်ကြာ အစာခေါင်းပါး၍"

အလုံးစုံသော ဝပြောခြင်းသည် တိမ်မြုပ်လျက် အစာခေါင်းပါးခြင်းအားဖြင့် တပြည်လုံး ပျက်စီးလိမ့်မည်။ အစာခေါင်းပါးခြင်းသည် အလွန်အားကြီးသောကြောင့်၊ အရင်ဝပြောခြင်း၏ လက္ခဏာမထင်ရ
ပြောဆိုသောအရာကို သိသာထင်ရှားစေလိုသဖြင့် အနက်အဓိပ္ပါယ်တူညီသော ဝါကျနှစ်ခုကို သုံးနှုန်းထားသည်။

အဲဂုတ္တုပြည်၌ အလုံးစုံသော ဝပြောခြင်းသည် တိမ်မြုပ်လျက်
"အဲဂုတ္တုပြည်" တွင် ထိုပြည်သားတို့လည်း ပါဝင်သည်။ အပြုသဘောဖြင့် ဖော်ပြထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုပြည်တို့သည် အလုံးစုံသော ဝပြောခြင်းကို မေ့လျော့သွားလျက်"

တပြည်လုံး ပျက်စီးလိမ့်မည်
"တပြည်လုံး" တွင် မြေသြဇာ၊ လူမှစ အရာအားလုံး ပါဝင်သည်။

အစာခေါင်းပါးခြင်းသည် အလွန်အားကြီးသောကြောင့်
အခြားသော ဘာသာပြန်ဆိုချက်၊ "နောင်လာမည့် အစာခေါင်းပါးခြင်းသည် အလွန်အားကြီးသဖြင့်"

ဖါရောဘုရင်သည် ထပ်၍အိပ်မက်မြင်ရသည် အရာမှာ၊ ထိုအမှုကို ဘုရားသခင် မြဲမြံခိုင်ခံ့စေ၍ အလျင်အမြန် စီရင်တော်မူလိမ့်မည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က ဤအမှုကို မကြာမီ ပြည့်စုံစေရန် စီစဉ်တော်မူကြောင်း ထင်ရှားစေရန်၊ မင်းကြီးထံ အိပ်မက်နှစ်ခါ ပြသတော်မူ၏"

## Genesis 41:33

ယေဘုယျ အချက်အလက်
ဖါရောမင်းထံ ဆက်လက် လျှောက်ဆိုသည်။

သို့ဖြစ်၍
နောင် ပြုသင့်သောအရာကို စတင် မိတ်ဆက်လိုက်ခြင်းဖြစ်သည်။

ဖါရောဘုရင်သည် . . . ရွေးချယ်၍
အပြောခံနာမ်စားဖြင့် ညွှန်းဆိုထားသည်။ ရှိသေခြင်းသဘောကို ဆောင်သည်။ ကြားနာသူနာမ်စားဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဖါရောမင်းအနေဖြင့် ... ရွေးချယ်၍"

အဲဂုတ္တုပြည်ကို အုပ်စိုးစေတော်မူပါ
"အုပ်စိုးစေ" ဟူရာတွင် အခွင့်အာဏာ အပ်နှံခြင်းသဘောကို ဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုပြည်ကို အစိုးရစေတော်မူပါ" သို့မဟုတ် "အဲဂုတ္တုပြည်အား အုပ်စိုးစေတော်မူပါ"

အဲဂုတ္တုပြည်
"ပြည်" ဟူရာတွင် ထိုပြည်တွင် ရှိသော လူတို့နှင့် အရာအားလုံးကို ကိုယ်စားပြုသည်။

တပြည်လုံးတွင် ငါးဘို့တဘို့ ကောက်ယူကြပါစေ
အခြားသော ဘာသာပြန်ဆိုချက်၊ "တပြည်လုံးရှိ သီးနှံ၏ ငါးဖို့တဖို့ကို ကောက်ယူကြပါစေ"

ဝပြောသောနှစ် ခုနစ်နှစ်ပတ်လုံး
"အစာများသော ခုနစ်နှစ်ပတ်လုံး"


generated on Fri Sep 22 10:08:29 2023

## Genesis 41:35

ယေဘုယျ အချက်အလက်
ဖါရောမင်းထံ ဆက်လက် လျှောက်ဆိုသည်။

ထိုသူတို့သည် . . . စုရုံး၍
"ကြီးကြပ်သူတို့သည် ... စုရုံး၍"

ဖြစ်လတံ့သော မင်္ဂလာနှစ်တို့တွင်
က ဖြစ်လိုက်မဖြစ်လိုက် ရှိသကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဖြစ်လာမည့် မင်္ဂလာနှစ်များတွင်"

ဖါရောဘုရင်ထံတော်၌ စပါးများကို ဆည်းဘူးကြပါစေ
"ဖါရောဘုရင်ထံတော်၌" ဟူရာတွင် ဖါရောမင်း၏ အခွင့်ပေးမှုကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဖါရောမင်း၏ အခွင့်အာဏာဖြင့် စပါးကို သိုထားကြပါစေ"

ရိက္ခာကို သိုထားကြပါစေ
အစာခေါင်းပါးချိန်အတွက် ကြိုတင် စုထားခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရိက္ခာကို သို၍ ထိန်းသိမ်းကြပါစေ"

ပြည်သူပြည်သား စားစရာဘို့ သိုထားလျက်ရှိနှင့်၍
"ပြည်သူပြည်သား" မှာ တပြည်လုံးရှိ လူအားလုံးကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုရိက္ခာများမှာ ပြည်သူပြည်သားတို့အဖို့ ဖြစ်၍"

အစာခေါင်းပါးသောကာလတွင် ပြည်တော်မပျက်ရ
"ပြည်တော်" မှာ ထိုပြည်၌ ရှိသမျှကို ညွှန်းသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အစာခေါင်းပါးမှုဒဏ်ကို ခံရမည်မဟုတ်"

## Genesis 41:37

ထိုသို့ ယောသပ်လျှောက်သောစကားကို ဖါရောမင်း အစရှိသော ကျွန်တော်မျိုး အပေါင်းတို့သည် နှစ်သက်ကြ၍
အတွေးသဘောကို "အမြင်" ဟူ၍လည်း ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုသို့ လျှောက်သောစကားကို ဖါရောမင်းမှအစ မှူးမတ်အပေါင်းတို့ နှစ်သက်ကြ၍"

ကျွန်တော်မျိုး
ဖါရောမင်း၏ မှူးမတ်များကို ညွှန်းသည်။

ဤကဲ့သို့သောသူ
"ယောသပ် ဖော်ပြသောသူ"

ဘုရားသခင်၏ ဝိညာဉ်တော်ကို ရ၍
"ဘုရားသခင်၏ ဝိညာဉ်တော် ကိန်းဝပ်၍"

## Genesis 41:39

သင်ကဲ့သို့ ဉာဏ်ပညာနှင့် ပြည့်စုံသောသူမရှိ
"သင်ကဲ့သို့ ဉာဏ်ပါရမီ ပြည့်စုံသောသူမရှိ" ၄၁:၃၃ ရှိ "ဉာဏ်ပညာနှင့် ပြည့်စုံသောသူ" ပြန်ဆိုချက်ကို ရှု။

သင်သည် နန်းတော်အုပ်ဖြစ်ရမည်
"နန်းတော်" မှာ ဖါရောမင်း၏ နန်းတော်မှအစ နန်းတော်တွင် ရှိသမျှသောသူ အပေါင်းတို့ကို ညွှန်းသည်။ "အုပ်" ဟူရာတွင် အခွင့်အာဏာ အပ်နှံမှုသဘောကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်သည် ငါ့နန်းတွင်း၌ အယောက်တိုင်းကို အုပ်စိုးရမည်"

သင်၏စကားအတိုင်း ငါ၏ပြည်သားအပေါင်းတို့ကို ငါစီရင်စေမည်
"စကား" မှာ နှုတ်မှ ပြောဆိုသမျှကို ညွှန်းသည်။ အပြုသဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့ပြည်သားအပေါင်းကို စီရင်၍ သင်ဆိုသည်အတိုင်း ပြုလိမ့်မည်"

ရာဇပလ္လင်အားဖြင့်သာ
"ရာဇပလ္လင်" မှာ ဖါရောမင်း၏ ဘုရင်အရာကို ကိုစားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရင်အရာအားဖြင့်သာ"

ကြည့်ပါ
"ကြည့်" ဟူခြင်းဖြင့် ပြောမည့်စကားကို အာရုံစိုက်စေသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကြည့်ရှုလော့"

အဲဂုတ္တုပြည် တပြည်လုံးကို သင်အုပ်စိုးစေခြင်းငှါ ငါခန့်ထားပြီ
"ခန့်ထားပြီ" ဟူရာတွင် အခွင့်အာဏာကို အပ်နှံကြောင်း ဆိုလိုသည်။ "တပြည်လုံး" မှာ ပြည်သားအားလုံးကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဲဂုတ္တု ပြည်သားအာလုံးအပေါ် အုပ်စိုးခွင့် ငါပေးထားပြီ"

## Genesis 41:42

လက်စွပ်တော်ကိုချွတ်၍ . . . လည်ပင်း၌ ရွှေစလွယ်ကို ဆွဲပြီးလျှင်
ယောသပ်၏ အစီအစဉ်အတိုင်း ဆောင်ရွက်နိုင်ရန် အခွင့်အာဏာကို အပ်နှံကြောင်း လက္ခဏာဖြစ်သည်။

လက်စွပ်တော်
ဖါရောမင်း၏ ဘုရင်တံဆိပ်ကို ထုနှိပ်သော လက်စွပ်ဖြစ်သည်။ မိမိစီမံကိန်းအတိုင်း ဆောင်ရွက်ရသော အခွင့်အာဏာကို ပေးသည်။

ပိတ်ချောအဝတ်
အပွင့်ပြာရှိသော နှမ်းကြတ်ပင်မှ ရက်လုပ်သော အထည်ချောတစ်မျိုး။

ဒုတိယရထားတော်ကို စီးစေတော်မူ၏
ဖါရောမင်း ပြီးနောက် ဒုတိယ အကြီးဆုံးဖြစ်ကြောင်း လက္ခဏာကို ပြသည်။

ပြပ်ဝပ်၍နေကြ
"ပြပ်ဝပ်၍ ရှိခိုးကြ။" ရိုသေလေးမြတ်မှု သဘောကို ပြသည်။

ထိုသို့လျှင် အဲဂုတ္တုပြည် တပြည်လုံးကို အုပ်စိုးစေတော်မူ၏
၄၁:၃၉ မှ ပြန်ဆိုချက်ကို ရှု။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုသို့ဖြင့် အဲဂုတ္တု ပြည်သားအပေါင်းကို အုပ်စိုးစေတော်မူ၏"

## Genesis 41:44

ငါသည် ဖါရောဘုရင် မှန်၏။ သို့ဖြစ်၍
ဖါရောမင်းက မိမိ၏ အစိုးပိုင်မှုကို ပြသသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဖါရောဖြစ်သော ငါ မိန့်သည်ကား"

သင်၏အခွင့်မရှိလျှင် အဲဂုတ္တုပြည် တရောက်လုံးတွင် အဘယ်သူမျှ မိမိလက်ခြေကိုမကြွရ
"လက်" နှင့် "ခြေ" က လူတဦး၏ လှုပ်ရှားမှုကို ကိုစားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်မှတပါး အဲဂုတ္တုပြည်


generated on Fri Sep 22 10:08:29 2023

တလျှောက်လုံး၌ အဘယ်သူမျှ မိမိလက်ခြေကို မကြွရ" သို့မဟုတ် "အဲဂုတ္တုပြည်တွင် လူတို့သည် သင်၏ ခွင့်ပြုချက်ဖြင့်သာ လုပ်ကိုင်ကြရမည်"

အဘယ်သူမျှ
ယောက်ျား၊ မိန်းမ အားလုံးကို ခြုံငုံထားသော ယေဘုယျ အသုံးအနှုန်းဖြစ်သည်။

ဇာဖဏာသ ဖါဏှ
ဘာသာပြန်ဆိုသူများ အနေဖြင့် "ဇာဖဏာသ ဖါဏှ အနက်ကား 'လျှို့ဝှက်ချက်များ ဖော်ပြသူ' တည်း" ဟု မှတ်ချက်ထည့်သွင်း ဖော်ပြနိုင်သည်။

ဩနမြို့၏ ယဇ်ပုရောဟိတ်ပေါတိဖေရ၏ သမီးအာသနတ်နှင့် စုံဘက်စေတော်မူ၏
အဲဂုတ္တုပြည်တွင် ယဇ်ပုရောဟိတ်တို့မှာ အမြင့်မြတ်ဆုံးနှင့် ဂုဏ်အကြီးဆုံးဖြစ်သည်။ အထက်ပါ ထိမ်းမြားခြင်းက ယောသပ်ကို ဂုဏ်အရှိန်နှင့် အခွင့်အာဏာ ရရှိစေသည်။

အာသနတ်နှင့် စုံဘက်စေတော်မူ၏
"အာသနတ်" မှာ ယောသပ်အတွက် မယားအဖြစ် ဖါရောမင်း စုံဖက်စေသောသူ ဖြစ်သည်။

ပေါတိဖေရ၏ သမီး
အာသေနတ်၏ ဖခင်ဖြစ်သည်။

ဩနမြို့၏ ယဇ်ပုရောဟိတ်
ဟေလိဩပိုလစ် သို့မဟုတ် ဩနမြို့ကို "နေမင်း၏ မြို့တော်" ဟု ခေါ်ပြီး၊ နေနတ် ရာ ကို ကိုးကွယ်သော ဘာသာရေး အချက်အချာကျရာ မြို့ဖြစ်သည်။

ထိုသို့ ယောသပ်သည် အဲဂုတ္တုနိုင်ငံအုပ်အရာနှင့် အထံတော်က ထွက်လေ၏ နောင်လာမည့် အစာခေါင်းပါးခြင်းအတွက် ကြိုတင်ပြင်ဆင်ရန် တပြည်လုံးအနှံ့သို့ စတင်ခရီးနှင်သည်။

## Genesis 41:46

အသက် အနှစ်သုံးဆယ်
"အသက် ၃၀"

ဖါရောမင်းထံ၌ အခွင့်ရသောအခါ
အခြားသော ဘာသာပြန်ဆိုချက်၊ "ဖါရောမင်းထံ စတင်အမှုထမ်းသောအခါ"

အဲဂုတ္တုပြည် တရှောက်လုံးသို့ သွားလေ၏
မိမိစီမံကိန်းကို အကောင်အထည် ဖော်ရန် တပြည်လုံးအနှံ့ ခရီးနှင်သည်။

ဝပြောနှစ် ခုနစ်နှစ်ပတ်လုံး
"သာယာသော ခုနစ်နှစ်ပတ်လုံး"

မြေအသီးအနှံတို့ သည် အလွန်များပြားကြ၏
"အသီးအနှံတို့မှာ အလွန်များပြားကြ၏"

## Genesis 41:48

စပါးကိုကား သမုဒ္ဒရာသဲလုံးနှင့်အမျှ အလွန် များစွာ စုထား၍
အလွန်များပြားကြောင်း ပင်လယ်သဲများဖြင့် ခိုင်းနှိုင်းထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "စုထားသော စပါးတို့မှာ သမုဒ္ဒရာသဲလုံးနှင့်အမျှ ရှိ၍"

## Genesis 41:50

အစာခေါင်းပါးသောနှစ် မရောက်မှီ
နှစ်ကို ရောက်လာ၍ ထွက်သွားတတ်သောအရာကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အစာခေါင်းပါးသော နှစ် မစမှီ"

အာသနတ်
"အာသေနတ်" သို့မဟုတ် "အာသနတ်" မှာ ယောသပ်အတွက် မယားအဖြစ် ဖါရောမင်း စုံဖက်စေသောသူ ဖြစ်သည်။ ၄၁:၄၄ မှ ပြန်ဆိုချက်ကို ရှု။

ပေါတိဖေရ၏သမီး
အာသေနတ်၏ ဖခင်ဖြစ်သည်။ ၄၁:၄၄ မှ ပြန်ဆိုချက်ကို ရှု။

ဩနမြို့၏ယဇ်ပုရောဟိတ်
ဟေလိဩပိုလစ် သို့မဟုတ် ဩနမြို့ကို "နေမင်း၏ မြို့တော်" ဟု ခေါ်ပြီး၊ နေနတ် ရာ ကို ကိုးကွယ်သော ဘာသာရေး အချက်အချာကျရာ မြို့ဖြစ်သည်။ ၄၁:၄၄ မှ ပြန်ဆိုချက်ကို ရှု။

မနာရှေ
ဘာသာပြန်ဆိုသူများ အနေဖြင့် "မနာရှေ အနက်ကား 'မေ့ပျောက်စေပြီ' ဟူသတည်း" ဟု မှတ်ချက်ထည့်သွင်း ဖော်ပြနိုင်သည်။

ငါ့အဘ၏ အိမ်သား
ယောသပ်က မိမိဖခင် ယာကုပ်နှင့် မိသားစုကို ညွှန်းသည်။

ဧဖရိမ်
ဘာသာပြန်ဆိုသူများ အနေဖြင့် "ဧဖရိမ် အနက်ကား 'ပွါးများစေပြီ' သို့မဟုတ် 'သားသမီး ရစေပြီ' ဟူသတည်း" ဟု မှတ်ချက်ထည့်သွင်း ဖော်ပြနိုင်သည်။

ငါ့ကို ပွါးများစေတော်မူပြီ
ကြွယ်ဝပြည့်စုံခြင်းနှင့် သားသမီး ဖွားမြင်ခြင်းကို ဆိုလိုသည်။

ငါဆင်းရဲခံရသောပြည်၌
"ဆင်းရဲခံသော" ကို စိတ္တဇနာမ် "ဆင်းရဲခံခြင်း" ဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ၏ ဆင်းရဲခံခြင်း ပြည်၌"

## Genesis 41:53

ခပ်သိမ်းသော ပြည်တို့၌
ခါနာန်ပြည် အပါအဝင် အဲဂုတ္တုပြည်၏ ပတ်ဝန်းကျင်တိုင်းပြည်များ။

အဲဂုတ္တုပြည်၌ ဆန်စပါးရှိသေး၏
သာယာသောနှစ်များအတွင်း ယောသပ်၏ အမိန့်ဖြင့် သိုထားသော ဆန်စပါးတို့ကို ညွှန်းသည်။

## Genesis 41:55

နောက်တဖန် အဲဂုတ္တု ပြည်သူပြည်သား အပေါင်းတို့သည် မွတ်သိပ်သောအခါ
"ပြည်သူပြည်သားအပေါင်းတို့" က တစ်ပြည်လုံး၌ ရှိသမျှသောသူကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဲဂုတ္တု ပြည်သူပြည်သား အပေါင်းတို့ ဆာလောင်မွတ်သိပ်သောအခါ"

မြေပြင်တရှောက်လုံး၌ အစာခေါင်းပါးသောအခါ
"မြေပြင်" ဟူရာတွင် တလောကလုံးကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မြေတပြင်လုံး၌ အစာခေါင်းပါးသောအခါ"

ယောသပ်သည့် စပါးကျီရှိသမျှတို့ကိုဖွင့်၍ အဲဂုတ္တုလူတို့အား ရောင်းလေ၏
ယောသပ် ကိုယ်တိုင်မဟုတ်ဘဲ၊ သူ၏ အစေခံတို့ကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယောသပ်ကလည်း စပါးကျီ ရှိသမျှတို့ကို ဖွင့်စေ၍ အဲဂုတ္တုလူတို့အား ရောင်းလေ၏"

အသီးသီးသောပြည်သားတို့သည် . . . လာရောက်ကြ၏
တိုင်းတပါးမှ လူများကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တိုင်းတပါးသားတို့ကလည်း ... ရောက်လာကြ၏"

ခပ်သိမ်းသောပြည်တို့၌
"တလောကလုံး၌။" အဲဂုတ္တုပြည်နှင့် စီးပွားရေးအရ ဆက်စပ်မှုရှိသော နိုင်ငံတိုင်းက စပါးကို ဝယ်ယူနိုင်ရန် ရောက်လာကြပေမည်။


generated on Fri Sep 22 10:08:29 2023

## Chapter 42

1 အဲဂုတ္တုပြည်၌ စပါးရှိကြောင်းကို ယာကုပ် ကြားသိလျှင်၊ သင်တို့သည် အဘယ်ကြောင့် တယောက်ကို တယောက် ကြည့်ရှု၍
နေကြသနည်း။ 2 အဲဂုတ္တုပြည်၌ စပါးရှိကြောင်းကို ငါကြားရပြီ။ ငါတို့သည်မသေ အသက်ရှင်မည်အကြောင်း၊ ထိုပြည်သို့ သွား၍
ငါတို့အဘို့ကို ဝယ်ကြလော့ဟု မိမိသားတို့အား ဆိုသည်အတိုင်း၊ 3 ယောသပ်၏ အစ်ကိုတကျိပ်တို့သည် စပါးကို ဝယ်ခြင်းငှါ
အဲဂုတ္တုပြည်သို့ သွားကြ၏။ 4 ယောသပ်၏ညီ ဗင်္ယာမိန်ကိုကား အစ်ကိုတို့နှင့် အတူ ယာကုပ်သည်မစေမလွှတ်။ အကြောင်းမူကား၊
သူ၌ ဘေးရောက်ကောင်းရောက်လိမ့်မည်ဟု စိုးရိမ်သတည်း။ 5 ထိုအခါ ခါနာန်ပြည်၌ အစာခေါင်းပါးသော ကြောင့်၊
အဲဂုတ္တုပြည်သို့ရောက်လာသော သူတို့တွင်၊ ဣသရေလသားတို့သည် စပါးကိုဝယ်ခြင်းငှါ လာကြ၏။ 6 ယောသပ်သည်
နိုင်ငံအုပ်ဖြစ်၍ ပြည်သား အပေါင်းတို့အား ရောင်းသောအမှုကို စီရင်လေ၏။ ယော သပ်အစ်ကိုတို့သည်လာ၍ သူ့ရှေ့မှာ
ဦးညွှတ်ချကြ၏။ 7 ယောသပ်သည် အစ်ကိုတို့ကိုမြင်လျှင်သိ၏။ သို့သော်လည်း မသိဟန်ဆောင်၍ ကြမ်းတမ်းစွာ ပြော လျက်၊
သင်တို့သည် အဘယ်ကလာကြသနည်းဟု မေး၏။ သူတို့ကလည်း၊ အစာကိုဝယ်ခြင်းငှါ ခါနာန်ပြည်က လာကြပါသည်
ဟုလျှောက်ကြ၏။ 8 ယောသပ်သည် အစ်ကိုတို့ကိုသိသော်လည်း၊ သူတို့သည် ယောသပ်ကို မသိကြ။ 9 ယောသပ်သည်
သူတို့အကြောင်းနှင့် မြင်ရသော အိပ်မက်တို့ကို အောက်မေ့လျက်၊ သင်တို့သည် သူလျှို ဖြစ်ကြ၏။ ပြည်တော်၌
အားနည်းသောအရပ်ကို ကြည့်ရှု ခြင်းငှါ လာကြပြီဟုဆိုလျှင်၊ 10 သူတို့က၊ မဟုတ်ပါသခင်။ ကိုယ်တော်၏ကျွန်တို့ သည် အစာကို
ဝယ်ခြင်းငှါသာ လာကြပါ၏။ 11 ကျွန်တော်တို့သည် တယောက်တည်းသောသူ၏ သားဖြစ်ကြပါ၏။ ဖြောင့်မတ်သောသူလည်း
ဖြစ်ကြပါ၏။ ကိုယ်တော်၏ကျွန်တို့သည် သူလျှိုမဟုတ်ပါဟု လျှောက် ကြ၏။ 12 ယောသပ်ကလည်း၊ မဟုတ်ဘူး။ ပြည်တော်၌
အားနည်းသော အရပ်ကိုကြည့်ရှုခြင်းငှါ လာကြပြီဟု ဆိုပြန်၏။ 13 သူတို့ကလည်း၊ ကိုယ်တော်ကျွန်တို့သည် ခါနာန် ပြည်၌
တယောက်တည်းသောသူ၏သား၊ ညီအစ်ကို တကျိပ်နှစ်ယောက် ဖြစ်ကြပါ၏။ အငယ်ဆုံးသောသူကား အဘနှင့်အတူ ယခုရှိရစ်ပါ၏။
တယောက်ကားမရှိပါဟု လျှောက်ပြန်လျှင်၊ 14 ယောသပ်က၊သင်တို့သည် သူလျှိုဖြစ်ကြ၏ဟု ငါဆိုသည်အရာမှာ၊ 15 သင်တို့ကို
အဘယ်သို့ စုံစမ်းရမည်နည်းဟူမူ ကား၊ အငယ်ဆုံးသောညီ မလာလျှင်၊ ဖါရောဘုရင် အသက်ရှင်တော်မူသည်အတိုင်း သင်တို့သည်
ဤအရပ်မှ မထွက်မသွားရ။ 16 သင်တို့စကား မှန်သည်မမှန်သည်ကို စုံစမ်း၍ သိစေခြင်းငှါ သင်တို့တွင် တယောက်သောသူကို
စေလွှတ် ၍ ညီကိုဆောင်ခဲ့စေ။ ကြွင်းသောသူတို့ကို ထောင်ထဲမှာ ချထားမည်။ သို့မဟုတ် ဖါရောဘုရင် အသက်ရှင်တော်
မူသည်အတိုင်း၊ အကယ်စင်စစ် သင်တို့သည် သူလျှို ဖြစ်ကြ၏ဟုဆိုပြီးလျှင်၊ 17 အစ်ကိုအပေါင်းတို့ကို သုံးရက်ချုပ်ထားလေ၏။ 18
သုံးရက်မြောက်သောနေ့၌ ယောသပ်သည် သူတို့ကိုခေါ်၍၊ ငါသည် ဘုရားသခင်ကို ကြောက်ရွံ့သော သူဖြစ်၏။ သို့ဖြစ်၍ သင်တို့သည်
အသက်ချမ်းသာစေ ခြင်းငှါ ပြုရသောအမှုဟူမူကား၊ 19 သင်တို့သည် ဖြောင့်မတ်သောသူမှန်လျှင်၊ သင်တို့ညီအစ်ကိုတို့တွင်
တစုံတယောက်ကို ထောင်အိမ်၌ အချုပ်ခံလျက်နေစေပြီးလျှင်၊ ကြွင်းသော သူတို့မူကား သွားကြလော့။ အိမ်သူအိမ်သားတို့၌
အစာခေါင်းပါး သောကြောင့် စပါးကိုယူ၍သွားကြလော့။ 20 အငယ်ဆုံးသောညီကို ငါ့ထံသို့ ဆောင်ခဲ့ကြ လော့။ သို့ပြုလျှင်
သင်တို့စကားမှန်လိမ့်မည်။ သင်တို့ အသက်လည်း ချမ်းသာရလိမ့်မည်ဟုဆိုသည်အတိုင်း သူတို့သည်ပြုကြ၏။ 21 ထိုအခါ
သူတို့အချင်းချင်းဆိုကြသည်ကား၊ အကယ်စင်စစ် ငါတို့ သည် ညီ၏အမှု၌ အပြစ်ကြီးကြ၏။ သူသည် ငါတို့ကိုတောင်းပန်သောအခါ၊
သူ့စိတ်ဆင်းရဲ ခြင်းကို ငါတို့သည် မြင်လျက်နှင့် နားမထောင်ဘဲနေကြ ၏။ ထိုကြောင့် ဤအမှုသည် ငါတို့အပေါ်မှာ ယခု
ရောက်လာပြီဟု တယောက်ကိုတယောက် ပြောဆိုကြ၏။ 22 ရုဗင်ကလည်း၊ သူငယ်ကို မပြစ်မှားပါနှင့်ဟု ကျွန်ုပ်ဆိုသည်မဟုတ်
လော။ သင်တို့သည် နားမထောင် ဘဲ နေကြသောကြောင့် သူ၏အသွေးအတွက် ယခု အစစ်ခံရကြသည်ဟု ပြန်၍ဆို၏။ 23 ထိုသို့
မိမိတို့ ပြောဆိုကြသောစကားကို ယော သပ် နားလည်သည်ဟု သူတို့မထင်ကြ။ အကြောင်းမူကား၊ ယောသပ်သည်
စကားပြန်နှင့်သူတို့ကို ပြောတတ်သော ကြောင့်တည်း။ 24 ထိုအခါ ယောသပ်သည် သူတို့ထံမှခဏခွါ၍ ငိုလေ၏။ တဖန် လာပြန်၍
နှုတ်ဆက်ပြီးလျှင်၊ ရှိမောင် ကို သူတို့အစုထဲကယူ၍ သူတို့ရှေ့တွင် ချည်နှောင်လေ၏။ 25 ထိုနောက် သူတို့အိတ်များကို
စပါးနှင့်ပြည့်စေ၍၊ သူတို့ငွေကိုလည်း အသီးအသီးအိတ်တို့တွင် ပြန်ထည့်စေ ခြင်းငှါ၎င်း၊ လမ်းခရီး၌ စားစရိတ်ကိုပေးစေခြင်းငှါ၎င်း
စီရင်၍ ထိုသို့လျှင်သူတို့၌ပြုလေ၏။ 26 သူတို့သည်လည်း မြည်းများအပေါ်၌ စပါးကို တင်၍ ထွက်သွားကြ၏။ 27
စားခန်းသို့ရောက်သောအခါ၊ တယောက်သော သူသည် မြည်းကို အစာကျွေးခြင်းငှါ မိမိအိတ်ကိုဖွင့်လျှင်၊ အိတ်ဝတွင်ရှိသော
ငွေကိုမြင်လေ၏။ 28 ညီအစ်ကိုတို့အားလည်း ကျွန်ုပ်ငွေကို ပြန်ထား ပြီ။ ကြည့်ပါ အိတ်ထဲမှာရှိသည်ဟုဆိုသော်၊ သူတို့သည်
စိတ်နှလုံးလျော့၍ ကြောက်လန့်လျက်၊ ငါတို့၌ ဘုရား သခင်ပြုတော်မူသော ဤအမှုသည် အဘယ်အမှုဖြစ် ပါလိမ့်မည်နည်းဟု
တယောက်ကိုတယောက်ဆိုကြ၏။ 29 ခါနာန်ပြည် အဘယာကုပ်ထံသို့ရောက်လျှင်၊ မိမိတို့၌ဖြစ်လေသမျှတို့ကို ကြားပြောသည်ကား၊
30 ထိုပြည်ကိုအုပ်စိုးသောသူသည် ကြမ်းတမ်းစွာ ပြောလျက်၊ ကျွန်ုပ်တို့ကို ထိုပြည်၌ သူလျှိုလုပ်သူဟူ၍ မှတ်လေ၏။ 31
ကျွန်ုပ်တို့ကလည်း၊ ကျွန်တော်တို့သည် ဖြောင့် မတ်သောသူဖြစ်ကြပါ၏။ သူလျှိုမဟုတ်ပါ။ 32 တဘတည်းသား၊ ညီအစ်ကိုချင်း
တကျိပ် နှစ်ယောက်ဖြစ်ကြပါ၏။ တယောက်ကားမရှိပါ။ အငယ် ဆုံးသောသူကား ခါနာန်ပြည်၌ အဘနှင့်အတူ ယခုရှိရစ် ပါသည်ဟု
လျှောက်သောအခါ၊ 33 ထိုပြည်ကို အုပ်စိုးသောသခင်က၊ သင်တို့သည် ဖြောင့်မတ်သောသူမှန်သည်ကို အဘယ်သို့ ငါသိနိုင်မည်
နည်းဆိုသော်၊ သင်တို့ညီအစ်ကိုတို့ တွင် တစုံတယောက်ကို ငါ့ထံ၌ထားရစ်ကြလော့။ သင်တို့အိမ်သူအိမ်သားတို့၌
အစာခေါင်းပါးသောကြောင့် အစာကိုယူ၍သွားကြလော့၊ 34 အငယ်ဆုံးသောညီကို ငါ့ထံသို့ ဆောင်ခဲ့ကြ လော့။ သို့ပြုလျှင်
သင်တို့သည် သူလျှိုမဟုတ် ဖြောင့်မတ် သောသူဖြစ်သည်ကို ငါသိလိမ့်မည်။ သင်တို့ညီအစ်ကိုကို လည်း ငါပြန်၍အပ်မည်။
သင်တို့သည် ပြည်တော်၌ ဖေါက်ကားရောင်းဝယ်ရကြမည်ဟု ဆိုကြောင်းကို ကြားပြောကြပြီးမှ၊ 35 မိမိတို့အိတ်များအထဲက စပါးကို
ထုတ်သော အခါ၊ အသီးအသီးဆိုင်သော ငွေထုပ်တို့သည် မိမိတို့အိတ် ၌ ရှိကြ၏။ ငွေထုပ်များကို သူတို့နှင့် အဘသည် မြင်သော အခါ
ကြောက်လန့်ကြ၏။ 36 အဘယာကုပ်ကလည်း၊ သင်တို့သည် ငါ့သား တို့ကို လုယူကြပြီ။ ယောသပ်မရှိ၊ ရှိမောင်မရှိ၊ ဗင်္ယာမိန်
ကိုလည်း ယူသွားချင်သည်တကား။ ဤအမှုအလုံးစုံတို့ သည် ငါနှင့်ဆန့်ကျင်ဘက်ဖြစ်သည်တကားဟု သူတို့အား ဆို၏။ 37

ရုဗင်ကလည်း၊ ကျွန်ုပ်သည် ဗယ်္ာမိန်ကို အဘ ထံသို့ပြန်၍ မဆောင်ခဲ့လျှင်၊ ကျွန်ုပ်သားနှစ်ယောက်တို့ကို သတ်ပါလော့။သူ့ကိုကျွန်ုပ်
လက်၌အပ်ပါ။ ကျွန်ုပ်တဖန် အဘထံသို့ပြန်၍ ဆောင်ခဲ့ပါမည်ဟု အဘအား ဆို၏။
38 အဘကလည်း၊ သင်တို့နှင့်အတူ ငါ့သားမသွား
ရ။ သူ၏အစ်ကိုသေပြီ။ သူသည် တယောက်တည်း ကျန် ရစ်၏။ သင်တို့သွားရာလမ်းခရီးတွင် သူ၌ ဘေးရောက် လျှင်၊သင်တို့သည်
ငါ့ဆံပင်ဖြူကို ဝမ်းနည်းခြင်းနှင့်တကွ မရဏာနိုင်ငံသို့ သက်ရောက်စေကြလိမ့်မည်ဟု ဆိုလေ ၏။

---

## Genesis 42:1

ယာကုပ် ကြားသိလျှင်
အကြောင်းအရာတခု၏ အခန်းသစ်ကို အစဖွင့်ထားသည်။

သင်တို့သည် အဘယ်ကြောင့် တယောက်ကိုတယောက် ကြည့်ရှု၍ နေကြသနည်း
ဆန်စပါး မရှိသော ပြဿနာကို ဖြေရှင်းရန် မကြိုးစားကြသဖြင့် ဆုံးမရန် မေးလိုက်ခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုင်၍သာ မနေကြနှင့်"

ထိုပြည်သို့ သွား၍ . . . သွားကြ၏
ခါနာန်ပြည်မှ အဲဂုတ္တုပြည်သို့ သွားသောအခါ မြေနိမ့်ရာသို့ ဆင်းရသဖြင့် "ဆင်းသွား" ဟူ၍လည်း ဖော်ပြနိုင်သည်။

စပါးကို ဝယ်ခြင်းငှါ အဲဂုတ္တုပြည်သို့
အခြားသော ဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုပြည်မှ စပါးကို ဝယ်ခြင်းငှါ"

ယောသပ်၏ညီ ဗယ်္ာမိန်ကိုကား အစ်ကိုတို့နှင့်အတူ ယာကုပ်သည် မစေမလွှတ်
ယောသပ်နှင့်ဗယ်္ာမိန်တို့မှာ ဖခင်နှင့်မိခင် တူသော ညီအစ်ကိုများ ဖြစ်သည်။ ရာခေလ၏ တဦးတည်း ကျန်ရစ်သောသားကို ဆုံးရှုံးရန် အလိုမရှိကြောင်း သိမြင်ရသည်။

## Genesis 42:5

အဲဂုတ္တုပြည်သို့ရောက်လာသော သူတို့တွင်၊ ဣသရေလသားတို့သည် စပါးကို ဝယ်ခြင်းငှါ လာကြ၏
"လာကြ" နေရာ၌ "သွားကြ" ဟု ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဣသရေလသားတို့သည် အဲဂုတ္တုပြည်သို့ သွားကြသူတို့နှင့်အတူ၊ စပါးကို ဝယ်ခြင်းငှါ သွားကြ၏"

နိုင်ငံ
အဲဂုတ္တုပြည်ကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုနိုင်ငံ"

ပြည်သားအပေါင်းတို့
အဲဂုတ္တုပြည်နှင့် အိမ်နီးချင်းနိုင်ငံများ ပါဝင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "စပါးဝယ်ရန် ရောက်လာသူ အပေါင်းတို့"

ယောသပ်အစ်ကိုတို့သည် လာ၍
"လာ၍" ကို "သွား၍" ဖြင့် ပြောင်းဆိုနိုင်သည်။

သူ့ရှေ့မှာ ဦးညွှတ်ချကြ၏
ရိုသေမှုပြသော နည်းလမ်းဖြစ်သည်။

## Genesis 42:7

ယောသပ်သည် အစ်ကိုတို့ကိုမြင်လျှင် သိ၏
"ယောသပ်ကလည်း အစ်ကိုတို့ကို မြင်၍ သိ၏"

သို့သော်လည်း မသိဟန်ဆောင်၍
"သို့သော်လည်း မိမိကိုယ်ကို ရုပ်ဖျက်ထားပြီး" သို့မဟုတ် "သို့သော် ညီငယ် ဖြစ်ကြောင်း မသိစေဘဲ"

သင်တို့သည် အဘယ်ကလာကြသနည်း
အဖြေကို သိသော်လည်း တမင်တကာ မေးလိုက်ခြင်းဖြစ်သည်။ အစ်ကိုတို့ မှတ်မိခြင်း မပြုနိုင်ရန် မသိဟန်ဆောင်သော မေးခွန်းဖြစ်သည်။

## Genesis 42:9

သင်တို့သည် သူလျှိုဖြစ်ကြ၏
မိမိနိုင်ငံအတွက် အခြားနိုင်ငံသို့ တိတ်တခိုး ဝင်ရောက်ကာ ထောက်လှမ်းသောသူများ ဖြစ်သည်။

ပြည်တော်၌ အားနည်းသောအရပ်ကို ကြည့်ရှုခြင်းငှါ လာကြပြီ
တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အကွယ်အကွယ်မဲ့သော အရပ်ကို တိုက်ခြင်းငှါ ထောက်လှမ်းရန် လာကြပြီ"

သခင်
တစုံတဦးကို ရိုသေစွာ ညွှန်းဆိုသောစကား ဖြစ်သည်။

ကိုယ်တော်၏ ကျွန်တို့သည်
ညီအစ်ကိုတို့က မိမိတို့ကိုယ်ကို "ကျွန်" ဟု ညွှန်းသည်။ အခွင့်အာဏာ ကြီးမြတ်သော သူရှေ့မှာ မိမိကိုယ်ကို ညွှန်းဆိုသော အသုံးအနှုန်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်တော့်ကျွန်၊ ကျွန်တော်မျိုးတို့သည်" သို့မဟုတ် "ကျွန်တော်မျိုးတို့သည်"

## Genesis 42:12

ယောသပ်ကလည်း . . . ဆိုပြန်၏
"ယောသပ်ကလည်း ... အစ်ကိုတို့အား ဆိုပြန်၏"

မဟုတ်ဘူး။ ပြည်တော်၌ အားနည်းသောအရပ်ကို ကြည့်ရှုခြင်းငှါ လာကြပြီ
တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မဟုတ်ရ။ အကွယ်အကွယ်မဲ့သော အရပ်ကို စုံစမ်းခြင်းငှါ လာကြပြီ"

ညီအစ်ကို တကျိပ်နှစ်ယောက်
"ညီအစ်ကို ၁၂ ယောက်"

အငယ်ဆုံးသောသူ
"နားဆင်တော်မူပါ၊ အငယ်ဆုံးသောသူ။" ပြောလိုသောအရာကို နားထောင်ရန် တောင်းပန်သော အသုံးအနှုန်းဖြစ်သည်။

အငယ်ဆုံးသောသူကား အဘနှင့်အတူ ယခုရှိရစ်ပါ၏
"ညီအငယ်ဆုံးမှာ ယခု အဖနှင့်အတူ ရှိပါ၏"

 generated on Fri Sep 22 10:08:29 2023

## Genesis 42:14

သင်တို့သည် သူလျှိုဖြစ်ကြ၏ဟု ငါဆိုသည်အရာမှာ
"ငါဆိုသည့်အတိုင်း သင်တို့မှာ သူလျှိုဖြစ်ကြ၏။" ၄၂:၉ မှ
ပြန်ဆိုချက်ကို ရှု။

သင်တို့ကို အဘယ်သို့ စုံစမ်းရမည်နည်း ဟူမူကား
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "သို့ရာတွင်၊ သင်တို့ကို ဤသို့ စုံစမ်းအုံးမည်"

ဖါရောဘုရင် အသက်ရှင်တော်မူသည့်အတိုင်း
သစ္စာတိုင်တည်သောစကား ဖြစ်သည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "ဖါရောမင်းကြီး၏ သက်တော်ကို
တိုင်တည်လျက်" (ရှု၊ [[rc://*/tw/bible/other/oath]])

သင်တို့တွင် တယောက်သောသူကို စေလွှတ်၍ ညီကိုဆောင်ခဲ့စေ
"သင်တို့၌ တယောက်ကို စေလွှတ်၍ ညီကို ခေါ်ဆောင်စေ"

ကြွင်းသောသူတို့ကို ထောင်ထဲမှာ ချထားမည်
"ကျန်ရှိသူတို့မှာ ထောင်ထဲတွင် နေရမည်"

သင်တို့စကား မှန်သည်မမှန်သည်ကို စုံစမ်း၍ သိစေခြင်းငှါ
"စကား" မှာ ပြောသမျှသောအရာကို ကိုစားပြုသည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "သင်တို့စကား အမှန်ဖြစ်ကြောင်း
သိစေခြင်းငှါ"

ချုပ်ထားလေ၏
"အကျဉ်းချ လေ၏" (UDB)

## Genesis 42:18

သုံးရက်မြောက်သောနေ့၌
"သုံးရက်မြောက်" မှာ အစဉ်ပြကိန်းဖြစ်သည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "နှစ်ရက်လွန်သော"

သို့ဖြစ်၍ သင်တို့သည် အသက်ချမ်းသာစေခြင်းငှါ ပြုရသောအမှု ဟူမူကား
ဝါကျကို ပုဒ်အပြည့်ဖြင့် ဖော်ပြနိုင်သည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "သို့ဖြစ်၍ သင်တို့အသက်
ချမ်းသာစေခြင်းငှါ ဤသို့ ပြုကြလော့"

ဘုရားသခင်ကို ကြောက်ရွံ့သောသူဖြစ်၏
ဘုရားသခင်ကို ရိုသေလေးမြတ်ခြင်း ရှိ၍၊ သူ၏ စကားကို
နာခံကြောင်း ညွှန်းဆိုသည်။

သင်တို့ညီအစ်ကိုတို့တွင် တစုံတယောက်ကို ထောင်အိမ်၌
အချုပ်ခံလျက်နေစေပြီးလျှင်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "သင်တို့ ညီအစ်ကို တယောက်ကို ထောင်၌
ချုပ်လျက်နေစေပြီးလျှင်"

ကြွင်းသောသူတို့မူကား သွားကြလော့
ထောင်တွင် အချုပ်မခံရသောသူတို့ကို ညွှန်းသည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "ကျန်ရှိသူတို့မူကား သွားကြလော့"

အိမ်သူအိမ်သားတို့၌ အစာခေါင်းပါးသောကြောင့် စပါးကိုယူ၍ သွားကြလော့
"အိမ်သူအိမ်သား" ကို "မိသားစု" ဖြင့်လည်း ဖော်ပြနိုင်သည်။
အခြားသော ဘာသာပြန်ဆိုချက်၊ "အစာခေါင်းပါးချိန်၌ သင်တို့
မိသားစုအတွက် စပါးကို သွားပို့ကြလော့"

သို့ပြုလျှင် သင်တို့စကားမှန်လိမ့်မည်
"စကား" ဟူရာတွင် ပြောသမျှအရာကို ကိုစားပြုသည်။
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "သို့မှသာ သင်တို့စကား မှန်ကြောင်း
ငါသိရမည်"

သင်တို့အသက်လည်း ချမ်းသာရလိမ့်မည်
မိမိအစ်ကိုတို့က အမှန်တကယ် သူလျှိုများ ဖြစ်ခဲ့လျှင်
သေမိန့်ပေးမည်ဟု ဆိုလိုခြင်း ဖြစ်သည်။

## Genesis 42:21

သူ့စိတ်ဆင်းရဲခြင်းကို ငါတို့သည် မြင်လျက်နှင့်
"စိတ်" မှာ ယောသပ်ကိုယ်တိုင်ကို ညွှန်းသည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "ယောသပ်၏ စိတ်ဆင်းရဲခြင်းကို ငါတို့
မြင်လျက်နှင့်" သို့မဟုတ် "ယောသပ်၏ ဆင်းရဲခံရခြင်းကို ငါတို့
မြင်လျက်နှင့်"

ထိုကြောင့် ဤအမှုသည် ငါတို့အပေါ်မှာ ယခုရောက်လာပြီ
စိတ္တဇနာမ် "ဤအမှု" ကို "ခံ" ဖြင့် ဖော်ပြနိုင်သည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "ထို့ကြောင့် ဤကဲ့သို့ ငါတို့ ခံရကြပြီ"

သူငယ်ကို မပြစ်မှားပါနှင့်ဟု ကျွန်ုပ်ဆိုသည် မဟုတ်လော။ သင်တို့သည်
နားမထောင်ဘဲ နေကြသောကြောင့်
မိမိညီတို့ကို ရှုဗင် ဆုံးမသောစကား ဖြစ်သည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "သူငယ်အပေါ် အပြစ်မပြုရန်
ဆိုခဲ့သော်လည်း၊ သင်တို့သည် နားမထောင်ဘဲ နေကြ၏။
ထို့ကြောင့်"

သူငယ်ကို မပြစ်မှားပါနှင့်ဟု ကျွန်ုပ်ဆိုသည် မဟုတ်လော
ဆိုခဲ့သောစကားကို ပြန်လည်ကိုးကားခြင်း ဖြစ်သည်။
သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "သူငယ်ကို မပြစ်မှားရန် ငါဆိုခဲ့သည်
မဟုတ်လော" "သူငယ်အပေါ် အပြစ်မပြုရန် ဆိုခဲ့သော်လည်း"

ယခု
"ယခုချက်ချင်း" ဟု မဆိုလိုဘဲ၊ ပြောလိုသောအရာကို
ထင်ရှားစေရန် သုံးနှုန်းသော စကားဖြစ်သည်။

သူ၏အသွေးအတွက် ယခုအစစ်ခံရကြသည်
"အသွေး" က ယောသပ်၏ အသေခံမှုကို ကိုယ်စားပြုသည်။
ယောသပ် သေပြီဟု အစ်ကိုတို့ ထင်မှတ်ကြသည်။
"အစစ်ခံရကြသည်" မှာ မိမိတို့ ပြုသောအမှားအတွက် ပြန်လည်
ပေးဆပ်ခြင်းကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊
"သူ၏ သေခြင်းအတွက် ငါတို့ခံရကြပြီ" သို့မဟုတ် "သူ့ကို
သေစေသော အပြစ်ကြွေးကို ငါတို့ ပေးဆပ်ရပြီ"

## Genesis 42:23

သူတို့မထင်ကြ . . . စကားပြန်နှင့် သူတို့ကို ပြောတတ်သောကြောင့်တည်း
ယောသပ်က နားလည်နိုင်မည်မဟုတ်ဟု ထင်ရသော
အကြောင်းရင်း နောက်ခံအခြေအနေကို ဖော်ပြထားသည်။

စကားပြန်
ဘာသာစကား တမျိုးဖြင့် ပြောသမျှအရာကို
နောက်ဘာသာစကားသို့ ပြန်ဆိုပေးသောသူ ဖြစ်သည်။ အစ်ကိုတို့
ပြောသောစကားကို နားမလည်ကြောင်း ထင်မှတ်စေရန်
စကားပြန်ကို အသုံးပြုခြင်းဖြစ်သည်။

ထိုအခါ ယောသပ်သည် သူတို့ထံမှ ခဏခွါ၍ ငိုလေ၏
အစ်ကိုတို့ ပြောသောစကားကြောင့် စိတ်ထိခိုက်သဖြင့် ငိုခြင်းဖြစ်သည်။

နှုတ်ဆက်ပြီးလျှင်
စကားပြန်မှတဆင့် ပြောဆိုခြင်းဖြစ်သည်။

သူတို့ရှေ့တွင် ချည်နှောင်လေ၏
သူတို့ မျက်စိရှေ့ကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ မျက်စိရှေ့တွင် ချည်နှောင်လေ၏" သို့မဟုတ် "သူတို့ရှေ့တွင် ချည်နှောင်စေ၏"

လမ်းခရီး၌ စားစရိတ်ကို ပေးစေခြင်းငှါငှင်း
"လမ်းခရီးအတွက် လိုအပ်သမျှကို ပေးစေခြင်းငှါလည်းကောင်း"

ထိုသို့လျှင် သူတို့၌ပြုလေ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့သည် ထိုသို့ ပြုပေးခြင်း ခံရ၏"

**Genesis 42:26**

စားခန်းသို့ရောက်သောအခါ၊ တယောက်သောသူသည် မြည်းကို အစာကျွေးခြင်းငှါ မိမိအိတ်ကိုဖွင့်လျှင်၊ အိတ်ဝတွင်ရှိသော ငွေကိုမြင်လေ၏
"တည်းခိုရန် နားသောအခါ၊ တယောက်က မြည်းကို အစာကျွေးရန် အိတ်ကို ဖွင့်ရာ၊ အိတ်ထဲ၌ မိမိငွေကို မြင်လေ၏"

ကျွန်ုပ်ငွေကို ပြန်ထားပြီ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်ငွေ ပြန်ထားခံရပြီ"

ကြည့်ပါ
"ကြည့်ပါလော့"

စိတ်နှလုံးလျော့၍ ကြောက်လန့်လျက်
အလွန်ကြောက်လန့်သဖြင့် စိတ်နှလုံးလျော့ကျ သကဲ့သို့ တင်စားထားသည်။ "စိတ်နှလုံး" ဟူရာတွင် စိတ်ဓါတ်ကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကြောက်လန့်၍ တုန်လှုပ်လျက်" (ရှု၊ နှင့်

**Genesis 42:29**

ထိုပြည်ကို အုပ်စိုးသောသူ
"အဲဂုတ္တုပြည်ကို အစိုးရသူ"

ကြမ်းတမ်းစွာ ပြောလျက်
"ခက်ထန်စွာ ပြောလျက်"

ကျွန်ုပ်တို့ကို ထိုပြည်၌ သူလျှိုလုပ်သူဟူ၍ မှတ်လေ၏
မိမိနိုင်ငံအတွက် အခြားနိုင်ငံသို့ တိတ်တခိုး ဝင်ရောက်ကာ ထောက်လှမ်းသောသူများ ဖြစ်သည်။ ၄၂:၉ မှ ပြန်ဆိုချက်ကို ရှု။

ကျွန်ုပ်တို့ကလည်း၊ ကျွန်တော်တို့သည် ဖြောင့်မတ်သောသူ ဖြစ်ကြပါ၏။ သူလျှိုမဟုတ်ပါ။ တဘတည်းသား၊ ညီအစ်ကိုချင်း တကျိပ် နှစ်ယောက် ဖြစ်ကြပါ၏။ တယောက်ကား မရှိပါ . . . ယခုရှိရစ်ပါသည်ဟု လျှောက်သောအခါ
ဆိုခဲ့သောစကားကို ပြန်လည်ကိုးကားခြင်းဖြစ်သည်။ သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်တို့ကလည်း၊ ကျွန်တော်တို့မှာ ဖြောင့်မတ်သောသူ ဖြစ်၍၊ သူလျှိုမဟုတ်ကြောင်း။ ဖခင်တဦးတည်း၏ သား၊ ညီအစ်ကို တဆယ့်နှစ်ယောက် ရှိကြသည်အနက်၊ တယောက်မှာ မရှိတော့ကြောင်း ... ယခုရှိရစ်ပါကြောင်း စသည်ဖြင့် လျှောက်သောအခါ"

တယောက်ကား မရှိပါ
"ညီ" ဖြစ်ကြောင်း သိနိုင်ပြီး ဖြစ်သည်။ အခြးသော ဘာသာပြန်ဆိုချက်၊ "ညီတယောက်ကား မရှိပါ"

အငယ်ဆုံးသောသူကား ခါနာန်ပြည်၌ အဘနှင့်အတူ ယခုရှိရစ်ပါသည်
"ညီအငယ်ဆုံးမှာ ယခု ခါနာန်ပြည်၌ အဖနှင့်အတူ ရှိပါသည်"

**Genesis 42:33**

ထိုပြည်ကို အုပ်စိုးသောသခင်
"အဲဂုတ္တုပြည်၏ သခင်"

သင်တို့အိမ်သူအိမ်သားတို့၌ အစာခေါင်းပါးသောကြောင့် အစာကိုယူ၍
"အိမ်သူအိမ်သား" ကို "မိသားစု" ဖြင့်လည်း ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အစာခေါင်းပါးချိန်၌ သင်တို့မိသားစုအတွက် အစာကိုယူ၍"

သွားကြလော့
"ပြန်ကြလော့" သို့မဟုတ် "ထွက်သွားလော့"

သင်တို့သည် ပြည်တော်၌ ဖေါက်ကားရောင်းဝယ်ရကြမည်
"ပြည်တော်၌ ရောင်းဝယ်ဖောက်ကားရသော အခွင့်ကိုလည်း ငါပေးမည်"

**Genesis 42:35**

သောအခါ
အကြောင်းအရာတခု၏ အရေးကြီးသော အခန်းကို အမှတ်ပြုသည်။ ပြန်ဆိုမည့် ဘာသာစကား၏ အသုံးအနှုန်းဖြင့် ဖော်ပြနိုင်သည်။

သင်တို့သည် ငါ့သားတို့ကို လုယူကြပြီ
"ငါ့သားများကို သင်တို့ ယူသွားကြပြီ" သို့မဟုတ် "ငါ့သားနှစ်ယောက်ကို ယူသွားပြီးပြီ"

ဤအမှု အလုံးစုံတို့သည် ငါနှင့်ဆန့်ကျင်ဘက် ဖြစ်သည်တကား
"ဤအမှု အလုံးစုံတို့က ငါ့ကို ဆန့်ကျင်နေပါတကား"

**Genesis 42:37**

သူ့ကို ကျွန်ုပ်လက်၌အပ်ပါ
ဗင်္ယာမိန်ကို မိမိထံ အပ်ရန်နှင့် သူ့ကို မိမိက ထိန်းသိမ်းမည်အကြောင်း တောင်းပန်စကားဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူ့ကို ကျွန်ုပ်ထံအပ်ပါ" သို့မဟုတ် "သူ့ကို ကျွန်ုပ် စောင့်ရှောက်ပါရစေ"

သင်တို့နှင့်အတူ ငါ့သားမသွားရ
ခါနာန်ပြည်မှ အဲဂုတ္တုပြည်သို့ သွားလျှင် နိမ့်ရာသို့ ဆင်းသွားသဖြင့် "ဆင်းသွား" ဟုလည်းလည်း ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့နှင့်အတူ ငါ့သား ဗင်္ယာမိန် ဆင်းမသွားရ"

သင်တို့နှင့်အတူ
ယာကုပ်၏ သားကြီးတို့ကို ညွှန်းသည်။

 

သူ၏အစ်ကိုသေပြီ။ သူသည် တယောက်တည်း ကျန်ရစ်၏
လိုရင်းကို ရှင်းလင်းစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့မယား ရာခေလတွင် သားနှစ်ဦးသာရှိ၏။ သို့ရာတွင်၊ ယောသပ်သေ၍၊ ဗယာမိန် တယောက်တည်း ကျန်ရစ်လေပြီ"

သင်တို့သွားရာ လမ်းခရီးတွင်
"အဲဂုတ္တုပြည်သို့ သွားရာလမ်းတွင်" သို့မဟုတ် "ခရီးလမ်းတွင်။" "လမ်း" က ခရီးထွက်ကြောင်းကို ထင်ရှားစေသည်။

သင်တို့သည် ငါ့ဆံပင်ဖြူကို ဝမ်းနည်းခြင်းနှင့်တကွ မရဏာနိုင်ငံသို့ သက်ရောက်စေကြလိမ့်မည်
"မရဏာနိုင်ငံသို့ သက်ရောက်စေကြလိမ့်မည်" ဟူရာတွင် မိမိကို ဝမ်းနည်းသောက ဖြစ်စေသဖြင့် သေ၍ ရှေးဩလ ခေါ် မရဏာနိုင်ငံသို့ ရောက်စေလိမ့်မည်ဟု ဆိုလိုသည်။ ရှေးဩလမှာ မြေအောက်တွင် ရှိသည်ဟု ထင်မှတ်ကြသဖြင့် "ကျဆင်း" ဟု သုံးနှုန်းနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့သည် အိုမင်းသောငါ့ကို ဝမ်းနည်းခြင်းဖြင့် သေစေကြလိမ့်မည်"

ငါ့ဆံပင်ဖြူ
အိုမင်းကြောင်း ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အိုမင်းသော ငါ"


generated on Fri Sep 22 10:08:29 2023

## Chapter 43

1 ခါနာန်ပြည်၌ အလွန်အစာခေါင်းပါးသည် ဖြစ်၍၊ 2 အဲဂုတ္တုပြည်မှ ဆောင်ခဲ့သောစပါးကို စားကုန် ပြီးမှ၊ အဘက၊ တဖန်သွား၍
ငါတို့စားစရာအနည်းငယ်ကို ဝယ်ကြပါဦးဟုဆို၏။ 3 ယုဒကလည်း၊ ထိုသူသည် ကျွန်ုပ်တို့ကို ကျပ်ကျပ် ခြိမ်းချောက်လျက်၊
သင်တို့ညီမပါလျှင် ငါ့မျက်နှာကို မမြင်ရဟု ပြောထားပြီ။ 4 ကျွန်ုပ်တို့ညီကို ထည့်လျှင်သွား၍ အဘစားဘို့ရာ ဝယ်ပါမည်။ 5 ညီကို
မထည့်လျှင် မသွားပါ၊ အကြောင်းမူကား၊ ထိုသူက သင်တို့ညီမပါလျှင် ငါ့မျက်နှာ ကို မမြင်ရဟု ပြောထားပြီဟု အဘအား
ပြန်ဆိုလေ၏။ 6 ဣသရေလကလည်း၊ သင်တို့၌ ညီရှိမှန်းကို ထိုသူအားပြော၍ အဘယ်ကြောင့် ငါ့ကို ညှဉ်းဆဲကြ သနည်းဟုဆိုသော်၊
7 သူတို့က၊ ထိုသူသည် ကျွန်ုပ်တို့၏အကြောင်းအရာ အမျိုးအနွယ်တို့ကို ကျပ်ကျပ်မေးလျက်၊ သင်တို့အဘ အသက်ရှင်သေးသလော၊
ညီရှိသေးသလောဟု မေးသော အခါ၊ ကျွန်ုပ်တို့သည် သူ၏စကားသဘောသို့ လိုက်၍ ပြန်ပြောရပါ၏။ သင်တို့ညီကို ဆောင်ခဲ့ကြဟု
သူပြောမည် ကို ကျွန်ုပ်တို့သည် အမှန်သိနိုင်ပါသလောဟု ဆိုကြ၏။ 8 ယုဒကလည်း၊ သူငယ်ကို ကျွန်ုပ်နှင့်အတူ လွှတ် ပါ။ သို့ပြုလျှင်
အဘမှစ၍ ကျွန်ုပ်တို့နှင့် သူငယ်များတို့ သည် မသေ၊ အသက်ရှင်မည်အကြောင်း၊ ကျွန်ုပ်တို့ ထ၍ သွားကြပါမည်။ 9 ကျွန်ုပ်သည်
သူ၏အာမခံဖြစ်ပါမည်။ ကျွန်ုပ် တွင် သူ့ကို တောင်းပါ။သူ့ကိုပြန်၍မဆောင် အဘရှေ့မှာ မထားလျှင်၊ အစဉ်မပြတ် အပြစ်ကို ခံပါစေ။
10 ဤမျှလောက်မဖင့်နွဲ့လျှင်၊ အကယ်၍ ဒုတိယ အကြိမ်တွင် ပြန်ရောက်ပါပြီဟု အဘဣသရေလအား ဆို၏။ 11
အဘဣသရေလကလည်း၊ သို့ဖြစ်လျှင် ဤသို့ပြုကြ လော့။ ထိုသူအား ဆက်စရာဘို့ သင်တို့အိတ်ဝတို့တွင် ခါနာန်ပြည်၏
အသီးမျိုးအကောင်းဆုံးတည်းဟူသော ဗလစံစေး အနည်းငယ်၊ ပျားရည်အနည်းငယ်၊ နံ့သာမျိုး၊ မုရန်စေး၊ သစ်အယ်သီး၊
ဗာတံသီးတို့ကို ယူကြလော့။ 12 သင်တို့လက်၌ ငွေနှစ်ဆကိုလည်း ယူကြလော့။အိတ်ဝတွင် ဆောင်ခဲ့သောငွေကို တဖန်လက်၌ ဆောင်
သွားကြဦးလော့။ ထိုအမှုသည် သတိလစ်သောအမှု ဖြစ်ဟန်ရှိ၏။ 13 သင်တို့ညီကိုလည်းယူ၍ တဖန် ထိုသူထံသို့ ထသွားကြလော့။ 14
ထိုသူသည် သင်တို့ အစ်ကိုတယောက်နှင့် ဗယာမိန်ကို လွှတ်လိုက်မည်အကြောင်း၊ သင်တို့သည် သူ့စိတ်နှင့်တွေ့ရသောအခွင့်ကို
အနန္တတန်ခိုးရှင် ဘုရား သခင်ပေးတော်မူပါစေသော။ သို့ရာတွင် ငါသည် သားဆုံးခြင်းကိုခံရလျှင် ခံရတော့မည်ဟု သားတို့အား
ဆိုသည်အတိုင်း၊ 15 သူတို့သည် ထိုလက်ဆောင်ကိုင်း၊ မိမိလက်၌ ငွေနှစ်ဆကိုင်း၊ ဗယာမိန်ကိုင်း၊ ယူ၍ထပြီးလျှင်၊
အဲဂုတ္တုပြည်သို့သွား၍ ယောသပ်ရှေ့မှာ ရပ်နေကြ၏။ 16 သူတို့နှင့်အတူ ဗယာမိန်ပါလာသည်ကို ယောသပ်မြင်လျှင်၊
ဝန်စာရေးကိုခေါ်၍၊ ဤသူတို့ကို အိမ်သို့ခေါ်သွားလော့။ အကောင်များကို သတ်၍ စားစရာကို ပြင်ဆင်လော့။ သူတို့သည် ငါနှင့်အတူ
မွန်းတည့်စာကို စားရကြလိမ့်မည်ဟု မှာထားသည် အတိုင်း၊ 17 ဝန်စာရေးပြု၍၊ သူတို့ကို ယောသပ်အိမ်သို့ ခေါ် သွား၏။ 18
ယောသပ်အိမ်သို့ ခေါ်သွားသောအခါ၊ သူတို့ သည် ငါတို့အိတ်၌ ယမန်ပြန်ပေးသောငွေကြောင့် ခေါ် သွင်းပြီ။ သူသည်အမှုရှာလိမ့်မည်။
ငါတို့ကို အပြစ်ပြု သဖြင့် ကျွန်ခံစေ၍၊ မြည်းတို့ကို သိမ်းလိမ့်မည်ဟု ဆိုကြပြီးလျှင်၊ 19 ယောသပ်၏ ဝန်စာရေးအနီးသို့ ချဉ်းကပ်၍
အိမ်တံခါးနားမှာ နှုတ်ဆက်လျက်၊ 20 သခင်၊ ယမန်က အကျွန်ုပ်တို့သည် အစာကို ဝယ်ခြင်းငှါ အမှန်လာပါ၏။ 21
စားခန်းသို့ရောက်၍ အိတ်များကိုဖွင့်သောအခါ၊ လူတိုင်းဆိုင်သောငွေသည် အလျှင်းမလျော့ဘဲ အိတ်ဝ တွင် ရှိပါ၏။ ထိုငွေကို တဖန်
ဆောင်ခဲ့ကြပါပြီ။ 22 ယခုလည်းအစာကို ဝယ်ခြင်းငှါအခြားသော ငွေကို ကိုယ်၌ဆောင်ခဲ့ကြပါ၏။ ထိုငွေကို အကျွန်ုပ်တို့ အိတ်များ၌
အဘယ်သူထားသည်ကို မသိနိုင်ပါဟု ဆိုကြ သော်၊ 23 ဝန်စာရေးက၊ ချမ်းသာပါစေ၊ မစိုးရိမ်ကြနှင့်။ သင်တို့ဘုရားသခင်၊
သင်တို့၏အဘ ဘုရားသခင်သည် သင်တို့အိတ်များ၌ ဘဏ္ဍာကိုသနားတော်မူပြီ။ သင်တို့ ငွေကို ငါခံရပြီဟုဆိုသဖြင့်၊
ရှိမောင်ကိုထုတ်၍ အပ်လိုက် လေ၏။ 24 ယောသပ်အိမ်သို့သွင်းပြီးမှ၊ ဝန်စာရေးသည် ရေကို ပေး၍ ခြေဆေးစေ၏။
မြည်းတို့ကိုလည်း ကျွေး လေ၏။ 25 မွန်းတည့်ချိန်၌ ယောသပ်လာလိမ့်မည်ဟု သူတို့သည် မျှော်လင့်၍ လက်ဆောင်ကိုပြင်နှင့်ကြ၏။
ထိုအိမ်၌ သူတို့သည် အစာကိုစားရလိမ့်မည်ဟု သူတို့ သည် ကြားလေသတည်း။ 26 ယောသပ်သည် အိမ်သို့ရောက်သောအခါ၊
သူတို့သည် ကိုယ်၌ပါသော လက်ဆောင်ကို အိမ်ထဲ ယော သပ်ထံသို့သွင်း၍ သူ့ရှေ့မှာဦးညွှတ်ချလျက် နေကြ၏။ 27 ယောသပ်သည်
နှုတ်ဆက်ပြီးလျှင်၊ သင်တို့အဘ တည်းဟူသော သင်တို့အရင်ပြောသော အသက်ကြီးသူ သည် ကျန်းမာပါ၏လော။
အသက်ရှင်သေး၏လောဟု မေးလျှင်၊ 28 သူတို့က၊ ကိုယ်တော်ကျွန်၊ ကျွန်တော်တို့အဘ သည် ကျန်းမာပါ၏၊ အသက်ရှင်ပါသေး၏ဟု
လျှောက် လျက်၊ ဦးညွှတ်ချ၍ ရှိခိုးလျက်နေကြ ၏။ 29 ထိုအခါ ယောသပ်သည် မျှော်ကြည့်၍ မိမိအမိ ၏သား၊
မိမိညီရင်းဗယာမိန်ကိုမြင်လျှင်၊ ဤသူကား သင်တို့အရင်ပြောသော သင်တို့ညီဖြစ်သလောဟု မေးလျက်၊ သင့်ကို ဘုရားသခင်
ကယ်မသနားတော်မူပါ စေသော ငါ့သားဟု ဆိုပြီးမှ၊ 30 ညီရင်းကိုမြင်ရ၍ ကြင်နာသော စိတ်ရှိသော ကြောင့်
အလျင်အမြန်ထသွားလေ၏။ ငိုရာအရပ်ကို ရှာသဖြင့်၊ အိပ်ခန်းထဲသို့ဝင်၍ ငိုလေ၏။ 31 တဖန် မျက်နှာကိုသစ်၍
ဣန္ဒြေချုပ်တည်းလျက် ပြင်သို့ထွက်ပြီးလျှင်၊ စားပွဲကို ပြင်ကြဟု အမိန့်ရှိ၏။ 32 ယောသပ်ဘို့တပွဲ၊ အစ်ကိုတို့ဘို့တပွဲ၊ ယောသပ်
နှင့်စားသော အဲဂုတ္တုလူတို့ ဘို့တပွဲ အသီးအသီးတို့ကို ပြင်ကြ၏။ အဲဂုတ္တုလူတို့သည် ဟေဗြဲလူတို့နှင့်အတူ မစားရ၊ ထိုအမှုကို
အဲဂုတ္တုလူတို့သည် ရွံ့တတ်ကြ၏။ 33 ညီအစ်ကိုတို့သည် အကြီးမှစ၍ အငယ်တိုင်အောင် အရွယ်အလိုက် ယောသပ်ရှေ့မှာ
ထိုင်နေကြ၏။ သူတို့သည် အချင်းချင်းကြည့်ရှု၍ အံ့သြခြင်းရှိကြ၏။ 34 ယောသပ်သည်လည်း သူတို့စားရန်အဘို့ အသီး အသီးတို့ကို
မိမိထံမှပေးလိုက်၏။ ဗယာန်မိန်ရသော အဘို့သည် အစ်ကိုတို့ရသောအဘို့ထက် ငါးဆများသတည်း။သူတို့သည်သောက်၍
ပျော်မွေ့ခြင်းသို့ ရောက်ကြ၏။

## Genesis 43:1

ခါနာန်ပြည်၌ အလွန်အစာခေါင်းပါးသည် ဖြစ်၍
"ပြည်တွင်း၌" ဟူ၍လည်း ဖော်ပြနိုင်သည်။ တိကျစွာ ဖော်ပြထားခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "တပြည်လုံး၌ အလွန်အစာ ခေါင်းပါးသည် ဖြစ်၍"

စားကုန်ပြီးမှ
"ယာကုပ်နှင့် မိသားစုတို့ စားကုန်ပြီးမှ"

ဆောင်ခဲ့သော
"ယာကုပ်သားများ ဆောင်ခဲ့သော"

ငါတို့ . . . ဝယ်ကြပါဦး
"ငါတို့" ဟူရာတွင် ယာကုပ်၊ သားများနှင့် အိမ်သားတို့ကို ညွှန်းသည်။

## Genesis 43:3

ယုဒကလည်း . . . ဟု အဘအား ပြန်ဆိုလေ၏
"ယုဒကလည်း .... ဟု ဖခင်အား ဆိုလေ၏"

ထိုသူသည်
ယောသပ်ကို ညွှန်းသော်လည်း၊ ယောသပ်ဖြစ်မှန်း မသိကြ။ ၄၂:၂၉ တွင် ဖော်ပြသကဲ့သို့ "ထိုပြည်၏ သခင်" ဟုလည်း ညွှန်းဆိုနိုင်သည်။

ခြိမ်းချောက်လျက်၊ သင်တို့ညီမပါလျှင် ငါ့မျက်နှာကို မမြင်ရဟု ပြောထားပြီ
ဆိုခဲ့သောစကားကို ပြန်လည်ကိုးကားခြင်းဖြစ်သည်။ သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ခြိမ်းချောက်လျက်၊ ကျွန်ုပ်ညီ မပါလျှင် သူနှင့် တွေ့ရမည် မဟုတ်ဟု ပြောထားပြီ"

ကျွန်ုပ်တို့ကို ကျပ်ကျပ် ခြိမ်းချောက်လျက်
"ကျွန်ုပ်တို့ကို အပြင်းအထန် ခြိမ်းခြောက်လျက်"

ငါ့မျက်နှာကို မမြင်ရ
၄၃:၃-၅ တွင် ဗင်္ယာမိန် မပါလျှင် အဲဂုတ္တုပြည်သို့ ပြန်မသွားနိုင်ကြောင်း ဖခင်ထံ ရှင်းပြသော ယုဒ၏ စကားဖြစ်သည်။ "ငါ့မျက်နှာ" မှာ ယောသပ် ဟူသော အထက်ပါပုဂ္ဂိုလ် ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့ကို မမြင်ရ"

သင်တို့ညီမပါလျှင်
ရာခေလ မသေမီ မွေးသော သားငယ် ဗင်္ယာမိန်ကို ညွှန်းသည်။

မသွားပါ
ခါနာန်ပြည်မှ အဲဂုတ္တုပြည်သို့ သွားလျှင် မြေနိမ့်ရာဖြစ်သောကြောင့် "ဆင်းသွား" ဟုလည်း ဖော်ပြနိုင်သည်။

## Genesis 43:6

အဘယ်ကြောင့် ငါ့ကို ညှဥ်းဆဲကြသနည်း
"အဘယ်ကြောင့် ငါ့ကို သောကများ စေကြသနည်း"

ထိုသူသည် . . . ကျပ်ကျပ်မေးလျက်
"ထိုသူက ... သေချာစွာမေးလျက်"

ကျွန်ုပ်တို့၏အကြောင်းအရာ
"ကျွန်ုပ်တို့" ဟူရာတွင် အဲဂုတ္တုပြည်သို့ ဆင်းသွားသော ညီအစ်ကိုတို့ကိုသာ ညွှန်းသည်။

ထိုသူသည် . . . သင်တို့အဘ အသက်ရှင်သေးသလော၊ ညီရှိသေးသလောဟု မေးသောအခါ
ဆိုခဲ့သောစကားကို ပြန်လည်ကိုးကားခြင်း ဖြစ်သည်။ သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုသူက ... ကျွန်ုပ်တို့အဖ အသက်ရှင်သောအကြောင်းနှင့် ညီအစ်ကိုများအကြောင်း မေးသောကြောင့်"

ကျွန်ုပ်တို့သည် သူ၏စကားသဘောသို့လိုက်၍ ပြန်ပြောရပါ၏
"ကျွန်ုပ်တို့အား မေးသမျှကို ပြန်ဖြေရပါ၏"

သင်တို့ညီ . . . ဟု သူပြောမည်ကို ကျွန်ုပ်တို့သည် အမှန်သိနိုင်ပါသလော
ထိုသူက ဤကဲ့သို့ ပြောမည်ကို မသိခဲ့ကြောင်း ထင်ဟပ်စေရန် မေးလိုက်ခြင်းဖြစ်သည်။ ဖြစ်ကြောင်းပြဝါကျဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်ညီ ... ဟု သူပြောမည်ကို ကျွန်ုပ်တို့ မသိခဲ့ပါ"

သင်တို့ညီကို ဆောင်ခဲ့ကြဟု သူပြောမည်
ဆိုခဲ့သောစကားကို ပြန်လည်ကိုးကားခြင်း ဖြစ်သည်။ သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်တို့ညီကို ဆောင်ယူရန် စေခိုင်းမည်"

သင်တို့ညီကို ဆောင်ခဲ့ကြ
ခါနာပြည်မှ အဲဂုတ္တုပြည်သို့ သွားလျှင် မြေနိမ့်ရာဖြစ်သောကြောင့် "ခေါ်၍ဆင်းလာခဲ့ကြ" ဟုလည်း ဖော်ပြနိုင်သည်။

## Genesis 43:8

သို့ပြုလျှင် အဘမှစ၍ ကျွန်ုပ်တို့နှင့် သူငယ်များတို့သည် မသေ၊ အသက်ရှင်မည်အကြောင်း၊ ကျွန်ုပ်တို့ ထ၍သွားကြပါမည်
"မသေ" နှင့် "အသက်ရှင်" မှာ အဓိပ္ပါယ်ချင်း တူသည်။ အသက်ရှင်နိုင်ရန် အဲဂုတ္တုပြည်သို့ သွား၍ အစာဝယ်ရမည်ဖြစ်ကြောင်း ယုဒက ဆိုလိုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သို့မှသာ ကျွန်ုပ်တို့ တမိသားစုလုံး အသက်ရှင်ရမည်အကြောင်း၊ အဲဂုတ္တုပြည်သို့ ယခုသွားကြပါမည်"

ကျွန်ုပ်တို့ ထ၍
"ကျွန်ုပ်တို့" ဟူရာတွင် အဲဂုတ္တုပြည်သို့ သွားမည့် ညီအစ်ကိုများကို ညွှန်းသည်။

အဘမှစ၍ ကျွန်ုပ်တို့နှင့်
"အဘ" မှာ ဣသရေလကို ညွှန်းသည်။

သူငယ်များတို့သည်
ညီအစ်ကိုတို့၏ သားသမီးများကို ညွှန်းသည်။ အစာခေါင်းပါးမှု ဒဏ်ကြောင့် သေမည့် ကလေးငယ်များ ဖြစ်သည်။

ကျွန်ုပ်သည် သူ၏အာမခံ ဖြစ်ပါမည်
စိတ္တဇနာမ် "အာမခံ" ကို ကြိယာပုဒ် "ကတိပေး" နှင့် အစားထိုးနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူ့ကို ပြန်ခေါ်ရန် ကျွန်ုပ် ကတိပေးပါသည်"


generated on Fri Sep 22 10:08:29 2023

ကျွန်ုပ်တွင် သူ့ကိုတောင်းပါ
ယုဒက အပြည့်အဝ တာဝန်ယူမည်ဖြစ်ကြောင်း ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဗယ်္ယာမိန်အပေါ် ဖြစ်သမျှကို ကျွန်ုပ် တာဝန်ယူပါသည်"

အပြစ်ကို ခံပါစေ
"အပြစ်" ဟူရာတွင် တစုံတယောက်အပေါ် တင်ရသောအရာဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်ကို အပြစ်တင်ပါ"

ဤမျှလောက် မဖင့်နွှဲ့လျှင်
ဖြစ်နိုင်ခဲ့သော်လည်း မဖြစ်သောအရာကို ဖော်ပြထားသည်။ ယုဒက အဲဂုတ္တုပြည်၌ အစာကို ဝယ်ရန် အလွန်အချိန်ယူသော ယာကုပ်အား အပြစ်တင်ကြောင်း သိရသည်။

အကယ်၍ ဒုတိယအကြိမ်တွင် ပြန်ရောက်ပါပြီ
"ဒုတိယအကြိမ် ပြန်ရောက်ခဲ့ပါလိမ့်မည်"

**Genesis 43:11**

သို့ဖြစ်လျှင် ဤသို့ပြုကြလော့
" ဤရွေးချယ်စရာတစ်ခုသာ ရှိလျှင် ထိုသို့ ပြုပါ"

ယူကြလော့
"ယူ၍ ဆင်းသွားလော့" ဟုလည်း ဖော်ပြနိုင်သည်။

ဗလစံစေး
အရေပြား ပြုပြင်ထိန်းသိမ်းရာ၌ အသုံးပြုသော ဆေး သို့မဟုတ် ပရုတ်ဆီ ဖြစ်သည်။ ၃၇:၂၅ မှ ပြန်ဆိုချက်ကို ရှု။ အခြားသော ဘာသာပြန်ဆိုချက်၊ "ပရုတ်ဆီ"

နံ့သာမျိုး
"ဟင်းခတ် အမွှေးအကြိုင်။" ၃၇:၂၅ မှ ပြန်ဆိုချက်ကို ရှု။

သစ်အယ်သီး
သေးငယ်၍ စိမ်းနုဝါရောင်ရှိသော အခွံမာသီးတစ်မျိုး

ဗာတံသီး
ဗာဒံသီး။

သင်တို့လက်၌ ငွေနှစ်ဆကိုလည်း ယူကြလော့
"လက်" သည် လူကိုလည်း ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့၌ ငွေနှစ်ဆကိုလည်း ယူကြလော့"

အိတ်ဝတွင် ဆောင်ခဲ့သောငွေကို တဖန် လက်၌ ဆောင်သွားကြဦးလော့
"လက်" သည် လူကိုလည်း ညွှန်းသည်။ "ဆောင်ခဲ့သော" ကို ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အိတ်ထဲတွင် တစုံတယောက် ပြန်ထည့်သောငွေကို တဖန်ယူသွားကြလော့"

**Genesis 43:13**

သင်တို့ညီကိုလည်းယူ၍
"ဗယ်္ယာမိန်ကိုလည်း ယူ၍"

တဖန် . . . ထသွားကြလော့
"... နောက်တစ်ခါပြန်သွားပါ"

သင်တို့သည် သူ့စိတ်နှင့် တွေ့ရသောအခွင့်ကို အနန္တတန်ခိုးရှင် ဘုရားသခင် ပေးတော်မူပါစေသော
စိတ္တဇနာမ် "စိတ်နှင့်တွေ့ရသောအခွင့်" ကို "ညှာတာ" ဟု ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူသည် သင်တို့ကို ညှာတာစိတ်ရှိရန် အနန္တတန်ခိုးရှင် ဘုရားသခင် ပြုတော်မူပါစေသော"

သင်တို့ အစ်ကိုတယောက်
"ရှိမောင်"

သို့ရာတွင် ငါသည် သားဆုံးခြင်းကို ခံရလျှင် ခံရတော့မည်
"သို့လျှင်၊ ငါ့သားများကို ဆုံးရလျှင် အဆုံးခံရပေတော့မည်။" မိမိသားများအပေါ် ဖြစ်သမျှကို လက်ခံရတော့မည်ဟု ဆိုလိုသည်။

မိမိလက်၌
"လက်" သည် လူကိုညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မိမိတို့နှင့်အတူ"

အဲဂုတ္တုပြည်သို့သွား၍
အဲဂုတ္တုပြည်မှာ ခါနာန်ပြည်ထက် မြေနေရာ နိမ့်သောကြောင့် "ဆင်းသွား" ဟုလည်း ဖော်ပြနိုင်သည်။

**Genesis 43:16**

သူတို့နှင့်အတူ ဗယ်္ယာမိန်ပါလာသည်
"အစ်ကိုတို့နှင့်အတူ ဗယ်္ယာမိန်ပါလာသည်"

ဝန်စာရေး
အိမ်မှုကိစ္စကို တာဝန်ယူသောသူ ဖြစ်ပြီး၊ "အိမ်တွင်းမှူး" ဟူလည်းခေါ်သည်။

သူတို့ကို . . . ခေါ်သွား၍
"ခေါ်" ကို "ဆောင်" ဟုလည်း ဖော်ပြနိုင်သည်။

ယောသပ်အိမ်သို့
"ယောသပ်၏ အိမ်သို့"

**Genesis 43:18**

သူတို့သည် . . . ဟု ဆိုကြပြီးလျှင်
"အစ်ကိုတို့သည် ... ဟူ၍ ကြောက်ရွံ့သဖြင့်"

ယောသပ်အိမ်သို့ ခေါ်သွားသောအခါ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယောသပ် အိမ်သို့ ရောက်သောအခါ" သို့မဟုတ် "ယောသပ်အိမ်သို့ ဆောင်သွားသောအခါ"

ငါတို့အိတ်၌ ယမန်ပြန်ပေးသောငွေကြောင့် ခေါ်သွင်းပြီ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ယခင်၌ ငါတို့ အိတ်တွင်ရှိသောငွေကြောင့် အခေါ်ခံရပြီ"

သူသည် အမှုရှာလိမ့်မည်။ ငါတို့ကို အပြစ်ပြုသဖြင့်
ဝါကျနှစ်ကြောင်းဖြင့် ဖော်ပြထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူသည် ငါတို့ကို အပြစ်တင်ခြင်းငှါ အမှုရှာသဖြင့်"

ယမန်က အကျွန်ုပ်တို့သည် . . . အမှန်လာပါ၏
အဲဂုတ္တုပြည်မှာ ခါနာန်ပြည်ထက် မြေနေရာနိမ့်သဖြင့် "ဆင်းလာ" ဟု ဖော်ပြနိုင်သည်။

## Genesis 43:21

ဆက်စပ်မှု ဖော်ပြချက်
အိမ်တွင်းမှူးထံ ဆက်လက် ပြောဆိုနေသည်။

စားခန်းသို့ရောက်၍
"နားရပ်သို့ရောက်၍"

လူတိုင်းဆိုင်သောငွေသည် အလျှင်းမလျော့ဘဲ အိတ်ဝတွင် ရှိပါ၏
"အယောက်တိုင်း၏ငွေသည် မလျော့ဘဲ အိတ်ထဲတွင် ရှိနေပါ၏"

ထိုငွေကို တဖန်ဆောင်ခဲ့ကြပါပြီ
လူကို ကိုယ်စားပြုသော "လက်" ကို ထည့်သွင်း ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုငွေကို လက်၌ တဖန်ယူလာကြပါပြီ"

ယခုလည်း အစာကိုဝယ်ခြင်းငှါ အခြားသောငွေကို ကိုယ်၌ဆောင်ခဲ့ကြပါ၏
"ကိုယ်" ကို "လက်" ဟူ၍လည်း ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသပြန်ဆိုချက်၊ "ယခုလည်း အစာကိုဝယ်ခြင်းငှါ အခြားသောငွေကို လက်၌ဆောင်ခဲ့ကြပါ၏"

ဆောင်ခဲ့ကြပါ၏
အဲဂုတ္တုပြည်မှာ ခါနာန်ပြည်ထက် မြေနေရာနိမ်သဖြင့် "ဆင်းယူခဲ့" ဟူ၍ ဖော်ပြနိုင်သည်။

ချမ်းသာပါစေ
ကြိယာပုဒ် "ချမ်းသာ" ကို စိတ္တဇနာမ်ဖြင့် အစားထိုး ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "စိတ်လျှော့ပါ"

သင်တို့ဘုရားသခင်၊ သင်တို့၏အဘ ဘုရားသခင်
တူညီသော ဘုရားသခင်ကို ညွှန်းဆိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့ ဘုရားသခင် တည်းဟူသော သင်တို့ အဖ၏ ဘုရားသခင်" (UDB)

## Genesis 43:24

ခြေဆေးစေ၏
ခရီးဝေးမှ ရောက်လာသူများ အမောပြေစေရန် အထောက်ပြုသော ဓလေ့တခုဖြစ်သည်။ ၎င်းကို တိကျစွာ ဖော်ပြနိုင်သည်။

မြည်းတို့ကိုလည်း ကျွေးလေ၏
တိရစ္ဆာန်တို့ စားသော အစာခြောက်ကို ညွှန်းသည်။

## Genesis 43:26

သူတို့သည် ကိုယ်၌ပါသော လက်ဆောင်
"ကိုယ်" ဟူရာတွင် လူကိုယ်တိုင်ကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့သည် မိမိ၌ပါသော လက်ဆောင်"

သူ့ရှေ့မှာ ဦးညွှတ်ချလျှက်နေကြ၏
ရိုသေမှု သဘောကို ပြသည်။

## Genesis 43:28

ကိုယ်တော်ကျွန်၊ ကျွန်တော်တို့အဘ
ရိုသေမှုသဘောကို ပြသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်တော့်ကျွန်ဖြစ်သော ကျွန်ုပ်အဖ"

ဦးညွှတ်ချ၍ ရှိခိုးလျှက်နေကြ၏
ရှေ့နှင့်နောက် ဆိုလိုရင်း တူသည်။ ရိုသေမှုကိုပြသခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရှိခိုးလျက်နေကြ၏"

ယောသပ်သည် မျှော်ကြည့်၍
"ကြည့်ရှု၍" ဟု ဆိုလိုသည်။

မိမိအမိ၏သား မိမိညီရင်း ဗယ်္ာမိန်ကိုမြင်လျှင်၊ ဤသူကား
ဝါကျနှစ်ကြောင်း ခွဲနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အမိ၏သား မိမိညီရင်း ဗယ်္ာမိန်ကို မြင်လေ၏။ ထို့ကြောင့် ဤသူကား"

ဤသူကား . . . သင်တို့ညီဖြစ်သလော
ဖြစ်နိုင်ချေများမှာ၊ ၁) ဗယ်္ာမိန် ဟုတ်မဟုတ် သေချာလိုသဖြင့် မေးခြင်းဖြစ်သည်။ သို့မဟုတ် ၂) ပြောလိုသောအရာ ထိရောက်စေရန် မေးခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဤသူကား ... သင်တို့ညီ ဖြစ်ပေမည်"

ငါ့သား
မိမိထက် အဆင့်အတန်းနိမ့်သောသူကို ရင်းနှီးစွာ ညွှန်းခေါ်သော စကားဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လူငယ်" (UDB)

## Genesis 43:30

အလျင်အမြန် ထသွားလေ၏
"အလျင်အမြန် ထွက်သွား၏"

ညီရင်းကိုမြင်ရ၍ ကြင်နာသောစိတ် ရှိသောကြောင့်
"ကြင်နာသောစိတ်" မှာ တစုံတခုကြောင့် စိတ်ခံစားမှု ပြင်းပြခြင်းကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မိမိညီရင်းကြောင့် ကရုဏာသက်သဖြင့်"

အမိန့်ရှိ၏
မည်သူထံ ပြောဆိုကြောင်း တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အစေခံတို့အား အမိန့်ရှိ၏"

စားပွဲကို ပြင်ကြ
အစာစားရန် ပြင်ဆင်ခြင်းကို ဆိုလိုသည်။

## Genesis 43:32

ယောသပ်ဘို့တပွဲ၊ အစ်ကိုတို့ဘို့တပွဲ၊ ယောသပ်နှင့်စားသော အဲဂုတ္တုလူတို့ဘို့တပွဲ အသီးအသီးတို့ကို ပြင်ကြ၏
ယောသပ်၊ အစ်ကိုများနှင့် အခြားအဲဂုတ္တုလူတို့က ခန်းမတခုတည်းတွင် သုံးနေရာ၌ သီးခြား စားသုံးကြသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယောသပ်ဖို့ တပွဲ၊ အစ်ကိုတို့ ဖို့တပွဲ၊ ယောသပ်နှင့် စားသော အဲဂုတ္တုလူတို့ဖို့ တပွဲ အသီးသီး ပြင်ပေးကြ၏"

ယောသပ်နှင့်စားသော အဲဂုတ္တုလူတို့ဘို့တပွဲ
အဲဂုတ္တု မှူးမတ်တချို့က ယောသပ်နှင့်အတူ ရှိသော်လည်း၊ သီးခြားစားပွဲတွင် ထိုင်ကြပေမည်။

အဲဂုတ္တုလူတို့သည် ဟေဗြဲလူတို့နှင့်အတူ မစားရ၊ ထိုအမှုကို အဲဂုတ္တုလူတို့သည် ရွံ့တတ်ကြ၏
အခြားသော ဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုလူတို့က ဟေဗြဲလူတို့နှင့်အတူ စားခြင်းကို ဂုဏ်နိမ့်သည်ဟု မှတ်သောကြောင့်၊ သူတို့နှင့်အတူ မစားကြ"

ညီအစ်ကိုတို့သည် . . . ယောသပ်ရှေ့မှာ ထိုင်နေကြ၏
ညီအစ်ကိုတို့ ထိုင်ရမည့်နေရာကို ယောသပ် စီစဉ်ပေးကြောင်း ဆိုလိုသည်။ ၎င်းကို တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ညီအစ်ကိုတို့သည် ... စီစဉ်ပေးသော နေရာအသီးသီးတွင် ထိုင်ကြ၏"

အကြီးမှစ၍ အငယ်တိုင်အောင် အရွယ်အလိုက်
အသက်အလိုက် နေရာချပေးကြောင်း ထင်ရှားစေရန် "အကြီး" နှင့် "အငယ်" ကို သုံးနှုန်းထားသည်။

သူတို့သည် အချင်းချင်းကြည့်ရှု၍ အံ့ဩခြင်းရှိကြ၏
"အစ်ကိုတို့လည်း အံ့ဩခြင်း ရှိကြ၏"

ဗယ်ာန်မိန်ရသော အဘို့သည် အစ်ကိုတို့ရသောအဘို့ထက် ငါးဆများသတည်း
"ငါးဆ" ကို ယေဘုယျသဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဗယ်ာမိန်၏ အဖို့သည် အစ်ကိုတို့အဖို့ထက် သာ၍ ပိုများသတည်း"

## Chapter 44

1 ယောသပ်သည်လည်း ဝန်စာရေးကိုခေါ်၍ ထိုသူတို့အိတ်များ၌ ရိက္ခာပါနိုင်သမျှ အပြည့်ထည့်လော့။ လူတိုင်းဆိုင်သောငွေကို
မိမိတို့အိတ်ဝတွင်ငင်း၊ 2 စပါးအဘိုးငွေနှင့် ငါငွေဖလားကို၊ အငယ်ဆုံးသော သူ၏အိတ်ဝတွင်ငင်း ထည့်ထားလော့ဟု မှာသည် အတိုင်း
ဝန်စာရေးပြုလေ၏။ 3 နံနက်မိုဃ်းလင်းသောအခါ၊ ထိုသူတို့ကို မြည်းများနှင့်တကွ လွှတ်လိုက်လေ၏။ 4 မြို့ပြင်သို့ရောက်၍
မဝေးသေးသောအခါ၊ ယောသပ်သည် ဝန်စာရေးကိုခေါ်၍၊ ထိုသူတို့ကို မြန်မြန် လိုက်လော့။ မှီသောအခါ သင်တို့သည် ကျေးဇူးကို
မကောင်းသောအမှုနှင့် အဘယ်ကြောင့်ဆပ်ကြသနည်း။ 5 ငါ့သခင်သောက်သော ဖလားမဟုတ်လော။ ထူးဆန်းသော
ဉာဏ်ကိုဖြစ်စေတတ်သော ဖလားမဟုတ် လော။ သင်တို့ပြုသော ဤအမှုသည် မကောင်းပါတကား ဟု ပြောဆိုလော့ဟု
မှာသည်အတိုင်း၊ 6 ဝန်စာရေးလိုက်၍ မှီသောအခါ ပြောဆိုလေ၏။ သူတို့ကလည်း ဤစကားကို သခင်သည် အဘယ်ကြောင့်
ပြောပါသနည်း။ 7 ကိုယ်တော်ကျွန်တို့နှင့် ထိုသို့သော အမှုဝေးပါ စေသတည်း။ 8 ယမန်ကအိတ်ဝတွင် တွေ့သောငွေကို၊ ခါနာန် ပြည်မှ
ကိုယ်တော်ထံသို့တဖန်ဆောင်ခဲ့ပါပြီ။ သို့ဖြစ်လျှင် ကိုယ်တော်၏သခင်အိမ်၌ ရွှေငွေကို အဘယ်ကြောင့် ခိုးရပါအံ့နည်း။ 9
ကိုယ်တော်၏ကျွန်တို့တွင် မည်သူ၌တွေ့လျှင်၊ ထိုသူကိုသေစေ။ ကျွန်တော်တို့သည်လည်း သခင်၏ကျွန်ခံ ကြပါမည်ဟု ဆိုကြ၏။ 10
ဝန်စာရေးကလည်း၊ သင်တို့စကားအတိုင်း ဖြစ်စေ။ သို့သော်လည်း မည်သူ၌တွေ့လျှင်၊ ထိုသူသည် ငါ့ကျွန်ဖြစ်စေ။ သင်တို့မှုကား
အပြစ်လွှတ်ကြစေဟု ဆိုသော်၊ 11 ထိုသူအပေါင်းတို့သည် အသီးအသီး မိမိတို့အိတ် များကို မြေ၌ချ၍ဖွင့်ကြ၏။ 12
ဝန်စာရေးသည်လည်၊ အကြီးမှစ၍ အငယ်တိုင်အောင်ရှာသဖြင့် ဗယ်္ယာမိန်အိတ်၌ ဖလားကိုတွေ့၏။ 13 ထိုအခါ သူတို့သည်
မိမိအဝတ်ကိုဆုတ်၍ လူတိုင်းမိမိမြည်းပေါ်မှာ ဝန်ကို တင်ပြန်သဖြင့် မြို့သို့ ပြန်သွားကြ၏။ 14 ယုဒနှင့်ညီအစ်ကိုတို့သည်
ယောသပ်အိမ် သို့ရောက်၍၊ သူသည်အိမ်၌ရှိသေးသဖြင့်၊ သူ့ရှေ့မှာ ပြပ်ဝပ်လျက် နေကြ၏။ 15 ယောသပ်ကလည်း၊ သင်တို့သည်
အဘယ်သို့ ပြုပြီးသနည်း။ ငါကဲ့သို့သောယောကျ်ားသည် ထူးဆန်း သောဉာဏ်ရှိကြောင်းကို သင်တို့ မသိကြသလောဟု ဆို၏။ 16
ယုဒကလည်း၊ ကျွန်တော်တို့သည် သခင်အား အဘယ်စကားဖြင့် လျှောက်ရပါအံ့နည်း။ အဘယ်သို့ ပြောရပါအံ့နည်း။ ဤအမှုနှင့်
အဘယ်သို့လွတ်နိုင်ပါအံ့နည်း။ ကိုယ်တော် ကျွန်တော်တို့၏အပြစ်ကို ဘုရားသခင် စစ်၍ တွေ့တော်မူပြီ။ အကြင်သူ၌
ဖလားတော်ကိုတွေ့၏။ ထိုသူမှစ၍ ကျွန်တော်တို့ ရှိသမျှသည် သခင်၏ ကျွန်ဖြစ်ကြပါ၏ဟု လျှောက်လေသော်၊ 17 ထိုသို့ငါမပြုရ။
အကြင်သူ၏လက်၌ ငါ့ဖလားကို တွေ့၏။ ထိုသူသည် ငါ့ကျွန်ဖြစ်စေ။ သင်တို့မှုကား အဘထံသို့ ငြိမ်ဝပ်စွာသွားကြလောဟု
စီရင်လေ၏။ 18 ထိုအခါ ယုဒသည်ချဉ်းကပ်လျက်၊ သခင်ဘုရား၊ ကိုယ်တော်ကျွန်သည် စကားတခွန်းဖြင့် နားတော်လျှောက်ရသော
အခွင့်ကို ပေးတော်မူပါ။ ကိုယ်တော်ကျွန်၌ အမျက်ထွက်တော်မမူပါနှင့်။ ကိုယ် တော်သည် ဖါရောဘုရင်ကဲ့သို့ ဖြစ်တော်မူ၏။ 19
သခင်က၊ သင်တို့သည် အဘရှိသလော။ ညီရှိသလောဟု ကျွန်တော်တို့အား မေးတော်မူလျှင်၊ 20 ကျွန်တော်တို့က၊ ကျွန်တော်တို့အဘ
အသက် ကြီးသောသူရှိပါ၏။ အဘအသက်ကြီးစဉ်အခါ ရသော သားငယ်တယောက်ရှိပါ၏။ သူ၏အစ်ကိုသေပါပြီ။
သူ့အမိဘွားသောသားတို့တွင် သူတယောက်တည်း ကျန်ရစ်ပါ၏။ ထိုကြောင့် သူ၏အဘသည် သူ့ကို ချစ်ပါ၏ဟု သခင်အား
ပြန်လျှောက်လေသော်၊ 21 ကိုယ်တော်က၊ ထိုသူကိုငါကြည့်ရှုရအောင် ငါ့ထံသို့ခေါ်ခဲ့ကြဟု ကိုယ်တော်ကျွန်တို့အား မိန့်တော် မူ၏။ 22
ကျွန်တော်တို့က ထိုသူငယ်ကို အဘနှင့်မခွါနိုင်ပါ။ အဘနှင့်ခွါလျှင် အဘသေပါလိမ့်မည်ဟု သခင်အား လျှောက်လေသော်လည်း၊ 23
ကိုယ်တော်က၊ သင်တို့ညီမပါလျှင် သင်တို့သည် ငါ့မျက်နှာကိုနောက်တဖန်မမြင်ရဟု ကိုယ်တော်ကျွန်တို့ အား မိန့်တော်မူ၏။ 24
ထိုနောက်ကျွန်တော်တို့သည် ကိုယ်တော်ကျွန် တည်းဟူသော ကျွန်တော်တို့ အဘထံသို့ပြန်၍ ရောက် သောအခါ၊ သခင်စကားတော်ကို
အဘအား ပြန်ကြားပါ၏။ 25 ကျွန်တော်တို့အဘကလည်း၊ တဖန်သွား၍ ငါတို့ စားစရာ အနည်းငယ်ကို ဝယ်ကြပါဟုဆိုသောအခါ၊ 26
ကျွန်တော်တို့က၊ အကျွန်ုပ်တို့သည် မသွားနိုင်ပါ။ ညီပါလျှင်သွားနိုင်ပါ၏။ ညီမပါလျှင် ထိုသူ၏ မျက်နှာကိုမမြင်ရပါဟု ပြန်ပြောပါ၏။
27 ကိုယ်တော်ကျွန်၊ ကျွန်တော်အဘကလည်း၊ သင်တို့သိသည့်အတိုင်း ငါ့မယားသည် ငါ့အား သား နှစ်ယောက်ကို ဘွား၏။ 28
တယောက်ကား ငါ့ထံမှ ထွက်သွား၏။ အကယ်စင်စစ် သူသည် အပိုင်းအပိုင်း ကိုက်ဖြတ်ခြင်းကို ခံရပါပြီ တကားဟု ငါဆိုရ၏။
ထိုကာလမှစ၍ သူ့ကိုငါမမြင်ရ။ 29 ဤသူကိုလည်း ငါ့ထံမှယူသွား၍ သူ၌ဘေး ရောက်လျှင်၊ သင်တို့သည် ငါ့ဆံပင်ဖြူကို
ဝမ်းနည်းခြင်း နှင့်တကွ မရဏာနိုင်ငံသို့ သက်ရောက်စေကြလိမ့်မည်ဟု ကျွန်တော်တို့အား ဆိုပါ၏။ 30 သို့ဖြစ်၍ ကျွန်တော်သည်
ကိုယ်တော်ကျွန်၊ ကျွန်တော်အဘထံသို့ရောက်သောအခါ၊ သူငယ်မပါလျှင် အဘ၏အသက်သည် သူငယ်၏အသက်၌ မှီလျက်ရှိသော
ကြောင့်၊ 31 သူငယ်မရှိသည်ကို မြင်သောအခါ အဘသေပါလိမ့်မည်။ ကိုယ်တော်ကျွန်တော်တို့သည်၊ ကိုယ်တော်ကျွန်တည်းဟူသော
ကျွန်တော်တို့အဘ ဆံပင်ဖြူကို ဝမ်းနည်းခြင်းနှင့်တကွ မရဏာနိုင်ငံသို့ သက်ရောက်စေကြပါ လိမ့်မည်။ 32 ကိုယ်တော် ကျွန်က၊
အကျွန်ုပ်သည် တဖန်သူငယ် ကို အဘထံသို့ ပြန်၍မဆောင်ခဲ့လျှင်၊ အစဉ်မပြတ် အဘရှေ့မှာ အပြစ်ကိုခံပါစေဟုဆိုသဖြင့်၊ အဘထံမှာ
သူငယ်၏အာမခံ ဖြစ်ပါ၏။ 33 သို့ဖြစ်၍ ကိုယ်တော်ကျွန်သည် သူငယ်အတွက် နေရစ်၍ သခင်ထံကျွန်ခံရသောအခွင့်၊ သူငယ်ကိုကား
အစ်ကိုတို့နှင့်အတူ သွားရသောအခွင့်ကို ပေးတော်မူ ပါ။ 34 သူငယ်သည် ကျွန်တော်တို့မပါလျှင်၊ ကျွန်တော် အဘထံသို့ အဘယ်သို့
ကျွန်တော်သွားနိုင်ပါမည်နည်း။ သို့ပြုလျှင် ကျွန်တော်အဘ၌ ရောကလတံ့သော ဘေးဥပဒ်ကို ကျွန်တော်မြင်ရပါလိမ့်မည်တကားဟု
လျှောက် လေ၏။

## Genesis 44:1

ယောဘုယျ အချက်အလက်
အကြောင်းအရာတခု၏ အခန်းသစ်ကို အစဖွင့်ထားသည်။ ပွဲလုပ်ပြီး နောက်နေ့တွင် ဖြစ်နိုင်သည်။

ဝန်စာရေး
ယောသပ်၏ အိမ်မှုကိစ္စကို စီမသူဖြစ်သည်။

လူတိုင်းဆိုင်သောငွေ
ငွေဒင်္ဂါးများ ဖြစ်နိုင်သည်။

မိမိတို့အိတ်ဝတွင်ရင်း
"မိမိတို့အိတ်တွင်လည်းကောင်း"

ငါ့ငွေဖလား
"ငါ့ ငွေဖလား"

အငယ်ဆုံးသောသူ၏ အိတ်ဝတွင်ရင်း
"ညီအငယ်ဆုံး" ဖြစ်ကြောင်း ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ညီအငယ်ဆုံး၏ အိတ်တွင်လည်းကောင်း"

## Genesis 44:3

နံနက်မိုဃ်းလင်းသောအခါ
"နံနက် အရုဏ်လင်းချိန်တွင်"

ထိုသူတို့ကို . . . လွှတ်လိုက်လေ၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုသူတို့ကလည်း မြည်းများနှင့်တကွ ထွက်သွားလေ၏"

သင်တို့သည် ကျေးဇူးကို မကောင်းသောအမှုနှင့် အဘယ်ကြောင့် ဆပ်ကြသနည်း
ညီအစ်ကိုများကို ဆုံးမရန် မေးလိုက်ခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့အပေါ် ပြုသော ကျေးဇူးကို မကောင်းမှုနှင့် ဆပ်ကြပြီ"

ငါ့သခင်သောက်သော ဖလားမဟုတ်လော။ ထူးဆန်းသောဉာဏ်ကို ဖြစ်စေတတ်သော ဖလားမဟုတ်လော
ညီအစ်ကိုများကို ဆုံးမရန် မေးလိုက်ခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရှေ့ဖြစ်မည့်အရာကို သိသည့် ငါ့သခင် သောက်သုံးသော ဖလားဖြစ်သည်ကို သင်တို့ သိကြ၏"

သင်တို့ပြုသော ဤအမှုသည် မကောင်းပါတကား
အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့သည် မကောင်းမှုဟူသော ဤအမှုကို ပြုလေပြီ"

## Genesis 44:6

ပြောဆိုလေ၏
နှုတ်မှ ထွက်ဆိုသမျှကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယောသပ် စေခိုင်းသည်အတိုင်း ဆိုလေ၏"

ဤစကားကို သခင်သည် အဘယ်ကြောင့် ပြောပါသနည်း
ပြောသမျှကို ညွှန်းသည်။ အိမ်တွင်းမှူးကို "သခင်" ဟူ၍ ရိုသေစွာ ခေါ်ညွှန်းသည်။ မိမိထက် ကြီးမြတ်သူကို ခေါ်သော အသုံးအနှုန်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်သည် ဤစကားကို အဘယ်ကြောင့် ပြောသနည်း"

ကိုယ်တော်ကျွန်တို့နှင့် ထိုသို့သောအမှု ဝေးပါ စေသတည်း
ညီအစ်ကိုတို့က မိမိတို့ကိုယ်ကို ညွှန်းသော အသုံးအနှုန်းဖြစ်သည်။ မိမိထက် ကြီးမြတ်သူရှေ့တွင် မိမိကိုယ်ကို ညွှန်းဆိုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွနုပ်တို့သည် ထိုသို့သောအမှုကို မပြုပါ"

ကိုယ်တော်ကျွန်တို့နှင့် . . . ဝေးပါ စေသတည်း
မပြုမည့်အမှုကို မိမိနှင့် ဝေးရာသို့ ပို့နိုင်သည့် အရာကဲ့သို့ တင်စားထားသည်။

## Genesis 44:8

ယမန်က အိတ်ဝတွင်တွေ့သော ငွေကို
"ယခင်က အိတ်ထဲတွင် တွေ့သော ငွေကို"

ခါနာန်ပြည်မှ ကိုယ်တော်ထံသို့ တဖန်ဆောင်ခဲ့ပါပြီ
"ခါနာန်ပြည်မှ ကိုယ်တော်ထံသို့ ပြန်ဆောင်ခဲ့ပါပြီ"

သို့ဖြစ်လျှင် ကိုယ်တော်၏သခင်အိမ်၌ ရွှေငွေကို အဘယ်ကြောင့် ခိုးရပါအံ့နည်း
အဲဂုတ္တု၏သခင်ထံမှ ဘယ်အရာမျှ မခိုးကြောင်း ထင်ရှားစေရန် မေးလိုက်ခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သို့ဖြစ်၍ ကိုယ်တော့်သခင်၏ အိမ်၌ ဘယ်အရာမှ ခိုးမည် မဟုတ်ပါ"

ရွှေငွေ
ဥစ္စာပစ္စည်း တစုံတရာကို ညွှန်းဆိုခြင်းဖြစ်သည်။

ကိုယ်တော်၏ ကျွန်တို့တွင် မည်သူ၌တွေ့လျှင်
ညီအစ်ကိုများ မိမိတို့ကိုယ်ကို ညွှန်းဆိုခြင်းဖြစ်သည်။ မိမိထက် ကြီးမြတ်သူထံ မိမိကိုယ်ကို ညွှန်းဆိုခြင်းဖြစ်သည်။ ပြောဆိုသူနာမ်စားဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွနုပ်တို့ထံ တွေ့ပါလျှင်"

ကျွန်တော်တို့သည်လည်း သခင်၏ကျွန် ခံကြပါမည်
"သခင်" ဟူရာတွင် အိမ်တွင်းမှူးကို ညွှန်းသည်။ ကြားနာသူနာမ်စားဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်တော်တို့ကလည်း သင်၏ ကျွန်အဖြစ် ခံကြပါမည်"

သင်တို့စကားအတိုင်း ဖြစ်စေ
အခြားသော ဘာသာပြန်ဆိုချက်၊ "ဟုတ်ပါပြီ။ သင်တို့ပြောသည်အတိုင်း ဖြစ်စေ"

သို့သော်လည်း မည်သူ၌တွေ့လျှင်၊ ထိုသူသည် ငါ့ကျွန်ဖြစ်စေ
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သို့သော်၊ ဖလားကို တွေ့လျှင်၊ ထိုအိတ်ပိုင်ရှင်သော ငါ့ကျွန်ဖြစ်စေ"

## Genesis 44:11

မိမိတို့အိတ်များကို မြေ၌ချ၍
"မိမိအိတ်များကို မြေ၌ ချ၍"

အကြီး . . . အငယ်
အခြားသော ဘာသာပြန်ဆိုချက်၊ "အကြီးဆုံး ... အငယ်ဆုံး"

 generated on Fri Sep 22 10:08:29 2023

အငယ်တိုင်အောင် ရှာသဖြင့် ဗယ်္ယာမိန်အိတ်၌ ဖလားကိုတွေ့၏
သီးခြားဝါကျနှင့် ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။
အခြားသောဘာသာပြန်ဆိုချက်၊ "အငယ်တိုင်အောင် ရှာ၏။
ထိုအခါ ဗယ်္ယာမိန် အိတ်၌ တွေ့၏"

ထိုအခါ သူတို့သည် မိမိအဝတ်ကိုဆုတ်၍
"သူတို့" မှာ ညီအစ်ကိုတို့ကို ညွှန်းသည်။ ဝမ်းနည်းကြေကွဲမှုကို
ပုံဆောင်သည်။

ပြန်သွားကြ၏
"ပြန်လှည့် ကြ၏"

**Genesis 44:14**

သူသည် အိမ်၌ရှိသေးသဖြင့်
"သူသည် အိမ်၌ရှိနေသေးသဖြင့်"

သူ့ရှေ့မှာ ပြပ်ဝပ်လျက်နေကြ၏
မိမိအပေါ် ညှာတာမှုရှိရန် တောင်းပန်မှုကို ပုံဆောင်သည်။

ငါကဲ့သို့သော ယောက်ျားသည် ထူးဆန်းသောဉာဏ် ရှိကြောင်းကို သင်တို့
မသိကြသလော
မိမိညီအစ်ကိုတို့ကို ဆုံးမရန် သုံးနှုန်းသည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "ငါကဲ့သို့သူသည် မှော်တန်ခိုးဖြင့် အရာရာကို
သိမြင်ကြောင်း တွေ့မြင်ခဲ့ပေပြီ"

**Genesis 44:16**

ကျွန်တော်တို့သည် သခင်အား အဘယ်စကားဖြင့် လျှောက်ရပါအံ့နည်း။
အဘယ်သို့ ပြောရပါအံ့နည်း။ ဤအမှုနှင့် အဘယ်သို့ လွတ်နိုင်ပါအံ့နည်း
ဤမေးခွန်း ၃ ခုမှာ အဓိပ္ပါယ်တူသည်။ ဖြစ်ခဲ့သမျှအတွက်
မရှင်းပြနိုင်ကြောင်း ထင်ရှားစေရန် မေးလိုက်ခြင်း ဖြစ်သည်။
အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်တော်တို့သည် သခင်အား
လျှောက်စရာမရှိပါ။ ပြောနိုင်သောအရာမရှိပါ။ ဤအမှုမှ
လွတ်နိုင်မည် မဟုတ်ပါ"

ကျွန်တော်တို့သည် သခင်အား အဘယ်စကားဖြင့် လျှောက်ရပါအံ့နည်း . . .
သခင်၏ ကျွန်ဖြစ်ကြပါ၏
ယောသပ်ကို ညွှန်းဆိုသည်။ မိမိထက် ကြီးမြတ်သူထံ မိမိကိုယ်ကို
ညွှန်းဆိုသောစကား ဖြစ်သည်။ ကြားနာသူနာမ်စားဖြင့်
ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သခင့်ထံ
အဘယ်စကားဖြင့် လျှောက်ရပါအံ့နည်း ... သခင်၏ အစေခံများ
ဖြစ်ကြပါ၏"

ကိုယ်တော် ကျွန်တော်တို့၏အပြစ်ကို ဘုရားသခင် စစ်၍တွေ့တော်မူပြီ
လက်ရှိအပြစ်ကို ညွှန်းခြင်း မဟုတ်ဘဲ၊ အတိတ်က ပြုမိသော
အပြစ်အတွက် ဘုရားသခင်၏ စီရင်ခြင်းကို ခံရကြောင်း
ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည်
ကိုယ်တော့် ကျွန်တို့၏ အပြစ်ဟောင်းအတွက် စီရင်တော်မူပြီ"

ကိုယ်တော် ကျွန်တော်တို့၏အပြစ်
မိမိထက် ကြီးမြတ်သူရှေ့၌ မိမိကိုယ်ကို ညွှန်းဆိုသော
အသုံးအနှုန်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊
"ကျွန်ုပ်တို့၏ အပြစ်"

အကြင်သူ၌ ဖလားတော်ကိုတွေ့၏
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "ဖလားတော်ကို စစ်ဆေး၍ တွေ့လျှင်"

ထိုသို့ ငါမပြုရ
အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုကဲ့သို့ ငါပြုမည်မဟုတ်"

အကြင်သူ၏လက်၌ ငါ့ဖလားကို တွေ့၏
"လက်" က လူတယောက်လုံးကို ညွှန်းသည်။ ကတ္တားဝါကျဖြင့်
ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့ဖလားကို
အကြင်သူ၌ တွေ့လျှင်"

**Genesis 44:18**

ချဉ်းကပ်လျက်
"အနားကပ်လျက်"

ကိုယ်တော်ကျွန်သည်
ကြီးမြတ်သူရှေ့၌ မိမိကိုယ်ကို ညွှန်းဆိုခြင်း ဖြစ်သည်။
ပြောဆိုသူနာမ်စားဖြင့် ဖော်ပြနိုင်သည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "ကိုယ်တော့်ကျွန် အကျွန်ုပ်အား"

စကားတခွန်းဖြင့် နားတော် လျှောက်ရသောအခွင့်ကို ပေးတော်မူပါ
"စကား" က ပြောသမျှကို ညွှန်းသည်။ "နားတော်" က
လူတယောက်လုံးကို ကိုစားပြုသည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "သခင့်အား လျှောက်တင်ရသောအခွင့်ကို
ပေးတော်မူပါ"

ကိုယ်တော်ကျွန်၌ အမျက်ထွက်တော်မမူပါနှင့်
ဒေါသဖြစ်ကြောင်းကို မီးလောင်ထွက်သကဲ့သို့ တင်စားထားသည်။
အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်တော့်ကျွန် အကျွန်ုပ်အား
အမျက်ထားတော် မမူပါနှင့်"

ကိုယ်တော်သည် ဖါရောဘုရင်ကဲ့သို့ ဖြစ်တော်မူ၏
ဖါရောမင်းကဲ့သို့ ဩဇာရှိကြောင်း ထင်ရှားစေရန် ခိုင်းနှိုင်းခြင်း
ဖြစ်သည်။ မိမိတို့အပေါ် အမျက်တော်ရှိ၍ ကွပ်မျက်နိုင်သော
အာဏာရှိကြောင်း ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊
"ကိုယ်တော်သည် ဖါရောမင်းကဲ့သို့ အကျွန်ုပ်ကို ကွပ်မျက်ရန်
အမိန့်ပေးနိုင်သော တန်ခိုးရှိပါ၏"

သခင်က၊ သင်တို့သည် အဘရှိသလော။ ညီရှိသလောဟု ကျွန်တော်တို့အား
မေးတော်မူလျှင်
ဆိုခဲ့သောစကားကို ပြန်လည် ကိုးကားထားသည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "သခင်က အကျွန်ုပ်တို့၌
ဖခင်သော်လည်းကောင်း၊ ညီသော်လည်းကောင်း ရှိသလောဟု
မေးခဲ့စဉ်တွင်"

သခင်က . . . ဟု ကျွန်တော်တို့အား မေးတော်မူလျှင်
အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်သခင်က ... ဟု
ကျွန်တော်မျိုး တို့အား မေးတော်မူလျှင်" "သခင်က ... ဟု
မေးတော်မူလျှင်"

**Genesis 44:20**

ယေဘုယျ အချက်အလက်
ယုဒက ယောသပ်ထံ ဆက်လက် လျှောက်တင်သည်။

ကျွန်တော်တို့က၊ ကျွန်တော်တို့အဘ . . . ထိုကြောင့် သူ၏အဘသည် သူ့ကို
ချစ်ပါ၏ဟု သခင်အား ပြန်လျှောက်လေသော်
ဆိုခဲ့သောစကားကို ပြန်လည် ကိုးကားထားသည်။
သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော
ဘာသာပြန်ဆိုချက်၊ "ကျွန်တော်တို့ကလည်း ဖခင် ... ထို့ကြောင့်

ဖခင်သည် သူ့ကို ချစ်ပါကြောင်း သခင်အား ပြန်လျှောက်လေသော်"

ကျွန်တော်တို့က . . . ဟု သခင်အား ပြန်လျှောက်လေသော်
"သခင်" ဟူရာတွင် ယောသပ်ကို ညွှန်းသည်။ ကြီးမြတ်သူကို ညွှန်းခေါ်သော အသုံးအနှုန်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်တော်တို့က ... ဟု ကျွန်ုပ်သခင်အား ပြန်လျှောက်လေသော်"

သူ၏ အဘသည် သူ့ကို ချစ်ပါ၏
မိသားစု ချစ်ခြင်းမေတ္တာကို ညွှန်းသည်။

ကိုယ်တော်က၊ ထိုသူကို ငါကြည့်ရှုရအောင် ငါ့ထံသို့ခေါ်ခဲ့ကြဟု ကိုယ်တော်ကျွန်တို့အား မိန့်တော်မူ၏
ဆိုခဲ့သောစကားကို ပြန်လည်ကိုးကားထားသည်။ သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်တော်က၊ အကျွန်ုပ်တို့ ညီငယ်ကို ကြည့်ရှုဖို့ငါ့ ခေါ်ခဲ့ကြရန် ကိုယ်တော့်ကျွန်တို့အား မိန့်တော်မူ၏"

ကိုယ်တော်က . . . ဟု ကိုယ်တော်ကျွန်တို့အား မိန့်တော်မူ၏
အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်တော်က ... ဟု ကိုယ်တော့်ကျွန် ကျွန်ုပ်တို့အား မိန့်တော်မူ၏"

ငါ့ထံသို့ခေါ်ခဲ့ကြ
အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့ထံသို့ ဆောင်ခဲ့ကြ"

ကျွန်တော်တို့က ထိုသူငယ်ကို အဘနှင့် မခွါနိုင်ပါ။ အဘနှင့် ခွါလျှင် အဘသေပါလိမ့်မည်ဟု သခင်အား လျှောက်လေသော်လည်း
ဆိုခဲ့သောစကားကို ပြန်လည်ကိုးကားထားသည်။ သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုအခါ ညီငယ်ကို အဖနှင့်မခွါနိုင်၊ သို့မဟုတ် ဖခင် သေမည်အကြောင်း သခင်အား လျှောက်ပါသော်လည်း"

အဘသေပါလိမ့်မည်
ဝမ်းနည်းမှုကြောင့် သေမည်ဟု ဆိုလိုသည်။

## Genesis 44:23

ယေဘုယျ အချက်အလက်
ယုဒက ယောသပ်ထံ ဆက်လက် လျှောက်တင်သည်။

ကိုယ်တော်က၊ သင်တို့ညီမပါလျှင် သင်တို့သည် ငါ့မျက်နှာကို နောက်တဖန်မမြင်ရဟု ကိုယ်တော်ကျွန်တို့အား မိန့်တော်မူ၏
ဆိုခဲ့သောစကားကို ပြန်လည်ကိုးကားထားသည်။ သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ညီငယ်မပါလျှင် ကိုယ်တော့်မျက်နှာကို တဖန်မြင်ရမည် မဟုတ်ကြောင်း ကျွန်တော်မျိုးတို့ထံ မိန့်တော်မူ၏"

ကိုယ်တော်က . . . ဟု ကိုယ်တော်ကျွန်တို့အား မိန့်တော်မူ၏
အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်တော်က ... ဟု ကိုယ်တော့်ကျွန် ကျွန်ုပ်တို့အား မိန့်ံတော်မူ၏"

သင်တို့သည် ငါ့မျက်နှာကို နောက်တဖန်မမြင်ရ
"မျက်နှာ" က လူတယောက်လုံးကို ကိုစားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့သည် ငါနှင့် နောက်တဖန် မတွေ့ရ"

ထိုနောက်
အကြောင်းအရာတခု၏ အခန်းသစ်ကို အစဖွင့်ထားသည်။ ပြန်ဆိုမည့် ဘာသာစကား၏ အသုံးအနှုန်းဖြင့် ဖော်ပြနိုင်သည်။

သခင်စကားတော်ကို အဘအား ပြန်ကြားပါ၏
အခြားသော ဘာသာပြန်ဆိုချက်၊ "သခင့် အမှာစကားကို ဖခင်ထံ ကြားပြောပါ၏"

ကျွန်တော်တို့အဘကလည်း၊ တဖန်သွား၍ ငါတို့ စားစရာ အနည်းငယ်ကို ဝယ်ကြပါဟု ဆိုသောအခါ
ဆိုခဲ့သောစကားကို ပြန်လည်ကိုးကားထားသည်။ သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်တို့ အဖကလည်း စားစရာ အနည်းငယ်ကို တဖန်ဝယ်ရန် ဆိုသောအခါ"

ကျွန်တော်တို့က၊ အကျွန်ုပ်တို့သည် မသွားနိုင်ပါ။ ညီပါလျှင်သွားနိုင်ပါ၏။ ညီမပါလျှင် . . . ဟု ပြန်ပြောပါ၏
ဆိုခဲ့သောစကားကို ပြန်လည်ကိုးကားထားသည်။ သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်တော်တို့က၊ အဲဂုတ္တုပြည်သို့ မသွားနိုင်ကြောင်း။ ညီငယ်ပါမှသာ သွားမည်အကြောင်း။ ညီမပါလျှင် ... ကြောင်း စသည်ဖြင့် ပြန်ပြောပါ၏"

ထိုသူ၏ မျက်နှာကိုမမြင်ရပါ
"မျက်နှာ" က လူတယောက်လုံးကို ကိုစားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုသူကို မမြင်ရပါ"

## Genesis 44:27

ယေဘုယျ အချက်အလက်
ယုဒက ယောသပ်ထံ ဆက်လက် လျှောက်တင်သည်။

သင်တို့သိသည်အတိုင်း ငါ့မယားသည် ငါ့အား သားနှစ်ယောက်ကို ဘွား၏။ တယောက်ကား ငါ့ထံမှ ထွက်သွား၏။ အကယ်စင်စစ် သူသည် အပိုင်းအပိုင်း ကိုက်ဖြတ်ခြင်းကို ခံရပါပြီတကားဟု ငါဆိုရ၏။ ထိုကာလမှစ၍ သူ့ကို ငါမမြင်ရ။ ဤသူကိုလည်း ငါ့ထံမှယူသွား၍ သူ၌ ဘေးရောက်လျှင်၊ သင်တို့သည် ငါ့ဆံပင်ဖြူကို ဝမ်းနည်းခြင်းနှင့်တကွ မရဏာနိုင်ငံသို့ သက်ရောက်စေကြလိမ့်မည်ဟု ကျွန်တော်တို့အား ဆိုပါ၏
နှစ်ဆင့်နှင့် သုံးဆင့်ထိ ကိုးကားချက်ကို တွေ့ရသည်။ သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်တို့ သိသည်အတိုင်း၊ အဖမယား ရာခေလ၌ သားနှစ်ယောက် ဖွား၏။ တယောက်မှာ ဆုံးသွားပါပြီ။ အကယ်စင်စစ် သားရဲ၏ အပိုင်းပိုင်း ကိုက်ဖြတ်ခြင်းကို ခံရကြောင်း အဖဆိုပါ၏။ သို့ဖြင့် ထိုညီကို မမြင်ရတော့ပါ။ ယခု ဤညီငယ်ကိုလည်း သူ့ထံမှ ယူသွားခဲ့ရာ ဘေးရောက်လျှင်၊ ကျွန်ုပ်ဖခင်ကို ဝမ်းနည်းခြင်းကြောင့် မရဏာနိုင်သို့ ရောက်စေလိမ့်မည်ဖြစ်ကြောင်း ကျွန်တော်တို့ ထံ ဆိုပါ၏"

ဟု ကျွန်တော်တို့အား ဆိုပါ၏
ယောသပ်မှ လွဲ၍ ညီအစ်ကို အားလုံး ပါဝင်သည်။

သင်တို့သိသည်အတိုင်း
ညီအစ်ကိုတို့ကို ညွှန်းသော အများကိန်းညွှန်း နာမ်စားဖြစ်သည်။

သူသည် အပိုင်းအပိုင်း ကိုက်ဖြတ်ခြင်းကို ခံရပါပြီတကား
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သားရဲက သူ့ကို အပိုင်းပိုင်း ကိုက်ဖြတ်ပါပြီတကား"

သူ၌ ဘေးရောက်လျှင်
ဘေးဒုက္ခဖြစ်ကြောင်းကို ရောက်လာနိုင်သော အရာကဲ့သို့ တင်စားထားသည်။

သင်တို့သည် ငါ့ဆံပင်ဖြူကို ဝမ်းနည်းခြင်းနှင့်တကွ မရဏာနိုင်ငံသို့ သက်ရောက်စေကြလိမ့်မည်
"သက်ရောက်" ဟူရာတွင် မရဏာနိုင်ငံ ခေါ် ရှေးသြလပြည်သို့ ဆင်းသက်စေမည်ဟု အဓိပ္ပါယ်ရသည်။ မရဏာနိုင်ငံမှာ မြေအောက်တွင် ရှိသည်ဟူသော အတွေးအခေါ်ကြောင့် ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့သည် အိုမင်းသော ငါ့ကို ဝမ်းနည်းခြင်းနှင့်တကွ သေစေလိမ့်မည်"

ငါ့ဆံပင်ဖြူ
အိုပြီဖြစ်သော ယာကုပ်ကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အိုမင်းသော ငါ"

## Genesis 44:30

သို့ဖြစ်၍ ကျွန်တော်သည် . . . ဝမ်းနည်းခြင်းနှင့်တကွ မရဏာနိုင်ငံသို့ သက်ရောက်စေကြပါလိမ့်မည်
ဗင်္ယာမိန် မပါလျှင် ဖြစ်လာနိုင်မည့် အခြေအနေကို သုံးသပ်တင်ပြခြင်း ဖြစ်သည်။

ကျွန်တော်သည် ကိုယ်တော်ကျွန်၊ ကျွန်တော်အဘထံသို့ ရောက်သောအခါ
"ရောက်" ကို "သွား" သို့မဟုတ် "ပြန်" ဟူ၍လည်း ပြန်ဆိုနိုင်သည်။

သူငယ်မပါလျှင်
"လုလင်မပါလျှင်"

အဘ၏အသက်သည် သူငယ်၏အသက်၌ မှီလျက်ရှိသောကြောင့်
သူငယ်မရှိလျှင် ဖခင်သေမည်အကြောင်းကို အသက်နှစ်ခု ဆက်နွယ်နေသကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ညီငယ်နှင့် အသက်ချင်း ဆက်ထားသောကြောင့်"

ကိုယ်တော်ကျွန်တော်တို့သည်၊ ကိုယ်တော်ကျွန် တည်းဟူသော ကျွန်တော်တို့အဘ ဆံပင်ဖြူကို ဝမ်းနည်းခြင်းနှင့်တကွ မရဏာနိုင်ငံသို့ သက်ရောက်စေကြပါလိမ့်မည်
"သက်ရောက်" ဟူရာတွင် မရဏာနိုင်ငံ ခေါ် ရှေးသြလပြည်သို့ ဆင်းသက်စေမည်ဟု အဓိပ္ပါယ်ရသည်။ မရဏာနိုင်ငံမှာ မြေအောက်တွင် ရှိသည်ဟူသော အတွေးအခေါ်ကြောင့် ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်တော်မျိုးတို့သည်၊ ကိုယ်တော့်ကျွန် ကျွန်ုပ်တို့အဖကို ဝမ်းနည်းခြင်းကြောင့် သေစေကြပါလိမ့်မည်"

ကိုယ်တော်ကျွန်တော်တို့
ကြီးမြတ်သူရှေ့၌ မိမိကိုယ်ကို ညွှန်းဆိုသော အသုံးအနှုန်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်တော့်ကျွန် အကျွန်ုပ်တို့" သို့မဟုတ် "ကျွန်တော်မျိုးတို့"

ကိုယ်တော်ကျွန် တည်းဟူသော ကျွန်တော်တို့အဘ ဆံပင်ဖြူ
"ဆံပင်ဖြူ" က ယာကုပ်နှင့် အိုမင်းသော သူ၏ အသက်ကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်တော့်ကျွန် တည်းဟူသော အိုမင်းသော ကျွန်ုပ်တို့အဖ"

ကိုယ်တော်ကျွန်က . . . အဘထံမှာ သူငယ်၏အာမခံ ဖြစ်ပါ၏
စိတ္တဇနာမ် "အာမခံ" ကို ကြိယာပုဒ် "ကတိပေး" ဖြင့် ပြောင်းဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်တော့်ကျွန်က ... ဖခင်အား ကတိပေးခဲ့ပါပြီ"

ကိုယ်တော်ကျွန်
ယုဒက မိမိကိုယ်ကို ညွှန်းဆိုထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်တော့်ကျွန် အကျွန်ုပ်" သို့မဟုတ် "ကျွန်တော်မျိုး"

အဘရှေ့မှာ အပြစ်ကိုခံပါစေ
"အပြစ်ကိုခံ" ဟူ၍ အပြစ်တရားကို လူတယောက် သယ်နိုင်သကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဖခင်၏ အပြစ်တင်ခြင်းကို ခံပါမည်"

## Genesis 44:33

ကိုယ်တော်ကျွန်
ယုဒက မိမိကိုယ်ကို ညွှန်းဆိုခြင်း ဖြစ်သည်။ ကြီးမြတ်သူရှေ့၌ မိမိကိုယ်ကို ညွှန်းဆိုသော အသုံးအနှုန်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်တော့်ကျွန် အကျွန်ုပ်" သို့မဟုတ် "ကျွန်တော်မျိုး"

သခင်ထံ
ယောသပ်ကို ခေါ်ညွှန်းခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်၏ သခင်" သို့မဟုတ် "ကိုယ်တော့်ထံ"

သူငယ်သည် ကျွန်တော်၌ မပါလျှင်၊ ကျွန်တော် အဘထံသို့ အဘယ်သို့ ကျွန်တော်သွားနိုင်ပါမည်နည်း
ဗင်္ယာမိန် ပြန်မသွားလျှင် ဝမ်းနည်းပူဆွေးသဖြင့် အထက်ပါအတိုင်း ပြုနိုင်မည်မဟုတ်ကြောင်း ထင်ရှားစေရန် မေးလိုက်ခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်တော်နှင့်အတူ ညီငယ် မပါလျှင်၊ ဖခင်ထံ ပြန်သွားနိုင်မည် မဟုတ်ပါ"

သို့ပြုလျှင် ကျွန်တော်အဘ၌ ရောက်လတံ့သော ဘေးဥပဒ်ကို ကျွန်တော်မြင်ရပါလိမ့်မည်တကား
ဘေးဥပဒ်ကို တစုံတယောက်အပေါ် သက်ရောက်နိုင်သကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်တော့်ဖခင် ခံရမည့် သောကကို မမြင်ဝံ့ပါ"

## Chapter 45

[1] ထိုအခါ ယောသပ်သည် မိမိထံ၌ရှိသောသူ အပေါင်းတို့ရှေ့တွင်၊ ဣန္ဒြေကို မချုပ်တည်းနိုင်သော ကြောင့်၊ လူအပေါင်းတို့ငါ့ထံမှ
ထွက်သွားကြဟု ဟစ်၍ မိမိဇာတိအဖြစ်ကို အစ်ကိုတို့အားပြသောအခါ၊ အခြား သော သူတယောက်မျှ မရှိရ။ [2] သူသည်လည်း
ကျယ်သောအသံနှင့် ငိုကြွေး၏။ အဲဂုတ္တုလူတို့သည် နန်းတော်တိုင်အောင် ကြားကြ၏။ [3] အစ်ကိုတို့အားလည်း၊ ကျွန်ုပ် ယောသပ်
ဖြစ်၏။ ကျွန်ုပ်အဘသည် အသက်ရှင်သေးသလောဟု ဆို၏။ အစ်ကိုတို့သည် စကားတုံ့ပြန်၍ မပြောနိုင်အောင် သူ့ရှေ့မှာ
မိန်းမောတွေဝေလျက် နေကြ၏။ [4] ယောသပ်ကလည်း၊ ကျွန်ုပ်အနီးအပါးသို့လာကြ ပါလော့ဟု အစ်ကိုတို့အားဆိုလျှင်၊ သူတို့သည်
အနီးအပါး သို့ ချဉ်းလာကြ၏။ သူကလည်း ကျွန်ုပ်သည် အဲဂုတ္တုပြည် သို့ ရောင်းလိုက်သော သင်တို့ညီဖြစ်ပါ၏။ [5] သို့ရာတွင်
သင်တို့သည် ကျွန်ုပ်ကို ဤအရပ်သို့ ရောင်းလိုက်မိသောကြောင့် စိတ်မည်းငယ်ကြနှင့်။ ကိုယ်ကိုအမျက်မထွက်ကြနှင့်။
အကြောင်းမူကား၊ ဘုရား သခင်သည် လူတို့အသက်ကို စောင့်မစေခြင်းငှါ သင်တို့ ရှေ့မှာ ကျွန်ုပ်ကိုစေလွှတ်တော်မူပြီ။ [6] မြေပေါ်မှာ
နှစ်နှစ်အစာခေါင်းပါးခဲ့ပြီ။ လယ်လုပ်ခြင်း၊ စပါးရိတ်ခြင်းကို မပြုရသောနှစ် ငါးနှစ် ရှိသေး၏။ [7] ဘုရားသခင်သည် သင်တို့ကို
မြေကြီးပေါ်မှာ ကျန်ကြွင်းစေခြင်းငှါလည်း၊ ကြီးစွာသော ကယ်တင်ခြင်း အားဖြင့် သင်တို့အသက်ကို ချမ်းသာစေခြင်းငှါလည်း၊
သင်တို့ရှေ့မှာ ကျွန်ုပ်ကို စေလွှတ်တော်မူပြီ။ [8] သို့ဖြစ်၍ သင်တို့သည် ကျွန်ုပ်ကိုဤအရပ်သို့ စေလွှတ်သည်မဟုတ်၊
ဘုရားသခင်စေလွှတ်တော်မူ သတည်း။ ကျွန်ုပ်ကို ဖါရောဘုရင်၏အဘအရာ၌၎င်း၊ နန်းတော်အုပ်အရာ၌၎င်း၊ အဲဂုတ္တုပြည်လုံးကို
အုပ်စိုး သောသခင်အရာ၌၎င်း ခန့်ထားတော်မူပြီ။ [9] အလျင်အမြန်ထ၍ အဘထံသို့ သွားကြလော့။ အဘအားလည်း၊
သားယောသပ်က၊ ဘုရားသခင်သည် ကျွန်ုပ်ကို အဲဂုတ္တုပြည်လုံးသခင်ဖြစ်စေတော်မူပြီ။ ကျွန်ုပ်ထံသို့လာပါ၊ မဆိုင်းပါနှင့်။ [10]
အဘသည် ဂေါရှင်အရပ်၌ နေရမည်။ ကျွန်ုပ် အနားမှာရှိရမည်။ အဘမှစ၍ သားမြေး၊ သိုး၊ နွားနှင့်တကွ ရှိသမျှပါရမည်။ [11]
ထိုအရပ်၌ ကျွန်ုပ်ကျွေးမွေးပါမည်။ သို့မဟုတ် အဘမှစ၍ အိမ်သူအိမ်သားနှင့်တကွ ရှိသမျှ တို့သည် ဆင်းရဲခြင်းသို့
ရောက်ကြလိမ့်မည်။ အစာ ခေါင်းပါးသောနှစ် ငါးနှစ်ရှိသေးသည်ဟု ပြောကြလော့။ [12] ကျွန်ုပ်သည် ကိုယ်တိုင်သင်တို့နှင့်
နှုတ်ဆက်သည်ကို၊ သင်တို့မျက်စိ၊ ကျွန်ုပ်ညီဗယ်္ယာမိန် မျက်စိ အမြင်သားဖြစ်၏။ [13] အဲဂုတ္တုပြည်၌ ကျွန်ုပ်ရသော ဘုန်းစည်းစိမ်းမှ
စ၍ သင်မြင်သမျှတို့ကို အဘအား ပြောရမည်။ အလျင် အမြန်ပြု၍ အဘကို ဤပြည်သို့ ဆောင်ခဲ့ရမည်ဟု ဆိုပြီးလျှင်၊ [14]
ညီဗယ်္ယာမိန်လည်ပင်းကို ဘက်၍ ငိုလေ၏။ ဗယ်္ယာမိန်သည်လည်း သူ၏လည်ပင်း၌ ငိုလေ၏။ [15] တဖန် အစ်ကိုရှိသမျှတို့ကို နမ်း၍
သူတို့နှင့် ငိုသောနောက် အချင်းချင်းနှုတ်ဆက်ကြ၏။ [16] ယောသပ်အစ်ကိုတို့သည် ရောက်လာကြပြီဟု နန်းတော်၌ သိတင်းကြား၍၊
ဖာရောဘုရင် အစရှိသော ကျွန်တော်မျိုးတို့သည် နှစ်သက်ကြ၏။ [17] ဖါရောဘုရင်သည်လည်း ယောသပ်ကိုခေါ်၍၊
သင်၏အစ်ကိုတို့အား အဘယ်သို့ပြောရမည်နည်းဟူမူ ကား၊ သင်တို့သည် ဤသို့ပြုကြလော့။ မြည်းတို့ကို ဝန်တင်၍ ခါနာန်ပြည်သို့
ပြန်သွားသဖြင့်၊ [18] သင်တို့အဘနှင့် အိမ်သူအိမ်သားတို့ကိုယူ၍ ကျွန်ုပ်ထံသို့ လာကြလော့။ အဲဂုတ္တုပြည်၏စည်းစိမ်းကို ငါပေး၍၊
သင်တို့သည် မြေသြဇာကိုသာ စားရကြလိမ့် မည်။ [19] အမိန့်တော်ရှိသည်ဖြစ်၍ ဤသို့ပြုကြလော့။ သင်တို့မိန်းမများ၊ သူငယ်များဘို့၊
အဲဂုတ္တုပြည်ထဲက လှည်း တို့ကို ယူပြီးလျှင် အဘကိုဆောင်၍ လာခဲ့ကြလော့။ [20] သင်တို့ဥစ္စာများကို မနှမြောကြနှင့်။ အဲဂုတ္တုပြည် ၏
စည်းစိမ်ရှိသမျှသည် သင်တို့ဥစ္စာဖြစ်၏ဟု အမိန့် တော်ရှိသည်အတိုင်း၊ [21] ဣသရေလ၏ သားတို့သည်ပြု၍၊ ယောသပ်သည်
လှည်းတို့ကို၎င်း၊ လမ်းခရီး၌ စားစရိတ်များကို၎င်း ပေး၏။ [22] အစ်ကိုရှိသမျှတို့အားလည်း အဝတ်လဲစရာဘို့ပေး၏။
ဗယ်္ယာမိန်အားလည်း၊ ငွေအကျပ်သုံးရာနှင့် အဝတ် လဲစရာဘို့ အဝတ်ငါးစုံကို ထပ်၍ ပေး၏။ [23] အဘအားလည်း အဲဂုတ္တုပြည်၏
ကောင်းသောအရာတို့ကို ဆောင်သော မြည်းတဆယ်၊ လမ်းခရီး၌ အဘစားစရာဘို့ စပါး၊ မုန့်၊ ခဲဘွယ်စားဘွယ်များကို
ဆောင်သောမြည်းတဆယ်ကို ပေးလိုက်၏။ [24] သင်တို့သည် လမ်း၌ရန်မတွေ့ကြနှင့်ဟု မှာထားလျက် အစ်ကိုတို့ကို လွှတ်လိုက်၍
သူတို့သည် သွားကြ၏။ [25] ထိုသို့အဲဂုတ္တုပြည်မှ ထွက်သွား၍၊ ခါနာန်ပြည် အဘယာကုပ်ထံသို့ ရောက်ကြလျှင်၊ [26] ယောသပ်သည်
အသက်ရှင်သေး၏။ အဲဂုတ္တု ပြည်လုံးကို အုပ်စိုးရ၏ဟု ကြားပြောကြသည်ရှိသော်၊ ယာကုပ်သည် စိတ်နှလုံးလျော့၏။ သူတို့စကားကို
မယုံ နိုင်။ [27] သူတို့သည်လည်း ယောသပ်ပြောသမျှသော စကားတို့ကို ပြန်ပြောကြ၏။ အဘယာကုပ်သည် မိမိ စီးစရာဘို့
ယောသပ်ပေးလိုက်သော လှည်းတို့ကို မြင် သောအခါ စိတ်နှလုံးအားဖြည့်ပြန်၏။ [28] ဣသရေလကလည်း၊ တန်တော့။
ငါ့သားယောသပ် အသက်ရှင်သေး၏။ ငါမသေမီ သူ့ကိုသွား၍ ကြည့်မည်ဟုဆို၏။

---

### Genesis 45:1

ဣန္ဒြေကို မချုပ်တည်းနိုင်သောကြောင့်
စိတ်ခံစားချက်ကို မချုပ်တည်းနိုင်ကြောင်း ဆိုလိုသည်။ အပြုသဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဣန္ဒြေကို မထိန်းနိုင်သောကြောင့်"

မိမိထံ၌
"မိမိအနား"

နန်းတော်
နန်းတွင်းသားများအားလုံးကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "နန်းတွင်းသားများ ရှိရာ"

သူ့ရှေ့မှာ မိန်းမောတွေဝေလျက် နေကြ၏
"သူ့ရှေ့မှာ ထိတ်လန့်လျက် ရှိကြ၏"

### Genesis 45:4

အဲဂုတ္တုပြည်သို့ ရောင်းလိုက်သော
ပို၍တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုသို့ ကျွန်အဖြစ် ကုန်သည်များထံ ရောင်းလိုက်သော"


generated on Fri Sep 22 10:08:29 2023

စိတ်မညှိုးငယ်ကြနှင့်
"ဝမ်းနည်းခြင်း မရှိကြနှင့်" သို့မဟုတ် "သောက မဖြစ်ကြနှင့်"

သင်တို့သည် ကျွန်ုပ်ကို ဤအရပ်သို့ ရောင်းလိုက်မိသောကြောင့်
ပို၍တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်ကို အဲဂုတ္တုပြည်သို့ ကျွန်အဖြစ် ရောင်းမိသောကြောင့်"

လူတို့အသက်ကို စောင့်မစေခြင်းငှါ
အစာခေါင်းပါးခြင်းကြောင့် သေသွားရမည်ဖြစ်သော်လည်း ယောသပ်အားဖြင့် ရှင်သွားကြသူများကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အသက်များစွာကို ကယ်မခြင်းငှါ"

လယ်လုပ်ခြင်း၊ စပါးရိတ်ခြင်းကို မပြုရသောနှစ် ငါးနှစ်ရှိသေး၏
"လယ်လုပ်၍ စပါးရိတ်ခြင်း မပြုနိုင်သောနှစ် ငါးနှစ်ရှိသေး၏။" "လယ်လုပ်ခြင်း၊ စပါးရိတ်ခြင်း မပြုရသော" ဟူရာတွင် မိုးခေါင်ရေရှားသဖြင့် စပါးမထွက်နိုင်ကြောင်း ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "နောက်ထပ် ငါးနှစ် အစာခေါင်းပါး အုံးမည်"

## Genesis 45:7

သင်တို့ကို မြေကြီးပေါ်မှာ ကျန်ကြွင်းစေခြင်းငှါရင်း
"သင်တို့ တအိမ်သားလုံးကို အစာခေါင်းပါးခြင်းဒဏ် မခံရစေခြင်းငှါ လည်းကောင်း" သို့မဟုတ် "သင်တို့ မျိုးဆက် ရှင်ကျန်စေခြင်းငှါ လည်းကောင်း" (UDB)

ကြီးစွာသော ကယ်တင်ခြင်းအားဖြင့် သင်တို့အသက်ကို ချမ်းသာစေခြင်းငှါရင်း
စိတ္တဇနာမ် "ကယ်တင်ခြင်း" ကို ကြိယာပုဒ်ဖြင့် အစားသွင်းနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့ အသက်ကို ချမ်းသာစေခြင်းငှါ ကြီးမားသောနည်းလမ်းဖြင့် ကယ်တင်မည်ကိုလည်းကောင်း"

ကျွန်ုပ်ကို ဖါရောဘုရင်၏ အဘအရာ၌ရင်း
ဖါရောမင်းကို အကြံပေးသောသူ ဖြစ်သောကြောင့် ဖါရောမင်း၏ ဖခင်ကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်ကို ဖါရောမင်း၏ အကြံပေးအရာ၌ လည်းကောင်း" သို့မဟုတ် "ကျွန်ုပ်ကို ဖါရောမင်း၏ အကြံပေး မှူးမတ်အရာ၌ လည်းကောင်း"

နန်းတော်အုပ်အရာ၌ရင်း
နန်းတွင်းသားအားလုံး ပါဝင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "နန်းတွင်းသားများအပေါ်၌လည်းကောင်း" သို့မဟုတ် "နန်းတော်တခုလုံးအပေါ်၌လည်းကောင်း"

အဲဂုတ္တုပြည်လုံးကို အုပ်စိုးသောသခင်အရာ၌ရင်း
အဲဂုတ္တုပြည်သားအားလုံးလည်း ပါဝင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုပြည်သား အားလုံးကို အုပ်စိုးသောသခင်အရာ၌လည်းကောင်း"

အုပ်စိုးသောသခင်
အဲဂုတ္တုရှင်ဘုရင် ဖါရောမင်းပြီးနောက် ဒုတိယအကြီးဆုံး ဖြစ်ကြောင်း ဆိုလိုသည်။ ၎င်းကို ရှင်းလင်းစွာ ဖော်ပြနိုင်သည်။

## Genesis 45:9

အဘထံသို့ သွားကြလော့
အခြားသော ဘာသာပြန်ဆိုချက်၊ "အဖထံသို့ ပြန်ကြလော့"

အဘအားလည်း၊ သားယောသပ်က . . . ဟု ပြောကြလော့
သုံးဆင့် ကိုးကားထားသည်။ နှစ်ဆင့်ဖြင့် ကိုးကားချက်ကို လျှော့ချနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဖထံ၊ ... ဟု ကျွန်ုပ်ဆိုကြောင်း ပြောကြလော့"

ကျွန်ုပ်ထံသို့လာပါ
အဲဂုတ္တုပြည်မှာ ခါနာန်ပြည်ထက် မြေနေရာ ပိုနိမ့်သဖြင့် "ဆင်း" ဟု ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်ထံသို့ ဆင်းလာပါ"

ဆင်းရဲခြင်းသို့ ရောက်ကြလိမ့်မည်
ဆင်းရဲခြင်းမှာ သွားရ၍ရသော အရပ်ကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဆင်းရဲကြလိမ့်မည်" သို့မဟုတ် "ငတ်ပြတ်ကြလိမ့်မည်"

## Genesis 45:12

သင်တို့မျက်စိ၊ ကျွန်ုပ်ညီ ဗယ်္ာမိန်မျက်စိ အမြင်သားဖြစ်၏
"မျက်စိ" က လူတယောက်လုံးကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဗယ်္ာမိန် အပါအဝင် သင်တို့အားလုံး မြင်ခဲ့လေပြီ"

ကျွန်ုပ်သည် ကိုယ်တိုင်သင်တို့နှင့် နှုတ်ဆက်သည်ကို
"နှုတ်" က လူတယောက်လုံးကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်ယောသပ် ကိုယ်တိုင် သင်တို့နှင့် ပြောဆိုသည်ကို"

အဲဂုတ္တုပြည်၌ ကျွန်ုပ်ရသော ဘုန်းစည်းစိမ်း
"အဲဂုတ္တုပြည်သားတို့၏ ရိုသေချီးမြှောက်မှု"

အဘကို ဤပြည်သို့ ဆောင်ခဲ့ရမည်
အခြားသော ဘာသာပြန်ဆိုချက်၊ "အဖကို ကျွန်ုပ်ထံသို့ ဆောင်ခဲ့ရမည်"

## Genesis 45:14

ညီဗယ်္ာမိန် လည်ပင်းကိုဘက်၍ ငိုလေ၏။ ဗယ်္ာမိန်သည်လည်း သူ၏လည်ပင်း၌ ငိုလေ၏
"ညီဗယ်္ာမိန် လည်ပင်းကို ဖက်၍၊ နှစ်ယောက်လုံး ငိုကြ၏"

တဖန် အစ်ကိုရှိသမျှတို့ကို နမ်း၍
ရှေးခေတ် အရှေ့အလယ်ပိုင်းဒေသ၏ နှုတ်ဆက်သော ဓလေ့ဖြစ်သည်။ ပြန်ဆိုမည့် ဘာသာစကား၏ အသုံးအနှုန်းဖြင့် ဖော်ပြနိုင်သည်။

သူတို့နှင့် ငိုသောနောက်
အစ်ကိုတို့အား နမ်းရင်း ငိုခြင်းဖြစ်သည်။

အချင်းချင်း နှုတ်ဆက်ကြ၏
အစပိုင်းတွင် စကားမပြောနိုင်ခဲ့ကြ။ သို့သော် ယခုတွင် လွတ်လပ်စွာ စကားပြောကြသည်။ ၎င်းကို တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ညီအစ်ကိုများအားလုံး လွတ်လပ်စွာ စကားပြောကြ၏"

## Genesis 45:16

ယောသပ်အစ်ကိုတို့သည် ရောက်လာကြပြီဟု နန်းတော်၌ သိတင်းကြား၍
ဆိုခဲ့သောစကားကို ပြန်လည်ကိုးကားထားသည်။ သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ ကတ္တားဝါကျဖြင့်

ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယောသပ် အစ်ကိုတို့ ရောက်လာကြောင်း နန်းတွင်းသားတို့ ကြားသိ၍"

နန်းတော်
ဖါရောမင်း၏ နန်းတော်ကို ညွှန်းသည်။

သင်၏အစ်ကိုတို့အား အဘယ်သို့ ပြောရမည်နည်းဟူမူကား၊ သင်တို့သည် ဤသို့ပြုကြလော့။ မြည်းတို့ကို ဝန်တင်၍ ခါနာန်ပြည်သို့ ပြန်သွားသဖြင့်၊ သင်တို့အဘနှင့် အိမ်သူအိမ်သားတို့ကိုယူ၍ ကျွန်ုပ်ထံသို့ လာကြလော့။ အဲဂုတ္တုပြည်၏စည်းစိမ်းကို ငါပေး၍၊ သင်တို့သည် မြေဩဇာကိုသာ စားရကြလိမ့်မည်
ဆိုစကားကို ကိုးကားထားသည်။ သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်၏ အစ်ကိုတို့ထံ သူတို့ မြည်းများကို ဝန်တင်၍ ခါနာန်ပြည်သို့ပြန်ပြီး၊ ဖခင်နှင့်အိမ်သားတို့ကို ခေါ်လာရန် ပြောလော့။ ရောက်လာသောအခါ၊ သူတို့အား အဲဂုတ္တုပြည်၏ အကောင်းဆုံးမြေကို ငါပေး၍၊ အကောင်းဆုံးအစာကို စားရမည်အကြောင်း ကြားပြောလော့"

အဲဂုတ္တုပြည်၏စည်းစိမ်းကို ငါပေး၍
"အဲဂုတ္တုပြည်၏ အကောင်းဆုံးမြေကို ငါပေး၍"

သင်တို့သည် မြေဩဇာကိုသာ စားရကြလိမ့်မည်
အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့သည် အကောင်းဆုံးအစာကိုသာ စားရကြလိမ့်မည်"

**Genesis 45:19**

ယေဘုယျ အချက်အလက်
အစ်ကိုတို့ထံ ပြောရမည့်စကားကို ဖါရောမင်း ဆက်လက်မိန့်မှာသည်။

အမိန့်တော်ရှိသည်ဖြစ်၍ ဤသို့ပြုကြလော့
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင့်အား အမိန့်ပေးခဲ့ပြီ"

အမိန့်တော်ရှိသည်ဖြစ်၍ ဤသို့ပြုကြလော့။ သင်တို့မိန်းမများ၊ သူငယ်များဘို့၊ အဲဂုတ္တုပြည်ထဲက လှည်းတို့ကို ယူပြီးလျှင် အဘကိုဆောင်၍ လာခဲ့ကြလော့။ သင်တို့ဥစ္စာများကို မနှမြောကြနှင့်။ အဲဂုတ္တုပြည်၏ စည်းစိမ်ရှိသမျှသည် သင်တို့ဥစ္စာဖြစ်၏
ဆိုစကားကို ကိုးကားထားသည်။ သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အမိန့်တော်အတိုင်း ပြုလော့။ သူတို့မယားနှင့် သားသမီးများနှင့် ဖခင်ကို ဆောင်ရန် အဲဂုတ္တုပြည်၏ လှည်းတို့ကို ပေးလော့။ ပိုင်သမျှဥစ္စာများကို နှမြောခြင်း မရှိရန်လည်း မှာထားလော့။ အဲဂုတ္တုပြည်၏ အကောင်းဆုံး စည်းစိမ်အားလုံးကို သူတို့အား ငါပေး၏"

လှည်းတို့ကို ယူပြီးလျှင်
"လှည်း" ဟူရာတွင် ဘီးနှစ်ခု သို့မဟုတ် လေးခု စသည်ဖြင့် တပ်ထားသော တိရစ္ဆာန်ဆွဲ လှည်းမျိုးကို ညွှန်းသည်။

**Genesis 45:21**

လမ်းခရီး၌ စားစရိတ်များကိုငင်း ပေး၏
"ခရီးစရိတ်များကိုလည်းကောင်း ပေး၏"

အစ်ကိုရှိသမျှတို့အားလည်း အဝတ်လဲစရာဘို့ပေး၏
အဝတ် ၅ ထည်ရသော ဗင်္ယာမိန်မှအပ အစ်ကိုအားလုံးက အဝတ်ကို တယောက်လျှင် တစ်ထည်စီ ရရှိကြသည်။

အကျပ်သုံးရာ
"ဒင်္ဂါး ၃၀၀"

မြည်းတဆယ် . . . မြည်းတဆယ်
မြည်းများမှာလည်း ညီအစ်ကို ရရှိသော လက်ဆောင်တွင် ပါဝင်သည်။

**Genesis 45:24**

ရန်မတွေ့ကြနှင့်
ဖြစ်နိုင်ချေများမှာ၊ ၁) "ရန်မဖြစ်ကြနှင့်" သို့မဟုတ် ၂) "စိုးရိမ်ခြင်းမရှိကြနှင့်"

အဲဂုတ္တုပြည်လုံးကို အုပ်စိုးရ၏
အဲဂုတ္တုပြည်သားတို့ကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုပြည်သားတို့သခင် ဖြစ်၏"

စိတ်နှလုံးလျော့၏
"စိတ်နှလုံး" လူတယောက်လုံးကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အံ့ဩခြင်းရှိ၏" သို့မဟုတ် "အလွန် အံ့ဩလေ၏

သူတို့စကားကို မယုံနိုင်
"သူတို့ စကားကို လက်မခံနိုင်"

**Genesis 45:27**

သူတို့သည်လည်း . . . ပြန်ပြောကြ၏
"သူတို့ကလည်း ... ယာကုပ်ထံ ကြားပြော၏"

ယောသပ် ပြောသမျှသော စကားတို့
အခြားသော ဘာသာပြန်ဆိုချက်၊ "ယောသပ် မှာထားသည့်အတိုင်း"

စိတ်နှလုံး အားဖြည့်ပြန်၏
"စိတ်နှလုံး" က ဝိညာဉ်ကို ကိုယ်စားပြုပြီး လူတစ်ယောက်လုံးကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ပြန်လည် ခွန်အားဖြစ်လေ၏" သို့မဟုတ် "စိတ်လှုပ်ရှား တက်ကြွလေ၏"

## Chapter 46

1 ထိုအခါ ဣသရေလသည် မိမိဥစ္စာရှိသမျှနှင့်တကွ ခရီးသွား၍ ဗေရရှေဘအရပ်သို့ ရောက်လျှင်၊ မိမိ အဘဣဇာက်၏
ဘုရားသခင်အား ယဇ်ပူဇော်ခြင်းကို ပြုလေ၏။ 2 ညဉ့်အခါ ဗျာဒိတ်တော်အားဖြင့် ဘုရားသခင် က၊ ယာကုပ်၊ ယာကုပ်
ဟုခေါ်တော်မူလျှင်၊ ယာကုပ်က အကျွန်ုပ်ရှိပါသည်ဟု လျှောက်လေ၏။ 3 ထာဝရဘုရားကလည်း၊ ငါသည် ဘုရားသခင် ဖြစ်၏။
သင့်အဘ၏ ဘုရားသခင်ဖြစ်၏။ အဲဂုတ္တုပြည်သို့ သွားရမည်အခွင့်ကို မစိုးရိမ်နှင့်။ ငါသည် ထိုပြည်၌ သင့်ကို လူမျိုးကြီးဖြစ်စေမည်။
4 အဲဂုတ္တုပြည်သို့ သင်နှင့်အတူ ငါသွားမည်။ တဖန် ငါဆောင်ခဲ့ဦး မည်။ ယောသပ်သည် မိမိလက်ကို သင်၏မျက်စိပေါ်မှာ
တင်ရလိမ့်မည်ဟု မိန့်တော်မူ၏။ 5 တဖန်ယာကုပ်သည် ဗေရရှေဘအရပ်မှထွက်၍၊ သူ့စီးစရာဘို့ ဖါရောမင်းပေးလိုက်သော
လှည်းတို့ဖြင့် ဣသရေလ၏သားတို့သည် အဘမှစ၍ မိန်းမများနှင့် သူငယ်များတို့ကို ဆောင်လျက်၊ 6 ခါနာန်ပြည်၌ရသော
တိရစ္ဆာန်များနှင့် ဥစ္စာများကိုလည်း ယူ၍ အဲဂုတ္တုပြည်သို့ သွားကြ၏။ 7 ယာကုပ်သည် ကိုယ်တိုင်မှစ၍ သားသမီးမြေးတည်းဟူသော
အမျိုးအနွယ်အပေါင်းတို့ကို အဲဂုတ္တုပြည် သို့ ဆောင်သွားလေ၏။ 8 အဲဂုတ္တုပြည်သို့ရောက်သော ဣသရေလသားတို့၏အမည်ကား၊
ယာကုပ်နှင့် သူ၏သားများ။ သားဦးရုဗင်။ 9 ရုဗင်သား။ ဟာနုတ်၊ ဖါလု၊ ဟေဇရုံ၊ ကာမိ။ 10 ရှိမောင်သား။ ယေမွေလ၊ ယာမိန်၊
သြဟဒ်၊ ယာခိန်၊ ဇောဟာ၊ ခါနာန်အမျိုး မိန်းမ၏သား ရှောလ။ 11 လေဝိသား။ ဂေရရှုံ၊ ကောဟတ်၊ မေရာရိ။ 12 ယုဒသား။ ဧရ၊
သြနန်၊ ရှေလ၊ ဖါရက်၊ ဇာရ။ ထိုသူတို့တွင် ဧရနှင့်သြနန်သည် ခါနာန်ပြည်၌ သေ သတည်း။ ဖါရက်သား၊ ဟေဇရုံနှင့် ဟာမုလ။ 13
ဣသခါသား။ တောလ၊ ဖုဝါ၊ ယောဘ၊ ရှိမရုန်။ 14 ဇာဗုလုန်သား။ သရက်၊ ဧလုန်၊ ယာလေလ။ 15 ဤသူတို့ကား၊
ယာကုပ်မယားလေအာသည် ပါဒနာရံအရပ်၌ ဘွားသော သားတည်း။ သမီးဒိနနှင့် တကွ၊ သားသမီးပေါင်းသုံးဆယ်သုံး။ 16 ဂဒ်သား။
ဇိဖျုန်၊ ဟဂ္ဂိ၊ ရှုနိ၊ ဧဇေုန်၊ ဧရိ၊ အရောဒိ၊ အရေလိ။ 17 အာရှာသား။ ယိမန။ ဣရွှာ၊ ဣရွှိ၊ ဗေရိယ၊ နှမစေရတည်း။ ဗေရိယသား၊
ဟေဗာနှင့် မာလချေလ။ 18 ဤသူတို့ကား၊ လာဗန်သည် သမီးလေးအာအား၊ လက်ဖွဲ့သော ယာကုပ်မယား ဇိလပဘွားသော သား
တည်း။ ပေါင်းတဆယ်ခြောက်။ 19 ယာကုပ်မယား ရာခေလသား။ ယောသပ်နှင့် ဗယ်္ာမိန်။ 20 အဲဂုတ္တုပြည်၌ သြနမြို့၏
ယဇ်ပုရောဟိတ် ပေါတိဖေရသမီးအာသနတ်တွင် ယောသပ်နှင့်ရသော သား၊ မနာရှေနှင့်ဇဖရိမ်။ 21 ဗယ်္ာမိန်သား။ ဗေလ၊ ဗေခါ၊
အာရှဗေလ၊ ဂေရ၊ နေမန်၊ ဧဟိ၊ ရောရှ၊ မုပိမ်၊ ဟုပိမ်၊ အာရဒ။ 22 ဤသူတို့ကား၊ ယာကုပ်မယား ရာခေလဘွားသောသားတည်း။
ပေါင်းတဆယ်လေး။ 23 ဒန်သား။ ဟုရှိမ်။- 24 နဿလိသား။ ယာဇေလ၊ ဂုနိ၊ ယေဇာ၊ ရှိလင်။ 25 ဤသူတို့ကား၊ လာဗန်သည်
သမီးရာခေလအား လက်ဖွဲ့သော ယာကုပ်မယား ဗိလဟာဘွားသော သားတည်း။ ပေါင်းခုနစ်။ 26 ယာကုပ်ချွေးမများကို မဆိုဘဲ၊
ယာကုပ်မှဆင်းသက်၍၊ သူနှင့်အတူ အဲဂုတ္တုပြည်သို့သွားသော လူပေါင်း ကား၊ ခြောက်ဆယ်ခြောက်ယောက်တည်း။ 27 အဲဂုတ္တုပြည်၌
ယောသပ်ရနှင့်သော သားနှစ်ယောက်ရှိ၏။ သို့ဖြစ်၍ အဲဂုတ္တုပြည်သို့ရောက်သော ယာကုပ်၏အမျိုးသားအပေါင်းကား
ခုနစ်ဆယ်တည်း။ 28 ယောသပ်ထံသို့ ဂေါရှင်ပြည်ကိုသွားစေခြင်းငှါ ယုဒကို အရင်စေလွှတ်ပြီးမှ ဂေါရှင်ပြည်သို့ရောက်ကြ၏။ 29
ယောသပ်သည် ရထားကိုပြင်၍ အဘဣသရေလကို ခရီးဦးကြိုပြုခြင်းငှါ ဂေါရှင်ပြည်သို့ သွား၍ အဘရှေ့သို့ရောက်သော်၊
အဘ၏လည်ပင်းကို ဘက်လျက် ကြာကြာငိုလေ၏။ 30 ဣသရေလကလည်း၊ ယခုငါသေပါစေသော။ သင်၏မျက်နှာကို ငါမြင်ရပြီ။
သင်သည် အသက်ရှင်သေး ၏ဟု ယောသပ်အား ဆိုလေ၏။ 31 ယောသပ်ကလည်း၊ ဖါရောမင်းထံသို့ ကျွန်ုပ် သွားဦးမည်။
ခါနာန်ပြည်၌နေသော ကျွန်တော်အစ်ကို များ၊ ကျွန်တော်အဘ၏ အိမ်သားများတို့သည် ကျွန်တော် ထံသို့ ရောက်ကြပါပြီ။ 32
ထိုသူတို့သည် သိုးထိန်းဖြစ်ပါ၏။ သိုးနွားတို့ကို မွေးသောသူဖြစ်ပါ၏။ သူတို့သိုးနွားမှစ၍ ရှိသမျှတို့ကို ဆောင်ခဲ့ကြပါပြီဟု
လျှောက်မည်။ 33 နောက်တခါ သင်တို့ကို ဖါရောမင်းခေါ်၍ သင်တို့သည် အဘယ်သို့ လုပ်ဆောင်တတ်သနည်းဟု မေးတော်မူလျှင်၊ 34
ကိုယ်တော်ကျွန်တော်တို့သည် ဘိုးဘေးနှင့်တကွ၊ ငယ်သော အရွယ်မှစ၍ ယခုတိုင်အောင် သိုးနွားတို့ကို မွေးသောသူဖြစ်ကြပါ၏ဟု
လျှောက်ရမည်။ သို့ဖြစ်၍ ဂေါရှင်ပြည်မှာ နေသောအခွင့်ကို ရကြလိမ့်မည်။ သိုး ထိန်းဖြစ်သောသူကို အဲဂုတ္တုလူတို့သည်
ရွံရှာတတ်ကြ၏ ဟု အစ်ကိုများ အဘ၏အိမ်သားများတို့ကို ပြောဆို၏။

---

### Genesis 46:1

ဗေရရှေဘအရပ်သို့ ရောက်လျှင်
"ဗေရရှေဘ အရပ်သို့ ရောက်သော်"

အကျွန်ုပ်ရှိပါသည်
"မိန့်တော်မူပါ ဘုရား"

အဲဂုတ္တုပြည်သို့ သွားရမည်အခွင့်ကို
အဲဂုတ္တုပြည်မှာ ခါနာန်ပြည်ထက် မြေနေရာနိမ့်သဖြင့်
"ဆင်းသွား" ဟုလည်း ဖော်ပြနိုင်သည်။

သင့်ကို လူမျိုးကြီးဖြစ်စေမည်
ယာကုပ်ကို ညွှန်းသော အနည်းကိန်းညွှန်းနာမ်စား ဖြစ်သည်။
သို့ရာတွင် ဣသရေလ၏ အမျိုးအနွယ်တို့ကိုလည်း
ကိုစားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင့်ကို
များပြားစေ၍ လူမျိုးကြီးဖြစ်စေမည်"

အဲဂုတ္တုပြည်သို့
"အဲဂုတ္တုပြည်တွင်"

တဖန် ငါဆောင်ခဲ့ဦးမည်
ယာကုပ်ထံ ဂတိပြုခဲ့သော်လည်း၊ ဣသရေလ၏
မျိုးဆက်များအပေါ် ထိုဂတိတော် ပြီးပြည့်စုံမည် ဖြစ်သည်။
အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုပြည်မှ အကယ်စင်စစ်
သင်၏ မျိုးဆက်တို့ကို ငါ ခေါ်ဆောင်ခဲ့ဦးမည်"

ယောသပ်သည် မိမိလက်ကို သင်၏မျက်စိပေါ်မှာ တင်ရလိမ့်မည်
ယာကုပ် သေဆုံးချိန်တွင် သူ၏ မျက်စိကို ယောသပ်က
ပိတ်ပေးမည်ဟု ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊
"ယောသပ်သည် မိမိလက်ဖြင့် သင့်မျက်စိကို ပိတ်ပေးလိမ့်မည်"


generated on Fri Sep 22 10:08:29 2023

သင်၏မျက်စိပေါ်မှာ တင်ရလိမ့်မည်
လူတယောက် သေဆုံးလျှင် မျက်စိ ပိတ်ပေးရသော ထုံးစံရှိသည်။ ၎င်းကို တိကျစွာ ဖော်ပြနိုင်သည်။

## Genesis 46:5

မှ ထွက်၍
"မှ ခွာ၍"

လှည်းတို့ဖြင့်
"လှည်း" ဟူရာတွင် ဘီးနှစ်ခု သို့မဟုတ် လေးခု စသည်ဖြင့် တပ်ထားသော တိရစ္ဆာန်တွန်းလှည်းမျိုးကို ညွှန်းသည်။ ၄၅:၁၉ ရှိ "လှည်းတို့ကို ယူပြီးလျှင်" ပြန်ဆိုချက်ကို ရှု။

ရသော
"ပိုင်ရသော" (UDB) သို့မဟုတ် "ရရှိသော"

ယာကုပ်သည် ကိုယ်တိုင်မှစ၍ . . . ဆောင်သွားလေ၏
"ယာကုပ်သည် ... မိမိနှင့်အတူ ခေါ်ဆောင်လေ၏"

သားသမီးမြေး
"သားသမီး၊ မြေးနှင့်မြေးမ"

## Genesis 46:8

အမည်ကား
စာရင်းဖော်ပြမည့်သူများကို ညွှန်းသည်။

ဣသရေလသားတို့၏
"ဣသရေလ အမျိုးသားတို့၏"

ဟာနုတ်၊ ဖါလု၊ ဟေဇရုံ၊ ကာမိ . . . ယေမွေလ၊ ယာမိန်၊ သြဟဒ်၊ ယာခိန်၊ ဇောဟာ . . . ရှောလ . . . ဂေရရှုံ၊ ကောဟတ်၊ မေရာရိ
ယောကျ်ားအမည်များ ဖြစ်သည်။

## Genesis 46:12

ဧရ၊ သြနန်၊ ရှေလ
ရှုအာ ဖွားမြင်သော ယုဒ၏ သားများဖြစ်သည်။ ၃၈:၃ မှ ပြန်ဆိုချက်ကို ရှု။

ဖါရက်၊ ဇာရ
ချွေးမ တာမာ ဖွားမြင်သော ယုဒ၏ သားများဖြစ်သည်။ ၃၈:၂၉ မှ ပြန်ဆိုချက်ကို ရှု။

ဟေဇရုံ . . . ဟာမုလ . . . တောလ၊ ဖုဝါ၊ ယောဘ၊ ရှိမရုန် . . . သရက်၊ ဧလုန်၊ ယာလေလ
ယောကျ်ားအမည်များ ဖြစ်သည်။

ဒိန
လေအာသမီး၏ အမည်ဖြစ်သည်။ ၃၀:၁၉ မှ ပြန်ဆိုချက်ကို ရှု။

သားသမီးပေါင်း သုံးဆယ်သုံး
"သား" နှင့် "သမီး" ဟူရာတွင်၊ လေအာ ဖွားမြင်သော သားသမီး၊ မြေးမြေးမများကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သားသမီးမြေး အပေါင်း ၃၃ ဦးတည်း"

## Genesis 46:16

ဇိဖျုန်၊ ဟဂ္ဂိ၊ ရှုနိ၊ ဧဇဗုန်၊ ဧရိ၊ အရောဒိ၊ အရေလိ . . . ယိမန။ ဣရွှာ၊ ဣရွှိ၊ ဗေရိယ . . . ဟေဗာ . . . မာလချေလ
ယောကျ်ားအမည်များ ဖြစ်သည်။

စေရ
မိန်းမအမည် ဖြစ်သည်။

ဇိလပ
လေအာအစေခံမ၏ အမည်ဖြစ်သည်။ ၂၉:၂၃ မှ ပြန်ဆိုချက်ကို ရှု။

ပေါင်းတဆယ်ခြောက်
ဇိလပ ဖွားမြင်သော သားသာမီး၊ မြေးမြေးမများကို ညွှန်းသည်။

## Genesis 46:19

အာသနတ်
ယောသပ်အဖို့ မယားအဖြစ် ဖါရောမင်း စုံဖက်စေသောသူ၏ အမည်ဖြစ်သည်။ ၄၁:၄၄ မှ ပြန်ဆိုချက်ကို ရှု။

ပေါတိဖေရ
အာသနတ်ဖခင်၏ အမည်ဖြစ်သည်။ ၄၁:၄၄ မှ ပြန်ဆိုချက်ကို ရှု။

သြနမြို့၏ ယဇ်ပုရောဟိတ်
ဟေလိသြပိုလစ်မြို့ အမည်ရှိသော သြနမြို့ကို "နေမင်း၏ မြို့တော်" ဟု ခေါ် ပြီး၊ နေနတ် ရာ ကို ကိုးကွယ်သော ဘာသာရေး အချက်အချာကျရာ မြို့ဖြစ်သည်။ ၄၁:၄၄ မှ ပြန်ဆိုချက်ကို ရှု။

ဗေလ၊ ဗေခါ၊ အာရှဗေလ၊ ဂေရ၊ နေမန်၊ ဧဟိ၊ ရောရှ၊ မုပိမ်၊ ဟုပိမ်၊ အာရဒ
ယောကျ်ားအမည်များ ဖြစ်သည်။

ပေါင်းတဆယ်လေး
ရာခေလ ဖွားမြင်သော သားသမီး၊ မြေးမြေးမများကို ညွှန်းသည်။

## Genesis 46:23

ဟုရှိမ် . . . ယာဇေလ၊ ဂုနိ၊ ယေဇာ၊ ရှိလင်
ယောကျ်ားအမည်များ ဖြစ်သည်။

ဗိလဟာ
ရာခေလအစေခံမ၏ အမည်ဖြစ်သည်။ ၂၉:၂၈ မှ ပြန်ဆိုချက်ကို ရှု။

ပေါင်းခုနစ်
ဗိလဟာ ဖွားမြင်သော သားသမီး၊ မြေးများကို ညွှန်းသည်။

## Genesis 46:26

ခြောက်ဆယ်ခြောက်ယောက်
"၆၆ ယောက်"

ခုနစ်ဆယ်
"၇၀"

## Genesis 46:28

ဂေါရှင်ပြည်ကို သွားစေခြင်းငှါ
"ဂေါရှင်ပြည်ကို လမ်းညွှန်စေခြင်းငှါ"

ယောသပ်သည် ရထားကိုပြင်၍
ယောသပ်၏ အစေခံတို့ကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယောသပ်ကလည်း ရထားကို ပြင်စေပြီး"

အဘ၏လည်ပင်းကို ဘက်လျက် ကြာကြာငိုလေ၏
"ဖခင်လည်ပင်းကို ဖက်လျက် ကြာကြာငိုလေ၏"

ယခု ငါသေပါစေသော
"ယခု ငါသေဖို့ အသင့်ရှိ၏" သို့မဟုတ် "ယခု အေးချမ်းစွာ ငါသေနိုင်ပြီ"

သင်၏မျက်နှာကို ငါမြင်ရပြီ။ သင်သည် အသက်ရှင်သေး၏
"မျက်နှာ" က လူတယောက်လုံးကို ကိုယ်စားပြုသည်။ ယောသပ်ကို မြင်ရ၍ ဝမ်းသာဖြစ်မှုကို ဖော်ပြသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင် အသက်ရှင်သေးသည်ကို ငါမြင်ရ၏"

## Genesis 46:31

အဘ၏အိမ်သားများ
ကမ္ဘာဦးကျမ်း ၄၆:၃၄ ကို ရှု။

ဖါရောမင်းထံသို့ ကျွန်ုပ်သွားဦးမည်
ကြီးမြတ်သူထံ သွားရောက်ခြင်းကို "တက်သွား" ဟူ၍ ဖော်ပြရသည်။ အခြားသောဘာသာပြန်ဆိုချက်၊ "ဖါရောမင်းထံသို့ တက်သွားဦးမည်"

ခါနာန်ပြည်၌နေသော ကျွန်တော်အစ်ကိုများ . . . ရှိသမျှတို့ကို ဆောင်ခဲ့ကြပါပြီဟု လျှောက်မည်
သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ခါနန်ပြည်၌ နေသော ကျွန်တော်အစ်ကိုများ ... ရှိသမျှတို့ကို ဆောင်ခဲ့ကြောင်း ကျွန်ုပ်လျှောက်မည်"

## Genesis 46:33

နောက်တစ်ခါ
အကြောင်းအရာတခု၏ အရေးကြီးသောအခန်းကို အမှတ်ပြုသည်။ ပြန်ဆိုမည့် ဘာသာစကား၏ အသုံးအနှုန်းဖြင့် ဖော်ပြနိုင်သည်။

သင်တို့သည် အဘယ်သို့ လုပ်ဆောင်တတ်သနည်းဟု မေးတော်မူလျှင်
သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့၏ အလုပ်အကိုင်ကို မေးတော်မူလျှင်"

ကိုယ်တော်ကျွန်တော်တို့သည် . . . သိုးနွားတို့ကို မွေးသောသူ ဖြစ်ကြပါ၏ဟု လျှောက်ရမည်
သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့သည် ... သိုးနွားတို့ကို မွေးသောသူ ဖြစ်ကြောင်း လျှောက်ရမည်"

ကိုယ်တော်ကျွန်တော်တို့
ဖါရောမင်းရှေ့၌ မိမိတို့ကိုယ်ကို ခေါ်ညွှန်းသော အသုံးအနှုန်းဖြစ်သည်။ မိမိထက် ကြီးမြတ်သူရှေ့၌ အသုံးပြုသော အခေါ်အဝေါ် ဖြစ်သည်။ ပြောဆိုသူနာမ်စားဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်တော်မျိုးတို့"

သိုးထိန်းဖြစ်သောသူကို အဲဂုတ္တုလူတို့သည် ရွံရှာတတ်ကြ၏
နာမဝိသေသန "ရွံရှာ" ကို စိတ္တဇနာမ် "ရွံရှာခြင်း" ဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သိုးထိန်းတို့သည် အဲဂုတ္တုလူတို့၏ ရွံရှာခြင်းကို ခံရကြ၏"

အဘ၏အိမ်သားများ
တစ်မိသားစုလုံးကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဖခင်၏ မိသားစု" သို့မဟုတ် "အဖ၏ အိမ်သားများ"


generated on Fri Sep 22 10:08:29 2023

## Chapter 47

1 ထိုစကားအတိုင်း ယောသပ်သည် ဖါရောမင်း ထံသို့သွား၍၊ ကျွန်တော်အဘနှင့်အစ်ကိုတို့သည် သိုးနွား၊ ဥစ္စာရှိသမျှကို ဆောင်လျက်
ခါနာန်ပြည်ကရောက်လာ၍၊ ဂေါရှင်ပြည်၌ရှိကြပါသည်ဟု လျှောက်သဖြင့်၊ 2 အစ်ကိုစုထဲက ရွေး၍ ငါးယောက်တို့ကို အထံ
တော်သို့သွင်းလေ၏။ 3 ဖာရောမင်းကလည်း၊ သင်တို့သည် အဘယ်သို့ လုပ်ဆောင်လေ့ရှိကြသနည်းဟုမေးလျှင်၊ သူတို့က၊ ကိုယ်တော်
ကျွန်တို့သည် ဘိုးဘေးနှင့်တကွ သိုးထိန်း ဖြစ်ကြပါ၏ဟူ၍၎င်း၊ 4 ခါနာန်ပြည်၌ အလွန်အစာခေါင်းပါး၍ သိုးနွား
ကျက်စားရာမရှိသောကြောင့်၊ ကိုယ်တော်ကျွန်တို့သည် ပြည်တော်၌ တည်းခိုခြင်းငှါ လာကြပါ၏။ သို့ဖြစ်၍ ကိုယ်တော်ကျွန်တို့သည်
ဂေါရှင်ပြည်၌ နေရမည် အကြောင်း အခွင့်ပေးတော်မူပါဟူ၍၎င်း လျှောက်ကြ၏။ 5 ဖါရောမင်းကလည်း၊ သင်၏အဘနှင့်အစ်ကို
တို့သည် သင့်ထံသို့ ရောက်လာကြသည်ဖြစ်၍၊ 6 အဲဂုတ္တုပြည်သည် သင့်ရှေ့မှာ ရှိ၏။ သင်၏ အဘနှင့် သင်၏အစ်ကိုတို့ကို
အကောင်းဆုံးသော အရပ် ဂေါရှင်ပြည်၌ နေရာချလော့။ သူတို့တွင် အစွမ်းသတ္တိ ရှိသောသူအချို့တို့ကို တွေ့လျှင်
ငါ၏သိုးနွားအုပ်အရာ၌ ခန့်ထားလော့ဟု ယောသပ်အား မိန့်တော်မူ၏။ 7 ယောသပ်သည် အဘယာကုပ်ကို သွင်း၍ ဖါရောမင်းရှေ့မှာ
ထားသဖြင့်၊ ယာကုပ်သည် ဖါရောမင်း ကို ကောင်းကြီးပေး၏။ 8 ဖါရောမင်းက၊ သင်သည် အသက်အဘယ်မျှ လောက်ရှိပြီနည်းဟု
ယာကုပ်အား မေးလျှင်၊ 9 ကျွန်တော်သည် ဧည့်သည်အာဂန္တုဖြစ်၍ လွန် သော အသက်သည် အနှစ်တရာသုံးဆယ်ရှိပါပြီ။
ကျွန်တော်အသက်ရှင်သော နှစ်ပေါင်းနည်း၍ဆိုးပါ၏။ ဧည့်သည် အာဂန္တုဖြစ်သော ဘိုးဘေးတို့၏ အသက်တန်း ကို မမှီပါဟု
လျှောက်ဆိုပြီးလျှင်၊ 10 ဖါရောမင်းကို ကောင်းကြီးပေး၍ အထံတော်က ထွက်သွားလေ၏။ 11 ဖါရောမင်းအမိန့်တော်ရှိသည့်အတိုင်း၊
ယောသပ် သည် အဘနှင့် အစ်ကိုတို့ကို နေရာချ၍ အဲဂုတ္တုပြည်၌ အကောင်းဆုံးသောအရပ် ရာမသက်မြေကိုအပိုင်ပေး၏။ 12
အဘနှင့် အစ်ကိုများ၊ အဘ၏အိမ်သားရှိသမျှ တို့ကို အနည်းအများအလိုက် ကျွေးမွေး၏။ 13 အလွန်အစာခေါင်းပါး၍
တပြည်လုံးစားစရာ မရှိသောကြောင့်၊ အဲဂုတ္တုပြည်နှင့် ခါနာန်ပြည်သည် အားလျော့လေ၏။ 14 ပြည်သားဝယ်သော စပါးအဘိုး၊
အဲဂုတ္တုပြည်၊ ခါနာန်ပြည်၌ တွေ့သမျှသော ငွေကိုယောသပ်စုသိမ်း၍ နန်းတော်သို့ သွင်းထားလေ၏။ 15 အဲဂုတ္တုပြည်၊ ခါနာန်ပြည်၌
ငွေကုန်သောအခါ၊ အဲဂုတ္တုလူအပေါင်းတို့သည် ယောသပ်ထံသို့လာ၍ စား စရာဘို့ ပေးသနားတော်မူပါ။ ကျွန်တော်တို့သည်
ငွေကုန်သော်လည်း ရှေ့တော်၌ အဘယ်ကြောင့် သေရပါအံ့နည်းဟု လျှောက်ကြသော်၊ 16 ယောသပ်က၊ ငွေကုန်လျှင် တိရစ္ဆာန်များကို
ပေးကြ။ တိရစ္ဆာန်အတွက် စပါးကိုပေးမည်ဟုဆိုသည် အတိုင်း၊ 17 သူတို့သည် တိရစ္ဆာန်တို့ကိုယူခဲ့၍၊ ယောသပ် သည် မြင်း၊ သိုး၊ နွား၊
မြည်းတို့အတွက် စပါးကိုပေးသဖြင့် ထိုနှစ်တွင် တိရစ္ဆာန်ရှိသမျှတို့အတွက် ပြည်သားများကို ကျွေးမွေး၏။ 18 ထိုနှစ်ကုန်ပြီးမှ
ဒုတိယနှစ်တွင်လာကြလျှင်၊ ကျွန်တော်တို့ ငွေကုန်ကြောင်းကို သခင်ရှေ့မှာ မထိမ်ဝှက်ပါ။ ကျွန်တော်တို့ တိရစ္ဆာန်များကိုလည်း သခင်
ရပါပြီ။ သခင်ရှေ့မှာ ကျွန်တော်တို့ကိုယ်နှင့် မြေမှတပါး အဘယ်အရာမျှ မကျန်ပါ။ 19 ရှေ့တော်၌ အဘယ်ကြောင့်သေ၍ ပြည်တော်
ပျက်ရပါအံ့နည်း။ အစာကို ပေး၍ကျွန်တော်တို့နှင့် ကျွန်တော်တို့မြေကို ဝယ်ပါ။ ကျွန်တော်တို့သည် မြေနှင့် တကွ ဖါရောဘုရင်၏
ကျွန်ခံပါမည်။ ကျွန်တော်တို့သည် မသေ၊ အသက်ရှင်စေခြင်းငှါ၎င်း၊ ပြည်တော်သည် လူမဆိတ်ညံစေခြင်းငှါ၎င်း၊ မျိုးစေ့ကို ပေးပါဟု
လျှောက်ကြ သော်၊ 20 ယောသပ်သည် အဲဂုတ္တုမြေရှိသမျှကို ဖါရော မင်းမဘို့ဝယ်လေ၏။ အစာခေါင်းပါး၍ အဲဂုတ္တုလူတို့သည်
မတတ်နိုင်သောကြောင့်၊ အသီးအသီးပိုင်သော မြေအကွက်တို့ကို ရောင်းကြသဖြင့် မြေသည် ဘဏ္ဍာတော် ဖြစ်လေ၏။ 21
လူတို့ကိုကား၊ အဲဂုတ္တုပြည် တစွန်းမှသည် တစွန်းတိုင်အောင် မြို့တို့သို့ပြောင်းစေ၏။ 22 ယဇ်ပုရောဟိတ်တို့
ပိုင်သောမြေကိုကားမဝယ်။ သူတို့သည် ဖါရောမင်းကျွေးမွေးသည်အတိုင်း ကျွေးမွေး သော အစာကိုစားရကြ၏။ ထိုကြောင့်
မိမိတို့မြေကို မရောင်းရကြ။ 23 ယောသပ်ကလည်း၊ သင်တို့နှင့် သင်တို့မြေကို ဖါရောမင်းဘို့ ယနေ့ငါဝယ်ပြီ။ မျိုးစေ့ကို ယူ၍
လယ်လုပ်ကြလော့။ 24 အသီးအနှံကိုရသောအခါ၊ ငါးဘို့တွင်တဘို့ကို ဖါရောမင်းအား ဆက်ရကြမည်။ လေးဘို့ကိုကား သင်တို့ ယူ၍
နောက်တဖန်မျိုးစေ့ကို ကြဲကြလော့။ သင်တို့စား၍ အိမ်သားများ၊ သူငယ်များတို့ကို ကျွေးကြလော့ဟု ပြည်သားတို့အား ဆို၏။ 25
သူတို့ကလည်း၊ ကိုယ်တော်သည် ကျွန်တော်တို့ အသက်ကို ကယ်ပါပြီ။ သနားသော စိတ်နှင့်ကြည့်ရှုတော် မူပါ။ ကျွန်တော်တို့သည်
ဖာရောဘုရင်၏ကျွန်ခံရပါမည် ဟု လျှောက်ကြ၏။ 26 ထိုကြောင့် ဖါရောမင်းမပိုင်သော ယဇ်ပုရော ဟိတ်တို့ မြေကိုထား၍၊
ဖါရောမင်းသည် ငါးဘို့တွင် တဘို့ကိုပိုင်တော်မူစေဟု ယနေ့တိုင်အောင် အဲဂုတ္တုပြည်၌တည်သော ဓမ္မသတ်ကို ယောသပ်စီရင်၍ ထား
သတည်း။ 27 ဣသရေလ သားတို့သည်၊ အဲဂုတ္တုပြည် ဂေါရှင် အရပ်၌နေသဖြင့်၊ ဥစ္စာရတတ်၍ တိုးပွါးများပြားကြ၏။ 28
ယာကုပ်သည် အဲဂုတ္တုပြည်၌ ဆယ်ခုနစ်နှစ် အသက်ရှင်၍ အသက်နှစ်ပေါင်း တရာလေးဆယ်ခုနစ် နှစ်ရှိသတည်း။ 29
ဣသရေလသည် သေရသောအချိန်နီးသော်၊ သားယောသပ်ကို ခေါ်၍ ငါ့ကိုသနားလျှင် သင်၏ လက်ကို ငါ့ပေါင်အောက်၌
ထားပါလော့။ ကရုဏာသစ္စာ နှင့်အညီ ငါ၌ပြုပါ။ အဲဂုတ္တုပြည်၌ ငါ့ကိုမသင်္ဂြိုဟ်ပါနှင့်။ 30 ငါသည်ဘိုးဘေးနှင့်အတူ အိပ်ချင်ပါ၏။
အဲဂုတ္တု ပြည်မှ ငါ့ကို ဆောင်သွား၍ သူတို့သင်္ချိုင်း၌ သင်္ဂြိုဟ် ရမည်ဟုဆို၏။ ယောသပ်ကလည်း၊ အဘဆိုသည် အတိုင်း
အကျွန်ုပ်ပြုပါမည်ဟု ဝန်ခံလေ၏။ 31 ငါ့အားကျိန်ဆိုခြင်းကို ပြုပါဟု ဆိုပြန်လျှင်၊ ကျိန်ဆိုခြင်းကို ပြု၏။ ဣသရေလသည်လည်း
ခုတင် ခေါင်းရင်းပေါ်မှာ ကိုးကွယ်လေ၏။

### Genesis 47:1

အစ်ကိုစုထဲက ရွေး၍ ငါးယောက်တို့
UDB ပြန်ကျမ်းတွင် ဖါရောမင်းနှင့် တွေ့ဆုံမှုကို အခြေအနေအလိုက် ပြန်လည်စီစဉ်ထားပြီး၊ ULB ပြန်ကျမ်းတွင် ကျမ်းပြုဆရာ၏ လက်ရာအတိုင်း ပြန်ဆိုထားသည်။

### Genesis 47:3

ကိုယ်တော်ကျွန်တို့သည် ဘိုးဘေးနှင့်တကွ သိုးထိန်းဖြစ်ကြပါ၏
"ကိုယ်တော်ကျွန်တို့မှာ ဘိုးဘေးလက်ထက်မှစ၍ သိုးထိန်းဖြစ်ကြပါ၏"

ကိုယ်တော်ကျွန်တို့
မိမိထက် ကြီးမြတ်သူရှေ့၌ အသုံးပြုသော အခေါ်အဝေါ် ဖြစ်သည်။ ပြောဆိုသူနာမ်စားဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်တော်မျိုးတို့"

ဘိုးဘေးနှင့်တကွ
"ဘိုးဘေးများကဲ့သို့" သို့မဟုတ် "ဘိုးဘေး လက်ထက်မှစ၍"

ကိုယ်တော်ကျွန်တို့သည် ပြည်တော်၌ တည်းခိုခြင်းငှါ လာကြပါ၏
"ကျွန်တော်မျိုးတို့သည် ပြည်တော်၌ ခဏတာမျှ တည်းခိုခြင်းငှါ လာကြပါ၏"

သိုးနွား ကျက်စားရာ မရှိသောကြောင့်
"တိရစ္ဆာန် ကျက်စားရာ မရှိသောကြောင့်"

### Genesis 47:5

အဲဂုတ္တုပြည်သည် သင့်ရှေ့မှာရှိ၏
"အဲဂုတ္တုပြည်သည် သင့်အတွက်ဖြစ်၏" သို့မဟုတ် "အဲဂုတ္တုတပြည်လုံးသည် သင့်အတွက်ဖြစ်၏"

သင်၏အဘနှင့် သင်၏အစ်ကိုတို့ကို အကောင်းဆုံးသောအရပ် ဂေါရှင်ပြည်၌ နေရာချလော့
"သင့်အဖနှင့် သင့်အစ်ကိုတို့ကို အကောင်းဆုံးသောအရပ် ဂေါရှင်ပြည်၌ နေရာချလော့"

သူတို့တွင် အစွမ်းသတ္တိ ရှိသောသူ အချို့တို့ကို တွေ့လျှင်
သိုးနွား ထိန်းကျောင်းတတ်သူကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့တွင် တိရစ္ဆာန်ထိန်းကျောင်းမှုပညာကို တတ်မြောက်သော သူအချို့ကို သိလျှင်"

### Genesis 47:7

ယာကုပ်သည် ဖါရောမင်းကို ကောင်းကြီးပေး၏
တစုံတယောက်အပေါ် ကောင်းကျိုးဖြစ်၍ မင်္ဂလာဖြစ်စေရန် ဆန္ဒပြုပေးခြင်းကို ဆိုလိုသည်။

သင်သည် အသက်အဘယ်မျှလောက် ရှိပြီနည်း
"သင်၏ အသက် အဘယ်မျှလောက် ရှိပြီနည်း"

ကျွန်တော်သည် ဧည့်သည်အာဂန္တုဖြစ်၍ လွန်သောအသက်သည် အနှစ်တရာသုံးဆယ် ရှိပါပြီ
"ဧည့်သည် အာဂန္တုဖြစ်၍ လွန်သောအသက်" ဟူရာတွင် မြေကြီးပေါ်တွင် တနေရာမှ တနေရာသို့ ရွှေ့ပြောင်းရင်း ကျင်လည်ခဲ့ကြောင်း ထင်ရှားစေသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လောက၌ ကျင်လည်ခဲ့သည်မှာ အနှစ် ၁၃၀ ရှိပါပြီ"

ကျွန်တော် အသက်ရှင်သောနှစ်ပေါင်း နည်း၍ . . . ဘိုးဘေးတို့၏ အသက်တန်းကို မမှီပါ
ဘိုးဘေးဖြစ်သော အာဗြဟံနှင့် ဣဇာက်တို့၏ သက်တမ်းကို မမှီနိုင်ကြောင်း ဆိုလိုသည်။

ဆိုးပါ၏
ယာကုပ်သည် ဘဝတွင် နာကျင်မှုနှင့် ခက်ခဲမှုများစွာ ကြုံတွေ့ခဲ့ရသည်။

### Genesis 47:11

ယောသပ်သည် အဘနှင့် အစ်ကိုတို့ကို နေရာချ၍
"ယောသပ်ကလည်း အဖနှင့် အစ်ကိုတို့ကို နေရာချ၍"

ရာမသက်မြေ
ဂေါရှင်ဒေသ၏ နောက်အမည်ဖြစ်သည်။

### Genesis 47:13

အဲဂုတ္တုပြည်နှင့် ခါနာန်ပြည်
ထိုပြည်တို့တွင် နေထိုင်သူများကိုလည်း ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုပြည်နှင့် ခါနာန်ပြည်တွင် နေထိုင်သောသူများ"

အားလျော့လေ၏
"ပိန်နွဲ့လေ၏"

ပြည်သားဝယ်သော စပါးအဘိုး၊ အဲဂုတ္တုပြည်၊ ခါနာန်ပြည်၌ တွေ့သမျှသောငွေကို ယောသပ် စုသိမ်း၍
"အဲဂုတ္တုပြည်၊ ခါနာန်ပြည်မှ လူတို့ဝယ်သော စပါးအဖိုး၊ ရသမျှငွေကို ယောသပ် စုသိမ်း၍"

ယောသပ် စုသိမ်း၍ . . . သွင်းထားလေ၏
ယောသပ် ကိုယ်တိုင်မဟုတ်ဘဲ၊ မိမိအစေခံတို့ကို စေခိုင်းလိုက်ခြင်း ဖြစ်နိုင်သည်။

### Genesis 47:15

အဲဂုတ္တုပြည်၊ ခါနာန်ပြည်၌ ငွေကုန်သောအခါ
ပြည်သားတို့လည်း ပါဝင်သည်။ အပြုသဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဲဂုတ္တုပြည်၊ ခါနာန်ပြည်၌ ငွေကို လူတို့ သုံးဖြုန်းပြီးသောအခါ"

အဲဂုတ္တုပြည်၊ ခါနာန်ပြည်၌
"အဲဂုတ္တုပြည်နှင့် ခါနာန်ပြည်၏"

ကျွန်တော်တို့သည် ငွေကုန်သော်လည်း ရှေ့တော်၌ အဘယ်ကြောင့် သေရပါအံ့နည်း
အစာကို လိုအပ်နေကြောင်း သိသာစေရန် မေးလိုက်ခြင်း ဖြစ်သည်။ ဖြစ်ကြောင်းပြုဝါကျဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်တော်မျိုးတို့၌ ငွေကုန်သွားသောကြောင့် သေရန် လွှတ်မထားပါနှင့်"

ပြည်သားများကို ကျွေးမွေး၏
အခြားသော ဘာသာပြန်ဆိုချက်၊ "ပြည်သားများကို အစာကျွေးလေ၏"

## Genesis 47:18

လာကြလျှင်
"ယောသပ်ထံ ပြည်သားတို့ လာကြလျှင်"

သခင်ရှေ့မှာ မထိမ်ဝှက်ပါ
ယောသပ်ကို ညွှန်းဆိုသည်။ မိမိထက်ကြီးမြတ်သူကို ခေါ်ဆွန်းခြင်း ဖြစ်သည်။ ကြားနာသူနာမ်စားဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်တို့အရှင်၊ သခင့်ရှေ့မှာ ကွယ်ဝှက်ခြင်းမပြုပါ" သို့မဟုတ် "သခင့်ထံမှ ဝှက်ထားမည် မဟုတ်ပါ"

သခင်ရှေ့မှာ . . . အဘယ်အရာမျှ မကျန်ပါ
အခြားသော ဘာသာပြန်ဆိုချက်၊ "သခင့်အား ပေးရန် ... ဘယ်အရာမှ မကျန်ပါ"

ရှေ့တော်၌ အဘယ်ကြောင့်သေ၍ ပြည်တော် ပျက်ရပါအံ့နည်း
အစာကို အလွန်လိုအပ်နေကြောင်း ထင်ရှားစေရန် မေးလိုက်ခြင်းဖြစ်သည်။ ဖြစ်ကြောင်းပြဝါကျဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်တော်မျိုးတို့သေ၍ ပြည်ပျက်သည်ကိုသာ ကြည့်တော်မမူပါနှင့်"

## Genesis 47:20

မြေသည် ဘဏ္ဍာတော် ဖြစ်လေ၏
"တပြည်လုံးသည် ဖါရောမင်းအပိုင် ဖြစ်လေ၏"

ယဇ်ပုရောဟိတ်တို့ ပိုင်သောမြေကိုကားမဝယ်
"ပုရောဟိတ်တို့ မြေကိုကား မဝယ်"

သူတို့သည် ဖါရောမင်းကျွေးမွေးသည်အတိုင်း ကျွေးမွေးသောအစာကို စားရကြ၏
"ဖါရောမင်း ကျွေးမွေးသည်အတိုင်း စားရကြ၏"

## Genesis 47:23

လယ်လုပ်ကြလော့
"စိုက်ပျိုးကြလော့"

အသီးအနှံကိုရသောအခါ၊ ငါးဘို့တွင်တဘို့ကို ဖါရောမင်းအား ဆက်ရကြမည်။ လေးဘို့ကိုကား သင်တို့ယူ၍ နောက်တဖန်မျိုးစေ့ကို ကြဲကြလော့
"ငါးဖို့တဖို့" ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရိတ်သိမ်းချိန်တွင်၊ ငါးဖို့တဖို့ကို ဖါရောမင်းအား ဆက်သရမည်။ လေးဖို့ကို သင်တို့ယူ၍ တဖန် စိုက်ပျိုးကြလော့"

သင်တို့စား၍ အိမ်သားများ၊ သူငယ်များတို့ကို ကျွေးကြလော့
နားလည်ရ လွယ်ကူသော အသုံးအနှုန်းဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်တို့အိမ်သားများ၊ သားသမီးများကို ကျွေးကြလော့"

## Genesis 47:25

သနားသောစိတ်နှင့် ကြည့်ရှုတော်မူပါ
အခြားသော ဘာသာပြန်ဆိုချက်၊ "သခင့် စိတ်တော်နှင့် တွေ့ရပါစေသော"

အဲဂုတ္တုပြည်၌
"အဲဂုတ္တုပြည်တွင်" သို့မဟုတ် "အဲဂုတ္တုပြည် တလျှောက်လုံး၌"

ယနေ့တိုင်အောင်
ဤကျမ်းကို ပြုစုရေးသားသော အချိန်ကို ဆိုလိုသည်။

ငါးဘို့တွင်တဘို့
၄၇:၂၃ ရှိ "ငါးဖို့တဖို့" ပြန်ဆိုချက်ကို ရှု။

## Genesis 47:27

တိုးပွါးများပြားကြ၏
"များပြား" စွာ "တိုးပွါး" ကြောင်း ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သားသမီးများစွာ ထွန်းကားကြ၏"

တိုးပွါး
ဥစ္စာတိုးပွားခြင်း သို့မဟုတ် သားသမီး ဖွားမြင်ခြင်း စသည်ကို ဆိုလိုသည်။

ဆယ်ခုနစ်နှစ်
"၁၇ နှစ်"

အသက်နှစ်ပေါင်း တရာလေးဆယ်ခုနစ်နှစ် ရှိသတည်း
"အသက်ပေါင်း ၁၄၇ နှစ် ရှိသတည်း"

## Genesis 47:29

ဣသရေလသည် သေရသောအချိန်နီးသော်
သေဆုံးချိန်ကို အနီးရောက်လာသကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဣသရေလသည် သေဆုံးရန် နီးသော်"

ငါ့ကိုသနားလျှင်
အခြားသော ဘာသာပြန်ဆိုချက်၊ "ငါသည် သင့်စိတ်နှင့်တွေ့ရလျှင်" သို့မဟုတ် "ငါ့ကြောင့် သင်ကျေနပ်မှု ရလျှင်" (UDB)

သင်၏လက်ကို ငါ့ပေါင်အောက်၌ ထားပါလော့
ကတိသစ္စာတရားကို ဆိုသောအခါ သဘောတူသော လက္ခဏာဖြစ်သည်။ ၂၄:၁ မှ ပြန်ဆိုချက်ကို ရှု။

ကရုဏာသစ္စာ နှင့်အညီ ငါ၌ပြုပါ
စိတ္တဇနာမ် "ကရုဏာသစ္စာ" ကို နာမဝိသေသပုဒ်ဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့အပေါ် ဂရုဏာနှင့် သစ္စာရှိသော အမှုကို ပြုပါ"

အဲဂုတ္တုပြည်၌ ငါ့ကိုမသင်္ဂြိုဟ်ပါနှင့်
တောင်းပန်သော စကားဖြစ်၍ "ကျေးဇူးပြု၍" ဟု ထည့်သွင်းဖော်ပြနိုင်သည်။

ငါသည် ဘိုးဘေးနှင့်အတူ အိပ်ချင်ပါ၏
"အိပ်" ဟူရာတွင် သေဆုံးမှုကို ယဉ်ကျေးစွာ ညွှန်းဆိုခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါသည် ဘိုးဘေးနှင့်အတူ သေဆုံးလို၏"

ငါ့အား ကျိန်ဆိုခြင်းကို ပြုပါ
"ငါ့ကို ကတိပေးပါ" သို့မဟုတ် "ငါ့ထံ ကျိန်ဆိုပါ"

ကျိန်ဆိုခြင်းကို ပြု၏
"ကတိပေး၏" သို့မဟုတ် "ကျိန်ဆိုလိုက်၏"

## Chapter 48

1 နောက်တဖန်ယောသပ်သည် အဘနာကြောင်းကို ကြားသဖြင့်၊ သားနှစ်ယောက် မနာရှေနှင့်ဧဖရိမ်ကို ယူ၍သွား၏။ 2
သားယောသပ်လာကြောင်းကို ယာကုပ်သည် ကြားလျှင်၊ အားထုတ်၍ ခုတင်ပေါ်မှာထိုင်၏။ 3 ထိုအခါ ယာကုပ်က၊ အနန္တတန်ခိုးရှင်
ဘုရား သခင်သည်၊ ခါနာန်ပြည် လုဇမြို့၌ ငါ့အားထင်ရှား၍ ကောင်းကြီးပေးတော်မူလျက်၊ 4 ငါသည်သင့်ကို တိုးပွါးများပြားစေမည်။
သင့်ကို များစွာသော လူဖြစ်စေမည်။ သင်၏အမျိုးအနွယ်သည် သင့်နောက်မှ ဤပြည်ကို အစဉ်အမြဲပိုင်စေခြင်းငှါ ငါပေး မည်ဟု
မိန့်တော်မူ၏။ 5 သင်နေသော အဲဂုတ္တုပြည်သို့ ငါမရောက်မှီ၊ အဲဂုတ္တုပြည်၌ သင်ရနှင့်သော သားနှစ်ယောက်၊ ဧဖရိမ် နှင့်
မနာရှေတို့သည် ငါ့သားဖြစ်ရမည်။ ရုဗင်နှင့်ရှိမောင် ကဲ့သို့ ငါ့သားဖြစ်ရမည်။ 6 နောက်မှသင်ရသော သားတို့သည် သင်၏သား ဖြစ်၍
မိမိအမွေခံရာတွင် မိမိအစ်ကိုတို့အမည်ဖြင့် သမုတ် ရကြမည်။ 7 ငါသည်ပါဒနာရံအရပ်မှ လာသည်ကာလ၊ ခါနာန်ပြည်၌ ခရီးသွား၍၊
ဧဖရတ်မြို့နှင့်နီးသောအခါ၊ သင့်အမိရာခေလသည် ငါ့အနားမှာ သေရှာ၏။ သေ သောအရပ် ဗက်လင်အမည်ရှိသော ဧဖရတ်မြို့သို့
သွား သောလမ်း၌ သင်္ဂြိုဟ်လေသည်ဟု ယောသပ်အားဆို၏။ 8 တဖန်ဣသရေလသည် ယောသပ်၏သားတို့ကို ကြည့်ရှု၍၊
ဤသူတို့ကား အဘယ်သူနည်းမေးလျှင်၊ 9 ယောသပ်က၊ဤပြည်၌ အကျွန်ုပ်အား ဘုရား သခင် ပေးသနားတော်မူသော အကျွန်ုပ်၏
သားဖြစ်ပါ သည်ဟု အဘအားဆိုသော်၊ အဘက၊ ငါ့ထံသို့ လာပါစေ လော့။ သူတို့ကို ငါကောင်းကြီးပေးမည်ဟု ဆို၏။ 10
ဣသရေလသည် အသက်ကြီး၍ မျက်စိမှုန် သဖြင့်၊ မမြင်နိုင်သောကြောင့်၊ သားတို့ကို အနီးသို့ ချဉ်းကပ်စေ၍
ပိုက်ဘက်နမ်းရှုပ်လေ၏။ 11 ဣသရေလကလည်း၊ ငါသည် သင်၏မျက်နှာကို မြင်ရမည်ဟု ငါမထင်။ ယခုတွင်သင်၏သားတို့ကိုပင်
ဘုရားသခင်ပြတော်မူပြီဟု ယောသပ်အား ဆို၏။ 12 ယောသပ်သည်လည်း၊ သားတို့ကို အဘ၏ဒူး ကြားမှ ထုတ်၍
အဘရှေ့၌ဦးညွှတ်ချစေ၏။ 13 တဖန်ယောသပ်သည် သားတို့ကိုယူ၍ ဧဖရိမ်ကို လက်ျာလက်နှင့် ကိုင်လျက်၊ ဣသရေလ
လက်ဝဲလက်သို့ငှင်း၊ မနာရှေကို လက်ဝဲလက်နှင့် ကိုင်လျက်၊ ဣသရေလ လက်ျာလက်သို့ငှင်း ချဉ်းကပ်စေ၏။ 14
မနာရှေသည်သားဦးဖြစ်သော်လည်း၊ ဣသ ရေလသည် မိမိလက်တို့ကို ဆန့်၍လိမ္မာစွာ ပံ့ပြင်လျက်၊ အသက်ငယ်သောသူ
ဧဖရိမ်၏ခေါင်းပေါ်မှာ လက်ျာ လက်ကို တင်ပြီးလျှင်၊ လက်ဝဲလက်ကို မနာရှေ၏ ခေါင်း ပေါ်မှာ တင်၏။ 15 ယောသပ်ကို
ကောင်းကြီးပေးလျက်၊ ငါ့အဘ အာဗြဟံနှင့်ဣဇာက်ကိုးကွယ်သော ဘုရားသခင်၊ ငါ့ကို တသက်လုံး ယနေ့တိုင်အောင်
ကျွေးမွေးတော်မူသော ဘုရားသခင်တည်းဟူသော၊ 16 ငါ့ကိုခပ်သိမ်းသော ဘေးဒဏ်အထဲက ကယ် နှုတ်တော်မူသော
ကောင်းကင်တမန်သည်၊ ဤသူငယ် တို့ကို ကောင်းကြီးပေးတော်မူပါစေသော။ သူတို့ကို ငါ့အမည်ဖြင့်ငှင်း၊ ငါ့အဘအာဗြဟံနှင့်
ဣဇာက်၏အမည် ဖြင့်ငှင်း၊ ထပ်၍မှည့်ပါစေသော။ သူတို့သည် မြေကြီးပေါ် မှာ အလွန်တိုး ပွါးများပြားပါစေသောဟု မြွက်ဆို၏။ 17
အဘသည်လက်ျာလက်ကို ဧဖရိမ်၏ခေါင်းပေါ်မှာ တင်သည်ကို ယောသပ်မြင်လျှင်၊ အားမရ သည်ဖြစ်၍၊ 18 မဟုတ်ပါအဘ။
ဤသူသည် သားဦးဖြစ်ပါ၏။ သူ၏ခေါင်းပေါ်မှာ လက်ျာလက်ကိုတင်ပါဟု ဆိုလျက် အဘ၏ လက်ကိုဧဖရိမ်ခေါင်းပေါ်က
မနာရှေခေါင်းပေါ် သို့ ပြောင်းခြင်းငှါ ချီလေ၏။ 19 အဘသည်ငြင်း၍၊ ငါသိ၏ငါသား၊ ငါသိ၏။ သူသည် ကြီးစွာသော
လူစုဖြစ်လိမ့်မည်။ သို့သော်လည်း၊ သူ့ညီသည် သူ့ထက်သာ၍ ကြီးသဖြင့်၊ သူ၏ အမျိုး အနွယ်သည် များစွာသော
လူအစုစုဖြစ်လိမ့်မည်ဟု ဆို၏။ 20 တဖန်ဘုရားသခင်သည် သင့်ကို ဧဖရိမ်ကဲ့သို့ ငှင်း၊ မနာရှေကဲ့သို့ငှင်း
ဖြစ်စေတော်မူပါစေသောဟူ၍ ဣသရေလအမျိုးသားတို့ သည်သင့်အားဖြင့် ကောင်းကြီးပေးကြလိမ့်မည်ဟု
တိုနေ့၌သူတို့ကိုကောင်းကြီးပေးလေ၏။ ထိုသို့မနာရှေရှေ့မှာ ဧဖရိမ်ကိုနေရာချသတည်း။ 21 ဣသရေလကလည်း၊ ငါသေတော့မည်။
သို့သော်လည်း၊ ဘုရားသခင်သည် သင်တို့ဘက်၌ရှိ၍၊ သင်တို့ကို ဘိုးဘေးနေရာ ပြည်သို့ တဖန် ဆောင်တော်မူလိမ့်မည်။ 22 ထိုမှတပါး
သင်၏အစ်ကိုတို့အားပေးသည်ထက် သင့်အားသာ၍ ပေးသောအရာဟူမူကား၊ ငါ့ထား၊ ငါ့ လေးဖြင့် အာမောရိအမျိုးသားလက်မှ
နှုတ်ယူသောအရာ ကို သင့်အား ငါပေးသည်ဟု ယောသပ်ကို ပြောဆို၏။

---

### Genesis 48:1

ယောသပ်သည် . . . ကြားသဖြင့်
"ယောသပ်ထံ ... ကြားပြောသဖြင့်"

အဘနာကြောင်းကို
"ကြည့်ပါ၊ သင့်အဖ နာမကျန်းဖြစ်သည်ဟု။" "ကြည့်ပါ" ဟူ၍ ယောသပ်၏ အာရုံစိုက်မှုကို တောင်းဆိုသည်။

ယူ၍သွား၏
"ခေါ်သွား၏"

ယာကုပ်သည် ကြားလျှင်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယာကုပ်အား ကြားပြောလျှင်"

သားယောသပ်လာကြောင်းကို
"သင်၏ သားယောသပ် လာပြီဟု"

အားထုတ်၍ ခုတင်ပေါ်မှာထိုင်၏
"အား" ကို ထုတ်သုံးနိုင်သောအရာကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကုတင်ပေါ်မှာ ကြိုးစား၍ ထိုင်၏" သို့မဟုတ် "ကုတင်ပေါ်၌ အားထုတ်၍ ထိုင်၏"

### Genesis 48:3

လုဇမြို့
မြို့အမည် ဖြစ်သည်။ ၂၈:၁၈ မှ ပြန်ဆိုချက်ကို ရှု။

ငါ့အားထင်ရှား၍ ကောင်းကြီးပေးတော်မူလျက်
သီးခြားဝါကျအဖြစ် ဖော်ပြနိုင်သည်။ အခြားသော ဘာသာ ပြန်ဆိုချက်၊ "ငါ့အား ထင်ရှား၍ ကောင်းကြီးပေးတော်မူ၏။ ထို့နောက်"


generated on Fri Sep 22 10:08:29 2023

ကောင်းကြီးပေး
မင်္ဂလာရှိမည်အကြောင်း ဘုရားသခင်၏ သမုတ်ခြင်းဖြစ်သည်။

ငါသည်သင့်ကို တိုးပွါးများပြားစေမည်။ သင့်ကို များစွာသောလူ ဖြစ်စေမည်။ သင်၏အမျိုးအနွယ်သည် သင့်နောက်မှ ဤပြည်ကို အစဉ်အမြဲ ပိုင်စေခြင်းငှါ ငါပေးမည်ဟု မိန့်တော်မူ၏
သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်က ငါ့ကို တိုးပွါးများစေမည်ဖြစ်ကြောင်း မိန့်တော်မူ၏။ ငါ့ကို များစွာသောလူ ဖြစ်စေပြီး၊ ငါ၏ အမျိုးအနွယ်ထံ ထိုပြည်ကို ထာဝစဉ်အတွက် အပိုင်ပေးမည်အကြောင်း မိန့်တော်မူ၏"

ငါသည် သင့်ကို တိုးပွါးများပြားစေမည်
"များပြား" စွာ "တိုးပွါး" ရန် ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါသည် သင်၏ အမျိုးအနွယ်ကို များပြားစေမည်"

သင့်ကို များစွာသောလူ ဖြစ်စေမည်
ယာကုပ်ကိုသာ ညွှန်းသော်လည်း ယာကုပ်၏ အမျိုးအနွယ်အားလုံးကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင်၏ မျိုးဆက်ကို များစွာဖြစ်စေမည်"

အစဉ်အမြဲ ပိုင်စေခြင်းငှါ
"အစဉ်ပိုင်ဆိုင်ရန် အတွက်"

### Genesis 48:5

ဧဖရိမ်နှင့် မနာရှေတို့သည် ငါ့သားဖြစ်ရမည်
ဧဖရိမ်နှင့် မနာရှေတို့သည် ယောသပ်၏ ညီအစ်ကိုများကဲ့သို့ နယ်မြေကို ခွဲဝေခွင့်ရရှိမည်။

မိမိအမွေခံရာတွင် မိမိအစ်ကိုတို့အမည်ဖြင့် သမုတ်ရကြမည်
ဖြစ်နိုင်ချေများမှာ၊ ၁) ဧဖရိမ်နှင့် မနာရှေတို့သည် ဣသရေလလူမျိုး၏ မျိုးစုနွယ်တခုအဖြစ် ရပ်တည်ရမည်ဟု ဆိုလိုသည် သို့မဟုတ် ၂) ဧဖရိမ်နှင့် မနာရှေတို့သည် ယောသပ်ကဲ့သို့ နယ်မြေသီးသန့် ရရှိမည်ဖြစ်ပြီး၊ နောက်ထပ် မွေးသော သားများက ယောသပ်၏ အမွေကို ဆက်ခံရမည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အစ်ကိုတို့နှင့်အတူ အမွေခံစာရင်းတွင် ပါဝင်ရကြမည်"

ဧဖရတ်မြို့
ဗက်လင်မြို့၏ အခြားအမည်ဖြစ်သည်။ ၃၅:၁၆ မှ ပြန်ဆိုချက်ကို ရှု။

ဗက်လင်အမည်ရှိသော
ကျမ်းပြုဆရာ၏ နောက်ခံသမိုင်းကို ဖော်ပြထားသည်။

### Genesis 48:8

ဤသူတို့ကား အဘယ်သူနည်း
"ဤသူတို့ကား မည်သူ့သားများ ဖြစ်သနည်း"

ကောင်းကြီးပေး
သားသာမီးနှင့် မြေးမြေးမတို့အပေါ် ကောင်းခြင်းမင်္ဂလာ ဖြစ်စေရန် သမုတ်ခြင်းဖြစ်သည်။

ပိုက်ဘက်နမ်းရှုပ်လေ၏
"သူငယ်တို့ကို ပိုက်ဖက် နမ်းရှုပ်လေ၏"

### Genesis 48:11

ငါသည် သင်၏မျက်နှာကို မြင်ရမည်ဟု ငါမထင်
"မျက်နှာ" က လူတယောက်လုံးကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါသည် သင့်ကို ပြန်မြင်ရမည်မထင်ခဲ့"

အဘ၏ဒူး ကြားမှ
ဣသရေလ၏ ဒူးကြား သို့မဟုတ် ပေါင်ပေါ်တင်ပေးခြင်းမှာ ထိုသူငယ်တို့ကို မွေးစားသည့်သဘော ဖြစ်သည်။ ယာကုပ်ထံမှ အထူးအခွင့်အရေးကို ရရှိစေသည်။

အဘရှေ့၌ ဦးညွှတ်ချစေ၏
ဖခင်ရှေ့၌ ဦးညွှတ် ဂါရဝပြုခြင်းဖြစ်သည်။

မနာရှေကို လက်ဝဲလက်နှင့် ကိုင်လျက်၊ ဣသရေလ လက်ျာလက်သို့ငှင်း
မနာရှေခေါင်းကို ဣသရေလ၏ လက်ယာဘက် တင်ရန် ယောသပ် နေရာချပေးသည်။ သားကြီး မနာရှေအပေါ် လက်ယာဘက် တင်ခြင်းမှာ ပို၍ကြီးသော ကောင်းကြီးကို ပေးမည်ဟူသော လက္ခဏာဖြစ်သည်။

### Genesis 48:14

ဧဖရိမ်၏ခေါင်းပေါ်မှာ လက်ျာလက်ကို တင်ပြီးလျှင်
ဧဖရိမ်ကို ပို၍ကြီးသော ကောင်းကြီးကို ပေးမည်ဟူသော လက္ခဏာဖြစ်သည်။

ယောသပ်ကို ကောင်းကြီးပေးလျက်
ယောသပ်၏ သားများဖြစ်သော ဧဖရိမ်နှင့် မနာရှေတို့လည်း ပါဝင်သည်။ ဖခင်ဖြစ်သော ယောသပ်ကိုသာ ညွှန်းထားသည်။

ငါ့အဘ အာဗြဟံနှင့်ဣဇာက် ကိုးကွယ်သော ဘုရားသခင်
အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့အဖိုး အာဗြဟံနှင့် အဖဣဇာက်တို့ ကိုးကွယ်သော ဘုရားသခင်"

ငါ့ကို . . . ကျွေးမွေးတော်မူသော
ဘုရားသခင်က သိုးများကို ကျွေးမွေးသကဲ့သို့ ဣသရေလကို ကျွေးမွေးတော်မူခဲ့သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့ကို ... သိုးထိန်းကဲ့သို့ ကျွေးမွေးတော်မူသော"

ကောင်းကင်တမန်
ဖြစ်နိုင်ချေများမှာ၊ ၁) ယာကုပ်အား စောင့်ရှောက်ရန် ဘုရားသခင် စေလွှတ်သော ကောင်းကင်တမန် သို့မဟုတ် ၂) ယာကုပ်အား စောင့်ရှောက်ရန် ကောင်းကင်တမန်အသွင်ဖြင့် ထင်ရှားတော်မူသော ဘုရားသခင်

ငါ့ကို . . . ကယ်နှုတ်တော်မူသော
"ငါ့ကို ... စောင့်မတော်မူသော"

သူတို့ကို ငါ့အမည်ဖြင့်၎င်း၊ ငါ့အဘ အာဗြဟံနှင့်ဣဇာက်၏ အမည်ဖြင့်၎င်း၊ ထပ်၍မှည့်ပါစေသော
"အမည်" သည်လူတယောက်လုံးကို ကိုယ်စားပြုသည်။ "ငါ့အမည်ဖြင့် ... မှည့်ပါစေ" ဟူရာတွင် တစုံတယောက်အားဖြင့် သူ့ကို အမှတ်ရစေကြောင်း ဆိုလိုသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့သည် အာဗြဟံ၊ ဣဇာက်နှင့် ငါ့ကို လူတို့ အမှတ်ရစေသော အကြောင်းဖြစ်စေသတည်း"

သူတို့သည် မြေကြီးပေါ်မှာ အလွန်တိုးပွါးများပြားပါစေသော
"သူတို့" ဟူရာတွင် ဧဖရိမ်နှင့် မနာရှေကို ညွှန်းပြီး၊ သူတို့၏ အမျိုးအနွယ် အသီးသီးကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူတို့ အမျိုးအနွယ်သည် မြေတပြင်လုံးသို့ ပျံ့နှံ့ပါစေသော"

## Genesis 48:17

သူ၏ခေါင်းပေါ်မှာ လက်ျာလက်ကိုတင်ပါ
လက်ယာဘက်မှာ သားဦး ရထိုက်သည့် ပို၍ ကြီးသော ကောင်းကြီးမင်္ဂလာ၏ လက္ခဏာဖြစ်သည်။

## Genesis 48:19

သူသည် ကြီးစွာသောလူစု ဖြစ်လိမ့်မည်
မနာရှေကို ညွှန်းပြီး၊ သူ၏မျိုးနွယ်စုကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သားကြီး၌ မျိုးနွယ်များစွာ မွေးဖွားပြီး၊ လူမျိုးကြီး ဖြစ်လိမ့်မည်"

ထိုနေ့၌ သူတို့ကို ကောင်းကြီးပေးလေ၏
အခြားသော ဘာသာပြန်ဆိုချက်၊ "ဤသို့ဖြင့် ထိုနေ့၌ သူတို့ကို ကောင်းကြီး ပေးလေ၏"

. . . ဣသရေလအမျိုးသားတို့သည် သင်အားဖြင့် ကောင်းကြီးပေးကြလိမ့်မည်
"... ဣသရေလအမျိုးတို့သည် သင်တို့အမည်ဖြင့် ကောင်းကြီး ပေးကြလိမ့်မည်"

ဘုရားသခင်သည် သင့်ကို ဧဖရိမ်ကဲ့သို့၎င်း၊ မနာရှေကဲ့သို့၎င်း ဖြစ်စေတော်မူပါစေသောဟူ၍
သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်ထံ ဆုတောင်းသောအခါ ဧဖရိမ်ကဲ့သို့လည်းကောင်း၊ မနာရှေကဲ့သို့လည်းကောင်း ဖြစ်စေမည်အကြောင်း"

ဧဖရိမ်ကဲ့သို့၎င်း၊ မနာရှေကဲ့သို့၎င်း
ဧဖရိမ်အမည်ကို ရှေ့တင်ခြင်းဖြင့် အစ်ကိုမနာရှေထက် ပို၍ကြီးမြတ်မည်အကြောင်းကို ဖော်ပြသည်။

မနာရှေရှေ့မှာ ဧဖရိမ်ကို နေရာချသတည်း
မနာရှေထက် ဧဖရိမ်ကို ပို၍ကောင်းကြီး ပေးခြင်းကို ရှေ့တန်းတင်သကဲ့သို့ တင်စားထားသည်။

## Genesis 48:21

သင်တို့ဘက် . . . သင်တို့ကို
ဣသရေလ တစ်မျိုးလုံးကို ညွှန်းသည်။

ဘုရားသခင်သည် သင်တို့ဘက်၌ရှိ၍
ဣသရေလလူမျိုးကို ကူညီ၍ ကောင်းကြီးပေးမည်ဟု ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုရားသခင်သည် သင်တို့ကို စောင့်ရှောက်၍" သို့မဟုတ် "ဘုရားသခင်သည် သင်တို့ကို ကောင်းကြီးပေး၍"

သင်တို့ကို . . . တဖန်ဆောင်တော်မူလိမ့်မည်
"ဆောင်" ကို "ခေါ်ယူ" ဖြင့် အစားထိုး ဖော်ပြနိုင်သည်။

ဘိုးဘေးနေရာ ပြည်
"ဘိုးဘေးတို့ ပြည်"

ထိုမှတပါး သင်၏အစ်ကိုတို့အား ပေးသည်ထက် သင့်အား သာ၍ပေးသောအရာ ဟူမူကား . . . အရာကို သင့်အား ငါပေးသည်
ဖြစ်နိုင်ချေများ၊

သင့်အား
ယောသပ်ကို ညွှန်းသော အနည်းကိန်းညွှန်း နာမ်စား ဖြစ်သည်။

ငါ့ထား၊ ငါ့လေးဖြင့် အာမောရိအမျိုးသားလက်မှ နှုတ်ယူသောအရာ
"ထား" နှင့် "လေး" က စစ်တိုက်ခြင်းကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့ ဓား၊ ငါ့လေးဖြင့် အာမောရိအမျိုးတို့ထံမှ တိုက်ယူသော တောင်စောင်းအရပ်"

 

## Chapter 49

1 ထိုရောအခါ၊ ယာကုပ်သည် မိမိသားတို့ကို ခေါ်၍၊ သင်တို့သည် စည်းဝေးကြလော့။ နောင်ကာလ အခါ၊ သင်တို့၌ ဖြစ်လတံ့သော
အမှုအရာများကို ငါဟောပြောမည်။ 2 ယာကုပ်၏သားတို့၊ စည်းဝေး၍ ကြားကြလော့။ အဘဣသရေလ၏စကားကို
နားထောင်ကြလော့။ 3 အိုရုဗင်၊ သင်သည် ငါ့သားဦး၊ငါ့အစွမ်းသတ္တိ၊ ငါ့ခွန်အား အစအဦး၊ ဘုန်းအထွဋ်၊ တန်ခိုး အထွဋ်ဖြစ်၏။ 4
သို့သော်လည်း ရေကဲ့သို့ ပွက်ထသော သဘော ရှိသည်ဖြစ်၍၊ ထူးမြတ်ခြင်းသို့ မရောက်ရ။ အကြောင်း မူကား၊ သင်သည်
အဘ၏အိပ်ရာကို တက်၍ ညစ်ညူး စေ၏။ ငါ့ခုတင်ထက်သို့ဘက်လေပြီတကား။ 5 ရှိမောင်နှင့်လေဝိသည် ညီအစ်ကိုဖြစ်၏။
အဓမ္မအမှုကို ကြံသည်အတိုင်း ပြီးစီးကြပြီ။ 6 ငါ့ဝိညာဉ်သည် သူတို့လျှို့ဝှက်ခြင်း အမှုထဲသို့မဝင်ရ။ ငါ့ဘုန်းသည်
သူတို့စည်းဝေးရာနှင့် အသင်းမဖွဲ့ရ။ သူတို့သည် အမျက်ထွက်၍ လူအသက်ကို သတ်ကြပြီ။ ကိုယ်အလိုသို့လိုက်၍
မြို့ကိုဖြိုဖျက်ကြပြီ။ 7 သူတို့ပြင်းစွာ ထွက်သောအမျက်၊ ကြမ်းတမ်းစွာသော ဒေါသသည် ကျိန်ခြင်းကို ခံပါစေသော။ ယာကုပ် အမျိုး၊
ဣသရေလအနွယ်သားတို့တွင် သူတို့ကို ငါကွဲပြား ပန့်လွင့်စေမည်။ 8 အိုယုဒ၊ သင်သည်ညီအစ်ကိုတို့ ချီးမွမ်းရသော သူဖြစ်၏။
သင်၏လက်သည် သင်၏ရန်သူလည်ပင်းပေါ် မှာ ရှိလိမ့်မည်။ အဘ၏သားတို့သည် သင့်ရှေ့မှာ ဦးညွှတ်ချကြလိမ့်မည်။ 9 ယုဒသည်
ခြင်္သေ့ပျို ဖြစ်၏။ ငါ့သား၊ သင်သည် ဘမ်းယူကိုက်စားရာမှ တက်လာတက်၏။ ဝပ်လျက် နေ၏။ ခြင်္သေ့ကဲ့သို့ရင်း၊ ခြင်္သေ့မကဲ့သို့ရင်း
ဝပ်တွားတတ် ၏။ အဘယ်သူ နှိုးဆော်ဝံ့မည်နည်း။ 10 ရှိလော မရောက်မီတိုင်အောင်၊ ရာဇလှံတံသည် ယုဒထံမှရင်း၊
မင်းအာဏာသည် သူ၏အမျိုး အနွယ်ထံမှရင်း မရွေ့ရ။ ရှိလော၌ လူမျိုးတို့သည် ဆည်းကပ်ကြလိမ့်မည်။ 11 မိမိမြည်းကို
စပျစ်နွယ်ပင်၌ရင်း၊ မြည်းကလေးကို အမြတ်ဆုံးသော စပျစ်နွယ်ပင်၌ရင်း ချည်နှောင်၍၊ မိမိအဝတ်ပုဆိုးများကို စပျစ်သီးအသွေး
တည်းဟူသော စပျစ်ရည်ဖြင့် လျှော်လိမ့်မည်။ 12 သူ၏မျက်စိသည် စပျစ်ရည်နှင့် နီလိမ့်မည်။ သွားသည်လည်း နို့နှင့်ဖြူလိမ့်မည်။ 13
ဇာဗုလန်သည် ကမ်းနားမှာ နေ၍၊ သင်္ဘောဆိပ် ဖြစ်လိမ့်မည်။ သူ၏နယ်သည် ဇိဒုန်မြို့တိုင်အောင် ကျယ်ဝန်းလိမ့်မည်။ 14
ဣသခါသည် တောင်ကြားမှာ ဝပ်လျက် အားကြီးသောမြည်းဖြစ်၏။ 15 ငြိမ်ဝပ်ရာအရပ်ကောင်း၍ မြေသာယာသည်ကို မြင်သဖြင့်၊
မိမိပခုံးပေါ်မှာ ထမ်းပိုးကို တင်ထမ်း၍၊ အခွန်ပေးသော ကျွန်ဖြစ်လေ၏။ 16 ဒန်သည် ဣသရေလအနွယ် တစုံတပါးကဲ့သို့၊ မိမိလူတို့ကို
စီရင်လိမ့်မည်။ 17 ဒန်သည် လမ်း၌နေသော မြွေဖြစ်လိမ့်မည်။ မြင်းစီးသောသူကို နောက်သို့ လဲစေခြင်းငှါ လမ်းကြားမှာ နေ၍၊
မြင်းခြေကို ကိုက်တတ်သော မြွေဆိုးဖြစ်လိမ့်မည်။ 18 အိုထာဝရဘုရား၊ ကယ်တင်တော်မူခြင်းကျေးဇူးကို
အကျွန်ုပ်မြော်လင့်လျက်နေပါပြီ။ 19 ဂဒ်မူကား၊ စစ်သူရဲတိုသည် သူတို့တိုက်ကြ၍၊ သူသည် ပြန်တိုက်လိမ့်မည်။ 20 အာရှာ၌ဖြစ်သော
အစာသည် အရသာနှင့် ပြည့်စုံ၍၊ မင်း၏ ခဲဘွယ်စားဘွယ်တို့ကို ထုတ်ပေးလိမ့် မည်။ 21 နဿလိသည် လှသောအခက်အလက်နှင့်
ပြည့်စုံ၍၊ ကျယ်ဝန်းသော သပိတ်ပင်ဖြစ်၏။ 22 ယောသပ်သည် သန်သောပျိုးပင်၊ ရေတွင်းနားမှာ သန်သော ပျိုးပင်ဖြစ်၏။
အခက်အလက်တို့သည် အုတ်ရိုးပေါ်မှာ ကျော်သွားကြ၏။ 23 လေးသမားတို့သည် သူ့ကို အငြိုးထား၍၊ အလွန်ညှဥ်းဆဲပစ်ခတ်ကြ၏။
24 သို့သော်လည်း သူ၏လေးသည် အားမလျော့။ သူကိုင်သော လက်နက်တို့သည်၊ ယာကုပ်အမျိုး၌ တန်ခိုး ကြီးသော
ဘုရား၏လက်ဖြင့်ရင်း၊ သိုးထိန်းတည်းဟူသော ဣသရေလအမျိုး၏ကျောက်ဖြင့်ရင်း၊ 25 သင့်ကိုမစတော်မူသော သင့်အဘ၏ ဘုရား
သခင်အားဖြင့်ရင်း၊ သင့်ကို ကောင်းကြီးပေးတော်မူသော အနန္တတန်ခိုးရှင်အားဖြင့်ရင်း ခိုင်မာလျက်ရှိ၏။ ထိုဘုရားသည်
အထက်မိုဃ်းကောင်းကင်၏ မင်္ဂလာ၊ အောက် နက်နဲသောအရပ်၏မင်္ဂလာ၊ သားမြတ်နှင့်ဆိုင်သောမင်္ဂလာ၊
ဝမ်းနှင့်ဆိုင်သောမင်္ဂလာတို့ဖြင့် သင့်ကို ကောင်းကြီး ပေးတော်မူပါစေသော။ 26 သင်၏အဘပေးသော ကောင်းကြီးမင်္ဂလာသည်၊
ထာဝရတောင်တို့၌ဖြစ်သော ကောင်းကြီးမင်္ဂလာ၊ ထာဝရကုန်းတို့၌ နှစ်သက်ဘွယ်သောအရာတို့ထက် သာ၍ မြတ်၏။ ထိုမင်္ဂလာသည်
ယောသပ်ခေါင်းပေါ်၊ မိမိအစ်ကိုတို့တွင် အကြီးအကဲဖြစ်သောသူ၏ ခေါင်းထိပ်ပေါ်မှာ သက်ရောက်ပါစေသော။ 27 ဗင်္ယာမိန်သည်
လုယူကိုက်စားတတ်သော တောခွေးဖြစ်လိမ့်မည်။ ဘမ်းရသော အရာကိုနံနက်အချိန်၌ ကိုက်စား၍၊ လုယူသောအရာကိုလည်း
ညအချိန်၌ ဝေဖန်လိမ့်မည်ဟုမြွက်ဆို၏။ 28 ဤသူတို့ကား၊ ဣသရေလအမျိုး ဆယ်နှစ်မျိုး ဖြစ်၏။ ဤစကားသည်လည်း
သူတို့အဘမြွက်ဆို၍၊ သူတို့ အသီးသီးခံရသော မင်္ဂလာရှိသည်အတိုင်း၊ ကောင်းကြီး ပေးသော စကားပေတည်း။ 29 တဖန်တုံ၊
ငါ့လူမျိုးစည်းဝေးရာသို့ ငါသွားရမည်။ ဟိတ္တိအမျိုးသား၊ ဧဖရုန်၏လယ်ပြင်တွင်ရှိသော မြေတွင်း၌၊ ငါ့အဘတို့နှင့်အတူ ငါ့ကို
သင်္ဂြိုဟ်ကြပါ။ 30 ခါနာန်ပြည် မံရေမြို့ရှေ့မှာ၊ မပေလ လယ်ပြင်၌ရှိသော ထိုမြေတွင်းကို၊ အာဗြဟံသည် ကိုယ်ပိုင်သော သင်္ချိုင်းဘို့
လယ်ပြင်နှင့်တကွ ဟိတ္တိအမျိုးသားဧဖရုန်၌ ဝယ်လေပြီ။ 31 ထိုမြေတွင်း၌ အာဗြဟံနှင့် မယားစာရာကို သင်္ဂြိုဟ်ကြပြီ။ ဣဇာက်နှင့်
မယားရေဗက္ကကိုလည်း သင်္ဂြိုဟ်ကြပြီ။ လေအာကိုလည်း ငါသင်္ဂြိုဟ်ပြီ။ 32 ထိုမြေတွင်းရှိသော ထိုလယ်ပြင်ကို၊ ဟေသ
အမျိုးသားရှေ့မှာ ဝယ်သတည်းဟု မှာထား၏။ 33 ထိုသို့ယာကုပ်သည် မိမိသားတို့ကို အကုန်အစင် မာထားပြီးလျှင်၊ မိမိခြေတို့ကို
ခုတင်ပေါ်မှာ ရုပ်သိမ်း သဖြင့်၊ အသက်ချုပ်၍ မိမိလူမျိုးစည်းဝေးရာသို့ ရောက်လေ၏။

---

### Genesis 49:1

ယေဘုယျ အချက်အလက်
ယာကုပ်၏ နောက်ဆုံး ကောင်းကြီးပေးခြင်း ဖြစ်သည်။ ၄၉:၃၇ ထိ ဆက်ထားသည်။ ကဗျာအရေးအသားဖြင့် ဖွဲ့ဆိုထားသည်။

ယာကုပ်၏သားတို့၊ စည်းဝေး၍ ကြားကြလော့။ အဘဣသရေလ၏ စကားကို နားထောင်ကြလော့
ဝါကျနှစ်ကြောင်လုံး၏ ဆိုလိုရင်း တူညီသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယာကုပ်၏ သားတို့၊ စည်းဝေး၍ စကားကို နားထောင်ကြလော့"

 generated on Fri Sep 22 10:08:29 2023

ယာကုပ်၏သားတို့ . . . အဘဣသရေလ၏စကား
အပြောခံနာမ်စားဖြင့် ဖော်ပြထားသည်။ ပြောဆိုသူနာမ်စားဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ့သားတို့ ... သင်တို့အဖ ငါ့စကား"

## Genesis 49:3

ငါ့သားဦး၊ ငါ့အစွမ်းသတ္တိ၊ ငါ့ခွန်အား အစအဦး
"ငါ့အစွမ်းသတ္တိ" နှင့် "ငါ့ခွန်အား အစအဦး" တို့မှာ အဓိပ္ပါယ် တူညီသည်။ "အစွမ်းသတ္တိ" နှင့် "ခွန်အား" မှာ သားသမီး မွေးဖွားနိုင်မှုကို ကိုယ်စားပြုသည်။ "သားဦး" နှင့် "အစအဦး" ဟူရာတွင် ရုဗင်မှာ မိမိ၏ အကြီးဆုံးသားဖြစ်ကြောင်း ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါလူဖြစ်ပြီး အဦးဆုံးသော သား"

ဘုန်းအထွဋ်၊ တန်ခိုးအထွဋ် ဖြစ်၏
သီးခြားဝါကျအဖြစ် ရပ်တည်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဘုန်းနှင့် တန်ခိုး၌ အထွဋ်အထိပ်ဖြစ်၏" သို့မဟုတ် "ဘုန်းနှင့် တန်ခိုးအရာ၌ အကြီးဆုံးဖြစ်၏"

သို့သော်လည်း ရေကဲ့သို့ ပွက်ထသောသဘော ရှိသည် ဖြစ်၍
ဒေါသမချုပ်နိုင်၊ အငြိမ်မနေတတ်သော ရုဗင်ကို ပြင်းထန်သော ရေလှိုင်းနှင့် ခိုင်းနှိုင်းထားသည်။

ထူးမြတ်ခြင်းသို့ မရောက်ရ
"အကြီးဆုံးသူ မဖြစ်ရ"

အကြောင်းမူကား၊ သင်သည် အဘ၏အိပ်ရာကိုတက်၍ ညစ်ညူးစေ၏။ ငါ့ခုတင်ထက်သို့ တက်လေပြီတကား
"အိပ်ရာ" နှင့် "ခုတင်" က ယာကုပ်၏ မယားငယ် ဗိလဟာကို ကိုယ်စားပြုသည်။ ရုဗင်က ဗိလဟာနှင့် ပြစ်မှားခဲ့သောအမှုကို ယာကုပ် ညွှန်းဆိုသည်

သင်သည် အဘ၏အိပ်ရာကိုတက်၍ . . . ငါ့ခုတင်ထက်သို့ တက်လေပြီတကား
စာကြောင်းနှစ်ခုစလုံး အဓိပ္ပါယ်ချင်း တူညီသည်။

## Genesis 49:5

ရှိမောင်နှင့်လေဝိသည် ညီအစ်ကိုဖြစ်၏
မွေးချင်းတူ ညီနောင်ဟု ဆိုလိုခြင်းမဟုတ်ပါ။ ရှေခင်မြို့သားတို့ကို သတ်ရာ၌ ပူးပေါင်းသော ညီနောင်ဖြစ်ကြောင်း အသားပေး ဆိုလိုခြင်းဖြစ်သည်။

အဓမ္မအမှုကို ကြံသည်အတိုင်း ပြီးစီးကြပြီ
"ဓါးလက်နက်ဖြင့် လူ့အသက်ကို နုတ်ယူကြပြီ"

ငါ့ဝိညာဉ် . . . ငါ့ဘုန်း
ယာကုပ်က မိမိကိုယ်ကို ညွှန်းခေါ်ခြင်း ဖြစ်သည်။

သူတို့လျှို့ဝှက်ခြင်း အမှုထဲသို့မဝင်ရ . . . သူတို့စည်းဝေးရာနှင့် အသင်းမဖွဲ့ရ
စာကြောင်းနှစ်ခုစလုံး အဓိပ္ပါယ်ချင်း တူညီသည်။ ထိုညီအစ်ကိုတို့၏ အမှု၌ ပါဝင်လိုခြင်း မရှိကြောင်း ဆိုလိုသည်။

## Genesis 49:7

သူတို့ ပြင်းစွာထွက်သော အမျက်၊ ကြမ်းတမ်းစွာသော ဒေါသသည် ကျိန်ခြင်းကို ခံပါစေသော
ရှိမောင်နှင့်လေဝိတို့ကို သူတို့၏ အမျက်နှင့်ဒေါသဖြင့် တင်စားထားသည်။ ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သခင်ဘုရား မိန့်ဆိုသည်ကား၊ 'ပြင်းထန်သော အမျက်နှင့် ကြမ်းတမ်းသော ဒေါသကြောင့် သူတို့သည် ကျိန်ခြင်းကို ခံရမည်'" သို့မဟုတ် "အမျက်နှင့် ဒေါသကြောင့် သူတို့အပေါ် ကျိန်ခြင်း သက်ရောက်မည်အကြောင်း ငါကိုယ်တော် မိန့်ဆို၏"

ပြင်းစွာထွက်သော အမျက်
ပရောဖက်ဟောရာတွင်၊ ပရောဖက်ပြုသူက ဘုရားသခင်၏ အမိန့်စကားကို မိမိပြောသကဲ့သို့ ပြောဆိုလေ့ရှိသည်။ ၎င်းက ပရောဖက်ဆရာနှင့် ဘုရားသခင်တို့၏ နီးကပ်သော ဆက်ဆံရေးကို ဖော်ပြသည်။

ယာကုပ်အမျိုး၊ ဣသရေလအနွယ်သားတို့တွင် သူတို့ကို ငါ ကွဲပြားပြန့်လွင့်စေမည်
"ငါ" ဟူရာတွင် ဘုရားသခင်ကို ညွှန်းပြီး၊ "သူတို့" မှ ရှိမောင်နှင့်လေဝိကို ညွှန်း၍ သူတို့၏ မျိုးနွယ်စုကို ကိုယ်စားပြုသည်။ "ယာကုပ်" နှင့် "ဣသရေလ" ဟူရာတွင် ယာကုပ်ခေါ် ဣသရေလအမျိုးအားလုံးကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဣသရေလ အမျိုးများ ကြားတွင် သူတို့အနွယ်ကို ငါ ကွဲပြားပျံ့နှံ့စေမည်"

## Genesis 49:8

သင်သည် ညီအစ်ကိုတို့ ချီးမွမ်းရသောသူဖြစ်၏ . . . အဘ၏သားတို့သည် သင့်ရှေ့မှာ ဦးညွတ်ချကြလိမ့်မည်
ဝါကျနှစ်ကြောင်းစလုံးတွင် ဆိုလိုရင်း တူညီသည်။

ညီအစ်ကိုတို့ ချီးမွမ်းရသောသူဖြစ်၏။ သင်၏လက်
ဒုတိယဝါကျမှာ ပထမဝါကျ၏ အကြောင်းရင်းဖြစ်သည်။ ထို့ကြောင့်၊ "အဘယ်ကြောင့်ဆိုသော်" သို့မဟုတ် "အကြောင်းမူကား" စသော သမ္ဗန္ဓပုဒ်ဖြင့် ဆက်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ညီအစ်ကိုတို့၏ ချီးမွမ်းခြင်းကို ခံရလိမ့်မည်။ အကြောင်းမူကား၊ သင်၏ လက်"

သင်၏လက်သည် သင်၏ရန်သူ လည်ပင်းပေါ်မှာ ရှိလိမ့်မည်
"သင်သည် သင်၏ ရန်သူတို့ကို အောင်လိမ့်မည်"

ဦးညွတ်ချကြလိမ့်မည်
ရိုသေလေးမြတ်မှုကို ပြသည်။

## Genesis 49:9

ယုဒသည် ခြင်္သေ့ပျို့ဖြစ်၏
ယုဒကို ခြင်္သေ့ပျိုကဲ့သို့ တင်စားထားသည်။ ယုဒ၏ ခွန်အားကြီးမှုကို ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယုဒသည် ခြင်္သေ့ပျို ကဲ့သို့ဖြစ်၏"

ငါ့သား၊ သင်သည် ဘမ်းယူကိုက်စားရာမှ တက်လာတတ်၏
"ငါ့သား၊ သင်သည် သားဖမ်းစားရာမှ ပြန်လာ၏"

ခြသေ့်မကဲ့သို့ရှင်း
ယုဒကို ခြသေ့်မနှင့်လည်း ခိုင်းနှိုင်းထားသည်။ ခြသေ့်မတို့မှာ အကောင်ငယ်တို့ကို ကာကွယ်၍ သားကောင်ဖမ်းသော အစိကမုဆိုး ဖြစ်ကြသည်။

အဘယ်သူ နှိုးဆော်ဝံ့မည်နည်း
ယုဒ၏ ကြောက်မက်ဖွယ်ကောင်းပုံကို ထင်ရှားစေရန် မေးလိုက်ခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဘယ်သူမှ သူ့ကို မနှိုးဝံ့"

## Genesis 49:10

ရာဇလှံတံသည် ယုဒထံမှရှင်း၊ မင်းအာဏာသည် သူ၏အမျိုးအနွယ်ထံမှရှင်း မရွေ့ရ
"ရာဇလှံတံ" နှင့် "မင်းအာဏာ" မှာ ဘုရင်မင်းမျိုးတို့သာ ပိုင်သောအရာဖြစ်သည်။ အုပ်စိုးခွင့်အာဏာကို ကိုယ်စားပြုသည်။ ယုဒနှင့် သူ၏အနွယ်ကို ကိုစားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရာဇပလ္လင်သည် ယုဒ၏အမျိုးအနွယ်၌သာ တည်လိမ့်မည်"

ရှိလော မရောက်မီတိုင်အောင် . . . ရှိလော၌ လူမျိုးတို့သည် ဆည်းကပ်ကြလိမ့်မည်
ဖြစ်နိုင်ချေများ၊ (၁) "ရှိလော" ကို "ပဏ္ဏာ" ဟူ၍ အဓိပ္ပါယ်ဖွင့်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လူမျိုးတကာတို့၏ ဆည်းကပ်မှုနှင့် ပဏ္ဏာတော်ကို မရမီတိုင်ေအောင်၊ ..." သို့မဟုတ် (၂) "ရှိလော" မှာ ရှိလောမြို့ကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ရှင်ဘုရင်သည် ရှိလောအရပ်သို့ မရောက်မီတိုင်အောင် ... လူမျိုးတကာတို့ ဆည်းကပ်ကြလိမ့်မည်။" ဒါဝိဒ်မင်းကြီး၏ မျိုးဆက်ဖြစ်သော မေရှိယ ကြွလာမည်အကြောင်း ပရောဖက်စကား ဖြစ်မည်ဟု လူအများက ခံယူကြသည်။ ဒါဝိဒ်မင်းမှာ ယုဒအနွယ်ဝင်ဖြစ်သည်။

ရှိလော၌ လူမျိုးတို့သည် ဆည်းကပ်ကြလိမ့်မည်
"လူမျိုးတို့" ဟူရာတွင် လူမျိုးအပေါင်းကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "လူမျိုးအပေါင်းတို့သည် သူ့ကို ဆည်းကပ် ကြလိမ့်မည်"

## Genesis 49:11

မိမိမြည်းကို စပျစ်နွယ်ပင်၌ရှင်း၊ မြည်းကလေးကို အမြတ်ဆုံးသော စပျစ်နွယ်ပင်၌ရှင်း ချည်နှောင်၍
ရှေ့နှင့်နောက် ဆိုလိုရင်း တူညီသည်။ စပျစ်သီး များလွန်း၍ မြည်းက စားလျှင်လည်း မမှုကြောင်း ဆိုလိုသည်။

မိမိ
ဖြစ်နိုင်ချေများ၊ (၁) ယုဒအနွယ်ဝင်များကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မိမိတို့" သို့မဟုတ် (၂) ၄၉:၁၀ ၌ မေရှိယ ဖြစ်မည်ထင်ရသော မင်းဘုရင်ကို ညွှန်းသည်။

စပျစ်သီးအသွေး
နီရင့်သော စပျစ်ရည်ကို သွေးကဲ့သို့ တင်စားထားသည်။

သူ၏မျက်စိသည် စပျစ်ရည်နှင့် နီလိမ့်မည်
မျက်စိကို စပျစ်ရည်၏ နီရင့်သောအရောင်ဖြင့် ခိုင်းနှိုင်းထားသည်။ ဖြစ်နိုင်ချေများ၊

သွားသည်လည်း နို့နှင့်ဖြူလိမ့်မည်
ကျန်းမာထွားကြိုင်းသော နွား အမြောက်အမြား ရှိသဖြင့် နို့ရည်ကို ဝလင်စွာ သောက်ရမည်ဟု ဆိုလိုသည်။

## Genesis 49:13

ဇာဗုလုန်သည် ကမ်းနားမှာ နေ၍
ဇာဗုလုန် အနွယ်ဝင်များကို ညွှန်းသည်။

သင်္ဘောဆိပ် ဖြစ်လိမ့်မည်
ဇာဗုလုန်အနွယ်များ နေထိုင်မည့်အရပ်ကို ဖော်ပြသည်။ သင်္ဘောများ ဆိုက်ရောက်ရာ မြို့များ ဖြစ်သည်။

သင်္ဘောဆိပ်
ပင်လယ်ကမ်းစပ်တွင် တည်ရှိပြီး သင်္ဘောများ ဆိုက်ရောက်ရာ ဖြစ်သည်။

## Genesis 49:14

ဣသခါသည် . . . အားကြီးသောမြည်းဖြစ်၏
ဣသခါကို မြည်းကဲ့သို့ တင်စားထားသည်။ အလုပ်ကြိုးစားမှုကို ပုံဆောင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဣသခါအမျိုးသည် အားကြီးသော မြည်းကဲ့သို့ ဖြစ်၍"

ဣသခါသည် . . . ၏
ပရောဖက်ဟောရာတွင်၊ ဖြစ်လတံ့သောအမှုကို ဖြစ်ပြီးသကဲ့သို့ ပြောဆိုလေ့ရှိသည်။ အမှန်တကယ် ဖြစ်ပျက်လာမည်အကြောင်း ထင်ရှားစေသည်။ အနာဂတ်ကာလပြကြိယာပုဒ်ဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဣသခါသည် ... လိမ့်မည်" သို့မဟုတ် "ဣသခါအမျိုးသည် ... လိမ့်မည်"

ဣသခါ . . . မိမိ
ဣသခါအနွယ်များကိုလည်း ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဣသခါအမျိုး ... မိမိတို့"

တောင်ကြားမှာဝပ်လျက် . . . ၏
ဖြစ်နိုင်ချေများ၊ (၁) "ထမ်းပိုးကြားမှာ ဝပ်ရလိမ့်မည်" သို့မဟုတ် (၂) "သိုးစုကြားမှာ ဝပ်ရလိမ့်မည်။" မည်သို့ပင်ဆိုပါစေ၊ ဣသခါအမျိုးတို့မှာ မြည်းကဲ့သို့ အလုပ်ကြိုးပမ်းလျက်၊ ဝန်ထုပ်ဝန်ပိုးများကြား၌သာ နားရမည်ဖြစ်ကြောင်း ဆိုလိုသည်။

ငြိမ်ဝပ်ရာအရပ် ကောင်း၍မြေသာယာသည်
"ငြိမ်ဝပ်ရာအရပ်၊ ကောင်း၍ မြေသာသောအရပ်"

မိမိပခုံးပေါ်မှာ ထမ်းပိုးကို တင်ထမ်း၍
"ပခုံးကို ညွတ်ပြီး ထမ်းပိုကို တင်ထမ်း၍"

အခွန်ပေးသော ကျွန်ဖြစ်လေ၏
"အလုပ်၏ ကျေးကျွန် ဖြစ်ရလိမ့်မည်"

## Genesis 49:16

ဒန်သည် . . . မိမိလူတို့ကို စီရင်လိမ့်မည်
ဒန်အနွယ်ဝင်များကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဒန်အမျိုးသည် ... မိမိလူတို့ကို စီရင်လိမ့်မည်"

မိမိလူတို့
ဖြစ်နိုင်ချေများ၊ ၁) "ဒန်အမျိုးတို့" သို့မဟုတ် ၂) "ဣသရေလအမျိုး"

ဒန်သည် လမ်း၌နေသောမြွေ ဖြစ်လိမ့်မည်
ဒန်နှင့်အမျိုးအနွယ်တို့ကို မြွေကဲ့သို့ တင်စားထားသည်။ မြွေမှာ သေးငယ်သော်လည်း၊ စစ်သူရဲကို မိမိမြင်းပေါ်မှ ဆွဲချနိုင်သည်။ ထို့အတူ၊ လူစုနည်းသော ဒန်မှာလည်း ရန်သူတို့ ကြောက်ရွံ့ရသောသူများ ဖြစ်ကြမည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဒန်အမျိုးသည် လမ်း၌ ရှိသောမြွေကဲ့သို့ ဖြစ်လိမ့်မည်"

အိုထာဝရဘုရား၊ ကယ်တင်တော်မူခြင်းကျေးဇူးကို အကျွန်ုပ် မျှော်လင့်လျက်နေပါပြီ
စိတ္တဇနာမ် "ကယ်တင်ခြင်း" ကို "ကယ်တင်" ဟု ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အိုထာဝရဘုရား၊ အကျွန်ုပ်ကို ကယ်မတော်မူရန် မျှော်လင့်လျက်နေပါပြီ"

အကျွန်ုပ် မျှော်လင့်လျက်နေပါပြီ
"အကျွန်ုပ်" ဟူရာတွင် ယာကုပ်ကို ညွှန်းသည်။

### Genesis 49:19

ဂဒ် . . . အာရှာ . . . နဿလိ
အသီးသီး၏ မျိုးနွယ်စုများကို ညွှန်းသည်။

ပြန်တိုက်လိမ့်မည်
သူတို့ကို တိုက်သောသူများအား ပြန်လည် နှင်ထုတ်မည်ဟု ဆိုလိုသည်။

အရသာနှင့်ပြည့်စုံ၍
အရသာရှိကြောင်း ဆိုလိုသည်။

နဿလိသည် . . . ကျယ်ဝန်းသော သပိတ်ပင်ဖြစ်၏
မူပြန်ကျမ်း အများစုတွင် နဿလိအနွယ်ကို လွတ်လပ်စွာ ပြေးလွှားနိုင်သော သမင်မနှင့် တင်စားထားသည်။ ဆက်သားများကဲ့သို့ လျင်မြန်မည်ဟု ဆိုလိုခြင်း ဖြစ်နိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "နဿလိအမျိုးသည် ... လွတ်လပ်သော သမင်မကဲ့သို့ ဖြစ်လိမ့်မည်"

လှသောအခက်အလက်နှင့် ပြည့်စုံ၍
မူပြန်ကျမ်း အများစုတွင် "သမင်ငယ်" ဖြင့် ဖော်ပြထားသည်။ မူရင်းဟေဗြဲ ဝေါဟာရကို တိကျစွာ ပြန်ဆိုရန် ခက်ခဲသည်။ အချို့မူပြန်ကျမ်းများတွင် "လှပသော စကားလုံးကြွယ်ဝ၍" သို့မဟုတ် "လှပစွာ ပြောဆိုတတ်၍"

### Genesis 49:22

ယောသပ်သည် သန်သောပျိုးပင်
ယောသပ်အနွယ်ကို ကိုယ်စားပြုသည်။ အသီးများစွာ ဖြစ်စေသော အကိုင်းအခက်ကဲ့သို့ တင်စားထားသည်။ အမြောက်အမြား မွေးဖွားကြမည်ဟု ဆိုလိုသည်။

ပျိုးပင်
အပင်၏ ပင်မအကိုင်း ဖြစ်သည်။

အခက်အလက်တို့သည် အုတ်ရိုးပေါ်မှာ ကျော်သွားကြ၏
အခက်အလက်များ၏ ကြီးထွားမှုကို အုတ်ရိုးပေါ် ကျော်တက်သကဲ့သို့ တင်စားထားသည်။

### Genesis 49:24

ယောဘုယျ အချက်အလက်
ယောသပ်နှင့် သူ၏အမျိုးအနွယ်ကို ဆက်လက်ကောင်းကြီးပေးသည်။

သူ၏လေးသည် အားမလျော့
မြဲမြံစွာ လေးကိုကိုင်သော လေးသမားအား လေးဖြင့် ဖော်ပြထားသည်။ ရန်သူကို ချိန်ပစ်ရန် လေးကို မြဲမြံစွာ ကိုင်သောအကြောင်းကို ဖော်ပြခြင်းဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူ၏ လေးသည် မြဲမြံလိမ့်မည်"

သူ၏လေး . . . သူကိုင်သော လက်နက်တို့
ယောသပ်နှင့် အနွယ်များကို ညွှန်းသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူ၏လေး ... သူ၏ လက်တို့"

သူကိုင်သော လက်နက်တို့သည် . . . ခိုင်မာလျက်ရှိ၏
ကမ္ဘာဦးကျမ်း ၄၉:၂၄-၂၅ ကို ရှု။ လက်များကို မိမိကိုင်ထားသော လက်နက်ဖြင့် ဖော်ပြထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သူ၏ လက်တို့သည် ... ခိုင်မာလျက် ရှိလိမ့်မည်"

တန်ခိုးကြီးသော ဘုရား၏လက်ဖြင့်ရင်း
ထာဝရဘုရား၏ တန်ခိုးကို ဘုရား၏ လက်ဖြင့် ပုံပြုထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကြီးမြတ်သောသူ၏ တန်ခိုးဖြင့်လည်းကောင်း"

သိုးထိန်းတည်းဟူသော ဣသရေလအမျိုး၏ ကျောက်ဖြင့်ရင်း
အခြားသော ဘာသာပြန်ဆိုချက်၊ "ဣသရေလအမျိုး၏ ကျောက်ဖြစ်သော သိုးထိန်းရှင် နာမတော်အားဖြင့်လည်းကောင်း"

သိုးထိန်း
ထာဝရဘုရားကို ညွှန်းသည်။ မိမိလူတို့ကို ကျွေးမွေးစောင့်ရှောက်သော သိုးထိန်းကဲ့သို့ တင်စားထားသည်။

ကျောက်ဖြင့်ရင်း
ထာဝရဘုရားကို ညွှန်းသည်။ ရန်သူတို့ထံမှ ကာကွယ်ပေးသော ထာဝရဘုရားကို ဘေးရန်မှ ကွယ်ကာပေးသော "ကျောက်ဆောင်" ကဲ့သို့ တင်စားထားသည်။

### Genesis 49:25

ယေဘုယျ အချက်အလက်
ယောသပ်နှင့် သူ၏အမျိုးအနွယ်ကို ဆက်လက် ကောင်းကြီးပေးသည်။ (ရှု၊ ၄၉:၂၂)

သင့်ကိုမစတော်မူသော . . . သင့်ကိုကောင်းကြီးပေးတော်မူသော
ယောသပ်ကို ညွှန်းပြီး သူ၏မျိုးနွယ်စု တခုလုံးကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "သင့်အမျိုးကို မစတော်မူသော ... သူတို့ကို ကောင်းကြီးပေးတော်မူသော"

အထက်မိုဃ်းကောင်းကင်၏ မင်္ဂလာ
စပါးနှံ ဖြစ်ထွန်းရာ၌ အကူအညီပေးသော မိုးရေကို ကိုယ်စားပြုသည်။

အောက်နက်နဲသောအရပ်၏ မင်္ဂလာ
မြေအောက်ရှိ မြစ်ချောင်းများနှင့် တွင်းရေတို့ကို ကိုစားပြုသည်။

သားမြတ်နှင့်ဆိုင်သောမင်္ဂလာ၊ ဝမ်းနှင့်ဆိုင်သောမင်္ဂလာ
သားသမီး ထွန်းကား၍ မိခင်နို့ ကျွေးမွေးရသောအခွင့်ကို ကိုယ်စားပြုသည်။

**Genesis 49:26**

ယေဘုယျ အချက်အလက်
ယောသပ်နှင့် သူ၏အမျိုးအနွယ်ကို ဆက်လက် ကောင်းကြီးပေးသည်။

ထာဝရတောင်တို့
မူရင်းကျမ်း၏ ဆိုလိုရင်းကို မသိရပါ။ အချို့မူပြန်ကျမ်းတွင် "ဘိုးဘေး၏တောင်တို့" သို့မဟုတ် "ရှေးတောင်တို့" ဟူ၍ ပြန်ဆိုထားသည်။

ထိုမင်္ဂလာသည် ယောသပ်ခေါင်းပေါ်
ဘိုးဘေးတို့၏ မင်္ဂလာများကို ညွှန်းသည်။

မိမိအစ်ကိုတို့တွင် အကြီးအကဲဖြစ်သောသူ၏ ခေါင်းထိပ်ပေါ်မှာ
အထက်ပါ ကောင်းခြင်းမင်္ဂလာကို ယောသပ်၌သာ မဟုတ်ဘဲ၊ သူ၏ အမျိုးအနွယ်မှ အရေးပါသောပုဂ္ဂိုလ်ပေါ်၌ သက်ရောက်စေလိုသဖြင့်၊ အကြီးအကဲဖြစ်သောသူဟူ၍ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "မိမိအမျိုးမှ အကြီးဆုံးသောသူ၏ ခေါင်းပေါ်တို့မှာ"

မိမိအစ်ကိုတို့တွင် အကြီးအကဲဖြစ်သောသူ
"မိမိအစ်ကိုတို့ကြား အမြင့်မြတ်ဆုံးသောသူ"

**Genesis 49:27**

ဗင်္ယာမိန်သည် လုယူကိုက်စားတတ်သော တောခွေးဖြစ်လိမ့်မည်
ဗင်္ယာမိန်နှင့် အနွယ်များကို ကိုယ်စားပြုသည်။ ဆာလောင်နေသော ဝံပလွေကဲ့သို့ တင်စားထားသည်။ ကြမ်းကြုတ်သော စစ်သူရဲများဖြစ်မည့်အကြောင်း ဆိုလိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဗင်္ယာမိန်အမျိုးသည် ဆာလောင်သော ဝံပလွေကဲ့သို့ ဖြစ်လိမ့်မည်"

**Genesis 49:28**

ဤသူတို့ကား၊ ဣသရေလအမျိုး ဆယ်နှစ်မျိုးဖြစ်၏
"ဤသူတို့" ဟူရာတွင် ၄၉:၁-၂၇ တွင် ဖော်ပြထားသော ယာကုပ်၏ သားများကို ညွှန်းသည်။ ဤသူတို့မှာ မိမိမျိုးနွယ်စု အသီးသီး၏ ဦးခေါင်းများ ဖြစ်ကြသည်။

သူတို့ အသီးသီးခံရသော မင်္ဂလာရှိသည်အတိုင်း
"သူတို့နှင့် လိုက်ဖက်သော မင်္ဂလာရှိသည်အတိုင်း"

မှာထား၏
ကမ္ဘာဦးကျမ်း ၄၉:၃၂ ကို ရှု။

ငါ့လူမျိုးစည်းဝေးရာသို့ ငါသွားရမည်
သေမည့်အကြောင်း ယဉ်ကျေးပါးနပ်စွာ ပြောဆိုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ငါ သေရတော့မည်"

ငါ့လူမျိုးစည်းဝေးရာသို့
သေလျှင် မိမိဝိညာဉ် သွားမည့်အရပ်ကို ညွှန်းသည်။ အာဗြဟံနှင့် ဣဇာက်တို့ထံ သွားရန် မျှော်လင့်ထားသည်။

ဟိတ္တိအမျိုးသား ဧဖရုန်
ယောကျ်ားအမည် ဖြစ်သည်။ "ဟိတ္တိအမျိုးသား" မှာ "ဟေသအနွယ်" ကို ဆိုလိုသည်။ ၂၃:၇ မှ ပြန်ဆိုချက်ကို ရှု။

မပေလ
အရပ်ဒေသအမည် ဖြစ်သည်။ ၂၃:၇ မှ ပြန်ဆိုချက်ကို ရှု။

မံရေမြို့
ဟေဗြုန်မြို့၏ အခြားအမည် ဖြစ်သည်။ ထိုမြို့တွင် နေထိုင်ခဲ့သော အာဗြဟံ၏မိတ်ဆွေ မံရေကို အစွဲပြုထားခြင်း ဖြစ်နိုင်သည်။ ၁၃:၁၆ မှ ပြန်ဆိုချက်ကို ရှု။

**Genesis 49:31**

ယေဘုယျ အချက်အလက်
ယာကုပ်က မိမိသားများထံ ဆက်လက် မိန့်မှာသည်။

ထိုလယ်ပြင်ကို . . . ဝယ်သတည်း
တိကျစွာ ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ထိုလယ်ပြင်ကို ... အာဗြဟံ ဝယ်သတည်း"

ဟေသအမျိုးသားရှေ့မှာ
"ဟိတ္တိ လူတို့ထံမှ"

မှာထား၏
"မိန့်မှာ၏"

အကုန်အစင် မှာထားပြီးလျှင်
"သွန်သင် မိန့်မှာပြီးလျှင်" သို့မဟုတ် "အကုန်အစင် မိန့်မှာပြီးလျှင်"

မိမိခြေတို့ကို ခုတင်ပေါ်မှာ ရုပ်သိမ်းသဖြင့်
ယာကုပ်မှာ အိပ်ရာခုတင်ပေါ်တွင် ထိုင်နေခဲ့သည်။ ယခု အိပ်စက်ရန် ခြေထောက်ကို ပြန်တင်သည်။

အသက်ချုပ်၍
သေဆုံးကြောင်း ယဉ်ကျေးပါးနပ်စွာ ညွှန်းဆိုခြင်းဖြစ်သည်။

မိမိလူမျိုးစည်းဝေးရာသို့ ရောက်လေ၏
ယာကုပ် သေဆုံးပြီးနောက်၊ မိမိဝိညာဉ်မှာ သေဆုံးခဲ့ပြီးဖြစ်သော ဆွေမျိုးများထံ ရောက်သွားသည်။


generated on Fri Sep 22 10:08:29 2023

## Chapter 50

1 ထိုအခါ ယောသပ်သည် အဘ၏မျက်နှာပေါ်မှာ ငုံ့၍၊ ငိုလျက် နမ်းလျက်နေ၏။ 2 အဘ၏အလောင်းကို နံ့သာမျိုးနှင့်
ပြင်ဆင်စေခြင်းငှါ၊ မိမိကျွန် ဆေးသမားတို့ကို အမိန့်ရှိ၍၊ သူတို့သည် နံ့သာမျိုးနှင့် ပြင်ဆင်ကြ၏။ 3 နံ့သာမျိုးနှင့်ပြင်ဆင်သော
အလောင်းကို၊ ထုံးစံရှိသည်အတိုင်း ထား၍၊ အရက်လေးဆယ်လွန်လျှင်၊ အဲဂုတ္တုလူတို့သည် ယာကုပ်ကြောင့်၊ အရက်ခုနစ်ဆယ်
ပတ်လုံး ငိုကြွေးမြည်တမ်းခြင်းကိုပြုကြ၏။ 4 ငိုကြွေးမြည်တမ်းသောနေ့ရက် လွန်သောအခါ၊ ယောသပ်သည် နန်းတော်သား
အချို့တို့ကိုခေါ်၍၊ သင် တို့သည် ကျွန်ုပ်ကိုစေတနာစိတ်ရှိလျှင်၊ ဖာရောဘုရင် ထံတော်သို့သွား၍၊ 5 ကျွန်တော်အဘက၊
ငါသေတော့မည်။ ခါနာန်ပြည်၌ ကိုယ်ဘို့ငါတူးဘူးသော သင်္ချိုင်းတွင်း၌၊ ငါ့ကို သင်္ဂြိုဟ် ရမည်ဟူ၍ ကျွန်တော်ကို ကျိန်ဆိုစေပါပြီ။
ထိုကြောင့် ကျွန်တော်သွား၍၊ အဘကို သင်္ဂြိုဟ်ပြီးမှ ပြန်လာပါမည် အကြောင်းကို အသနားတော်ခံပါသည်ဟု နားတော်
လျှောက်ကြပါလော့ဟုဆို၏။ 6 ဖာရောမင်းကလည်း၊ သင်၏အဘ ကျိန်ဆိုစေသည်အတိုင်း သွား၍၊ သင်္ဂြိုဟ်လော့ဟု မိန့်တော်မူ၏။ 7
ယောသပ်သည် အဘကိုသင်္ဂြိုဟ်ခြင်းငှါ ထွက်သွား၍၊ ဖာရောမင်း၏ ကျွန်များတည်းဟူသော နန်းတော် အရာရှိ၊
အဲဂုတ္တုပြည်အရာရှိအပေါင်းတို့နှင့်၊ 8 ယောသပ်အိမ်သား၊ အစ်ကိုတို့ အိမ်သား၊ အဘအိမ်သားရှိသမျှ တို့သည်လိုက်ကြ၏။
သူငယ်တို့နှင့် သိုးနွားများကိုသာ၊ ဂေါရှင်ပြည်၌ ကျန်ရစ်စေကြ၏။ 9 ထိုသို့လျှင် ရထားများ၊ မြင်းစီးသူရဲများတည်းဟူသော
အလွန်များစွာသော အလုံးအရင်းတို့သည် ယောသပ်နှင့်တကွ လိုက်သွားကြ၏။ 10 ယော်ဒန်မြစ်နားမှာ အာတဒ်ကောက်နယ်
တလင်းသို့ရောက်သောအခါ၊ အလွန်ကြီးစွာသော ငိုကြွေးမြည်တမ်းခြင်းကို ပြုကြပြန်၏။ ယောသပ်သည် မိမိအဘကြောင့်
ခုနစ်ရက်ပတ်လုံးငိုကြွေးမြည် တမ်းခြင်း ကိုပြုလေ၏။ 11 ထိုသို့အာတဒ်ကောက်နယ်တလင်း၌ ပြုသော ငိုကြွေးမြည်တမ်းခြင်းကို၊
ထိုပြည်သား ခါနာန်လူတို့သည် မြင်လျှင်၊ အဲဂုတ္တုလူတို့သည် ပြင်းစွာ ငိုကြွေးမြည်တမ်း ပါသည်တကားဟုဆိုကြ၏။ ထိုကြောင့်
ယော်ဒန်မြစ်နား မှာရှိသော ထိုအရပ်ကို၊ အဗေလမိဇရိမ်ဟူ၍ သမုတ်ကြသတည်း။ 12 ယာကုပ်သားတို့သည်၊ အဘမှာထားသည်
အတိုင်း ပြုကြ၏။ 13 ခါနာန်ပြည်သို့ ဆောင်သွား၍၊ အာဗြဟံသည် ကိုယ်ပိုင်သောသင်္ချိုင်းဘို့၊ ဟိတ္တိအမျိုးသား ဧဖရုန်၌ ဝယ်သော
မံရေမြို့ရှေ့၊ မပွေလလယ်ပြင်တွင်ရှိသော မြေတွင်း၌ သင်္ဂြိုဟ်ကြ၏။ 14 ယောသပ်သည် အဘကိုသင်္ဂြိုဟ်ပြီးလျှင်၊ အစ်ကိုများမှစ၍
မသာလိုက်လာသောသူအပေါင်းတို့နှင့် တကွ၊ အဲဂုတ္တုပြည်သို့ ပြန်လေ၏။ 15 ယောသပ်အစ်ကိုတို့သည် အဘသေသည်ကို
သိမြင်လျှင်၊ ငါတို့ကို ယောသပ်သည် အငြိုးထားကောင်း ထားလိမ့်မည်။ ငါတို့သည် အထက်က သူ့ကို ညှဉ်းဆဲသောကြောင့်၊ ငါတို့အား
ဧကန်အမှန်ပြန်၍ ညှဉ်းဆဲ လိမ့်မည်ဟု စိုးရိမ်လျက်၊ 16 သူ့ထံသို့တမန်ကိုစေလွှတ်၍၊ ကိုယ်တော် အစ်ကိုတို့သည်
မကောင်းသောအမှုကို ကိုယ်တော်အား ပြုမိ၍၊ 17 ကိုယ်တော်ကို ပြစ်မှားသောအပြစ်ကို လွှတ်တော်မူပါဟု၊ ကိုယ်တော်အား
ကြားလျှောက်ရမည် အကြောင်း၊ ခမည်းတော်မသေမှီ ကျွန်တော်တို့ကို မှာထားခဲ့သည်ဖြစ်၍၊ ယခုတွင် ခမည်းတော်၏
ဘုရားသခင်ကျွန်တို့၏ အပြစ်ကိုလွှတ်တော်မူပါဟု လျှောက်ကြ၏။ ထိုသို့ လျှောက်ကြသောအခါ၊ ယောသပ်သည်
မျက်ရည်ကျလေ၏။ 18 အစ်ကိုတို့သည်လည်းဝင်၍ ယောသပ်ရှေ့မှာ ပြပ်ဝပ်လျက်၊ ကျွန်တော်တို့သည် ကိုယ်တော်၏ကျွန်
ဖြစ်ကြပါသည်ဟု လျှောက်ကြ၏။ 19 ယောသပ်ကလည်း၊ မစိုးရိမ်ကြနှင့်။ ကျွန်ုပ်သည် ဘုရားသခင် ကိုယ်စားဖြစ်သလော။ 20
သင်တို့သည် ကျွန်ုပ်ကို ညှဉ်းဆဲမည်ကြံကြသော်လည်း၊ ဘုရားသခင်သည် ယနေ့ဖြစ်သည်အတိုင်း၊ လူများ အသက်ချမ်းသာစေခြင်းငှါ
ကျေးဇူးပြုမည် ကြံတော်မူ၏။ 21 ထိုကြောင့်၊ မစိုးရိမ်ကြနှင့်။ သင်တို့နှင့် သူငယ်များကို ကျွန်ုပ်ကျွေးမွေးမည်ဟုဆိုလျက်၊ သူတို့ကို
နှစ်သိမ့် စေ၍ မေတ္တာစကားကို ပြောလေ၏။ 22 ထိုသို့ယောသပ်သည် မိမိအဘ၏ အမျိုးသားတို့နှင့် အဲဂုတ္တုပြည်၌နေ၍၊
အသက်တရာတဆယ်ကိုမှီ၏။ 23 ဧဖရိမ်၏မြေးကို မြင်ရ၏။ မနာရှေ၏သား၊ မာခိရ၏သားသမီးတို့ကိုလည်း မိမိဒူးပေါ်မှာ
မွေးစားရ၏။ 24 ယောသပ်ကလည်း၊ ကျွန်ုပ်သေတော့မည်။ အကယ်စင်စစ်ဘုရားသခင်သည် သင်တို့ကို အကြည့်
အရှုကြွလာတော်မူမည်။ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်တို့အား ကျိန်ဆိုတော်မူသောပြည်သို့၊ ဤပြည်မှ ဆောင်သွား တော်မူမည်ဟု
အစ်ကိုတို့အားဆို၏။ 25 တဖန်တုံ၊ အကယ်စင်စစ် ဘုရားသခင်သည် သင်တို့ကို အကြည့်အရှုကြွလာတော်မူမည်။ ကျွန်ုပ်အရိုး တို့ကို
ဤအရပ်မှ ယူသွားရမည်ဟူ၍ ဣသရေလအမျိုးသားတို့ကို ကျိန်ဆိုစေ၏။ 26 ထိုသို့ယောသပ်သည် အသက်တရာတဆယ်ရှိသော်
အနိစ္စရောက်လေ၏။ အလောင်းကိုကား၊ နံ့သာမျိုး နှင့် ပြင်ဆင်ပြီးလျှင် အဲဂုတ္တုပြည်၌ တလားနှင့်ထားကြလေ၏။

---

### Genesis 50:1

အဘ၏မျက်နှာပေါ်မှာ ငုံ့၍၊ ငိုလျက် နမ်းလျက်နေ၏
အခြားသော ဘာသာပြန်ဆိုချက်၊ "ဖခင်ပေါ်မှာ ငုံ့၍၊ ငိုလျက် နမ်းလျက်နေ၏"

မိမိကျွန် ဆေးသမားတို့
"မိမိကျွန် သမားတော်တို့"

အဘ၏အလောင်းကို နံ့သာမျိုးနှင့် ပြင်ဆင်စေခြင်းငှါ
အလောင်း ပုပ်သိုးမသွားစေရန် ဆေးစီရင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "အဖ၏အလောင်းကို အမွှေးနံ့သာများဖြင့် စီရင်ခြင်းငှါ"

အရက်လေးဆယ်လွန်လျှင်
"ရက်ပေါင်း ၄၀ လွန်လျှင်"

အရက်ခုနစ်ဆယ် ပတ်လုံး
"ရက်ပေါင်း ၇၀ ပတ်လုံး"

### Genesis 50:4

ငိုကြွေးမြည်တမ်းသောနေ့ရက်
"အသုဘရက်" သို့မဟုတ် "စျာပနာရက်"

ယောသပ်သည် နန်းတော်သား အချို့တို့ကိုခေါ်၍
"နန်းတော်သား" ဟူရာတွင် ဖါရောမင်း၏ နန်းတွင်းမှူးမတ်များကို ကိုယ်စားပြုသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယောသပ်သည် နန်းတွင်းမှူးမတ်တို့ကို ခေါ်၍"

သင်တို့သည် ကျွန်ုပ်ကိုစေတနာစိတ်ရှိလျှင်
အခြားသော ဘာသာပြန်ဆိုချက်၊ "ငါသည် သူတို့မျက်နှာသာပေးခြင်းကို ခံရလျှင်" သို့မဟုတ် "ငါသည် သင်တို့ စိတ်ကို ကျေနပ်စေခဲ့လျှင်" (UDB)

ဖာရောဘုရင် ထံတော်သို့သွား၍၊ ကျွန်တော်အဘက၊ ငါသေတော့မည်။ ခါနာန်ပြည်၌ ကိုယ်ဘို့ငါတူးဘူးသော သင်္ချိုင်းတွင်း၌၊ ငါ့ကို သင်္ဂြိုဟ်ရမည်ဟူ၍ ကျွန်တော်ကို ကျိန်ဆိုစေပါပြီ။ ထိုကြောင့် ကျွန်တော်သွား၍၊ အဘကို သင်္ဂြိုဟ်ပြီးမှ ပြန်လာပါမည်အကြောင်းကို အသနားတော်ခံပါသည်ဟု နားတော်လျှောက်ကြပါလော့
နှစ်ဆင့်နှင့် သုံးဆင့် ကိုးကားချက်များ ပါဝင်သည်။ သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ဖါရောမင်းထံတော်သို့သွား၍၊ ကျွန်ုပ်အဖ ဆုံးလျှင်၊ ခါနာန်ပြည်၌ သူတူးခဲ့သော သင်္ချိုင်း၌ သင်္ဂြိုဟ်ရန် ကျွန်ုပ်ကို ကျိန်ဆိုစေကြောင်း လျှောက်တင်ပေးပါ။ ကျိန်ဆိုထားသည်အတိုင်း ဖခင်ကို သင်္ဂြိုဟ်၍ ပြန်လာမည်အခွင့်ကို အသနားတော်ခံပေးကြပါ"

ငါသေတော့မည်
"ကြည့်လော့၊ ငါသေတော့မည်"

ထိုကြောင့် ကျွန်တော်သွား၍
အဲဂုတ္တုပြည်မှာ ခါနာန်ပြည်ထက် မြေနေရာ နိမ့်သဖြင့် ခါနာန်ပြည်သို့ "တက်သွား" ဟု အစားထိုးနိုင်သည်။

ဖာရောမင်းကလည်း . . . ဟု မိန့်တော်မူ၏
မှူးမတ်တို့က ဖါရောမင်းထံ လျှောက်တင်ပြီး၍၊ မင်းကြီး၏ အဖြေစကားဖြစ်သည်။

သင်၏အဘ ကျိန်ဆိုစေသည်အတိုင်း
"သင် ကျိန်ဆိုထားသည်အတိုင်း"

## Genesis 50:7

ယောသပ်သည် . . . သွား၍
အဲဂုတ္တုပြည်မှာ ခါနာန်ပြည်ထက် မြေနေရာ နိမ့်သဖြင့် ခါနာန်ပြည်သို့ "တက်သွား" ဟု အစားထိုးနိုင်သည်။

ဖာရောမင်း၏ ကျွန်များ . . . နန်းတော်အရာရှိ . . . အရာရှိအပေါင်းတို့
အသုဘ အခမ်းအနားတွင် ဖါရောမင်း၏ အရေးပါသော မှူးမတ်များအားလုံး တက်ရောက်သည်။

အရာရှိ
"အမတ်"

နန်းတော်အရာရှိ
နန်းတွင်းအမတ်များကို ညွှန်းသည်။

ယောသပ်အိမ်သား . . . အဘအိမ်သား
"အိမ်သား" ဟူရာတွင် မိသားစုကို ညွှန်းသည်။

ရထားများ
မြင်းလှည်းတပ်ကို ကိုယ်စားပြုသည်။

အလွန်များစွာသော အလုံးအရင်းတို့
"များစွာသော လူတို့"

## Genesis 50:10

အာတဒ် ကောက်နယ်တလင်း
ဖြစ်နိုင်ချေများ၊ ၁) "အာတဒ်" ကို "ဆူးပင်" ဟု အနက်ရပြီး၊ ဆူးပင်များစွာ ပေါက်သော အရပ်ကို ညွှန်းခြင်းဖြစ်နိုင်သည်။ သို့မဟုတ် ၂) ထိုအရပ်၏ ပိုင်ရှင်အမည် ဖြစ်နိုင်သည်။

အလွန်ကြီးစွာသော ငိုကြွေးမြည်တမ်းခြင်းကို ပြုကြပြန်၏
"အလွန်ဝမ်းနည်းသဖြင့် ငိုကြွေးမြည်တမ်းကြ၏"

ခုနစ်ရက်ပတ်လုံး
"၇ ရက်ပတ်လုံး"

အာတဒ် ကောက်နယ်တလင်း
"အာတဒ်၏ ကောက်နယ်တလင်း"

အဲဂုတ္တုလူတို့သည် ပြင်းစွာငိုကြွေး မြည်တမ်းပါသည်တကား
"အဲဂုတ္တုလူတို့၏ မြည်တမ်းခြင်းမှာ ကြီးမားပါသည်တကား"

အဗေလ မိဇရိမ်
ဘာသာပြန်ဆိုသူများ အနေဖြင့် "အာဗေလ မိဇရိမ် အနက်ကား 'အဲဂုတ္တု၏ မြည်တမ်းခြင်း' ဖြစ်သတည်း" ဟု မှတ်ချက်ထည့်သွင်း ဖော်ပြနိုင်သည်။

## Genesis 50:12

အဘမှာထားသည်အတိုင်း ပြုကြ၏
"ဖခင် မှာထားသည်အတိုင်း ပြုကြ၏"

ဆောင်သွား၍
"သူ၏ သားများက ဆောင်သွား၍"

မပွေလ
မက်ဖေလ သို့မဟုတ် မပွေလမှာ အရပ်ဒေသ၏ အမည်ဖြစ်သည်။ ၂၃:၇ မှ ပြန်ဆိုချက်ကို ရှု။

မံရေမြို့
ဟေဗြုန်မြို့၏ အခြားအမည်ဖြစ်သည်။ ထိုမြို့၌ နေထိုင်ခဲ့သော အာဗြဟံ၏မိတ်ဆွေ မံရေ အမည်ကို အစွဲပြုခြင်း ဖြစ်နိုင်သည်။ ၁၃:၁၆ မှ ပြန်ဆိုချက်ကို ရှု။

ဟိတ္တိအမျိုးသား ဧဖရုန်
ယောကျာ်းအမည် ဖြစ်သည်။ "ဟိတ္တိအမျိုးသား" ကို "ဟေသအနွယ်ဝင်" ဟုလည်း ဖော်ပြနိုင်သည်။ ၂၃:၇ မှ ပြန်ဆိုချက်ကို ရှု။

ယောသပ်သည် . . . အဲဂုတ္တုပြည်သို့ ပြန်လေ၏
"ယောသပ်ကလည်း ... အဲဂုတ္တုပြည်သို့ ပြန်လေ၏"

မသာလိုက်လာသောသူ အပေါင်းတို့နှင့်တကွ
"အသုဘ ချရန် လိုက်လာသူ အပေါင်းတို့နှင့်တကွ"

### Genesis 50:15

ငါတို့ကို ယောသပ်သည် အငြိုးထားကောင်း ထားလိမ့်မည်
အငြိုးကို လက်တွင် ထားရှိ၍ရသောအရာကဲ့သို့ တင်စားထားသည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ယောသပ်က ငါတို့အပေါ် အငြိုးထားခဲ့လိမ့်မည်"

ငါတို့သည် အထက်က သူ့ကို ညှဉ်းဆဲသောကြောင့်၊ ငါတို့အား ဧကန်အမှန် ပြန်၍ ညှဉ်းဆဲလိမ့်မည်
အခြားသော ဘာသာပြန်ဆိုချက်၊ "သူ့အပေါ် ငါတို့ပြုခဲ့သော အမှုကြောင့်၊ ဧကန်အမှန် ကလဲ့စားချေလိမ့်မည်"

ကိုယ်တော်အစ်ကိုတို့သည် မကောင်းသောအမှုကို ကိုယ်တော်အား ပြုမိ၍၊ ကိုယ်တော်ကို ပြစ်မှားသောအပြစ်ကို လွှတ်တော်မူပါဟု၊ ကိုယ်တော်အား ကြားလျှောက်ရမည်အကြောင်း၊ ခမည်းတော်မသေမီ ကျွန်တော်တို့ကို မှာထားခဲ့သည်ဖြစ်၍
နှစ်ဆင့်နှင့် သုံးဆင့် ကိုးကားချက်များ ပါဝင်သည်။ သွယ်ဝိုက်သဘောဖြင့် ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကိုယ်တော့် အစ်ကိုတို့သည် ကိုယ်တော့်အပေါ် ပြစ်မှားမိ၍၊ အပြစ်ကို လွှတ်တော်မူရန် တောင်းလျှောက်ရမည်အကြောင်း၊ ခမည်းတော် မသေမီ မှာထားခဲ့သည့်အတိုင်း"

ခမည်းတော်မသေမီ ကျွန်တော်တို့ကို မှာထားခဲ့သည်ဖြစ်၍
ညီအစ်ကိုတို့၏ဖခင် ယာကုပ်ကို ညွှန်းသည်။ ဖခင်၏စကားကို အာရုံပြုစေရန် "သင့်အဖ" ဟူ၍လည်း ဖော်ပြနိုင်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်တို့ ဖခင်မသေမီ ကျွန်တော်တို့ကို မှာထားခဲ့သည်ဖြစ်၍"

ကိုယ်တော်ကို ပြစ်မှားသောအပြစ်
"အပြစ်"

ယခုတွင်
"ယခုချက်ချင်း" ဟု ဆိုလိုခြင်း မဟုတ်ဘဲ၊ နောက်တွင် ဖော်ပြမည့်အရာကို အသားပေးလိုသဖြင့် ဖော်ပြခြင်းဖြစ်သည်။

ခမည်းတော်၏ ဘုရားသခင်ကျွန်တို့၏ အပြစ်ကိုလွှတ်တော်မူပါ
အစ်ကိုတို့က မိမိတို့ကိုယ်ကို ညွှန်းဆိုသည်။ "ခမည်းတော်ကိုးကွယ်သော ဘုရားသခင်၏ ကျွန်တို့ပြုသော အပြစ်ကို လွှတ်တော်မူပါ"

ထိုသို့ လျှောက်ကြသောအခါ၊ ယောသပ်သည် မျက်ရည်ကျလေ၏
"ထိုစကားကို ကြားသောအခါ၊ ယောသပ် ငိုလေ၏"

### Genesis 50:18

ယောသပ်ရှေ့မှာ ပြပ်ဝပ်လျက်
ရိုသေလေးမြတ်ကြောင်းကို ပြသည်။

ကျွန်ုပ်သည် ဘုရားသခင်ကိုယ်စား ဖြစ်သလော
အစ်ကိုတို့ကို နှစ်သိမ့်ရန် မေးလိုက်ခြင်း ဖြစ်သည်။ အခြားသော ဘာသာပြန်ဆိုချက်၊ "ကျွန်ုပ်မှာ ဘုရားသခင်၏ ကိုယ်စားမဟုတ်ပါ" သို့မဟုတ် "ကျွန်ုပ်မှာ ဘုရားသခင် မဟုတ်ပါ"

သင်တို့သည် ကျွန်ုပ်ကိုညှဉ်းဆဲမည် ကြံကြသော်လည်း
"သင်တို့က ကျွန်ုပ်ကို ညှဉ်းဆဲရန် ကြံခဲ့သော်လည်း"

ဘုရားသခင်သည် . . . ကျေးဇူးပြုမည် ကြံတော်မူ၍
"ဘုရားသခင်က ... ကောင်းခြင်း ဖြစ်စေတော်မူ၏"

ထိုကြောင့်၊ မစိုးရိမ်ကြနှင့်
"ထိုကြောင့်၊ ကြောက်ရွံ့ခြင်း မရှိကြနှင့်"

သင်တို့နှင့် သူငယ်များကို ကျွန်ုပ်ကျွေးမွေးမည်
"သင်နှင့်သင်တို့ သားသမီးများကို ကျွန်ုပ်ကျွေးမွေးမည်"

သူတို့ကို နှစ်သိမ့်စေ၍ မေတ္တာစကားကို ပြောလေ၏
"သူတို့ကို နှစ်သိမ့်၍ မေတ္တာဖြင့် ပြောလေ၏"

### Genesis 50:22

အသက်တရာတဆယ်
"အသက် ၁၁၀"

ဧဖရိမ်၏မြေးကို မြင်ရ၏
"ဧဖရိမ်မှ တတိယမျိုးဆက်ထိ မြင်ရ၏" (UDB)

မာခိရ
ယောသပ်မြေး၏ အမည်ဖြစ်သည်။

မိမိဒူးပေါ်မှာ မွေးစားရ၏
မာခိရ၏သားသမီးတို့ကို မိမိသားသမီးကဲ့သို့ မွေးစားသည်။ ယောသပ်အမွေကို အထူးတလည် ခွဲဝေပိုင်ဆိုင်ရမည် ဖြစ်သည်။

### Genesis 50:24

အကယ်စင်စစ် . . . သင်တို့ကို အကြည့်အရှု ကြွလာတော်မူမည်
"သင်တို့" ဟူရာတွင် ယောသပ်၏ ညီအစ်ကိုများသာ မဟုတ်ဘဲ၊ ၎င်းတို့၏ မျိုးဆက်တို့ကိုလည်း ကိုယ်စားပြုသည်။

အလောင်ကိုကား၊ နံ့သာမျိုးနှင့် ပြင်ဆင်ပြီးလျှင်
အလောင်း ပုပ်သိုးမသွားစေရန် ဆေးစီရင်သည်။ ၅၀:၁ မှ ပြန်ဆိုချက်ကို ရှု။

ထားသည်
ကတ္တားဝါကျဖြင့် ပြန်ဆိုနိုင်သည်။ အခြားသောဘာသာပြန်ဆိုချက်၊ "သူ့ကို သူတို့ကထားသည်"

တလားနှင့်
"ခေါင်းတလားတွင်" သို့မဟုတ် "အခေါင်းတွင်။" လူသေအလောင်းကို ထားသော သေတ္တာ။


generated on Fri Sep 22 10:08:29 2023